# တော်လှန်ရေးခရီးဝယ်အမှတ်(၂)

# ဘုံပေါက်သာကျော်



(နိုင်ငံရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်–၀၆၅၈)

ပထမအကြိမ်၊ အုပ်ရေ–၃၀၀၀

၁၉၇၅၊ ဇန်နဝါရီလ

မျက်နှာဖုံးပန်းချီ

ညွန့်ဝေ

ဘလောက်

ဘသစ်

မျက်နှာဖုံးရိုက်

ကာလာမောင်မောင်လှ ပုံနှိပ်တိုက်

(သတ်မှတ်ဈေး ၇၀၀၀ ကျပ်)

ဤစာအုပ်ကို ဒေါ်မြင့်မြင့် (မြဲ–၀၁၈၃၅) ပုသိန်ပုံနှိပ်တိုက်၊

အမှတ် ၆၈၊ ၁၆၅–လမ်း၊ တာမွေ၊ ရန်ကုန်မြို့က ပုံနှိပ်ပြီး

ဒေါ်သောင်းတင် (မြဲ–၀၄၅၂) မင်းဆွေစာစဉ်၊ အမှတ် ၂၅၊ ၉၉လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

# တော်လှန်ရေးခရီးဝယ် အမှတ် (၂)

# ဘုံပေါက်သာကျော်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏တိုက်တွန်းစာ | |
| | ကက်စဘီလက်အောက် ရခိုင်ပြည် | |
| ၁။ | လူမဆန်သော ဖိနှိပ်မှု | |
| ၂။ | ပေါက်ကွဲလုဆဲယမ်းအိုး | |
| ၃။ | ပထမဆုံးကိုယ်စားလှယ်အဖွဲ့ | |
| ၄။ | ယုံထောင်ကြောင်မိ | |
| ၅။ | ဗမာပြည်သို့ ချီတက်ရပြီ | |
| ၆။ | မတ္တဗလ | |
| ၇။ | ဘိုးဘိုးကြီးနတ် ကယ်ပေလို့ | |
| ၈။ | ငွေဒင်္ဂါး | |
| ၉။ | လှည်းယာဉ်စီးလျက် | |
| ၁၀။ | ဘဝသံသရာ | |
| ၁၁။ | ဗိုလ်ချုပ်အောင်ဆန်းနှင့်ဆွေးနွေးခြင်း | |
| ၁၂။ | သခင်သန်းထွန်းနှင့် ဘုဘောက်ကျရပြီ | |
| ၁၃။ | ဘဝတူချင်းပေါင်းဆက်ကြ | |
| ၁၄။ | ဗိုလ်ချုပ်နေဝင်း တော်လှန်ရေး | |
| ၁၅။ | အသေရရ ကွန်မြူနစ်သင်တန်း | |
| ၁၆။ | ပြည်သူ့အရေးတော်ပုံ (ဆိုရှယ်လစ်ပါတီ) ပါတီကိုထူထောင်ခြင်း | |
| ၁၇။ | ထီးလိုနန်းလို | |
| ၁၈။ | အသားမဲ နှလုံးဖြူ | |
| ၁၉။ | အသားမဲနှလုံးဖြူ | |
| ၂၀။ | ဒို့ဌာနချုပ် | |
| ၂၁။ | စင်ပြိုင်နိုင်ငံရေးသင်တန်း | |
| ၂၂။ | ရဲဘော်စောထွန်းဦး | |
| ၂၃။ | ဗိုလ်ရွေးပွဲဝင်ကြသည် | |
| ၂၄။ | လူငယ်ညီလာခံ | |
| ၂၅။ | ဥပဒေတွင်းနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ | |
| ၂၆။ | ဗြိတိသျှနယ်ချဲ့နှင့်တိုက်ပွဲများ | |
| ၂၇။ | သခင်မြကို ခိုးသည် | |
| ၂၈။ | လွတ်လပ်ရေးနှင့် ဗိုလ်ချုပ်အောင်ဆန်း | |
| ၂၉။ | ၁၉၄၆ခုနှစ် မတ်လ ၁၁ရက် | |
| ၃၀။ | တောက် ညီလာခံ | |
| ၃၁။ | ကြာအင်းတောင် ပြည်သူ့ညီလာခံ | |
| ၃၂။ | အိုးချင်းထား အိုးချင်းထိ | |

၃၃။ ယုတ်မာသောဗြိတိသျှနယ်ချဲ့

၃၄။ ကိုယ်စားလှယ်အဖွဲ့

၃၅။ ဆရာတော်နှင့် ကိုဗဆွေ

၃၆။ ဆရာတော်လွတ်ပြီ၊ ကျနော်လွတ်ပြီ

၃၇။ ပြည်သူ့ နာယကဆရာတော်

၃၈။ ရန်ကုန်သို့ ကိုယ်စားလှယ်အဖွဲ့

၃၉။ သံတွဲသူပုန်

၄၀။ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ

၄၁။ မြေပုံတပ်ပေါင်းစုညီလာခံ

၄၂။ လူများသဘောကျခြင်း ခံနေရသော ပိုစတာကြီး

၄၃။ ညီလာခံစပြီ

၄၄။ ဖဆပလဟာ အချောင်သမားအဖွဲ့ဘဲ

၄၅။ တော်လှန်ရေးဆိုတာမလွယ်

၄၆။ ဦးအောင်ဆန်း ဒေါပွပြီး ထပြန်သွားခြင်း

၄၇။ ဆုံးဖြတ်ချက်များ

၄၈။ ဆရာတော်ဦးစိန္တာအဖမ်းခံရပြီ

၄၉။ ဒိုးသားပြည်သူညီလာခံ

၅၀။ စစ်သား ၁၀၀၀ ပေးပါ

၅၁။ စစ်သား ၂၀၀၀ယူစေ

၅၂။ လိုက်လံဖမ်းဆီးနေပြီ

၅၃။ ထိုအရေးများကို ဆွေးနွေးရန်

၅၄။ စင်ပြိုင်အစိုးရထောင်ပြီ

၅၅။ ဖမ်းဆီးလိုက်

၅၆။ ဖမ်းဆီးလိုက်ပုံ

၅၇။ လူစုခွဲလိုက်ရခြင်း

၅၈။ ကောင်းမွန်လာပြီ

၅၉။ မပူးပေါင်းလို

၆၀။ စင်ပြိုင်အစိုးရ

၆၁။ နယ်ပိုင်ရုံးကို ဝိုင်းတယ်

၆၂။ ခြိမ့်ခြိမ့်သဲသဲ လူထုတိုက်ပွဲများ

၆၃။ မခံမရပ်နိုင်အောင် နာကျည်းနေသည်မှာ

၆၄။ ဦးစိန္တာကို မဖမ်းခင်ကပင်

၆၅။ နိုင်ငံရေး ဖိနှိပ်ခြင်းဖြစ်သည်

၆၆။ အက်တလီအောင်ဆန်းစာချုပ်ချုပ်လာလို့

၆၇။ ဦးစိန္တာလူဆိုးမဟုတ်

၆၈။ အရေးကြီးလာမည်

၆၉။ ဦးစိန္တာနှင့်တပည့်များလွှတ်ရန်
၇၀။ စစ်တပ်ကို အမြန်ရုပ်သိမ်းရန်
၇၁။ အားလုံးအမှားတွေချည်းဘဲ
၇၂။ အမှန်ကိုပြောပါ
၇၃။ လက်နက်ထုတ်မပေးဘူးလား
၇၄။ အစိုးရကို မီးထိုးပေးလို့
၇၅။ အပြစ်မရှိတဲ့သူတွေ အလကားသေနေတယ်
၇၆။ တော်လှန်ရေးစိတ်တွေ ပြင်းထန်နေတယ်
၇၇။ အစိုးရစွပ်စွဲသလို
၇၈။ ပြင်သစ်လူငယ်ကို ဗီယက်နမ်ကတောင်းပန်သတဲ့
၇၉။ တိုင်းပြုပြည်ပြုလွှတ်တော်သို့
၈၀။ ကြိုတင်ပြင်ဆင်မှု
၈၁။ ပြောက်ကျားနည်းဆင်ခဲ့သော
၈၂။ ရန္တပိုစာချုပ်တွင်
၈၃။ ရာဇဝင်အရ
၈၄။ ကိုယ့်ပြည်ကို ကိုယ်ထူထောင်မှ
၈၅။ ပထမရည်ရွယ်ချက်
၈၆။ ရခိုင်သီးခြားနယ်တောင်းတဲ့အခြေ
၈၇။ ထူးခြားချက်
၈၈။ ၁၉၄၇ခု နှစ်လယ်ခေတ် အခြေအနေများ
၈၉။ မုန်တိုင်းထန်သောခေတ်
၉၀။ ရွှေတောင်တိုက်ပွဲ
၉၁။ ကြာအင်းတောင်တိုက်ပွဲ
၉၂။ ဆုတ်ခွါရေးစစ်
၉၃။ မိုင် ၂၅၀ ခရီးကြမ်းချီတက်ပွဲ
၉၄။ တောင့်ကပ်ပျောပင်ဖြင့် အသက်ဆက်
၉၅။ သူတို့တပ်ဖွဲ့ မျက်မှောက်မှထွက်ပေါက်
၉၆။ ရခိုင်တိုင်း ဗကပလက်နက်ချ
၉၇။ ပြည်သူ့ရဲဘော်၏ ညှပ်ပိတ်တိုက်ပွဲ

# စာရေးသူ၏ တိုက်တွန်းစာ

ခုနှစ်နှစ် လေးလကျော် နိုင်ငံရေးအထိန်းသိမ်းခံရပြီး ၁၉၇၂ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ရက်နေ့တွင် ကျနော် အင်းစိန်ထောင်မှ လွတ်ခဲ့ပါသည်။ မတ်လ ၃ရက်နေ့ စစ်တွေမြို့ ကျနော်တို့နေအိမ်တွင် သတင်းစာရှင်းလင်းပွဲလုပ်သည် မှစပြီး လူငယ်စာပေသမားများနှင့် ရင်းနှီးသွားရသည်။ အထပ်ထပ်ဒူးတိုက် ဆွေးနွေးခြင်းဖြစ်သွားရသည်။ ယင်းလူငယ် စာပေသမားများနှင့်တကွ လုပ်ဖော်သမားများ၊ ရဲဘော်များ၏ ဝိုင်းဝန်းတိုက်တွန်းကြခြင်းကြောင့် သွေးတိုးရောဂါနှင့် နှလုံးရောဂါစွဲကပ်နေသည့်ဘဝမှနေပြီး ခေတ်သမိုင်းတွင် အုတ်တစ်ချပ်မျှ ဖြစ်ရေးအတွက် ရခိုင်ပြည်တွင် ဗြိတိသျှနယ်ချဲ့ ဖက်ဆစ်ဂျပန်တော်လှန်ရေးဖြစ်ရပ်များကို ကျနော်အခြေခံပြီး ရေးသားခဲ့ပါသည်။ တော်လှန်ရေးခရီးဝယ် အမည်ဖြင့် စာအုပ်တစ်အုပ်ထုတ်ဝေခဲ့ပါသည်။

ကျနော်၏တော်လှန်ရေးခရီးဝယ်စာအုပ်ကို ဗိုလ်တထောင်သတင်းစာမှ နိုင်ငံရေးအရ ဦးသိန်းဖေမြင့် ဝေဖန်သည်။ သတင်းစာများတွင် စာအုပ်သစ်ဝေဖန်ရေးခန်းမှလည်း ဘက်စုံ၊ ဒေါင့်စုံဝေဖန်ခြင်း ပြုလုပ်ကြ သည်။ နှစ်ဦးချင်းဝေဖန်ရေးပြုသောရဲဘော်များလည်း ရှိကြသည်။ မကုန်ခမ်းနိုင်သော နိုင်ငံရေးပညာကို ရာသက်ပန် ဆည်းပူးလေ့လာလိုသော ကျနော်၏နိုင်ငံရေးခံယူချက်အတိုင်း ဝေဖန်ချက်များကို ဝမ်းမြောက် ရွှင်လန်းသော နှလုံးသားဖြင့် ကျနော်ပိုက်ထွေးလိုက်ပါသည်။

လူတန်းစားလွှာပေါင်းစုံမှ ပုဂ္ဂိုလ်များနှင့်တကွ ရဲဘော်များ သေဘော်သေဖက်များက နောက်တက်တွဲ ရေးရန် အားတက်သရော တိုက်တွန်းကြပြန်ပြီ။ လွန်ခဲ့သောနှစ်ပေါင်း ၃၀ခန့်က ကျနော်၏နိုင်ငံရေးအဘိ ဓမ္မာ (နဉ၂၉) နှင့် ကျနော်၏နိုင်ငံရေးသဘောတရား (နဉ) ကို ကျနော်ကွင်းကွင်းကွက်ကွက် ပြန်လည်တွေး တော၍ ရချက်များလည်း ရှိ၏။ လုံးဝတွေးတောမရချက်များလည်း ရှိမည်။ ထို့အတူ ကျနော်ဖြတ်သန်းခဲ့သော သေတွင်းသေပေါက်များနှင့် လက်တွေ့လုပ်ကိုင်ခဲ့ချက်များတွင်လည်း ယနေ့တိုင် ကျနော်၏ မျက်စိထဲထင်ထင် ရှားရှား မြင်နေရချက်များလည်းရှိသည်။ ဝိုင်းတဝါးမြင်နေရချက်များလည်း ရှိသည်။ ယင်းကြောင့် ကျနော်နှင့် သေတွင်းသေပေါက်ထဲမှ အသက်မသေဘဲ ကျန်ရစ်သောရဲဘော်များထံ ကျနော်ချဉ်းကပ်သည်။ ကျနော်နှင့် သေတွင်းသေပေါက်ထဲတွင် နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးတို့ကို သက်စွန့်ကြိုးပမ်းလုပ်ခဲ့ကြသော ရဲဘော်များ ရာပေါင်းထောင်သောင်း များစွာရှိကြသည်။ သို့သော် သေဘော်သေဘက်တိုင်းနှင့် ကျနော် မတွေ့ဆုံနိုင်။ ကျနော်လက်လှမ်းမီသမျှရဲဘော်များထံမှ ကျနော်နှင့်အတူ လုပ်ကိုင်ခဲ့ကြချက်များကို ကျနော်ရေးမှတ်ယူသည်။ ဦးသာကျော် (ယခုဝန်ကြီး) ဦးမောင်စိန်လှ(ယခု ကျောင်းဆရာ)၊ ဦးသန်းစိန် (နိုင်ငံတော်ကောင်စီအဖွဲ့ဝင်နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ် အတွင်းရေးမှူး ၂)၊ ဦးသာကျော်(ဗိုလ်မှူး ယခု ဆင်မလိုက်သင်္ဘော ကျင်း ညွှန်ကြားရေးမှူး)၊ ဦးလှဖြူသံ(ယခု စစ်တွေမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ)၊ ဦးကံကြီး (ယခု ကျောင်းဆရာ)၊ ဦးဘိုးနွယ်(ယခုဆောက်လုပ်ရေး အမှုထမ်း)၊ ဦးရွှေကျော်ဦး (မော်ကွန်းပထမဆင့်၊ ယခုရွှေပြား ရပ်ကွက်ပြည်သူကောင်စီဥက္ကဋ္ဌ)၊ ဦးယက်သေးအောင် စသည့်ကျနော်၏လုပ်ဖေါ်ကိုင်ဖက်များကလည်း သူတို့ မှတ်မိသမျှကို ကျနော့်အားပြောပြကြပါသည်။

စာပေဝါသနာပါသော တက္ကသိုလ်ကျောင်းသား နှစ်ဦးသုံးဦးကလည်း ယခင်သတင်းစာဟောင်းများတွင် ပါခဲ့သော ကျနော်တို့နှင့်သက်ဆိုင်သောအချက်အလက်များကို ကျနော့်အား

စုဆောင်းပေးခြင်းပြုကြပါသည်။ ကျနော်ကိုယ်တိုင်ကလည်း အပင်ပန်းခံပြီး ယခင်သတင်းစာဟောင်းများနှင့် စာအုပ်စာတမ်းများမှ ကျနော်တို့ နှင့်သက်ဆိုင်ခဲ့သော အချက်အလက်များကို စုဆောင်းပါသည်။ သို့ဖြစ်၍ ဤစာအုပ်သည် နိုင်ငံရေးထိန်းသိမ်း ခံဘဝမှ ကျနော်လွတ်လျှင် လွတ်ချင်း ကျနော် ကွင်းကွင်းကွက်ကွက် မှတ်မိသော နိုင်ငံရေးသဘောတရားနှင့် လက်တွေ့ဆောင်ရွက်ခဲ့ချက်များကို အခြေခံထားပြီး ရေးသားခဲ့သော "တော်လှန်ရေးခရီးဝယ်"စာအုပ်ထက် အချက်အလက်များ ပြည့်စုံပါမည်။ သို့သော် ဤစာအုပ်သည် ခေတ်သမိုင်းတွင် ပြည့်စုံသောစာအုပ်မဖြစ်နိုင်ပါ။

တော်လှန်ရေးနှင့် ဒွန်တွဲနေသော သေတွင်းသေပေါက်များထဲတွင် ကျနော်နှင့်အတူ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သူများ ရာပေါင်းများစွာရှိခဲ့သည်။ သို့သော် အကြောင်းကြောင်းများကြောင့် ယနေ့ထိုလူများနှင့် ကျနော်မတွေ့ဆုံနိုင်။ ကျနော်လက်လှမ်းမီသမျှ ရဲဘော်များထံမှသာ လုပ်ကိုင်ဆောင်ရွက်ခဲ့ချက်များကို ကျနော်ရယူနိုင်သည်။ လက်တစ်ဆုပ်စာမျှသာရှိသော ကျနော်တို့တစုသည်၊ တော်လှန်ရေးပိုင်ရှင်များ၊ ခေတ်သမိုင်းပိုင်ရှင်များလည်း မဟုတ်ကြပါ။ ရခိုင်လုပ်သားပြည်သူများသာလျှင် ခေတ်သမိုင်းပိုင်ရှင်စစ်၊ ပိုင်ရှင်မှန်များဖြစ်ကြပါသည်။ သူတို့သာလျှင် သမိုင်းခေတ်ကို ရေးသားဖန်တီးနေသူများ ဖြစ်ကြပါသည်။

ယင်းအပြင် ရခိုင်ပြည်တော်လှန်ရေးအသီးသီးကို ကာယကံမြောက်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော ခေါင်းဆောင်ပေါင်းများစွာလည်း ယနေ့တိုင် အသက်ရှင်လျက်ရှိနေကြသေးသည်။ ထိုပုဂ္ဂိုလ်များကလည်း မိမိတို့တွေ့ကြုံဖြတ်သန်းခဲ့သော အမျိုးသားလွတ်လပ်ရေးခေတ်မှ ယနေ့ခေတ်ထိ ရေးသားစရာများကို ရေးသားကြမှသာလျှင် ရခိုင်ခေတ်သမိုင်းကို ပြည့်စုံစွာ ဖတ်ရှုဝေဖန်နိုင်မည်ဖြစ်ပါသည်၊ ကျနော်ကိုယ်တိုင်လည်း တော်လှန်ရေးခေတ်အသီးသီးတွင် အတွေ့အကြုံရင့်မာစွာ လုပ်ကိုင်ခဲ့သောပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပြီး ရခိုင်ခေတ်သမိုင်းကို ပြုစုလိုသော ဆန္ဒအာသီသ ခိုင်မာစွာရှိသည်။ သို့သော် အကြောင်းများကြောင့် ကျနော် ဦးမဆောင်နိုင်ပါ။

ယင်းကြောင့် ဝေဖန်စရာ၊ ဖြည့်စွက်စရာ၊ ပြင်ဆင်စရာများဖြင့် ပြည့်လျှံနေမည့် ဤစာအုပ်ရေးသားသူ ကျနော့်အား တရွေးသားမျှ ညာတာထောက်ထားခြင်းမပြုဘဲ၊ ရေဒီယိုနှင့်တကွ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ ဆဲရေးတိုင်းထွာဝေဖန်ရေးမှစပြီး နှစ်ကိုယ်ကြားဝေဖန်ရေးထိ ကြိုက်နှစ်သက်သလို ဝေဖန်ခြင်းပြုကြပါရန် အနူးအညွတ်တိုက်တွန်းပါသည်။ မကုန်ခမ်းနိုင်သော နိုင်ငံရေးပညာရပ်များကို ရာသက်ပန် ဆည်းပူးလေ့လာရန် အဓိဋ္ဌာန်ပြုထားသော ကျနော့်အဖို့ကား ဆဲဆိုဝေဖန်ရေးမှ နှစ်ကိုယ်ကြားဝေဖန်ရေးအထိ ဝေဖန်ရေးဟူသမျှကို အပြုံးမပျက်သောနှလုံးသားဖြင့် ပေးသမျှပညာကို သင်ကြားယူသွားမည်သာ ဖြစ်ပါသည်။

ကျနော့်အနေဖြင့် နိုင်ငံရေးကို ယုံကြည်ချက်အပြည့်အဝဖြင့် လုပ်ကိုင်ဆောင်ရွက်၏။ ယင်းကြောင့် နိုင်ငံရေးနှင့်ပတ်သက်လာလျှင် သေစရာရှိလျှင်လည်း နောက်မတွန့်။ ပြောစရာရှိလျှင်လည်း မတွန့်တို။ ရေးစရာရှိလျှင်လည်း စင်းစင်းမတ်မတ်ရေးသည်။ ယခုကျနော်ဖြတ်သန်းခဲ့ချက်များထဲမှ ၁၉၄၅-ခု ဇန်နဝါရီလ ပထမပတ်မှ အမျိုးသားလွတ်လပ်ရေး မရမီကာလ (၁၉၄၈-ခု၊ ဇန်နဝါရီလ ၄ရက်) မတိုင်မီကာလထိ ဖြစ်ရပ်များကို စင်းစင်းမတ်မတ်ရေးပါသည်။ ကျနော်၏အသေးအဖွား ပုဂ္ဂိုလ်ရေးရာ အမှားအမှန်များမှ သမိုင်းတွင်နိုင်သည့် အမှားအမှန်များကိုလည်း ကျနော်မဖုံးကွယ်။ ဒိုးဒိုးဒေါင်ဒေါင်ပင် ရေးလိုက်ပါသည်။ ကျနော့်တွင် မည်သည့်

အုပ်စု မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ အာဃာတ လုံးဝဥဿုံမရှိပါ။ ခေတ်သမိုင်းဖြစ်ရပ်မှန်များနှင့် ခေတ်သမိုင်းတွင် အုဋ္ဌတစ်ချပ်ရရေးအတွက် ရည်မှန်းချက်မှအပ အခြားမရှိပါ။

၁၉၄၅-၄၇ခုနှစ်များအတွင်းက ရခိုင်ပြည် အညှင်းဆဲခံလူထုကြီးသည် အမျိုးသားလွတ်လပ်ရေးကို မိမိအသက်စည်းစိမ်ဖြင့် ဖလှယ်ရန်အသင့်ရှိခဲ့၏။ ဗြိတိသျှနယ်ချဲ့ကိုလိုနီကျွန်ဘဝမှ လက်နက်စွဲကိုင်တော်လှန်ရေးဖြင့် အလွတ်ရုန်းထွက်ရန် အသင့်ဖြစ်နေခဲ့၏။ ဤသို့ဖြစ်ရသည်မှာ ကယ်တင်ရှင်နှင့် လူစွမ်းကောင်း တစ်ဦးစ နှစ်ဦးစ ဖန်တီး၍မဟုတ်။ ကတ်စဘီ(ဗြိတိသျှစစ်အုပ်ချုပ်ရေး) ခေတ်က ကိုလိုနီကျွန်ဘဝသို့ ဇာတ်သွင်းရန် ဗြိတိသျှနယ်ချဲ့စစ်တပ်က ကြိုးပမ်းခြင်းကြောင့် လူမဆန်စွာ ညှင်းပန်းနှိပ်စက်မှုကို ရခိုင်ပြည်သူများ အပြည့်အဝ ခံခဲ့ရသည်။ ယင်းကြောင့် ရခိုင်လုပ်သားပြည်သူများ ကိုလိုနီထမ်းပိုးအောက်မှ လွတ်ရေးအတွက် ရုန်းကန်ရင်း ပြတ်သားရဲဝံ့စွာခေါင်းဆောင်မှု ပေးနိုင်သောပုဂ္ဂိုလ်များ၊ ပါတီအဖွဲ့အစည်းများနှင့် ပေါင်းစည်းမိသောအခါ ညီညွတ်သောအင်အားအပြည့်ဖြင့် အုံကြွတော်လှန်ရေးဖြစ်ပေါ်လာခဲ့ရသည်။ သို့ဖြစ်၍ တော်လှန်ရေးမြစ်ဖျားခံရာ ကက်စဘီခေတ် ရခိုင်ပြည်မှအစပျိုးပြီး ကျနော့်အား ရေးသားခွင့်ပြုပါရန် အနုးအညွတ်မေတ္တာရပ်ခံပါကြောင်း။

ထာဝစဉ် ငြိမ်းချမ်းသာယာဝပြောရေးသို့
ဘုံပေါက်သာကျော်
၁၉၇၄-ခု၊ မေလ ၈-ရက်

# ဘုံပေါက်သာကျော်
# တော်လှန်ရေးခရီးဝယ် –၂

## ကက်စဘီလက်အောက် ရခိုင်ပြည်

### လူမဆန်သော ဖိနှိပ်မှု

အမေရိကန်၊ ဆိုဗီယက်ယူနီယံစသော ကမ္ဘာ့ဒီမိုကရေစီ တပ်ပေါင်းစုထဲတွင် ဗြိတိသျှနိုင်ငံပါဝင်ခဲ့သည်။ အတ္တလန်တိတ်စာချုပ်၊ တီဟာရံစာချုပ်၊ ဆန်ဖရံဆစ်စကိုစာချုပ်များ ချုပ်ဆိုရာတွင်လည်း ဗြိတိသျှနိုင်ငံပါဝင်ခဲ့သည်။

ယင်းစာချုပ်များတွင် ကမ္ဘာစစ်ကြီးဒဏ်ကို နှစ်ကြိမ်တိုင် မျက်ရည်စက်များဖြင့် ဒဏ်ခံဘူးပြီဖြစ်သော လူသားအနွယ်အား နောက်ထပ်ကမ္ဘာစစ်ကြီးမဖြစ်အောင် ကယ်တင်ရမည်။ လူ့အခြေခံတရားများကို စောင့်သိရမည်။ ငြိမ်းချမ်းရေးနှင့် နောက်ထပ်ကမ္ဘာစစ်ကြီး မဖြစ်ပွားရေးအတွက် ငြိမ်းချမ်းရေးမြတ်နိုးသော ကြီးငယ်မရွေး နိုင်ငံတိုင်းအား လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိရမည်။ စီးပွားရေးနှင့် လူမှုရေး အာမခံချက်ရှိရမည်။ နာဇီဂိုဏ်းကို ချေမှုန်းသုတ်သင်ပြီး နောက်ထပ်ကျူးကျော်ရေးစစ်မဲ့သော လွတ်လပ်သောနိုင်ငံသားများဖြင့် ကမ္ဘာ့အဖွဲ့အစည်းကို ငြိမ်းချမ်းရေးမြတ်နိုးသော ကြီးငယ်မရွေး အစိုးရများဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အမြန်ဆုံး ဖွဲ့စည်းထူထောင်ရမည်ဟူသော အချက်များ ပါရှိသည်။

၁၉၄၄ ခုနှစ်ကုန်ခန့်ကပင် ဖက်ဆစ်ဂျပန်အား အံုကြွသော၊ စည်းရုံးသော ရခိုင်ပြည်သူများက လက်နက်စွဲကိုင်တော်လှန်လိုက်ကြသဖြင့် ၁၉၄၅ ခု ဇန်နဝါရီလ ပထမပတ်တွင် ရခိုင်ပြည်၏မြို့တော် စစ်တွေမြို့ကို ဗြိတိသျှတို့ အလွယ်တကူ သိမ်းပိုက်နိုင်သွားသည်။

၁၉၄၅ ခု မတ်လတွင်ကား ရခိုင်တစ်ပြည်လုံး ဗြိတိသျှစစ်အုပ်ချုပ်ရေး (ကက်စဘီ) လက်အောက်သို့ ရောက်သွားခဲ့လေပြီ။

လူ့အခြေခံတရားများကို စောင့်သိရိုသေပါမည်။ နိုင်ငံကြီးငယ်မရွေး လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိရမည်။ စီးပွားရေးနှင့် လူမှုရေးကို ကူညီမည်။ နောက်ထပ်ကမ္ဘာစစ်ကြီး မဖြစ်ပွားရေးအတွက် လူသားအနွယ်အား ကယ်တင်မည်ဟူသော ကြွေးကြော်သံများနှင့် စာချုပ်များကို ချုပ်ဆိုခဲ့သော ဗြိတိသျှစစ်တပ်များသည် ဗြိတိသျှနိုင်ငံတွင် အာဏာလက်ရှိ ဖြစ်နေသော ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင် နန်းရင်းဝန် ချာချီအစိုးရအဖွဲ့၏ ညွှန်ကြားချက်အတိုင်လားမသိ။ ရခိုင်ပြည်သူလူထုအား ကိုလိုနီဘဝသို့ အတင်းဆွဲချသဇည်။ လက်နက်အားကိုးဖြင့် အကြမ်းဖက်နှိမ်နင်းသည်။ ရခိုင်ပြည်သူလူထုသည် မိမိတို့အား နှစ်ပေါင်းတစ်ရာကျော် ကိုလိုနီကျွန်ဘဝသို့ သွတ်သွင်းခြဲ့သော ဗြိတိသျှများကို ယခင်ကလည်း မယုံကြည်။

ဗြိတိသျှနယ်ချဲ့သည် နှစ်ပေါင်းတစ်ရာကျော် ရခိုင်ပြည်အား ကောင်းကျိုးမပေးခဲ့။ ရခိုင်ပြည် မြို့ပြတစ်ချို့တွင် ဆန်စက်နှင့် သစ်စက်အနည်းငယ်သာရှိ၏။ ရခိုင်ပြည်နှင့် ဆီလျော်သော စက်မှုလက်မှုများ၊ စက်ရုံအလုပ်ရုံများကို ထူထောင်မပေးခဲ့။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဟူ၍လည်း မယ်မယ်ရရ မရှိ။ မင်းပြားမြို့နယ် သယေ့ချောင်းတွင် စက္ကူစက်ကြီး တည်ဆောက်ကာ ဗြိတိသျှအရင်းရှင်နယ်ချဲ့က သွေးစုတ်ရန်ကြိုးစားခဲ့သည်။ ဗြိတိသျှအရင်းရှင်၏သွေးစုတ်မှုကို မလိုလားသော ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးနှင့် ကျောင်းသားများ သမဂ္ဂလူငယ်များက စစ်တွေမြို့တွင် ပြည်သူ့ဆန္ဒပြပွဲကြီးဖြင့် ကန့်ကွက်လိုက်သဖြင့် ဗြိတိသျှအရင်းရှင်တို့ နောက်ဆုတ်သွားခဲ့ကြသည်။ ရခိုင်ရိုးမတောင်တန်းရှည်တစ်လျှောက်မှ မိုးရေဂါလံသန်းပေါင်းများစွာ ပင်လယ်ထဲသို့ အလဟဿစီးဆင်းသွားရသည်။

ဆည်မြောင်းတာတမံများ ထူထောင်မပေး။ သိန်းပေါင်းများစွာသော ရခိုင်လယ်သမားများအား တစ်နှစ်တသီးစား စနစ်ဖြင့် ဇာမီဒါမြေရှင်ကြီးများ၏ ဖိနှိပ်မှုအောက်တွင်န ထားခဲ့သည်။ အစိုးရ အင်္ဂလိပ်-မြန်မာ အထက်တန်းကျောင်း (၁၀တန်းကျောင်း)ကို ရခိုင်ပြည် မြို့ပြဟူသမျှတွင် ထူထောင်ပေးနိုင်သော်လည်း ထူထောင်မပေးခဲ့။ စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ သံတွဲမြို့တွင်သာ အထက်တန်းကျောင်းတစ်ချို့ကို ထူထောင်ပေးခဲ့၏။

ဗြိတိသျှနယ်ချဲ့အုပ်ချုပ်ရေးစနစ် တည်မြဲရေးအတွက် စာရေး၊ စာချီများကို မွေးထုတ်ရန် ကျွန်ပညာသင်ကြားခွင့်သာရှိ၏။ ဆေးကျောင်း၊ စက်မှုကျောင်းဟူ၍ တစ်ကျောင်းပင်မရှိခဲ့။ ပြည်သူ့ဆေးရုံလည်း ရခိုင်ပြည်အခြားမြို့များတွင် နာမည်သာရှိသည်။ ဆရာဝန်လည်းမရှိ၊ ဆေးလည်းမရှိ၊ စစ်တွေမြို့၊ ကျောက်ဖြူမြို့နှင့် သံတွဲမြို့များတွင်သာ အတွင်းလူနာများကို လက်ခံကုသနိုင်သော ပြည်သူ့ဆေးရုံတစ်ရုံစီရှိကြ၏။

အဆမတန် သစ်တောဝါးတောများ ပေါကြွယ်ဝသောရခိုင်ပြည်တွင် အိမ်ကြီးရခိုင်ဖြင့်နေနိုင်သူ ငါးရာခိုင်နှုန်းသာရှိ၏။ ဇာမီဒါမြေရှင်ကြီးများ၊ ဆန်စက်သစ်စက်ပိုင်ရှင်များနှင့် လက်တစ်ဆုပ်စာမျှသော ကုန်သည်၊ ဆိုင်သည်၊ ပွဲစားများကား ကြွယ်ဝချမ်းသာကြ၏။ ဆယ်ယောက်မပြည့်သော ဇာမီဒါမြေရှင်ကြီးမိသားစုကား ကျိတ်ကျိတ်တက်နေဥစ္စာပြည့်စုံ၏။ ရခိုင် အလုပ်သမား၊ လယ်သမားနှင့် လက်လုပ်လက်စားလုပ်သားပြည်သူများကား ဆင်းရဲတွင်းနက်ကြသည်။ မွဲတေကြသည်။ ခေတ်မှီစာသင်ကျောင်းများတွင် ပညာမသင်ကြားနိုင်ကြ၊ ခေတ်မှီပြည်သူ့ဆေးရုံများတွင် ဆေးဝါးမကုသနိုင်ကြ။ စက်မှုလက်မှုအတတ်ပညာကိုလည်း မသင်နိုင် မတတ်နိုင်ကြပေ။ ရခိုင်တစ်မျိုးသားလုံးအား စက်မှုလက်မှုအတတ်ပညာနှင့် ခေတ်မှီစာပေသင်ကြားမပေးဘဲ ဆင်းရဲတွင်းနက်၍ သက်တမ်းစေ့မနေရအောင် ပြုလုပ်ထားရုံဖြင့် မရောင့်ရဲသော ဗြိတိသျှနယ်ချဲ့သည် ရခိုင်တစ်မျိုးသားလုံး၏ အုံကြွတော်လှန်မှုကို တားဆီးရေးအတွက် ၁၉၄၂ခုနှစ်တွင် လူမျိုးရေးအဓိကရုဏ်းကို မီးမွှေးပေးသည်။ ဤမျှရက်စက်ယုတ်မာသော ဗြိတိသျှနယ်ချဲ့စနစ်ကို ရခိုင်ပြည်သူများ မမေ့နိုင်ကြသေး။

လူ့အခြေခံအခွင့်အရေးများ၊ ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေးများကို ကြွေးကြော်ကာ မဟာမိတ်အရေခြုံဗြိတိသျှနယ်ချဲ့သည် စစ်တွေမြို့ကို သိမ်း၍ ရက်သတ္တတစ်ပတ်မရှိမီကပင် သူ့ဇာတိရုပ်ကို ပြနေပြီ။ ၁၉၄၄

ခု ဒီဇင်ဘာလတွင် ဖက်ဆစ်ဂျပန်များအား တော်လှန်ရေး စတင်ကြသည်နှင့်တစ်ပြိုင်နက် ကျနော်တာဝန်ပေး၍ ရွှေ့တန်းရောက်သွားသော ကိုလှထွန်းကျော်သည် ကိုကျော်သာ(ယခု စစ်တွေမြို့ မြန်မာ့ရေနံကော်ပိုရေးရှင်း ရုံးအုပ်)တို့နှင့် ပူးပေါင်း၍ စစ်တွေမြို့မှ ဆုတ်ခွာလာသော ဂျပန်ကင်ပေတိုင် စစ်တပ်ကို ကံချောင်းရွာအနီးတွင် ကြားဖြတ်တိုက်ပွဲဆင်ကြသည်။

အသေခံဖက်ဆစ်ဂျပန် စစ်ဗိုလ်၊ စစ်သား ၃၀၀ခန့်ကို လက်တစ်ဆုပ်စာရှိသော သူတို့တိုက်ခိုက်၍မရနိုင်၊ ယင်းကြောင့် စစ်တွေမြို့အား သိမ်းပိုက်စဖြစ်နေသော မဟာမိတ်များထံ အကူအညီတောင်းရန် ကိုကျော်သာနှင့်သူသည် စစ်တွေမြို့သို့လာကြ၏။ စစ်တွေမြို့တွင် ကိုလှထွန်းကျော် အဖမ်းခံရသည်။ ဗြိတိသျှအား လက်နက်ဆွဲကိုင်တော်လှန်ထကြွခဲ့သော ကိုလှထွန်းကျော်အား နိုင်ငံတော်သစ္စာဖောက်မှု၊ လူသတ်မှု စသောပုဒ်ထီး၊ ပုဒ်မအမျိုးမျိုး မွမ်းမံစွဲချက်တင်ကာ ချုပ်နှောင်ထားလေတော့၏။ ဗြိတိသျှနယ်ချဲ့ထောင်ချောက်ထဲသို့ ကိုလှထွန်းကျော် ဦးဦးဖျားဖျားကျဆင်းသွား၏။

၁၉၄၅-ခု မတ်လတွင် ဖက်ဆစ်ဂျပန်တော်လှန်ရေး ရခိုင်ပြည်တွင် ပြီးစီးသွားလေပြီ။ ဖက်ဆစ်ဂျပန်တော်လှန်ရေးသမားများထံမှ လက်နက်များကို ဗြိတိသျှစစ်တပ်က သိမ်းယူသွားလေပြီ။ ဦးပညာသီဟတို့အား အိန္ဒိယပြည်သို့ အလည်အပတ်ကြွလာရန် ဖိတ်ခေါ်သည်။ စစ်လေယာဉ်ဖြင့် ဦးပညာသီဟတို့အား ကာလကတ္တားမြို့သို့ ပင့်ဖိတ်သွားသည်။

ရက်သတ္တနှစ်ပတ်ခန့်တွင် ဦးပညာသီဟအား စစ်လေယာဉ်ပေါ်တွင်သတ်၍ ဂုံနီအိတ်တွင်ထည့်၍ ပင်လယ်ထဲသို့ ပစ်ချခဲ့ပြီဟု ဗြိတိသျှစစ်ဖက်နှင့် နယ်ဖက်ပုဂ္ဂိုလ်များက ပါးစပ်ဖြင့် နေရာအနှံ့ကြေငြာရင်း စီစဉ်ထားသည့်အတိုင်း ဆရာတော် ဦးနာရဒ၊ ဦးသိန်းကျော်အောင်၊ ဦးမောင်နီ၊ ဦးကျော်လှဦး၊ ဦးမောင်ကျော်ဇံ၊ ဦးကြာအောင်၊ ဦးသတိုးဦး၊ ဦးကျော်မြ( ယခု ဗကပဗဟိုကော်မီတီ)စသော နာမည်ကြီးပုဂ္ဂိုလ်များကို တစ်ပြိုင်တည်းဖမ်းသည်။

မြန်မာမျိုးချစ်တပ်ဦးလည်ဆွဲ တံဆိပ်ရှိသည့် ဖက်ဆစ်ဂျပန်တော်လှန်ရေး ခေါင်းဆောင်များနှင့် နောက်လိုက်များကို အစုလိုက် အခဲလိုက် ဆက်လက်ဖမ်းဆီးသည်။ အဖမ်းဆီးခံရသူများသည် လူ့အခွင့်အရေး ရသူတစ်ဦးမျှ မပါရှိ။ လူစဉ်မမှီအောင် လူမဆန်သောနည်းမျိုးစုံဖြင့် ညှဉ်းဆဲနှိပ်စက်ခြင်းကို ခံရသည်။

အဖမ်းခံရသော မြန်မာမျိုးချစ်တပ်ဦး လည်ဆွဲတံဆိပ်ရှိသော ရဲဘော်များကို အစာရေစာမကျွေးဘဲ နေထွက်မှနေဝင်ထိ နေပူလှမ်းသည်။ ခြေကိုချည်နှောင်ပြီး တွဲလွဲဇောက်ထိုးဆွဲထားသည်။ လက်နှစ်ဖက်ကို ချည်နှောင်ထားပြီး ခုတ်မောင်းနေသော မော်တော်ရေယာဉ်ပေါ်မှ ရေထဲကန်ချခြင်း၊ ဆယ်ယူခြင်းပြုသည်။ စအိုထဲ ပူလောင်သော ကြက်ဥများကို အားပါးတရသွင်းသည်။ စစ်ဘိနပ်စီးပြီး ရင်ဘတ်ပေါ်သို့ ခုန်တက်ခုန်ဆင်းပြုသည်။ ခြေသလုံးကို မျဉ်းလုံးဖြင့် အားကုန်လှိမ့်သည်။ လက်များခြေများကို ချည်နှောင်ထားပြီး တစ်နေကုန် တစ်နေခမ်းရိုက်သည်။ လက်နက်ပုန်းများ ဖော်ထုတ်ရေးဟူသော ဗြိတိသျှနယ်ချဲ့စစ်တပ်လမ်းစဉ်သည် ဖမ်းထားသူများအား လူမဆန်စွာ ညှဉ်းဆဲရုံဖြင့် မကျေနပ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး အရှိန်အဟုန်ကြောင့် စည်းရုံးညီညွတ်စွာဖြင့် အုံကြွလျက်ရှိသော ရခိုင်ပြည်သူနှင့် ရခိုင်တော်လှန်ရေးသမားများကို ချိုးနှိမ်ရန်

ရည်ရွယ်ကာ ကျေးရွာများသို့ ဗြိတိသျှစစ်တပ်၊ ပုလိပ်တို့ အလုံးအရင်းဖြင့် ဆင်းကြသည်။ ရွာစဉ်လျှောက်၍ ရွှေငွေပစ္စည်းများကို လုယက်ကြသည်။ ရွာလုံးကျွတ်မီးရှို့ကြသည်။ ဖမ်းဆီးရိုက်နှက်ကြသည်။ အပျိုအအို မရွေး အရွယ်မရောက်သူပါ ချမ်းသာခွင့်မပေးဘဲ ရွာလုံးချီ၍ မုဒိမ်းကျင့်ပွဲများကို ရက်ရောစွာပြုလုပ်ကြသည်။ မြေခွန်မြေဆီခများကို အကြမ်းဖက်တောင်းယူကြသည်။ ဂျပန်ခေတ်တလျှောက်တွင် ကျွဲညီနောင်အမည်ရှိ ဗြိတိသျှလေတပ်လေယာဉ်များ စက်သေနတ်ကြဲချနေသည့်အောက်မှ အသက်စွန့်ပြီးထွန်ယက် စုဆောင်းခဲ့သော သူတို့လက်ထဲရှိ ဂျပန်ငွေစက္ကူများ၊ ရုတ်တရက်မတရားငွေစက္ကူဘဝသို့ ပြောင်းသွားရရာ ပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိသော ရခိုင်လယ်သမားများ၊ မြေခွန်မြေဆီခမပေးနိုင်။ ဗြိတိသျှစစ်တပ်၊ ပုလိပ်တပ်တို့၏ အကြမ်းဖက်ဖိနှိပ်မှုဒဏ်ကို အလူးအလဲခံကြရ၏။ ဖက်ဆစ်ဂျပန်ကို တော်လှန်လျှင် အမျိုးသားလွတ်လပ်ရေး ရမည်ဟု ရည်မှန်းခဲ့သော ရခိုင်တောင်သူလယ်သမားထု၏ဘဝကား ဘာမျှမထူး။ ဂျပန်ဖက်ဆစ်၏နေရာကို အစားဝင်ယူသော ဗြိတိသျှအသျှင်သခင်၏ စစ်ဘိနပ်အောက်တွင် ပြားပြားဝပ်ရတော့မည်။ မြန်မာနိုင်ငံအား ပြန်လည်ကျွန်ပြုလိုဟန်ရှိသော ကွန်ဆာဗေးတစ်ခေါင်းဆောင် ချာချီအစိုးရသည် ရှိသမျှ အကြမ်းဖက်မှုအမျိုးစုံဖြင့် ရခိုင်ပြည်သူနှင့် ရခိုင်တော်လှန်ရေး အင်အားစုများကို အဖက်ဖက်မှ ထိုးစစ်ဆင်လေတော့၏။

ပို၍ပို၍ဆိုးဝါးသော အခြေအနေများသို့ ဆိုက်ရောက်အောင် ဗြိတိသျှနယ်ချဲ့ပုဆိန်ရိုးများက လမ်းထွင်ပေးသည်။ မီးလောင်လေပင့်လုပ်ပေးသည်။ ဖက်ဆစ်ဂျပန်ခေတ်က နေရာမရရှိခဲ့သော အရာရှိဆိုးများနှင့် ပုလိပ်ဆိုးများသည် "ငါတို့တစ်လှည့် ကလောင်ကိုင်မယ်၊ မင်းတို့တစ်လှည့် ထွန်းတုံးကိုင်ကြ"ဟု မပါးနပ်သည့် နိုင်ငံရေးခေါင်းဆောင်တစ်ဦးစ နှစ်ဦးစ၏ပြောစကားကို အသဲစွဲနာချက်ကောက်ပြီး ကျွန်ဇာတ်သွင်းနေသည့် ဗြိတိသျှစစ်တပ်များနှင့်အတူ ကိုယ်ရောစိတ်ပါလိုက်လှဲစွာဖိနှိပ်ကြ၏။ ဗြိတိသျှစစ်တပ်အား နည်းပေးလမ်းပြပြုကြ၏။ ငါတို့အရှင်သခင် ဖက်ဆစ်ဂျပန်၏ နေရာတွင် နေမဝင်အင်ပါယာ ပိုင်ရှင်ဗြိတိသျှနယ်ချဲ့အစား ဝင်ရောက်လေသည်။ လူမဆန်စွာ ကြမ်းကြုတ်ရက်စက်စွာ ဖိနှိပ်သော ဗြိတိသျှနယ်ချဲ့သမားအား တွန်းလှန်တော်လှန်ရင်း ရခိုင်ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုသည် တရားသော၊ သဘာဝကျသော နိယာမ တရားပင်မဟုတ်ပါလော။

## ပေါက်ကွဲလုဆဲယမ်းအိုး

ဆရာတော်ဦးပညာသီဟကို စစ်လေယာဉ်ပေါ်တွင် သတ်၍ ဂုံနီအိတ်ထဲသွင်းကာ ပင်လယ်ထဲပစ်ချခဲ့လေပြီဟု ဗြိတိသျှနယ်ချဲ့ ကက်စဘီတို့ ဝါဒဖြန့်သည်။ တချိန်တည်းလိုလို ဆရာတော်ဦးနာရဒ(ပေါက်တောမြို့ ကျောင်းထိုင်ဆရာတော်ကြီး ဦးနာရဒ)နှင့် ခေါင်းဆောင်များကို အစုလိုက်အခဲလိုက် ဖမ်းဆီးသည်။ ရာပေါင်းများစွာသော ဖက်ဆစ်ဂျပန်တော်လှန်ရေးသမားများကို ဆက်လက်ဖမ်းဆီးသည်။ လူမဆန်စွာ ညှဉ်းဆဲသည်။ တချို့ကို ကြိုးဒဏ် ၂ထပ်ကွမ်း၊ ၃ထပ်ကွမ်းထိ ပေးရှိထားသည်။ ရွာလုံးကျွတ် မီးရှို့၊ ရွာလုံးကျွတ် မုဒိမ်းကျင့်၊ ရွာလုံးကျွတ် လုယက်ပွဲများကို ပြုကာ တော်လှန်ရေးအင်အားစုများအား သူတလူငါတမင်း ပုန်ကန်ထကြွလာအောင် ရခိုင်ပြည်သိမ်း ဗြိတိသျှနယ်ချဲ့စစ်တပ်က တမင်တကာအကွက်ဆင်၏။ ဗြိတိသျှနယ်ချဲ့စစ်တပ်ထဲတွင် နယ်မြေလုံခြုံရေးတပ် (FIELD SECURITY SERVICE) အက်ဖ်အက်စ်အက်စ်၏ တန်ခိုးအာဏာကား အတုမရှိ ကြီးထွားနေ၏။

ဗြိတိသျှနယ်ချဲ့ ရခိုင်သိမ်းစစ်တပ်က ဖိနှိပ်မှုများလာလေလေ ဖက်ဆစ်တော်လှန်ရေးသမားများက ခုခံတွန်းလှန်ရန် ကြိုးစားလာလေလေ ဖြစ်နေ၏။ နေရာတကာတွင် ပေါက်ကွဲလုယမ်းအိုးများဖြင့် ပြည့်နှက်လျက်ရှိသည်။ သူတလို ငါတမင်း လက်နက်ကိုင်တိုက်ပွဲများ မဖြစ်ပွားစေရေးနှင့် လွတ်လပ်ရေးတိုက်ပွဲများအတွက် ဗမာပြည်သို့ ကိုယ်စားလှယ်လွှတ်ရေးကိစ္စများ ဆွေးနွေးရန် ၁၉၄၅-ခု ဧပြီလတွင် ကျနော်နှင့် ကိုရွှေကျော်ဦး (မော်ကွန်းပထမဆင့်၊ ယခု ရွှေပြားရပ်ကွက် ပြည်သူ့ကောင်စီဥက္ကဋ္ဌ)တို့ ကိုညိုထွန်း(ဝန်ကြီးဟောင်း ယခုသံအမတ်ကြီး) ထံလာခဲ့ကြ၏။ ကိုညိုထွန်း ကျောက်တော်မြို့နယ် လမုန့်တစ်ပင်ရွာတွင်ရှိနေသည်။ ကျနော်တို့နေသော လောင်းရှည်ချောင်းရွာမှ မိုင် ၄၀ခန့်ဝေးသည့် လမုန်တစ်ပင်ရွာသို့ ခြေလျင်လျှောက်လာကြသည်။ လမ်းခရီးတွင် ကြုပျောက်ကြား ဖက်ဆစ်ဂျပန်တော်လှန်ရေးသမားများ လက်လွှန်ခြေလွှန်ဖြစ်မည်ကို ကြားသိရ၏။ အမျိုးသားလွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်အား တော်လှန်စေသည်။ ယခု လွတ်လပ်ရေးမရ။ ဖက်ဆစ်ကဲ့သို့ ယုတ်မာသော ဗြိတိသျှစစ်တပ်၏ညှင်းပမ်းမှုကို ခံနေရပြီ။ ယင်းကြောင့် ကျောက်တော်မြို့သို့ ညဥ့်တိတ်တဆိတ်ဝင်ပြီး အရေးပါသော နိုင်ငံရေးခေါင်းဆောင်တစ်ဦးနှင့်တကွ နိုင်ငံရေးသမားတချို့နှင့် ပလိပ်အင်စပတ်တော် ဦးအောင်ဘုချေတို့ကို သတ်ပြီး တောခိုရန် စီစဉ်နေကြသည်ဟု ကြားသိရ၏။ ယင်းကြောင့် ကျနော်တို့ လမုန့်တပင်ရွာသို့ တိုက်ရိုက်မသွားဘဲ ကြုပျောက်ကျားခေါင်းဆောင်များရှိရာ သဒါဆိပ်ရွာသို့ တန်းတန်းမတ်မတ်သွားကြ၏။

သဒါဆိပ်တွင် ဗိုလ်ကြီးနီအောင်၊ ဗိုလ်စံလှ၊ ဦးစံလှဘော် (ကျောင်းဆရာ)နှင့် ရဲဘော် ၃၀ခန့်ကို တွေ့ရသည်။ သူတို့လူစုဘဝကို စွန့်လွှတ်ရန်ပိုင်းဖြတ်သောစိတ်ဓာတ်ဖြင့် အလွန်အကြူး အရက်သောက်နေကြပြီ။ ဗြိတိသျှနယ်ချဲ့ကို အခဲမကြေ။ သေချင်သေပစေ။ ရမ်းကားချင်သလို ရမ်းကားမည့် အခြေဆိုးကိုတွေ့ရသည်။ ကျနော်တို့နှစ်ဦးကို သူတို့အရက်ဖြင့် ကြိုဆိုဧည့်ခံသည်။ ရွက်ဖျင်ကုလားထိုင်တွင် ထိုင်ခိုင်းသည်။ ကျည်ဆံအဆင်သင့်ထိုးထားသည်မထားသည်ကို မသိရသော ဂျပန်ရိုင်ဖယ် သေနတ်ကိုင်ရဲဘော်များ အခြံအရံများအောက်တွင် အသက်လျှုထားရသည့် ဆွေးနွေးပွဲကို စတင်ကြရသည်။ သူတို့အလိုကျ သူတို့နှင့်ရောပြီး ကျနော်တို့အရက်သောက်ကြသည်။ သူတို့တင်ပြသော ဗြိတိသျှနယ်ချဲ့စစ်တပ်အား လက်နက်ကိုင်ခုခံတော်လှန်ရေးကိုမူအားဖြင့် ကျနော်တို့လက်ခံသည်။ လက်ငင်းထတိုက်ရန် မဖြစ်နိုင်။ မြန်မာတစ်နိုင်ငံလုံးနှင့်တကွ အာရှတစ်တိုက်လုံးလက်ငင်းအားဖြင့် ဖက်ဆစ်ဂျပန်အား မဟာမိတ်များက တိုက်ဖျက်နေချိန်ဖြစ်သည်ကို အစချီကာ ကမ္ဘာ့ဒီမိုကရေစီနှင့် ဖက်ဆစ်ဝင်ရိုးစွန်းတိုက်ပွဲ၏ နိုင်ငံတကာအခြေအနေများ မြန်မာ့တော်လှန်ရေး၏ လက်ငင်းတာဝန်များကို သူတို့အား ကျနော်ပြန်လည်ဆွေးနွေးပြသည်။ ရှင်းပြသည်။ ဖက်ဆစ်ဝင်ရိုးတန်းနိုင်ငံများ ဘုန်းဘုန်းလဲကျသွားသည်နှင့်တစ်ပြိုင်နက် ဆိုဗီယက်ယူနီယံနှင့် ဆိုရှယ်လစ်အင်အားစုများ ငွါးငွါးကားကားဖြစ်ရမည့်အခြေခံများ၊ ကမ္ဘာ့ပြည်သူတို့၏ ဒီမိုကရေစီအောင်ပွဲများသည် ဗြိတိသျှနယ်ချဲ့တို့ထင်သလို ချယ်လှယ်နိုင်မည်မဟုတ်ဘဲ ငါတို့အမျိုးသားလွတ်လပ်ရေးအတွက် အခွင့်အလမ်းသာမည်တို့ကို ပြောပြသည်။ ဦးပညာသီဟအား သတ်လိုက်ပြီဆိုချက်မှာ ယုတ္တိယုတ္တာမရှိ။ ယခု ကိုညိုထွန်းနှင့်ကျနော် ဆွေးနွေးပြီးလျှင် ဆရာတော်ဦးစိန္တာထံသွားမည်။ ဗမာပြည်သို့လည်းကောင်း၊ အိန္ဒိယဦးသိန်းဖေမြင့်သို့လည်းကောင်း၊

ကိုယ်စားလှယ်လွှတ်မည်ဟု ရှင်းလင်းတင်ပြကာ သူတို့၏ပေါက်ကွဲလုဆဲ ယမ်းအိုးမှစနက်တံကို ကျနော်ချွတ်ယူခဲ့၏။

ဗိုလ်ကြာနီအောင်တို့လူစု လက်ငင်းလက်နက်စွဲကိုင်တိုက်ခိုက်ခြင်းကို မပြု။ လူထုလူတန်းစားအဖွဲ့အစည်းများ ထူထောင်ပြီး လက်ငင်းနိုင်ငံရေးတိုက်ပွဲများဖြင့် ခုခံရန် သဘောတူကြသည်။ သူတို့လက်နက်နှင့်ရဲဘော်များကို လုံခြုံသောကျေးရွာများထဲ ခွဲဝေမြုပ်နှံထားရန်လည်း သဘောတူကြသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးမှယနေ့ထိ ကြမ်းတမ်းခက်ထန်သောလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရ၍ စိတ်ကြမ်းကိုယ်ကြမ်းဖြစ်နေသော ဗိုလ်ကြာနီအောင်တို့အား ဂုဏ်သရေရှိ လူလိမ်မာ နိုင်ငံရေးပုဂ္ဂိုလ်ကြီးများထက် ကျနော်ယုံကြည်သည်။ ဂုဏ်သရေရှင် နိုင်ငံရေးပုဂ္ဂိုလ်ကြီးများကဲ့သို့ ယနေ့ ရွှေ မနက်ဖြန် ငွေလုပ်မည့်သူများ မဟုတ်ခြင်းကို ကျနော်တထစ်ချသိသည်။ ကျနော်ယုံကြည်သကဲ့သို့ သူတို့ကတိတည်ကြည်ကြပါသည်။ ကျောက်တော်နေ နိုင်ငံရေးပုဂ္ဂိုလ်နှင့် ပုလိပ်အင်စပက်တော် ဦးမောင်ဘုချေတို့ကို မသတ်ကြပါ။ တောမခိုကြပါ။ ဗိုလ်ကြာနီအောင်တို့လူစုပင် ကျနော်တို့နှစ်ဦးအား လမုန့်တပင်ရွာရှိ ကိုညိုထွန်းထံသို့ လိုက်ပို့ပေးကြပါသည်။

ကိုညိုထွန်းအား ဗိုလ်ကြာအောင်တို့နှင့်ကျနော်တို့ ဆွေးနွေးခဲ့သော ဗမာပြည်၊ အိန္ဒိယပြည်များသို့ ကိုယ်စားလှယ်စေလွှတ်ရေးကို ပြောပြသည်။ လက်ငင်းအားဖြင့် လက်နက်စွဲကိုင် ပေါက်ကွဲမှုမရှိရအောင် ထိန်းသိမ်းကြရေးကိုလည်း ဆွေးနွေးကြသည်။ သဘောတူကြသည်။ ဆရာတော်ဦးစိန္တာနှင့် ကျနော်ဆွေးနွေးပြီး ဗမာပြည်သို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ လွှတ်ရေးအတွက် သူဆန္ဒတူညီမှုပြုသည်။ ကျနော်တို့အား သူကိုယ်တိုင်ပေါက်လယ်ဝရွာနေ ဦးညိုလှဖြင့် (နောက် ရခိုင်တိုင်း ဖဆပလခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သော ဦးညိုလှဖြစ်) အိမ်ထိလိုက်ပို့သည်။ ယင်းအိမ်တွင်စားသောက်ကြပြီး သူတို့စီစဉ်ပေးသောလှေဖြင့် ကျနော်တို့ လောင်းရှည်ချောင်း ရွာသို့ ပြန်ခဲ့ကြ၏။ အချိန်မဖြုန်းဘဲ မြောင်းဘွေမြို့သို့ ကျနော်တို့ ဒုန်းစိုင်းလာလေ၏။ မြောင်းဘွေတွင်ကိုမောင်စိန်လှ (ယခု ကျောင်းဆရာဦးမောင်စိန်လှ)ကို တွေ့သည်။သူ့အား လက်ငင်းပေါက်ကွဲမထွက်ရအောင်ထိန်းသိမ်းထားရသော ပေါက်ကွဲလုယမ်းအိုးများကိစ္စကို ကျနော် အသေးစိတ်ရှင်းပြသည်။ ကျနော်ယမ်းအိုးများမှ စနက်တံများကို အသက်ပေး၍ ဆွဲချွတ်ယူရအုံးမည်။ ကက်စဘီ(ဗြိတိသျှစစ်အုပ်ချုပ်ရေး) လက်အောက်ရခိုင်ပြည် အခြေအနေများကို အသေးစိတ်တင်ပြနိုင်ရေးနှင့်တကွ အမျိုးသားလွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့အား မြန်မာတစ်ပြည်လုံးနှင့်အတူ လက်တွဲဆောင်ရွက်ရန် နည်းလမ်းရှာဖွေရေးတို့အတွက် ဗမာပြည်ခေါင်းဆောင်များအား ဆွေးနွေးရန်သူသွားသင့်ကြောင်း ကျနော်ဆွေးနွေးပြ၏။ နှစ်ထောင်းဝမ်းမြောက်စွာ သူလက်ခံ၏။ သူနှင့်အတူ ကိုသန်းစိန် (ယခု နိုင်ငံတော်ကောင်စီအဖွဲ့ဝင်နှင့် ဌာနချုပ် ဆလပအတွင်းရေးမှူး၂) ကိုပါ ခေါ်ယူသွားမည်ဟုပြောသည်။

## ပထမဆုံးကိုယ်စားလှယ်အဖွဲ့

မြောင်းဘွေမှ လေးမြို့မြစ်တစ်ဘက်ကမ်းကို ကူးလျှင် ပန်းမြောင်းကြီးချောင်းဝှမ်းသို့ရောက်သည်။ ယင်းချောင်းတရိုးနေရာအနှံ့တွင် ဖက်ဆစ်တော်လှန်ရေးပြောက်ကျား ဗိုလ်စိန်ထွန်းအောင် နေထိုင်ကြသည်။

သူတို့လည်း ပေါက်ကွဲလုဆဲ ယမ်းအိုးတစ်အိုး။ စနက်တံကို ချွတ်ယူရအုံးမည်။ သူတို့ထံ ကျနော်သွားသည်။ သူတို့အား ဖက်ဆစ်ဝင်ရိုးတန်းဂိုဏ်း ဘုန်းဘုန်းလဲကျခြင်းနှင့် ကမ္ဘာ့နိုင်ငံရေးရာ အခြေအနေများကိုလည်း တင်ပြသည်။ ဖက်ဆစ်ဂျပန်နှင့် အာရှတိုက်ရေးရာကိုလည်း ပြောပြသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် အမျိုးသားလွတ်လပ်ရေးခရီးစဉ်ကိုလည်း အသေးစိတ်ဆွေးနွေးပြ၏။ လက်ငင်းလက်နက်ကိုင် တော်လှန်ရေးကို မပြုသင့်။ လက်ငင်းလူထုလူတန်းစားအဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်ခြင်းနှင့်တစ်ပါတည်း ပေးစရာငွေမရှိသော လယ်သမားထုအား မြေခွန်မြေဆီခမပေးရေးနှင့် လက်ငုတ်လယ်မြေ လက်မလွတ်ရေး လှုပ်ရှားမှုများဖြင့် စည်းရုံးရေးကိုလည်း အသေးစိတ်ဆွေးနွေးကြသည်။ သူတို့သဘောပေါက်ကြပါသည်။ လက်ငင်းလက်နက်ဖြင့် တော်လှန်ရေးမလုပ်ဟု ခိုင်မာစွာကတိပြုကြပါသည်။ ကျနော် ကြာအင်းတောင်တိုက်နယ်သို့ သုတ်ခြေတင်ထွက်လာ၏။

ဆရာတော် ဦးစိန္တာကို ကက်စဘီ( ဗြိတိသျှ စစ်အစိုးရ) အစိုးရက ဝါးရမ်းထုတ်ဆင့်ထားသည်။ ကြာအင်းတောင်တိုက်နယ် ဂြဟင်းခါးရွာအနီး မဟာမြိုင်တောစခမ်းတစ်နေရာတွင် ဆရာတော်အား တွေ့ဆုံသည်။ ကက်စဘီလက်အောက် ရခိုင်ပြည်အခြေအနေများကိုတင်ပြရေးနှင့် အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့အတွက် ဗမာပြည်ခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးရန် ကိုမောင်စိန်လှတို့အား ဗမာပြည်သို့ ကိုယ်စားလှယ်လွှတ်ရေးကို ဆရာတော်ဦးစိန္တာ၊ ဦးဘိုးဦး၊ ဦးစံသိန်း( ကြာအင်းတောင်ရွာခေါင်းဆောင်)တို့နှင့် ကျနော်တို့ ဆွေးနွေးကြ၏။ သဘောတူကြ၏။ ကိုမောင်စိန်လှတို့သွားရေးအတွက် စတင်းဂန်းတစ်လက်၊ ခြောက်လုံးပြူးတစ်လက်၊ မြန်မာ့မျိုးချစ်တပ်ဦးလည်ဆွဲတံဆိပ်များကို ယူပြီး လမ်းပြတစ်ဦးဖြင့်လိုက်ပို့သည်။ တယွေချောင်း၊ ဝက်ချောင်းဘက်မှ ပခုက္ကူနယ်သို့ ကျော်ဖြတ်သည့် ဖိုးခေါင်ကျော်လမ်းမှ ဖြတ်ကျော်ကြရန် စီစဉ်ပေးလိုက်၏။ ဗမာပြည်သို့ သွားမည့်ကိုယ်စားလှယ်အဖွဲ့လည်း ဂြဟင်းခါးရွာမှစထွက်သည်။ ကျနော်လည်း ဂြဟင်းခါးရွာမှ ကျနော့်ဌာနချုပ်ရှိရာ လောင်းရှည်ချောင်းရွာသို့ လာခဲ့၏။

## ယုံထောင်ကြောင်မိ

ဖမ်းဆီးထားသော ဆရာတော် ဦးနာရဒတို့အား တွေ့ဆုံရန် ကျနော်သွားလိုသည်။ ကျနော့်အား ဖမ်းဆီးထားလျှင် တပိုလ်ကျတပိုလ်တက်ရန် စီစဉ်ပြီး ကျနော် စစ်တွေမြို့သို့ လာ၏။ စစ်တွေမြို့သူ မြို့သားများ စစ်တွေမြို့တွင်းရှိ မိမိနေအိမ်၊ မိမိရပ်ရွာများတွင် နေထိုင်ခွင့်မရှိ။ စစ်တွေမြို့တွင်းတွင် ထူထပ်သော မျက်နှာဖြူ၊ မျက်နှာမဲ၊ မျက်နှာညို နိုင်ငံခြားစစ်ဗိုလ်များ၊ စစ်သားများဖြင့် ပြည့်လျှံနေ၏။ စစ်တွေမြို့သူ မြို့သားများကို စစ်တွေမြို့မှ ၆မိုင်၊ ၇မိုင်ဝေးသော နာရီကံ၊ ကြက်ကိုင်းတန်ရွာတို့တွင် ခိုအောင်းနေထိုင်ခွင့်ပြုထားသည်။ ကြက်ကိုင်းတန်ရွာသို့ ကျနော်ရောက်သွား၏။ ဆရာတော်ဦးနာရဒအား တွေ့ခွင့်ပြုရန် အဖ်အက်စ်အက်စ် မျက်နှာဖြူစစ်အရာရှိနှင့် ပုလိပ်အရာရှိများထံ အကြိမ်ကြိမ်ချဉ်းကပ်ရသည်။ ဆရာတော် ဦးနာရဒအား တွေ့ခွင့်ရလေပြီ။

နာရီကံရွာအနီး သံဆူးကြိုးထောင်တွင် နေပူမိုးရွာအကာအကွယ်မဲ့သည့် ကောက်ရိုးပုံထက်တွင် ထိုင်နေ

ရသော ဆရာတော်အား ဝမ်းနည်းဘွယ်ရာ ဖူးမျှော်ရသည်။ ဆရာတော်အား ကမ္ဘာ့နိုင်ငံတကာ ရေးရာများကိုလည်း ပြောပြသည်။ အမျိုးသားလွတ်လပ်ရေးအတွက် ဆရာတော် ဦးစိန္တာနှင့်ကျနော်တို့ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း ရှင်းလင်းပြသည်။ ဆရာတော် ဦးပညာသီဟ အသတ်ခံသွားရပြီ ဆိုချက်လည်း မဟုတ်မှန်ကြောင်း ပြောပြ၏။ ဆရာတော်နှင့် နိုင်ငံရေးသမားများ လွတ်လပ်ရေးအတွက် ဆရာတော်ဦးစိန္တာ၊ ကိုညိုထွန်း နှင့်ကျနော်တို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ပေးမည်ကိုလည်း ကျနော်ကတိပေးလေသည်။ ဆရာတော်အတွက် ဖျာနှင့်ရှားပါးသော ပန်းကန်လုံး၊ ပန်းကန်ပြားများတို့ကို ဦးစောလှကျော် (စစ်တွေအလုပ်သမားခေါင်းဆောင်တစ်ဦးဖြစ်သော ဦးစောလှကျော်ကွယ်လွန်) ၏ထမင်းဆိုင်မှ ယူငင်ပေးလိုက်၏။ ဆရာတော်ထံ ထပ်သွားသည်။ အားပေးစကားပြောသည်။ စစ်တွေမြို့တွင် ဆရာတော်နှင့်တကွ နိုင်ငံရေးသမားများ လွတ်ရေးကိုလည်း ကျနော် ကိုယ်ဖိရင်ဖိ ကြိုးစားသည်။ သို့သော် ခိုင်မာစွာတုတ်နှောင်ထားသော ဗြိတိသျှနယ်ချဲ့ အကျဉ်းသားဘဝမှ ဆရာတော်တို့အား လွတ်မြောက်အောင် မလုပ်နိုင်မှီ ကျနော့်ဌာနချုပ်မီးထတောက်လေပြီ။

ကျနော်စစ်တွေမြို့တွင် ဆရာတော်တို့ လွတ်ရေးကိစ္စ ကိုယ်ဖိရင်ဖိဆောင်ရွက်နေစဉ် ကျနော်တို့ဌာနချုပ်လောင်းရှည်ချောင်းရွာကို ယူဘီစစ်သင်္ဘောငယ် ၂၀ခန့် စစ်သားပုလိပ် ၃၀၀ခန့်ဖြင့် တစ်ညဉ့်လုံးဝိုင်းထားကာနံနက်အာရုဏ်ဦးတွင် ဝင်ရောက်မွှေနှောက်ကြ၏။ ခမ္မီးအမျိုးသားများ၏ မရှိမဲ့ ရှိမဲ့ပစ္စည်းများကို ယူသွားကြသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီး မေဂျာကြူးလက်မှတ်ဖြင့် ပေးခဲ့သောခါတ်ခဲသုံးရေဒီယိုများ၊ စောင်များ၊ ဆပ်ပြာများ၊ နို့ဆီများ၊ သကြား၊ လဘက်ခြောက်များနှင့် စားစရာများကိုသိမ်းယူကြသည်။ ကိုသာကျော် (ဗိုလ်မှူးယခုဆင်မလိုက်သင်္ဘောကျင်း ညွှန်ကြားရေးမှူး) နှင့် ကိုကျော်ဇော (ကွယ်လွန် ပြည်ထောင်စု စစ်ရဲဗိုလ်) တို့ကိုလည်း ဘမ်းဆီးသွားကြသည်။

မြို့ဟောင်းမြို့ ရဲဌာနအချုပ်ထောင်တွင် ချုပ်နှောင်ထားလိုက်လေ၏။ ရက်ပေါင်း ၄၀ခန့်လက်နက်များဘယ်နေရာတွင် ဝှက်ထားသလဲဟူသော မေးခွန်းကို အဓိကထား မေးမြန်းကြသည်။ အမျိုးမျိုးအကြပ်ကိုင်၍အမျိုးမျိုး ခြိမ်းချောက်စစ်ဆေးမေးမြန်းသည်။ လွတ်လပ်ရေးအတွက် အစအဆုံးမရှိ အနစ်နာခံ အသေခံရန်အသင့်ရှိနေကြသော ကိုသာကျော်နှင့် ကိုကျော်ဇောတို့ထံမှ လက်နက်ဝှက်ကိစ္စကို တစ်ခွန်းမျှဖော်ထုတ်မပြော။ လက်နက်ဖြင့်အကြမ်းဖက် အနိုင်ကျင့်ရဲသလောက် သတ္တိချင်းပြိုင်လျှင် တော်လှန်ရေးသမားနှင့် ယှဉ်ပြိုင်ချင်ငှာမစွမ်းသာ ဗြိတိသျှနယ်ချဲ့သမားများ အရှုံးပေးသွားကြသည်။ ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုသာကျော်နှင့်ကိုကျော်ဇောတို့ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်စွဲကိုင်တိုက်ခဲ့ကြသည်။ သို့သော် သူတို့အား နိုင်ငံတော်သစ္စာဖောက်မှုန၊ လူသတ်မှုများဖြင့် တရားမစွဲဆိုနိုင်။ သူတို့လွတ်ရေးနှင့် ကျနော်တို့ဌာနချုပ်ကို ထိန်းသိမ်းရေးတို့အတွက် မြို့ဟောင်းမြို့နယ် လောင်းရှည်ချောင်းရွာသို့ ကျနော်မရပ်မနား ဒုန်းစိုင်းပြန်လာခဲ့ရ၏။

## ဗမာပြည်သို့ ချီတက်ရပြီ

ဖက်ဆစ်ဂျပန်တော်လှန်ရေး ဘယ်နေ့ ဘယ်ကွေ့တွင် ပြီးဆုံးမည်ကို မသိသေး။ ဗြိတိသျှနယ်ချဲ့အား

လက်နက်စွဲကိုင် တော်လှန်ရန် စောင့်ဆိုင်းရအုံးမည်။ ကျနော်တို့လူစု စားသောက်နေထိုင်ရေးကို လက်ငင်းလုပ်ကိုင်ရမည်။ သို့နှင့်ကျနော်တို့အထဲမှ ငွေကြေးကိုခြိုးခြံစွာ ကိုင်တွယ်တတ်သူ ကိုယက်သဲအောင် (နောင် စစ်တွေခရိုင်ပြည်သူ့ရဲဘော်ခေါင်းဆောင် ဗိုလ်ဇေယျဗလ)ကို စီးပွားရေးတာဝန်ခံအဖြစ် ရွေးပြီး ကိုရွှေကျော်ဦးတို့နှင့်အတူ လှေတစ်စီး၊ ဗြိတိသျှငွေငါးရာဖြင့် တာဝန်လွှဲအပ်ကြသည်။ မြို့ဟောင်းမြို့ ရဲဌာနချုပ်တွင် ချုပ်နှောင်ခံရသော ကိုသာကျော်နှင့် ကိုကျော်ဇောတို့ထံ စားစရာများနှင့်စာများကိုလည်း ယုံကြည်ရသော ပြည်သူ့ဘက်သားပုလိပ်အချို့နှင့်အားကိုးရသော အရပ်သားများဖြင့်ဆက်သွယ်မှုယူကြသည်။ ဤသို့ပြင်ဆင်နေစဉ် ဆရာတော်ဦးစိန္တာထံမှ အပူတပြင်းအခေါ် ရောက်လာသည်။ ကျနော်မဆိုင်းမငံ့ဘဲ ချက်ချင်းလိုက်ပါသွားသည်။

မဟာမြိုင်တောစခမ်းတွင် ဆရာတော်အား မျက်စိမျက်နှာပျက်ပြီး ငိုင်တိုင်တိုင်ထိုင်၍ တွေ့ရသည်။ ကျနော့်အား စာရွက်တစ်ရွက်ကို ဆရာတော်လှမ်းပေးသည်။ ကိုသန်းစိန် (ယခု နိုင်ငံတော်ကောင်စီဝင်နှင့် ဌာနချုပ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အတွင်းရေးမှူး ၂) ၏လက်ရေးစာဖြစ်သည်။ ယင်းစာတွင် ကိုမောင်စိန်လှနှင့်အတူ သူတို့ဖိုးခေါင်ကျော်လမ်းမှ ကျော်ဖြတ်သွားကြသည်။ ဗမာပြည် ပခုက္ကူခရိုင် လောင်းရှည်မြို့နယ် မုန်တိုင်ချင်းရွာကလေးတွင် ညဥ့်အိပ်နေကြစဉ် သူတို့လုံးဝကြိုတင်မသိသော ဗြိတိသျှစစ်တပ်က လျှို့ဝှက်ဖွဲ့စည်းထားသော ချင်းလဲဗီးတပ်က သူတို့အား ဝိုင်းဖမ်းကြ၏။ သူတို့တစ်ချက်မျှ မခုခံ။ သူတို့ထံမှစတင်းဂန်းတစ်လက်နှင့် ခြောက်လုံးပြူးသေနတ်တစ်လက်ကို သိမ်းသည်။ သူတို့က "မြန်မာမျိုးချစ်တပ်ဦး" လည်ဆွဲတံဆိပ်ကိုထုတ်ပြကာ သူတို့ရန်သူ ဖက်ဆစ်ဂျပန်များ သတင်းထောက်လှမ်းရန်လာကြောင်း ရှင်းပြသည်။ ချင်းလဲဗီးများကမယုံကြည်။ မုန်တိုင်ရွာ၏အခြားကမ်းတစ်ဖက်တွင် ရှိသည့် ချင်းလဲဗီးဌာနတည်ရာ လေးပုံရွာသို့ခေါ် သွား၏။ လက်များကိုချည်နှောင်ပြီး ဖမ်းဆီးချုပ်နှောင်ထားကြသည်။ ချင်းလဲဗီးကဲ့သို့ ဗြိတိသျှတပ်ကလည်း သူတို့တင်ပြချက်ကို တဆံချည်မျှ လက်မခံ။

ကိုမောင်စိန်လှ၊ ကိုသန်းစိန်တို့အား ခြေများလက်များကို ဝါးလုံးတန်းများချည်နှောင်ကာ အစာရေစာမကျွေးဘဲ တနေကုန်တစ်နေခမ်းနေလှမ်းသည်။ ညဥ့်လည်း ဝါးလုံးတန်းများဖြင့် ချည်နှောင်ထားသည့်အတိုင်းပင်ထားသည်။ သုံးရက်သုံးညဥ့်နေလှမ်းပြီးသောညဥ့်တွင် ကိုမောင်စိန်လှ၊ ကိုသန်းစိန်တို့ မိမိတို့ အသက်ရှင်ရေးအတွက် ဆွေးနွေးကြသည်။ ထွက်ပြေးရန် ဆုံးဖြတ်ကြသည်။ ညဥ့်သန်းခေါင်ခန့်တွင် ချည်နှောင်ထားသောလှေ်ထီးကြိုးများကို ဖြည်းညှင်းစွာဖြုတ်ယူကြ၏။ ထွက်ပြေးကြ၏။ အခြားရဲဘော်သုံးယောက်၏ ကံကြမ္မာကိုမသိ။ သူလွတ်လာ၍ မင်းပြားမြို့နယ် ပြွန်ရှည်ချောင်းမှ ရေးပေးခဲ့သောစာဖြစ်သည်။ ကိုသန်းစိန်၏စာကို ဖတ်ပြီး ကျနော် ငိုင်ကျသွားသည်။ ကျနော်ကဲ့သို့ ဆရာတော်တို့လည်း ငိုင်နေကြ၏။ တစ်ဦးမျှ စကားတစ်ခွန်းမပြောကြ။ ကိုမောင်စိန်လှတို့ သေလေပြီလောဟူသော ယူကြုံးမရသည့်အတွေးတွင် ကျနော်နစ်မြုပ်နေသည်။ ကျနော်၏မျက်စိများ ပွင့်လျက်နှင့်ဘာမျှမမြင်။

နောက်ထပ်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ လွှတ်သင့်တယ်။ ဒါမှကိုစိန်လှတို့ သေမသေကို သိရမယ်။ ဗမာပြည်ခေါင်းဆောင်များနဲ့လည်း အဆက်အသွယ်ရမယ်"ဟု ကျနော်စတင်ပြောလိုက်သည်။ ယူကြုံးမရသည့်အတွေးအမြှင်ထဲ နစ်မြုပ်နေခြင်းမှ ကျနော် စတင်လမ်းဖွင့်ပေးလိုက်သည်။ ကျနော်တို့ ဆွေးနွေးပွဲတွင်ဆရာတော်ဦးစိန္တာ၊ ဦးဘိုးဦး၊ ဦးစံသိန်း၊ ဦးရွှေလှ (ကွယ်လွန်သွားသောကျောင်းဆရာ ဦးရွှေလှ) ဦးပေါက်ကျော်

တို့ရှိနေကြသည်၊ ကျနော်တင်ပြသော နောက်ထပ်ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ထပ်လွှတ်ရေးကို တစ်ဦးမျှ မကန့်ကွက်၊ အားလုံးသဘောတူကြ၏။ သို့သော် ပူပူနွေးနွေးသေဘေးကြုံခဲ့ရသော နေရာသို့တစ်ဦးတည်းမျှ မိမိဆန္ဒအလျောက်မသွားလိုကြပါ။ ကျနော်လည်း မသွားလိုပါ။

အချိန်အတော်ကြာသည့်တိုင် တစ်ဦးသောသူကမှ မိမိဆန္ဒအလျောက် ဗမာပြည်သို့ သွားမည့်ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်လိုသောဆန္ဒမရှိကြ။ သူများတကာထက် သတ္တိဗျတ္တိပိုရှိချင်မှရှိမည်။ သို့သော် အခက်အခဲနှင့် သေဘေးကို ရင်ဆိုင်တွေ့လိုသောဇီဇလည်းရှိ၊ ကိုမောင်စိန်လှတို့ သေသည်ရှင်သည်ကို သိလိုသောဇောထက်သန်ပြီး ဗမာပြည်ခေါင်းဆောင်များအား ငါသာလျှင်အပြည့်အဝ ဆွေးနွေးပြနိုင်သူဖြစ်သည်ဟူသော ယုံကြည်ချက်ဖြင့် သကောင့်သား ကျနော်က ဗမာပြည်သို့သွားမည့်ကိုယ်စားလှယ်အဖွဲ့တွင် ကျနော်ပါဝင်လိုသည်ဟု မိမိဆန္ဒကို ဖော်ထုတ်လိုက်ရသည်။ "မင်းသွားလို့ မဖြစ်ဘူး၊ မင်းဘေးဒုက္ခရောက်သွားရင် ဥပဒေတွင်း ဥပဒေပလုပ်ငန်းဆောင်တာတွေ ခက်ခဲသွားမယ်" ဟုဆရာတော်က တားမြစ်စကား စတင်ပြောသည်။ တချို့ခေါင်းဆောင်များလည်း တားမြစ်စကားပြောကြသည်။ သို့သော် တစ်ဦးတစ်ယောက်မျှ ငါသွားမည်ဟု မိမိဆန္ဒအလျောက် မပြောဆို။ နေလုံးကွယ်ပျောက်၍ ဆွေးနွေးပွဲသာ ရပ်နားသွားရသည်။

နွေရာသီဖြစ်သော်လည်း မဟာမြိုင်တောစခမ်းက ချမ်းတစိမ့်စိမ့်၊ တောရိုင်းတိရစ္ဆာန်များ၏ဘေးရန်ကာကွယ်ရေးနှင့် အအေးဒဏ်ကာကွယ်ရေးတို့အတွက် မီးပုံများ ရှိရသည်။ မီးလှုံရသည်။ မီးလှုံရင်း ရောက်တတ်ရာရာ စကားများကိုဖောင်ဖွဲ့အောင် ပြောကြ၏။ ဗမာပြည်သို့ သွားမည့် ကိုယ်စားလှယ်များ ဘာအချက်အလက်များ ပြောသင့်ဆိုသင့်သည်ကို မမောမပမ်းပြောကြ၏။ နံနက် ၈နာရီခန့်တွင် ဆွေးနွေးပွဲပြန်လည် စတင်ကျင်းပသည်၊ ဗမာပြည်သွားမည့်ကိုယ်စားလှယ်အဖွဲ့ကို ကျနော်ခေါင်းဆောင်သွားမည်ဟု ကျနော့် အဆိုပြုချက်ကို ကျနော်ပြတ်သားစွာ သဲသဲမဲမဲတင်ပြသည်။ ထိုင်နေလျှင် အချိန်ကုန်ရုံသာရှိမည်။ တစ်ဦးမျှသွားကြမည် မဟုတ်ကြောင်းကို ကျနော်သိရှိနားလည်ထားပြီ။ ကျနော်နှင့် မောင်လှကျော်သွားရေးကို တစ်ဦးမျှမကန့်ကွက်ကြ။ သွားမည့်လမ်းကို ဆွေးနွေးကြသည်။ အမ်းတောင်ကျော်လမ်း၊ တောင်ကုတ်တောင်ကျော်လမ်းတို့တွင် တောကြီးတောင်ကြီးထဲ၌ ဖက်ဆစ်ဂျပန်များ သောင်းချီ၍ ရှိနေဆဲ၊ အခိုင်အမာတပ်စွဲထားဆဲဖြစ်သည်။ ဖိုးခေါင်ကျော်လမ်း ကပင် သွားရန်အားလုံးဆန္ဒတူကြသည်။ နံနက်စာ မစားမီပင် ဗမာပြည်သွား ကိုယ်စားလှယ်အဖွဲ့နှင့် သွားမည့်လမ်းကို ရွေးချယ်ပြီးလေပြီ။ ကျနော်တို့အား လမ်းပြအဖြစ် လိုက်ပို့မည့် ချင်းအမျိုးသားခေါင်းဆောင် ဦးမောင်တိုးအား မဟာမြိုင်တောစခမ်းသို့လာရန် အခေါ်လွှတ်လိုက်၏။

မဟာမြိုင်တောစခမ်းတွင် ကျနော်တို့ နံနက်စာစားကြပြီး ကိုထွန်းလှိုင်၊ ကိုယက်သေးအောင်တို့ထံ ကျနော်စာရေးသည်။ ကိုမောင်စိန်လှတို့ကိုယ်စားလှယ်အဖွဲ့ မအောင်မြင်ဘဲ ဒုက္ခရောက်သွားခြင်း၊ ကျနော်ကိုယ်တိုင် ဗမာပြည်သွားရမည်ဖြစ်ခြင်း၊ မြို့ဟောင်းမြို့ ရဲဌာနတွင် ချုပ်နှောင်ခံနေရသော ကိုသာကျော်၊ ကိုကျော်ဇောတို့နှင့်ကျနော် ဂွင်းဆက်အတိုင်း ဆက်သွယ်ပြီး ၎င်းတို့၏စားသောက်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းရန် ရန်သူအန္တရာယ်ကြီးထွားလာ၍ လောင်းရှည်ချောင်းရွာတွင် မနေနိုင်က လက်နက်ခဲယမ်းမီးကျောက်နှင့် ရဲဘော်များပါ ဆရာတော်ထံ ပြောင်းရွှေ့နေထိုင်ကြရန်တို့ကို စာရေးသည်။ ဆရာတော်အားလည်း ကျနော်ဗမာပြည်

သွားရှိဆဲ၊ ကျနော့်ရဲဘော်များ လက်နက်များ ပြောင်းရွှေ့ယူလာလျှင်၊ လက်ခံထားရန် ကျနော် လျှောက်တင်ထားလိုက်၏။ ညနေပိုင်းတွင် ကျနော်တို့အား လမ်းပြပေးမည့် ဦးမောင်တိုးရောက်လာသည်။ ဗမာပြည်နယ်စပ်မောင်ကွာရွာထိ သူကျွမ်းကျင်စွာ လမ်းပြပေးနိုင်သူဖြစ်ကြောင်း သိရ၏။ ကိုထွန်းလှိုင်တို့ထံပေးရန်စာကို ဆရာတော်လက်ထဲအပ်လိုက်သည်။ စတင်းဂန်းတစ်လက်ကိုယူပြီး မှောင်မဲနေသော ညဉ့်အချိန်တွင် ဦးမောင်တိုး၊ ကိုမောင်လှကျော်နှင့် ကျနော် မဟာမြိုင်တောစခမ်းမှ ထွက်လာကြ၏။ ကျနော်တို့ ဗမာပြည်သွားသည်ကို မပေါက်ကြားရအောင် ဆရာတော်တို့ တာဝန်ယူလိုက်သလို လူသူနှင့် မတွေ့ရအောင် တမင်တကာ ကျနော်တို့ ညဉ့်နက်မှ ထွက်လာကြခြင်း ဖြစ်သည်။

ညဉ့်သန်းခေါင်လောက်တွင် ဖဒူသို့သွားရမည့် တောလမ်းဆုံသို့ရောက်သွားကြသည်။ ဗြိတိသျှစစ်တပ်မှ စွန့်ပစ်ထားခဲ့သော ဘက်ထရီထုပ်များထဲမှ ကောင်းသော ဓာတ်ခဲခြောက်နှစ်ခဲကု နေ့လည်ကပင် ကျနော်ထုတ်ယူခဲ့သည်။ အဆင်သင့်ယူလာသော ဝါးလုံးပြွန်ထဲတွင် ယင်းဓာတ်ခဲနှစ်ခဲကို ထည့်ကာ ကြေးနီကြိုးငယ်ဖြင့် မီးသီးကို ထွန်းကြည့်သည်။ သန့်ရှင်းနေသောမြက်ခင်းကို မြင်ရသည်။ ပါလာသောလွယ်အိတ်ငယ်တွင် ခေါင်းတင်ကာ မြက်မွေ့ယာပေါ်တွင် ကျနော်နှစ်ချိုက်စွာ အိပ်ပျော်သွား၏။ ဦးမောင်တိုးကလှုပ်နှိုး၍ ထသောအချိန်တွင် ရောင်ခြည်ဦးထွန်းပေါ်နေပြီ။ ဖဒူချောင်း( တယွေချောင်းထဲရှိ ချောင်းလက်တက်ငယ်တစ်ခု)သို့ ကျနော်တို့ ကျော်လာကြသည်။ နံနက်စာကို ဖဒူရွာတွင် စားပြီးပေ ၂၀၀၀-ခန့်မြင့်မည့် ဝက်ချောင်းတောင်ရိုးကို ကျော်ဖြတ်ကြရသည်။ နေလုံးကွယ်ပျောက်သွားမှ ဝက်ချောင်းထဲရှိ ချင်းရွာငယ်တစ်ရွာသို့ ရောက်သွားကြသည်။ ယင်းရွာငယ်တွင် ညနေစာ ထမင်းစားပြီး အိပ်ကြ၏။ ဝက်ချောင်းသည် ဗြိတိသျှစစ်တပ်နှင့် ဖက်ဆစ်ဂျပန်တပ်များ တဘက်နှင့်တဘက် နီးကပ်လွန်းသဖြင့် နှစ်ဘက်စလုံးမ တပ်စွဲမထားသောနေရာဖြစ်သည်။ ဝက်ချောင်းမှ လွန်လျှင်ကား တော်လှန်ရေးသတိမြဲရတော့မည်။ တောကြိုတောင်ကြားထဲ ခိုအောင်းနေကြသော ဖက်ဆစ်ဂျပန်စစ်တပ်၏ရန်ကား မသေးငယ်လှ။

ဦးမောင်တိုး စည်းရုံးထားသော ဧည့်ကျေပွန်သည့် ချင်းအိမ်ရှင်သည် နံနက်အရုဏ်ဦးကပင် ချက်ပြုတ်ပြီးသော ထမင်းထုပ် ၃ထုပ်ကို ကျနော်တို့အား ပေးသည်။ ဝါးဆစ်များတွင် စမ်းရေကြည် ထည့်ထားသော ဝါးကျည်ကို တစ်ယောက်တစ်ကျည်လွယ်ကာ ပေ ၃၀၀၀ကျော်မြင့်မည့် ရီချောင်းတောင်ကို စတက်ကြ၏။ တောကြီးတောင်ကြီးများထဲတွင် တောဆင်ရိုင်းများအုပ်လိုက်ချီ၍ သွားနေကျလမ်းရိုးရှိသည်။ ယင်းလမ်းသည် ၆ပေမှ ၁၀ပေအထိ ကျယ်ပြန့်သည်။ တောဆင်ရိုင်းအုပ်သည် စမ်းရေကိုသောက်ခြင်း၊ ချိုးခြင်းအမြဲပြုကြရာ တောဆင်ရိုင်းသွားလမ်းမှ လိုက်လျှင် လမ်းမှားစရာ မရှိတော့ပေ။ တောကြိုတောင်ကြားထဲ ခိုအောင်းနေမည့် ဖက်ဆစ်ဂျပန်ရန်ကို ကြောက်ကြသော ကျနော်တို့သုံးဦး တောဆင်ရိုင်းသွားလမ်းမှ ဒေါက်လျှောက်မသွားရဲကြ။

ထူထပ်သောတောကြိုအုံကြားကိုလည်း ဖြတ်လိုက်၊ တောကြိုတောင်ကြားကိုလည်း တက်လိုက်ပြုကာ ကျော်ဖြတ်လာကြရသည်။ ခရီးမတွင်လှ

ရီချောင်းတောင်ထိပ်သို့ရောက်ချိန်တွင် မွန်းတည့်နေလေပြီ၊ အဆင်သင့်ယူလာသော ထမင်းကိုစားကြသည်။ ရေကိုအဝသောက်ကြသည်။ တထောက်နားကြသည်။ စားခဲ့သောထမင်းဟင်းတို့ကို လက်ရာခြေရာ ပျောက်အောင်ပြုပြီး ရီချောင်းသို့ဆင်းလာကြ၏။ တောင်တက်ပင်ပမ်းသလို တောင်ဆင်းလည်း မသက်သာလှ။

နွယ်ပင်ဝါးပင်များကို မြမြစွာကိုင်ပြီး တစ်လှမ်းချင်းဆင်းကြရ၏။ ရီချောင်းထဲရှိ ချင်းရွာသိမ် ငယ်တစ်ခုနားသို့ ရောက်သွားကြပြီ။ ချုံပုတ်ထဲ ကျနော်တို့နှစ်ဦးအား ထားခဲ့ပြီး ဦးမောင်တိုး ရွာထဲဝင်သွားသည်။ သူ့ကို ဖက်ဆစ်ဂျပန်စစ်တပ်မှတွေ့လျှင်လည်း ဘာမျှဒုက္ခမရောက်နိုင်။ သူသည် ချင်းအမျိုးသား၊ သူသည် ချင်းလူမျိုးခေါင်းဆောင်၊ ရွာတကာတွင် သူ့ဆွေမျိုး သူ့မိတ်ဆွေများ ရှိကြသည်။ နာရီဝက်ကျော်လောက်တွင် ဦးမောင်တိုး ကျနော်တို့အား လာခေါ်သည်။ ယင်းချင်းရွာသိမ်ငယ်တွင် ညနေစာစားကြသည်။ သို့သော် ဖက်ဆစ်ဂျပန်ဖက်ဆစ်ရန်ကို ကြောက်ရ၍ ယင်းရွာတွင် ကျနော်တို့ ညမအိပ်ကြ။ ရွာနှင့်အလှမ်းမကွာသောတောကြိုချုံကြားထဲတွင် စတင်းဂန်းဖြင့် အလှည့်ကျကင်းစောင့်ရင်း အိပ်ကြသည်။

နေရောင်ခြည်ဦး မသန်းမီကပင် ရွာထဲ ဦးမောင်တိုးဝင်သွားပြီး၊ အငွေ့တထောင်းထောင်းထွက်နေသည့် ထမင်းထုပ် ၃ထုပ်ကို ယူ၍ ပြန်ထွက်လာသည်။ လုပ်စဉ်အတိုင်း ဝါးဆစ်၃များတွင် စမ်းရေကြည်ထည့်ထားသည့် ဝါးကျည်များကိုလွယ်ထားကာ ပေ ၄၀၀၀ ခန့်မြင့်မည့် ကြာချောင်းတောင်ရိုးကို တက်ကြရ၏။ တောဆင်ရိုင်းလမ်းရိုးမှသွားသည့်အခါသွား၊ ကွေ့ကောက်ကာတက်သည့်အခါလည်း တက်ဖြင့် ခရီးပြင်းနှင်ခဲ့ကြရာ ကြာချောင်းရှိ ချင်းရွာငယ်တစ်ခုသို့ မွန်းလွဲ ၃နာရီခန့်တွင် ရောက်သွားကြသည်။ ဝါးရွက်မိုး ခြေတံရှည်ချင်းအမျိုးသားအိမ်တွင် တည်းခိုကြသည်။ ဦးမောင်တိုးရွာရှိ သူ့မိတ်ဆွေအိမ်တွင် သွားနေ၏။ ကျနော်တို့ နွမ်းရိပင်ပန်းလွန်း၍ လဲလျောင်းနေကြသည်။ ရခိုင်စကားတစ်ခွန်းမျှ မတတ်သောအိမ်သူ ချင်းအမျိုးသမီးက ကျနော်တို့နှစ်ဦးအား ချင်းအမျိုးသားစကားဖြင့် ရေးကြီးသုတ်ပြာပြောသည်။ ချင်းအမျိုးသားစကားကို ကျနော်တို့ တစ်ခွန်းမျှနားမလည်။ ငေးမောနေစဉ် အိမ်အောက်သို့ဆင်းရန် ကာယကံမြောက်လည်း တွန်း၏။ အိမ်နောက်ဖေးတံခါးပေါက်မှ ကျနော်တို့ ခုန်ဆင်းလိုက်ကြသည်။ တခုမျှကျနော်မရိပ်မိသေး။ အိမ်မှ ၁၀ကိုက်ပင်မဝေးသော ဝါတောထဲသို့ဝင်ကာ စတင်းဂန်းသေနတ်ကို အသင့်ပြင်ကာ ပုန်းအောင်းလိုက်ကြသည်။ မိနစ်ပိုင်းခန့်သာကြာမည်။ သုံးလိုင်းတစ်ပွင့်ရှိသော ဂျပန်စစ်ဗိုလ်တစ်ဦးနှင့်တပ်သား ၄ဦး ၅ဦးခန့် ကျနော်တို့ ခုန်ဆင်းလာသော အိမ်ပေါ်သို့ ရောက်နေကြပြီ။ ကြက်ကျင်းတွင် ဝပ်နေသောကြက်မနှင့် ကြက်ဥများကို အတင်းယူသွားသည်။ အိမ်ရှင်အမျိုးသမီး၏ ကြွက်စီကြွက်စီမြည်ဟောက်သံ၊ ဂျပန်စစ်သားများ၏ အော်ငေါက်သံ၊ ကြက်များ၊ ဝက်များတို့၏မြည်သံများဖြင့် ရွာလုံးကျွတ် ဆူညံနေသည်။ ဖက်ဆစ်ဂျပန်စစ်ဗိုလ်နှစ်ဦးနှင့် စစ်သား ၄၀ခန့်ပါသော ဂျပန်တပ်ဖွဲ့က ရွာကို အလစ်ဝင်စီးသည်။ ရှိသမျှတွေ့သမျှ ကြက်၊ ဝက်၊ ဟင်းသီးဟင်းရွက်နှင့် ဆန်တို့ကို ယူငင်သွားကြပြီ။ ရွာမှထွက်သွားကြပြီ။ အိမ်ရှင်ချင်းအမျိုးသမီးကယ်ပေလို့ ကျနော်တို့ အသက်ဘေးမှတစ်ခေါက်လွတ်ပြန်ပြီ။ ညနေစာ စားပြီး ရွာအနီး တောကြိုချုံကြားထဲသို့ တိုးဝင်ကာ အလှည့်ကျကင်းစောင့်ပြီး ကျနော်တို့ အိပ်ကြ၏။

နံနက်လင်းရောင်ခြည်ဖြင့် ဦးမောင်တိုး ရွာထဲဝင်ကာ ပူနွေးသော ထမင်းထုပ် ၃ထုပ်ဖြင် ပြန်ထွက်လာသည်။ စမ်းရေဖြည့်ထားသော ဝါးကျည်များကို လွယ်ပြီး သံချောင်းတောင်ကြီးကို ရင်ဆိုင်တက်ရတော့၏။ တောင်ရိုးတောင်တန်းများ တတောင်ထက်တတောင်ပိုမြင့်လာသည်။ ဝက်ချောင်းတောင်ထက် ရီချောင်းတောင်မှာ ပိုမြင့်သလို၊ ရီချောင်းတောင်ထက် ကြာချောင်းတောင် ပိုမြင့်၏။ ကြာချောင်းတောင်ထက် သံချောင်းတောင်မှာပို၍မြင့်သည်။ ပေ ၅၀၀၀ခန့်ရှိမည်။ တနေကုန်တနေခမ်း တောတောင်အသွယ်သွယ်ကို တောဆင်ရိုင်းသွားလမ်းကပင် တောက်လျှောက်မသွားရဲဘဲ ကွေ့ကောက်ကာ တက်လိုက်ဆင်းလိုက်ဖြင့် ခရီးကြမ်းလည်း

ချီခဲ့ရပြီ။ ကောင်းစွာလည်း မစားခဲ့ရ၊ မအိပ်ခဲ့ရ။ သံချောင်းတောင်ကြီးကို တက်ချိန်တွင် အဆမတန်နွမ်းရိနေသော ခြေထောက်များသည် ကျနော်အား မသယ်ပိုးချင်၊ မကြာခဏဆန္ဒပြသည်။ မကြာခဏ အနားယူရ၏။ မိမိ၏ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်များပင် ပို၍လေးလံသလို ဖြစ်လာ၏။ ဝတ်ဆင်ထားသော အဝတ်မှာကိုပင် ခချွတ်၍ပစ်ချင်လှပြီ။ မလျော့သောဇွဲဖြင့် ကျနော်တို့ ချီတက်ကြသည်။ နေမဝင်မှီသံချောင်းရှိ ချင်းအမျိုးသား မောင်ကွာရွာသို့ ရောက်သွားကြ၏။

မောင်ကွာရွာရှိ ကျနော်တို့ဖြတ်သန်းလာခဲ့သော ချင်းရွာများနှင့်မတူ ၊ လက္ခဏာရော၊ အသွင်သဏ္ဌာန်ပါ အခြားချင်းရွာများနှင့် ကွာခြား၏။ ထူးဆန်းဖွယ်ရာများကို မြင်တွေ့ရ၏။ မောင်ကွာရွာတွင် ချင်းအမျိုးသမီးများ မျက်နှာတွင် ဆေးမထိုး၊ တရွာလုံးဗမာစကားကို ရည်ရည်လည်လည်ပြောတတ်ကြသည်။ ချင်းအမျိုးသမီးများ ဝတ်သောအနံတို ထူထဲသည့်သင်တိုင်း မိန်းမလုံချည်ကို မဝတ်ဆင်ကြ။ ရခိုင်မြန်မာအမျိုးသမီးများကဲ့သို့ အမျိုးသမီးဝတ်စုံကို ဝတ်ဆင်ကြသည်။ မောင်ကွာရွာမှတက်သွားလျှင် မွန်းတည့်ချိန်မှရောက်မည့် ဖိုးခေါင်တောင်ထိပ်ထိ ရခိုင်ပြည်ပိုင်သည်။ သို့သော် ရခိုင်ပြည်မှအရာရှိနှင့် ပုလိပ်များ မရောက်ရှိကြ။ မောင်ကွာရွာမှကူးလူးဆက်ဆံခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းကိုလည်း ရခိုင်ပြည်နှင့်မလုပ်ကြ။ ပခုက္ကူခရိုင်ရှိ ကျေးရွာမြို့ပြများနှင့်သာ ကူးလူးဆက်ဆံခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း ရှိကြသည်။ ဤရွာသို့မရောက်မှီကပင် ဦးမောင်တိုးက ကျနော်တို့အား သတိပေးစကားပြောထားပြီ။ သူသည် ချင်းအမျိုးသားခေါင်းဆောင်အဖြစ် တယွေချောင်းမှ ကြာချောင်းထိ ဆွေမျိုးညာတိနှင့် မိတ်ဆွေများရှိသည်။ သူ့ဩဇာရှိသည်။ သို့သော် မောင်ကွာရွာတွင် သူဩဇာမရှိ။ မောင်ကွာရွာတွင် လူလယ်လူရှုပ်များရှိသည်။ မောင်ကွာနှင့်သူ သွေးသောက်မိတ်ဆွေပြုပြီး စည်းရုံးလိုသည်။ သွေးသောက်ပွဲအတွက် ခေါင်ဖိုး ကြက်ဖိုးငွေ ၅ဝိခန့်ကုန်ကျမည်ဟု ဦးမောင်တိုးက ပြောပြ၏။ မောင်ကွာနှင့်သူ သွေးသောက်မိတ်ဆွေပြုရန် စည်းရုံးရေးပြုခြင်းကို ကျနော်တို့သဘောတူသည်။ သူ့လိုငွေကို ကျနော်ထုတ်ပေးလိုက်၏။

ကျနော်တို့ ကျော်ဖြတ်ခဲ့သော တယွေချောင်း၊ ဝက်ချောင်း၊ ရီချောင်း၊ ကြာချောင်းတို့ရှိ ချင်းအမျိုးသား ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့် မောင်ကွာရွာရှိ ချင်းအမျိုးသား ယဉ်ကျေးမှုထုံးတမ်းစဉ်လာတို့ အောက်ခြေမှစပြီး ခြားနားမှုကို ကျနော်သတိပြုမိသည်။ တယွေချောင်းမှ ကြာချောင်းထိရှိ ချင်းအမျိုးသားများသည် ရခိုင်အမျိုးသားများကဲ့သို့ လုံချည်ဝတ်ဆင်သူ ရာခိုင်နှုန်းများသလောက် ချင်းအမျိုးသမီးများသည် ဒူးခေါင်းပေါ်သင်တိုင်းကို သန္တာစေ့အရောင် အမျိုးမျိုးရှိသည့် ခါးစည်းကြိုးဖြင့် စည်းထားကြသည်။ မှန်သည်မှာသည် မပြောတတ်။ ရခိုင်ပဒေသရာဇ်ဘုရင်ခေတ်က ချောမောလှပသော ချင်းအမျိုးသမီးများကို နယ်စားပယ်စားများက ကောက်ယူသည့် ဘေးရန်မှ ကာကွယ်ရန်ဆိုပြီး အရွယ်မရောက်မှီက ချင်အမျိုးသမီးများ၏မျက်နှာတွင် ပန်းပွင့်လိုလို အစင်းစင်း မဲနက်သောဆေးထိုးထားကြ၏။ ချင်းအမျိုးသားတိုင်းလိုလို ရခိုင်ဘာသာစကားကို ပြောဆိုတတ်သော်လည်း အမျိုးသမီးထဲမှ ရခိုင်ဘာသာ စကားပြောဆိုတတ်သူ ရှားပါးလှ၏။ သူတို့သည် သူတို့တောင်ယာမှထွက်သော စပါး၊ ဝါ၊ ပြောင်းသီးနှင့် ဟင်းသီးဟင်းရွက်များကို အဓိကပြုကာ ခြိုးခြံသော၊ ရောင့်ရဲလွယ်သော တအိမ်ထောင်ဘဝဖြင့် နေထိုင်ကြသည်။ ဆားနှင့်ချည်မျှင်အနည်းငယ်ဝတ်ရန်သာ ပြင်ပ

ကမ္ဘာနှင့် သူတို့ကူးလူးဆက်ဆံကြ၏။ အိမ်ထောင်စုတွင် အမျိုးသမီးများကို ကျေးကျွန်အဖြစ် သတ်မှတ်ထားသည်။ နေ့စဉ်လုပ်ငန်းဆောင်တာအဝဝကို အိမ်သူအမျိုးသမီးက ကျေးကျွန်အဖြစ် လုပ်ကိုင်ဆောင်ရွက်ရသည်။ မယားခိုးမှုနှင့် ကြာခိုမှုသည် လူသတ်မှုထက်ကြီးလေးသော အပြစ်ဒဏ်ပေးခြင်းကို ခံရသည်။ လူသတ်မှုတွင် သတ်သူသည် သေဆုံးသူအတွက် မျိုးရိုးတန်ဘိုးအရ မောင်း ၉လုံး (ထိုစဉ်က မောင်းတစ်လုံး ငွေကျပ် ငါးဆယ်ခန့် တန်ဘိုးရှိသည်) လျော်ကြေးဖြင့် ဖြေရှင်းလျှင်ရနိုင်သော အမှုမျိုးတွင် မယားခိုးမိသူသည် မောင်းကို ကိုးလုံးကိုးလီ(မောင်း ၈၁လုံး)ထိ လျော်ကြေးပေးရမည်ပင်ဖြစ်၏။ ဤသို့လျော်ကြေးပေးကိန်းဆိုက်လျှင် ဆွေစဉ်မျိုးဆက်လျော်ကြေးမြီ ဆပ်သွားကြရသည်။ လင်ယောကျ်ားသေဆုံးသွားလျှင် ထိုအမျိုးသမီးသည် မိမိရင်မှ ပေါက်ဖွားသော သားသမီးများကိုပင် ပိုင်ဆိုင်ခွင်မရှိ။ သေဆုံးသွားသောလင်ယောကျ်ားဘက်မှ ထိမ်းမြားလိုကလည်း သူမတွင်ခုခံခွင်မရှိ။ အဝတ်တထည်ဖြင့် သူမ၏ မိဘဆွေမျိုးထံပြန်ပို့လျှင်လည်း ဘာမျှမငြင်းဆန်နိုင်။ အမြဲတမ်းစီးဆင်းနေသော ကြည်လင်သည့် စမ်းရေကို ချိုး၊ စမ်းရေကိုသောက် ပြုနေကြ၍လားမသိ။ ချင်းအမျိုးသမီးတို့၏ ခန္ဓာကိုယ်လက်များ ဝါဝင်းသောအဆင်းဖြင့် အချိုးအစားညီပါသည်။ မို့မောက်သောရင်နှင့် ကားထွက်နေသော တင်များလည်း ရှိပါသည်။ သို့သော် ဆေးထိုးထားသာ သူမတို့၏မျက်နှာကိုကြည့်လျှင် ဘယ်လိုကြည့်ကြည့် ကြည့်မရအောင် အရုပ်ဆိုးနေကြ၏။

ဦးမောင်ကွာ၊ ဦးမောင်တိုးတို့၏ သွေးသောက်ပွဲကို နှစ်ရက်တိုင်တိုင် ပြုကြပါသည်။ သွေးသောက်ပွဲသို့ ယင်းရွာခေါင်းဆောင်များ ပါဝင်ဆင်နွှဲကြသလို ကျနော်တို့နှစ်ဦးလည်း သွေးသောက်ပွဲတွင် ခေါင်ရည်သောက်လိုက်၊ ဝက်သားသုတ်၊ ကြက်သားသုတ်စားရင်း၊ အနားယူအပန်းဖြေခွင့်ရကြပါသည်။ သွေးသောက်ပွဲ၏ နောက်ဆုံးနေ့တွင် ကျားစွယ်၊ ဝက်စွယ် စသည့် အစွယ်အမျိုးမျိုးနှင့် ဓားလှံတို့ကို ခေါင်ရည်တွင်စိမ်ပြီး ဦးမောင်တိုးနှင့် ဦးမောင်ကွာတို့ သစ္စာရေသောက်ကြသည်။ ချင်းနတ်ဆရာ၏နတ်သံဖြင့် တိုင်တန်းချက်များကို ဦးမောင်တိုးနှင့် ဦးမောင်ကွာတို့ လိုက်ဆိုကြရပါသည်။ ချင်းနတ်ဆရာက နတ်များကို သက်သေအဖြစ် တိုင်တည်ပြီးသွေးသောက်ပွဲကို ရုပ်သိမ်းသွားသည်။ ဦးမောင်တိုးအား မေးကြည့်ရာ ငါ၏ရန်သူသည် သင့်ရန်သူဖြစ်သည်။ တစ်ဦး၏နစ်နာချက်များကို တစ်ဦးက မပြုလုပ်။ သားစဉ်မြေးဆက်သွေးသောက်မိတ်ဆွေအဖြစ် ရပ်တည်ရမည် ဟူသော အချက်များဖြင့် သွေးသောက်မိတ်ဆွေဖွဲ့ကြခြင်းကို ပြောပြပါသည်။

သွေးသောက်ပွဲပြီးစီးလေပြီ။ စတင်းဂန်းသေနတ်နှင့်တကွ ဆရာတော်ဦးစိန္တာနှင့်တကွ ကိုထွန်းလှိုင်တို့ထံ ပေးစာများကိုရေးပြီး ဦးမောင်တိုးလက်ထဲအပ်လိုက်ပါသည်။ နောက်တစ်နေ့ နံနက်စာကို စောစောစီးစီးစားပြီး ကျော်ဖြတ်လာသော တောင်များတွင် အမြင့်ဆုံးဖြစ်သည့် ဖိုးခေါင်တောင်ကို ကျော်ဖြတ်ရန် လာကြ၏။ ဖိုးခေါင်တောင်ကျော်လမ်းထိပ်ထိ ကျနော်တို့အား ဦးမောင်တိုးတို့ လိုက်ပို့ကြသည်။ ဖိုးခေါင်တောင်ကြီးကို စတင်၍ တက်ကြပြီ။ မြင့်မားသော ဖိုးခေါင်တောင်ထိပ်ကား မိုးသားအောက်တွင် နစ်မြုပ်နေ၍ မမြင်ရ။ မွန်းလွဲမှ ဖိုးခေါင်တောင်ရိုးကြီး၏ တောင်ထိပ်သို့ ကျနော်တို့ ရောက်ကြ၏။ မြင့်မားလွန်း၍လားမသိ။ ဖိုးခေါင်တောင်ထိပ်တွင် ကြီးမားသော သစ်တော ဝါးတောများ ထူထပ်စွာမပေါက်တော့။ ရှိနေသောသစ်ပင်ငယ်များတွင်လည်း အရွက်များ ဝေဝေဆာဆာမရှိ။ ရှည်လျားသောမြက်ပင်များလည်း မွန်းလွဲနေရှိန်အောက်တွင် ခေါင်းငိုက်ကျနေ

၏။ လေက တဟူးဟူးတိုက်နေသဖြင့် မြက်ရှည်ပင်များ ယိမ်းချင်သလို ယိမ်းယိုင်နေကြသည်။

ဖိုးခေါင်တောင်ထိပ်မှ တောင်ရိုးတစ်လျှောက်စီး၍သွားရသည်မှာ အားစိုက်ခွန်စိုက်သွားရခြင်းမရှိ။ အေးတမြမြ လေညှင်းလေပြေအောက်တွင် လျှောက်နေရာ နယ်နိမိတ်သတ်မှတ်ခဲ့သော ကျောက်တိုင်ကို ရောက်သည်နှင့် တပြိုင်နက် ကျနော်၏စိတ်သည် ချုပ်တည်းတားဆီးခြင်း ကင်းမဲ့စွာဖြင့် အတိတ်တွင် ကျက်စား သွားလေသည်။ ကောဇာသက္ကရာဇ် ၈၀၆ ခုနှစ်ခန့်က ဤနေရာသည် သိမ့်သိမ့်သဲသဲ အောင်စည်အောင်မောင်း များ တီးခဲ့သောနေရာဖြစ်သည်။ ရခိုင်ဘုရင်နရမိတ်လှနှင့် ဗမာအင်းဝဘုရင် နရပတိမင်းတို့ ချစ်ကြည်ရေးနှင့် တပြည်ထောင်ကို ရန်ပြုသူရှိလာလျှင် တပြည်ထောင်မှ ကူညီမည်ဟု သစ္စာဆိုခဲ့ကြမည်။ တရားမျှတသော ရောင်းဝယ်ဖောက်ကားမှုဖြင့် နှစ်ပြည်ထောင် ရွှေလမ်းငွေလမ်း ဖောက်ခဲ့ကြမည်။ ခိုင်မာသော နယ်နိမိတ် သတ်မှတ်ကာ အစွန့်ရှည်မည့် ချစ်ကြည်ရေးကို ဤနေရာတွင် ပန္နက်ကျောက်တိုင် စိုက်ထူခဲ့ကြမည်။

မင်းနှစ်ပါးသည် ရခိုင်ပြည်မှ ယနေ့ပလိုင်အရက်ကဲ့သို့ အရသာရှိသည့် အရက်နှင့်ထန်းညက် ကောင်းများဖြင့် မြိန်ရှက်စွာ စားသုံးကြမည်။ မှူးကြီးမတ်ရာများ၊ သေနာပတိများက စပြီး စစ်သားချင်းလည်း လက်ရေတပြင်စီးစားသောက်ပျော်မြူးကြလိမ့်မည်။ နန်းတွင်းစာဆိုတော်များနှင့် ယဉ်ကျေးမှုကပွဲ ဆိုပွဲများဖြင့် အောင်စည်အောင်မောင်းများ ရွှမ်း၍ ပျော်တပြုံးပြုံးရှိမည်။ ယနေ့ငါတို့ခေတ်တွင် တပါးကျွန်ဘဝသို့ရောက်ကြရ လေပြီ။

ဗြိတိသျှနယ်ချဲ့ ကိုလိုနီကျွန်ဘဝမှ ရုန်းထွက်ရန်သမိုင်းပေးတာဝန်ကို ငါတို့ထမ်းဆောင်ရမည်။ နည်းမျိုးစုံ ဖြင့် အမျိုးသားလွတ်လပ်ရေးကို ရယူရမည်။ အမျိုးသားလွတ်လပ်ရေးငါတို့လက်ဝယ်ရောက်လျှင် နှစ်စဉ်ဆယ် ကုဋေမျှသွေးစုတ်ခံရသော ရေနံမှအမြတ်ငွေကို ငါတို့လက်ထဲရောက်မည်။ ကမ္ဘာကျော်ကျွန်းသစ်လုပ်ငန်းကို နိုင်ငံခြားကုမ္ပဏီ ဘီဘီတီစီ၊ မက္ကရီကာဖူးကားတို့ လက်ဝါးကြီးအုပ်သွေးစုတ်မှုမှ ကင်းလွတ်သွားမည်။ ဆန်စပါး လုပ်ငန်းကို လက်ဝါးကြီးအုပ်ချယ်လှယ်သော နိုင်ငံခြားပိုင် စတီးဘရားသား၊ ဘူးလွတ်ဘရားသားတို့ လက်အောက်မှ လွတ်ကင်းသွားမည်။ ကုန်းလမ်း၊ ရေလမ်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးများတွင် သွေးစုတ် ချယ်လှယ်သော ဗားမားရေးဝေး၊ ဧရာဝတီဖလိုတီးယား၊ အာရကံဖလိုတီးယား စသည့်နိုင်ငံခြားပိုင်အရင်းရှင်များ ၏လက်ထဲမှ ဆွဲထုတ်ယူနိုင်မည်။ သတ္တုလုပ်ငန်းကြီးများတွင် ဂုတ်သွေးစုတ်နေကြသော နမ္မတူဘော်တွင်း၊ မော်ချီးမိုင်းစသည့် နိုင်ငံခြားပိုင်အရင်းအနှီးများကို ပြည်သူပိုင်လုပ်နိုင်မည်။ နှစ်စဉ်ကုဋေပေါင်းများစွာ သွေးစုတ် ယူသွားသော နိုင်ငံခြားအရင်းရှင်ကြီးတို့လက်ထဲမှ ငွေအိတ်ကို ငါတို့လက်ဝယ်ရမည်။

အမျိုးသားလွတ်လပ်ရေးကို ငါတို့လက်ဝယ်ရရှိလျှင် သယံဇာတပေါကြွယ်ဝသောငါတို့နိုင်ငံတွင် အတတ်ပညာရှင်များကို မွေးထုတ်ယူလျှင် သယံဇာတပစ္စည်းများကို ထုတ်ယူနိုင်မည်။ ဆည်မြောင်း တာတမံ များကို တည်ဆောက်ပြီး တသီးစားလယ်သမားဘဝမှ သီးထပ်စား စက်မှုလယ်ယာလယ်သမားဘဝသို့ ကူးပြောင်းသွားလျှင် ဆင်းရဲတွင်းနက်သော လယ်သမားထုအား ကယ်တင်နိုင်မည်။ နိုင်ငံပိုင်စက်မှုလုပ်ငန်းကြီး များကို ထူထောင်ပြီးလျှင် ငါတို့နိုင်ငံသူ နိုင်ငံသားတိုင်း လူမွေးလူတောင်ပေါက်ကြမည်။ လူတန်းစေ့၊ သက်တန်းစေ့၊ စားသောက်နေထိုင်သွားကြရမည်။ အေးချမ်းသာယာဝပြောသော ကမ္ဘာ့ငြိမ်းချမ်းရေးကို မြတ်နိုး

သော နိုင်ငံတစ်နိုင်ငံကို ငါတို့ထူထောင်နိုင်တော့မည်ဟု ကျနော့်စိတ်မနောပီတိထဲ နစ်မွမ်းနေစဉ် ကိုက်၂၀ ခန့်ကွာက တောမီးထတောက်လေ၏။ မမျှော်လင့်သော တောမီးစတင်လောင်ကျွမ်းလာလေပြီ။ မိနစ်ပိုင်းတွင် သစ်ရွက်ခြောက်များ၊ မြက်ခြောက်များကို ကျယ်ပြန့်စွာလောင်လေ၏။ တောမီးလောင်လျှင် လေစုန်သို့ မပြေးနှင့် လေစုန်သို့ပြေးလျှင် တောဆင်ရိုင်းများပင် ပြေးမလွတ်၊ သေပွဲဝင်ရမည်။ လေဆန်ဘက်ပြေးဆိုသော တောဓလေ့ကို သိရှိထားသည့် ကျနော်တို့နှစ်ဦးလေဆန်ဘက်သို့ သုတ်ခြေတင်ထွက်ပြေးကြသည်။ မီးလောင်ရာ လေပင့်ဆိုသော ဆိုရိုးစကားမှန်သည်။ တောမီးအရှိန်ရလာသည်နှင့်အမျှ လေပြင်းမွှေနှောက်ဝင်လာသည်။ မိနစ်အနည်းငယ်အတွင်းတွင် တောမီးလောင်သောစက်ကွင်းဘေးမှ ကျနော်တို့နှစ်ဦးလွတ်ကျွတ်လာကြပြီ။ လောင်ကျွမ်းနေသောတောမီးကို နောက်လှည့်ကြည့်ကြရာ ပြင်းထန်သောလေဟုန်အောက်တွင် ကြီးမား ကျယ်ပြန့်သောတောမီးကြီးက ကျနော်တို့ မျက်စိတစ်ဆုံး လောင်ကျွမ်းသွားလေပြီ။ မည်သည့်နေရာတွင် ဆုံးမည်ဟု အကန့်အသတ်မရှိသော တောမီးလောင်ကျွမ်းသလို ပြည်တွင်းစစ်မီးလျှံ လောင်ကျွမ်းလာမည်ကို ကျနော်တို့ အိပ်မက်ပင်မမက်မိခဲ့ကြ။

## မိတ္တဗလ

ဖိုးခေါင်တောင်ထိပ်မှ ကျနော်တို့နှစ်ဦး တဖြေးဖြေးဆင်းလာကြသည်။ မုန်းချောင်းဆိုသောချောင်း တစ်ချောင်းတွင် ငါးရှာ ငါးဖမ်းလုပ်နေကြသော ဗမာအမျိုးသားလူရွယ်နှစ်ဦးကို တွေ့ရသည်၊ သူတို့အလုပ်တွင် ကျနော်တို့ လုပ်အားပေး ဝင်ကူရင်း သတင်းထောက်လှမ်းကြသည်။ ဖိုးခေါင်တောင်ထိပ်မှဆင်းလာစဉ်ကပင် ကျနော်တို့နှစ်ဦး နည်းပရိယာယ်တစ်ခုကို အတည်ပြုလာခဲ့ကြသည်။ ထိုနည်းပရိယာယ်မှာ ကျနော်က ဗမာပြည် အလယ်ပိုင်း အာလံ (ယခုအောင်လံ) မြို့ဘက်မှကျောင်းဆရာတစ်ဦး၊ ကိုမောင်လှကျော်က ကျနော့်တပည့်ကြီး ဖြစ်သည်။ စစ်ကြိုခေတ် ရခိုင်ပြည်တွင် ကျောင်းဆရာတာဝန်ထမ်းဆောင်နေရင်း စစ်ကြီးဖြစ်သွားသဖြင့် ကျနော့် မိဘများထံ မပြန်နိုင်ခဲ့။ ယခုရခိုင်ပြည်ကို အင်္ဂလိပ်သိမ်းပြီးဖြစ်၍ ကျနော်မိဘများထံ ပြန်လာခြင်းဖြစ်သည်ဟူ သော နည်းပရိယာယ်ပင်ဖြစ်ပါသည်။ ဗမာအမျိုးသားလူရွယ်နှစ်ဦးက ကျနော်တို့အား မိတ်ဖြစ်ဆွေဖြစ် မေးမြန်း တိုင်း ဤနည်းပရိယာယ်ကို တင်ပြကြသည်။

သူတို့နှင့်အတူ ဘုရားရွာတွင် တည်းခိုကြသည်။ သူတို့နှင့်ခေါင်ရေသောက်၊ ကြက်ချက်ပြုတ်စားသောက် ကြရင်း သူတို့နှင့် ရင်းနှီးခင်မင်မှုကို ကျနော်တို့အရယူသည်။ ဘီယာထက်များစွာ အရသာရှိသည့် ချိုမြမြခေါင် ရည်စုတ်ကြရင်း သူတို့ထံမှ ကိုမောင်စိန်လှတို့ သတင်းကို နှိုက်ယူသည်။ သူတို့ထံမှသိရသည်မှာ ဂျပန်ကိုတိုက်ခဲ့ သော ရခိုင်လူငယ် ၄ဦးကို လေးပုံတွင် အင်္ဂလိပ်စစ်တပ်က ဖမ်းသည်။ နေလှမ်း၍လည်ကောင်း၊ သေနတ်ဖြင့် ပစ်၍လည်းကောင်း၊ ညှဉ်းဆဲသတ်သည်။ သူတို့မသေ၊ သေနတ်မီးမကူး။ တကယ့်လူစွမ်းကောင်းများ ဖြစ်ကြ သည်။

သူတို့ကို ကြိုးဖြင့်တုတ်နှောင်ပြီး စစ်လေယာဉ်ဖြင့် ခေါ်သွားကြသည်။ "သူတို့ဆရာများဖြစ်တဲ့ ဦးစိန္တာနဲ့ ဘုံပေါက်သာကျော်တို့ဆိုရင် မီးပုံထဲပစ်ချလဲ မီးမကူးဘူး၊ရခိုင်မှာတကယ်စွမ်းတဲ့ လောကီပညာတွေရှိသေးတယ်"

ဟု ကိုလှဖေကပြော၏။ သူပြောနေစဉ် ကျနော်ကြောစိမ့်၏။ ကြက်သီးကြက်မွေးထနေ၏။ ဖိုးခေါင်တောင်ထိပ်တွင် တောမီးဘေးမှလွတ်ရန် ထူထပ်သောမြက်ရှည်တောကို ဖြတ်ပြေးလာရသဖြင့် မြက်ရွက်များရှ၍ အစင်းစင်းဖြစ်နေသော ကျနော့်ခြေသလုံးကို ကျနော်စမ်းသပ်မိနေ၏။ ကိုလှဖေက တစ်ဆက်တည်းပင် “ဆရာတို့ကောရခိုင်မှ လောကီပညာတွေ တတ်မလာဘူးလား”ဟုမေးမြန်း၏။ ကျနော်က မြို့ပေါ်ကျောင်းဆရာလုပ်နေရ၍ ရခိုင်ပြည်အနှံ့မရောက်ဘူးခဲ့ကြောင်း၊ စွမ်းတဲ့လောကီပညာရှိနိုင်ကြောင်းကို ရှင်းလင်းပြလိုက်ရပါသည်။

လောကီပညာအကြောင်းကို ဟိုရောက် ဒီရောက်ပြောကြရင်း ကိုလှဖေက “ကျနော့်အဖေဟာ လောင်းရှည်မြို့မှာ နာမည်ကြီးတဲ့ဆေးသမားကြီး၊ မှော်ဆရာကြီး . . . ဖြစ်ပါတယ်။ ကျနော်တို့အိမ်ဆိုရင် တံခါးဖွင့်အိပ်လည်း ဘယ်သူမှ အိမ်နားမကပ်ရဲဘူး။ အစွမ်းထက်တဲ့ မှော်ဆရာကြီးပါဘဲ။ ခင်ဗျားတို့ ကျနော်တို့အိမ်မှာတည်းပါ။ အန္တရာယ်မရှိစေရပါဘူး။ ကျနော်တို့ပြန်တဲ့အခါ တပါးတည်းလိုက်ခဲ့ဟု သူဖိတ်ခေါ်သည်။ ဆာဟာရသဲကန္တာရထဲ ရေငတ်သူအား “အိုအေစစ်”စမ်းရေတွင်းထဲ ပစ်ချလိုက်သလို ကျနော်တို့အတိုင်းမသိနှစ်ထောင်းဝမ်းမြောက်စွာဖြင့် သူ့ဖိတ်ခေါ်ချက်ကို အကြွင်းမဲ့လက်ခံလိုက်ကြသည်။ ဘုရားရွာတွင် သူတို့အား ၃ရက်ခန့်စောင့်နေရ၏။ ဤသို့စောင့်ရင်း သူတို့နှင့်ကျနော်တို့ ချိုမြမြခေါင်ရည်စုတ်ကြသည်။ ကြက်သားသုတ်စားကြသည်။ ကျနော်တို့ ကူညီနိုင်သမျှ သူတို့အား ကျနော်တို့လုပ်အားပေး ကူညီကြသည်။ လောင်းရှည်မြို့သားနှစ်ဦးနှင့် ကျနော်တို့မှာ ငယ်ပေါင်းတစ်မျှ ခင်မင်ရင်နှီးသွားကြပါသည်။

ကိုမောင်စိန်လှတို့အား အသက်လုယူမည့် ကြီးမားလှသောအန္တရာယ်ကိုပြုခဲ့သော မုန်တိုင်ရွာ၊ လေးပုံရွာတို့မှ သူတို့နှင့်အတူဖြတ်လာကြသည်။ ကျနော်တို့အား တဆံခြည်မျှပင် ဒုက္ခမပေးကြ။ လောင်းရှည်မြို့ကို ဗြိတိသျှစစ်တပ် ကင်းမရှိသောနေရာမှ ညဥ့်ဝင်ကြသည်။ ကိုလှဖေတို့ အိမ်သို့ တန်းတန်းမတ်မတ်ရောက်သွားကြ၏။ ဧည့်ဝတ်ကျေပွန်သောသူ့မိသားစုသည် ကျနော်တို့နှစ်ဦးအား ကျွေးမွေးဧည့်ခံသည်။ သစ်လွင်သောဖျာ၊ ခေါင်းအုံး၊ စောင်များနှင့်တကွ၊ သီးခြားအခမ်းတခမ်း စီစဉ်ပေးသည်။ ကျနော်တို့နှစ်ဦးကား စီစဉ်လာသော နည်းပရိယာယ်အတိုင်း ကျနော်က အာလံဘက်မှ ကျောင်းဆရာ၊ ကိုမောင်လှကျော်က တပည့်ကြီးတစ်ဦးဖြစ်သည်။ ကျနော့်မိဘရှိရာ အာလံဘက်သို့ပြန်လာကြခြင်းဖြစ်သည်ဟူ၍ပင် ကိုလှဖေမိဘများကို ပြောကြသည်။ ကိုလှဖေ ဘခင်က ဗြိတိသျှစစ်တပ်မှ အုပ်ချုပ်ထားချိန်ဖြစ်၍ ကျနော်တို့ သူ့အိမ်ထဲမှမထွက်ဘဲ နေထိုင်ရမည်။ ဆိတ်ဖြူမြို့ရှိ သူ့ညီမ ဒေါ်သိန်းဖြူကို ခေါ်ပေးမည်။ သူ့ညီမရောက်မှ သူမနှင့်အတူ ဆိတ်ဖြူမြို့သို့ ကျနော်တို့ လိုက်သွားရမည်။ ကိုလှဖေနှင့်အတူ ဘုရားရွာမှပါလာသူများကိုလည်း ကျနော်တို့မရှိကြောင်း စကားမထွက်အောင် နှုတ်ပိတ်ထားမည်ဟုပြောပြသည်။ ကျနော်တို့ သူ့အစီအစဉ်ကို ဝမ်းမြောက်ရွှင်လန်းစွာ လက်ခံလိုက်ကြပါသည်။

**ဘိုးဘိုးကြီးနတ်ကယ်ပေလို့**

ဒေါ်သိန်းဖြူကို ဆိပ်ဖြူမြို့မှ အခေါ်လွှတ်ထား၍ လောင်းရှည်မြို့တွင် ရက်သတ္တပတ်ကျော် ကျနော်တို့ နေထိုင်ခဲ့ကြသည်။ နေ့ပိုင်းတွင် အိမ်အောင်းနေရပြီး ညဥ့်မှောင်မှ သူတို့ခြံစည်းရိုးတွင် အညောင်းပြေလမ်းလျှောက်ကြရ၏။ ကျနော့်တွင် မကောင်းဟုလည်းကောင်း၊ ကောင်းဟုလည်းကောင်း တိကျစွာ မဆုံးဖြတ်ရ

သေးသော အကျင့်တစ်ခုရှိသည်။ အကြောင်းအရာတစ်ခုတစ်ခုကို နက်နဲလေးနက်စွာ စဉ်းစားလိုလျှင်ထိုင်၍ဖြစ်စေ၊ လဲလျောင်း၍ဖြစ်စေ၊ ဆေးလိပ်သောက်ပြီးစဉ်းစားလေ့ရှိသည်။ ဤအကျင့်ကို ယနေ့ထိ ကျနော်မစွန့်လွှတ်၊ ဤအလေ့မပျောက်ခြင်းကြောင့် အင်းစိန်ထောင်တွင် ခုနှစ်နှစ်လေးလကျော် နိုင်ငံရေးအထိန်းခံဘဝဖြင့်နေခဲ့ရစဉ်ကလည်း အမျိုးမျိုးဒုက္ခရောက်ခဲ့ရပြီ။

အင်းစိန်ထောင်ကြီးတွင် စပါယ်ရှယ်ဟောက်စ် မည်သည့်အိမ်ငယ်တစ်အိမ်တွင် လပေါင်းအတော်ကြာ ကျနော့်အား တစ်ဦးတည်းထားသည်။ အင်းစိန်ထောင်ကြီး၏ထုံးတမ်းအတိုင်း တစ်လျှင် အညံ့စားဆေးပေါ့လိပ် တစ်ရာစီပေးသည်။ သို့သော် မီးခြစ်ကိုင်ခွင့်၊ မီးကို လက်ဝယ်ထားခြင်းမပြုရ။ အပေါင်းအသင်းအစုအဝေးဖြင့် နေထိုင်ရသော နိုင်ငံရေးအထိမ်းသိမ်းခံများအတွက် မီးရအောင် အမျိုးမျိုးကြံဖန်ထားကြ၏။ ဓာတ်မီးခြစ်ဖြစ်စေ၊ သစ်သားမီးခြစ်ဖြစ်စေ၊ မီးခြစ်ကျောက်ကို မီးရအောင် ပြုခြင်းဖြင့်ဖြစ်စေ၊ တနည်းနည်းဖြင့်မီးရ၍ ဆေးလိပ်ကို အချိန်မရွေးသောက်နိုင်သည်။ တစ်ဦးတည်းထားသော ကျနော့်အတွက် နက်နဲစွာ စဉ်းစားရန်လိုတိုင်း တာဝန်ကျ ထောင်ဝါဒါထံမှ "မီးတစ်တို့ပေးပါဗျို့"ဟု တောင်းရသည်။ သနားကြင်နာစိတ် လူစိတ်ရှိသော ထောင်ဝါဒါထံမှ မီးတစ်တို့ လွယ်ကူစွာတောင်း၍ရ၏။ ဘဝင်ကိုင်နေသောထောင်ဝါဒါနှင့်ဆုံလျှင်ကား ရွာသွန်းနေသော မိုးရေအောက်တွင် လုံချည်စွန်းကို ခေါင်းတွင် ဆောင်းပြီး တစ်နာရီ နှစ်နာရီကျော်ထိမှ မီးတစ်တို့ရ၏။ မီးတစ်တို့ရရေးအတွက် ဤမျှမိုးထဲလေထဲ ဒုက္ခခံရသော်လည်း ဆေးလိပ်သောက်ရင်း နက်နဲစွာ စဉ်းစားတွေးမျှော်သော ကျနော့်အကျင့်ကို မဖျောက်နိုင်ခဲ့။

လောင်းရှည်မြို့ ဦး. . . . . . . . . အိမ်တွင် နေ့ပိုင်းတစ်နေကုန်အောင်းနေရသော ကျနော်တို့နှစ်ဦး ကက်စဘီလက်အောက်ရခိုင်ပြည် လွတ်မြောက်ရေးကိစ္စ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဗမာပြည်ခေါင်းဆောင်များနှင့် ရင်ဆိုင်တွေ့ဆုံရလျှင် တင်ပြမည့်အချက်အလက်များကို အသေးစိတ်လေ့လာဆွေးနွေးကြ၍လည်းကောင်း၊ ပြောင်းဖူးဖက်ဆေးပေါ့လိပ်မှာ သောက်နေကျဆေးပေါ့လိပ်ထက်ပေါ့လွန်း၍လည်းကောင်း၊ မကြာခဏဆေးလိပ်ပြတ်သွားလေ့ရှိသည်။ ကျနော်တို့တည်းခိုနေသော နေအိမ်မှကြည့်လျှင် ဘိုးဘိုးကြီးနတ်ကွန်းတွင် ပြောင်းဖူးဖက် ဆေးပေါ့လိပ်များနှင့် ဖယောင်းတိုင်အတိုအစများ ဖွေးဖွေးဖြူစွာ ပြန့်ကြဲနေ၏။ ဘိုးဘိုးကြီးနတ်ကွန်းသည် ကျနော်တို့တည်းခိုနေသောအိမ်နှင့် ၁၀ကိုက်ခန့်ကျယ်မည့် လမ်းခွဆုံတွင် တည်ရှိသည်။ နတ်ကွန်းတစ်ဘက်တစ်ချက်တွင် ၁၀ကိုက်မကျယ်သော လမ်းသွယ်များရှိ၏။ ထိုလမ်းမှဖြတ်သွားရသူတိုင်း နတ်ကွန်းသို့မရောက်မီ ၅ကိုက်ခန့်ကပင် ဘိနပ်ချွတ်ပြီး ခြေတုံးလုံးဖြင့် လျှောက်ကြရသည်။ အိမ်ရှင်များထံမှ ဘိုးဘိုးကြီးနတ်အကြောင်း လေ့လာစုံစမ်းကြည့်ရာ ဘိုးဘိုးကြီးနတ်သည် လောင်းရှည်မြို့တွင် တံခိုးအရှိဆုံးနတ်ဖြစ်သည်။ တစ်မြို့လုံးက ကိုးကွယ်သောနတ်ဖြစ်သည်။ နတ်ကွန်းဘေးမှ ဘိနပ်မချွတ်ဘဲ လျှောက်သွားမိလျှင် ဒဏ်ရာဒဏ်ချက်မရှိဘဲ ခြေမထောက်နိုင်၊ ခြေဖဝါးထဲ သံစူးသွင်းထားသလို ဒုက္ခဝေဒနာခံရသည်။ ဘိုးဘိုးကြီးနတ်ကွန်းမှ တစ်စုံတစ်ရာ ယူမိလျှင်ကား အသက်ပင်ဆုံးရှုံးသွားနိုင်ကြောင်း ပြောပြကြ၏။

မောင်လှကျော်နှင့်ကျနော်လောင်းရှည်မြို့တွင် နှစ်ရက်သုံးရက်ခန့်နေထိုင်ကြပြီး ဟိုဟိုဒီဒီဆွေးနွေးကြရင်း ဘိုးဘိုးကြီးနတ်ကွန်းဖြင့် ဆေးလိပ်နှင့်ဖယောင်းတိုင်ပြဿနာ ဖြေရှင်းရန်သဘောတူကြသည်။

နတ်ကွန်းပေါ်ရှိအသက်မဲ့သော နတ်ရုပ်များ တန်ခိုးအာနုဘော် ရှိသည်ဆိုခြင်းကို ရီစရာ ဒဏ္ဍာရီကဲ့သို့ သဘော ထားသော ကျနော်တို့နှစ်ဦး ညဦးအချိန် သူတို့ခြံစည်းရိုးအတွင်းလမ်းလျှောက်ရင်း လူအသွားအလာကင်းခိုက် ဘိုးဘိုးကြီးနတ်ကွန်းမှ ပြောင်းဖူးဖက်ဆေးပေါ့လိပ်များနှင့် ဖယောင်းတိုင်များကို မကြာခဏယူငင်ကြ၏။ ဘိုးဘိုး ကြီးနတ် ကျနော်တို့အား တစ်စုံတစ်ရာ အနှောက်အရှက်မပေးဘဲ ကူညီပါသည်။ ဘိုးဘိုးကြီးနတ်အကူအညီကို ကျနော်တစ်သက်မမေ့နိုင်ပါ။

## ငွေဒင်္ဂါး

သူတို့စီစဉ်ပေးသလို နေ့ပိုင်းအောင်းနေရပြီး သိမ်မွေ့စွာနေထိုင်စားသောက်နေကြသော ကျနော်တို့အား အိမ်ရှင် ဦး . . . . . . . . . . က အားကိုးတကြီး ယုံကြည်လာပါသည်။ ကျနော်တို့အောင်းနေသောအခန်းသို့ ဝင်လာသည်။ ကျနော်တို့အား အရေးကြီးသောကိစ္စတစ်ရပ်ကို ယုံကြည်အားထား၍ ဆွေးနွေးကြောင်း အစချီကာ ရခိုင်ပြည်ရှိ ကျွဲတန်ဘိုးကိုမေးသည်။ ရခိုင်ပြည်တွင် ကျွဲတစ်ကောင်တန်ဘိုးငွေ လေးဆယ်မှ ငါးဆယ်ထိ ရှိနေခြင်းကို ကျနော်ပြောပြသည်။ လောင်းရှည်ဘက်တွင် ကျွဲတစ်ကောင်လျှင် ငွေတစ်ရာမှ တစ်ရာ့ ငါးဆယ်ကျပ်ထိ ရောင်းဝယ်ဈေးရှိကြောင်း သူပြောပြပြီးသူကိုယ်တိုင် ရခိုင်ပြည်တွင် ကျွဲများဝယ်ရန်လိုက်လို ကြောင်း၊ ဤငွေဒင်္ဂါးဖြင့် ကျွဲဝယ်လျှင် ရနိုင်သလားဟုပြောကာ ငွေဒင်္ဂါးအနည်းငယ်ကို ကျနော့်လက်ထဲသို့ အပ်ပါသည်။ ငွေဒင်္ဂါးကိုကြည့်ပြီး ကျွဲဝယ်ရနိုင်ပါသည်ဟု ကျနော်အဖြေပေး၏။ သူက ဤငွေဒင်္ဂါးသည် ငွေဒင်္ဂါးတုဖြစ်သည်ဟု ပြောကာ ငွေဒင်္ဂါးညှပ်သည့် ကိရိယာများကိုလည်း ယူပြသည်။ သူပြသောငွေဒင်္ဂါးကို ကျနော်သေချာစွာဒေါင့်စုံကြည့်၏။ အသံမြည်အောင်တီးကြည့်၏။ သူပြသောငွေဒင်္ဂါးအနည်းငယ်သည် ငွေဒင်္ဂါး တုဟု ကျနော်သတ္တုမချနိုင်။ အကယ်၍သာ ဖိုတစ်ဖို လုံတစ်လုံ ဤငွေဒင်္ဂါးညှပ်ကိရိယာဖြင့် စက်မှုအကူအညီ မပါဘဲ ငွေဒင်္ဂါးတုကို ပကတိငွေဒင်္ဂါးနှင့်မခြားအောင်လုပ်တတ်ပါလျှင် ဦး. . . . . . သည် သူငယ်စဉ်က ခေတ်မှီ စက်မှုပညာရပ်ကို သင်ကြားခွင့်ရခဲ့လျှင် သူသည် ကမ္ဘာကျော် စက်မှုပညာသျှင်တစ်ဦးမဖြစ်ဟု ဘယ်သူပြောနိုင် ပါမည်နည်း။ ကျနော်တွေးတောနေစဉ် သူက ရခိုင်ပြည်သို့ပြန်လျှင် သူတို့ထံမှတစ်ဆင့်ပြန်ရန် အတင်းတိုက်တွန်း ၏။ ကျနော်မိဘများနှင့် မတွေ့ရသည်မှာကြာပြီ။ မိဘများမည်သို့စီစဉ်မည်ကို တပ်အပ်မပြောနိုင်သေးပါ ဟူသော ချိုသာသည့် စကားလုံးများဖြင့် ကျနော်တို့ ခပ်လုံးလုံး အဖြေပေးရသည်။

## လှည်းယာဉ်စီးလျက်

ရက်သတ္တတစ်ပတ်ကျော်ကြာပြီးလျှင် ဦး. . . . . . . ၏ညီမ ဆိပ်ဖြူမြို့မှ လောင်းရှည်မြို့သို့ ရောက်လာ သည်။ သူတို့စီစဉ်ပေးသည့်အတိုင်း ကျနော်တို့နှစ်ဦးသည် ဦး. . . . . နှင့်ဒေါ် . . . . . . . . . . . တို့၏ တူနှစ်ယောက်ဖြစ်သည်ဆိုသောဘဝဖြင့် ဆိပ်ဖြူမြို့သူ ဒေါ်သိန်းဖြူနှင့်အတူ လှည်းယာဉ်စီးလျက် ဗြိတိသျှကင်း စခန်း စစ်တပ်များကိုဖြတ်လျက် လောင်းရှည်မြို့မှ ထွက်လာကြပါသည်။ လောင်းရှည်မြို့ ဦး. . . . . . . က သူ့ကို ဤနယ်တစ်ဝှမ်းတွင် မသိသူရှားသည်။ ဗြိတိသျှစစ်တပ်မှဖြစ်စေ၊ အခြားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခု

က ဖြစ်စေဖမ်းဆီးလျှင် သူတူများဖြစ်ကြောင်း အစစ်ခံရန် အထပ်ထပ်မှာလိုက်သည်။ ခြုံသံတစ်ငြိမ့်ငြိမ့် ခေါင်းတမော့မော့ဖြင့် ရုန်းဆွဲနေသော နွားညီနောင်၊ ဆေးရောင်ခြယ်ထားသော လှည်းယာဉ်ပေါ်တွင် တက်ထိုက်သည့်အခါထိုင်၊ အညောင်းပြေလမ်းလျှောက်သည့်အခါလျှောက်ဖြင့် ပြိတ္တာမြစ်တပ်နှင့် ဂျပန်စစ်တပ် ဘတပြန်ကျားတပြန် အကြိတ်အနယ် တိုက်ခိုက်သိမ်းယူနေသော လောင်းရှည်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်တို့ကို ဖြတ်ကျော်လာကြသည်။ ဆိပ်ဖြူမြို့ ဒေါ်သိန်းဖြူ၏ခေါင်းဆောင်မှုကြောင့် ကျနော်တို့ မှဲ့တစ်ပေါက်မစွန်း၊ ဆိတ်ဖြူမြို့ရှိ ဒေါ်သိန်းဖြူအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြပါသည်။

သဘောပြည့်ဝသော လောင်းရှည်မြို့ ဆေးသမားတော်ကြီး ဦး. . . . . . . ၏ညီမ ပီပီ ဒေါ်သိန်းဖြူကြလည်း ကျနော်တို့အား တကယ့်တူနှစ်ဦးကဲ့သို့ ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံပါသည်။ သူတို့အိမ်တွင် နေ့လည်ပိုင်းတွင် ခိုအောင်းစရာမလိုပါ။ ဆိတ်ဖြူမြို့ အနှံ့အပြားကို လျှောက်ပြသည်။ ဆိတ်ဖြူမြို့တွင် မှတ်သားစရာများကိုလျှောက်ပြရင်း ပြောပြသည်။ ဆိတ်ဖြူမြို့ဒေါ်သိန်းဖြူစီစဉ်ပေးလိုက်သည့်အတိုင်း လှေကြုံဖြင့် ဆင်ဖြူကျွန်းသို့ ကျနော်တို့နှစ်ဦး ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားကြပါသည်။ လောင်းရှည်မြို့ ဆေးသမားတော်ကြီး ဦး. . . . . . . သူ့ညီမ ဒေါ်သိန်းဖြူတို့၏ကျေးဇူးကိုစာအုပ်ဖြင့် မှတ်တမ်းတင်ရုံဖြင့် ကျနော်မရောင့်ရဲပါ။ တနေ့ ကျေးဇူးတုံ့ပြန်နိုင်မည်ဟု ကျနော်အားခဲထားလျက်ပင်ရှိ၏။

ဆင်ဖြူကျွန်းမြို့ ထမင်းဆိုင်တစ်ဆိုင်တွင် ကျနော်တို့ ညနေစာစားကြသည်။ နေလုံးကွယ်ပျောက်ရန် မဝေးတော့သောအချိန်ဖြစ်နေပြီ။ ကျနော့်ခန္ဓာကိုယ်တွင်လည်း အဖျားသွေးဝင်၍ ချမ်းစိမ့်စိမ့်ဖြစ်နေပြီ။ ရခိုင်ပြည် ကဲ့သို့ မည်သူမဆို တည်းခိုရန်ခွင့်ပြုထားသည့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ တန်းတန်းမတ်မတ်ဝင်သွားကြသည်။ ဘုန်းတော်ကြီးအား ကန်တော့ကာ လောင်းရှည်မြို့ ဆေးသမားတော်ကြီး ဦး. . . . ၏ တူများဖြစ်ကြောင်းနှင့် တညဉ့်တည်းခိုခွင့်ပြုရန်လျှောက်ထားကြသည်။ ဘုန်းတော်ကြီးက တည်းခိုခွင့်မပြုနိုင်၊ ဂါတ်သို့သွားတည်းခိုကြဟုပြောပြီး အနီးရှိ ဆင်ဖြူကျွန်းရဲဌာနကို လက်ညှိုးထိုးပြသည်။ ကျနော်တို့နှစ်ဦး ဘုန်းတော်ကြီးကျောင်းမှဆင်းချိန်တွင် နေလုံးကွယ်ပျောက်၍ မှောင်မဲမဲဖြစ်နေပြီ။ ဘာမျှမသွားလာတတ်ကြပြီ။ ဘုန်းတော်ကြီးကျောင်းအောက်တွင် သေသွားသူ၏အလောင်းကို တင်ထားပြီး အလောင်းယူသွားသည့်အခါ ဘုန်းတော်ကြီးကျောင်းသို့ လှူလေ့ရှိသော ကုတင်စုတ်များ ရှိနေသည်။ ထိုကုတင်စုတ်များထဲမှ အကောင်းဆုံး ကုတင်ကို ရွေးကာ ကျနော်တို့အိပ်ကြသည်။ တစ်ညလုံးတဆတ်ဆတ်တုံကာ ကျနော်ဖျား၏။ အပိုပါလာသော လုံချည်တစ်ထည်ကို ခြုံထားသော်လည်း အချမ်းမပြေ။ နတ်ကွန်းနှင့် နတ်ကိုယုံကြည်သောသူများဆိုလျှင် လောင်းရှည်ဘိုးဘိုးနတ် ဒုက္ခပေးပြီဟု ကြောက်ရွံ့ကောင်းကြောက်ရွံ့မည်။ တဆတ်ဆတ်တုံတက်နေသော ကျနော်၏အဖျားရောဂါသည် ဆေးဝါးမရှိသည့် ဂျပန်ခေတ်တွင်စွဲခဲ့သော ငှက်ဖျားရောဂါ၏ကွင်းဆက် ဖြစ်ကြောင်းကို ကောင်းကောင်းသိရှိနေသောကျနော့်အဖို့ကား ဘာတစ်ခုမျှ ပူပင်ကြောက်ရွံ့ခြင်း မဖြစ်ပေ။ နံနက်အရုဏ်တွင် ကျနော်တို့ပြန်ကြမည်ဟုလျှောက်ထားရန် ဘုန်းကြီးကျောင်းပေါ်သို့ တက်ခဲ့ကြသည်။ အရုဏ်ဆွမ်းဘုန်းပေးပြီးသော ဘုန်းတော်ကြီး၊ ပဲပြုတ် ငါးခြောက်ဖုတ်တို့ဖြင့် အကြမ်းရည်သောက်သုံးနေသည်။ ကျနော်တို့ ပြန်တော့မည်ဟုလျှောက်ထားလိုက်ရာ ဘုန်းတော်ကြီးက ညဉ့်ကတုံးပြီး ဖျားနေသောတကာအတွက် ဤဆေးတစ်ခွက်နှင့် လဘက်ရည်ကြမ်းသောက်သွားဟုပြောသဖြင့် ဘုန်းတော်ကြီးက ပေးသောဆေးတစ်ခွက်ကို

ကျနော်သောက်သည်။ ကျနော်တို့နှစ်ဦး တစ်ဦးလျှင် နှစ်ခွက်သုံးခွက်မျှသော လဘက်ရည်ကြမ်းကိုလည်း သောက်ကြရ၏။ တညဉ့်လုံး ငှက်ဖျားရောဂါဆိုး နှိပ်စက်မှုကြောင့် တုံတုံရီရီဖြစ်နေသော ကျနော်ကား ဆင်ဖြူကျွန်းမြို့တွင် တနေ့တာလောက် အနားယူချင်ပါသည်။ သို့သော် ဖျားနာ၍လည်းကောင်း၊ ညောင်းညာ၍လည်းကောင်း၊ မနားရသောတော်လှန်ရေးသမားဖြစ်စဉ်အတိုင်း ဆင်ဖြူကျွန်းမြို့မှ အာလံသို့ လူကြုံရလျှင် လူကြုံဖြင့်၊ လှေကြုံရလျှင် လှေကြုံဖြင့် ကျနော်တို့ ခရီးဆက်ကြရသည်။ ငွေကြေးပေး၍ဖြစ်စေ၊ စေတနာဖြင့်ဖြစ်စေ၊ ထမင်းရလျှင် ထမင်းစားကြ၏။ ထမင်းမရလျှင် လမ်းဘေးတွင် ရောင်းနေသော အကြော်စုံနှင့် လဘက်ရည်ကြမ်းသောက်လျှက် အောင်လံမြို့သို့အရောက် ခရီးပြင်းစိုင်းကြ၏။

၁၉၄၅ ခု၊ မေလတွင် အာလံမြို့နယ် ပြလိုစခန်းသို့ ကျနော်တို့ရောက်သွားကြသည်။ ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ကျနော်နှင့် ဒိုးတူဘောင်ဖက် ဆိုးတူကောင်းဖက်လုပ်ကိုင်လာကြသော ဗိုလ်ရန်အောင်၊ သခင်တင်မြတို့ကို တွေ့ရသည်။ ကျနော်အတိုင်းမသိ ဝမ်းမြောက်သွား၏။ ပျော်မဆုံး မော်မဆုံးဖြစ်သွား၏။ ခရီးရောက်မဆိုက် ရခိုင်ပြည် ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် ကက်စ်ဘီလက်အောက် ရခိုင်ပြည် အခြေအနေဆိုးများကို သူတို့အား ကျနော်တင်ပြသည်။ သူတို့လည်း ကျနော်တို့အား ကြိုဆိုကာ ခရီးလမ်းတစ်လျှောက် ဝေ်ပြတ်လာသော ကျနော်တို့အား ကောင်းစွာကျွေးမွေးပါသည်။ ကောင်းစွာနေရာထိုင်ခင်းပေးပါသည်။ ဗိုလ်ရန်အောင်၊ သခင်တင်မြ (ထိုစဉ်က ဗိုလ်ကြီးရာထူးတံဆိပ်ဖြင့် တွေ့ရသည်)တို့၏ စီစဉ်ပေးချက်အရ ဗိုလ်မှူးအောင် (ပါလီမန်လွှတ်တော်ဥက္ကဋ္ဌဟောင်းနှင့် ယနေ့ပြည်ပြေးအဖွဲ့ ခေါင်းဆောင်တစ်ဦး) စသည့်ဗိုလ်များကိုပါ ရခိုင်ပြည်ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် ကက်စ်ဘီလက်အောက် ရခိုင်ပြည်အခြေအနေဆိုးများကို ဆွေးနွေးတင်ပြခွင့်ရရှိသွား၏။ အထူးသဖြင့် ၁၉၄၅ ခု မတ်လ ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီး ဗြိတိသျှနယ်ချဲ့စစ်တပ်၏လူမဆန်သော လုပ်ငန်းဆောင်တာများကို အသေးစိတ်ကျနော်တို့ တင်ပြကြသည်။ ပေါက်ကွဲလုဆဲဖြစ်နေသော ယမ်းအိုးများ၏စံနက်တံကို ဆရာတော်ဦးစိန္တာနှင့်ကျနော်တို့ အသက်ပေးချွတ်ယူထားကြခြင်းတို့ကိုလည်း ပြောပြကြသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးသမား ရဲဘော်များနှင့်တကွ ရခိုင်ပြည်သူများ အထူးသဖြင့် မြေဆီမြေခွန်ကို အကြမ်းဖက်နည်းမျိုးစုံဖြင့် ညှစ်ယူခြင်းခံနေရသော လယ်သမားထုတစ်ရပ်လုံး ကက်စ်ဘီ(ဗြိတိသျှအစိုးရ)ကို လက်နက်စွဲကိုင်တိုက်ဖျက်ရန်န အုံကြွနေကြခြင်းများကိုလည်း ကျနော်တို့အသေးစိတ်ရှင်းပြကြသည်။ ကျနော်တို့ မလာမှီ ဗမာပြည်သို့ မောင်စိန်လှခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့ကို ကိုယ်စားလှယ်လွှတ်ခဲ့သည်။ ယင်းအဖွဲ့ လောင်းရှည်မြို့နယ် မုန်တိုင်လေး ပုံချင်းရွာတွင် ချင်းလဲဗီးနှင့် ဗြိတိသျှစစ်တပ်က ဖမ်းဆီး ညှဉ်းပမ်းကာ စစ်လေယာဉ်ဖြင့် တင်ဆောင်သွားသည်။ ကိုမောင်စိန်လှတို့သတင်းကို စုံစမ်းပေးရန်နှင့်လွှတ်ရေးအတွက် ဆောင်ရွက်ပေးကြရန်လည်း အားကိုးတကြီး ကျနော်တောင်းဆိုလိုက်၏။ ဤဆွေးနွေးပွဲအပြီး ဗိုလ်မှူးအောင်ကိုယ်တိုင် သူ၏ အနောက်တိုင်းဧရိယာတွင် ဗြိတိသျှစစ်တပ်များ၏ အလစ်စီးလက်နက်များ သိမ်းခြင်းမခံရအောင် အမိန့်ထုတ်ဆင့်ခဲ့ပါသည်။

ကျနော်နှင့် ခင်မင်ရင်းနှီးသော ဗိုလ်ရန်အောင်တို့အား ကျနော်နှစ်ကိုယ်ကြား ဆွေးနွေးကြည့်ပါသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် အခြေခံအုတ်မြစ်ချစဉ်ကပင် ဗမာ့စစ်တပ်သီးခြားထူထောင်ရေး၊

ဗမာ့လွတ်လပ်ရေး၊ ပြည်သူ့အစိုးရဖွဲ့ရေးဆိုချက်များ မည်သို့ဖြစ်နေသလဲဟူ၍ ကျနော်တီးခေါက်လေ့လာပါသည်။ တစ်ဦးမျှ တိကျစွာအဖြေမပေးနိုင်။ ခပ်လုံးလုံးသာ အဖြေပေးကြ၏။ အမှန်မှာ ဗမာ့စစ်တပ်သီးခြားထူထောင်ရေးနှင့် ဗမာ့လွတ်လပ်ရေး ပြည်သူ့အစိုးရအဖွဲ့အား အသိအမှတ်မပြုလျှင် ဖက်ဆစ်ဂျပန်တော်လှန်ရေးပြီးလျှင် ပြီးချင်း ဗြိတိသျှနယ်ချဲ့ရင်ဝသို့ သေနတ်ပြောင်းဝ လှည့်လိုက်ရုံသာရှိရမည်။ ယခု သူတို့၏အဖြေမှာ ဘာတစ်ခုမျှမရေရာ။ သူတို့လည်း ရှေ့ဆက်ပြီး ဘာလုပ်ရမည်ကို မသိကြ။ သူတို့ရော ကျနော်ပါ တိကျသောလမ်းစဉ်အောက်တွင် လုပ်ကိုင်ဆောင်ရွက်လိုကြသည်။ ရန်ကုန်တွင် ဗိုလ်ချုပ်အောင်ဆန်းရှိနေလေပြီ။ ခေါင်းဆောင်များကို ရန်ကုန်တွင်တွေ့နိုင်သည်။

ရန်ကုန်သို့လိုက်သွားရန် ကျနော်တို့အား တိုက်တွန်းကြသည်။ ကျနော်တို့လည်း တိကျသောလမ်းစဉ် တိကျသောအဖြေကိုမရဘဲ ရခိုင်ပြည်သို့မပြန်နိုင်။ ကျနော်တို့ ရန်ကုန်ကိုလိုက်သွားရန် သဘောတူကြသည်။ သူတို့ထံမှ ဖက်ဆစ်ဂျပန်တော်လှန်ရေးသမားတိုင်း အားပေးသော ကြယ်တစ်လုံးတံဆိပ်ပါသည့် လက်မောင်းပတ်နှစ်ခုကို ကျနော်တို့အား ကူညီရန်တောင်းသည်။ ကြယ်တစ်လုံးတံဆိပ်ပါသော လက်မောင်းပတ်နှစ်ခုကို သူတို့အလွယ်တကူထုတ်ပေး၏။

**ဘဝသံသရာ**

ကြယ်တစ်ပွင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးတံဆိပ်ပါသော လက်မောင်းပတ်တစ်ခုစီပတ်၍ ကျနော်တို့နှစ်ဦးရန်ကုန်သို့ စုန်ဆင်းလာကြ၏။ တစ်လခန့်အသက်မသေဘဲ ဘဝအဖုံဖုံကူးပြောင်းခဲ့ရသော ကျနော့်ဘဝကို ကျနော် ပြုံးရီမိသည်။ ဆရာတော်ဦးစိန္တာဝရမ်းပြေး တောခိုနေရသော မဟာမြိုင် (၄)စခမ်းမှ သံချောင်းထဲရှိ မောင်ကွာရွာထိ ကျနော်၏ဘဝကား ရခိုင်ဖက်ဆစ်ဂျပန်တော်လှန်ရေးသမားတစ်ဦး၊ ဖိုးခေါင်တောင်ထိပ်မှ လောင်းရှည်မြို့ထိ ကျနော့်ဘဝကား ကျောင်းဆရာ၊ လောင်းရှည်မြို့မှ ပြလိုစခမ်းထိ ကျနော့်ဘဝကား လောင်းရှည်မြို့ ဆေးသမားတော်ကြီး ဦး. . . . . . ၏တူရင်းသည်းချာ။ ဟော. . . ယခုတဖန် ဖက်ဆစ်ဂျပန်တော်လှန်ရေးသမား ဖြစ်နေရပြန်ပြီ။ နောင်အသက်ရှည်သေးလျှင် အသက်မပေးဘဲ ဘဝပေါင်း မည်မျှကူးရအုံးမည်ကို ကျနော်လည်းမသိ။ ကမ္ဘာကျော်ဗေဒင်လက္ခဏာ ပညာရှိလည်း ပြောနိုင်မည်မထင်။ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာရှိလျှင် အလုပ်သမား၊ လယ်သမားတို့ကို ချစ်မြတ်နိုးလျှင်၊ လူမျိုးစုံချစ်ကြည်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကို ယုံကြည်လျှင် ထိုသူအတွက် ဘဝသံသရာလည်ရမည်။

ရခိုင်ရိုးမတစ်လျှောက်ကိုလည်း ခြေကုတ်မဖြုတ်၊ ပဲခူးရိုးမတစ်လျှောက်တွင်လည်း အခိုင်အမာ အခြေစိုက်ထားသော ဖက်ဆစ်ဂျပန်စစ်တပ်များက တစ်ဘက်၊ မဟာမိတ်တပ်များနှင့် ဗမာ့မျိုးချစ်တပ်မတော်တို့က တဘက် စစ်ရေးငင်နေကြသည်။ အင်အားပြိုင်နေကြသည်။ ပြလိုစခမ်းမှရန်ကုန်တစ်လျှောက် မြို့ပြများထဲမှ မြို့ပြများစွာသည် ဖက်ဆစ်ဂျပန်စစ်တပ်များ၏ အလုံးအရင်းနှင့် ထိုးစစ်ဆင်မှုကို အချိန်မရွေးခံရမည့် အခြေဆိုးနှင့် ရင်ဆိုင်နေရသေးသည်။ နေ့ပိုင်းတွင် အခါခါ ဗြိတိသျှ စစ်ဗိုလ် စစ်သားများ၊ မော်တော်ကားဖြင့် အသွားအလာရှိသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးလက်မောင်းပတ် စည်းထားသောကျနော်တို့နှစ်ဦးသည် ရန်ကုန်

ဘက်သို့စုန်ဆင်းသည့် မော်တော်ကားဟူသမျှကို လက်ပြပြီးတားကြ၏။ အင်္ဂလိပ်စစ်ဗိုလ်များနှင့်တွေ့လျှင် အင်္ဂလိပ်စကားဖြင့် အကူအညီတောင်းပြီး တက်စီးသည်။ ကုလားစစ်ဗိုလ်များနှင့်တွေ့လျှင် ဟိန္ဒူစတန်နီစကား ဖြင့်ပြောပြသည်။ ကပ္ပလီစစ်သားများနှင့်တွေ့လျှင် အင်္ဂလိပ်စကား၊ ဟိန္ဒူစတန်နီစကားများဖြင့်ပြောပြသည်။ ထိုဘာသာစကားများကို သူတို့နားမလည်လျှင်လည်း လက်ဟန်ဖြင့်ပြောပြပြီးတက်စီးသည်၊ အရပ်သား အငှား မော်တော်ကားကြုံလျှင်လည်း အခကြေးငွေပေး၍တက်စီးကြ၏။ မဟာမိတ်မော်တော်ကားကြုံဖြင့် လိုက်သွား ၍ ညဥ့်အိပ်နားမည့်သူတို့ တပ်စခမ်းထဲ ရောက်သွားလျှင် သူတို့အဆောက်အဦးထဲ အိပ်ခွင့်ပြုလျှင်လည်း အိပ်သည်။ သူတို့အဆောက်အဦးထဲ အိပ်ခွင့်မရလျှင်လည်း တမံတလင်းတွင်ဖြစ်စေ၊ မြက်ခင်းမွေ့ယာပေါ် ဖြစ်စေ၊ ကျနော်တို့ အိပ်သွားကြသည်။ ဤသို့ဖြစ်သလိုစား၊ ဖြစ်သလိုအိပ်ပြီး လာခဲ့ရာ သုံးညဥ့်အိပ်ပြီး နောက်တစ်ရက်တွင် နေပြည်တော်ရန်ကုန်သို့ ဘေးမသီ ရန်မခဘဲ ကျနော်တို့ ရောက်သွားကြ၏။

## ဗိုလ်ချုပ်အောင်ဆန်းနှင့်ဆွေးနွေးခြင်း

ရန်ကုန်သို့ရောက်လျှင် ဂျပန်ခေတ်တစ်ခေတ်လုံး ကျနော်၏တည်းခိုရေးစခမ်းဖြစ်သော ရွှေတိဂုံခြေရင်း ပုလိပ်ပိဋကတ်ကျောင်းတိုက်နောက်ရှိ(ယခု အရိယာဝိဇ္ဇာဓမ္မသာလ ဒေါ်ငွေညွန့်အဖွဲ့၊ ပိဋကတ်တိုက်)အရှင် . . . ၏ကျောင်းတိုက်သို့ တန်းတန်းမတ်မတ်တက်သွားကြပါသည်။

ဆရာတော်အားကန်တော့ပြီး ရခိုင်ပြည်တွင် ဆောင်ရွက်ခဲ့ရသော ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် ကက်စဘီလက်အောက် ရခိုင်ပြည်ဖြစ်ရပ်များကို ကျနော်လျှောက်တင်ပါသည်။ ဆရာတော်ဦးပညာသီဟအား အိန္ဒိယပြည်သို့ ပင့်ဖိတ်ခေါ်သွားပြီး အိန္ဒိယတွင် ရှိနေမည်။ ဆရာတော်ဦးစိန္တာ ဝရမ်းပြေးကာ တောခိုပုန်းအောင်း လျက် နေရခြင်းတို့ကိုလည်း ကျနော် ထည့်သွင်းပြောပြပါသည်။ ဆရာတော်အား နှုတ်ဆက်ပြီး အဝတ်များ လဲကာ ဗဟန်းဘက်သို့ ကျနော်တို့ထွက်လာကြ၏။ ဂျပန်ခေတ်တစ်ခေတ်လုံး စည်ကားခဲ့သော ဗဟန်းရပ်ကွက် သည် စည်ကားမြဲ စည်ကားနေသည်။ ဗိုလ်ချုပ်အောင်ဆန်းအား စုံစမ်းကြည့်ရာ တာဝါလိမ်း၊ တာဝါ ဟောက်စ်(ယခု ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ပြုထားသော အဆောက်အဦး) တွင် ဗိုလ်ချုပ်ရှိကြောင်း တိကျစွာ သိရ၏။ ရန်ကုန်ရောက်ပြီး နောက်တစ်နေ့ နံနက်ပိုင်းတွင် တာဝါဟောက်စ် ဗိုလ်ချုပ်အိမ်သို့ ကျနော်တို့နှစ်ဦး သွားကြသည်။ ဗိုလ်ချုပ်အား ကာကွယ်ထားသော ရဲဘော်များနှင့်တွေ့သည်။ ကျနော်တို့နှစ်ဦး မိမိကိုယ်ကို မိတ်ဆက်ကြပြီး ရခိုင်ပြည်ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် ကက်စဘီခေတ် ရခိုင်ပြည်ရေးရာများ အကျဉ်းချုပ် ပြောပြကြသည်။ ဗိုလ်ချုပ်နှင့်ဆွေးနွေးရန် ကျနော်တို့ ရခိုင်ပြည်မှ လာကြကြောင်းနှင့် ကျနော်တို့ဖြတ်လာသော ဒုက္ခမျိုးစုံကိုလည်း ရှင်းလင်းပြကြသည်။ မနက်ဖြန်နံနက် ၇နာရီခန့်တွင် ဗိုလ်ချုပ်နှင့်တွေ့ရေး စီစဉ်ပေးမည်ဟု သူတို့ အာမခံချက်ပြု၏။

ချိန်းဆိုလိုက်သည့်အတိုင်း နံနက် ၇နာရီမထိုးမှီကပင် ဗိုလ်ချုပ်အောင်ဆန်းအိမ်သို့အရောက် ကျနော်တို့ နှစ်ဦး အသော့နှင်သွားကြသည်။ မနေ့ကတွေ့ခဲ့သောရဲဘော်များ၏ စီစဉ်ပေးသည့်အတိုင်း ဗိုလ်ချုပ်အား သူ့အခန်းတွင် တွေ့ဆုံဆွေးနွေးရပါသည်။ ဟိတ်ကြီး ဟန်ကြီးမရှိသော ဗိုလ်ချုပ်သည် ကျနော်တို့အား ကော်ဖီ

ဖြင့် ဇည့်ခံပြီး ကျနော်တို့တင်ပြလိုသော အချက်အလက်များကို တင်ပြခိုင်းလေ၏။ ရခိုင်ပြည်တွင် ဖြစ်ပွားခဲ့သော ဖက်ဆစ်ဂျပန်တော်လှန်ရေး လုပ်ငန်းဆောင်တာများကို ကျနော်စတင်ပြီး ပြောပြသည်။ ဗိုလ်ချုပ်ဂရုတစိုက် နားထောင်နေသည်။ ဗိုလ်ချုပ်အရေးယူ နားထောင်နေသည်ကို တွေ့ရလေလေ ကျနော်အားပါးတရ ပြောကောင်းလေလေဖြင့် ကက်စဘီ(ဗြိတိသျှစစ်အုပ်ချုပ်ရေး) လက်အောက် ရခိုင်ပြည်၏ဆိုးဝါးသော အခြေအနေများ၏ဖြစ်ကြောင်း ကုန်စင်ကို ကျနော်တစ်နာရီကျော်မျှ ရှင်းလင်းတင်ပြသွားပါသည်။ ယင်းအပြင် အဆင်သင့်ယူလာသော ကြိုးမိန့် ၂ထပ်ကွမ်း၊ ၃ထပ်ကွမ်း ချထားခံနေရသူများ၊ ထောင်ဒဏ်အမိန့်ခံနေရသော နိုင်ငံရေးသမားများ၏အမည်များ၊ ရွာလုံးကျွတ်လုယက်၊ မီးရှို့ မုဒိန်းကျင့်ပြုခြင်းခံရသော ကျေးရွာအမည်များ ပါရှိသည့် စာရင်းကိုလည်း ဗိုလ်ချုပ်လက်သို့ ကျနော်ပေးအပ်လိုက်ပါသည်။ တဆက်တည်းပင် ကျနော်က “အင်္ဂလိပ်စစ်တပ်တွေ ညှဉ်းပမ်းနှိပ်စက်လွန်းလာတော့ ရဲဘော်တွေရော ပြည်သူတွေပါ သည်းမခံနိုင်ကြတော့ဘူး။ ထချချင်နေကြပြီ။ လက်နက်တွေလဲ ကျနော်တို့လက်ထဲရှိတယ်။ ထပ်စုရင်လဲ လက်နက်တွေ ထောင်နဲ့ချီပြီး ရနိုင်သေးတယ်။ မြန်မာတစ်ပြည်လုံးနဲ့ တစ်ပြိုင်တည်း ထချချင်လို့ ဆရာတော်ဦးစိန္တာနဲ့ ကျနော်တို့ ထိန်းထားတယ်။ ဗိုလ်ချုပ်တို့ဘယ်လိုသဘောထားသလဲ”ဟူ၍ ကျနော် ဒိုးဒိုးဒေါက်ဒေါက် ဗိုလ်ချုပ်၏ သဘောထားကို မေးလိုက်ပါသည်။

ဗိုလ်ချုပ်မိနစ်အတော်ကြာ ငြိမ်နေ၏။ ကျနော်တင်လိုက်သောစာရွက်ကို ငေးကြည့်နေ၏။ ဗိုလ်ချုပ်ငြိမ်နေလေလေ ကျနော်၏ရင်မှနှလုံးသားများ ခုန်လေလေဖြစ်နေသည်။ ဗိုလ်ချုပ်၏စကားကို အားထားသော စိတ်အပြည့်အဝဖြင့် ကျနော်စောင့်ကြိုနေသည်။ “ခင်ဗျားပြဿနာဟာ နိုင်ငံရေးပြဿနာဖြစ်တယ်”ဟု အစချီကာ ဗိုလ်ချုပ်သည် ဖက်ဆစ်ဂျပန်များအား တိုက်ခိုက်နေရဆဲဖြစ်၍ မဟာမိတ်တပ်များနှင့်ပြေပြစ်ရေးမှစပြီး တပ်မတော်တစ်ခုလုံး၏တာဝန်ကို သူထမ်းဆောင်နေရကြောင်း၊ စစ်ရေးစစ်ရာပြဿနာများ သူ့အား ဖိစီးနေကြောင်းတို့ကို ရှင်းပြကာ သခင်သန်းထွန်းထံသွားရန် တိုက်တွန်းသည်။ သခင်သန်းထွန်း ချက်ချင်း စာတစ်စောင်ရေးပြီး ကျနော့်လက်ထဲအပ်လိုက်ပါသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး စီစဉ်စကပင် လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့နှင့်အတူ မွေးရာပါဖြစ်သည့် ဗမာ့သီးခြားတပ်ထူထောင်ရေး လွတ်လပ်သောပြည်သူ့အစိုးရဖွဲ့ရေးတို့ ဘာကြောင့် ဘယ်လို ပျောက်ကွယ်သွားရသည်တို့ကို သိလိုသောစိတ်ဓါတ် ကျနော့်ရင်ဝယ်အပြည့်ဖြစ်နေ၏။

## သခင်သန်းထွန်းနှင့် ဘုဘောက်ကျရပြီ

ဗိုလ်ချုပ်အောင်ဆန်းထံမှ သခင်သန်းထွန်းထံ ပေးစာကိုယူပြီး ဘာလုပ်ရမည်ကို အဖြေရှာမရဘဲ ၊ နဝေတိမ်တောင်ဖြစ်နေသော ကျနော်တို့နှစ်ဦး ငိုင်ငိုင်ငေးငေးထွက်လာကြ၏။ သခင်သန်းထွန်းဘယ်မှာနေသည်ကို ထောက်လှမ်းမေးမြန်းကြသည်။ ၁၃၀၀ပြည့်အရေးတော်ပုံအတွင်း ကျောင်းသားညီလာခံကို မြို့မကျောင်းတွင် ကျင်းပခဲ့သည်။ ယင်းညီလာခံကြောင့် ကျနော်တို့ကျောင်းသား ခေါင်းဆောင်များမှာ သခင်စိုး၊ သခင်သန်းထွန်း စသည်များနှင့် တပိုင်းတစ်စ သိကျွမ်းဘူးကြသည်။ သခင်လေးမောင်၊ သခင်စိုး၊

သခင်သန်းထွန်း စသော သခင်ခေါင်းဆောင်များသည် ကျနော်တို့ ကျောင်းသားလူငယ်များ၏ လေးစားခြင်းကို ခံယူရသော ခေါင်းဆောင်များပင်။ ထို့အပြင် သခင်သန်းထွန်းကို ဂျပန်ခေတ်တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးကိစ္စနှင့်ပတ်သက်၍ ကျနော်နှစ်ကြိမ်ခန့် တွေ့ဘူးခဲ့လေပြီ။

ရန်ကုန်ဗားကရာလမ်းတွင် ဗမာပြည် ကွန်မြူနစ်ပါတီ ဌာနချုပ်ကို ဖွင့်လှစ်လျှက်ရှိနေပြီ။ နာမည်ကြီး သခင်သန်းထွန်းကျောင်းသားများ သမဂ္ဂဌာနချုပ် ခေါင်းဆောင် ကိုဗဟိန်း စသူတို့ကို ရှာဖွေရန် မခက်ခဲတော့။ ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ်သို့ ကျနော်တို့သွားကြ၏။ မြေနီကုန်း၊ မြေနုလမ်းတွင် ကိုဗဟိန်းနေခြင်း၊ စမ်းချောင်းရပ်ကွက်တွင် သခင်သန်းထွန်းနေခြင်းတို့ကို နေရပ်လိပ်စာအပြည့်အစုံဖြင့် ကျနော်တို့ တိကျစွာသိရလေသည်။ ဗကပဌာနချုပ်မှထွက်ပြီး မြေနီကုန်း ကိုဗဟိန်းအိမ်သို့သွားကြသည်။ ကိုဗဟိန်းတို့ဇနီးမောင်နှံကို ကျန်းမာစွာပင် တွေ့ရ၏။ သူ့ကို ရခိုင်ပြည် ဖက်ဆစ်တော်လှန်ရေးနှင့်တကွ ကက်စဘီလက်အောက် ရခိုင်ပြည်၏ဒုက္ခပေါင်းစုံကို ကျနော်ဆွေးနွေးတင်ပြသည်။ ဗြိတိသျှနယ်ချဲ့အား တွန်လှန်တော်လှန်ရန် အသင့်ရှိသော ရခိုင်ပြည်အခြေအနေများကိုလည်း ပြောပြသည်။ သူ့ထံမှလည်း တိကျသော အဖြေကိုမရ။ ခပ်လုံးလုံးနှင့် မရှင်းလင်းသော အဖြေကိုသာရရှိပါသည်။

၁၉၄၅-ခု မေလတစ်နေ့သောနံနက်ပိုင်းတွင် မြေနီကုန်း မြေနုလမ်း ကိုဗဟိန်းအိမ်သို့ ကျနော်တို့ ထပ်သွားကြသည်။ လောကဝတ်ပြုတတ်သော ကိုဗဟိန်းသည် ဘိုင်ကျနေသည့် သူ့ဘဝထဲမှကျနော်တို့ အတန်တန်ငြင်းသည်ကို ဆန့်ကျင်ပြီး ကော်ဖီနှင့်မုန့်တိုက်ကျွေး၏။

ကိုဗဟိန်းနှင့် စကားအနည်းငယ်သာပြောပြီး စမ်းချောင်းရပ်ကွက်ရှိ သခင်သန်းထွန်းနေအိမ်သို့ ကျနော်တို့ သွားကြ၏။ ဗကပခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ သခင်သန်းထွန်းကို သူ့နေအိမ်တွင် အဆင်သင့်တွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းက သူ့ထံပေးလိုက်သောစာကို ရခိုင်ပြည် ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့်တကွ ကက်စ်ဘီလက်အောက် ဆိုးဝါးနေသောရခိုင်ပြည်၏ဖြစ်ရပ်များကို နှုတ်ငုံအာငုံလောက်ရနေသောကျနော်တင်ပြသည်။ ဗြိတိသျှနယ်ချဲ့စစ်တပ်ကို တွန်းလှန်တိုက်ခိုက်ရန် အသင့်ဖြစ်နေသောအခြေအနေများနှင့် ပေါက်ကွဲလုဆဲယမ်းအိုးများ အကြောင်းတို့ကိုလည်း ကျနော်ဆက်လက်ပြီး ရှင်းပြသည်။ အဆင်သင့်ယူလာသောကြီးဒဏ်၂ထပ်ကွမ်းချထားခံရသည့် နိုင်ငံရေးသမားများနှင့် ထောင်ဒဏ်ခံရသူများနှင့် ဖမ်းဆီးခံနေရသောရဲဘော်များ၏ အမည်၊ လုယက်၊ မီးရှို့၊ မုဒိမ်းကျင့်ခံရသော ကျေးရွာများ၏စာရင်းကိုလည်း သူ့လက်ထဲကျနော်ထိုးအပ်လိုက်လေ၏။ ကျနော်က ဗြိတိသျှနယ်ချဲ့တိုက်ရေးကို စတင်ပြောလိုက်ရာ၊ သခင်သန်းထွန်းက တစ်မိနစ်ပင် ငေးငိုင်မနေ၊ ကျနော်သူ့လက်ထဲ ထိုးအပ်နေသောစာရွက်ကို လှမ်းယူရင်း “ဗြိတိသျှစစ်တပ်ကို လက်နက်ကိုင်တိုက်ဖို့ မလိုတော့ဘူး” ဟု အစချီကာ ကမ္ဘာ့ဒီမိုကရေစီတပ်ပေါင်းစုထဲတွင် ဆိုဗီယက်ယူနီယံ၏ သြဇာအင်အားကြီးထွားလာပုံ ကမ္ဘာ့ပြည်သူများ ဒီမိုကရေစီအောင်ပွဲရလာပုံ၊ တရုတ်ပြည်၊ အိန္ဒိယပြည်တို့တွင် လွတ်လပ်ရေးနှင့် ဆိုရှယ်လစ်ရေး အောင်ပွဲ ဆင်မည့်အဆင့်သို့ရောက်နေပုံ ဗြိတိသျှအား အကြမ်းမဖက်ရ၊ လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲနည်း နိဂုံးချုပ်ခဲ့ပြီ။ လွတ်လပ်ရေးအတွက် နိုင်ငံရေး၊ စည်းရုံးရေး၊ တိုက်ပွဲသစ်ဖြင့် စတင်တိုက်ပွဲဝင်ရမည်။ မဟာမိတ်အား လက်နက်ဖြင့်တိုက်သူသည် ဂျပန်သူလျှိုဖြစ်ရမည်ဟု ကောက်ချက်ချလေတော့၏။

ဖက်ဆစ်ဂျပန်အား ၁၉၄၄-ခု၊ ဒီဇင်ဘာလမှစတင်ပြီး လက်နက်စွဲကိုင်တော်လှန်တိုက်ဖျက်ခဲ့စဉ်က "ရွှေရခိုင်တွေ ဖက်ဆစ်ဂျပန်ကို ထချကြပြီ"ဟု အုတ်အုတ်သောင်းသောင်း သြဘာပေးခြင်းခံခဲ့ရသည်မှာ ပူပူနွေးနွေးသာ ရှိပါသေးလျက်နှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ကျဆုံးခဲ့ရသော ရဲဘော်များ၏သွေး ရခိုင်မြေတွင် မခြောက်သေးပါလျက်နှင့် "ဂျပန်သူလျှို"ဟု သခင်သန်းထွန်း ကောက်ချက်ချ စွဲချက်တင်ခြင်းကို ကျနော်မကြေနပ်၊ တရားမဲ့လွန်းသည်။ အောက်ခြေလွတ်လွန်းသည်ဟု ကျနော်ယူဆလိုက်၏။

နိုင်ငံရေးအဘိဓမ္မာ၊ နိုင်ငံရေးသဘောတရားများကို ပေးလျှင်တုတ်တုတ်မျှမလှုပ်ဘဲ စွဲမြဲစွာနားစိုက်နာယူ တတ်သောအလေ့အထ ကျနော့်တွင်ရှိသည်။ ထို့အတူ၊ နိုင်ငံရေးအဘိဓမ္မာ၊ နိုင်ငံရေးသဘောတရားရေးရာ တို့တွင် မှားသည်ဟုယူဆလျှင်လည်း ငုံ့ခံမနေတတ်၊ ပြန်ပြောတတ်သောအကျင့်လည်း ကျနော့်တွင်ရှိသည်။ ဂျပန်သူလျှိုဖြစ်ရမည်ဆိုသည့် သခင်သန်းထွန်း၏လွဲမှားသော နိုင်ငံရေးကောက်ချက်ကို ဆန့်ကျင်လိုသဖြင့် ကျနော်ဆိတ်ငြိမ်စွာမနေနိုင်တော့ဘဲ ဗြိတိသျှတပ်တွေကို တပြည်လုံးအတိုင်းအတာဖြင့် တိုက်ဖျက်ခြင်းကိုသာ ကျနော်တို့လိုလားကြောင်း၊ သူတလူ ငါတမင်း တိုက်ခိုက်ခြင်းမျိုး မဖြစ်ရအောင် ကျနော်တို့ ထိန်းထားကြောင်း စည်းရုံးရေးနည်းများဖြင့် လွတ်လပ်ရေးကို မရမှသာလျှင် လက်နက်ဖြင့်တိုက်ရန် ရည်မှန်းပြီး ကျနော်တို့ လက်နက်ဝှက်ထားကြောင်းတို့ကို သူ့အား ကျနော်ရှင်းလင်းပြောပြ၏။

သခင်သန်းထွန်းက လက်နက်ကိုင်တိုက်ရန်မလိုကြောင်းကို ထပ်ရှင်းပြကာ ဗြိတိသျှစစ်တပ်ထံ အကြွင်းမဲ့ လက်နက်အပ်ရေးကို ကျောဖိရင်ဖိ ထပ်လောင်းတိုက်တွန်းသည်။ ကျနော်က ကြိုးမိန့် ထပ်ကွမ်းခံနေရသူများ၊ ထောင်ဒဏ်ခံနေရသူများ၊ လူမဆန်စွာဖမ်းဆီး ညှင်းဆဲခံနေရသူ ရဲဘော်များအားလွှတ်လျှင် ဂျပန်ငွေစက္ကူတရားမဝင်ဖြစ်သွား၍ ပေးစရာငွေမရှိသော လယ်သမားများထံမှ မြေခွန်မြေဆီညှစ်ယူခြင်း၊ ရွာများကို မီးရှို့လုယက်၊ မုဒိမ်းကျင့်ခြင်းများကို တားဆီးလျှင် ရခိုင်ပြည်အား လက်နက်ကိုင်တိုက်ပွဲများမှ ကယ်တင်နိုင်မည်ဖြစ်ခြင်းကို ကျနော်သူ့အား ထောက်ပြသည်။ သခင်သန်းထွန်းက ဗြိတိသျှမဟာမိတ်များနှင့် ပူးပေါင်းဆောင်ရွက်ရင်း ဖြေရှင်းယူမည်ဟု ခပ်လွယ်လွယ် ခပ်လုံးလုံး အဖြေပေး၏။ ယင်းအပြင် သခင်သန်းထွန်းက "ခင်ဗျားတို့ လက်နက်တွေ ဘယ်မှာထားသလဲ"ဟု ဘောက်ဆတ်ဆတ်မေးလာသည်။ ပြောရင်းဆွေးနွေးကြရင်း ကျနော်လေးစားခဲ့သော သခင်သန်းထွန်းကို ကျနော်မကျေမနပ်ဖြစ်လာ၏။ "မြေကြီး ထဲတွင် ဝှက်ထားပါတယ်"ဟု ကျနော်ကအဖြေပေးလိုက်၏။ "မြေကြီးထဲဝှက်ထားရင် ဆွေးကုန်မှာပေါ့၊ လက်နက်တွေကို အပ်လိုက်ပါ"ဟု သခင်သန်းထွန်းက လက်နက်အပ်ရေးကို ထပ်ဆင့်တိုက်တွန်းသည်။ "တစ်ပတ်နှစ်ကြိမ်မြေကြီးမှဖော်ယူပြီး တိုက်ချွတ်ထားပါမယ်။ လက်နက်တွေမဆွေးရပါဘူး"ဟု ကျနော်ပြန်ပြော ၏။ "လွတ်လပ်ရေးရပြီးရင် ခင်ဗျားတို့လက်နက်တွေ ဘာလုပ်အုံးမှာလဲ"ဟု သခင်သန်းထွန်းက ထပ်ကွန့်လာသည်။ သခင်သန်းထွန်း၏စကားသည် အနှောင့်အသွားမလွတ်။ လွတ်လပ်ရေးရပြီးလျှင် ဤလက်နက်ပုန်းများဖြင့် ဓားပြတိုက်ကြမည်လားဟု ငေါ့တော့တော့ မေးမြန်းသည်ဟု ယူဆလျှင်လည်း ရ၏။ သို့မဟုတ် ဗြိတိသျှစစ်တပ်ထံ အကြွင်းမဲ့လက်နက်ချရန် အကြပ်ကိုင်သည့်သဘောလည်းဖြစ်နိုင်၏။ ကျနော်သည်းမခံနိုင်အောင် ဒေါသထွက်လေပြီ။ တစ်ယောက်သောသူက ဗြိတိသျှစစ်တပ်ထံ အကြွင်းမဲ့လက်နက်ချရမည့်လမ်း။

တစ်ယောက်သော သူက ဗြိတိသျှနယ်ချဲ့ကို လက်နက်မည့်တိုက်ခိုက်မည့်လမ်း။ "လွတ်လပ်ရေးရပြီးရင်လဲ တော ဆင်ရိုင်းတွေ၊ သားရဲတိရစ္ဆာန်တွေပေါတဲ့ ကျနော်တို့ ရခိုင်ပြည်မှာ သားရဲတိရစ္ဆာန်တွေကို နှိမ်နင်းရေးမှာ အသုံးပြုသွားပါမယ်"ဟုပြန်ပြောရင်း တဆက်တည်းပင် ကျနော်က ". . . . ဖြစ်ဖို့ မဟုတ်ဝေး၊ ပြန်ကတ်မေ (မဖြစ်တော့ဘူးကွ၊ ပြန်ကြစို့)"ဟု ပြောကာ သခင်သန်းထွန်းအိမ်မှ ခုန်ထွက်လာသည်။ ကိုသာထွန်းအောင် (ယခု ဗဟိုပြည်သူ့အလုပ်သမားကောင်စီ ဌာနချုပ် အလုပ်အမှုဆောင်) တို့သည် ဒေါ်ပွပွဖြင့်ထပြန်လာသော ကျနော်၏နောက်မှလိုက်ပါလာကြ၏။ မျဉ်းပြိုင်မဆုံသလို သခင်သန်းထွန်းနှင့်ကျနော် နောက်ထပ်တစ်ခါမျှ မဆုံလေတော့ပါ။

### ဘဝတူချင်းပေါင်းဆက်ကြ

ထိုစဉ်က ခိုင်မာစွာထူထောင်ထားသော ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်၏ အဘိဓမ္မာရေးရာ၊ အယူအဆရေးရာ၊ သဘောတရားရေးရာ၊ ကွဲပြားမှုလည်းမရှိ။ ခေါင်းဆောင်လူမှုလည်း မရှိဘဲ။ ကမ္ဘာတစ်ဝှမ်းလုံးရှိ ကွန်မြူနစ်ပါတီအသီးသီးနှင့် ကွန်မြူနစ်ပါတီဝင်တို့ လက်ခံကြသည့်အတိုင်း "နိုင်ငံတကာအလုပ်သမားလူတန်းစား သွေးစည်း ညီညွတ်ကြ"ကြွေကြော်သံအောက်တွင် ဆိုဗီယက်ယူနီယံနှင့် မဟာစတာလင်၏ ခေါင်းဆောင်မှုတို့ကို အကြွင်းမဲ့လက်ခံသည်။ အရင်းမဲ့လူတန်းစားတိုက်ပွဲမှ အရင်းမဲ့အာဏာရှင်စနစ်ထူထောင်ရမည်ကို အကြွင်းမဲ့ ခံယူသည်။ ပြည်သူပိုင်စီးပွားရေးစနစ်မှ ကွန်မြူနစ်စီးပွားရေးခေတ်ကို တည်ဆောက်သွားရမည်ကို အကြွင်းမဲ့ ယုံကြည်သည်။ လူ့လောကနှင့် လူ့သမိုင်းဖြစ်ပေါ်ရေး တရားသည် အရင်းရှင်ခေတ်မှဆိုရှယ်လစ်ခေတ်သို့ ခုန်ကူးပြောင်းလဲရေး (တော်လှန်ရေးနည်းဖြင့် ပြောင်းလဲရေး) မှအပ အခြားမရှိသော နိုင်ငံရေးအဘိဓမ္မာကို အကြွင်းမဲ့ဆုပ်ကိုင်ထားသည်။ ကျနော်၏နိုင်ငံရေးအဘိဓမ္မာခံယူချက်နှင့် သဘောတရားသည် ကျနော့်အား ကွန်မြူနစ်တစ်ဦးဖြစ်ရေးသို့ တွန်းပို့နေရုံမက လက်တွေ့အားဖြင့်လည်း ဂျပန်ခေတ်တစ်လျှောက်လုံးတွင် အိန္ဒိယရှိ ဦးသိန်းဖေမြင့်နှင့်တကွ သခင်စိုးတို့ မြေအောက်ဗကပနှင့်ဆက်သွယ်ပြီး ကာယကံမြောက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်လာခဲ့သူဖြစ်ရာ ကျနော်သည် ကွန်မြူနစ်တစ်ယောက်ဖြစ်ရေးလမ်းမှ သွေဖယ်သွားစရာလမ်းမရှိပါ။ သို့သော် ဗြိတိသျှစစ်အုပ်ချုပ်ရေး ကက်စ်ဘီခေတ်တွင် တော်လှန်ရေးတပ်ဦးစာတမ်းနှင့် လွတ်လပ်ရေးကြော်ငြာ ချက်များတွင် ပါသည်။ ဗမာ့သီးခြားတပ်ထူထောင်ရေး၊ လွတ်လပ်သောဗမာပြည်သူ့အစိုးရ ဖွဲ့စည်းရေးစသော အခြေခံသော့ချက်ကြီးများကို ရိုက်ချိုးပစ်ပြီး ကက်စ်ဘီအစိုးရထံ အကြွင်းမဲ့လက်နက်ချခိုင်းသည်ကို ကျနော် လက်မခံနိုင်။ ယင်းအပြင် လိုတစ်မျိုး၊ မလိုတစ်မျိုးလုပ်တတ်သော ကွန်မြူနစ်ဗျူရိုကရက်များ၏ ဆက်ဆံရေး နှင့်ပြောဆိုချက်များကိုလည်း ကျနော် အော့နှလုံးနာလာသည်။ ယင်းကြောင့် ဘဝတူချင်း၊ ခံယူချက်တူချင်း၊ တွေ့လိုတွေ့ငြား ချာချီလမ်း (ယခု ကိုယ့်မင်းကိုယ့်ချင်းလမ်း) တွင် ဖွင့်လှစ်ထားသော ဖဆပလဌာနချုပ်သို့ အမြဲမပြတ်သွားလာဝင်ထွက်နေလေ့ရှိသည်။

ယောင်ချာချာဖြစ်နေသောကျနော် ဖဆပလဌာနချုပ်မှထွက်လာသော် ကိုဗဆွေ (ထိုစဉ်က ဖဆပလ ဌာချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး)ကို မမျှော်လင့်ဘဲ ရင်ဆိုင်တိုးမိသွား၏။ တစ်ဦးနှင့်တစ်ဦး လှိုက်လှဲ

အားရစွာ နှုတ်ဆက်ကြပြီး သူက ရခိုင်ပြည်ရေးရာများကို မေးလေသည်။ သူနှင့်ကျနော် ဖဆပလဌာနချုပ်မှ ဘိုလိမ်းလမ်းရှိ သူ့အိမ်ထိ လမ်းလျှောက်လာကြရင်း ရခိုင်ပြည်တွင် ဖြစ်ခဲ့သော ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့်တကွ ဗြိတိသျှစစ်အုပ်ချုပ်ရေး ကက်စ်ဘီလက်အောက် အညှင်းဆဲခံရခိုင်ပြည်၏ကြမ္မာဆိုးများနှင့် ဗြိတိသျှစစ်အုပ်ချုပ်ရေးကို တွန်းလှန်ရန် ဖွဲ့စည်းထားသော မြေအောက်လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များ၊ မကြေငြာသော စင်ပြိုင်အစိုးရလုပ်ငန်းများ၊ ဆရာတော်ဦးစိန္တာတို့ ဝရမ်းပြေးတောခို နေကြခြင်းများတို့ကို အပြည့်အစုံပြောဆိုတင်ပြလိုက်ပါသည်။ သူ့အိမ်သို့ရောက်သည့်တိုင် ကျနော်ပြောဆိုတင်ပြနေသော ပြဿနာများ မပြီးပြတ်သေးရာ သူ့အိမ်တွင်ပင် နံနက်စာစားပြီး လုပ်ငန်းစဉ်များကို ပွင့်လင်းစွာဆွေးနွေးကြပါသည်။

ကိုဗဆွေက သူတို့ ပြည်သူ့အရေးတော်ပုံ ပါတီလည်း ဗြိတိသျှထံမှ အသာတကြည်လွတ်လပ်ရေးရမည်ဟု တစ်ဖက်သတ်မယုံကြည်။ လိုအပ်လျှင်လက်နက်ဖြင့် လွတ်လပ်ရေးကို အရယူရန် သူတို့လည်း လက်နက်များ ဝှက်နိုင်သမျှ ဝှက်ထားသည်ဟု ရှင်းလင်းပြ၏။ ယင်းအပြင် ဗကပနှင့် တစ်ပါတီဖြစ်ရေးလုပ်ဆောင်ချက်များတွင် ဗကပ၏တစ်ဖက်စီးနင်းအနိုင်ကျင့်ခြင်းများ၊ ခြေထိုးခြင်းများ၊ ညစ်ပတ်ခြင်းများကိုလည်းပြောပြ၏။ သူနှင့်ဆွေးနွေးရသည်မှာ ဘဝင်မြင့်နေသော ကွန်မြူနစ်ဗျူရိုကရက်နှင့် ကွာခြားနေသည်။ ဗကပဗျူရိုကရက်များက ပေးလေ့ ပြောလေ့ရှိသော အမိပ္ပါယ်ကောက်ချက်ယူ၍မရသည့် ခပ်လုံးလုံးအဖြေမျိုးနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကာ သူ့ထံမှတိကျသောအဖြေကို ကျနော်ရရှိ၏။ အပြောအဆိုနှင့်ဆက်ဆံရေးတွင်လည်း ဗကပဗျူရိုကရက်များနှင့် မိုးကောင်းကင်နှင့်မြေကြီးတမျှကွာခြား၏။ ကျနော်တို့ရခိုင်ကဲ့သို့ပင် သူလည်း ဗမာစကားသံကို ပီသစွာမပြောနိုင်။ သူကပင်ဆက်လက်ပြီး ရန်ကုန်တွင် ကျနော်တို့၏နေရေးထိုင်ရေးကို မေးရာ ကျနော်က ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် တည်းခိုနေရခြင်း၊ တွေ့ဆုံသော မိတ်ဆွေသူငယ်ချင်းများထံမှ တွေ့သလို ထမင်းစားပြီး ငွေကြေးအကူအညီယူနေရခြင်းတို့ကို ပြောပြလိုက်၏။ သူက ကျနော်တို့အတွက် နေရာချထားပေးမည်။ ဗိုလ်ချုပ်နေဝင်းအိမ်တွင် သွားနေကြဟုပြောကာ ဗိုလ်ချုပ်နေဝင်းထံ စာတစ်စောင် ချက်ချင်းရေးပေးသည်။ ကိုဗဆွေရေးပေးသောစာကိုယူရင်း ကျနော်က ကျနော်တို့ ဗမာပြည်မလာမီ ကိုမောင်စိန်လှ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ခြင်း၊ လောင်းရှည်မြို့နယ် လေးပုံချင်းရွာတွင် ဗြိတိသျှစစ်တပ်မှ ဖမ်းဆီးညှင်းဆဲခံရ၍ သေလုမျောပါးဖြစ်နေသော ကိုမောင်စိန်လှတို့အား စစ်လေယာဉ်ဖြင့် ခေါ်ဆောင်သွားရာ သတင်းအစအနပင်မရ ဖြစ်နေကြောင်းကို ပြောပြသည်။ ကိုမောင်စိန်လှတို့ သတင်းရရေးနှင့် လွတ်ရေးအတွက်ပါ ဆောင်ရွက်ပေးရန် ကျနော်အပူကပ်လေတော့၏။

နောက်တစ်နေ့နံနက်စောစော ကိုဗဆွေရေးပေးလိုက်သော စာနှင့်အတူ စမ်းချောင်းလမ်းရှိ ဗိုလ်ချုပ်နေဝင်း အိမ်ကို လိုက်ရှာကြလေ၏။ ကိုဗဆွေရေးပေးလိုက်သောနံပါတ်နှင့် အိမ်ကိုတွေ့ပြီ။ အိမ်ထဲဝင်ရန် ခြေလှမ်းလိုက်သည်နှင့် တစ်ပြိုင်နက် ကြောက်မက်ဖွယ်ကောင်းသော အယ်လ်ဖေးရှင်း ခွေးထီးကြီးက ကျနော်တို့နှစ်ဦးအား ဟိန်းဟောက်ကာ ကိုက်စားဝါးစားမည်ပြုလေတော့၏။ အိမ်ပေါ်မှ ဉပတိရုပ်ကောင်းသော လူတစ်ဦးက ကျနော်တို့အား လှမ်းမေးရာ ကျနော်က ကိုဗဆွေလွှတ်၍လာကြောင်း ကိုဗဆွေထံမှစာလည်း ပါကြောင်းကို ပြောပြပါသည်။ အိမ်ရှင်က ကိုက်စားလုမတတ် ဟိန်းဟောက်နေသောခွေးကြီးကို "ရန်လုံ"ဟု

ဝေါက်လိုက်ရာ ခွေးထီးကြီးဖယ်ပေးသဖြင့် ကျနော်တို့ အိမ်ပေါ် ရောက်သွားရသည်။ ဗိုလ်ချုပ်ထံကို ကိုဗဆွေထံမှ စာပါလာသည်ဟုပြောရာ ထိုဥပတိရုပ်ကောင်းသူကပင် သူဗိုလ်ချုပ်ဖြစ်ကြောင်းပြောသဖြင့် ကျနော်က စာကို ဗိုလ်ချုပ်လက်ထဲသို့ ရိုသေစွာပေးအပ်လိုက်လေ၏။ စာဖတ်ပြီး ဗိုလ်ချုပ်က သူ့အိမ်သို့ ကျနော်တို့ အချိန်မရွေး ပြောင်းလာနိုင်သည်။ သူတို့စားသလို စားကြတာပေါ့ဟု ပြောကာ ကျနော်တို့အား လက်ခံလေသည်။ ယင်းကြောင့် ကျနော်တို့နှစ်ဦး ညနေစာကို စောစောစီးစီးစားပြီး နေမဝင်မီ ဗိုလ်ချုပ်နေဝင်းအိမ်သို့ပြောင်းလာကြလေ၏။

## ဗိုလ်ချုပ်နေဝင်းနှင့်တော်လှန်ရေး

ဗိုလ်ချုပ်တို့အိမ်တွင် ညနေပိုင်း မိသားစု လူစုံရှိကြသည်။ ဗိုလ်ချုပ်၏အိမ်သူအိမ်သားများ မေးမြန်းသဖြင့် ကျနော်တို့က ရခိုင်ပြည်တွင် ဖြစ်ခဲ့သော ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ငန်းဆောင်တာများ၊ ရခိုင်ပြည်အား ကိုလိုနီကျွန်ပြုရေးရည်မှန်းချက်ဖြင့် ဗြိတိသျှစစ်အုပ်ချုပ်ရေး ကက်စ်ဘီအစိုးရက လူမဆန်သောဖိနှိပ်ညှင်းဆဲမှုများ၊ ကြိုးဒဏ်၂ထပ်ကွမ်း၊ ၃ထပ်ကွမ်းအမိန့်ချထားခံရခြင်းများ စသည်တို့ကို ပြောပြကြရသည်။ ဗြိတိသျှနယ်ချဲ့ စနစ်ဆိုးအောက်မှ လွတ်လပ်ရေးကို လက်နက်ကိုင်နည်းဖြင့် တိုက်ယူရမည်ဆိုလျှင်လည်း လက်နက်ကိုင်နည်းဖြင့် တိုက်ယူရမည်ဆိုသော ကျနော်တို့ ခိုင်မာစွာ စွဲကိုင်ထားသည့် ဝါဒကို ထိုအချိန်က ဗိုလ်ချုပ်ကလည်း လက်ခံထားပါသည်။

ဝါဒတူ စိတ်တူဖြစ်ကြသော ဗိုလ်ချုပ်မိသားစုနှင့် ကျနော်တို့ပြောစရာရှိလျှင်လည်း ပွင့်ပွင့်လင်းလင်း ပြော၊ လုပ်စရာရှိလျှင်လည်း ဝိုင်းကူလုပ်ကြသည်။ ချက်ပြုတ်ရေးတာဝန်ကို ကိုမောင်လှကျော် တာဝန်ယူလိုက်ရာ ဗိုလ်ချုပ်၏အိမ်သည် ကျနော်တို့မိဘအိမ်ကဲ့သို့ မှီခိုအားထားရာ အိမ်ဖြစ်သွားရ၏။

အယ်ဇေးရှင်း "ရန်လုံ"ခွေးကြီးသည် အဟိန်းအဟောက်ကောင်းသလောက် ကိုက်ဝါးတတ်သော ခွေးမဟုတ်။ ရန်လုံနှင့် ငွေစိုးသည် ရက်သတ္တတစ်ပတ်အတွင်း ကျနော်တို့နှစ်ဦး၏စသမျှ ခံရသောဘဝရောက်သွားကြသည်။ ကျနော်တို့၏ကစားဘော်များ ဖြစ်သွားကြသည်။ ဤသို့ဗိုလ်ချုပ်အိမ်တွင် မိသားစုဘဝဖြင့် ကျနော်တို့ သာယာစွာနေထိုင်ရပါသည်။ ပျောက်နေသော ကိုမောင်စိန်လှတို့ သတင်းအစအန ရလိုရငြားနှင့် မိတ်ကောင်းဆွေကောင်းတွေ့လျှင် ငွေကြေးအကူအညီရ ရန်ကုန်တွင် နေရာအနှံ့ကျနော်လှည့်လည်သွားလာရပါသည်။ တခါခါ ငွေကြေးရွှင်သော မိတ်ဆွေနှင့်တွေ့လျှင် ထမင်းအရက်စားသောက်ပြီး ငွေ ၂၅ကျပ် ၃၀ကျပ် ရလာတတ်၏။ ယေဘုယျအားဖြင့် တနေ့လျှင် ၃ကျပ် ၄ကျပ်ထိ ကျနော်ရတတ်၏။ ထိုစဉ်က အလုပ်အကိုင်မဲ့ ဖြစ်ကြသော ယနေ့ထိပ်သီးဆိုသူများလည်း ကျနော်တို့ကဲ့သို့ပင် နေ့တွက်ကိုက်အောင် အပေါင်းအသင်းမိတ်ဆွေများ၏ အကူအညီကို ယူကြရသူများသာဖြစ်ကြသည်။ ပါတီအဖွဲ့အစည်း ရံပုံငွေအတွက် ရသလိုဖြစ်သလို ရှာဖွေကြခြင်းလည်း ရှိကြသေးသည်။

ဗိုလ်ချုပ်အိမ်တွင် သာယာသော မိသားစုစိတ်ဓာတ်ဖြင့် ရက်ပေါင်းအတော်ကြာ ကျနော်တို့ နေထိုင်ကြရသည်။ ဗိုလ်ချုပ်သည် ဥပတိရုပ်ကောင်းသည်။ အသားအရောင် ကောင်းသည်။ ဗြေပေနီးနီးခန့်မြင့်သော အရပ်နှင့်

ညီမျှသည့် တောင့်တင်းသော ကိုယ်ကာယပိုင်ရှင်ဖြစ်၏။ ဗိုလ်ချုပ်နှင့် ဟိုဟိုဒီဒီ စကားပြောရင်း နိုင်ငံရေးရာများကိုလည်း ပြောဆိုကြရပါသည်။ ဗိုလ်ချုပ်သည် ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးကို လုပ်ဆောင်ရန် ဝန်မလေးသော မျိုးချစ်ပြည်ချစ်စိတ်ဓာတ် ပြင်းထန်ခိုင်မြဲသူတစ်ဦးဖြစ်သည်။ အလုပ်သမား၊ လယ်သမားစသော အညှဉ်းဆဲခံလူတန်းစားများ၏ အကျိုးကျေးဇူးကို နှစ်ခြိုက်လိုလားသူတစ်ဦးဖြစ်သည်။ ခေါင်းဆောင်မှုပေးနိုင်သူတစ်ဦးဖြစ်ခြင်းကို တွေ့ရှိရ၏။ ဗိုလ်ချုပ်ကို တစ်ခါမျှ စိတ်ညစ်ညူး၍မတွေ့ရဘူး။ အမြဲတန်းပြုံးရီနေသောမျက်နှာနှင့် ရီရီမောမောပြောဆိုနေသည်ကိုသာ မြင်ရ၏။ မည်သို့သော အခက်အခဲကိုမဆို မညည်းညူ မငြီးစူဘဲ အပြုံးမပျက်လုပ်ကိုင်ဆောင်ရွက်တတ်သည်ကို သိလာရ၏။ စကားပြောစရာရှိလျှင်လည်း အကြောင်းအရာတစ်ခုခုကို ရေပက်မဝင်အောင် တိကျပိုင်နိုင်စွာပြောသည်။ မငြင်းခုံနိုင်အောင် ခိုင်မာသည့် အထောက်အထားများကို ပိုင်နိုင်စွာ စွဲကိုင်ထားတတ်သည်။ ဗိုလ်ချုပ်အား အနီးကပ်လေ့လာလေလေ သူ၏ဥပတိရုပ်ထက် သူ၏ခေါင်းဆောင်မှုနှင့် မွန်မြတ်သော စိတ်နေသဘောထားကို မြင်ရလေလေ ဖြစ်လာ၏။

သေသွားသူ ကြာလျှင်မေ့၊ ပျောက်သွားသူ ရှာလျှင်တွေ့ ဆိုရိုးအတိုင်း ကိုမောင်စိန်လှအား မမျှော်လင့်ဘဲ ဗဟန်းဘုန်းတော်ကြီးကျောင်းတွင် ကျနော်ရုတ်တရက်တွေ့ရသည်။ ကျနော်နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ မိုးထိမြင့်မားသွား၏။ ကျနော်တို့နှစ်ဦး၏ဝမ်းမြောက်မှုကား သက်တမ်းမရှည်နိုင်။ ဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်နှက်လျက်ရှိသော သူ၏ခန္ဓာကိုယ်ကိုလည်းမြင်ရ။ သူပြောသောအချက်များကိုလည်း ကြားလာရသောအခါ ကျနော်ယူကြုံးမရ ဝမ်းနည်းခြင်းထဲ နစ်မြုပ်သွား၏။

ဗြိတိသျှစစ်တပ်က ဖွဲ့စည်းထားသည့် ချင်းလဲဗီးများက သူတို့အား မုန်တိုင်းချင်းရွာငယ်တွင် လက်ရဘမ်းဆီးသည်။ သူတို့အလျဉ်းမခုခံ။ သူတို့နှင့်ပါလာသော စတင်းဂန်းတစ်လက်နှင့် ခြောက်လုံးပြူးတစ်လက်ကို အပ်လိုက်သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် မဟာမိတ်များက အသိအမှတ်ပြုထားသော မြန်မာနိုင်ငံမြေပုံပါသည့် မြန်မာ့မျိုးချစ်တပ်ဦး (BURMA PATRIOTIC FRONT) လည်ဆွဲတံဆိပ်များကို ချင်းလဲဗီးတပ်အားပြကာ သူတို့ရခိုင် ဖက်ဆစ်တော်လှန်ရေးသမားများဖြစ်ကြောင်း၊ ဗမာပြည်ရှိ ဖက်ဆစ်တော်လှန်ရေးခေါင်းများနှင့် ဆက်သွယ်ရန် လာကြောင်းတို့ကို ရှင်းလင်းတင်ပြကြသည်။ ချင်းလဲဗီးတပ်က သူတို့အား မယုံကြည်။ ဗြိတိသျှ နယ်ချဲ့စစ်တပ်သို့ ထိုးအပ်၏။ ဗြိတိသျှစစ်တပ်အားလည်း ချင်းလဲဗီးတပ်အား ရှင်းပြခဲ့သလို ရှင်းပြသည်။ အထူးသဖြင့် အင်္ဂလိပ်စကားကို ရည်ရည်မွန်မွန်ပြောဆိုတတ်သော ကိုစောထွန်းဦးက ဗြိတိသျှစစ်တပ်မှ စစ်ဆေးမေးမြန်းသမျှကို ဒိုင်ခံပြောရသည်။ ဗြိတိသျှစစ်တပ်က ကိုမောင်စိန်လှ၊ ကိုစောထွန်းဦးတို့ တင်ပြချက်များနှင့် အစစ်ခံချက်များကို တဆံချည်မျှမယုံ။ သူတို့အား ရိုက်နှက်ညှဉ်းဆဲရုံမက အစာရေစာမကျွေးဘဲ ခြေလက်များကို ဝါးဖြင့် တုတ်နှောင်ပြီး တနေကုန်တနေခန်း နေလှန်းညှဉ်းဆဲသည်။ ၃ရက်မြောက် နေလှမ်းညှဉ်းဆဲပြီးသည့်နေ့ ညဉ့်ဘက်တွင် တုတ်နှောင်ထားသော လေထီးကြိုးများကို ဖြေပြီးပြေးကြည့်ရန် ညှိနှိုင်းဆွေးနွေးကြရ၏။ ခြေမြန်လက်မြန်သော ကိုသန်းစိန် ကြိုးဖြေသွား၍ ရုတ်တရက်တောင်ထိပ်သို့ တဟုန်ထိုးတက်ပြေးသွားနိုင်သော်လည်း ကျန်ရဲဘော်များမှာ အနီးကပ်စောင့်နေသော ဗြိတိသျှစစ်သားက သေနတ်ဖြင့်ပစ်သည်။ ကံကောင်းသော

ကိုသန်းစိန် သေနတ်မပေါက်၍ လွတ်မြောက်သွားရ၏။ ခေါင်းဆောင်ဖြစ်သူ ကိုမောင်စိန်လှအား မပြေးနိုင်အောင်လုပ်မည်ဟု ဗြိတိသျှစစ်ဗိုလ်တစ်ဦးက ကြိမ်းဝါးပြီး ခြေသလုံးနှင့် လက်ဖျံများကို ခြောက်လုံးပြူးသေနတ်ဖြင့် ပစ်ချိုးပစ်သည်။ ကိုစောထွန်းဦးအား လူမဆန်စွာ ညှဉ်းဆဲသဖြင့် သတိမဲ့သွားရသည်။ သူနှင့်ကိုစောထွန်းဦးကို စစ်လေယာဉ်ငယ်တစ်စီးဖြင့် ညောင်ဦးဘက်ဟု ထင်ရသည့် ယာယီဆေးရုံပြုလုပ်ထားသော အမှတ် (၉၀) စီအာအက် (90 C.R. S)ဆေးရုံသို့ပို့ပေးသည်။ ကိုစောထွန်းဦးသည် စစ်လေယာဉ်စီးရင်း သတိမရဖြစ်နေရာမှ ပါးစပ်မှ "ဒက်ဒီ" "ဒက်ဒီ"ဟုခေါ်ပြီး သူ့သခင်အား အင်္ဂလိပ်စကားဖြင့် အမျိုးမျိုးတောင်းပန်စကားပြောကြောင်း။

"ကိုသာကျော်" "ကိုသာကျော်"ဟု ခေါ်ကာ အမျိုးသားလွတ်လပ်ရေးအတွက် မဆုတ်နစ်သောဇွဲ့သတ္တိဖြင့် ဆောင်ရွက်သွားရန် တဖွဖွပြောကြောင်း။ ကိုစောထွန်းဦး အသက်အန္တရာယ်ရှိကြောင်းတို့ကို ကိုမောင်စိန်လှပြောပြသည်။ ကိုမောင်စိန်လှကပင် ဆက်လက်ပြီး အမှတ် (၉၀)ဆီအာအက်တွင် မျက်နှာဖြူဆရာဝန်နှင့် မျက်နှာဖြူသူနာပြုများဖြင့် ပြုစုကြောင်း။ သူ့အား "စစ်သုံ့ပန်း" (P.O.W.)တံဆိပ်ပါသော အင်္ကျီကို ဝတ်ပေးကာ စစ်သုံ့ပန်းအဖြစ်ထားကြောင်း။ သူဒဏ်ရာများ မကျက်မီ ဆေးရုံမှ အလစ်ထွက်ပြေးလာကြောင်း။ ကောင်းစွာမထောက်နိုင်သေးသော ခြေထောက်များကို အားထားပြီး မိုင်လေးရာကျော်ဝေးကွာသော မန္တလေးမှ ရန်ကုန်မြို့သို့ ၁၆ရက်ကြာထော့နင်းထော့နင်း ပြေးလာရကြောင်းတို့ကို ပြောပြသွားပါသည်။

ကိုမောင်စိန်လှတို့အား ဗြိတိသျှနယ်ချဲ့စစ်တပ်မှ လူမဆန်စွာ ညှဉ်းဆဲပြီး စစ်လေယာဉ်ငယ်ဖြင့် တင်ဆောင်သွားရာ သေသည်ရှင်သည်ကို မသိ ဖြစ်နေကြောင်းတို့ကို အထပ်ထပ်အလီလီတင်ပြထားပြီးဖြစ်သည့်ပြင် ကျနော်တို့အားလည်း မိသားစု ညီရင်းတူရင်းသဘွယ် ခင်မင်နေပြီဖြစ်သဖြင့် ကိုမောင်စိန်လှအားခေါ်လာရေးကို တပါတည်း ဗိုလ်ချုပ်တို့ထံ ခွင့်ပန်နေစရာမလိုပြီ။ ကိုမောင်စိန်လှကို တပါတည်း ဗိုလ်ချုပ်အိမ်သို့ခေါ်လာလေ၏။ သဘောဖြူစင်ပြီး သိမ်မွေ့စွာနေထိုင်တတ်သော ကိုမောင်စိန်လှကို တစ်ပတ်ပင်မပြည့်မီ ဗိုလ်ချုပ်တို့တစ်အိမ်သားလုံး ခင်မင်သွားကြပါသည်။ လူမမာတစ်ပိုင်းဖြစ်နေသော ကိုမောင်စိန်လှအား ဝိုင်းဝန်းကူညီပြုစုကြပါသည်။ ကျနော်တို့သုံးဦးအား စားသောက်နေထိုင်ရေးသာမက ဝတ်ဆင်ရေးပါ ဗိုလ်ချုပ်တို့ကူညီကြပါသည်။

## အသေရရ ကွန်မြူနစ်သင်တန်း

ကွန်မြူနစ်သင်တန်းကို ဖွင့်လှစ်တော့မည်။ ကွန်မြူနစ်ဝါဒရေးရာတွင် ပါရဂူတစ်ဆူဟု နာမည်ကြီးနေသော သခင်စိုးကိုယ်တိုင် သင်ကြားပို့ချမည်ဟု ဟိုးလေးတကျော်ဖြစ်နေသည်။ ဗြိတိသျှနယ်ချဲ့စစ်တပ်ထံအကြွင်းမဲ့လက်နက်ချရမည်ဆိုသော ဘရောက်ဒါဝါဒဆိုးမှ သက်ဆင်းလာသည့် ဗမာပြည်ကွန်မြူနစ်ပါတီ၏လက်ငင်းလမ်းစဉ်ကို တရွေးသားမျှ ကျနော်လက်မခံ။ သို့သော် နိုင်ငံရေးသဘောတရား၊ ကွန်မြူနစ်သဘောတရား၊ ဆိုရှယ်လစ်သဘောတရားများကိုကား အသေရရ အရှင်ရရ ကျနော်ဆည်းပူးလိုသည်။ ယင်းကြောင့် ကျနော်တို့ ကွန်မြူနစ်သင်တန်းတက်မည်။ ကျနော်တို့မည်သူများဖြစ်သည်။ ရခိုင်ပြည်တွင် မည်သို့ဆောင်ရွက်ခဲ့ကြသည်ဟု အကြောင်းစုံပြပြီး ဗားကရာလမ်းရှိ ဗကပဌာနချုပ်တွင် စာရင်းသွားသွင်းကြ၏။

ဗကပထိပ်သီးတစ်ဦးဖြစ်သော သခင်သန်းထွန်းအား ဘုဘောက်ပြုထားသည့် ကျနော်တို့နှစ်ဦးအား ကွန်မြူနစ်သင်တန်းတက်ခွင့်ပြုလိုသောစေတနာကို ဗကပဌာနချုပ်မှမပြ။ အထူးသဖြင့် ထိုစဉ်က သင်တန်းရေးရာကိစ္စများကို ကိုင်တွယ်နေသော သခင်ကျော်ငြိမ်း (အာတီတီ)က မျက်နှာကြီး ရှစ်ခေါက်ကျိုးနေသည်။ မျက်မှောင်ကုတ်နေသည်။ မည်သို့ဖြစ်စေ ကွန်မြူနစ်သင်တန်းကို တက်ဖြစ်အောင်တက်မည်။ သင်တန်းတက်၍ တားမြစ်လျှင်လည်း တက်မည်။ လက်သီးဖြင့် ဝိုင်းထိုးက ဒုတ်ဖြင့် ခုခံမည်။ ဒုတ်ဖြင့် ဝိုင်းရိုက်၍ မသေလျှင် ဓားဖြင့်ဝင်ခုတ်မည်ဟု စိတ်တူသဘောတူ မိုက်ကန်းကန်းဆုံးဖြတ်ချက်ချထားသော ကျနော်တို့နှစ်ဦး ရှေ့ဆုံးမှ နေရာယူပြီး တက်ကြသည်။

သင်တန်းတွင် ရှေ့ဆုံးမှနေရာကို နှစ်ရက်သုံးရက်သာ ကျနော်တို့ လုယူထိုင်ရသည်။ ထိုနေရာသည် ကျနော်တို့နှစ်ဦး၏ ပုံမှန်နေရာဖြစ်သွား၏။ သင်တန်းသားတစ်ချို့အား ဗကပဌာနချုပ်မှပေးထားသော အနုပဋိလောမရုပ်ဝါဒစာတမ်းကို ကျနော်တို့အားမပေး။ သခင်စိုးရွတ်ဆိုပေးသော အနုပဋိလောမ ရုပ်ဝါဒမှ စာလုံးစာပိုဒ်များကိုလည်းကောင်း၊ သခင်စိုးရေးဆွဲပြသော ဇယားပုံကြမ်းများကိုလည်းကောင်း၊ ကျနော်တို့ရေးကူးခြင်းလုံးဝမပြု။ အပြည့်အဝအာရုံစိုက်ပြီး သင်ကြားယူသည်။ ကျနော်သည် ငယ်စဉ်ကလေးဘဝကပင် သူမတူအောင် ဆော့သည်။ ကျောင်းသင်ခန်းစာများကို နာရီပေါင်းများစွာ ကျက်မှတ်ရမည်ကိုလည်း ကြောက်သည်။ သို့နှင့် ကျနော့်တွင် အလေ့အထတစ်ခုရှိလာသည်။ ကျောင်းဆရာသင်ကြားချိန်တွင် အပြည့်အဝအာရုံစိုက်ပြီး ရာနှုန်းပြည့်မှတ်မိအောင် သင်ကြားယူသည်။

ကျောင်းမှဆင်း၍ အိမ်ရောက်လျှင်ရောက်ချင်း တနေ့သင်ကြားယူခဲ့သော သင်ခမ်းစာများကို ကောင်းစွာ အပြည့်အဝမှတ်မိသည် မမှတ်မိသည်ကို မိမိကိုယ်ကို မိမိစစ်ဆေးသည်။ အပြည့်အဝမမှတ်မိချက်များလည်း ရှိသေးလျှင် သင်ခန်းစာစာအုပ်ကို ဖွင့်ပြီး အပြည့်အဝမှတ်မိအောင်ထိ လေ့ကျင့်ယူသည်။ အပြည့်အဝ ရပြီဆိုလျှင်ကား နောက်တစ်နေ့ကျောင်းမတက်မှီထိ စာအုပ်ကို မကိုင်တော့။ ဆော့ပြီးလျှင် ဆော့၍ အချန်ကုန်သွားသည်။

သခင်စိုးသင်ကြားပြသနေသော အနုပဋိလောမရုပ်ဝါဒကိုလည်း ဤနည်းဖြင့် ကျနော်သင်ကြားယူ၏။ တနေ့တာသင်တန်းပြီး၍ အိမ်သို့ပြန်ရောက်လျှင်ရောက်ချင်း သခင်စိုး တစ်နေလုံးသင်ကြားခဲ့သော အနုပဋိလောမ ရုပ်ဝါဒမှ ဝါကျများ၊ စာပိုဒ်များကိုလည်းကောင်း၊ ဇယားများ၊ ပုံကြမ်းများကိုလည်းကောင်း၊ မှတ်ဉာဏ်ထဲမှထုတ်ယူပြီး လက်ရေးလှလှဖြင့် ရေးကူးရေးဆွဲလုပ်သည်။ ကျနော်တို့နှစ်ဦးအား အပေါ်ယံကြည့်လျှင် ရှေ့ဆုံးမှထိုင်ပြီး အနုပဋိရုပ်ဝါဒလောမရုပ်ဝါဒနှင့် သခင်စိုးကို ပြက်ရယ်ပြုသလို မြင်နိုင်၏။ သို့သော် ကျနော်တို့ တကယ်ပြက်ရယ်ပြုနေသည်မှာ ကွန်မြူနစ်ဗျူရိုကရက်တစ်ဦးကိုသာ ဖြစ်နေသည်။

ကွန်မြူနစ်စကားများကို ဟိတ်ကြီးဟန်ကြီး လေလုံးထွားထွားဖြင့် ပြောပြီးမျက်မှောင်ကုတ်လျက် ဗျူရိုကရက်ဆန်သော ဦးကျော်ငြိမ်း (အာအီးတီ)ကို ကျနော်တို့ တကယ်ပျက်ရယ်ပြုပါသည်။ ဗိုလ်ချုပ်အိမ်တွင် နေ့စဉ်လိုလို သားစိမ်း ငါးစိမ်းများဖြင့် ကျနော်တို့ စားသောက်ကြရပါသည်။ တခါတခါ အိမ်သားများအားလုံး တစ်နေရာသို့သွားကြ၍ ဈေးဝယ်မပေးခဲ့ဘဲ ကျနော်တို့အား ဈေးဝယ်ရန် ငွေအပ်ခဲ့လျှင် ချက်ပြုတ်ရေးတာဝန်

ယူထားသော ကိုမောင်လှကျော်လည်း ဈေးမဝယ်။ ကျနော်လည်း ဈေးသွားမဝယ် (ယနေ့ ကျနော် သားစိမ်း ငါးစိမ်း ဈေးသွားမဝယ်ဘူးသေးပါ) ဖြစ်တတ်သည်။ ဤနေ့မျိုးကြုံလျှင်ပင် အနိမ့်ဆုံးအဆင့်အနေဖြင့် အိမ်တွင် အဆင်သင့်ရှိသော ငါးရံ့ခြောက်ဖြင့် ကျနော်တို့စားကြရသေး၏။ ကွန်မြူနစ်သင်တန်း ရဲဘော်များထဲတွင် ဗကပခေါင်းဆောင်များက ဗြိတိသျှစစ်တပ်ထံ အကြွင်းမဲ့လက်နက်ချရမည်ဆိုစေကာမူ ကျနော်တို့ကဲ့သို့ လက်နက်ဝှက်ထားသော ရဲဘော်များကိုလည်း ကြုံတွေ့ရသည်။ ထိုရဲဘော်များကို စိတ်ရောကိုယ်ပါ ကျနော်တို့ ပေါင်းသင်းပြီး ဗိုလ်ချုပ်အိမ်တွင် တစ်နပ်တစ်လေ ထမင်းဖိတ်ကျွေးလိုက်သေးသည်။ ကွန်မြူနစ်သင်တန်းကို အချိန်မှီတက်လိုသဖြင့် မလွှဲသာ၍ ခရမ်းသီး၊ ပဲဟင်း၊ အာလူးပဲဟင်း စသည်ဖြင့် ပဲဟင်းကို ရေလဲအမျိုးမျိုးဖြင့် ချက်ထားသော နံနက်စာထမင်းတစ်နပ်စီကို ကျောင်းတွင် စားကြရ၏။ ကွန်မြူနစ်ဗျူရိုကရက် ဦးကျော်ငြိမ်း (အာအီးတီ) ရှေ့တွင် လက်မှတ်ထိုးပြီးမှ ထမင်းစားခွင့်ရသည်။ မျက်မှောင်ကုတ်လျက် ဟိတ်ကြီးဟန်ထွားနေသော ဦးကျော်ငြိမ်းရှေ့ရှိ စာရင်းတွင် ကျနော်တို့နာမည်ကို ပြခိုင်းသည်။ လက်မှတ်ထိုးရမည့်နေရာကို ပြခိုင်းသည်။ စာလုံးဝမတတ်သူကဲ့သို့ ကြက်ခြေခတ်လက်မှတ်ကို လက်တုန်တုန်ရီရီဖြင့် ရေးထိုးပြီး နံနက်စာ ထမင်းတစ်နပ်စီကို ကျနော်တို့ စားကြ၏။ ကျနော်တို့အား အကြောင်းမသိသော သင်တန်းတက်ဘက်ရဲဘော်များက ဘာလူမျိုးလဲဟု မေးလေ့ရှိသည်။ တောတောင်ထူထပ်သော ရခိုင်ပြည်ကို ရည်မှန်းပြီး "တောင်ပေါ်ကပါ"ဟု တိုတိုတုတ်တုတ် ကျနော်တို့ အဖြေပေးကြသည်။ သူတို့ထပ်၍ "စာမတတ်ဘူးလား"ဟု မေးမြန်းစပ်စုလာလျှင် မေးမြန်းသူရဲဘော်၏မျက်နှာကို ခပ်ပြုံးပြုံးစိုက်ကြည့်ပြီး ကျနော်တို့ ခေါင်းလည်း မငြိမ့်၊ ခေါင်းလည်းမခါ၊ ပြုထားလိုက်၏။ ကျနော်တို့မျက်နှာကို အကဲခတ်ပြီး မေးမြန်းသူရဲဘော်က ယူဆချင်သလို ယူဆသွားနိုင်၏။ "စာမတတ်ဘူးလား"ဟုမေးလာလျှင် ကျနော်တို့တစ်ကြိမ်တစ်ခါမျှ အဖြေမပေးချေ။

ကွန်မြူနစ်သင်တန်းတက်ပြီး မကြာမြင့်မှီပင် ကွန်မြူနစ်သဘောတရားရေးရာ ပါရဂူဟုနာမည်ကြီးနေသော သခင်စိုး၏မရေမရာသော အိမ်ထောင်ရေးပြဿနာနှင့်ပတ်သက်ပြီး ကျန်ဗကပထိပ်သီးများနှင့် သခင်စိုး သဘောကွဲနေကြောင်း၊ မကြာမီ ပါတီကွန်ဂရက်ခေါ်ကာ ဗကပအထွေထွေအတွင်းရေးမှူးနေရာမှ သခင်စိုးအား ဖြုတ်ချတော့မည်ဖြစ်ကြောင်း စသည်တို့ကို သိလာရ၏။ အနုပဋိလောမ ရုပ်ဝါဒစာတမ်းပြီးဆုံးရန် နီးလာလေလေ သခင်စိုး၏မရေမရာ အိမ်ထောင်ရေး ပြဿနာထိပ်တန်းရောက်လာလေလေ ဖြစ်လာသည်။ သူ့ဘက်သား ငါ့ဘက်သားဟူ၍ အိမ်ကြီးထဲ အိမ်ငယ်ဆောက်သလို ဗကပထဲ ဂိုဏ်းဂနအုပ်စုများ မှိုလိုပေါက်နေ၏။ သခင်စိုး၏ မရေရာသော အိမ်ထောင်ရေးပြဿနာကို မည်သို့ဖြေရှင်းကြမည်နည်း။ ဖဆပလဌာနချုပ်နှင့်တကွ တပြည်လုံးတွင် နိုင်ငံရေးသြဇာတိက္ကမ ကြီးထွားနေသော ဗကပမည်သို့ဖြစ်လာမည်နည်းဟူသောအရေးအခင်းကို ဗကပများသာမက လက်ဝဲဝါဒီများကလည်း စိတ်ဝင်စားစွာ အမျိုးမျိုး ဝေဖန်ပြောဆိုနေကြသည်။

## ပြည်သူ့အရေးတော်ပုံ (ဆိုရှယ်လစ်ပါတီ)

## ပါတီကိုထူထောင်ခြင်း

ဗကပနှင့်တစ်ပါတီဖြစ်ရေးကို လုံးပမ်းအားထုတ်ခဲ့သော ပြည်သူ့အရေးတော်ပုံပါတီသည် တစ်ပါတီအဖြစ် တည်ဆောက်မရနိုင်သည့် အခြေအနေသို့ရောက်သွားရာ လူလူချင်းခေါင်းပုံဖြတ်မှုကင်းသော ဆိုရှယ်လစ်လူ့ဘောင်သစ်တည်ဆောက်ရန် အဓိကရည်မှန်းချက်ချပြီး ၁၉၄၅-ခု၊ စက်တင်ဘာလ ၁ရက်တွင် ဆင်းဒဝစ်လမ်းရှိ ဦးကျော်ငြိမ်းအိမ်တွင် စတင်ဖွဲ့စည်းထူထောင်ကြပါသည်။ ဖက်ဆစ်ဂျပန်တပ်များနှင့်အတူ တနင်္သာရီဘက်သို့ လိုက်ပါသွားရသော သခင်မြအား ပါတီဥက္ကဋ္ဌနာယကအဖြစ် တင်မြှောက်ပါသည်။ လက်ငင်း အဓိကရည်မှန်းချက်မှာလည်း ဗကပကဲ့သို့ အစွန်းတစ်ဖက်ရောက်သည့် ဗြိတိသျှစစ်တပ်ထဲ အကြွင်းမဲ့လက်နက်ချအပ်ရမည့် လမ်းစဉ်မဟုတ်။ ဗြိတိသျှနယ်ချဲ့ထံမှ စည်းရုံးရေး၊ နိုင်ငံရေးဖြင့် လူထုလူတန်းစားတိုက်ပွဲများ အုံကြွမှုများဖြင့် လွတ်လပ်ရေးကို အရေးဆို၍ မရလျှင်လက်နက်ဖြင့် တိုက်ပြီးလွတ်လပ်ရေးကို အရယူမည် ဆိုသည့်သမာသမတ်လမ်းစဉ်ဖြစ်သည်။ ကျနော်တို့ ကြိုက်နှစ်ခြိုက်သောလမ်းစဉ်ဖြစ်နေ၏။

ကျနော်တို့ တက်ရောက်သင်ကြားလျက်ရှိသော ကွန်မြူနစ်သင်တန်းနှင့် ဆိုရှယ်လစ်သင်တန်းပြီး၍ မကြာမှီပြည်သူ့အရေးတော်ပုံ (ဆိုရှယ်လစ်)ပါတီကို ဦးကျော်ငြိမ်းအိမ်တွင် သခင်မြ၊ ဗိုလ်ချုပ်နေဝင်း (ယခု နိုင်ငံတော်သမတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်း)၊ ကိုဗဆွေ (ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သော ဦးဗဆွေ) ကိုကျော်ငြိမ်း နှစ်ပေါင်းအတော်ကြာ အမျိုးသားစီးပွားရေးစီမံကိန်း ကို ကိုင်ခဲ့သော အမျိုးသားစီးပွားရေး ဝန်ကြီးဟောင်း ဦးကျော်ငြိမ်း)၊ ကိုအောင်ကြီး (ဗမာ့တပ်မတော် ဗိုလ်မှူး ချုပ်ဟောင်းအောင်ကြီး) ကိုမောင်မောင်(ဗမာ့တပ်မတော်ဗိုလ်မှူးချုပ်ဟောင်းမောင်မောင်)၊ ကိုလှမောင် (ယခု သံအမတ်ကြီး ဦးလှမောင်)၊ ဦးကိုကိုကြီး (ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဟောင်း ဦးကိုကိုကြီး) တို့က စတင်ဖွဲ့ စည်းထူထောင်ခြင်းဖြစ်ပါသည်။ ကျနော်တို့သုံးဦးမှာ ရက်သတ္တပတ်ခန့် ဦးကျော်ငြိမ်းအိမ်တွင် တည်းခိုနေထိုင် ခဲ့ဘူးကြရာ အိမ်ရှင်မိသားစုထဲ ပါဝင်နေသူများလို ဖြစ်နေကြသဖြင့် ကြွလာကြသောသူများအား ကော်ဖီ၊ မုန့်၊ ဆေးလိပ်စသည်များနှင့် ဧည့်ခံရာတွင်လည်း ကျနော်တို့ပင် ဧည့်ခံကြရ၏။

ဆိုရှယ်လစ်အလံတော်နှင့် ဆိုင်းဘုတ်တင်ရာတွင်လည်း ကျနော်တို့ကပင် ကမကထပြုကြရ၏။ စည်းဝေးပွဲအပြီး ကျန်ရှိနေသောကော်ဖီနှင့် မုန့်များကို အဝအပြဲစားသည်မှာလည်း ကျနော်တို့ပင် ဖြစ်ကြရတော့ ၏။

## ထီးလိုနန်းလို

သခင်စိုး၏မရေရာသော အိမ်ထောင်ရေးပြဿနာနှင့် ပါတီကွန်ဂရက်ကျင်းပရေးတို့ကြောင့် အနုပဋိလောမ ရုပ်ဝါဒပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ဆက်လက်တက်ရန် သတ်မှတ်ထားသော သင်တန်းကို ရပ်စဲပစ်ကြသည်။ ၁၉၄၂ခု ဗြိတိသျှနယ်ချဲ့ တော်လှန်ရေးကာလကပင် ကျနော်နှင့်ခင်မင်ရင်းနှီးသော ကိုကျော်ရင်(ဗကပ ဗဟိုကော်မတီဟောင်း ကွယ်လွန်သွားသော မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်) နှင့် ကျနော်

ကျင်းပဆဲဖြစ်သော ဗကပကွန်ဂရက်ကိစ္စနှင့် ပတ်သက်၍အတော်အသင့် ဆွေးနွေးကြရပါသည်။ ကိုကျော်ရင်က ဗကပထဲတွင် ဦးသိန်းဖေမြင့်အား လိုလားသောသူများနှင့် လေထီးဆင်းများလက်ဦးမှုနှင့် ခေါင်းဆောင်မှုရရှိနေကြောင်း ဦးသိန်းဖေမြင့်အား ဗကပအထွေထွေအတွင်းရေးမှူးအဖြစ် တင်မြှောက်ကြတော့မည်ဖြစ်ကြောင်း ကျနော်တို့အားလည်း ပါဝင်လာစေလိုကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြသည်။ ကျနော်က ဦးသိန်းဖေမြင့်အားဖြစ်စေ၊ မည်သူ့အားဖြစ်စေ ဗကပအထွေထွေအတွင်းရေးမှူး တင်မြှောက်မြှောက် ကျနော်တို့ထောက်ခံမည်။ ဗြိတိသျှစစ်တပ်ထံ အကြွင်းမဲ့ လက်နက်ချရေးလမ်းစဉ်ကို ကျနော်တို့ တိုက်ဖျက်လိုသည်။ သူတို့ထောက်ခံနိုင်မည်လားဟု သူ့အားကျနော်မေးမြန်းလိုက်သည်။ အကြွင်းမဲ့လက်နက်ချလမ်းစဉ်ကို ပါတီကွန်ဂရက်တွင် ကျနော်တို့ ခေါင်းဆောင်ပြီးတိုက်ဖျက်ရမည်ဆိုကလည်း ကျနော်ခေါင်းဆောင်တိုက်မည်။ ဤလမ်းစဉ်ကို သူတို့နှင့် ကျနော်တို့ ပူးတွဲတိုက်ဖျက်မည်ဆိုလျှင် ဗကပကွန်ဂရက်သို့ ကျနော်တို့တက်မည်ဟု သူ့အားကျနော်ပြတ်ပြတ်သားသားရှင်းပြသည်။ သူ့ထံမှ တိကျသောအဖြေမပေး။ ခပ်လုံးလုံးဖြေသည်။ ယင်းကြောင့် သကောင့်သားကျနော်တို့နှစ်ဦး ဗကပကွန်ဂရက်သို့ တက်ခွင့်ရှိလျက်နှင့်မတက်ကြ။ အကယ်၍သာ နိုင်ငံရေးလမ်းစဉ်ကို အဓိကမထားဘဲ မိမိနေရာကောင်းရရေးကို အဓိကထားလျှင် ကိုကျော်ရင်တို့နှင့်ပူးပေါင်းပြီး နေရာယူက နေရာကောင်းရနိုင်ဘွယ် အခြေခံများရှိသည်။ ဤကိစ္စနှင့်ပတ်သက်၍ သခင်တင်မြက သူ၏ဘုံဘဝမှာဖြင့် စာအုပ်တွင် "ပါတီကွန်ဂရက်သို့ ရဲဘော်တိုင်းပင် မဲပေးနိုင်သည့်ကိုယ်စားလှယ်အဖြစ် တက်ရောက်လိုကြပါသည်။ အချို့ကိုယ်စားလှယ်များမှာ အကြံဉာဏ်သာပေးနိုင်သော ကိုယ်စားလှယ်အဖြစ် သို့မဟုတ် ဧည့်သည်အဖြစ်သာ တက်ရောက်ခွင့်ရသည့်အတွက် ကွန်ဂရက်သို့မတက်ရောက်ဘဲ ပြန်သောသူများလည်း ရှိပါသည်။ ကွန်ဂရက်သို့ တက်ရောက်ခွင့်ရသော်လည်း ပါတီကချမှတ်ထားသည့် ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး သဘောထားကို လက်မခံသဖြင့် ကွန်ဂရက်မတက်တော့ဘဲ ပြည်သူ့အရေးတော်ပုံပါတီသို့ ကူးပြောင်းသွားသူများလည်းရှိကြပါသည်။ ထိုရဲဘော်များမှာ ရခိုင်မှ ဘုံပေါက်သာကျော်နှင့် မောင်လှကျော်၊ ရေနံမြေမှသခင်လွင်၊ (ယခု ပမညတခေါင်းဆောင်ဟောင်း သခင်လွင်) တို့ဖြစ်ကြပါသည်။ မြန်အောင်မှ သခင်ချစ်မောင် (ယခု ဖဆပလဝန်ကြီးဟောင်း)နှင့် ဟင်္သာတမှ ကိုတင်ထွန်း (ယခု ဒုဗိုလ်မှူးကြီးဟောင်း တင်ထွန်း ပလက) တို့မှာ မူလက ပြည်သူ့အရေးတော်ပုံပါတီမှဖြစ်ပြီး ပါတီကွန်ဂရက်သို့ လေ့လာသူအဖြစ် တက်ရောက်ရန် ဗိုလ်အောင်မင်း၏ထောက်ခံချက်ဖြင့် ရောက်လာကြသော်လည်း ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးသဘောတရားပင် လက်မခံနိုင်သဖြင့် ကွန်ဂရက်သို့မတက်ဘဲ ပြန်သွားကြသည်ဟု သိရပါသည်"ဟု ရေးသားဖော်ပြထား၏။

သခင်တင်မြက သူ၏ ဘုံဘဝမှာဖြင့် စာအုပ်တွင် ယင်းပါတီကွန်ဂရက်တွင် ကိုကျော်ရင် (ကွယ်လွန်ပါမောက္ခချုပ်)တို့ နေရာယူခဲ့ခြင်းနှင့်ပတ်သက်ပြီး ရေးသားရာတွင် ယင်းပါတီကွန်ဂရက်က သခင်စိုးအား ၂နှစ် ပါတီဝင်အဖြစ်မှ ရပ်စဲထားရန်သဘောတူပြီး ကွန်ဂရက်နောက်ဆုံးနေ့ဖြစ်သော ဇူလိုင်လ ၂၇ရက်တွင် ဗဟိုကော်မတီရွေးရာတွင် သခင်တင်မြနှင့် မစောမြတို့ မဲအရနည်းခြင်းကို အောက်ပါအတိုင်း ရေးသားထား၏။

"မူလစာရင်းတင်စဉ်က ဗဟိုကော်မတီအဖြစ် လျာထား၍ စာရင်းတင်ပြခဲ့သော မစောမြနှင့် ကျနော်မှာ မဲအရနည်းသဖြင့် သဘာပတိသခင်သန်းထွန်းက ကျနော်တို့နှစ်ယောက်နှင့်ပတ်သက်၍ ကွန်ဂရက်သို့ ဆန္ဒ

ထပ်တောင်းပါသည်။ ကိုယ်စားလှယ်များက သခင်သန်းထွန်း၏တင်ပြချက်များကို ထောက်ခံကြောင်း ဆန္ဒပြုကြသည်။”ဟု ရေးသားထားသည်။ ဘရောက်ဒါဝါဒမှ သက်ဆင်းလာသည့် ဗြိတိသျှစစ်တပ်ထံ အကြွင်းမဲ့ လက်နက်ချရမည်ဆိုသော ဗကပ၏လက်ငင်းနိုင်ငံရေး လမ်းစဉ်ကို လက်မခံသော ကျနော်တို့နှစ်ဦးက ဗကပ ကွန်ဂရက်သို့လည်း မတက်ကြ။ အမျိုးသားလွတ်လပ်ရေးကို အသက်ဖြင့် ဖလှယ်ရန် ကျနော်တို့ အဆင်သင့် ဖြစ်နေ၏။

ဗကပကွန်ဂရက်ပြီးသွားလေပြီ။ သခင်စိုး၏မရေမရာသော အိမ်ထောင်ရေးပြဿနာနှင့် ပါတီကွန်ဂရက် ကျင်းပရေးကိစ္စတို့ကြောင့် ရပ်ဆိုင်းထားခဲ့သော ကွန်မြူနစ်သင်တန်းပြန်ဖွင့်ရန် ကျနော်တို့စောင့်ကြသေး၏။ ကွန်မြူနစ်သင်တန်းဖြစ်ပေါ်မလာခဲ့။ ဦးကိုကိုကြီး ဖဆပလခေတ်(ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဟောင်း) ခေါင်းဆောင်ပြီးဆိုရှယ်လစ်သင်တန်းကို ကြည့်မြင်တိုင် တရုတ်ကျောင်းလမ်းရှိ တိုက်တစ်တိုက်တွင် သင်တန်းပေးပါသည်။ အထူးသဖြင့် ဆိုရှယ်လစ်ပါတီသင်တန်းဆိုသည်ထက် ဦးကိုကိုကြီးခေါင်းဆောင်ပြီး ဆိုရှယ်လစ် ရေးရာသဘောတရားများ၊ နိုင်ငံတကာရေးရာများကိုဆွေးနွေးကြသည်ဆိုလျှင် ပိုသင့်လျော်မည်ထင်ပါသည်။ ယင်းဆွေးနွေးပွဲသို့ ကိုမောင်လှကျော်နှင့် ကျနော်အမြဲတစေတက်ရောက်ကြ၏။ အခါခါ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့အိမ်တွင်လည်း ဆွေးနွေးပွဲပြုကြရာ ဒေါ်ခင်မျိုးချစ်ကိုယ်တိုင် တက်ရောက်၏။ ဤမျှသင်ကြား ရုံဖြင့် နိုင်ငံရေးသဘောတရားရေးကို အငမ်းမရလိုသော ကျနော် မရောင့်ရဲ။ ယင်းကြောင့် ဆိုဗီယက်ယူနီယံ နှင့်တကွ ဆိုရှယ်လစ်နိုင်ငံမှထုတ်ဝေသောစာအုပ် ဟူသမျှကို လက်လှမ်းမှီသမျှ ကျနော်ဖတ်ယူဝါးမြိုလိုက်ရပါ သည်။ မကုန်ခမ်းနိုင်သော နိုင်ငံရေးအဘိဓမ္မာနှင့် သဘောတရားများကို ကျနော်ရာသက်ပန်ဆည်းပူးသွားရန် ပိုင်းဖြတ်ထားလိုက်ပါသည်။

ဤသို့ ဦးကိုကိုကြီးခေါင်းဆောင်ပြီး ဆိုရှယ်လစ်ရေးရာသဘောတရားများနှင့် နိုင်ငံတကာရေးရာများကို ဆွေးနွေးပွဲပြုနေကြစဉ် ကိုအောင်ကြီး (ဗိုလ်မှူးချုပ်ဟောင်း) က ကျနော့်အား ယုံကြည်စိတ်ချရပြီး အားထားရ သူလည်းဖြစ်သည်။ ဆိုရှယ်လစ်ဇင်းသဘောတရားရေးရာများကို သင်ကြားပြသနိုင်မည့်သူလည်း ဖြစ်သည်။ ယင်းကြောင့် ဖွင့်လှစ်တော့မည့် ဆိုရှယ်လစ်ပါတီဌာနချုပ် နိုင်ငံရေးသင်တန်းတွင် တာဝန်ယူရန်တိုက်တွန်းလာ၏။ ကိုအောင်ကြီးအား ကျနော် ပွင့်ပွင့်လင်းလင်းဆွေးနွေးပြလိုက်ပါသည်။

အမျိုးသားလွတ်လပ်ရေးကို လက်နက်ကိုင်တော်လှန်ရေးနည်းဖြင့် အရယူရန် ကျနော့်အသက်ကိုစွန့်လှူ ရန် ကျနော်ဝန်မလေး။ ထို့အတူ အလုပ်သမား လယ်သမားများ၏ ကောင်းစားရေးနှင့် ဘဝလွတ်မြောက်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့အတွက် ဆောင်ရွက်ရန်၊ သက်စွန့်ကြိုးပမ်းကြိုးစားရန် ကျနော်ဝန်မလေး။ သို့သော်ရခိုင်ပြည်တွင် ဗြိတိသျှနယ်ချဲ့စစ်အစိုးရက ဝါးရမ်းထုတ်ဆင့်ထား၍ပြေးလွှားတောပုန်းနေရသော ဆရာတော်ဦးစိန္တာနှင့် ရဲဘော်များလည်း ရှိကြသည်။ ကြိုးမိန့်နှင့် ထောင်ဒဏ်ခံနေရသော နိုင်ငံရေးသမားများ လည်းရှိကြသည်။ ဤမျှဒုက္ခရောက်နေကြသူများကို ပစ်ပယ်မထားနိုင်။ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ် လစ်ရေးအတွက် ကျနော်ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ သက်စွန့်ကြိုးပမ်းဆောင်ရွက်ပါမည်။ ဤမှာတာဝန်မထမ်း ဆောင်နိုင်သည်ကို ခွင့်လွှတ်ပါဟု ကိုအောင်ကြီးအား ကျနော် တောင်းပန်စကား ပြောဆိုလိုက်ရပါသည်။ ကျနော်၏တင်ပြချက်အား ကိုအောင်ကြီးလက်ခံသည်။ ကိုကျော်ရင်နှင့်ပေါင်းပြီး ဗကပတွင် နေရာမယူခဲ့သလို ဆိုရှယ်လစ်ပါတီတွင်လည်း ကျနော်နေရာမယူ။ နေ့တိုင်း နာရီတိုင်း သေပွဲသို့တိုးနိုင်သည့် တောပုန်းဝရမ်းပြေး ဆရာတော်ဦးစိန္တာတို့ထံ ကျနော်ပြန်လာ၏။ ကျနော်ကား နေရာမယူတတ်၊ အခွင့်အရေးမယူတတ်သော နိုင်ငံရေးလူမိုက်မဟုတ်ပါလော။

**အသားမဲနှလုံးဖြူ**

ရခိုင်ပြည်ကိုယ်စားလှယ်အဖြစ် တာဝန်ယူခဲ့ရသည့်အတိုင်း ဗြိတိသျှစစ်အုပ်ချုပ်ရေး ကက်စဘီ လက်အောက် ရခိုင်ပြည်၏အခြေအနေများကိုလည်း တင်ပြပြီးခဲ့ပြီ။ အမျိုးသားလွတ်လပ်ရေးအတွက် ဗြိတိသျှ နယ်ချဲ့စနစ်ဆိုးကို လက်နက်စွဲကိုင်တော်လှန်ရေးထိ စိတ်တူသဘောတူဖြစ်ကြသော ဆိုရှယ်လစ်ပါတီနှင့်တကွ ဗကပရဲဘော်အချို့နှင့်လည်း နားလည်မှုယူနိုင်ခဲ့ပြီ။ အိမ်ပြန်ဖက်ဆစ်ဂျပန်တော်လှန်ရေးသမားတိုင်းအား ပေး သည့် ဗိုလ်ချုပ်အောင်ဆန်းလက်မှတ်ပါ စာရွက်နှင့် မျက်နှာဖြူမေဂျာတစ်ဦးထံမှရသော စာရွက်(အိမ်ပြန်သွား သော ဖက်ဆစ်ဂျပန်ရဲဘော်များဖြစ်၍ သက်ဆိုင်ရာတပ်ဖွဲ့များက သွားလာရေးအကူအညီပေးရန် စာရွက်ဖြစ် ပါသည်)စာရွက်ကိုယူကာ ကျနော်တို့ ရခိုင်ပြည်သို့ ပြန်ကြပါသည်။ ရန်ကုန်မှ ပြည်မြို့သို့ သွားကြ၏။ ပြည်မြို့ တစ်ဘက်ကမ်းရှိ ပဒေါင်းမြို့သို့ ကတို့ကူးပြီး ပဒေါင်းမှတောင်ကုတ်သွားသည့် စစ်မော်တော်ကားကြုံများကို ကြုံသလိုစီးကြရပါသည်။ စစ်မော်တော်ကားများသည် ပဒေါင်းမြို့မှ တောင်ကုတ်သို့ တိုက်ရိုက်မသွား။ ရခိုင်ရိုးမရှိ စစ်စခမ်းတစ်နေရာမှတစ်နေရာသို့ သွားကြသောကားများသာဖြစ်၏။

ရခိုင်ရိုးမစစ်စခမ်း တစ်လျှောက်တွင် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သော အသွင်နှစ်မျိုးနှစ်စားကို တွေ့မြင်ရ ၏။ အသားဖြူဖွေးနေသော ဗြိတိသျှစစ်ဗိုလ်နှင့် အသားမဲနက်နေသော ကပ္ပလီလူမျိုးစစ်သား။ ရိုးမတောင်ပေါ် သို့နေရောင်ဖြာလာလျှင် အပူဒဏ်မခံနိုင်၍ အင်္ကျီချွတ်ထားရသော အသားဖြူစစ်ဗိုလ်နှင့် နေရောင်ခြည်ဖြာမှ နေရောင်အောက်တွင် ထူထဲသောစစ်သိုးမွေးစောင်ကို ခြုံပြီးအိပ်နိုင်သော အသားမဲစစ်သားတို့ကို တွေ့ရှိရသည်။ မော်တော်ကားမကြုံ၍နားနေရသော၊ အိပ်ရသောစစ်စခမ်းများတွင် ကပ္ပလီစစ်သား၊ ကပ္ပလီစစ်ဘုန်းကြီးများ နှင့် ပြောရင်းဆိုရင်း လွတ်လပ်ရေးရာကိစ္စများကို ဆွေးနွေးခွင့်ကြုံတိုင်း ဆွေးနွေးကြ၏။

ကျနော်တို့က ကျနော်တို့အသက်ထက် ချစ်မြတ်နိုးသော အမျိုးသားလွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့က ပြည်သူ့တောင်းဆိုချက်ကို ဆန့်ကျင်ကာ လွတ်လပ်ရေးအာမခံချက်မပေး၍ ၁၉၄၂ခုနှစ်တွင် တပြည်လုံး လက်နက်စွဲကိုင်ပြီး ဗြိတိသျှနယ်ချဲ့ကို မောင်းနှင်ထုတ်ခဲ့ရပြီ။

အမျိုးသားလွတ်လပ်ရေးအတွက် လူမဆန်အောင် ရက်စက်ကြမ်းကြုတ်သည့် ဖက်ဆစ်ဂျပန်စစ်တပ်များ ကို တိုက်ထုတ်ခဲ့ရပြီ။ ငါတို့လွတ်လပ်ရေးအတွက် မည်မျှအင်အားကြီးသော ရန်သူတို့မဆို ငါတို့ရင်ဆိုင်မည်။ တတိုင်းပြည်လုံးလည်း လွတ်လပ်ရေးရန်သူကို လက်နက်စွဲကိုတော်လှန်ရန်ထိ အသင့်ရှိနေသည်ဟု ကျနော်တို့ အင်္ဂလိပ်ဘာသာစကားဖြင့် သူတို့အားပြောပြကြသည်။ အသားနက်ကပ္ပလီစစ်သားများနှင့် စစ်ဘုန်းကြီးများက လည်း သူတို့ဗြိတိသျှနယ်ချဲ့စနစ်အတွက် အသက်အသေခံစစ်တိုက်နေသည်မဟုတ်။ စစ်အတွေ့အကြုံစစ်ပညာ ကို ယူရင်း အာဖရိကတိုက် လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်။

အာဖရိကအမျိုးသားများ မကြာမီ လွတ်လပ်ရေးရရှိမည်။ လက်နက်ဖြင့် တွန်းလှန်ရန်လိုကလည်း လွတ်လပ်ရေးရန်သူကို လက်နက်ဖြင့် တိုက်မည်။ ငါတို့အသားမဲနက်သည်။ သို့သော် နှလုံးသားဖြူသည်။ ဗြိတိသျှစစ်ဗိုလ်များ အသားဖြူသည်။ သို့သော် နှလုံးသားမဲသည်ဟုပြောရာ သူတို့ရော ကျနော်တို့ပါ တဟောဟောရယ်မောကြရသည်။ သူတို့တွင် မရှိမဲ့ ရှိမဲ့ စုဆောင်းထားသောရိက္ခာများကိုလည်း ကျနော်တို့အား ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံကြပါသည်။

အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတွင် ဗကပခေါင်းဆောင်များက ဗြိတိသျှစစ်တပ်ထံ အကြွင်းမဲ့လက်နက် ချရမည့် တဖက်စွန်းလမ်းစဉ်ထဲ ပိတ်ဆို့သွားသော်လည်း ငါတို့တကောင်တည်းမဟုတ်ပြီ။ အမျိုးသားလွတ်လပ် ရေးအတွက် လက်နက်စွဲကိုင်ရေးဝါဒကို သူတို့ဗကပရဲဘော်အချို့ပင် လက်ခံထားကြသည်။ ပြည်သူ့အရေးတော် ပုံ (ဆိုရှယ်လစ်) ပါတီနှင့် သန်းပေါင်းများစွာသော အာဖရိကတိုက်သားများလည်း လွတ်လပ်ရေးအတွက် လက်နက်စွဲကိုင် တော်လှန်ရန်အဆင်သင့်။ နယ်ချဲ့စနစ်ဆိုးကို သင်္ဂြိုဟ်မည့် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၏ ခေါင်းလောင်းသံများ မကြာမီ မြည်ဟီးလာရတော့မည်။

**သဘောတရားတိုက်ပွဲ**

အသားမဲနှလုံးဖြူ အာဖရိကတိုက်သားတို့၏ စစ်မော်တော်ကားကြဲ့ဖြင့် လိုက်လာကြရာ ၁၉၄၆ခု စက်တင်ဘာလတွင် ရခိုင်ပြည်တောင်ကုတ်မြို့သို့ ကျနော်တို့ ရောက်သွားကြ၏။ ရခိုင်သားအတွက် ရခိုင်ပြည်တွင် သွားလာရေးအကူအညီကို မျက်နှာဖြူမေဂျာ၏လက်မှတ်ပါစာရွက်ကို မလို။ ကျနော်ဆုတ်ဖြပစ်လိုက်၏။ လှူကြဲလျှင် လှူကြဲ၊ လှေကြဲလျှင် လှေကြဲဖြင့် ဆရာတော်ဦးစိန္တာရှိရာ မြေပုံမြို့နယ် ကြာအင်းတောင်ရွာဘက်သို့ ကျနော်တို့ ဒလကြမ်းချီတက်လာကြသည်။

မမျှော်လင့်ဘဲ ဆရာတော် ဦးပညာသီဟကို ကြာအင်းတောင်ရွာ ဘုန်းတော်ကြီးကျောင်းတွင် တွေ့ဆုံရသည်။

ခရီးရောက်မဆိုက် ဆရာတော်ဦးပညာသီဟနှင့် နိုင်ငံရေးကိစ္စများကို ဆွေးနွေးကြည့်ရာ အိန္ဒိယပြည်သို့ မသွားမီ ကျနော်တွေ့ခဲ့သော ဦးပညာသီဟနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သော ဦးပညာသီဟဖြစ်နေခြင်းကို တွေ့ရသည်။

အိန္ဒိယသို့ အလည်အပတ်မသွားမီက ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်စွဲကိုင်တော်လှန်ပြီး လွတ်လပ်ရေးကိုအရယူရန် စိတ်တူဆန္ဒတူဖြင့် ဆရာတော်ဦးပညာသီဟနှင့်ကျနော် လက်နက်များ ဝှက်ခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်ကို ပြန်ချရန် ကျနော်ကိုယ်တိုင် လက်နက်များသိုဝှက်ခဲ့ရပါသည်။ ယခု ဆရာတော်သည် ဘရောက်ဒါဝါဒမှ သက်ဆင်းသော ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး တရားအရ ဗြိတိသျှနှင့်စေ့စပ်ရေး၊ လက်နက်ချရေး ဘက်တော်သားဖြစ်နေလေပြီ။ ဆရာတော်၏ဦးနှောက်ထဲ ဘရောက်ဒါဝါဒ အတုံးလိုက်အခဲလိုက် ဝင်နေသည်ကို အံ့သြဖွယ်သိရ၏။

ကြာအင်းတောင် ဆရာတော်ကြီးနှင့်တကွ ဦးပဥ္စင်းဦးဝဏ္ဏနှင့် ဆရာတော်ဦးပညာသီဟတို့ကို ကန်တော့ပြီး ကြာအင်းတောင် ဘုန်းကြီးကျောင်းမှ ကျနော်တို့ ထွက်လာကြသည်။ ဆရာတော်ဦးစိန္တာ၏တပည့်များအား လေ့လာကြည့်ရာ ဦးပညာသီဟက ဆရာတော်ဦးစိန္တာနှင့်တကွ ဝါရမ်းပြေးတောပုန်းနေကြသူတို့၊ သူနှင့်တပါတည်းလိုက်လာကြရန် ကြာအင်းတောင်နှင့်မိုင်အနည်းငယ်ခန့်သာဝေးမည့် မေလွန်းရွာအနီး မြစ်ထဲတွင် စစ်ရေယာဉ်ဖြင့် စောင့်နေမည့် မျက်နှာဖြူ ရခိုင်တိုင်းမင်းကြီးထံ လက်နက်များ ချကြရေးတို့ကို ဦးပညာသီဟတိုက်တွန်းနေကြောင်း ဆရာတော်ဦးစိန္တာနှင်သူတို့ တိတိကျကျဆုံးဖြတ်ချက်မချရသေးကြောင်းတို့ကို ကျနော်တို့အား ပြောပြကြသည်။

ခရီးကြမ်းချီလာသောကျနော်တို့ အညောင်းဖြေအနားမယူနိုင်။ ဆရာတော်ဦးစိန္တာရှိရာ မဟာမြိုင်တောစခန်းသို့ ခရီးဆက်ကြရပါသည်။ ကျနော့်ရဲဘော် ကိုသာကျော်တို့ လွတ်ရှိနေပြီဖြစ်ခြင်းကို ဦးပညာသီဟတို့ထံမှ သိခဲ့ရလေပြီ။

ဆရာတော်ဦးစိန္တာအား ထုံးစံအတိုင်း ပြုံးပြုံးရီရီဖြင့် ကျန်းမာရွှင်လန်းစွာ ဖူးမြော်တွေ့ရှိရသည်။ ဆရာတော်က ဦးပညာသီဟလက်နက်ချရေးအတွက် သူနှင့်တပါတည်းလိုက်လာရန် ခေါ်ရှိကြောင်းတို့ကိုပြောပြသည်။

ဆရာတော်နှင့်တကွ တောစခန်းတွင် ရှိနေသောသူများအား ကမ္ဘာ့နိုင်ငံတကာရေးရာအခြေအနေများ၊ အထူးသဖြင့် ဆိုဗီယက်ယူနီယံနှင့် ဆိုရှယ်လစ်နိုင်ငံများ ငွားငွားကားကားဖြစ်ပေါ်နေရာ နယ်ချဲ့လိပ်ကန်ဂိုဏ်းက ယခင်ကလို ကမ္ဘာကြီးအား ထင်သလို မချယ်လှယ်နိုင်တော့ကြောင်း။ နယ်ချဲ့စနစ်ဆိုးသည် အလုပ်သမားအညှဉ်းဆဲခံ လူတန်းစားနှင့် နယ်ချဲ့ပဋိပက္ခ၊ ကိုလိုနီနိုင်ငံများနှင့် နယ်ချဲ့ပဋိပက္ခစသည့် ပြွန်းတီးနေသော ပဋိပက္ခများအောက်တွင် ပြားပြားဝပ် ဘုံးဘုံးလဲကျဆုံးရမည့်အခြေဆိုးသို့ရောက်နေကြောင်း။ အထူးသဖြင့် ဗြိတိသျှနယ်ချဲ့အစိုးရသည် စစ်နိုင်သော နိုင်ငံဟုနာမည်သာ ရှိသော်လည်း ဒေါ်လာသန်းပေါင်းများစွာသော ကြွေးမြီများ ဖိစီးနေရာ ဗြိတိသျှနယ်ချဲ့သည် အင်အားချိနဲ့သော ဘဝသို့ရောက်နေပြီဖြစ်ကြောင်း၊ ဗမာပြည်တွင်

ဗကပခေါင်းဆောင်ပိုင်းက ဘရောက်ဒါဝါဒကို စွဲကိုင်ပြီး ဗြိတိသျှစစ်တပ်ထံ အကြွင်းမဲ့လက်နက်ချရေးကို လုပ်ကိုင်နေသော်လည်း ဗကပထဲမကြေနပ်မှုများ ပြည့်လျှံလျက်ရှိကြောင်းတို့ကို ကျနော်တို့ ကိုယ်တွေ့များဖြင့်လည်း တင်ပြသည်။

ပြည်သူ့အရေးတော်ပုံ(ဆိုရှယ်လစ်)ပါတီ၏ ရပ်တည်ချက်၊ အမျိုးသားလွတ်လပ်ရေးအတွက် လက်နက်စွဲကိုင်တော်လှန်ရေးထိ လုပ်မည့်လုပ်ငန်းစဉ်များ၊ ဆိုရှယ်လစ်ပါတီနှင့်ကျနော်တို့ နားလည်မှုယူခဲ့ချက်များကိုလည်း ကျနော် အသေးစိတ်ရှင်းပြသည်။

ဗြိတိသျှဒေါက်တိုင် လက်ရှိမြန်မာပြည်အစိုးရသည် တစ်ပြည်လုံးအုံကြွနေသော အလုပ်သမားလူတန်းစားတိုက်ပွဲများ၊ ပုလိပ်၊ စာရေးစာချီစသော အစိုးရစစ်မှုထမ်းပေါင်းစုံ လှုပ်ရှားမှုများ၊ လယ်သမားများ၏တိုက်ပွဲများနှင့် ဖဆပလစသော ပါတီများ၏ နိုင်ငံရေးတိုက်ပွဲများထဲတွင် နစ်မြုပ်သွားရမည့်အခြေအနေတွင် ရှိနေကြောင်းတို့ကိုလည်း ကျနော်ပြောပြ၏။

လွတ်လပ်ရေးမရသေး။ အမျိုးသားလွတ်လပ်ရေးကို နိုင်ငံရေး၊ စည်းရုံးရေးနည်းဖြင့်မရလျှင်၊ လက်နက်စွဲကိုင်တော်လှန်ရေးကို မလွဲသာဘဲ ဆောင်ရွက်ရအုံးမည်။ ယင်းကြောင့် ကျနော်တို့ ယခုဆောင်ရွက်နေသော လမ်းစဉ်သည် ဒုက္ခဆင်းရဲနှင့်အသက်အန္တရာယ်ကြုံနေရသော်လည်း မျှော်လင့်ချက်မရှိသော လမ်းစဉ်မဟုတ်။

မကြာမီ လက်ရှိဗြိတိသျှဒေါက်တိုင် မြန်မာပြည်အစိုးရပြုတ်ထွက်သွားပြီး ပြည်သူ့သဘောကျအစိုးရဖြစ်ပေါ်လာနိုင်ကြောင်းတို့ကို ကျနော်ဖိဖိစီးစီးပြောဆိုတင်ပြကာ လက်နက်မချရေးလမ်းစဉ်တွင် မားမားမတ်မတ်ကျနော်ရပ်တည်လိုက်၏။ ဆရာတော်နှင့်တကွ ကျနော်တို့ နာရီပေါင်းအတော်ကြာ အကြိတ်အနယ်ဆွေးနွေးကြသည်။ ဆရာတော်တို့ လက်နက်မချရေး။ ဦးပညာသီဟနှင့် လက်နက်ချရန်တစ်ပါတည်းလိုက်မသွားဟူ၍ စိတ်တူသဘောတူ အဆုံးအဖြတ်ပေးကြ၏။

ဆရာတော်ဦးပညာသီဟထံ ဆရာတော်ဦးစိန္တာတို့ လက်နက်မချ။ တစ်ပါးတည်းလိုက်လည်း မလိုက်တော့ပြီဟု အကြောင်းကြားလိုက်သည်။ ဦးပညာသီဟ သည်းမခံနိုင်အောင် ရှက်စိတ်နှင့်ဒေါသစိတ်များ မွှန်သွားသည်။ ကြာအင်းတောင်တိုက်နယ်လုံးကို အစည်းအဝေးခေါ်သည်။ ကြာအင်းတောင် ဘုန်းကြီးကျောင်းဝင်းတွင် တိုက်နယ်လူထုအစည်းအဝေးကို ဦးပညာသီဟကျင်းပသည်။

သီဟဟူသောအမည်နှင့်ကိုက်ညီသည့် ဦးပညာသီဟသည် ခြင်္သေ့သံကဲ့သို့ ဟိန်းသောအသံဖြင့် တိုက်နယ်လူထုအား ဟိန်းပြီး ခြောက်လှန့်သည်။ ဆရာတော်ဦးစိန္တာတို့ သေဘေးကြုံရတော့မည်။ ကြာအင်းတောင်တိုက်နယ်ပြည်သူ့အိုးအိမ်များ မီးရှို့ခံရတော့မည်။ ပြည်သူများ နှိပ်စက်ညှဉ်းဆဲခံရတော့မည်ဟု ဝမ်းနည်းကြေကွဲဘွယ်ပြောကာ သူ၏မျက်နှာတွင် မျက်ရည်ပေါက်များ စီးဆင်းသွား၏။ တက်ရောက်နေသော ကြာအင်းတောင်တိုက်နယ် ပြည်သူပြည်သားများကလည်း ဝမ်းနည်းသော စိတ်ဓာတ်ဖြင့် ငေးငိုင်သူငေးငိုင်၊ ဦးပညာသီဟနှင့်အတူ မျက်ရည်ကျသူကျဖြစ်သွားကြရသည်။

ဆရာတော်ဦးစိန္တာတို့လက်နက်ချရေး၊ သူနှင့်တပါတည်း လိုက်ပါကြရေးကို ဦးပညာသီဟကပြည်သူဖြင့် အကြပ်ကိုင်လိုက်ခြင်းဖြစ်ပေသည်။ ဦးပညာသီဟဟောပြောပြီးလျှင် ပြီးချင်း ကျနော် ရုတ်တရက်ထကာ ကျနော် အနည်းငယ်ပြောပါရစေဟု အစချီပြီးလျှင် ကမ္ဘာ့နိုင်ငံတကာအခြေအနေများနှင့် ဘုံးဘုံးလဲကျဆုံးနေသော ဗြိတိသျှနယ်ချဲ့စနစ်၊ ဗြိတိသျှစစ်အုပ်ချုပ်ရေး၊ ကက်စဘီလက်အောက် လူမဆန်စွာ နှိပ်စက်ခံနေရသော ရခိုင်ပြည်၏ဖြစ်ရပ်များ၊ မြန်မာပြည်တွင် အမျိုးသားလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြသောဖြစ်ရပ်များ၊ ကမ္ဘာ့သမိုင်းတွင် အမျိုးသားလွတ်လပ်ရေး တိုက်ပွဲဟူသည်မှာ လက်နက်စွဲကိုင်သော ပြည်သူလူထုနှင့် နယ်ချဲ့စနစ်ဆိုးတို့ တိုက်ရသော တိုက်ပွဲဖြစ်၍ အသက်စည်းစိမ် အိုးအိမ်များကို မစွန့်လှူဘဲ မရနိုင်။

ယနေ့ကမ္ဘာ့ထိပ်သီး အမေရိကန်နိုင်ငံပင်လျှင် ဗြိတိသျှနယ်ချဲ့ကိုလိုနီဘဝဆိုးကို လက်နက်စွဲကိုင်တော်လှန်နိုင်ခဲ့၍ ယနေ့ထိပ်သီး နိုင်ငံကြီးတစ်နိုင်ငံဖြစ်ရကြောင်းတို့အား ရှင်းပြကာ ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးအတွက် ကျနော်သွေးဆူ လှုံ့ဆော်ပေးလိုက်သည်။ ဂျပန်ငွေစက္ကူကို တရားမဝင်လုပ်ခြင်းကြောင့် ပေးစရာလည်း

ငွေမရှိ၊ ပြေးစရာလည်း မြေမရှိသော ကြာအင်းတောင်တိုက်နယ် လယ်သမားထုအား မြေခွန်မြေဆီခမပေးရေး နှင့် လက်ငုတ်လက်ရင်း လယ်ပိုင်ရေး တိုက်ပွဲဝင်ကြရန်လည်း ကျနော်တိုက်တွန်းလိုက်သည်။

ဦးပညာသီဟဟောပြောစဉ်က ငေးငိုင်နေသော၊ မျက်ရည်ကျနေကြသော ကြာအင်းတောင်တိုက်နယ် ပြည်သူများ လန်းဆပ်သွေးကြွလေပြီ။ ၁၃၀၀ပြည့်အရေးတော်ပုံကပင် စိတ်တူဆန္ဒတူ လုပ်ကိုင်ခဲ့ကြသော ဦးပညာသီဟနှင့် ကျနော် ယနေ့ ပြဒါးတလမ်း သံတလမ်းဖြစ်သွားရပြီ။ နိုင်ငံရေးသဘောတရားတွင် တဦးနှင့် တစ်ဦးဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြရပြီ။

ဦးပညာသီဟအား နောက်ထပ်မည်သည့်အတိုင်းအတာထိ မည်သည့်အချိန်ထိ ကျနော်ဆန့်ကျင်ရအုံး မည်ကိုလည်း ကျနော်မမှန်းဆနိုင်။ မည်သည့်လမ်းဆုံတွင် လက်တွဲချီတက်နိုင်မည်ကိုလည်း ကျနော်မသိ။ မြန်မာတစ်ပြည်လုံးတွင် မှော်နှောက်လျက်ရှိသော ဘရောက်ဒါဝါဒမုန်တိုင်းကြီး ရခိုင်ပြည်တွင်လည်း မှော်နှောက် နေလေပြီ။

## ဒို့ဌာနချုပ်

ဆရာတော်ဦးစိန္တာတို့ လက်နက်ချရေးအတွက် သူနှင့်တပါတည်းလို လိုက်လာကြမည်ဟု ရည်မှန်းထား သည့် ဦးပညာသီဟသည် သူ့မြော်မှန်းချက်မအောင်မြင်ဘဲ လေးပင်တပ်လှေ (ဥရောပပြိုင်လှေများကို ခြေကန် ပြီးလှော်ရသလို လူတစ်ဦး လှေတက်တတက်စီကို တပြိုင်တည်း လှော်ခတ်ရသော လှေတက်လေးတက် တပ်ဆင်ထားသည့်လှေ) ဖြင့် ပြန်သွားရသည်။

ဆရာတော်ဦးစိန္တာနှင့်တကွ ဗြိတိသျှဝါးရမ်းထုတ်၍ တောပုန်းနေကြရသော ခေါင်းဆောင်များနှင့် ကျနော်တို့ မျက်နှာစုံညီ ဒူးတိုက်ဆွေးနွေးပွဲ ကျင်းပကြပါသည်။ လက်ငင်းအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ် များကို အသေးစိတ်ဆွေးနွေးတိုင်ပင်ကြပါသည်။

မြေဆီ၊ မြေခွန်မပေးရေး၊ လက်ငုပ်လက်ရင်းမြေပိုင်ရေး တိုက်ပွဲမှ မြေအောက် လက်နက်ကိုင်တော်လှန် ရေးတပ်ဖွဲ့များ ဖွဲ့စည်းရေးထိ လုပ်ငန်းစဉ်များကို ချမှတ်ကြပါသည်။ အမျိုးသားလွတ်လပ်ရေးတွင် ဗြိတိသျှ နယ်ချဲ့စနစ်ဆိုးကို လက်နက်စွဲကိုင်တော်လှန်ရန် စိတ်တူသဘောတူဖြစ်နေကြသော ကျနော်တို့ အစစအရာရာ တွင် ဆန္ဒကွဲပြားမှု မရှိကြပါ။

သဘောကွဲပြားမှုမရှိသော ကျနော်တို့ ဌာနချုပ်သို့ ကျနော်ပြန်လာသည်။ ကျနော်တို့ဌာနချုပ်ကို မြို့ ဟောင်းမြို့နယ်၊ ပြတေးကျေးရွာဟု အများကသိကြသည်။ အမှန်မှာ ပြတေးရွာ (ရခိုင်အမျိုးသားကျေးရွာ) သည် ကျနော်တို့ ဌာနချုပ်မဟုတ်။ ပြတေးအရှေ့ဖက် ၂ဖာလုံခန့်ဝေးသည့် လောင်းရှည်ချောင်း (ခမွီးအမျိုးသား ကျေးရွာ)သာလျှင် ကျနော်တို့ဌာနချုပ်ဖြစ်၏။လောင်းရှည်ချောင်းနှင့် ကျနော်တို့မှာ တသွေးတည်း တသား တည်း။

ထိုစဉ်က ခမွီးလူမျိုးများကို "ချင်း"ဟုသမုတ်ခါ ရခိုင်လူမျိုးများက လူမျိုးရေးအရ ချိုးနှိမ်မှုပြုလျက်ရှိခဲ့ ကြသည်။ သို့သော် ကျနော်အပါအဝင် အင်္ဂလိပ်-မြန်မာစာတတ်များ ဖြစ်ကြသော မြို့ကြီးသား ကျနော်တို့ လူစုကား ဟိတ်ဟန်မထုတ်။ ဤခမွီးအမျိုးသားများကို ညီအကိုရင်းချာသဘွယ် ပေါင်းသင်းသည်။ စားအတူ အိပ်အတူနေကြသည်။ သူတို့အရေးကိစ္စများ ပေါ်ပေါက်လာလျှင်လည်း ကျနော်တို့ ကျောဖိရင်ဖိကူညီသည်။

လောင်းရှည်ချောင်းတစ်ရွာလုံးကလည်း ကျနော်တို့အား ညီရင်းအကိုသဘွယ် ချစ်ခင်ကြသည်။ မည်သည့်အိမ်တွင်မဆို ခေါင်ရည်အရက်၊ ကြက်သားသုတ်၊ ဝက်သားသုတ်၊ နွားချင်း၊ ကျွဲချင်းသုတ်စားလျှင် လည်း ကျနော်တို့အားရအောင် ဖိတ်ခေါ်ပြီး အဝအပြကျွေးမွေးသည်။

လောင်းရှည်ရွာသည် မြို့ဟောင်းမြို့မှ စစ်တွေမြို့သို့ သွားရာဘော်မြစ်၏နဖူးကမ်းပေါ်တွင် တည်ထား သည်။ ရွာ၏မြောက်ဘက်တွင် အုပ်ဆိုင်းနေသော သစ်ပင်ကြီးများ၏အလယ်တွင် ကြည်လင်အေးမြသော ကန်ကြီးတစ်ကန်ရှိသည်။ ဧကပေါင်းများစွာသော လယ်ကွင်းပြင်ကြီးသည် သံသရာချောင်းနဖူးထိ ကျယ်ပြန့်

နေ၏။ ရွာ၏တောင်ဘက်တစ်ဖာလုံခန့် ကျယ်မည့်ဘော်မြစ်ကို ကူးလိုက်လျှင် ပြူးတောပြာတော (ကနစိုထင်းတောများကဲ့သို့သောအပင်များ ချုံပုတ်ဖြင့် ထူထပ်လျှက်ရှိရာ မိကျောင်းမများ အသိုက်အအုံဖွဲ့ကာ ဥနိုင်သည်ထိ ရှုပ်ထွေးနေသောတောဖြစ်သည်) များဖြင့် ပြည့်ကြပ်ရှုပ်ထွေးနေသောတောများရှိသည်။

ယင်းတောတွင် ရာပေါင်းထောင်ပေါင်းများစွာသော ဂဏန်းများ ခိုအောင်းနေကြသည်။ ဒီရေကျဆင်းသွားလျှင် ၄ပေခန့်ရှိသော သံခွန်း(စပိုင်း ၁ပိုင်းလက်မခန့်ရှိမည့် သံလုံးကို အဖျားတွင် ခေါက်ကွေ့ထားသည့် သံချွန်း)တစ်ခုဖြင့် ထောင်ပေါင်းများစွာသော ဂဏန်းတွင်းထဲမှ ဂဏန်းများကို ကုတ်ချစ်ထုတ်ယူရသည်။ တနာရီလောက်တွင် ဂဏန်းကောင် ၅၀မှ ၇၀ထိ ရတော့၏။ ဂဏန်းများကို ကြွက်ကြွက်ဆူနေသော ရေနွေးဖြင့် ပြုတ်ကြသည်။ ဂဏန်းသားများ၊ ဂဏန်းဥများကို ထုတ်ယူပြီး သံပုရာရည်၊ ငြုတ်ရည်များဖြင့် သုတ်စားကြသည်။ လတ်ဆတ်ချိုမြသော ဂဏန်းသုတ်ကို ခေါင်ရည်ဖြင့်ဖြစ်စေ၊ အရက်ဖြင့်ဖြစ်စေ မြည်းစားရသည်မှာ အာဟာရတစ်မျိုးပင်။

ဆန်မှုန့်များကို မီးဖုတ်ကာ အဆုပ်ငယ်များဆုပ်ပြီး ရေစပ်တွင် ကြဲချထားလိုက်သည်။ တက်လာသော ဒီရေနှင့်အတူ ပါလာကြသော ပုစွန်ကြီး ပုစွန်တုတ်များသည် ကြဲချထားသော ဆန်မှုန့်ဆုတ်များကို ဝိုင်းဖွဲ့စားကြရာ ပိုက်ကွန်ငယ်တစ်ခုဖြင့် ပစ်၍ ဖမ်းယူကြရသည်။ တနာရီလောက်ဖမ်းယူလျှင် ပုဇွန်တုတ်ကြီး ပုစွန်ပြား ၅ပိသာမှ ၇ပိသာထိ ရတော့၏။

လတ်ဆတ်သော ပုဇွန်တုတ်ကြီးများကို ရွေးထုပ်ပြီး ငှက်ပျောရွက်နုဖြင့် လုံအောင်ပတ်သည်။ ငှက်ပျောရွက်ကို နွံ့စေးများဖြင့် မွမ်းမံပြီး ရဲရဲတောက်နေသော မီးခဲများတွင် ဖုတ်ထားလိုက်သည်။ မိနစ် ၃၀ခန့်ဖုတ်ထားသော ပုစွန်တုတ်ဖုတ်ကို မီးထဲမှ ညှပ်ယူပြီး အနည်းငယ်အအေးခံထားခါ ပူနွေးနေသော နွံ့ကို ခွာပစ်လိုက်လျှင် နွံ့နှင့် ပုစွန်တုတ်ခွံပါ ကွာကျသွား၏။ ပူနွေးလတ်ဆတ်သော ပုစွန်တုတ်သားကို မိမိကြိုက်သလို ဓါးဖြင့်လှီးကာ သံပုရာရေ၊ ငြုပ်ရေတို့ဖြင့် နှော၍ ခေါင်ရည်တမြမြနှင့်သောက်စားရသည့် အကောင်းဆုံးအစားအစာထက် အရသာရှိမည်ထင်ပါသည်။ (ကျနော်မည်သည့်နိုင်ငံသို့မျှ မရောက်ဘူး၍ ကမ္ဘာ့နာမည်ကြီး ဟော်တယ်များတွင် မစားဘူးပါ။ မိတ်ဆွေများ၏ ပြောစကားကိုသာ ကြားနာမှတ်သားဘူးပါသည်။)

ဂဏန်းစိမ်းကောင်များကို စားရပေါင်းများလာသောအခါ ကျနော်တို့ ရိုးရိုးဂဏန်းစိမ်းကို မစားချင်ဖြစ်လာသည်။ ဂဏန်းနွေး (ဂဏန်းမျိုးတွင် အစဉ်အလာအရ အခွံမာကို သဘာဝအလျောက် ခွာချထားပြီး တွင်းအောင်းနေသော အချိန်အခါရှိသည်။ ယင်းသို့ အခွံမာ ခွာချထားချိန်တွင် ဂဏန်းကောင်မှာ မာသောအခွံ၊ မာသောခြေလက်များမရှိတော့ဘဲ ဂဏန်းတစ်ကောင်လုံး အဆီတုံးလိုလိုဖြစ်နေသည်)များကို ရှာပြီး နှမ်းဆီစစ်စစ်ဖြင့် ကြော်စားကြသည်။ အကောင်းဆုံးမလိုင်ခဲထက်အရသာရှိ၏။ လတ်ဆတ်သော ကြွဲချင်း နွားချင်းကို ချက်ချင်း ကျက်အောင်ပြုတ်ပြီး အတုံးငယ်များလှီးကာ သံပုရာရည်နှင့် ငြုပ်သီးစိမ်းများဖြင့် သုတ်ပြီး ပူပူနွေးနွေး အဝအပြစားကြသည်။

ကျနော်တို့ထံတွင် ထမင်းတစ်နပ်စားလျှင် နို့ဆီဘူး ၃ဘူးခန့် ချက်သောထမင်းကုန်အောင် စားတတ်သူများ ရှိကြပါသည်။ နာမည်ကြီးများမှာ ကိုသာကျော်(ဗိုလ်မှူး ယခု ဆင်မလိုက်သဘော်ကျင်း ညွှန်ကြားရေးမှူး) ကိုမောင်အေး (ဖက်ဆစ်ဂျပန်တော်လှန်မည့်ဆဲဆဲတွင် အရက်မူးသမား ကျော်ဦး၏လက်ချက်ဖြင့် သေဆုံးသွားရသူ) ဦးသာထွန်းဦး( ယခု တောခို ရခိုင်ပြည် ဗကပ) နှင့် ကျနော်ဖြစ်ပါသည်။ ကောင်းမွန်သော သားငါးများဖြင့်ဖြစ်စေ၊ ဂဏန်းနွေးကြော်၊ ပုစွန်တုတ်သုတ်များဖြင့်ဖြစ်စေ၊ အဝအပြစားရသည့်အချိန်ကြုံလျှင် ကျနော်တို့ လေးဦးလောင်းကြေးဖြင့် ထမင်းစားပြိုင်ကြ၏။ ကျနော်တို့လေးဦးတစ်ယောက်ကိုတစ်ယောက် တစ်ကြိမ်တစ်ခါမျှ အပြတ်အသတ်မနိုင်၊ လက်တစ်လုံးခြားနိုင်ရေးကိုပင် အောင့်အီးစားယူကြရသည်ချည်းဖြစ်၏။

မည်သည့်ခြိမ်းခြောက်မှု၊ ရာထူးအခွင့်အထူးဖြင့် ဖျားယောင်းမှုမပါဘဲ အမျိုးသားလွတ်လပ်ရေးအတွက် အသက်စွန့်လှူရန် စိတ်တူကိုယ်တူ အိပ်အတူ ပြောမနာ ဆိုမနာနေခဲ့ကြသော ကျနော်တို့ ရဲဘော်ဘဝ ကျနော်တို့ ဘဝနှင့် တသွေးတည်း တထပ်တည်းဖြစ်နေသော ကျနော်တို့၏လောင်းရှည်ချောင်းရွာ။

ဆရာတော်ဦးစိန္တာတို့နှင့် အကြိတ်အနယ်၊ ဒေါင့်စုံဘက်စုံ၊ ဒူတိုက်ဆွေးနွေးကြပြီး၊ တာဝန်များကို ခွဲဝေယူကာ ပြန်လာကြသော ကျနော်တို့သုံးဦးလောင်းရှည်ချောင်းရွာထိပ်သို့ ရောက်လာကြပြီ။ လောင်းရှည်ချောင်းရွာကိုတွေ့လျှင် ကျနော်၏စိတ်မနေသာ အလိုလို ကြွမြူးလာ၏။ ရွာထိပ်မှရပ်ပြီး "အဝေ ဝါကြီး" "ဟေ့ ဝါကြီး"(ဝါကြီးမှာ လောင်းရှည်ချောင်းရှိ ကျနော်တို့ စားသောက်အိမ်ရှင် ခမ္မီးနာမည်ဖြစ်သည်)ဟု ကျနော် အော်ကြီးဟစ်ကျယ်ဟစ်လိုက်၏။ ကျနော့်ဟစ်သံကြောင့် ရွာမှရွာသားများရော ကျနော်တို့ရဲဘော်များပါ ထွက်လာကြသည်။

ကျနော်ဗမာပြည်သွားစဉ်က မြို့ဟောင်းရဲဌာနအချုပ်တွင် ဖမ်းဆီးခံနေရသော ကိုသာကျော်၊ ကိုကျော်ဇောနှင့်တကွ ရဲဘော်များအားလုံးကို ကျန်းမာရွှင်လန်းစွာ ပြန်လည်တွေ့ဆုံကြရပြီ။ ကျနော်တို့အားလုံး ခလေးငယ်များသဖွယ် ခုန်ပေါက်မိသည်အထိ ပျော်ရွှင်မြူးတူးသွားကြ၏။

ကျနော်တို့ပြန်ရောက်သော အထိမ်းအမှတ်အဖြစ် ကြက်သားဟင်းနှင့် အရက်ဝိုင်းပွဲကျင်းပကြလေသည်။ ကျနော်က လောင်းရှည်ချောင်းရွာတွင် တာဝန်ဖြင့် ထားခဲ့သော ရဲဘော် စောထွန်းဦးကို အရက်ဝိုင်းတွင် မတွေ့။ ယင်းကြောင့် သောက်စားကြရင်း ရဲဘော်စောထွန်းဦး ဘယ်သွားနေသလဲဟု ကျနော်စပ်စုမေးမြန်းလိုက်၏။ ရဲဘော်များရော၊ ရွာသားများပါ တိကျစွာမဖြေဆိုကြ၊ ခပ်လုံးလုံးအဖြေကိုသာ ကျနော်ရ၏။

ဖက်ဆစ်ဂျပန်တော်လှန်ရေး အမွေအနှစ်အဖြစ် ကျနော်ယူထားလိုက်သော ပစ္စည်းနှစ်ခုရှိသည်။ ဂျပန် ဓါးရှည်တစ်လက်နှင့် ခြောက်လုံးပြူးတစ်လက်၊ ယင်းပစ္စည်းနှစ်ခုကို ကျနော်အားထားယုံကြည်သော ကိုဝါကြီးထံတွင် ကျနော်အပ်နှံထားခဲ့သည်။ သောက်စားကြရင်း ယင်းပစ္စည်းနှစ်ခု ရှိသည် မရှိသည်ကို ကိုဝါကြီးအား မေးမြန်းကြည့်သည်။ သူ့လက်ထဲတွင် ရှိနေကြောင်း သူပြောရာ သူ့ထံမှ ခြောက်လုံးပြူးသေနတ်ကို ကျနော်ပြန်ယူလိုက်၏။

**စင်ပြိုင်နိုင်ငံရေးသင်တန်း**

ကျနော်တို့ဌာနချုပ် လောင်းရှည်ချောင်းရွာတွင် ကိုမောင်စိန်လှ(ယခုကျောင်းဆရာ) ကိုသာကျော် (ဗိုလ်မှူး ဆင်မလိုက်သဘော်ာကျင်း ညွှန်ကြားရေးမှူး) ကိုကျော်ဇော(ကွယ်လွန် ပြည်ထောင်စု စစ်ရဲဗိုလ်) ကိုကံကြီး (ယခု ကျောင်းဆရာ) ကိုသန်းစိန် (ဖဆပလဌာနချုပ် အတွင်းရေးမှူး ၂နှင့် နိုင်ငံတော်ကောင်စီအဖွဲ့ဝင်) ကိုလှဖြူသံ( ယခု စစ်တွေမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးလှဖြူသံ) ကိုဦးရွှေသာ (ယခု ကျောင်းဆရာ) ကိုရွှေကျော်ဦး (ယခု ရွှေပြားရပ်ကွက် ပြည်သူ့ကောင်စီဥက္ကဋ္ဌ မော်ကွန်းပထမအဆင့်) နှင့်တကွ ဦးပညာသီဟ၏ တပည့်ရင်းချာများ ဖြစ်သော်လည်း ဗကပ၏ ဟိတ်ကြီးဟန်ကြီးပြုမူချက်နှင့် ဘရောက်ဒါဝါဒကို လက်မခံသဖြင့် ကျနော်စည်းရုံးယူသော ဦးလေသာအောင် (နောင်ဖဆပလအစိုးရနှင့် လက်နက်ကိုင်တိုက်ခဲ့ရစဉ် မြို့ဟောင်းမြို့နယ်နာမည်ကြီး ရခိုင်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် အလုပ်အမှုဆောင်တစ်ဦးဖြစ်ခဲ့သူ ဦးလေသာအောင်) နှင့် ဦးဗိုလ်အောင် (နောင်ဖဆပလအစိုးရနှင့် လက်နက်ကိုင်တိုက်ခိုက်ရစဉ် မြို့ဟောင်းမြို့နယ်နှင့် ပေါက်တောမြို့နယ် မြောက်ပိုင်းတွင် နာမည်ကြီးခဲ့ပြီး ဗကပစစ်တွေခရိုင် အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ရင်း အချင်းချင်းသတ်ဖြတ်ခံသွားရသော ဦးဗိုလ်အောင်)တို့ စုရုံးမိကြသည်။

ဗမာပြည်သို့ ကျနော်သွားခဲ့ရသော ကိစ္စမှစပြီး ကျနော်တို့ တွေ့ကြုံခဲ့ရသော ဖြစ်ရပ်များကို တစ်လုံးတစ်ပါဒမကျန် အိတ်သွန်ဖာမှောက် ကျနော်တို့ တင်ပြကြ၏။ ဒူတိုက်ဆွေးနွေးပွဲပြုကြ၏။ ရခိုင်ပြည်လူငယ်များ အစည်းအရုံးထူထောင်ကာ လူငယ်ညီလာခံခေါ် ဆိုရေးနှင့် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို တော်လှန်မည့်မြေအောက် လက်နက်ကိုင် တပ်ဖွဲ့များကို ကျယ်ပြန့်စွာ ဖွဲ့စည်းထူထောင်သွားကြရန် ဆုံးဖြတ်ကြသည်။ နိုင်ငံရေးသင်တန်းကို ကျနော်ခေါင်းဆောင်ပြီး ဖွင့်လှစ်သင်ကြားပေးရန်လည်း အားလုံးသဘောတူကြသည်။

ယင်းကြောင့် လောင်းရှည်ချောင်းရွာတွင် ကျနော်ခေါင်းဆောင်ကာ နိုင်ငံရေးသင်တန်းကို ပေးရပါသည်။ လောင်းရှည်ချောင်းရွာတွင် ကျနော်တို့ နိုင်ငံရေးသင်တန်းမစတင်မှီကပင် ရခိုင်တိုင်း ဖဆပလဌာနချုပ်

တည်ရာ ပြတေားရွာတွင် မစ္စတာဂိုရှယ်(ဖြုတ်၊ ထုတ်၊ သတ်လမ်းစဉ်အောက်တွင် အချင်းချင်းသတ်ဖြတ်ခံသွားရသော ဗကပပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဦးဘတင်)ခေါင်းဆောင်ပြီး နိုင်ငံရေးသင်တန်းပေးလျက်ရှိနေခဲ့လေသည်။ မစ္စတာဂိုရှယ်သည် အိန္ဒိယပြည်ကွန်မြူနစ်ပါတီမှထုတ်ဝေသော "ပြည်သူ့စစ် (THE PEOPLE WAR) သတင်းစာ၏ သတင်းထောက် လက်မှတ်ဖြင့် စစ်သတင်းယူရန် အကြောင်းပြကာ ရခိုင်ပြည်သို့ စတင်ဝင်ရောက်လာခြင်းဖြစ်သည်။

သဘောတရားဆရာကြီး မစ္စတာဂိုရှယ်တို့၏ ရခိုင်တိုင်း ဖဆပလဌာနချုပ်တည်ရာ ပြတေားတွင် ဆရာတော်ဦးပညာသီဟက ဥက္ကဋ္ဌ၊ ဦးကျော်မြ (ယခု တောခို ဗကပ ဗဟိုကော်မတီ) က အတွင်းရေးမှူး၊ ဒေါ်မညွန့် (ဗကပ ဦးကျော်မြ၏ ကွယ်လွန်သွားသောဇနီး)က ဘဏ္ဍာရေးမှူး၊ ဦးဦးစောက ကော်မီတီအဖြစ် ဆောင်ရွက်သောရခိုင်တိုင်း ဖဆပလအဖွဲ့ကို အခိုင်အမာထူထောင်ထားပြီဖြစ်သည်။

ဘရောက်ဒါဝါဒမှ မြစ်ဖျားခံသည့် ဗြိတိသျှစစ်တပ်ထံ အကြွင်းမဲ့လက်နက်ချရေးဂိုဏ်းနှင့် ဗြိတိသျှနယ်ချဲ့စစ်တပ်ကို လက်နက်ကိုင်တော်လှန်ရေးဂိုဏ်းဟူ၍ ဂိုဏ်းနှစ်ဂိုဏ်းဖြစ်နေကြရသည်။ ကျနော်တို့လူစုအား မစ္စတာဂိုရှယ်တို့လူစု မျက်မုန်းကျိုးခြင်း၊ ငြိုငြင်ခြင်းပြုလာကြသည်မှာ အံ့သြစရာမဟုတ်ပါ။ အိမ်ကြီးထဲ အိမ်ငယ်ဆောက်သူများဟူ၍လည်းကောင်း၊ အဆိုးကောင်ဆိုရှယ်လစ်များ (ဂုဏ်သရေမဲ့သော နိုင်ငံရေးတေလေဂျပိုးများဖြင့် ဖွဲ့စည်းထားသော ဆိုရှယ်လစ်ပါတီဟုဆိုလိုသည်) ဟုလည်းကောင်း ကျနော်တို့အား သူတို့သပုတ်လေလွင့်ပြုလာကြသည်မှာလည်း အထူးအဆန်းမဟုတ်ပေ။

## ရဲဘော်စောထွန်း

လောင်းရှည်ချောင်းတွင် အနုပဋိလောမ ရုပ်ဝါဒနှင့် ကမ္ဘာ့နိုင်ငံတကာရေးရာများကို သင်တန်းပို့ချရင်း ပျောက်ချက်မလှပျောက်နေသော ရဲဘော်စောထွန်းဦး ဖြစ်ရပ်မှန်ကို နှိုက်နှိုက်ကာကာ ကျနော်လေ့လာ၏။ လောင်းရှည်ချောင်း ခမ္မီးအမျိုးသားထဲတွင် ကျနော်နှင့် ညီရင်းအကိုတမျှ ချစ်ခင်ရင်းနှီးကြသူများ ရှိကြသည်။ သူတို့နှင့် စားအတူ အိပ်အတူပြုကာ ရဲဘော်စောထွန်းဦးအကြောင်းကို ကျနော်နှိုက်ယူ၏။ ရဲဘော်စောထွန်းဦးကား စစ်တွေခရိုင် ကျောက်တော်မြို့ နယ်စွန်နယ်ဖျားမှ လယ်မဲ့ယာမဲ့ လယ်ယာအလုပ်သမား လူတန်းစားမှ ပေါက်ဖွားလာသူဖြစ်သည်။

ဆင်းရဲသော လယ်ကူလီမိဘများဒဏ်ကို သူငယ်စဉ်ကပင် ခံလာရ၍ စာပေပညာမတတ်။ သူသည် ငယ်စဉ်ကပင် ကျွဲနွားအငှားကျောင်းဘဝတွင် နေထိုင်ခဲ့ရသည်။ ကျွဲနွားနှင့် ထပ်တူထပ်မျှရုန်းကန်ရသော လယ်ယာအလုပ်သမားဘဝဖြင့် သူအရွယ်ရောက်လာသည်။ ယင်းကြောင့် သူ၏နေထိုင်စားသောက်မှုများ၊ ပြောဆိုမှုများသည် မဟာမဆန်။ ကြမ်းကြမ်းတမ်းတမ်းနေထိုင်တတ်သည်။ ဒိုးဒိုးဒေါက်ဒေါက်ပြောတတ်သည်။ သို့သော် ရဲဘော်စောထွန်းဦးတွင် နိုင်ငံအတွက် ကြီးမားသော အရည်အချင်းရှိ၏။ သူသည် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတွင်သာ အသက်နှင့်လဲပြီးဆောင်ရွက်မည်မဟုတ်သေး။ လယ်ယာအလုပ်သမားများနှင့် စက်မှုအလုပ်သမားများ၏ဘဝ လွတ်မြောက်ရေးတိုက်ပွဲများနှင့် ဆိုရှယ်လစ်တိုက်ပွဲများတွင်လည်း အသက်ဖြင့်ဖလှယ်မည့် ရဲဘော်တစ်ဦးဖြစ်သည်။

သူသည် စာပေမတတ်၍ ဆိုရှယ်လစ်စာအုပ်ကြီးများကို မဖတ်နိုင်။ မရွတ်ဆိုနိုင်။ သို့သော် သူ၏ရုန်းကန်လာခဲ့ရသော လယ်ယာအလုပ်သမားဘဝကြောင့် ဆိုရှယ်လစ်ရေးရာကို ဘဝအသိဖြင့် သူလက်ခံယုံကြည်သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးတစ်လျှောက်လုံးတွင် သူသည် အားထားရသော ရဲဘော်တစ်ဦးဖြစ်၏။ ကင်းစောင့်ရန်တာဝန်ကျလျှင် ကင်းကို မငိုက်မိုန်းဘဲစောင့်၏။ တပ်ကင်းထောက်ထွက်လျှင် ရှေ့တမ်းမှနေ၍ လင်းယုန်ငှက်ကဲ့သို့ ရဲရင့်လျင်မြန်စွာထောက်လှမ်းပေးသည်။ တိုက်ပွဲတွင်လည်း သူမကြောက် ရွတ်ရွတ်ချွန်ချွန် သူတိုက်ခိုက်၏။

ယခုသူ ဘရောက်ဒါဝါဒ၏ သားကောင်အဖြစ် စတေးခံလိုက်ရပြီ။ ပြတေးရွာ ရခိုင်တိုင်း ဖဆပလဌာနချုပ် အာဏာပိုင်များ၏အမိန့်ဖြင့် သူ့အားသုတ်သင်လိုက်ရလေပြီ။ ရဲဘော်စောထွန်းဦးကား သူချစ်မြတ်နိုးသော လွတ်လပ်ရေး၊ ဆိုရှယ်လစ်ရေးတို့ကို မရမီကပင် ကျောခိုင်းသွားခဲ့ရရှာလေပြီ။

ဘရောက်ဒါဝါဒလက်ချက်ဖြင့် လယ်ယာအလုပ်သမားသားပျို ရဲဘော်စောထွန်းဦးသေဆုံးခဲ့ရသလို ပေါင်းတည်မြို့ ယစ်မျိုးဝန်ထောက် ဦးအောင်လှသံ၏သားကြီး ရဲဘော်စောထွန်းဦးလည်း ဗြိတိသျှနယ်ချဲ့စစ်တပ်၏ လူမဆန်သောညှဉ်းဆဲမှုအောက်တွင် အသက်ပျောက်ခဲ့ရသည်။

ဂျပန်ဖက်ဆစ်ခေတ်တွင်းက ရခိုင်ပြည်မှ ရန်ကုန်မြို့သို့ သွားလာရတိုင်း ပေါင်းတည်မြို့ သူတို့အိမ်တွင် ကျနော်အမြဲလိုလိုတည်းခိုသည်။ ယုံကြည်စိတ်ချရသူများနှင့်ကြုံလျှင် ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးရာများကို ကျနော်အားဘောင်အာရင်းသန်စွာ ပြောလေ့ရှိသည့်အတိုင်း သူတို့အိမ်တွင်လည်း ကျနော်ပြော၏။ လူငယ်လူရွယ်ပီပီ စွန့်စားလိုသော ရဲဘော်စောထွန်းဦး၊ ဖက်ဆစ်ဂျပန်တော်လှန်ရန် ကျနော်တို့နှင့်အတူ လိုက်လာသည်။

ရွှေဘုံပေါ်တွင် ကြီးပြင်းလာရသော ရဲဘော်စောထွန်းဦး၊ ကျနော်တို့နှင့် ရခိုင်သို့ချီလာသည့်နေ့မှစပြီး အဖက်ဖက်မှဆင်းရဲဒုက္ခရောက်ရသည်။ ဖြစ်သလိုအိပ်၊ ရသလိုစား၊ အငတ်ငတ်အပြတ်ပြတ်ဖြင့် ကျနော်တို့နှင့်အတူ ကိုယ်ရောစိတ်ပါ ဆင်းရဲစွာဖြင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ပါဝင်ဆောင်ရွက်၏။ အပြောအဆို အနေအထိုင်မှစပြီး သိမ်မွေ့နူးညံ့သော ရဲဘော်စောထွန်းဦးကို စစ်မြေပြင်တိုက်ပွဲတစ်ကြိမ်မျှ ကျနော်တာဝန်မပေးခဲ့။ ရုံးလုပ်ငန်းတာဝန်များကိုသာ ထမ်းဆောင်စေခဲ့သည်။

ရခိုင်ပြည် ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီး သူ့မိဘများထံ အမြန်ပြန်လိုသဖြင့် ကိုမောင်စိန်လှ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ သူ့ကိုလိုက်ပို့ရသည်။ မုန်းတိုင်းချင်းရွာတွင် ချင်းလဲဗီးများ ဖမ်းဆီးခြင်းကို သူတို့ခံသွားရသည်။ ဗြိတိသျှနယ်ချဲ့စစ်တပ်က လူမဆန်သော ညှဉ်းဆဲနှိပ်စက်မှုကြောင့် သူအသက်ဆုံးရှုံးသွားရလေပြီ။ လွတ်လပ်ရေးကန်ဘောင်ရိုးတွင် သူစတေးခံသွားရလေပြီ။

လောင်းရှည်ချောင်း နိုင်ငံရေးသင်တန်းမပြီးဆုံးမီ လောင်းရှည်ချောင်းရွာမှ လူကြီးတချို့ လောင်းရှည်ချောင်းမှ ထွက်ခွာသင့်ပြီဖြစ်ကြောင်း ကျနော့်အား တိုးတိုးကြိတ်ကြိတ် လာပြောကြသည်။ ပြတေးရှိ ရခိုင်တိုင်း ဖဆပလနှင့် ဗကပတို့ အန်တုနေသော ကျနော်တို့အား မရှုစိမ့်နိုင်ဖြစ်ကြပြီဟု ကျနော့်အား သတိလာပေး၏။

ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်း ဖဆပလလူကြီးတို့ကပင် အဆိုးကောင် ဆိုရှယ်လစ် ဘုံပေါက်တို့အား သုတ်သင်ရန် စာရောက်နေပြီဟူ၍လည်း ကျနော်အား ပြောပြ၏။ ကျနော် တဆံချည်မျှ မတုန်လှုပ်။ ပြတေးရှိ အာဏာရှင်များသည် ဗြိတိသျှစစ်တပ်ကဖမ်းရန် လိုက်လံနေ၍ အားကိုးတကြီး ခိုးအောင်းလာသော ဦးစံဂိုးအောင် (ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးနှစ်ရပ်လုံးတွင် မိမိနှင့်တကွ မိသားစုများပါ ပါဝင်ခဲ့ပြီး ပေါက်တောမြို့နယ် လယ်သမားထုအား ခေါင်းဆောင်ခဲ့သူ) အား ဗြိတိသျှစစ်တပ်ထံ အဖမ်းခံစေသည်ထိ ဩဇာသက်ရောက်သော်လည်း ကျနော်တို့အား သူတို့ ဩဇာမပြနိုင်။ ဘရောက်ဒါဝါဒကို လက်ကိုင်ထားသော သူတို့၏စကားကို တစ်ခွန်းပင် ကျနော်တို့နားမထောင်။ သို့သော်ပြတေးအာဏာရှင်များသည် ကျနော်တို့နှင့်ယှဉ်ပြိုင်ပြီး သူတစ်ချက် ငါတစ်ချက်မပြစ်ရဲကြ။ မမိုက်ရဲကြသည်ကို ကျနော်တို့ အစင်းသိဖြစ်သည်။

ကျနော့်အား ညီရင်းတမျှခင်မင်၍ လာပြောသော ခမ္ဗီးလူကြီးတို့အား “ခင်ဗျားတို့ ငါ့ကို မသတ်ရက်ပါဘူး”“ငါတို့ လူဆိုးဓားပြမဟုတ်ဘူး”ဟု ရယ်ရယ်မောမောပြောဆိုလိုက်သည်။ သင်တန်းပြီးသည်ထိ ကျနော်တို့ လောင်းရှည်ချောင်းတွင် နေထိုင်ကြပါသည်။

ကျနော်တို့ လူဆိုးဓားပြလည်းမဟုတ်၊ မရိုးသားသော သူများလည်း မဟုတ်ကြ။ နိုင်ငံရေးကို မိမိယုံကြည်ခံယူချက်အပြည့်အဝဖြင့် အနစ်နာခံ၊ အသေခံနေကြသူများသာ ဖြစ်ကြသည်ကို လောင်းရှည်ချောင်း ရွာသူရွာသားများသိကြ၏။

လောင်းရှည်ချောင်းတစ်ရွာလုံးသည် ဂျပန်တစ်ခေတ်လုံးတွင် ကျနော်တို့အားကိုးရာလည်းဖြစ်သည်။ ကျနော်တို့နှင့်သေဘော်သေဘက်များလည်းဖြစ်သည်။ ဘယ်အာဏာရှင်ခိုင်းစေကာမူ ကျနော်တို့အား သူတို့ ဒုက္ခမပေးရဲသည်ကို မသတ်ရက်သည်ကို ကျနော်တို့ ကောင်းစွာသိရှိထားပြီးဖြစ်သည်။

## ဗိုလ်ရွေးပွဲဝင်ကြသည်

လောင်းရှည်ချောင်း နိုင်ငံရေးသင်တန်းပြီးဆုံး၍ တာဝန်ခွဲဝေယူကာ နယ်ဆင်းကြရန် ဆွေးနွေးနေကြစဉ် ဗိုလ်ရွေးပွဲ ပြဿနာပေါ်ပေါက်လာသည်။ ကန္ဒီစာချုပ်အရ ပြည်သိမ်း ဗြိတိသျှအရှေ့တောင် အာရှစစ်တပ်များနှင့် အတူပါလာသော ဘားမားရိုင်ဖယ်တပ်များနှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် အင်အားကြီးထွားလာသော ဗမာ့မျိုးချစ်တပ်မတော်ပူးပေါင်းရေး၊ ဗြိတိသျှစစ်မစ်ရှင်က ပူးပေါင်းမည့် ဗမာ့တပ်မတော်ကို လေ့ကျင့်ခန်းပေးရေးမှစပြီး ခေတ်မီလက်နက်များ တပ်ဆင်ရေးထိ ဖွဲ့စည်းကြီးကြပ်ရေးများ ပြုလုပ်ရန်ဖြစ်သည်။

ယင်းကြောင့် ကြီးထွားနေသော ဗမာ့မျိုးချစ်တပ်မတော်တွင် စစ်ဗိုလ် စစ်သားများကို လျှော့ရသည်။ ဗိုလ်ဖြစ်ထိုက်သူများကိုလည်း မျက်နှာဖြူစစ်ဗိုလ်များကြီးကြပ်သည့် ဗိုလ်ရွေးအဖွဲ့မှ ရွေးချယ်နေချိန်ဖြစ်၏။

ကျနော့်အားလည်း ဗိုလ်ရွေးပွဲသို့ဝင်ရန် တချို့လာရောက်ပြောဆိုဖျားယောင်းသည်။ အမျိုးသားလွတ်လပ်ရေးကို ဗြိတိသျှနယ်ချဲ့ ကိုလိုနီလက်အောက်မှ လက်နက်စွဲကိုင်ပြီး အလွတ်ရုန်းထွက်လိုက ရုန်းထွက်မည်။ စိတ်ထက်သန်နေသောကျနော်ကား ဗိုလ်ရွေးပွဲဝင်ရေးကို ခါးခါးသီးသီးငြင်းပယ်လိုက်သည်။

ကျနော်တို့ ခြသေ့်အောင် ပျောက်ကျားတပ်ဖွဲ့ထဲမှ တပ်ဖွဲ့တပ်ရင်းခေါင်းဆောင်များ လုပ်ခဲ့ကြသော ကိုသာကျော်( ဗိုလ်မှူး ယခု ဆင်မလိုက်သဘော်ကျင်း ညွှန်ကြားရေးမှူး)၊ ကိုကျော်ဇော(ကွယ်လွန် ပြည်ထောင်စု စစ်ရဲဗိုလ်) နှင့် ကိုသာထွန်းဦး (ယခုတောခို ဗကပ ရခိုင်ပြည်ကော်မီတီ)တို့ လိုက်ပါသွားကြသည်။

ကိုလှဖြူသံ(ယခု စစ်တွေမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ)လည်း အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတွင် ကျောင်းသားလူငယ်များအား တတပ်တအားပါလာအောင် စည်းရုံးရေးအတွက် ရန်ကုန်တွင် ကျောင်းဆက်နေရန် ရန်ကုန်သို့လိုက်ပါသွား၏။ ကိုသာကျော် (ယခု ဝန်ကြီး)မှာ ဗမာပြည်တွင် အဆင်သင့်ရှိနေ၍ ရခိုင်ပြည်သို့ ပြန်လာရန်မလိုတော့ဘဲ ရန်ကုန်သို့ တန်းသွားပြီး ဗိုလ်ရွေးပွဲသို့ ဝင်လိုက်သည်။

ရခိုင်ပြည် ဖက်ဆစ်တော်လှန်ရေးအပြီးတွင် ကိုသာကျော်(ယခု ဝန်ကြီး) နှင့် ကျနော်မတွေ့လိုက်ရ။

ကိုသာကျော် ကျောက်တော်မြို့နယ် ညီချေရွာအနီးတွင် လေထီးဖြင့်ဆင်းပြီး ကြူပျောက်ကျားတပ်ဖွဲ့များနှင့်အတူ တပ်ဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင်ကာ ဖက်ဆစ်ဂျပန်များကို တော်လှန်ခဲ့သည်။

ကြူပျောက်ကျားတပ်ဖွဲ့များ ကျနော်တို့ ခြသေ့်အောင် ပြောက်ကျားထက် ရက်သတ္တနှစ်ပတ်ကျော် စောပြီး ဗြိတိသျှစစ်တပ်ထံ လက်နက်အပ်လိုက်ရရာ ကိုသာကျော် အိန္ဒိယသို့ လိုက်ပါသွားသည်။ အိန္ဒိယမှ တဆင့် မြန်မာပြည် တောင်ငူခရိုင်တွင် ကိုသာကျော် လေထီးဖြင့်ဆင်းကာ ဖက်ဆစ်ဂျပန်များကို ဆက်လက် တော်လှန်သွားသည်။ တောင်ငူခရိုင်တွင် လေထီးဖြင့် ဆင်းရေးအတွက် အိန္ဒိယသို့မသွားမှီ ကိုသာကျော် ကျနော့်ထံသို့ သတင်းပို့ခဲ့သည်။ ကျောက်တော်မြို့နယ် ယိုးချောင်း၊ ယိုးတရုတ်ရွာမှ အိန္ဒိယ ဦးသိန်းဖေမြင့်ထံ သူသွားစဉ်၊ လမ်းတွင် ဦးစံသာကျော်(ယခု ဒါဒါ ပိုးထည်စက် အုပ်ချုပ်ရေးမှူး)ကို တွေ့ရသည်။

သူတို့နှစ်ဦးကို လမ်းပြက နယ်စပ်ထိပို့၏။ အိန္ဒိယနယ်ထဲဝင်လျှင် နယ်မြေလုံခြုံရေးတာဝန်ယူနေသည့် ရှေ့တန်းဗြိတိသျှစစ်တပ်က သူတို့နှစ်ဦးအား ဖမ်းသည်။ သူတို့ ဖက်ဆစ်ဂျပန်တော်လှန်ရေးသမားများ ဖြစ်ကြောင်း၊ သူတို့အား ကာလကတ္တားအမှတ် ၁၃၆ စစ်ဌာနချုပ်နှင့် ဦးသိန်းဖေမြင့်ထံ ပို့ပေးပါဟု သူတို့အကူ အညီတောင်းကြသည်။ သို့သော် သူတို့အားသွားခွင့်မပြု၊ ၂လကျော်ခန့် ရပ်တန့်ထားသည်။

ကာလကတ္တားမြို့မှ ကပ္ပတိန်အင်ဂါလာရောက်ခေါ်ယူမှ သူတို့လွတ်လာကြသည်။ လုံခြုံစိတ်ချရေး အတွက် သူတို့အား ကပ္ပတိန်အင်ဂါက “လုံခြုံရေး”အထူးရထားတွဲဖြင့် စစ်တကောင်းသို့ခေါ်လာသည်။ လုံခြုံရေး အတွက် စစ်တကောင်းထောင်တွင်ပင် တည်းခိုကြရသည်။

ဤသို့စစ်တကောင်းထောင်တွင် တည်းခိုနေရစဉ် ကိုသာထွန်းအောင် (ဗမာ့တပ်မတော် ဗိုလ်ကြီးသာထွန်းအောင်) ကိုမောင်စိန်အောင် စသူတို့ကို ယင်းထောင်တွင် ဖမ်းဆီးချုပ်နှောင်ထားသည်ကို တွေ့ရသည်။ ကိုသာထွန်းအောင်တို့လူစုသည် ပလက်ဝမြို့နယ်ဖက်တွင် ဂျပန်အကြံပေးအရာရှိများက ကြီးကြပ် သောလက်နက်ကိုင် ရခိုင်တပ်ဖွဲ့အဖြစ်နေထိုင်ကြရာ ပြတေးမှုစပြီး ဖက်ဆစ်ဂျပန်ကို တော်လှန်လိုက်သည့်အခါ ဖက်ဆစ်ဂျပန်တပ်များ ညှပ်ပိတ်ခံရမည်စိုးသဖြင့် ဖက်ဆစ်ဂျပန်များမရှိသော နယ်စပ်မှသူတို့ဖြတ်ကျော် လှည့်ဆင်းလာကြသည်။

နယ်စပ်လုံခြုံရေးအတွက် ကင်းချထားသော ဗြိတိသျှစစ်တပ်နှင့်တိုးမိပြီး ဖမ်းဆီးခြင်းခံကြရ၏။ ကိုသာထွန်းအောင်တို့ လွတ်ရေးကို ကပ္ပတိန်အင်ဂါထံ ကိုသာကျော်၊ ကိုစံသာကျော်တို့ အပူကပ်ကြသည်။ ယင်းကြောင့် ကိုသာထွန်းအောင်တို့ လွတ်လာပြီး လေထီးဖြင့်ဆင်းကာ သူတို့နှင့်အတူ ဖက်ဆစ်ဂျပန် တော်လှန်ရေးကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ယခု သူအိန္ဒိယသို့လိုက်သွားမည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် မြန်မာပြည်တွင်ဆင်းပြီး ကျရာ တာဝန်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်သွားမည်ဟူ၍ပင် ကိုသာကျော်က ကျနော့်ထံသတင်းပေးပို့ခဲ့ပါသည်။

ကျနော်တို့လူစု ဗိုလ်ရွေးပွဲအတွက် ရန်ကုန်လိုက်သွားကြသလို ကြူပျောက်ကျားတပ်ဖွဲ့များထဲမှလည်း ကိုစံသာကျော် (ယခု ဒါဒါပိုးထည်စက် အုပ်ချုပ်ရေးမှူး) ကိုမောင်စောဖြူ (ယခု ဘီအီးဒီစီ)၊ ကိုဦးစော(ယခု စစ်တွေမြို့နယ် သမဝါယမဥက္ကဋ္ဌ)၊ ကိုရွှေသာ (ယခု ဝန်ကြီး ဦးသာကျော်အစ်ကို) ကိုဘော်လီစသောသူတို့လည်း

ရန်ကုန်ဗိုလ်ရွေးပွဲသို့ လိုက်သွားကြပါသည်။

၁၉၄၄-ခု ဒီဇင်ဘာလတွင်းကစပြီး ဖက်ဆစ်ဂျပန်များကို တော်လှန်ရာတွင် ရခိုင်ပြောက်ကျားတပ်ဖွဲ့များအဖြစ် အသက်ပေးဆောင်ရွက်ခဲ့သူများသည် ဗိုလ်တစ်ဦးတစ်လေရရေးအတွက် ဗိုလ်ရွေးပွဲတွင် ပါဝင်ဆင်နွှဲခဲ့သော်လည်း ကိုသာကျော်(ယခုဝန်ကြီး) တဦးတည်းသာ ဗိုလ်ရွေးကောက်ခံခဲ့ရသည်။ အခြားတစ်ဦးတစ်ယောက်ကိုမျှ ဗိုလ်ရွေးကောက်မခံခဲ့ရ၊ ဗိုလ်ရွေးကောက်မခံရ၍ ရခိုင်ပြည်ပြန်လာကြသူများလည်း ရှိသည်။ ရိုးရိုးစစ်သားဘဝမှ အစပျိုးခဲ့ရသူများလည်းရှိသည်။ ရိုးရိုးစစ်သည်တော်ဘဝမှ အစပျိုးခဲ့ရသူများထဲတွင် ကိုသာကျော် (ဗိုလ်မှူး) နှင့် ကိုကျော်ဇော (ပြည်ထောင်စု စစ်ရဲဗိုလ်)တို့နှစ်ဦးလည်း ပါဝင်ခဲ့ကြပါသည်။

သခင်တင်မြ၏ ဘုံဘဝမှာဖြင့် စာအုပ်တွင် ဗမာ့မျိုးချစ်တပ်မတော်မပါဘဲ ပြောက်ကျားစစ်ဆင်ရေးဖြင့် ပြည်သူလူထုရေး၊ တိုက်ခိုက်ရေးပါ ဖက်ဆစ်ဂျပန်အားတော်လှန်နိုင်ခဲ့သည်မှာ ရခိုင်ပြောက်ကျားတပ်ဖွဲ့များနှင့် တောင်ငူခရိုင် ကိုမြတို့ပင် ဖြစ်ကြောင်းကိုဖော်ပြထားပါသည်။ သူ၏ယင်းစာအုပ်တွင် "ပြောက်ကျားများအနေဖြင့် သီးခြားတပ်များ ဖွဲ့စည်းပြီး ဖက်ဆစ်ဂျပန်အား ထိရောက်စွာ တိုက်ခိုက်နိုင်ခဲ့သည်မှာ ရခိုင်တိုင်းနှင့် တောင်ငူခရိုင်တွင်သာ ဖြစ်ပါသည်"ဟု ဖော်ပြထား၏။

ယင်းအပြင် သခင်တင်မြက သူ၏ယင်းစာအုပ်တွင် ဆက်လက်ပြီး ရေးသွားသည်မှာ ကိုမြ(အလင်းဝင်ဗကပဗဟိုကော်မတီဟောင်း ယခု ရုံးအဖွဲ့မှူး ပြန်ကြားရေးဝန်ကြီးဌာန ရဲဘော်မြ) နှင့် ဗိုလ်မှူး လေးသီဟ (၆၇ ခုနှစ်က ကွယ်လွန်သွားသော အာတီဘီအုပ်ချုပ်ရေးမှူး ဗိုလ်မှူးဟောင်းမောင်မောင်) တို့ခေါင်းဆောင်ပြောက်ကျားတပ်ဖွဲ့များကို တပ်ရင်းအမှတ် ၅ အဖြစ် ပြန်လည်ဖွဲ့စည်းပြီး မျိုးချစ်ဗမာ့တပ်မတော်တွင် ထည့်သွင်းခဲ့သည်) ဟု ရေးသားဖော်ပြထားပါသည်။

ရခိုင်ပြောက်ကျားတပ်ဖွဲ့ ခေါင်းဆောင်များထဲမှ ကန္ဒီစာအရ ပြန်လည်ဖွဲ့စည်းသော ဗမာ့တပ်မတော်ဗိုလ်ရွေးပွဲတွင် ကိုသာကျော်(ယခု ဝန်ကြီး) တဦးတည်းသာ အရွေးခံရသည်။ ကိုမြတို့ ပြောက်ကျားတပ်ဖွဲ့များ တပ်ရင်း ၅ မျိုးချစ်ဗမာ့တပ်မတော်အဖြစ် ဖွဲ့စည်းခံသွားရသည်။

ဗြိတိသျှနယ်ချဲ့ ကိုလိုနီကျွန်ဘဝမှ အလွတ်ရုံးထွက်ရာတွင် အနုနည်းဖြင့် ဖြစ်စေ၊ အကြမ်းဖက်နည်းဖြင့် ဖြစ်စေ၊ ရသလိုရုန်းထွက်လိုကြသော ကျနော်တို့အဖို့ ဗမာ့တပ်မတော်သို့ ဝင်ရသည်ဖြစ်စေ၊ မဝင်ရသည်ဖြစ်စေ ရာထူးအခွင့်ထူးအဖြစ် မစဉ်းစားကြ။ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးများ ဆောင်ရွက်ရန် ကျန်ရှိသေး၍ ကျောင်းဆက်နေရင်း ဆောင်ရွက်ရန် ရန်ကုန်သို့ပြန်သွားတော့၏။

## လူငယ်ညီလာခံ

လောင်းရှည်ချောင်း ဌာနချုပ် နိုင်ငံရေးသင်တန်းအပြီး ရခိုင်ပြည်လူငယ် အစည်းအရုံးထူထောင်ရေး (မြေပေါ်)နှင့် လျှို့ဝှက်တပ်ဖွဲ့များ ဖွဲ့စည်းရေး(မြေအောက်) တို့ကို အသီးသီးခွဲဝေပြီး တာဝန်ယူကြသည်။ ကိုမောင်လှကျော်နှင့် ကိုရွှေကျော်ဦးတို့ကို ရသေ့တောင်မြို့နယ် ဦးလေသာအောင်နှင့် ဦးဗိုလ်အောင်တို့ကို မြို့ဟောင်းတောင်ပိုင်းနှင့် ပေါက်တောမြို့နယ်၊ ကိုမောင်လှစိန်( ယခု ကျောင်းဆရာ)၊ ကိုသန်းစိန် (ယခု

နိုင်ငံတော်ကောင်စီအဖွဲ့ဝင်နှင့် ပါတီဌာနချုပ်အတွင်းရေးမှူး၂)တို့ကို မြောင်းဘွေနှင့်ကျောက်တော်မြို့နယ်၊ ကျနော်မင်းပြားနှင့် မြေပုံမြို့နယ်တို့ကို အသီးသီးတာဝန်ယူပြီး တရွာဝင် တရွာထွက် စည်းရုံးကြလေသည်။ ဗြိတိသျှကို လက်နက်စွဲကိုင်တိုက်ခိုက်ရေးတွင် တက်ကြွသောလူငယ်များထဲမှ လက်ရွေးစင်လူငယ်များကို ရွေးချယ်ပြီး စစ်လေ့ကျင့်ရေးနှင့် လက်နက်တပ်ဆင်ရေးကိုလည်း ပြုကြလေသည်။

နိုင်ငံရေးသင်တန်းပြီး၍ လောင်းရှည်ချောင်းဌာနချုပ်ကို ရုပ်သိမ်းပြီး ၁၉၄၅ ခုနှစ် နိုဝင်ဘာလကုန်လောက်တွင် ဆရာတော်ဦးစိန္တာထံ ကျနော်ဒုန်းစိုင်းသွားသည်။ ဆရာတော်နှင့်တကွ ခေါင်းဆောင်များနှင့် ကျနော်တို့ ဆွေးနွေးကြသည်။ ရခိုင်ပြည်လူငယ်များသည် အစည်းအရုံးကို မြေပေါ်အဖွဲ့အစည်းတစ်ရပ်အဖြစ် ထူထောင်ရန် ဆန္ဒတူညီကြသည်။

မြေအောက်နိုင်ငံရေးအဖွဲ့အစည်းသည် လက်ငြင်းအားဖြင့် လက်နက်ကိုင်တပ်ဖွဲ့များကို စည်းကမ်းတကျဖြစ်လာရေး၊ စစ်ပညာပေးရေးနှင့် တိုးချဲ့ဖွဲ့စည်းရေးကို ဆောင်ရွက်မည်။ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်သောအဖွဲ့အစည်းဟူသမျှနှင့် မဟာမိတ်ဖွဲ့မည်။ မြေခွန် မြေဆီလွှာခမပေးရေးနှင့် လက်ငုတ် လက်ရင်း လက်မလွှတ်ရေး၊ လယ်လုပ်သူသာ လယ်ပိုင်ရေး၊ လုပ်ငန်းများဖြင့် လယ်သမားထုအား လှုံ့ဆော်စည်းရုံးကာ လယ်သမားလူတန်းစား အဖွဲ့အစည်းဖွဲ့ကြသည်။

အမျိုးသမီးအဖွဲ့အစည်း ဖွဲ့စည်းကြမည် စသည်တို့ကို ညီညာသောဆန္ဒတူညီမှုဖြင့် ဆုံးဖြတ်ဖြစ်ကြသည်။ "ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်"တည်းဟူသောအမည်ဖြင့် နိုင်ငံရေးအဖွဲ့အစည်း ထူထောင်ကြသည်။ ယင်းအဖွဲ့တွင် ဆရာတော်ဦးစိန္တာက နာယက၊ ကိုဘိုးဦးက ဥက္ကဋ္ဌ၊ ကျနော်က အထွေထွေအတွင်းရေးမှူး၊ ကိုစောလှဦး (ကြာအင်းတောင်ရွာ မူလတန်းကျောင်းအုပ်)က တွဲဘက်အထွေထွေအတွင်းရေးမှူးတို့ဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုလည်း ဖွဲ့စည်းကြသည်။ ယင်းအပြင် ကျနော့်အားသီးခြားပေးအပ်သော တာဝန်တစ်ရပ်မှာ မြေအောက်လက်နက်ကိုင်အဖွဲ့များ ဖွဲ့ရေးမှစပြီး ယင်းမြေအောက်လက်နက်ကိုင် အဖွဲ့များကို ခေါင်းဆောင်ရန်ဖြစ်သည်။

ဤသို့ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပြီး ဦးဆောင်နိုင်ငံရေးအဖွဲ့အစည်းများ တည်ဆောက်ခြင်း၊ မြေအောက်လက်နက်ကိုင်အဖွဲ့အစည်းများ စည်းကမ်းကနားများကို ရေးဆွဲခြင်းကို ပြုကြရင်း မဟာမြိုင်တောစခန်းတွင် ဆရာတော်ဦးစိန္တာနှင့် ကျနော် တစ်ပတ်ခန့်နေထိုင်ရသည်။

ဆရာတော်၏ ထူးခြားသောလက္ခဏာတစ်ချို့ကိုလည်း မြင်လာရသည်။ ဆရာတော်သည် နိုင်ငံရေးရာ၊ စစ်မက်ရေးရာကိစ္စများကို ဒေါမာန်ပါပါဖြင့် ဆွေးနွေးသည်ကို မည်သည့်အခါမျှ မတွေ့ရ။ ဆွေးနွေးတင်ပြသူဟူသမျှ၏ စကားလုံးတိုင်းကို အလေးအနက်ထားပြီး နားထောင်သည်။ ဆွေးနွေးပွဲတွင် အပြင်းအထန် ငြင်းခုန်မှုများ ပေါ်လာလျှင်လည်း သူ၏အပြုံးမပျက်သောမျက်နှာဖြင့် ထိန်းထားတတ်သည်။ ဆရာတော် ကိုယ်တိုင်ပါဝင်ဆွေးနွေးလာလျှင်လည်း ငါ့စကားနွားရဖြင့် တစ်ဖက်သတ်အနိုင်မယူ။

သူတင်ပြသောအချက်အလက်များကို ဆန့်ကျင်ဘက်တင်ပြသူ၏ အချက်အလက်များက ခိုင်မာ၍ အနိုင်ယူသွားလျှင်လည်း သူအလွယ်တကူလိုက်လျောဝန်ခံ၏။ သို့သော် အခြေခံအယူအဆရေးရာများတွင်

သူအခိုင်အမာရပ်တည်နေရကား နက်နဲလေးနက်စွာ တွေးခေါ်တတ်သော သူ့အားလှည့်စား၍မရနိုင်။ တနေ့ ဆွေးနွေးနေကြစဉ် ကြာအင်းတောင်ရွာ ဆရာတော်တပည့်ရင်းတစ်ဦးက စစ်တပ်တက်ရောက် မွှေနှောက်မည့် သတင်းရကြောင်းကိုလာပြောသည်။

တောစခမ်းတစ်နေရာသို့ ရွှေ့ပြောင်းရသည်။ ၁၀မိုင်ခန့်ဝေးမည့် တောတောင်ခရီးကြမ်းကို ဖြတ်သန်းရ သည်။ လမ်းခရီးထက်ဝက်လောက်တွင် မွန်းတည့် ၁၂နာရီရောက်တော့မည်။ မွန်းတည့် ၁၂နာရီမထိုးမှီ အချိန်လုပြီး အာရုဏ်ဆွမ်းကျန်အနည်းငယ်ကို စားကာ ဆရာတော်တင်းတိမ် ရောင့်ရဲလိုက်သည်။

ကြာအင်းတောင်တိုက်နယ် တောစခန်းများထဲတွင် ခိုအောင်းနေဘူးသူတိုင်း ယင်းတောစခန်းများတွင် ယေဘူယျအားဖြင့် တောသရက်ကင်းပင်ကို အဓိကဟင်းအဖြစ် စားကြသည်ကို သိကြမည်။ တောသရက်ကင်း ပင်သည် အနံ့အားဖြင့် မွှေးသလိုလို အနံ့ရှိသော်လည်း ငါးပိ၊ ပြုပ်များဖြင့် ချက်ပြီး စားလျှင်ယားယံတတ်သည်။ လျှားယံမှုသက်သာစေရန် တောင်ဂဏန်းငယ်( စတုရန်းတစ်လက်မခန့်ရှိသည့် ဂဏန်းငယ်) များကို ဖမ်းပြီး၊ ၎င်းဂဏန်းငယ်များဖြင့် ရောနှောချက်ရသည်။

တောင်ဂဏန်းငယ် ဖမ်းရသည်မှာ မလွယ်။ အမြဲတမ်းရေစီးနေသော လျှိုမြောင်တွင်းတွင် ကျောက်ဖျာ များကို ၅ဦးထက်မနည်းသော လူအားဖြင့် ဖော်ယူပြီး ဖမ်းယူရ၏။ ဂဏန်းငယ်အတော်အသင့်ဖမ်းမိနေသော နေ့တွင် နောက်တစ်နေ့ချက်စားရန် သံစည်ပိုင်းတွင် ထည့်ထားလေ့ရှိကြသည်။ ဂရုဏာကြီးသောဆရာတော် သည် ညဉ့်အချိန် သံစည်မှောက်ပြီး ဂဏန်းငယ်များကို လွှတ်ပစ်လေ့ရှိသည်။ ရဲဘော်များ၏ ပူညံ ပူညံပြောဆို ခြင်းများကို ခံရတတ်သည်။

ဆရာတော်ဦးစိန္တာနှင့် ဤသို့ဆွေးနွေးနေခဲ့စဉ်အတွင်း အံ့ဘွယ်ကောင်းသော တောခရီးကျွမ်းကျင်သူ တစ်ဦးကိုတွေ့ရသည်။ ညဉ့်အချိန်တွင် တောကြိုတောင်ကြားများတွင် မှောင်ကြီးမဲမဲအောက်တွင် ဘာမျှမမြင်ရ။ ဆင်ရိုင်းသွားလာနေသော လမ်းကျဉ်းငယ်မှအပ အခြားအသုံးပြုစရာလမ်းလည်းမရှိ။ လမ်းခွဲငယ်တစ်ခုခုတွင် လမ်းလွဲသွားလျှင် နံနက်မိုးလင်းထိစောင့်ပြီး မတ်စောက်သော တောတောင်အထပ်ထပ်ကို နာရီပေါင်းများ စွာ အခက်အခဲအမျိုးမျိုးဖြင့် ကျော်ဖြတ်ရသည်။

ဤမျှရှုပ်ထွေးသောတောလမ်းငယ်များကို ကြာအင်းတောင်ရွာသား ဦးငထောင်နီဘယ်လို အမှတ် အသားပြုထားသည်ကို ကျနော်ယနေ့အထိ မပြောတတ်။ ပိန်းပိတ်အောင် မှောင်နေသော တောင်ကြို တောင်ကြားရှိ လမ်းငယ်လမ်းခွဲများကို ဘိနပ်တစ်ခါမျှမစီးသော သူ့ခြေထောက်ဖြင့် စမ်းသပ်၍ လမ်းမှန်လမ်းမှား ကို သူခွဲခြားသိသည်။ သူနှင့်သွားလျှင် လမ်းမှားမည်ကိုလုံးဝမကြောက်ရ။

ဆရာတော်ဦးစိန္တာအကြောင်းရေးလျှင် ဆရာတော်နှင့် အမြဲတွဲဖက်နေသော ရဲဘော်နီအောင်ကိုစ္စ ကိုလည်း ရေးရမည်။ ရဲဘော်နီအောင်သည် အရပ် ၆ပေခန့်ရှိသော ထောင်ထောင်မောင်းမောင်း လူသန့်တစ်ဦး ဖြစ်သည်။

သူသည် တောလမ်းခရီးကြမ်းများတွင် အရပ် ၅ပေခန့်ရှိသည့် ပိန်ပိန်ပါးပါးဆရာတော်ဦးစိန္တာအား ထမ်းပိုးယူသည်။ ဗလကောင်းသော လူသန်ကြီး နီအောင်သည် မြင့်မားကြမ်းတမ်းသောတောင်များကို ဆရာ

တော်အားပိုးပြီး လူကြီးတစ်ဦးက ခလေးတစ်ဦးကို သယ်ပိုးသလို အလွယ်တကူသယ်ပိုးသွားသည်။

အမြဲတမ်းလိုလို လေနာရောဂါထကြွသော ဆရာတော်အား သူကားထိုင်နေသော သူ့ဒူးနှစ်ဖက်ကြား သွင်းကာ အားပါးတရ နှိပ်နယ်ပေးသည်။ ဆရာတော်အတွက် အရဏ်ဆွမ်းမှစ၍ ဆွမ်းကွမ်းကိစ္စအဝဝကို သူတာဝန်ယူဆောင်ရွက်ပေးသည်။ ရိုးသားသော ရခိုင်တောင်သူလယ်သမား မျိုးရိုးမှဆင်းသက်လာသော ရဲဘော်နီအောင်သည် ပြုံးပြုံးရီရီနေတတ်ပြီး ရိုးသားသဖြင့် သူ့အား မခင်မင်သူဟူ၍မရှိပေ။

ရိုးသားပြီး ခင်မင်စရာကောင်း၍ လူချစ်လူခင်ပေါများသော ရဲဘော်နီအောင်ကား ရခိုင်ပြည် ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ်နှင့် ဆရာတော်တို့ အလင်းဝင်လာရာတွင် ယင်းအဖွဲ့ချုပ်မှအလင်းမဝင်ဘဲ နေရစ်သူများ ၏ ဖမ်းဆီးသတ်ဖြတ်မှုဖြင့် အသက်သေဆုံးသွားရလေပြီ။

ကိုစောလှဦး (ကွယ်လွန်၊ မူလတန်းကျောင်းအုပ်) နှင့် ကျနော်တတွဲတွဲပြီး ကြာအင်းတောင်ရွာကို အခြေခံကာ ကြာအင်းတောင်တိုက်နယ်ရှိ ကျေးရွာများတွင် မြေပေါ်အဖွဲ့များ ဖြစ်သည့် ရခိုင်ပြည်လူငယ်များ အစည်းအရုံး၊ ရခိုင်ပြည်တောင်သူလယ်သမားအစည်းအရုံးနှင့် ရခိုင်ပြည်အမျိုးသမီးအဖွဲ့များကို တရားဝင် ထူထောင်လေသည်။

တရွာဝင် တရွာထွက် တတဲဝင် တတဲထွက် သွားရ၏။ ဖျား၍ပင် အနားမယူဘဲ မြေပုံမြို့နယ်ကျေးရွာ များနှင့် မင်းပြားမြို့နယ် တောင်ပိုင်းကျေးရွာများသို့ စည်းရုံးရေးဆင်းကြသည်။ ကြပ်စင်ကျွန်း၊ ငါးမန်းရဲကျွန်း သို့ စည်းရုံးရေးဆင်းတိုင်း ကံသာရွာ ကိုစောလှဦး၏ ဖခင်အိမ်တွင် ကျနော်တို့ စခန်းချတည်းခိုကြသည်။

ဖဆပလနှင့် ဗြိတိသျှအစိုးရ၏ ဩဇာကြီးထွားနေခြင်းကြောင့် သူတပါးမလုပ်ရဲသဖြင့် ကိုစောလှဦး ၏ ဆွေမျိုးရင်းချာများကို အခြေခံပြီး စည်းရုံးယူရသည်။ ကိုစောလှဦး၏ ဆွေမျိုးရင်းချာထဲမှ သူ့ဘထွေး ဦးသာညွန့်ဦး (ယနေ့ထိ လယ်သမား) မှာ ကြပ်စင်ကျွန်း တောင်သူလယ်သမားနှင့် လူငယ်ခေါင်းဆောင်ဖြစ် လာသည်။ ၎င်းအိမ်တွင် အသားဖြူရုပ်ချောသော ကိုစောလှဦး၏ညီမငယ် မိန်းမပျိုတစ်ဦးကို တွေ့ရသည်။

ဖက်ဆစ်ဂျပန်ခေတ်တစ်ချိန်က ကျနော်တို့ရခိုင်ကျန်ရစ်သား ရဲဘော် ၇ဦး၊ (ကိုမောင်အေး၊ ကိုလှထွန်း ကျော်၊ ကိုသာကျော် (ဗိုလ်မှူး)၊ ကိုလှဖြူသံ(ဗိုလ်ကြီး) ကိုမောင်စောဖြူ (ဒုကာကွယ်ရေးဦးစီးချုပ် လေ) ကိုစောထွန်းဦးနှင့် ကျနော် ရခိုင်ပြည်သို့ ပြန်လာခဲ့ရာတွင် ဝက်ခေါင်းကျေးရွာတွင် နေထိုင်ခဲ့စဉ်က ကျနော်တို့ တည်းခိုအိမ်သို့ လာကြည့်ကြသော မိန်းခလေးများထဲမှ ဒီမိန်းခလေး အပျိုရည်ဝင်လျှင် မိန်းမချောတစ်ဦးဖြစ်မည် ဟူ၍ ကိုဘအေးကို ကျနော်ပြောခဲ့ဘူးသော မိန်းမပျိုဖြစ်နေလေသည်။

ကျနော်ကဲ့သို့ပင် ဦးမောင်စိန်လှ၊ ကိုသန်းစိန်၊ ကိုလှကျော်၊ ဦးလေသာအောင်၊ ဦးဗိုလ်အောင် စသူများ လည်း ကျောဖိရင်ဖိ တစ်ရွာဝင် တစ်ရွာထွက် စည်းရုံးကြသည်။ ရခိုင်ပြည်လူငယ်များအစည်းအရုံးကို စနစ်တကျ စည်းကမ်းများဖြင့် ထိန်းကွပ်ပြီး ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်ရေးအတွက် ရခိုင်ပြည်လူငယ်များ ညီလာခံ ကျင်းပရန် ကျနော်တို့ ဆုံးဖြတ်ကြလေသည်။

၁၉၄၆ခု ဖေဖော်ဝါရီလတွင် လူငယ်ညီလာခံကို ကျနော်တို့ အားထားမှီခိုရာလည်းဖြစ်၊ ကျနော်တို့ စားသောက်တည်းခိုနေရာလည်းဖြစ်သော ဦးသောကြာအိမ်၏ မြောင်းဘေ့စာသင်ကျောင်းတွင် သာယာ၍

တက်ကြွသော အတီးအမှုတ်ဖြင့် ဖွင့်လှစ်လေသည်။ ကိုစံရွှေ( ယခု မင်းပြားမူလတန်းကျောင်းအုပ်)၊ ကိုသန်းကြည် (ယခု ကျောင်းဆရာ) တို့ခေါင်းဆောင်သော လူငယ်သီချင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ဖွင့်လှစ်ကြသည်။

လူငယ်ညီလာခံတွင် အခြေခံလူငယ်လမ်းစဉ်ဝါဒများ လုပ်ငန်းစဉ်များကို ချမှတ်ရာတွင် တစ်ဦးနှင့်တစ်ဦး ပြည့်ဝသော ရဲဘော်စိတ်ဓာတ်ကြောင့်လည်းကောင်း၊ ထောင်ပေါင်းများစွာသော ရခိုင်လူငယ်များကို ကိုယ်စားပြုတက်ရောက်လာကြသော လူငယ်ညီလာခံကိုယ်စားလှယ်များအတွင်း ဗြိတိသျှနယ်ချဲ့ထံမှ လွတ်လပ်ရေးဖြင့် အသက်ဖလှယ်ယူမည်ဟူသော ကြီးမားသော ရည်မှန်းချက်ရှိသဖြင့်လည်းကောင်း၊ ညီလာခံတွင် ကြီးမားသော သဘောကွဲလွဲမှုတစ်စုံတစ်ရာမရှိ။

လူငယ်ညီလာခံ ၃ရက်ကျင်းပကာ အခြေခံမူဝါဒ၊ အခြေခံလမ်းစဉ်နှင့် လုပ်ငန်းများကို တညီတညွတ်တည်း အတည်ပြုနိုင်ကြသည်။ အဓိကနိုင်ငံရေးတောင်းဆိုချက်အဖြစ် ဆရာတော်ဦးစိန္တာနှင့်တကွ ဝါးရမ်းထုတ်ခံထားရသော နိုင်ငံရေးသမားများအား ဝါးရမ်းမှ အကြွင်းမဲ့ရုပ်သိမ်းရန်ဖြစ်ပြီး ဗြိတိသျှစစ်တပ်၊ ပုလိပ်တပ်တို့က ရွာလုံးကျွတ်မီးရှို့၊ လုယက်၊ မုဒိမ်းကျင့်မှုများ၊ ဖမ်းဆီးခံရသူများအား ညှင်းပမ်းနှိပ်စက်မှုများကို လူငယ်ညီလာခံမှ ပြင်းထန်စွာ ရှုတ်ချလိုက်၏။

### ဥပဒေအတွင်း နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ

လူငယ်ညီလာခံမှ ဗြိတိသျှကိုလိုနီကျွန်ဘဝမှ လွတ်လပ်ရေးကို အသက်ဖြင့် ဖလှယ်ယူရန် ချမှတ်ပြီး အားသစ်လောင်းပေးလိုက်သဖြင့် ရခိုင်ပြည်လူငယ်ထုအတွင်း အုံကြွလှုပ်ရှားမှုများ ဖြစ်လာသည်။ ရခိုင်လူငယ်ကျောင်းသားသပိတ်များနှင့် လယ်သမားထု၏ မြေခွန် မြေဆီခမပေးရေး၊ လက်ငုတ်လက်ရင်း လယ်ပိုင်ရေးတိုက်ပွဲများ ဆက်စပ်ပြီး သွားလေသည်။

မြေပေါ်အဖွဲ့အစည်းများနှင့် မြေအောက်လက်နက်ကိုင် အဖွဲ့အစည်းမျှူး ဂွင်းဆက်တစ်ခုတည်းဖြစ်လာသည်။ မြေအောက်လက်နက်ကိုင်အဖွဲ့အစည်း၏ လှုပ်ရှားမှုများကို ဗြိတိသျှနယ်ချဲ့အစိုးရ မျက်ခြေပြတ်သွားအောင် မြေပေါ်လူထုလူတန်းစားအဖွဲ့အစည်းများက အကာအကွယ်ပြုထားသည်။

ဗြိတိသျှမျက်နှာဖြူ ဘုရင်ခံ ဒေါ်မန်စမိတ်အစိုးရအုပ်ချုပ်မရအောင် ကျေးရွာများတွင် ဗြိတိသျှနယ်ချဲ့ဒလံရွာသူကြီးဟူသမျှကို ဖြုတ်ပစ်ကြရသည်။ အမျိုးသားလွတ်လပ်ရေးကိုဆန့်ကျင်သော ရွာသူကြီးများကို ဖြုတ်၊ ထုတ်၊ မောင်းနှင်လုပ်ပစ်ကြသည်။ ကျေးရွာများတွင် တော်လှန်ရေးအာဏာ ကျယ်ပြန့်သည်ထက်ကျယ်ပြန့်သွားအောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းကာ ဗြိတိသျှဘုရင်ခံ ဒေါ်မန်စမိတ်အစိုးရနှင့်မကျေညာသော စစ်ပြိုင်အစိုးရအဖွဲ့ကို ဖွဲ့စည်းထူထောင်ကြသည်။

မြေပုံမြို့နယ် ကြာအင်းတောင်ရွာသည် ကျနော်တို့ ဌာနချုပ်ဖြစ်သည်။ ဤဌာနချုပ်မှနေပြီး မြောက်ပိုင်းတိုင်းဌာန၊ အနောက်ပိုင်းတိုင်းဌာန၊ တောင်ပိုင်းတိုင်းဌာန စသည်ဖြင့် ဌာနများဖွင့်လှစ်ကာ ကြိုးကိုင်ထားသည်။ ဌာနအသီးသီးတွင် နိုင်ငံရေးခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသည်။ ဌာနချုပ်တွင်

နိုင်ငံရေး၊ စစ်ရေးသင်တန်းများကို ဖွင့်လှစ်သင်ကြားသည်။ ကိုရွှေကျော်ဦး( မော်ကွန်ပထမဆင့်၊ ယခု ရွှေပြား ရပ်ကွက် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးရွှေကျော်ဦး) ကို စစ်ရေးစစ်ရာ သင်တန်းမှူးအဖြစ်ထားပြီး ကျနော်က နိုင်ငံရေးသင်တန်းကို ဦးဆောင်လေသည်။ ဌာနချုပ်တွင် လက်ရွေးစင်ရဲဘော်များကို ရွေးချယ်ပြီး သင်ကြားပို့ ချသည်။ ဦးရွှေသာ (ယခု ကျောင်းဆရာ)၊ ကိုစံရွှေ (ယခု တောခိုဗကပ ရခိုင်ပြည်ကော်မီတီ) ကိုမောင်ကျော် (ယခု စစ်တွေမြို့နယ် သမဝါယမ)၊ ကိုထွန်းသာ (ယခု ထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်း) ကိုအောင်မြသာ (ယခု စစ်တွေမြို့နယ် တောင်သူလယ်သမား ကောင်စီမြို့နယ် အတွင်းရေးမှူး)၊ ကိုမောင်သာမြ (ယခု စစ်တွေ မြို့နယ်သမဝါယမ)၊ ကိုစောထွန်းအောင် (ကုန်စုံဆိုင်ပိုင်ရှင်)၊ ကိုဦးကျော်ဇော (ယခု ကျောင်းဆရာ) ကိုအေးမောင်၊ ကိုမောင်သာဒင် (ယခု ဆားလုပ်ငန်းဌာန)၊ ကိုပုထွန်း၊ ကိုအောင်ဘစိန်၊ ကိုအောင်လှဖြူ (ယခု ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီအဖွဲ့ဝင်) ကိုရွှေလှ (ကွယ်လွန် ကျောင်းဆရာ)၊ ကိုမောင်ဘစိန်၊ ကိုမောင် နှင်းလှ၊ ကိုငပြူး စသော လူငယ်ခေါင်းဆောင်များတက်ရောက်ကြသည်။

ဤသို့ ကြာအင်းတောင်ဌာနချုပ်တွင် သင်တန်းပေးနေစဉ် ဗိုလ်မှူးထွန်းတင် ခေါင်းဆောင်သောအဖွဲ့က ပြောက်ကျားတပ်ဖွဲ့တွင် ပါဝင်ခဲ့သူများအတွက် သာမန်စစ်သား၏ စ-လစာကို ကျောက်ဖြူမှနေပြီး ထုတ်ပေးနေ သည်။ ဗိုလ်ထွန်းတင်မှာ ဆိုရှယ်လစ်ပါတီမှဖြစ်ရာ ကိုဦးရွှေသာကို ခေါင်းဆောင်စေပြီး ကျနော့်လက်မှတ်ဖြင့် ဖက်ဆက်ဂျပန်တော်လှန်ရေးသမား ခြသေ့်အောင်ပြောက်ကျား ရဲဘော်များအတွက် ငွေကိုထုတ်ယူစေ လေသည်။

ဆရာတော်ဦးစိန္တာနှင့်တကွ ဗြိတိသျှအစိုးရဝရမ်းထုတ်ထား၍ ပြေးနေကြရသောခေါင်းဆောင်များသည် ကြာအင်းတောင်အနီးတစ်ဝိုက် တောတောင်များတွင် ခိုအောင်းနေရသည်။ ကျနော်နှင့် အချိန်မရွေး၊ နာရီမရွေး ဆက်သွယ်ခြင်း၊ ဆွေးနွေးခြင်းများကိုလည်း ပြုကြသည်။ ဆရာတော်တို့နှင့် ကျနော်တို့ မပြတ်မလပ်ဆွေးနွေး ကြရင်း အဆင့်မြင့်သော နိုင်ငံရေးညီလာခံ ကျင်းပရေးကို အမြင်တူလာကြသည်။ သဘောတူလာကြသည်။

## ဗြိတိသျှနယ်ချဲ့နှင့်တိုက်ပွဲများ

မြောင်းဘွေလူငယ်ညီလာခံက အမျိုးသားလွတ်လပ်ရေးကို အသက်ဖြင့် ဖလှယ်ယူရမည်ဖြစ်သော လမ်းစဉ်ဖြင့် သွေးသစ်၊ အားသစ်လောင်းပေးလိုက်သည်။ တက်ကြွသော လူငယ်ကေဒါများထဲမှ နိုင်ငံရေးကို အချိန်ပြည့်လုပ်မည့် လူငယ်များကို ရွေးချယ်ပြီး တာဝန်အသီးသီးချပေးရသည်။

ကျောက်တော်မြို့နယ် ပလက်ဝခရိုင်၊ (ထိုအချိန်က ပလက်ဝကို ခရိုင်အဖြစ်ထားသည်) တို့ကို စည်းရုံး လှုံ့ဆော်ရန် ကိုဘသာ၊ ကိုသိန်းရွှေ (ဗိုလ်ဟာရီဖြူ)၊ တို့ကိုလည်းကောင်း၊ မြေပုံမြို့နယ်တောင်ပိုင်းနှင့် အမ်းမြို့နယ် တို့တွင် ကိုဦးရွှေသာ (ယခု ကျောင်းဆရာ) ကိုအောင်မြသာ (ယခု စစ်တွေမြို့နယ် တောင်သူလယ်သမား ကောင်စီအတွင်းရေးမှူး)၊ ဦးစိန်လွန်းဦး၊ ကိုလွန်းသာအောင် (ဗိုလ်လွန်းသာအောင်) ကိုဘစံ၊ ကိုအောင်သာလှ (ယခု မင်းပြားမြို့နယ် ပြည်သူ့အလုပ်သမားကောင်စီဥက္ကဋ္ဌ)တို့ကိုလည်းကောင်း၊ ပေါက်တောမြို့နယ်တောင်ပိုင်း နှင့် မြေပုံမြို့နယ် ငမန်းရဲကျွန်းများဘက်သို့ ဦးစိန်ကျော်ဦး( ကျောင်းဆရာ) ကိုဦးစံလှ (ကျောင်းဆရာ ယခု

ကုန်သည်) ကိုကျော်ဇံရွှီ (ယခု ရခိုင်ပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်)တို့ကိုလည်းကောင်း၊ မင်းပြားနယ်တွင် ဗိုလ်စိန်ထွန်းအောင် (ကွယ်လွန်) ကိုမောင်ကျော် (ယခု စစ်တွေမြို့နယ် သမဝါယမ) ကိုအေးမောင်တို့ကိုလည်းကောင်း။ ရသေ့တောင်မြို့နယ်တွင် ကိုစံရွှေ(ယခု တောခို ဗကပရခိုင်ပြည် ကော်မီတီ) ကိုမောင်ရွှေအောင် (ဗိုလ်မောင်ရွှေအောင် တို့ကိုလည်းကောင်း ကိုမောင်လှကျော်ကို မြို့ဟောင်းမြို့ မြောက်ပိုင်း၊ ကျောက်တော်မြို့နယ်နှင့် ရသေ့တောင်နယ်များတို့တွင်ခေါင်းဆောင်ရန်လည်းကောင်း၊ ကိုမောင်စိန်လှ (ယခု ကျောင်းဆရာ) ကိုသန်းစိန် (နိုင်ငံတော်ကောင်စီအဖွဲ့ဝင်နှင့် ပါတီဌာနချုပ် အတွင်းရေးမှူး-၂)ဦးလေသာအောင်၊ ဦးဗိုလ်အောင်တို့ကို ယခင်တာဝန်များအတိုင်းလည်းကောင်း၊ တာဝန်အသီးသီးခွဲဝေပေးလိုက်သည်။

ဌာနချုပ်တွင် နာယကဆရာတော် ဦးစိန္တာ၊ ဦးဘိုးဦး၊ ကိုစောလှဦး(ကျောင်းဆရာ) နှင့်ကျနော်က အချိန်ပြည့် တာဝန်ယူပြီး ဌာနအသီးသီးသို့ ညွှန်ကြားခြင်း၊ ပြဿနာဟူသမျှ၊ အခက်အခဲဟူသမျှကို ဖြေရှင်းခြင်းပြုရသည်။

မြို့နယ်အသီးသီးတွင် တာဝန်ယူရသော ရဲဘော်ကေဒါများ၏တာဝန်မှာ ရခိုင်ပြည် ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်နှင့်တကွ တောင်သူလယ်သမားအဖွဲ့၊ လူငယ်များအစည်းအရုံး၊ အမျိုးသမီးများ အဖွဲ့တို့ကို သတ်မှတ်ထားသောစည်းကမ်းများနှင့် လမ်းစဉ်များအတိုင်း ဖွဲ့စည်းထူထောင်ရမည်သာမက လက်ရွေးစင်လူငယ်များကို ရွေးချယ်ပြီး စစ်ပညာရပ်များ၊ နိုင်ငံရေးပညာရပ်များ သင်ကြားပေးကာ ဗြိတိသျှနယ်ချဲ့ကို တွန်းလှန်မည့် မြေအောက်လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့ရန်၊ ဖွဲ့ရန်ကိုလည်း အဓိကတာဝန်အဖြစ် ထမ်းဆောင်ရသည်။ ဂျပန်ငွေစက္ကူကို တရားမဝင်လုပ်လိုက်သဖြင့် ပေးစရာလည်း ငွေမရှိ ပြေးစရာလည်း မြေမရှိဖြစ်နေကြသော လယ်သမားထုအား မြေခွန်မြေဆီခ မပေးရေးတိုက်ပွဲ၊ လက်ငုတ်လက်ရင်း လယ်ပိုင်ရေး တိုက်ပွဲများဖြင့် တိုက်ပွဲဝင်ရန် ဦးဆောင်ပေးသည်။

အိမ်တွင်းပုန်းတစ်ပိုင်းဖြစ်နေသော ရခိုင်အမျိုးသမီးများအား ယောကျ်ားများနှင့် တန်းတူရေးနှင့် ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးလုပ်ငန်းများတွင် ပါဝင်လာအောင် လှုံ့ဆော်စည်းရုံးယူသည်။ တက်ကြွလာသော ရခိုင်အမျိုးသမီးများသည် ပုလိပ်များက ဖမ်းဆီးခေါ်ယူသော ကျနော်တို့ ရဲဘော်များအား ဝိုင်းလုသည်ထိ တိုက်ပွဲဝင်ရဲလာကြသည်။ မင်းပြားမြို့နယ် ကျပိုက်ကေကျေးရွာတွင် ရဲဘော်နီအောင်တို့အား ဖမ်းဆီးသောပုလိပ်များလက်ထဲမှ ရဲဘော်နီအောင်တို့ကို "ဒါ ကျမယောကျ်ား"၊ "ဒါ ကျမမောင်" ဟုပြောရင်း ဒေါ်မဲမကြီးခေါင်းဆောင်သော အမျိုးသမီးများက လုယူလိုက်ကြသည်။

ဗြိတိသျှနယ်ချဲ့အစိုးရက ခန့်ထားသော ရွာသူကြီးများကို မိမိတို့ဖက်သို့ပါအောင် မိမိတို့ခိုင်းသရွေ့ဆောင်ရွက်ပေးအောင် နိုင်ငံရေးအရ စည်းရုံးယူသည်။ စည်းရုံးမရသော ဗြိတိသျှအစိုးရရွာသူကြီးများကို နည်းမျိုးစုံဖြင့် မောင်းနှင်ထုတ်ကြသည်။ ကျေးရွာများကို ပြည်သူများ ရွေးမြောက်သော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က ဥက္ကဋ္ဌစနစ်ဖြင့် အုပ်ချုပ်သည်။ မြို့နယ်ပေါင်းများစွာတို့တွင် ထောင်ပေါင်းများစွာသော ပြည်သူလူထုများ စည်းဝေးပြီး ဆရာတော်ဦးစိန္တာနှင့် ဝရမ်းထုတ်ထားသော နိုင်ငံရေးသမားများအား ဝါရမ်းရုပ်သိမ်းရေး၊

မြေခွန် မြေဆီခမပေးရေး၊ လက်ငုတ်လက်ရင်း လယ်ပိုင်ရေး ဆုံးဖြတ်ချက်များကို ချမှတ်ကာ မြေယာများကို ဝေငှပေးပြီး နိုင်ငံရေးတိုက်ပွဲ ဆင်နွှဲကြသည်။

ပွင့်ပွင့်လင်းလင်းရေးရလျှင် ရခိုင်ပြည်ရှိ ရာပေါင်းထောင်ပေါင်းများစွာသော ကျေးရွာများအား ဗြိတိသျှနယ်ချဲ့ဘုရင်ခံ ဒေါ်မန်စမိတ်၏လက်အောက်မှ လွတ်လပ်ပြီး အာဏာနီကျေးရွာများ ထူထောင်ကာ ကျနော်တို့ စင်ပြိုင်အစိုးရအသွင်ဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။

ဗြိတိသျှနယ်ချဲ့အစိုးရသည် တရွေးသားမျှ လျှော့မပေး၊ ပုလိပ်တပ်၊ စစ်တပ်များနှင့် ကျေးရွာအနှံ့အပြား တက်ရောက်ပြီး မြေခွန်မြေဆီခများကို ရသမျှညစ်ယူသည်။ ကျနော်တို့ ကေဒါရဲဘော်များကို နေရာမရွေး လိုက်ဖမ်းသည်။ လက်နက်များကို ပြန်သိမ်းရနိုင်ရန် နည်းမျိုးစုံဖြင့် အကြမ်းဖက်သည်။ ရွာလုံးကျွတ်မီးရှို့၊ လုယက်၊ မုဒိမ်းကျင့်ခြင်းများ ပြုကြသည်။

ဗြိတိသျှနယ်ချဲ့ထံ အကြွင်းမဲ့လက်နက်များ ပေးအပ်ရမည်ဟူသော ဘရောက်ဒါ ဝါဒလမ်းစဉ်ကို ကျနစွာ ဆုတ်ကိုင်ထားသည့် ရခိုင်တိုင်း ဖဆပလခေါင်းဆောင်များကလည်း နယ်အသီးသီးသို့ ဆင်းကာ မြေခွန်ပေးရေး၊ လက်နက်ပုန်းများ အပ်ကြရေးတို့ကို လှုံ့ဆော်ဟောပြောကြသည်။ ဌာနချုပ်နယ်မြေအဖြစ် သတ်မှတ်ထားသော ကြာအင်းတောင်တိုက်နယ်၊ ကန်နီတိုက်နယ်၊ ယိုးချောင်းတိုက်နယ်၊ ကြိမ်ချောင်းတိုက်နယ် ၂နှင့် ကြပ်စင်ကျွန်းတို့ကို ကိုစောလှဦး( ကျောင်းဆရာ၊ ဌာနချုပ် ရလဖ တွဲဘက်အထွေထွေအတွင်းရေးမှူး) နှင့်အတူ ကျနော်အခေါက်ခေါက်အခါခါ သွားလာရသည်။ ကိုစောလှဦး၏ ဘထွေး ဦးသာညွန့်ဦး မှာ လယ်သမားထုနှင့် လူငယ်များ၏တိုက်နယ် ခေါင်းဆောင်တစ်ဦးဖြစ်နေသည်။

သူ၏သမီးချော မစောဆိုသော မိန်းမပျိုမှာလည်း ယင်းတိုက်နယ်အမျိုးသမီးအဖွဲ့၏ အတွင်းရေးမှူး တာဝန်ထမ်းဆောင်လျက်ရှိသည်။ မိန်းမပျိုမစောသည် ကျနော်၏ တွဲဘက်အထွေထွေအတွင်းရေးမှူး ကိုစောလှဦး၏ညီမလည်းဖြစ်သည်။ ကျနော်တို့ အမြဲတမ်းစခမ်းချ တည်းခိုနေသော ကံသာရွာ ကိုစောလှဦး၏ ဘခင်နှင့်အတူ နေထိုင်ကြသည်။

ကျနော်သွားလာတည်းခိုနေထိုင်ခြင်း များလာသောအခါ မိန်းမပျိုမစော၏ အိမ်မှုတာဝန်ဆောင်ရွက်ချက်များကို မြင်တွေ့လာရသည်။ သူမသည် နံနက် ၅နာရီခန့်ကပင် အိပ်ရာမှထ၏။ သူမတို့အိမ်သားနှင့် ဧည့်သည်များ စားရေးအတွက် စပါးကို လက်ပွေ့ကျည်ဖြင့် ပင်ပန်းတကြီး ထောင်းဖွပ်ရ၏။ တအိမ်လုံး သုံးရေ သောက်ရေများကို ၂ဖာလုံခန့်ဝေးသည့် ရေကန်မှ ခေါက်တုန့်ခေါက်ပြန် ရေခပ်ရေဖြည့်ရ၏။ ထမင်းချက်ရ၏။ ညဉ့်ပိုင်းတွင် ညဉ့်သန်းခေါင်ယံထိ စာရေးစာဖတ်လေ့ရှိသော ကျနော်က နံနက် ၇နာရီကျော်မှ အိပ်ရာမှထချိန် တွင် ရေချိုးပြီး ထမင်းစားရန်သာ ရှိတော့သည်။

သူမသည် နေ့လည်နေ့ခင်းများတွင်လည်း သူများတကာ မိန်းမများလို ဟိုအိမ် ဒီအိမ်သွားပြီး အတင်း အဖျင်းပြောလေ့မရှိ။ အိမ်တွင် ရွှံ့များဖြင့် အိုးလုပ်နေတတ်သည်။ ဗြိတိသျှနယ်ချဲ့၏ဖိနှိပ်မှု၊ ရခိုင်တိုင်း ဖဆပလ၏ နိုင်ငံရေးမှိုင်းချမှုအောက်တွင် သူမသည် မျိုးချစ်ပြည်ချစ်စိတ်ဓာတ်ကြောင့် မကြောက်ရွံ့ဘဲ တိုက်နယ် အမျိုးသမီး အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေရသည်။ အပျိုဘော်ဝင်စ ရွှမ်းရွှမ်းဝင်းဝင်း နှင့် ကိုယ်ဟန်ကျော့ရှင်းသော သူမ၏ရုပ်ထက် သူမ၏မျိုးချစ်ပြည်ချစ် စိတ်ဓာတ်ကို ကျနော်လေးစားလာသည်။

ယင်းကြောင့် ကျနော် ချစ်ကြိုက်မိလာသည်။ သူမကို ကျနော် တို့ဆိတ်တို့ဆိတ် စကြည့်သည်။ သို့သော်

ကျောင်းသားလူမမယ် ၁၇နှစ်သားအရွယ်ကပင် နိုင်ငံရေးထဲ ခြေစုံပစ်ဝင်ကာ သခင်ပေါက်စအဖြစ် ပင်နီအကျႌ နှင့် ခုံဖိနပ်ကို စီးပြီး ကျောင်းသူများကို တစ်ခါမျှ ရည်းစားစကားမပြောဘူးသော ကျနော်၊ ယခုလည်း သူမကို ရည်းစားစကားပြောချင်ပါလျက် ဘာကစရမည်မသိ ဖြစ်နေလေ၏။

## သခင်မြကို ခိုးသည်

၁၉၄၅ ခု ဇူလိုင်လတွင် ကျင်းပခဲ့သော မြန်မာပြည် ကွန်မြူနစ်ပါတီ ကွန်ဂရက်အပြီး မရေမရာသော သခင်စိုး အိမ်ထောင်ပြဿနာကြောင့် သခင်စိုးအား အပြစ်ပေးခြင်း၊ ကြီးလေးသည် မကြီးလေးသည်ဟူသော ပြဿနာနှင့်တကွ လူမှန်နေရာမှန်ချထားရေးပြဿနာနှင့် ဘရောက်ဒါ ဝါဒ၏ မွှေနှောက်မှုတို့ကြောင့် ဗမာပြ ကွန်မြူနစ်ပါတီ ၂ခြမ်းကွဲအက်သွားရသည်။

ဦးသိန်းဖေမြင့် သခင်သန်းထွန်းတို့ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီနှင့် သခင်စိုး ခေါင်းဆောင်သော ကွန်မြူနစ်ပါတီ ဗမာပြည်ဟု ဖြစ်ပေါ်လာရသည်။ သခင်စိုးသည် "ဂိုရှယ် သိန်းသန်းအန္တ ရာယ်"ဟူသော စာတမ်းဖြင့် ဘရောက်ဒါဝါဒ၏တရားခံများအဖြစ် မစ္စတာဂိုရှယ်(ဦးဘတင်) ဦးသိန်းဖေမြင့်နှင့် သခင်သန်းထွန်းတို့အား ပြည်သူလူထုထံ စွဲချက်တင်လိုက်၏။ ရန်ကုန်အိမ်ခန်းပြဿနာ စစ်ပြေးဒုက္ခသည်များ အား မြေနေရာချပေးရေး ပြဿနာမှအစ အတွင်းဝန်ရုံးကို လူထုဝိုင်းခြင်းထိ တိုက်ပွဲအမျိုးမျိုးထိ ကြောဖိရင်ဖိ လုပ်လေတော့၏။

ဤသို့ အကွဲအပြဲပြဿနာများပေါ်ပေါက်လာစဉ် ဖဆပလအဖွဲ့ချုပ်ကို ခေါင်းဆောင်မှုပေးထားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြတို့ ၁၉၄၆ခု မတ်လ ပထမပတ်ကုန်လောက်တွင် မြေပုံမြို့သို့ရောက်ရှိလာကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြတို့ ရခိုင်ပြည်နယ်သို့ နယ်လှည့်ထွက်လာခြင်း မှာ ဖဆပလအဖွဲ့ချုပ်၏ ဝါဒလမ်းစဉ်နှင့် လက်တွေ့လုပ်ငန်းများကို ရှင်းပြရေး၊ ရခိုင်အပါအဝင် လူမျိုးရေးရာနှင့် ဖဆပလအဖွဲ့ချုပ်၏သဘောထားကို ရှင်းပြရေးတို့ဖြစ်ပါသည်။

နေရာတကာတွင် ပြည်သူလူထု စည်းဝေးပွဲများလုပ်ပြီး ရခိုင်ပြည်နေရာအနှံ့ရှိနေသော ဖဆပလအဖွဲ့ကို လည်း ခိုင်မာမြဲမြံခြင်းနှင့် တိုးချဲ့ဖွဲ့စည်းရေးအတွက် အားသစ်လောင်းပေးရန်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း နှင့်သခင်မြတို့ မျက်နှာဖြူအင်္ဂလိပ်များပိုင် အာရကံဖလိုတီးယား ကုမ္ပဏီ၏ မီးသင်္ဘောဖြင့် မြေပုံသို့ ရောက်မည်။ မြေပုံမြို့ဆိပ်ကမ်းတွင် ထုံးစဉ်အတိုင်း ယင်းမီးသင်္ဘော တညဥ့်နားမည်ကို ကျနော်ကြိုတင်သိရပါသည်။ ယင်းကြောင့် လေးပင်တက်လှေနှင့် လှေလှော်မည့်သူများကို မဟာမြိုင်တောစခမ်းမှ ကျောက်နွားရွာ ဦးထွန်းစိန် (ဆရာတော်တပည့်ရင်းချာ) ၏တဲသို့ ညဥ့်အမှောင်တွင် ပြောင်းထားရန် စီစဉ်ရပါသည်.

ညနေစာ စောစီးစွာ ကျနော်တို့ စားကြသည်။ အသင့်ပြင်ဆင်ထားသော လေးပင်တက်လှေနှင့်အတူ လှေလှော်သမား ၄ ဦး၊ ပဲ့ကိုင်တစ်ဦးဖြင့် ကျနော်မြေပုံမြို့သို့ စုန်ဆင်းလာ၏။ ညဥ့်မှောင်ရိပ်သန်းသည်နှင့်တစ်ပြိုင် နက်မြေပုံမြို့အနီးတွင် ကျောက်ချထားသော မီးသင်္ဘောပေါ်သို့ ကျနော်တို့လှေကို ထိုးကပ်လိုက်သည်။

သင်္ဘောအထူးခန်းသို့ မရပ်မနား ကျနော်တက်သွားသည်။ အထူးခန်းသို့ဝင်လျှင်ပင် ဗိုလ်ချုပ် အောင်ဆန်းနှင့် သခင်မြတို့ကို ကျနော်နှုတ်ဆက်ပြီး ချက်ချင်းသခင်မြထံ ကျနော်ချဉ်းကပ်သွားသည်။ အရေးကြီး သော စကားတစ်ခွန်း ပြောပါရစေဟု ကျနော်သခင်မြကို ပြောကာ သခင်မြနှင့်ကျနော် အထူးခန်းအပြင်ဘက် သို့ ထွက်လာကြ၏။

သခင်မြအား ဆရာတော်ဦးစိန္တာ မဟာမြိုင်တောစခန်းမှ ထွက်လာပြီး သခင်မြအား တွေ့ရေးအတွက်

ကျောက်နွားရွာတဲငယ်တစ်ခုတွင် စောင့်နေခြင်း၊ ကျနော်နှင့် ရေဆန်လေဆန် အချိန်မရွေးသွားနိုင်သော လေးပင်တက်လှေ ပါလာခြင်း၊ နံနက်မိုးမလင်းမှီ ဤသင်္ဘောသို့ သခင်မြကို ကျနော်ပြန်ပို့ပေးမည်ဖြစ်ကြောင်းတို့ကို ပြောပြသည်။ ဇီဇာမကျယ်သည့် ခေါင်းဆောင်တစ်ဦးဖြစ်သော သခင်မြ ကျနော်နှင့် ချက်ချင်းလိုက်လာ၏။ ညဥ့်သန်းခေါင်မတိုင်မှီ ဦးထွန်းစိန်တဲရှိရာဆိပ်ကမ်းသို့ ရောက်သွားသည်။ သခင်မြနှင့်ကျနော် ညဥ့်မှောင်အောက်တွင် ရွံ့ဗွက် ရွံ့အိုင်များကို ဖြတ်သန်းပြီး ဦးထွန်းစိန်တဲငယ်တွင်းတွင် ရှိသောဆရာတော် ဦးစိန္တာထံ လာကြသည်။

ဆရာတော် မကျိန်းစက်ဘဲစောင့်ရှိနေ၏။ ဖယောင်းတိုင် မီးအလင်းရောင်အောက်တွင် ဆရာတော်၊ သခင်မြနှင့် ကျနော်အမျိုးသားလွတ်လပ်ရေးကိစ္စကို အဓိကထားဆွေးနွေးသည်။ တခါခါ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့ကိုလည်း ပြောရင်းဆိုရင်း ရောက်ရှိသွား၏။ ဆရာတော်ဦးစိန္တာက အမျိုးသားလွတ်လပ်ရေးတိုက်ပွဲအတွက် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်ကိုင်နည်းဖြင့် တော်လှန်ရန်လိုသည်။ မလိုသည်ကို အသေးစိတ်မေးသည်။ သခင်မြက အမျိုးသားလွတ်လပ်ရေးတိုက်ပွဲအတွက် အဆုံးအဖြတ်ပေးမည့် အခြေအနေသို့ မရောက်သေး။ ဖဆပလဌာနချုပ်နှင့် ဆိုရှယ်လစ်ပါတီဌာနချုပ်တို့ကလည်း လွတ်လပ်ရေးအတွက် နိုင်ငံရေးစည်းရုံးရေးနည်း၊ လူထုလူတန်းစားတိုက်ပွဲများဖြင့် အုံကြွမှုနည်းများဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည်။ ဗြိတိသျှနှင့်အရေးဆိုနေသည်။

ဖဆပလနှင့် ဆိုရှယ်လစ်ပါတီမှ ဗြိတိသျှနယ်ဘက်စစ်ဘက်အရာရှိများနှင့် အရေးဆိုမှုများကိုလည်း သခင်မြရှင်းပြသည်။ စည်းရုံးရေး၊ နိုင်ငံရေးနည်းများဖြင့် မရလျှင် မလွဲရှောင်သာဘဲ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်ဖြင့် တော်လှန်ရတော့မည်။ ဆရာတော်တို့ ယခုရှိနေသည့်အတိုင်း လက်နက်စွဲကိုင်စည်းရုံးထားခြင်းသည် လွတ်လပ်ရေးအတွက် မပါမဖြစ်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။

တပည့်တော်တို့လည်း စည်းရုံးရေးခိုင်မာသော နေရာများတွင်လက်နက်ကိုင် စည်းရုံးရေးကို လုပ်ကိုင်စည်းရုံးလျက်ရှိပါသည်။ (သခင်မြ မြစ်ဝကျွန်းပေါ်နေရာအချို့တွင် လက်နက်ကိုင်စည်းရုံးရေးလုပ်ဆောင်ထားခြင်းများကို တင်ပြသွားသည်။) မကြာတော့မည် အချိန်ကာလတွင် လွတ်လပ်ရေးအတွက် အဆုံးအဖြတ်ပေးမည့် အခြေအနေသို့ ရောက်တော့မည်ဟု သခင်မြက ဆရာတော်အား ရှည်လျားစွာ လျှောက်တင်သွား၏။

ဆရာတော်၊ သခင်မြနှင့် ကျနော်ဆွေးနွေးပွဲ ၃နာရီခန့်ကြာသည်။ ရွံ့ဗွက် ရွံ့အိုင်များကို မှောင်မိုက်ထဲတွင် စမ်းလျှောက်ပြီး လှေထားရာသို့ သခင်မြနှင့်ကျနော်လာကြသည်။ ငုတ်စူးခြင်း၊ ချော်လဲခြင်းမရှိဘဲ လှေသို့ ကျနော်တို့ ရောက်သွားကြ၏။ လှေသမားများအား မြေပုံသို့အပြင်းအထန် လှော်ခတ်ရန်ပြောပြီး လှေတငြိမ့်ငြိမ့် စီးရင်း လှေဗိုက်တွင်အသင့်ခင်းထားသော ကောက်ရိုးပုံတွင် သခင်မြနှင့်ကျနော် ဘေးချင်းယှဉ်၍ အိပ်ပျော်သွားကြသည်။ လှေသမားများက နှိုး၍ ကျနော်တို့ထထိုင်လိုက်ချိန်တွင်ကား အာရုံဦးသန်းနေလေပြီ။ မီးသင်္ဘောကို ကိုက်တစ်ရာအကွာခန့်တွင် မားမားရပ်၍တွေ့နေရပြီ။

## လွတ်လပ်ရေးနှင့် ဗိုလ်ချုပ်အောင်ဆန်း

အာရကံ ဖလိုတီးယား မီးသင်္ဘောပေါ်ရှိ အထူးခန်းသို့ သခင်မြနှင့် ကျနော်တန်းတန်းမတ်မတ်တက်သွားကြသည်။ မကြာမြင့်မှီပင် မြေပုံမြို့မှ စစ်တွေမြို့သို့သွားမည့် ခရီးသည်များ အစုံလိုက်အပြုံလိုက်ဖြင့် ဆူဆူညံညံသင်္ဘောပေါ်သို့ တက်လာကြ၏။

နံနက် ၆နာရီခန့်ကပင် မီးသင်္ဘောစစ်တွေမြို့သို့ ထွက်လာသည်။ ကျနော့်အားတွေ့လျှင် ဗိုလ်ချုပ်အောင်ဆန်းက အခြေအနေများကို မေးမြန်းသည်။ ကျနော်က ဗိုလ်ချုပ်ပေးလိုက်သောစာဖြင့် သခင်သန်းထွန်းနှင့် ကျနော်တို့ တွေ့ဆုံဆွေးနွေးခဲ့သည်မှစပြီး ယနေ့ထိ လုပ်ဆောင်ချက်များကို အကျဉ်းချုပ်ပြောပြသည်။

ဥပဒေတွင်မှ ရခိုင်ပြည်လူငယ်များ အစည်းအရုံးကို ထူထောင်စည်းရုံးပြီး ကက်စဘီ (ဗြိတိသျှစစ်အုပ်ချုပ်ရေး) ခေတ်ကပင် တောခိုင်ဝါရမ်းပြေးနေရသော ဆရာတော်ဦးစိန္တာတို့နှင့် ပူးပေါင်းကာ မြေအောက်လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊ အာဏာနီနယ်မြေထူထောင်လျက်ရှိခြင်း စသည့်ဥပဒေလုပ်ငန်းများကို ရှင်းပြလိုက်ပါသည်။ သခင်မြကလည်း ဆရာတော်ဦးစိန္တာနှင့်သူ တွေ့ဆုံဆွေးနွေးခဲ့ခြင်းတို့ကိုလည်း အတော်အသင့်ပြောပြ၏။

ဆရာတော်နှင့်တကွ တောခိုဝါရမ်းပြေးနေရသော နိုင်ငံရေးသမားများ လွတ်ရေးကိစ္စကို အရေးဆိုကြရန် ပြောကြ၏။ ဗိုလ်ချုပ်တို့ ကျနော်တို့ စကားဝိုင်းသည် တဖြေးဖြေးအသက်ဝင်စိုပြေလာလာသည်။ အမျိုးသားလွတ်လပ်ရေးကို အနုနည်းဖြင့်ဖြစ်စေ၊ အကြမ်းဖက်တော်လှန်ရေးနည်းဖြင့်ဖြစ်စေ၊ ရသလိုအရယူရေး။ အလုပ်သမား၊ လယ်သမားလူတန်းစားစသည့် အညှဉ်းဆဲခံလူတန်းစားများ၏ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့ကို ကျယ်ပြန့်စွာ၊ လွတ်လပ်စွာ ဝေဖန်ကြပါသည်။

မွန်းတည့်ပိုင်းတွင် နံနက်စာ စားကြ၏။ နံနက်စာစားပြီး တညဉ့်လုံး ကောင်းစွာမအိပ်ခဲ့ရသော ကျနော်သင်္ဘောခုံတန်းတစ်ခုပေါ်တွင် နှစ်ချိုက်စွာ အိပ်ပျော်သွားလေ၏။ ကျနော် အိမ်ရာမှ ထချိန်တွင်ကား၊ ကုလားတန်းမြစ်ကို ဖြတ်ကူးနေသော မီးသင်္ဘော စစ်တွေမြို့အနီးသို့ ရောက်ရှိသွားလေပြီ။

**၁၉၄၆ခုနှစ်၊ မတ်လ ၁၁ရက်**

နံနက်စောစောကပင် ကြက်ကိုင်းတန်ရွာနှင့် အနီးတစ်ဝှမ်းကျေးရွာများ အုပ်အုပ်သောင်းသောင်း ဖြစ်နေကြ၏။ (ထိုအချိန်က စစ်တွေမြို့တွင် နိုင်ငံခြားသား မျက်နှာဖြူ(အင်္ဂလိပ်) မျက်နှာမဲ (ကပ္ပလီ)၊ မျက်နှာညို (အိန္ဒိယ)၊ စစ်ဗိုလ်စစ်သားများ သောင်းသိန်းချီတပ်စွဲထားသဖြင့် စစ်တွေမြို့နှင့် ၆မိုင်ခန့်ဝေးကွာသည့် ကြက်ကိုင်းတန်ရွာ အနီးအနားတို့တွင်သာ စစ်တွေမြို့သူ မြို့သားများကို နေထိုင်ခွင့်ပြုထားသည်။) သွားလာလှုပ်ရှားနေသည်မှာ ခါတိုင်းနှင့်မတူ၊ လူများပြာလောင်ခတ်နေကြသည်။

ယနေ့မွန်းတည့်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး အမျိုးသားလွတ်လပ်ရေး နိုင်ငံရေးတရားပွဲကို ကြက်ကိုင်းတန်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ လူတိုင်းသိနေကြပြီ။ ယင်းတရားပွဲသို့တက်ရန် ပြည်သူများတာစူနေကြသည်။ မိမိအမြင်ဖြင့် ယင်းတရားပွဲအကြောင်းကိုလည်း အမျိုးမျိုးကြိုတင်ဟောကိန်းထုတ်လျက်ရှိကြ၏။

ကြီးကျယ်သော အဆောင်အယောင် အခမ်းအနားမပါဘဲ လွတ်လပ်ရေးနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးတရား ဟောပြောပွဲသို့ ပြည်သူလူထု နှစ်သောင်းကျော်တက်ရောက်ပါသည်။ ဦးပညာသီဟက သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့် ကက်စဘီ (ဗြိတိသျှစစ်အုပ်ချုပ်ရေးခေတ်) ခေတ်တွင် လူမဆန်စွာ ဗြိတိသျှတို့၏ညှဉ်းဆဲမှုများကို ပြတ်ပြတ်သားသားဖြင့် သဘာပတိ ဦးပညာသီဟက အဖွင့်မိန့်ခွန်းစကားပြောကြားသွားပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်သခင်မြတို့ကလည်း နိုင်ငံတကာရေးရာနှင့် အမျိုးသားလွတ်လပ်ရေးတို့ကို ဟောပြောကြသည်၊ အမျိုးသားလွတ်လပ်ရေးအတွက် အကြမ်းဘက်တော်လှန်ရေးနည်းဖြင့်ဖြစ်စေ၊ အနုနည်းဖြင့်ဖြစ်စေ၊ လွတ်လပ်ရေးကို ရသလို အရယူမည်ကို ဗိုလ်ချုပ်တို့အားတက်သရောပြောသွားကြ၏။

အထူးသဖြင့် ဗြိတိသျှဘုရင်ခံ ဒေါ်မန်စမိတ်၏ အတိုင်ပင်ခံ အစိုးရအဖွဲ့တွင် ခေါင်းဆောင်နေသော ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်တို့မှာ ရခိုင်အမျိုးသားများ ဖြစ်ကြသည်ကို တိကျစွာသိရှိထားသော ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားလွတ်လပ်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေးကို အခြေခံထားပြီး ရှင်းပြ၏။

လွတ်လပ်ရေးရလျှင် တိုင်းရင်းသားလူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုးကို ချယ်လှယ်သွေးစုတ်ခွင့်မရှိတော့ဘဲ ဗမာတစ်ကျပ်၊ ရခိုင်တစ်ကျပ်ဖြစ်စေရမည်စသည်တို့ကို အသေးစိတ်ဟောပြောလိုက်သည်။

ရဲဝံ့ပြတ်သားစွာ ကတိပေးလိုက်သည်။ ဩဘာလက်ခုတ်သံများ မိုးထိအောင်မြင့်တက်သွားသည်။

ဗိုလ်ချုပ်တို့ နိုင်ငံရေးတရားဟောပြောပွဲအပြီးတွင် ဦးပညာသီဟ အပါအဝင် အရေးပါသော ရခိုင်အမျိုးသား ခေါင်းဆောင်များနှင့် လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့ကို ပွင့်လင်းစွာ ဒူးတိုက်ဆွေးနွေးသွားကြသည်။

လွတ်လပ်ရေးနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးတရား ဟောပြောပွဲပြီးလေပြီ။ ပွင့်လင်းသောဒူးတိုက်ဆွေးနွေးပွဲလည်း ပြီးလေပြီ။ စစ်တွေမြို့ပေါ်ရှိ ကျနော်တို့ ကေဒါရဲဘော်များနှင့်လည်း ကျနော်အကျေအလည် ပြောဆိုဆွေးနွေးပြီးလေပြီ။ ကျောက်တော်မြို့ဘက်သို့ ခရီးဆက်ကြမည့် ဗိုလ်ချုပ်တို့နှင့်ကျနော် လိုက်ပါမသွားတော့ဘဲ ကျနော်တို့ ဌာနချုပ်တည်ရာ ကြာအင်းတောင်သို့ ကျနော်ပြန်လာခဲ့၏။

## တောက်ညီလာခံ

ဗြိတိသျှနယ်ချဲ့ ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် စုစည်းပေါင်းစပ်ထားသော နိုင်ငံရေးအင်အားစုများကို တစုတရုံးတည်းဖြစ်စေရေးနှင့် ဆရာတော် ဦးစိန္တာနှင့်တကွ ဝါရမ်းပြေးနေရသော နိုင်ငံရေးခေါင်းဆောင်များ၊ လွတ်ရေးတို့အတွက် ကျယ်ပြန့်သော နိုင်ငံရေးညီလာခံတစ်ရပ် ဆင်နွဲရန်လိုကြောင်းကို ကျနော်တို့သဘောပေါက်လာသည်။

ဗြိတိသျှနယ်ချဲ့အစိုးရက ဝါရမ်းထုတ်ထားသော ဆရာတော်ဦးစိန္တာအား သဘာပတိအဖြစ် တင်မြှောက်ပြီး ဗြိတိသျှနယ်ချဲ့အစိုးရထုတ်ထားသော ဝါရမ်းကို လွင့်စင်ပပျောက်သွားအောင်လုပ်ရမည်ဖြစ်သည်။

ယင်းကြောင့် မဟာမြိုင်တောစခန်းတွင် ဆရာတော်ဦးစိန္တာနှင့်တကွ ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် ကျနော်အပါအဝင် ရခိုင်ပြည်လူငယ်များအစည်းအရုံး ခေါင်းဆောင်များ၏ စည်းဝေးဆွေးနွေးပွဲကို ၁၉၄၆ခု မတ်လတွင် စည်းဝေးပြုလုပ်သည်။

ထိုအစည်းအဝေးမှ ကြာအင်းတောင်တွင် ပြည်သူ့ညီလာခံကို အမြန်ဆုံးကျင်းပရေး၊ ထိုညီလာခံတွင် ဆရာတော်ဦးစိန္တာက သဘာပတိအဖြစ်လည်းကောင်း၊ ကျနော့်အား အတွင်းရေးမှူး (ယခု အခေါ် အခမ်းအနားမှူး) အဖြစ်လည်းကောင်း ဆောင်ရွက်ရေးတို့ကို ဆုံးဖြတ်ကြသည်။ ညီလာခံတွင် ဆုံးဖြတ်မည့်အရေးပါသော နိုင်ငံရေးဆုံးဖြတ်ချက်တို့ကိုလည်း သတ်မှတ်ပေးလေသည်။ ယင်းပြည်သူ့ညီလာခံဖြစ်ရေးအတွက် ဆရာတော်နှင့် ကျနော်တို့အား တာဝန်ပုံအပ်သွားကြသည်။

ရခိုင်တိုင်း ဖဆပလအဖွဲ့ကဲ့သို့ ကျနော်တို့ မြို့ပေါ်တက်ပြီး ရုံပုံငွေရှာနိုင်သည်မဟုတ်။ ကျနော်၏ဘဝလည်း မျက်နှာနှစ်ဖက်ဖြစ်နေသည်။ ရခိုင်ပြည်လူငယ်များအစည်းအရုံးကို ဗြိတိသျှဘုရင်ခံအုပ်ချုပ်နေသော မြို့ပြဒေသများတွင် ထူထောင်တည်ဆောက်ခွင့်ရထား၍ ကျနော်မြို့ပြသို့ သွားလာနိုင်သည်။

သို့သော်မြေအောက်အဖွဲ့အစည်းဖြစ်နေသော ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်နှင့် မြေအောက်လက်နက်ကိုင်တပ်ဖွဲ့များ၏ အရေးပါသောအထွေထွေအတွင်းရေးမှူးလည်း ကျနော်ပင်ဖြစ်နေရာ ရလဖအဖွဲ့ချုပ်ခေါင်းဆောင်များနှင့်အတူ ကျေးရွာများသို့ဆင်းပြီး စည်းရုံးလှုံ့ဆော်ချိန်မျိုးတွင် ပုလိပ်တပ်၊ စစ်တပ်နှင့်မတိုးမိရအောင် ကျနော်ဆောင်ရွက်ရသည်။

ငွေကြေးအခက်အခဲနှင့် ကြုံနေရသော ကျနော်တို့အဘို့ ထောင်ပေါင်းများစွာတက်ရောက်မည့် ပြည်သူ့ညီလာခံကျင်းပရမည်မှာ မလွယ်ကူ။ သုံးရက်ကျင်းပမည့် ပြည်သူ့ညီလာခံသို့ တက်လာသောလေးသောင်းခန့်ရှိမည့် ပြည်သူလူထုအား ထမင်းကျွေးရန် ဆန်တောင်ပုံရာပုံလိုသည်။ ငါးခြောက်၊ ထင်းနှင့် ဟင်းသီးဟင်းရွက်များ တောင်လိုပုံ၍ သိုလှောင်ထားရမည်။ လူလေးသောင်းဆန့်မည့်မဏ္ဍပ်ကနား တည်ဆောက်ရမည်။ ယင်းကြောင့် ဌာနခေါင်းဆောင်များကိုခေါ်ပြီး အထပ်ထပ်ဆွေးနွေးကြရခြင်း၊ ကျနော်ကိုယ်တိုင်လည်း နယ်အရပ်ရပ်သို့ အလီလီဆင်းရခြင်းများကို မရပ်မနားလုပ်ကိုင်ဆောင်ရွက်နေရသည်။

ကျနော်တို့ အခက်အခဲအမျိုးမျိုးထဲမှ အားတက်သရော ကြိုးစားခြင်းကြောင့် ကျင်းပဆဲဖြစ်နေသော

ကြာအင်းတောင်ညီလာခံကျင်းပရန် ရက်ပိုင်းမျှအလိုတွင် ၁၉၄၆ခု ဧပြီလ ၆ရက်နေ့၌ ရခိုင်ပြည်လုံးဆိုင်ရာ ဖဆပလညီလာခံကို စစ်တွေမြို့အနီး တောကံရွာတွင် ကျင်းပသွားခဲ့သည်။

ကျောက်တော်နယ်ဖက်မှ ဦးထွန်းဝင်းခေါင်းဆောင်သော လယ်သမားထု၊ ရသေ့တောင်နယ်ဖက်မှ မျိုးချစ်ကျော်ဦး ခေါင်းဆောင်သောလယ်သမားထု၊ မြို့ပေါင်းမြို့နယ်မှ ဦးမောင်နီခေါင်းဆောင်သော လယ်သမားထု၊ စစ်တွေကျေးလက်နှင့် ပုဏ္ဏားကျွန်းနယ်မှ ဦးမောင်တူခေါင်းဆောင်သော လယ်သမားထုများ အသုတ်လိုက် အသုတ်လိုက် ချီတက်ပြီး မဏ္ဍပ်သို့ ဝင်လာကြသည်။

ညီလာခံသို့ ပြည်သူလူထု လေးသောင်းကျော် သောင်းသောင်းဖျဖျ တက်ရောက်ကြသည်။ ဆရာတော် ဦးပညာသီဟက သဘာပတိအဖြစ်လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကိုကျော်မြ (ယခု တောခို ဗကပ ဗဟိုကော်မီတီ) ကလည်းကောင်း ဆောင်ရွက်သည်။

ဗြိတိသျှနယ်ချဲ့စနစ်ဆိုးနှင့် ဘုရင်ခံဒေါ်မန်စမိတ်အစိုးရအဖွဲ့အား ကဲ့ရဲ့ရှုတ်ချခြင်း၊ လွတ်လပ်ရေး အတွက် အရေးဆိုခြင်းများအတွက် တောကံညီလာခံ၏တောင်းဆိုချက်များသည် မိုးကောင်းကင်ထိ မြင့်မားလျက်ရှိသည်။ ဤညီလာခံကိစ္စနှင့်ပတ်သက်၍ ၁၉၄၆ခု ဧပြီလ ၄ရက် (၁၃၀၇ ခု တန်ခူးလဆန်း ၂ရက်)နေ့ထုတ်ဝေသော သူရိယသတင်းစာတွင် 'ဧပြီ ၆ရက်နေ့ စစ်တွေအနီးတွင် ရခိုင်ပြည်လုံးဆိုင်ရာ ဖဆပလ ကွန်ဖရင့်သို့ ရန်ကုန်မြို့ ဗဟိုဖဆပလမှ ကိုယ်စားလှယ်များတက်ရောက်ရန် ဖိတ်ကြားထားသော်လည်း မနေ့က ညနေထိ ရခိုင်ပြည်သွား စစ်ဘက်ဆိုင်ရာ မီးသင်္ဘောနှင့်လိုက်ပါသွားနိုင်သော သက်ဆိုင်ရာသင်္ဘောလက်မှတ် များကို ရရှိခြင်းမရှိသေးသည့်အတွက် ကွန်ဖရင့်သို့ အချိန်မှီသွားရောက်ရန် ခဲယဉ်းနေသည်ဆိုကြောင်း'ဟူ၍ ဖော်ပြထားသည်။

သောင်းပေါင်း သိန်းပေါင်းများစွာသော ဗြိတိသျှစစ်တပ်များ တပ်စွဲထားသော စစ်တွေမြို့နှင့် မိုင်အနည်း ငယ်ခန့်သာ ဝေးသည့် တောကံရွာတွင် ကျင်းပသော ရခိုင်ပြည်လုံးဆိုင်ရာ ဖဆပလကွန်ဖရင့်ကို ဗြိတိသျှစစ်တပ်၊ ပုလိပ်တပ်တို့မှ တစုံတရာ နှောက်ယှက်ခြင်းမပြု။ လွတ်လပ်ရေးအရေးဆိုသော ဆုံးဖြတ်ချက်များနှင့်အတူ နိုင်ငံရေးဆုံးဖြတ်ချက်များ ချမှတ်ပြီးသော တောကံညီလာခံသည် အောင်မြင်စွာ ကျင်းပသွားနိုင်ပြီ။ ဗြိတိသျှ စစ်တပ်၊ ပုလိပ်တပ်များ ဝေးကွာသောကျနော်တို့ ကြာအင်းတောင်ညီလာခံ ကျင်းပရေးကား အသဲတထိတ်ထိတ် ဖြင့်။

## ကြာအင်းတောင် ပြည်သူ့ညီလာခံ

၁၉၄၆ခု ဧပြီလ ဒုတိယပတ်တွင် ကြာအင်းတောင် ပြည်သူ့ညီလာခံကို ကျင်းပရန် ကျေညာလိုက်၏။ ညီလာခံအတွင်းရေးမှူးအဖြစ် ကြီးမားသောတာဝန်ကို ယူထားသဖြင့် နယ်အသီးသီးမှတက်လာကြသော ပြည်သူ့ကိုယ်စားလှယ်များ စာရင်းယူခြင်း၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ညှိနှိုင်းပြီး ညီလာခံတင်မည့် အဆိုများ ရွေးချယ်ခြင်း၊ ကိုယ်စားလှယ်များနှင့်တက်ရောက်လာမည့် ထောင်ပေါင်းများစွာသော ပြည်သူလူထု အား နေရာချထားရေးနှင့် ကျွေးမွေးရေးအတွက် စီစဉ်ရခြင်း၊ ညီလာခံသို့ထွက်လာမည့် ဆရာတော်ဦးစိန္တာတို့ အား အခမ်းအနားဖြင့် ကြိုဆိုရေးနှင့် သဘာပတိအဖြစ် တင်မြှောက်ရေးအတွက် ပြင်ဆင်ရခြင်း စသော မရေမတွက်နိုင်သော လုပ်ငန်းဆောင်တာများကြောင့် ဧပြီလ ပထမပတ်ကပင် ကျနော် ညဥ့် ၂နာရီ ၃နာရီထိ အလုပ်လုပ်ရသည်။

နောက်နေ့နံနက်ကပင် ကြာအင်းတောင်ညီလာခံကို စတင်ကျင်းပရမည်ဖြစ်သဖြင့် ဆောင်ရွက်ဘွယ်ရာ များကို ညဥ့် ၂နာရီထိ ဆောင်ရွက်ပြီး ကျနော်အနည်းငယ်သာ အိပ်ရသေးသည်။ ကျနော့်အား ကင်းတာဝန်ကျ ရဲဘော်တစ်ဦးက လှုပ်၍နှိုးသည်။ နံနက် ၄နာရီခန့်သာ ရှိသေးသည်။ ကျနော်ထိုင်လိုက်သော်လည်း မျက်စိများ ဖွင့်မရ၊ ငိုက်မျည်းနေဆဲဖြစ်၏။ ရဲဘော်က ကြာအင်းတောင်ရွာကို စစ်တပ်ဝိုင်းထားလျက်ရှိလေပြီဟု တီးတိုးပြော သည်။ ကျနော်ရုတ်တရက် အံ့ဩသွားကာ ဘေးနားချထားသော စတင်းဂန်းသေနတ်ကို ဆွဲယူလိုက်သည်။

ယနေ့နံနက် စနာရီခန့်တွင် ဦးစိတ္တာသဘာပတိအဖြစ် ဆောင်ရွက်မည့်ညီလာခံရှိသည်။ တိုက်ပွဲမဆင်နိုင်၊ စတင်းဂန်းကို ပုခုံးတွင်လွယ်၊ အပေါ်က စောင်ရုံပြီး အိမ်ပေါ်မှ ကျနော်ဆင်းလိုက်သည်။ ကျနော့်အား လှုပ်နှိုးလာသောရဲဘော်ကိုလည်း လက်နက်များ လက်ထဲရှိနေသော ရဲဘော်များ၏လက်နက်များကို အနီးအနားရှိ ထူထပ်သောခြုံပုတ်များတွင်ဖြစ်စေ၊ စပါးကျီများတွင်ဖြစ်စေ၊ ဝှက်ထားရန် ပြောခိုင်းလိုက်သည်။ ကျနော်ကိုယ်တိုင်လည်း ကျနော့်အိမ်အနီးရှိ ထူထပ်သောခြုံကို အတင်းတိုးဝင်ကာ ကျနော်၏စတင်းဂန်းကို လုံခြုံအောင် ဝှက်လိုက်သည်။ ကင်းတာဝန်ကျ ရဲဘော်တစ်ဦးအား ဆရာတော်ဦးစိတ္တာထံ ကြာအင်းတောင်ကို စစ်တပ်ဝိုင်းထားပြီ၊ ငါ့ထံမှ အကြောင်းမကြားဘဲ ကြာအင်းတောင်သို့ မထွက်လာရန် သတင်းပို့ခိုင်း၏။

ဆရာတော် ဦးစိတ္တာ ယနေ့ကျင်းပမည့် ညီလာခံတွင် သဘာပတိအဖြစ် ဆောင်ရွက်ရန် ခါတိုင်းနေထိုင်သော မဟာမြိုင်တောစခန်းမှထွက်လာပြီး ကြာအင်းတောင်ရွာမှ ၃ဖာလုံခန့်သာဝေးမည့် တောစခမ်းတွင် ရှိနေသည်။ အာရုဏ်ဦးရောင်နီလာသည်နှင့်တစ်ပြိုင်နက် ကြာအင်းတောင်ရွာထဲတွင် တည်းခိုနေကြသော ကိုယ်စားလှယ်များနှင့် လွတ်လပ်ရေးအတွက် အသက်စွန့်လှူထားသော ကေဒါရဲဘော်များကို နှိုးလိုက်သည်။ စစ်တပ်ဝိုင်းထားလျက်ရှိကြောင်း ပြောလိုက်သည်။

အသေခံကေဒါရဲဘော်များကို တန်းစီပြီး လွတ်လပ်ရေးအတွက် ဤပြည်သူ့ညီလာခံ ဖြစ်မြောက်ရေးအတွက် အသက်စွန့်လှူရမည့်တာဝန် ပုခုံးပေါ်ရောက်နေပြီဖြစ်ကြောင်း ကျနော်ရှင်းပြသည်။ အသင့်ရှိနေသော တပ်ဖွဲ့ပုံစံအတိုင်း မိမိတို့လူစုဖြင့် မိမိတို့ချီတက်မည့်တာဝန်ကို ခွဲပေးလိုက်သည်။ ကျနော်တို့ ကေဒါရဲဘော်များ ယူနီဖောင်းအပြည့်အစုံဝတ်ဆင်ပြီး အင်္ဂလိပ်မျက်နှာဖြူစစ်ဗိုလ်များ၊ ဂေါ်ရခါးစစ်သားများနှင့် ပေါက်တောမြို့၊ မင်းပြားမြို့၊ မြေပုံမြို့တို့မှခေါ်ယူထားသော ပုလိပ်များဖြင့် စုစုပေါင်း ၃၀၀ခန့်ရှိမည့် ဗြိတိသျှလက်နက်ကိုင်တပ်ဖွဲ့များက ချိန်ရွယ်ထားသော ဘရင်းဂန်းသေနတ်များ၊ ရိုင်ဖယ်သေနတ်များကို ရင်ဆိုင်တိုးပြီး ထွက်သွားကြသည်။

ကန်နီဘက်မှလည်းကောင်း၊ ကျောက်နွားဘက်မှလည်းကောင်း၊ ဂြဟင်းခါးဘက်မှလည်းကောင်း၊ ထောင်ပေါင်းများစွာသော ပြည်သူလူထုနှင့်အတူ အမျိုးသားလွတ်လပ်ရေး ဒို့အရေး. . . . ဒို့အရေး ၊ လယ်လုပ်သူ လယ်ပိုင်ရေး ဒို့အရေး . . . . ဒို့အရေး . . . ၊ ဆရာတော်ဦးစိတ္တာ အသက်ရာကျော်ရှည်ပါစေ. . . ဟူသော မိုးပြိုလု ကြွေးကြော်သံများဖြင့် ကျနော်တို့ ကေဒါရဲဘော်များ ခေါင်းဆောင်ချီတက်လာကြသည်။

ထောင်ပေါင်းများစွာသော အုံကြွနေသည့် ပြည်သူလူထုသည် မိုးထိလု ကြွေးကြော်သံများကို လက်သီးလက်မောင်းတန်း၍ ဒီလှိုင်းတက်သလို တက်လာကြသည်။ ကြာအင်းတောင်နှင့် ကြာအင်းတောင်ရွာအနီးတွင် ထယ်ဝါခန့်ငြားစွာ တည်ဆောက်ထားသော ညီလာခံမဏ္ဍပ်ကို အထပ်ထပ်ဝိုင်းထားသော ဗြိတိသျှစစ်တပ်ပုလိပ်တပ်များ ဘာမျှမတတ်နိုင်။ ဘေးဖယ်ပေးရ၏။ အုံကြွသော ပြည်သူ့လှိုင်းတံပိုးအောက်တွင် မြုပ်နစ်သွား၏။

ဗြိတိသျှလက်နက်ကိုင်များ ဘေးဖယ်ပေးရသည်ကို ကြုံတွေ့ရသော ပြည်သူများသည် ပို၍ပို၍ အုံကြွလာသည်။ ပို၍ပို၍စိတ်ဓါတ်တက်ကြွလာသည်။ ညီလာခံမဏ္ဍပ်ကို ဝိုင်းပြီး ကြွေးကြော်သံများကို အသံအမြင့်ဆုံးထိ ကြွေးကြော်လေသည်။ လက်မောင်းကို အမြင့်ဆုံးထိ မြှင့်လာကြသည်။ စနာရီထိုးတော့မည်။ ဗြိတိသျှလက်နက်ကိုင်များ မရုပ်သိမ်းသေး။ ဆရာတော်ဦးစိတ္တာ ပြည်သူ့ညီလာခံ သဘာပတိအဖြစ် ဆောင်ရွက်နိုင်မည့်လမ်းမရှိပြီ။ ကျနော်ဆရာတော်ထံ ယုံကြည်ရသော လက်ရွေးစင်တပ်သားတစ်ဦးကို လွှတ်လိုက်ရသည်။

ဆရာတော်သဘာပတိအဖြစ် ဆောင်ရွက်နိုင်တော့မည်မဟုတ်။ ဗြိတိသျှလက်နက်ကိုင်များ ၃၀၀ခန့်ရှိနေသည်။ တောများကို ဝိုင်းပြီးမွှေနှောက်နိုင်သည်။ ဆရာတော်တို့ တောနက်ထဲသို့ ဆုတ်သွားရန်ဖြစ်သည်။ ကျနော်နှင့် ခေါင်းဆောင်စုများ ချက်ချင်းဆွေးနွေးကာ ကြာအင်းတောင်ဆရာတော်ကြီးအား သဘာပတိအဖြစ်တင်မြှောက်ရန် ဆုံးဖြတ်လိုက်ကြရ၏။

ကြာအင်းတောင်ဆရာတော်ကြီး (သက်တော် ၇၀ခန့်ရှိနေပြီ)အား ပင့်ဖိတ်ရန် သွားသူက သွားကြ၏။

ကျနော်တို့ ညီလာခံမဏ္ဍပ်သို့ တန်းတန်းသွားပြီး အလံတော်တင်မည့်နေရာတွင် နေရာယူလိုက်ကြ၏။ ကြာအင်းတောင်ဆရာတော်ကြီး ကြွလာပြီ။ ကျနော်တို့နှင့်အတူ ရောယူလေပြီ။ ဗြိတိသျှစစ်တပ်နှင့် ပုလိပ်တပ်များက ဝိုင်းကြည့်နေလေလေ၊ ကြွေးကြော်သံများကို အသံကုန်ဟစ်ပြီး အုံကြွနေသောပြည်သူလေးသောင်းခန့်မှာ ခုန်ဆွခုန်ဆွဖြစ်နေ၏။ ကျနော် ရင်တဒိန်းဒိန်းခုန်နေသည်။ အကယ်၍သာ တစ်စုံတစ်ဦး၊ တစ်စုံတစ်ဦးက အနီးကပ်ဝိုင်းကြည့်နေသော ဗြိတိသျှလက်နက်ကိုင်များထံမှ သေနတ်လုမိပါက ဆရာတော်ကြီးနှင့်တကွ ကျနော်တို့နှင့် ရာပေါင်းများစွာသော ပြည်သူများ အတုံးလိုက်အခဲလိုက် သေပွဲဝင်ရမည်ဖြစ်၏။ အသံချဲ့စက်မရှိသော်လည်း ကေဒါရဲဘော်များ၏လှုံ့ဆော်မှုကြောင့် အလံတင်မည့်နေရာသို့ ပြည်သူလေးသောင်းခန့် အချိန်အနည်းငယ်အတွင်း စုဝေးလာကြသည်။

ဆရာတော်ကြီး အလံတော်ကိုတင်ရန် ကြိုးကိုဆွဲလိုက်သည်။ အလံထက်ဝက်ခန့်တွင် ကြိုးပြတ်သွား၏။ ကြိုးအသစ်လဲပြီး အလံတော်ကို ဆရာတော်ကြီးနှင့် ကျနော်တို့ဝိုင်းဆွဲပြီး ထိပ်ဆုံးအရောက်တင်လိုက်ကြသည်။ အနီရောင်နောက်ခံတွင် အဝါရောင်ထွက်စ နေရောင်ဖြာဖြင့် ပြုထားသည့် ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ အလံ လေလှိုင်းတွင် လူးလွန့်နေ၏။ ကိုယ်စားလှယ် ၇၀၀ကျော်နှင့် ပြည်သူ၄သောင်းခန့် မဏ္ဍပ်တွင်းသို့ရောက်ကြပြီ။ မူလအစီအစဉ်အတိုင်း နံနက် ၈နာရီတွင် ညီလာခံမဖွင့်လှစ်နိုင်။ နံနက် ၉နာရီခန့်မှ ညီလာခံကို စတင်ဖွင့်လှစ်နိုင်၏။

ညီလာခံဖွင့်လှစ်ပြီး ကြာအင်းတောင် ဆရာတော်ကြီးက ညီလာခံသဘာပတိအဖြစ်လည်းကောင်း၊ ကျနော်က အတွင်းရေးမှူး(ယခု အခေါ် အခမ်းနားမှူး) အဖြစ် ဆောင်ရွက်သည်။ သဘာပတိဆရာတော်ကြီး သဘာပတိခုံပေါ်တွင် ရောက်နေပါပြီ၊ ကန်တော့ကြပါဟု ကျနော်ကြေငြာလိုက်၏။

သဘာပတိဆရာတော်ကြီး သက်တော်ရင့်ရော်နေပြီဖြစ်၍ သဘာပတိမိန့်ခွန်းကို ကျနော်ဖတ်ပြပါတော့မည်ဟု ကြေငြာပြီး ဆရာတော်ဦးစိန္တာအတွက် ကျနော်အသင့်ရေးထားသော သဘာပတိမိန့်ခွန်းကို ကျနော်အသံကုန်ဟစ်၍ ဖတ်ပြလေတော့၏။ သဘာပတိမိန့်ခွန်း၏ အတိုချုံးသော အဓိပ္ပါယ်မှာ နိုင်ငံတကာရေးရာများတွင် နယ်ချဲ့စနစ်ဆိုး ဘုံးဘုံးကြီးလဲ ကျဆုံးနေခြင်းနှင့် အမျိုးသားလွတ်လပ်ရေးအတွက် ညီညွတ်သော အုံကြွသော အမျိုးသားညီညွတ်မှုဖြင့် အသက်ကို မခာနမထားဘဲ ဗြိတိသျှနယ်ချဲ့ကိုလိုနီကျွန်ဘဝမှ လက်နက်ကိုင် ရုန်းထွက်ကြရန်ဖြစ်သည်။

အမျိုးသားလွတ်လပ်ရေးအတွက် အသက်ကို စွန့်လှူကြရန် လှုံ့ဆော်ခြင်းဖြစ်သည်။ သဘာပတိမိန့်ခွန်း၊ ဧည့်ခံကော်မီတီဥက္ကဋ္ဌ မိန့်ခွန်းများ ပြီးစီးချိန်တွင် နံနက် ၁၀နာရီကျော်ခဲ့ပြီ။ ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ် ထမင်းစားမဏ္ဍပ်သို့ လည်းကောင်း၊ ပြည်သူများ ပြည်သူထမင်းစားမဏ္ဍပ်သို့လည်းကောင်း၊ သွားရောက်ပြီး နံနက်စာ စားကြပါဟု ကြေငြာပြီး ညီလာခံကို ရပ်နားလိုက်ရတော့၏။

ကျနော် ညီလာခံမဏ္ဍပ်ပြင်သို့ထွက်လာ၏။ မျက်နှာဖြူကာနယ်ကြီးတစ်ဦးနှင့် မျက်နှာဖြူစစ်ဗိုလ်များ အပါအဝင် ဗြိတိသျှလက်နက်ကိုင်တပ်နှင့် ပုလိပ်တပ်ဖွဲ့ထဲတွင် ကျနော်နှင့် ခင်မင်ရင်းနှီးသူများ ပါကြသည်။ ရဲဌာနအုပ်ဦးမောင်အုန်း(ယခု လူဝင်မှုကြီးကြပ်ရေး အင်စပိတ်တော်) စသူတို့ကို ကျနော်နှင့်အတူ နံနက်စာ စားရန် ဖိတ်ခေါ်သည်။ တဦးတယောက်မျှ ဖိတ်ခေါ်၍မရ။ ကြိုက်ရာထမင်းဆိုင်တွင် ဝင်စားကြပါဟုပြောပြီး ကျနော်ထမင်းစားလက်မှတ်များ ထုတ်ပေးသော်လည်း သူတို့လက်မခံကြ။ နံနက်စာ စားရန်ညီလာခံရပ်နားထားစဉ် ဝိုင်းထားသော ဗြိတိသျှလက်နက်ကိုင်တပ်ဖွဲ့များကို ရုတ်သိမ်းပြီး ထွက်ခွာသွားကြ၏။

ဗြိတိသျှစစ်တပ်က လိုလားချက်မပြည့်မဝ ဖြစ်သွားရ၏။ ဗြိတိသျှစစ်တပ်က ကြာအင်းတောင်ညီလာခံသည် ဝါရမ်းပြေး၏ညီလာခံ၊ ဝါရမ်းပြေးများကို တွေ့လျှင်ဖမ်းမည်။ ခုခံလျှင်ပစ်မည်ဟူသော သူတို့ရည်မှန်းချက် မအောင်မြင်ခဲ့။ ဗြိတိသျှစစ်တပ်မှလိုသော ဝါရမ်းပြေးများသည် လေးသောင်းခန့်ရှိမည့် ပြည်သူလူထုများထဲတွင် ပါဝင်လာကြပါသည်။ အုံကြွသော ပြည်သူ့ဒီလှိုင်းထဲကို ဝါရမ်းပြေးများ နစ်မြုပ်နေ၍ ဗြိတိသျှလက်နက်ကိုင်များ မမြင်ခဲ့သလော။ သွေးချောင်းစီးမည်စိုးရိမ်၍ ရှောင်ခွါသွားသလော။ ကျနော် မပြောတတ်ပါ။ မွန်းလွဲပိုင်း

တွင် ညီလာခံကို ဆက်လက်ကျင်းပသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးအဆိုကို ကျနော်တင်သွင်းနေဆဲ၊ ဆုတ်ခွာသွားသော ဗြိတိသျှလက်နက်ကိုင်များ၊ အချက်ပေါင်းများစွာ အမြောက်ဖြင့်ပစ်သည်။ အမြောက်ကျည်ဆံများသည် ကျနော်တို့ ညီလာခံတွင် မပေါက်ကွဲ။ ကျနော်တို့ ညီလာခံနှင့်တစ်မိုင်ခန့်ဝေးမည့် ကြပ်စင်တောင်တန်းတွင် တဝုန်းဝုန်းကွဲသွား၏။

ညဥ့်ဦးယံတွင် နိုင်ငံရေးတရား ဟောပွဲများအပြီး ညလုံးပေါက်မိုးအလင်း ဇာတ်ပွဲများ၊ သိမ့်သိမ့်သဲသဲ ကျင်းပကြသည်။ (၁)ဘုရင်ခံ ဒေါ်မန်စမိတ်အစိုးရအဖွဲ့ကို ဖျက်သိမ်းပြီး လွတ်လပ်ရေးအပြည့်အဝပေးရေး၊ (၂)ဆရာတော်ဦးစိန္တာနှင့်တကွ ဝရမ်းပြေးနေရသော နိုင်ငံရေးသမားများအား အကြွင်းမဲ့လွှတ်ရေး၊ (၃)ကမ္ဘာ့ငြိမ်းချမ်းရေး။ (၄)မြေဆီမြေခွန် မပေးရေး။ (၅)လက်ငုတ်လက်ရင်း မြေပိုင်ရေးစသည့်အဆိုများကိုဆုံးဖြတ်ကာ ကြာအင်းတောင် ပြည်သူ့ညီလာခံအောင်မြင်စွာ ပြီးဆုံးသွား၏။ ညီလာခံအောင်မြင်သည်။ သို့သော် ကျနော်တို့ အဓိကရည်မှန်းချက်တစ်ခု မအောင်မြင်ခဲ့ရ။ ပြည်သူ့ညီလာခံသဘာပတိအဖြစ် ဆရာတော်ဦးစိန္တာအား ကျနော်တို့ မတင်မြှောက်နိုင်ခဲ့ရ။

**အိုးချင်းထား အိုးချင်းထိ**

ကြာအင်းတောင်ပြည်သူ့ညီလာခံက ဆရာတော်ဦးစိန္တာနှင့်တကွ ဝရမ်းအထုတ်ခံရသော နိုင်ငံရေးသမားများအား ပြည်သူနည်း ပြည်သူ့ဟန်ဖြင့် ဝရန်းလွတ်ရန် ကြိုးစားမှုမအောင်မြင်ခဲ့။ ယင်းကြောင့် ညီလာခံအပြီးတွင် အနယ်နယ်အရပ်ရပ်ခေါင်းဆောင်များနှင့် ကျနော်တို့ ဆက်လက်ဆွေးနွေးကြသည်။

ဆရာတော်ဦးစိန္တာနှင့်တကွ ဝရမ်းအထုတ်ခံရသော နိုင်ငံရေးသမားများ လွတ်လပ်ရေးကို အဓိကထားပြီး ကြာအင်းတောင်ညီလာခံဆုံးဖြတ်ချက်များကို အနယ်နယ်အရပ်ရပ်တွင်န အကောင်အထည်ဖော်ထုတ်ကြရန် တညီတညွတ်တည်းသဘောတူကြသည်။

ကိုလိုနီကျွန်ဘဝသို့သိမ်းသွင်းရန် ရည်မှန်းချက်အပြည့်အဝရှိနေသော ဗြိတိသျှစစ်တပ်သည် ပြည်သူ့လှုပ်ရှားမှုများကို တဆံခြည်မျှလျှော့မပေးသေး။ ကျနော်တို့ ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကိုသာ ဖိနှိပ်သည်မဟုတ်။ ရခိုင်တိုင်း ဖဆပလခေါင်းဆောင်များကိုပင် ပုဒ်ထီး-ပုဒ်မအမျိုးမျိုးတပ်ပြီး ထောင်ဒဏ်ပေးနေဆဲဖြစ်သည်။ ဗြိတိသျှနယ်ချဲ့စစ်တပ်ကို အားကိုးတကြီးပြုထားသော ရခိုင်တရားသူကြီးဆိုသူများသည် ရခိုင်နိုင်ငံရေးသမားများကို မငဲ့မကွက် ဖိနှိပ်နေဆဲဖြစ်သည်။

၁၉၄၅-ခုနှစ်၊ မတ်လ ၁၄ရက်နေ့ထုတ် သူရိယသတင်းစာကိုကြည့်လျှင် ထိုခေတ်သမိုင်း ရှုကွက်တစ်ကွက်ကို တွေ့ရသည်။ "ဖဆပလဥက္ကဋ္ဌနှင့် ထောင်ဒဏ်၁၈လဟူသော ခေါင်းစဉ်အောက်တွင် ဤသို့ရေးထား၏။

"လွန်ခဲ့သောလက ကျနော်တို့ သတင်းစာတွင် ဖော်ပြပါရှိခဲ့သော ရခိုင်ပြည်စစ်တွေမြို့ ဖဆပလဥက္ကဋ္ဌ ဦးစောလှဖြူနှင့် အတွင်းရေးမှူးဦးကျော်ဇံတို့အား ရာဇသတ်ပုဒ်မ ၁၂၄-အရလည်းကောင်း၊ ကာကွယ်ရေးပုဒ်မ ၃၆/၅အရလည်းကောင်း၊ စစ်တွေမြို့ အထူးအာဏာရ ဦးဖထော်ဦးရုံးတော်မှ ထောင်ဒဏ် ၁၈လချမှတ်သည်ကို မကျေနပ်၍ ရန်ကုန် ၁၃-၃-၄၇နေ့ တိုက်ကုတ် တရားဝန်ကြီး ဦးအေးမောင်ရုံးသို့ တင်သွင်းအယူခံရာ ပုဒ်မများ ကြီးလွန်းသောကြောင့် ဝန်ကြီးဦးအေးမောင်က ဆာဘဦး၊ ဦးကျော်မြင့်တို့နှင့် တိုင်ပင်ဆွေးနွေးကြကြောင်း"ဟု ရေးသားဖော်ပြထားပါသည်။

ကြာအင်းတောင် ပြည်သူ့ညီလာခံအပြီး ယင်းညီလာခံက ဆုံးဖြတ်လိုက်သည့် ဆရာတော်ဦးစိန္တာနှင့်တကွ ဝါရမ်းပြေးနေရသော နိုင်ငံရေးသမားများလွှတ်ရေး၊ မြေဆီမြေခွန်မပေးရေး တိုက်ပွဲများသည် အနယ်နယ်အရပ်ရပ်တွင် တောမီးလောင်သကဲ့သို့ တမဟုတ်ချင်း ပြန့်နှံ့သွားသည်။ မြို့နယ်၊ တိုက်နယ်အသီးသီးတွင် ထောင်ပေါင်းများစွာ ပြည်သူလူထု၏တောင်းဆိုချက်များ ဖြစ်လာလေသည်။

ဖြုတ်-ထုတ်-ပြေးလမ်းစဉ်အောက်တွင် ဗြိတိသျှနယ်ချဲ့ ဒလံကျေးရွာသူကြီးများကို ရွာလုံးကျွတ်စည်းဝေး

များမှ ဖြုတ်ချပစ်ပြီး၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ကို ဥက္ကဋ္ဌစနစ်ဖြင့် အစားထိုးဖွဲ့စည်းကြသည်။ ပြည်သူ့ဆန္ဒနှင့် ပြည်သူ့သစ္စာကို မစောင့်သိသော ဗြိတိသျှဒလံကျေးရွာသူကြီး မြောက်များစွာ မြို့ပြများသို့ ထွက်ပြေးတိမ်းရှောင်သွားရ၏။

အနှစ်သာရအားဖြင့် ဗြိတိသျှနယ်ချဲ့နှင့်ယှဉ်ပြိုင်၍ စစ်ပြိုင်အစိုးရအဖွဲ့မျိုးကို ကျနော်တို့ကျေးရွာများကို အခြေခံပြီး ထူထောင်လာလေလေ၊ ဗြိတိသျှနယ်ချဲ့စစ်တပ်နှင့် ပုလိပ်တပ်များ၏ ဖိနှိပ်မှု ပြင်းထန်လာလေလေ ဖြစ်လာသည်။

ဗြိတိသျှနယ်ချဲ့စစ်တပ်နှင့် ပုလိပ်တပ်များကလည်း သူလက်လှမ်းမှီသမျှတွင် ကျနော်တို့ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များကို ဖြိုခွင်းလာသည်။ ကျနော်တို့၏ကျေးရွာဥက္ကဋ္ဌများ၊ တိုက်နယ်ဥက္ကဋ္ဌများလည်း မိမိတို့ရပ်ရွာကို စွန့်လွှတ်ထွက်ပြေးရသည်။

ကျနော်တို့ ဗဟိုဌာနချုပ်ပြုထားသော ကြာအင်းတောင်ရွာနှင့် အနီးအနားကျေးရွာများတွင် ခိုအောင်းနေထိုင်လာရသည်။ ဤသို့ အိုးပစ်အိမ်ပစ်ပြေးလာရသော ဥက္ကဋ္ဌများအထဲတွင် ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် တွဲဘက်အထွေထွေအတွင်းရေးမှူး ကိုစောလှဦး၏ဘခင်တို့ အိမ်သားများနှင့် သူ့ဘထွေး ဦးသာညွန့်ဦးတို့ အိမ်သူအိမ်သားများလည်းပါလာသည်။ ဤမိသားစုထဲတွင် ကျနော်တို့ဆိတ် တို့ဆိတ်စဘူးသော ဦးသာညွန့်ဦး၏သမီး တိုက်နယ်အမျိုးသမီးအတွင်းရေးမှူး အလှပိုင်ရှင် မစောလည်း ပါလာသည်။ သူတို့သည် ကျနော်ဌာနချုပ်စခန်းဖွင့်ထားသော ကြာအင်းတောင်ရွာသား ကိုထွန်းလှ၏အိမ်ရှေ့ရှိ ကိုစောလှဦးအိမ်တွင် နေထိုင်ကြသည်။

အလှပိုင်ရှင် မစော၏ဘဝကို အနီးကပ်ကျနော်လေ့လာနိုင်သော အခွင့်အရေးရသွားသည်။ သူမ၏မောင် ကိုစောလှဦးနှင့် ကျနော်လွတ်လပ်ရေးကိစ္စများ၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးများကို ကိုစောလှဦးအိမ်တွင် အခွင့်သာတိုင်း ဆွေးနွေးလေ့ရှိကြသည်။ ဤဆွေးနွေးပွဲများတွင် သူမသည် သဘောတရားရေးရာများကို စူးစူးစိုက်စိုက်မှတ်သားယူလေ့ရှိသည်။ သူမ၏ဝါဝင်းစိုပြေသောအသားအရေ၊ အချိုးကျသော ကိုယ်ခန္ဓာ ပျို့ရွှယ်သောဘဝကြောင့် သူမကို ကျနော်တို့လူစု ဝိုင်းပိုးကြသည်။

သို့သော် သူမသည် အေးဆေးတည်ငြိမ်သည်။ ပြာယီပြာယာမရှိ မျက်နှာမများ၊ အိမ်တွင် ဗာဟိရအလုပ်များကို တနေကုန်တနေခမ်း မငြီးမငြူလုပ်ကိုင်ဆောင်ရွက်သည်။ သူမ၏မိဘများနှင့် သက်ကြီးများက တဦးဦးကို အခေါ်လွှတ်လျှင် အော်ဟစ်၍မခေါ်၊ အခေါ်ခံရသူထံ ရိုသေစွာချဉ်းကပ်ပြီး ညင်ညင်သာသာ“အဖေက ခေါ်ပါတယ်”ဟု ပြောဆိုတတ်သည်။ သူမကို ကျနော် သူမ၏ချောမောလှပသော ရုပ်ရည်ထက် သူမ၏သိမ်မွေ့သောအမူအရာ၊ မငြီးမငြူတစ်နေကုန် တစ်နေခမ်း ဆောင်ရွက်သော အိမ်မှုတာဝန်ကြေမှုများကို သဘောကျလာသည်။

ထိုထက် သူမ၏ မျိုးချစ်ပြည်ချစ်စိတ်ကို ပိုမိုလေးစားလာ၏။ မျိုးချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် နိုင်ငံအတွက် လွတ်လပ်ရေးအတွက် အလုပ်သမား လယ်သမားလူတန်းစားများအတွက် အနစ်နာခံနိုင်မည့် မိန်းမပျိုးတစ်ဦးဟု ကျနော်ယုံကြည်လာ၏။ သူမကို အိမ်ထောင်ဘက်ပြုရန် ကျနော်ဆုံးဖြတ်ပြဌာန်းလိုက်သည်။ ရည်းစားစကား ဘယ်ကစ၍ ဘာပြောရမည်ကို ကျနော်မသိ၊ ဆွံ့အအဖြစ်နေ၏။ ကျနော်တတ်နိုင်သော ကိုယ်အမူအရာဖြင့် သူမအား ချစ်ကြောင်း ကျနေပြသ၏။

ကျနော် ဌာနချုပ်စခန်းချထားသော အိမ်နောက်ဖာလုံဝက်ခန့်တွင် လူတရပ်ကျော် အနက်တူးထာသော စမ်းရေတွင်းငယ်တစ်ခုရှိသည်။ ထိုရေတွင်းငယ်မှရေကို အနီးအနားအိမ်များမှ ချိုးရေသုံးရေအဖြစ် အသုံးပြုကြသည်။ ထိုရေတွင်းငယ်မှရေကို မြေအိုးတစ်အိုးဖြင့်ခပ်ပြီး၊ ညနေဆည်းဆျာတိုင် ကျနော်ရေချိုးလေ့ရှိ၏။ ရေမချိုးမီအနားယူကာ ရေတွင်းငယ်အနီး ဆေးလိပ်လည်း ကျနော်သောက်လေ့ရှိသည်။

တနေ့သော ညနေဆည်းဆျာတွင်အလှပိုင်ရှင် မစော ရေအိုးတစ်အိုးဖြင့် ကျနော့်အနီးမှ ရေတွင်းငယ်သို့ ဖြတ်လျှောက်သွားသည်။ အခြားတစ်ဦးတစ်ယောက်မျှမရှိ သူမနှင့်ကျနော် နှစ်ဦးတည်း။ ပြည့်လျှံသောရေအိုး

ဖြင့် သူမ ကျနော့်အနီးမှ ဖြတ်လာသည်။ ကျနော်ထရပ်လိုက်၏။ "စကားတစ်ခွန်းပြောပါရစေ"ဟု အစချီကာ ကျနော်သူမကို ချစ်နေပြီ၊ အိမ်ထောင်ဘက်အဖြစ် ပြဋ္ဌာန်းထားပြီး၊ ကျနော့်အပေါ် မည်သို့သော သဘောထား သလဲဟု ဒိုးဒိုးဒေါက်ဒေါက် ကျနော်မေးမိလေ၏။ သမငိုင်ကျသွားသည်။ မိနစ်အနည်ငယ်ကြာထိ ဘာမျှမပြော ဘဲ ရပ်နေသည်။ ကျနော့်အတွက် လက်နက်ကိုင်တိုက်ပွဲတိုက်ရမည်ကို မကြောက်၊ ရည်းစားစကားပြောရသည် မှာ တိုက်ပွဲတက်ပင် အခက်ကြုံနေသည်။

ကျနော်ချွေးစို့လာ၏။ ရင်တဒိုင်းဒိုင်း ခုန်လာ၏။ သူမထံမှ စကားတစ်ခွန်းမျှ ပြန်မကြား၊ မြေကြီးကို ခေါင်းစိုက်ထားသောသူမ၏ မျက်နှာမော့လာသည်။ မျက်နှာတွင် ပြုံးရောင်သန်းလျက်၊ သူမ ကျနော့်အချစ်ကို လက်ခံကြောင်း တမဟုတ်ချင်း ကျနော် နားလည်သွားသည်။ ပြည့်လျှံသော ရေအိုးကို ချပြီး သူမအား ကျနော် မွှေးမွှေးပေးလေသည်။ အကြိမ်ပေါင်းရာချီထောင်ချီ၍ ကျနော် မွှေးမွှေးပေးချင်လှ၏။ သို့သော် ရာချီထောင်ချီ ကျနော် မွှေးမွှေးမပေးရက်။

## ယုတ်မာသော ငြိတီသျှနယ်ချဲ့

ထိုစောလှဦး ဝမ်းထဲတွင် အခဲရောဂါ ဖြစ်ပေါ်လာသည်။ ကျနော်တို့ စစ်တွေမြို့သို့သွားပြီး ယင်းအခဲကို ခွဲစိပ်ကုသရန် တိုက်တွန်းသည်။ ကိုစောလှဦးဟု မသိစေရ၊ ကိုအောင်မြသာဘခင် ဆရာဝန် ဦးစိန်ထွန်းနှင့် ဆက်သွယ်ပြီး ဆောင်ရွက်ပေးမည်။ စိတ်ချရခြင်းတို့ကို ကျနော်တို့ တင်ပြသည်။

သို့သော် ကိုစောလှဦး၏ဘခင် ဆေးဆရာကြီးက သဘောမတူ၊ ကျနော်တို့ ဘာမျှ မ တ တ် နို င် ။ လက်မှိုင်ချထားရသည်။ ကိုစောလှဦး အခဲရောဂါ တဖြည်းဖြည်းရင့်မာလာသည်။ သူတအိအိဖြင့် လူရုပ်မပေါက် ဖြစ်လာသည်။

ရောဂါသည် ကိုစောလှဦးအတွက် ဆရာတော်ဦးစိန္တာရော ကျနော်တို့ရော သူတို့မိသားစုရော စိတ်မကောင်းကြ။ တရွေးသားမျှ လျှော့မပေးသော ကိုစောလှဦး၏ ဘခင် ဆေးဆရာကြီးကိုလည်း မည်သူမျှ မလွန်ဆန်ရဲကြ။ ဆေးဆရာကြီးက သူ့ဆေးဖြင့် ကောင်းရမည်ဟု တထစ်ကျဆိုထားသည်။

အလှပိုင်ရှင် မစောနှင့် ကျနော်တို့ ချစ်ကြိုက်သွားကြပြီ။ မွှေးမွှေးပေးကြပြီဆိုသော အချက်များအား ကျနော်နေ့စဉ် ဒိုင်ယာရီမှတ်တမ်းများကို ကျနော့်အလစ်ခိုးကြည့်ကြသဖြင့် ကျနော်တို့ ကေဒါရဲဘော်များ သိသွား ကြသည်။ ဝိုင်းပိုးနေကြသူများ လက်လျှော့သွားကြ၏။

ကျနော်တို့ ချစ်သူနှစ်ဦးလည်း အခွင့်အရေးရလျှင် ရသလို ဆုံကြသည်။ တွေ့ကြသည်။ မွှေးမွှေးပေး ကြသည်။ ချစ်သူနှစ်ဦးကား ကိုစောလှဦး ရောဂါကြောင့် စိတ်မကောင်းကြောင်းလည်း ပြောကြသည်။ နိုင်ငံရေး ရာများလည်း ပြောကြသည်။ တယောက်ကိုတယောက်အသဲစွဲကြောင်းလည်း ပြောကြသည်။

မကြာလှပါ။ ကိုစောလှဦး ယင်းအခဲရောဂါဖြင့် သေဆုံးသွားပါသည်။ ကိုစောလှဦးအား မီးသဂြိုဟ်က အလေးပြုလိုက်ကြပါသည်။ ကိုစောလှဦးသေဆုံးပြီး မကြာမီမှာပင် သူမတို့အိမ်သားလည်း ရွာစွန်ရှိ ဆေးသမား ကြီး ဦးကြွင်းကျံအောင် အိမ်တွင် ပြောင်းရွှေ့နေထိုင်ကြပါသည်။

ကျနော်တို့ချစ်သူနှစ်ဦး တစ်ဦးနှင့်တစ်ဦး အသဲစွဲ ချစ်ကြပါသည်။ သို့သော် လက်လွန်ခြေလွန်အဆင့်သို့ မရောက်အောင် နှစ်ဘက်နှစ်ဦးစလုံးက တားမြစ်ချုပ်ထိန်းကြပါသည်။ ကျနော် သူ့မိဘများထံ နားထောက်ရန် ကျနော့်တာဝန်ဖြစ်လာပါသည်။

နိုင်ငံရေးရာကိစ္စများတွင် သူမ၏ဘခင်နှင့်ကျနော် ဆွေးနွေးပြောဆိုလေ့ ရှိပါသည်။ သူ့သမီးကိစ္စနှင့် နားဖောက်ရမည်ကို ကျနော် မဝံ့ရဲပါ။ ကျနော့်အား သားရင်းတမျှ ချစ်ခင်သော ကျနော် ဇဟိုရ်ဌာနချုပ် စခန်းချထားသော ဒေါ်မှုံချေ၏မိခင်သည် သူမ၏မိသားစုထံ သွားရောက်နားဖောက်၏။

သူမတို့မိသားစုက လွတ်လပ်ရေးအတွက် အသက်စွန့်လှူလိုသော ကျနော့်အား မတားမြစ်၊ သူတို့ ၃-နှစ်၊ ၄-နှစ်ထိ စောင့်မည်ဟု စကားပြန်သည်။ ဒေါ်မှုံချေ၏မိခင်အိမ်သည် ကျနော်တို့ ဌာနချုပ်စခန်း၊

ယင်းအိမ်သည် ကျနော့်စားအိမ်၊ ကျနော့်အိပ်မက်။ သူမတို့မိသားစုထံမှ စကားရပြီး တိုတောင်းသောရက်ပိုင်းတွင် ကျနော်၏စားအိမ်အဖြစ် သူမတို့အိမ်ကို ကျနော်ပြောင်းလိုက်သည်။ ဤသို့မျှသာ နံနက်ထမင်းစားချိန်နှင့် ညနေထမင်းစားချိန်တို့တွင် ကျနော်တို့ ချစ်သူနှစ်ဦး မျက်နှာချင်းဆိုင်ကာ ပြောလိုရာ ပြောနိုင်ကြမည်မဟုတ်ပါလား။

အလုပ်သမားလူတန်းစား တိုက်ပွဲ အုံကြွမှု၊ ပုလိပ်နှင့် အစိုးရအမှုထမ်းပေါင်းစုံ သပိတ်တိုက်ပွဲများ၊ မြေဆီမြေခွန်မပေးရေးနှင့် လယ်သမားထုအုံကြွမှုများ၊ ပျဉ်းမနား၊ လယ်ဝေး၊ ရခိုင်ပြည်တို့တွင် လက်နက်စွဲကိုင်ခုခံတော်လှန်မှုများ၊ ဖဆပလအဖွဲ့၊ ဗကပဆိုရှယ်လစ်ပါတီနှင့် အလံနီတို့၏နိုင်ငံရေးထိုးနှက်မှုများတို့ကို မခံမရပ်နိုင်သဖြင့် မျက်နှာဖြူဘုရင်ခံ ဒေါ်မန်စမိတ်ပြေးရပြီ။ ဘုရင်ခံ အတိုင်ပင်ခံ ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်အစိုးရအဖွဲ့ ပြုတ်သွားရပြီ။ ဘုရင်ခံ ဆာအိပ်ချ်အီရန့် (H.E. Rancer) ရောက်လာသည်။

၁၉၄၆-ခု စက်တင်ဘာလ ၂၆-ရက်တွင် ဘုရင်ခံအတိုင်ပင်ခံ အမှုဆောင်ကောင်စီ အစိုးအရအဖွဲ့တွင် ဖဆပလအဖွဲ့ပါဝင်ဆောင်ရွက်သည်။ ဗိုလ်ချုပ်အောင်ဆန်းက ဒု-သဘာပတိအဖြစ်လည်းကောင်း၊ သခင်မြကပြည်ထဲရေး ဝန်ကြီးအဖြစ်လည်းကောင်း ခေါင်းဆောင်ကြပါသည်။

ကောက်ကျစ်စဉ်းလဲရာတွင် သရဖူဆောင်းသောဗြိတိသျှနယ်ချဲ့၏ လက်ကိုင်ဒုတ် စစ်ဗိုလ်စစ်သားတစ်ရာကျော်ပါသောစစ်တပ်သည် ၁၉၄၆-ခု နိုဝင်ဘာလတွင် ကြာအင်းတောင်ရွာသို့ ဦးတည်ချီတက်လာ၏။ နေမွန်းတည့်အချိန်ခန့်ရှိလေပြီ။ ကြာအင်းတောင်ရွာအနီးတစ်ဝိုက်တွင် တာဝန်ချထားသောအရပ်ကင်းများအနက် ကျောက်ငွေးရွာအရပ်သားကင်းက စစ်သင်္ဘော ၃-စင်းအပြည့်ပါသော ဗြိတိသျှစစ်သားများကျောက်ငွေးရွာဆိပ်ကမ်းသို့ တက်နေကြပြီဟု သတင်းလာပို့သည်။

ကျနော်တို့အားလုံး လူတစ်ယောက်မကျန် စာရွက်တစ်ရွက် ကျည်ဆံတစ်တောင့်မချန် သိမ်းဆည်းပြီး ကြာအင်းတောင်ရွာမှ ထွက်သွားကြ၏။ ရွာအရှေ့ ၂-ဖာလုံခန့်ဝေးမည့် တောင်ကုန်းတစ်ကုန်းပေါ်တွင် ကျနော်တို့ နားနေလိုက်ကြသည်။ ကြာအင်းတောင်ရွာ တည်ရာအရပ်မှ မီးခိုးမီးလျှံများ မိုးကောင်းကင်သို့ တက်နေသည်။ ဗြိတိသျှစစ်တပ်မှမီးရှို့နေပြီဟု ကျနော်တို့ယူဆကြ၏။

ကျနော်တို့နေမည့် တောစခန်းသို့ ပြောထားခဲ့ရာ အတိအကျသိနေသော ကြာအင်းတောင်ရွာကလပ်စည်း ခေါင်းဆောင် ဦးယက်သေးအောင် မျက်စိမျက်နှာပျက်စွာဖြင့် ညနေ ၂-နာရီခန့်တွင် ကျနော်တို့ထံရောက်လာသည်။

ကြာအင်းတောင်ရွာကို တစ်ရွာလုံးမီးရှို့သွားပြီ။ တရွာလုံး လုယက်သွားပြီ။ ဗိုလ်ချုပ်အောင်ဆန်းတို့မီးရှို့ခိုင်း၍ တောပုန်းဓားပြဌာနချုပ်ကို မီးရှို့ရသည်ဟု ဗြိတိသျှစစ်ဘက်နယ်ဘက် အကြီးအကဲများ ပြောသွားကြောင်းတို့ကို သူပြောပြ၏။ ကျနော်တို့ မှီခိုအားထားရာလည်းဖြစ်၊ မိဘဆွေမျိုးသဘွယ်လည်းဖြစ်နေသော ကြာအင်းတောင် ရွာသူရွာသားများ လုယက်မီးရှို့ခံရသည်ကို သိရလျှင် ချက်ချင်းကျနော်တို့ ဒေါသူပုန်ထသွားကြသည်။

စိတ်ဓါတ်ပြင်းထန်သော ရဲဘော်များက မီးရှို့ပြီး ထွက်ခွာလာမည့် ဗြိတိသျှနယ်ချဲ့စစ်တပ်ကို တိုက်ခိုက်ရန် လက်ငင်းတောင်းဆိုလာကြ၏။ ကျနော်တို့၏ ပစ်-ပြေးပြောက်ကျား စစ်ပရိယာယ်အရ ကျင့်သုံးလျှင် မီးရှို့ပြီး ထွက်ခွာလာမည့် ဗြိတိသျှနယ်ချဲ့စစ်တပ်ကို ကျနော်တို့ အကျအဆုံးများအောင် ခြုံခိုတိုက်ပွဲ၊ ပစ်-ပြေး တိုက်ပွဲများ ပြုလုပ်သွားနိုင်သည်။ သို့သော် ယခု ဗိုလ်ချုပ်အမှုဆောင်ကောင်စီ အစိုးရဖြစ်နေပြီ။

ဗိုလ်ချုပ်တို့က ကျနော်တို့ဌာနချုပ် ကြာအင်းတောင်ကို မီးရှို့ခိုင်းမည်ကို ကျနော်တို့ မယုံကြည်။ ကျနော် ကျည်ဆံတစ်တောင့်မျှပစ်ခွင့်မပြု။ ဗိုလ်ချုပ်တို့ သခင်မြတို့နှင့် တွေ့ဆုံပြီး ဖြေရှင်းယူမည်ဟု ကျနော်တာဝန်ယူလိုက်ရ၏။ ကက်စ်ဘီ(ဗြိတိသျှ စစ်အုပ်ချုပ်ရေးခေတ်) ခေတ်နှင့် ဆာပေါ်ထွန်းတို့ အစိုးရခေတ်ကပင် ကြာအင်းတောင်၊ ပြည်သူ့ညီလာခံကျင်းပသော ကြာအင်းတောင်ရွာကို ကျနော်တို့ ဌာနချုပ်တည်ဆောက်ထားပါလျက်နှင့် ထိုစဉ်က မီးမရှို့ခဲ့။

ယခု ဗိုလ်ချုပ်တို့ အမှုဆောင်ကောင်စီအစိုးရဖွဲ့ပြီးမှ တမင်တကာ ရွာလုံးကျွတ် မီးရှို့လုယက်မှုပြုသည်ကို ကျနော်အခဲမကျေ။ ယုတ်မာကောက်ကျစ်စဉ်းလဲသော ဗြိတိသျှနယ်ချဲ့သစ်နိုင်ငံရေး ခြေထိုးမှုကြောင့် ငါတို့သွေးမခွဲနိုင်ပြီကို သင်သိသင့်လှပြီ။ ဗိုလ်ချုပ်တို့က ကျနော်တို့ ဌာနချုပ်ကြာအင်းတောင်ရွာအား မီးရှို့လုယက်ခိုင်းမည်ဟု တဆံခြည်မျှ ကျနော်မယုံကြည်။

## ကိုယ်စားလှယ်အဖွဲ့

ကျနော်တို့ တောစခန်းမှထွက်လာကြသည်။ မီးရှို့မခံရသော ကြာအင်းတောင်ဘုန်းကြီးကျောင်းတွင် ကျနော်တို့ ဌာနချုပ်ကို ဖွင့်လှစ်၏။ ဗြိတိသျှနယ်ချဲ့က ကျနော်တို့အပါအဝင် တော်လှန်ရေးသမားများကို လက်မခံရဲအောင်နှင့် မကြာသေးမီက ရာထူးလက်ခံခဲ့သော ဗိုလ်ချုပ်အောင်ဆန်းတို့အား အကြည်ညိုပျက်အောင် ကြာအင်းတောင်ရွာကို တမင်တကာ မီးရှို့လေပြီ။

သို့သော် နယ်ချဲ့ဗြိတိသျှ၏ အကြံအစည် မအောင်မြင်၊ ကြာအင်းတောင်ရွာ မီးရှို့ခံရခြင်းကြောင့် ရခိုင်တပြည်လုံးက ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို အော့နှလုံးနာလာအောင် ကျနော်တို့ လှုံ့ဆော်သည်။ ထောင်ပေါင်းများစွာသော ကျေးရွာများ၊ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို ပို၍ပို၍ စက်ဆုတ်ရွံ့ရှာလာကြသည်။

သောင်းပေါင်းများစွာသော ပြည်သူလူထုများ၊ ကြာအင်းတောင်ရွာသူရွာသားများကို ဂရုဏာသက်လာကြသည်။ ကူညီလာကြသည်။ ကြာအင်းတောင်နှင့် အနီးအနား ကျေးရွာများမှ ရိုးသားသော လယ်သမားများ၊ မိမိရင်သွေးသားပျိုများကို လက်ဆွဲပြီး ဗြိတိသျှနယ်ချဲ့အား တွန်းလှန်ရန် ကျနော်တို့ တပ်ဖွဲ့များထဲ သွင်းလာကြသည်။

ရာပေါင်းများစွာသော တော်လှန်ရေးတပ်သားသစ်များကို ကျနော်တို့ ရရှိလေတော့၏။ ကျနော်တို့ ဌာနချုပ် ကြာအင်းတောင် မီးရှို့လုယက်ခံရပြီး မကြာမြင့်မီ ဆရာတော်ဦးစိန္တာအား လွှတ်ပြီဟူသောသတင်းနှင့် အတူ ကြေငြာချက်များ ပလူပျံသလိုပျံလာသည်။ ရခိုင်တစ်ပြည်လုံး အုတ်အုတ်သောင်းသောင်းဖြစ်နေကြ၏။ ၁၉၄၆-ခု ဒီဇင်ဘာလ ၂၂ရက် စနေနေ့ထုတ်ဝေသော သူရိယသတင်းစာတွင် ဆရာတော်လွှတ်သည့်ကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်းရေးသားထားသည်။

(၁)ဦးစိန္တာနှင့် ၎င်း၏နောက်လိုက်တပည့်တို့သည် ယခုကြေငြာချက်ကို ထုတ်သည့်နေ့မှစ၍ တစ်လအတွင်းအနီးဆုံးရွာသူကြီး၊ ပုလိပ်ကင်းဂတ် (သို့မဟုတ်) ဌာန(သို့မဟုတ်) နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင် (သို့မဟုတ်) ဒုတိယမြို့ပိုင်ထံ မိမိတို့လက်တွင်းရှိ လက်နက်များနှင့်တကွ မိမိတို့ကိုယ်ကို မိမိတို့အလိုအလျောက် ဝင်ရောက်အပ်နှံရမည်။

(၂) ဦးစိန္တာအား အစိုးရမင်းတို့က ရုံးတင်တရားစွဲဆိုခြင်း အလျှင်းပြုမည်မဟုတ်။ ၎င်းနည်းတူ ဦးစိန္တာ၏နောက်လိုက် တပည့်များ မည်သူမဆို မိမိတို့ကိုယ်တိုင်လူသတ်မှု၊ လူသေမှု (သို့မဟုတ်) ကြီးလေးသော ဒဏ်ရာရစေမှုတို့ကို ကိုယ်ထိလက်ရောက်မကျူးလွန်လျှင် ၎င်းတို့အားလည်း အစိုးရရုံးတွင် တရားစွဲဆိုခြင်း တစုံတရာပြုလိမ့်မည်မဟုတ် စသည်တို့ဖြစ်ကြောင်း ရေးသားဖော်ပြပါရှိခဲ့သည်။

ဤကြေငြာချက်ကို ကျနော်တို့ သဘောလည်းမကျ၊ သဘောလည်းမပေါက်၊ ကက်စ်ဘီ(ဗြိတိသျှစစ်အုပ်ချုပ်ရေး) ခေတ်ကပင် မိမိတို့စွဲကိုင်ထားသော လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ အားလုံးကို အပ်နှံလျှင် သေဒဏ်အပြစ်ရှိသည့်တိုင် သေဒဏ်မပေးဟု ကြေငြာပြောဆိုကာ ကျနော်တို့အား လက်နက်ချရန် အထပ်ထပ်လှုံ့ဆော်ခဲ့ကြပြီ။ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို တော်လှန်ရန် ဆန္ဒအာသီသပြင်းထန်သော ကျနော်တို့လက်နက်မချခဲ့ကြ။

ရွာလုံးကျွတ်မီးရှို့ခံရသည်။ ရွာလုံးကျွတ်လုယက်ခံရသည်။ ရွာလုံးကျွတ်မုဒိန်းကျင့်ခံရသည်။ သို့သော် ကျနော်တို့ လက်နက်မချ။ ယခု ဗိုလ်ချုပ်တို့ အမှုဆောင်ကောင်စီအစိုးရကလည်း မိမိတို့လက်တွင်းရှိ လက်နက်

အားလုံးနှင့်တကွ မိမိတို့ကိုယ်ကိုမိမိတို့ အလိုအလျောက်ဝင်ရောက်အပ်နှံရမည်ဆိုချက်ကို ကျနော်တို့ တရွေးသားမျှ လက်မခံကြ။

ဆရာတော်နှင့် ကျနော်တို့ ခေါင်းဆောင်များ အရေးပေါ်စည်းဝေးကြသည်။ ကြာအင်းတောင်ရွာသို့ ပူပူနွေးနွေးလုယက်ခံရသော ပြဿနာကိုတင်ပြရေးနှင့် လက်နက်မချဘဲ ဆရာတော်တို့အား ဝါရမ်းရုပ်သိမ်းရေးတို့ကို ဆွေးနွေးရန် ကိုမောင်စိန်လှ( ယခု ကျောင်းဆရာ) နှင့် ဦးမောင်မောင်တို့ကို ကိုယ်စားလှယ်အဖြစ် ရန်ကုန်သို့လွှတ်ရန် ဆုံးဖြတ်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ( ပြည်ထဲရေးဝန်ကြီး) ဦးဗဆွေ (ဖဆပလဌာနချုပ် အထွေထွေအတွင်းရေးမှူး) ဦးကျော်ငြိမ်း (ဆိုရှယ်လစ်ပါတီဌာနချုပ်ခေါင်းဆောင်တစ်ဦး) တို့ထံ ပေးစာများကိုလည်း ဆရာတော်နှင့်ကျနော် လက်မှတ်ရေးထိုးကြပြီး သင့်လျော်သော ငွေကြေးကိုပေးကာ ကိုမောင်စိန်လှလက်ထဲအပ်လိုက်သည်။

ရန်ကုန်သို့ ကိုယ်စားလှယ်လွှတ်လိုက်သည်။ ရက်သတ္တနှစ်ပတ်အတွင်း ပြန်လာရန် အသေအချာ ဆရာတော်နှင့်ကျနော် ထပ်တလဲလဲ မှာကြားပြောဆိုလိုက်သည်။ ကိုယ်စားလှယ်အဖွဲ့နှင့် ကျနော်တို့ မှာစရာပြောစရာများကို ခေါင်းချင်းရိုက်ပြီးလေပြီ။ ကိုမောင်စိန်လှတို့ ရန်ကုန်သွားရန် မဟာမြိုင်တောစခန်းမှ မဆိုင်းမဝံ့ဘဲ ထွက်ခွာသွားကြ၏။

## ဆရာတော်နှင့် ကိုဗဆွေ

ဗြိတိသျှနယ်ချဲ့စစ်တပ်နှင့် ပုလိပ်တပ်များက ကျေးရွာများကို ရွာလုံးကျွတ်မီးရှို့၊ လုယက်၊ မုဒိန်းကျင့်ပြုနေကြသည်။ ထင်သလိုဖမ်းဆီးပြီး လူမဆန်စွာ ညဉ်းဆဲနေသည်။ ထင်သလို ထောင်ဒဏ်သေဒဏ်ပေးနေသည်။ သို့သော် အုံကြွနေသော ရခိုင်ပြည်သူလူထု တစ်လက်မမျှနောက်မတွန့်၊ အမျိုးသားလွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့ စနစ်ဆိုးကို အဖက်ဖက်မှဆန့်ကျင်သည်။ မြေခွန်မြေဆီခမပေး၊ လက်ငုတ်လက်ရင်း မြေပိုင်ရေးစနစ်ဖြင့် လယ်ယာစိုက်ပျိုးထွန်ယက်ကြသည်။

ဗြိတိသျှဒလံရွာသူကြီးများကို ဖြုတ်ပြီး ကျေးရွာများကို မိမိတို့ရွေးကောက်သော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဖြင့် အုပ်ချုပ်ကြသည်။ မြေအောက်လက်နက်ကိုင် တပ်ဖွဲ့များကိုလည်း အခြေခံကျကျ ဖွဲ့စည်းထူထောင်ကြသည်။ အာဏာနီနယ်မြေများတွင် ဇာမိတာမြေရှင်ကြီးပိုင် ဇကထောင်ပေါင်း သောင်းပေါင်းများစွာသော လယ်မြေများကို လက်ငုတ်လက်ရင်း လယ်သမားများ၊ ဆင်းရဲသားလယ်သမားများနှင့် မြေမဲ့ယာမဲ့ လယ်ယာအလုပ်သမားများအား ဝေငှဖြန့်ဖြူး ပေးလျက်ရှိနေလေပြီ။

ကြာအင်းတောင် ပြည်သူ့ညီလာခံမှ သတ်မှတ်ပေးလိုက်သော လမ်းစဉ်နှင့် ဆရာတော် ဦးစိန္တာတို့အား ဝါရမ်းရုတ်သိမ်းရေး တောင်းဆိုချက်များသည် ရခိုင်အမျိုးသားတောင်းဆိုချက်အဆင့်ထိ ရောက်ရှိနေ၏။ တောခိုဝါရမ်းပြေးနေရသော်လည်း နိုင်ငံရေးဩဇာတိက္ကမ ရှိသော ဆရာတော်ဦးစိန္တာထံ သခင်မြ( ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ  လုပ်ကြံခံသွားရသော အာဇာနည်သခင်မြ) လည်း ရောက်သည်။

ကိုဘစော (ဝန်ကြီးဟောင်းနှင့် ယခု သံအမတ်ကြီး) ကိုသာထွန်းတို့လည်း မကြာခဏရောက်သည်။ ကိုညိုထွန်း (ဝန်ကြီးဟောင်းနှင့် ယခု သံအမတ်ကြီး) လည်း အမြဲလိုလို ရောက်သည်။ ဖဆပလဌာနချုပ် အထွေထွေအတွင်းရေးမှူး ကိုဗဆွေ (ဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဗဆွေ) ဆရာတော်ထံရောက်မည်။ သူ့အား ကြိုဆိုရေးနှင့် တရားဟောပွဲကျင်းပရေးကို ဆရာတော်နှင့် ကျနော်တို့ ဖုတ်ပူမီးတိုက်စီစဉ်ရတော့၏။

ကျနော်တို့ ဌာနချုပ် ကြာအင်းတောင်ရွာကို မီးရှို့ရုံဖြင့် ဘာတစ်ခုမျှ တန်ပြန်တုံ့ပြန်မှုလက်နက်ဖြင့်ခုခံမှုမရသောအခါ ကောက်ကျစ်စဉ်းလဲသော ဗြိတိသျှနယ်ချဲ့စစ်တပ်သည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အမှုဆောင်ကောင်စီအစိုးရနှင့် ကျနော်တို့ ထိပ်တိုက်ရင်ဆိုင်ဖြစ်လာစေရေးအတွက်လည်းကောင်း၊ ဆရာတော်တို့ ဥပဒေအတွင်းသို့ မဝင်လာနိုင်စေရေးအတွက်လည်းကောင်း၊ ဆရာတော်ဦးစိန္တာအား ရုံးတင်

တရားမစွဲ၊ တစ်လအတွင်း မိမိတို့ လက်နက်များနှင့်တကွ မိမိတို့ကိုယ်ကို အပ်နှံကြရန် ကြေငြာချက်ထုတ်ထားပြီးဖြစ်ပါလျက်နှင့် ကြာအင်းတောင်အနီးအနားရှိ ရွာများကို ရွာလုံးကျွတ်မီးရှို့လုယက်မုဒိန်းကျင့်ခြင်းများကို ထပ်ဆင့်ပြုလုပ်လာကြ၏။

ဆရာတော်နှင့် ကျနော်တို့ ခိုအောင်းနေထိုင်မည်ထင်သော တောတောင်များကိုလည်း ရေမောင်မြစ်ရှိ စစ်သင်္ဘောများမှ ခေါက်တုံ့ခေါက်ပြန်ခုတ်မောင်းရင်း အမြောက်များဖြင့် ပစ်ခတ်သည်။ ကုန်းတပ်မှလည်း သုံးလက်မ အမြောက်များဖြင့် အန့်အစပ် ပစ်ခတ်သည်။ ဗြိတိသျှစစ်တပ် ပုလိပ်တပ်များက ဆရာတော်နှင့် ကျနော်တို့အား တောနင်းမွှေနှောက်ရှာဖွေလျက်ရှိနေ၏။ ရပ်ရွာများနှင့် အလှမ်းဝေးကွာသော တောနက်ထဲတွင် ဆရာတော်နှင့် ကျနော်တို့ အငတ်အပြတ်ခံကာညှ ခိုအောင်းနေရ၏။

ကိုမောင်စိန်လှနှင့် ဦးမောင်မောင်တို့အား ရန်ကုန်သို့ ကိုယ်စားလှယ်လွှတ်၍ ရက်သတ္တနှစ်ပတ်ပင် မပြည့်မီတစ်ညသော ည ၁၀နာရီခန့်တွင် ရှေ့တန်းကင်းစခန်းတစ်နေရာတွင် ဆူညံဆူညံဖြစ်နေသည်။ တရေး တမေ့အိပ်ရန် လှဲလျောင်းနေသော ကျနော်ချက်ချင်းထပြီး ဆူညံနေသော ရှေ့တမ်းကင်းစခမ်းသို့ လာခဲ့သည်။

မမျှော်လင့်ဘဲ ကိုမောင်စိန်လှကို ခွဆုံရွာသား လမ်းပြတစ်ဦးနှင့် ပက်ပင်းပါတွေ့ရသည်။ သူရော ကျနော်ပါ ဝမ်းသာမဆုံး ဖြစ်သွားကြ၏။ ဆရာတော်၊ ကိုမောင်စိန်လှနှင့် ကျနော်တို့ ဒူးတိုက်ဆွေးနွေးပွဲကို ချက်ချင်း ကျင်းပကြ၏။ ကိုမောင်စိန်လှက သူတွေ့ကြုံဆောင်ရွက်ချက်များကို တင်ပြသည်။

သူတို့ရန်ကုန်မြို့သို့ ရောက်လျှင်ရောက်ချင်း ဖဆပလ ဌာနချုပ် အထွေထွေအတွင်းရေးမှူး၊ ဦးဗဆွေ၊ ပြည်ထဲရေးဝန်ကြီး သခင်မြတို့နှင့် သွားတွေ့သည်။ ကျနော်တို့ ဌာနချုပ် ကြာအင်းတောင်ရွာ မီးရှို့လုယက် မုဒိန်းကျင့်ခံရခြင်းနှင့် မီးရှို့ကြသော ဗြိတိသျှစစ်ဘက်နှင့် မြို့ပြဘက်အရာရှိများက ဗိုလ်ချုပ်အောင်ဆန်းတို့ မီးရှို့ခိုင်း၍ မီးရှို့ရကြောင်း ဝါဒဖြန့်သွားခြင်းတို့ကို သူတို့တင်ပြကြသည်။

ဆရာတော်တို့အား လက်နက်မချရဘဲ ဝရမ်းရုပ်သိမ်းရေးကိစ္စကိုလည်း သူတို့တောင်းဆိုကြသည်။ သခင်မြနေအိမ်တွင် သခင်မြ၊ ဦးဗဆွေ၊ ကိုညိုထွန်းနှင့် သူတို့ ည ၂နာရီထိ ဒူးတိုက်ဆွေးနွေးကြသော်လည်း တိကျသောအဖြေမရ။ ဗိုလ်ချုပ်အောင်ဆန်းထံ တယ်လီဖုန်းဆက်ကြရ၏။ နောက်တစ်နေ့ မွန်းတည့်ပိုင်းတွင် ဗိုလ်ချုပ်နှင့် တွေ့ဆုံဆွေးနွေးကြရန် တယ်လီဖုန်းဖြင့် ချိန်းလိုက်ကြ၏။

နောက်တစ်နေ့ မွန်းတည့်ပိုင်းတွင် သခင်မြ၊ ဦးဗဆွေ၊ ဦးညိုထွန်း (ဝန်ကြီးဟောင်းနှင့် ယခု သံအမတ်ကြီး)၊ ဦးသာထွန်း (ယခု သံအမတ်ကြီး) နှင့် သူတို့တာဝါလိမ်းလမ်း၊ ဗိုလ်ချုပ်အိမ်(ယခု ဗိုလ်ချုပ်ပြတိုက်တည်ထားသောနေအိမ်) သို့ သွားကြသည်။ ဗိုလ်ချုပ်က ကော်ဖီဖြင့် ဧည့်ခံပြီး မျက်နှာစုံညီရဲဘော်စိတ် အပြည့်ဖြင့် ပွင့်လင်းစွာဆွေးနွေးကြသည်။

ကက်စ်ဘီ(ဗြိတိသျှစစ်အုပ်ချုပ်ရေး) ခေတ်ကပင် ဌာနချုပ်တည်ရာပြုထားသော ကြာအင်းတောင်ရွာကို ဗိုလ်ချုပ်တို့ အမှုဆောင်ကောင်စီအစိုးရတက်ပြီးမှ မီးရှို့လုယက် မုဒိန်းကျင့်ခံရခြင်းနှင့်တကွ မီးရှို့သော စစ်ဘက် မြို့ပြဘက် အရာရှိများက ဗိုလ်ချုပ်တို့က တောပုန်းဓားပြဌာနချုပ်ကို မီးရှို့ခိုင်း၍ မီးရှို့ရကြောင်းပြောသွားခြင်းတို့ကို သူတင်ပြရာ ဗိုလ်ချုပ်က ဒေါသမချုပ်တည်းနိုင်ဘဲ “ဒီကောင်တွေကို ဘာကြောင့်တိုက်မထုတ်သလဲ”ဟုမေးကာ မီးရှို့လုယက်တဲ့ နယ်ချဲ့ကောင်တွေကို ပယ်ပယ်နယ်နယ်တိုက်ထုတ်မောင်းနှင်ရေးကို ဗိုလ်ချုပ်အားပါးတရ ပြောပြခြင်းကိုလည်း သူအသေးစိတ်ရှင်းပြ၏။

ဆရာတော်တို့ လက်နက်မအပ်ရဘဲ ဝရမ်းရုပ်သိမ်းရေးနှင့် အကြွင်းမဲ့လွှတ်ရေးကို သူတို့တင်ပြရာ၊ ဗိုလ်ချုပ်က စတိလောက်လက်နက်အပ်ပြီး ဥပဒေတွင်း ဝင်လာရေး၊ ဗြိတိသျှနယ်ချဲ့ထံမှ လွတ်လပ်ရေးကို အနုနည်းရော၊ အကြမ်းနည်းပါ သုံးသင့်သလိုသုံးပြီး အရယူရေးအတွက် လက်တွဲဆောင်ရွက်ကြရေးတို့ကိုလည်း ဗိုလ်ချုပ်ရှင်းလင်းပြလိုက်ခြင်းကို သူတင်ပြသည်။ သူက ဆရာတော်တို့လက်နက် တစ်လက်မျှမအပ်ဘဲ အကြွင်းမဲ့ လွှတ်ရေးရေး ထပ်တလဲတင်ပြရာ၊ ဗိုလ်ချုပ်က ဒို့လက်ထဲ သဘော်ာ ၂-စီးခန့်မျှ လက်နက်များရှိသည်။ လိုအပ်လျှင် ခွဲပေးမည်ဟုပြောကြောင်းကိုလည်း သူဆက်လက်ပြောပြ၏။

ယင်းအပြင် သူတို့ရန်ကုန်က မထွက်လာမီကပင် ပြည်ထဲရေးဝန်ကြီး သခင်မြကိုယ်တိုင် စစ်တပ်များ ရုပ်သိမ်းထားရန် ကြေးနန်းရိုက်အကြောင်းကြားထားခဲ့ပြီဖြစ်သော်လည်း ယနေ့ထိ ကြာအင်းတောင် တိုက်နယ်တွင် စစ်တပ်ပုလိပ်များ မွှေနှောက်လျက်ရှိသေးသည်ကို သူအံ့သြကြောင်း၊ သူနှင့်ကိုညိုထွန်း ရှေ့ပြေးအဖြစ် လာကြကြောင်း၊ ယခု ကိုညိုထွန်း စစ်တွေမြို့တွင် သခင်မြနှင့် ဦးဗဆွေတို့အား စောင့်ရင်းနေရစ်ကြောင်း။ ကိုညိုထွန်းနှင့် ဦးဗဆွေတို့ မြောင်းဘွေသို့ ရောက်ကြမည်။ ဆရာတော်နှင့် ဆွေးနွေးရန် ဦးဗဆွေ ဆန္ဒအာသီသ ရှိကြောင်းတို့ကို သူရှည်လျားစွာတင်ပြသွားသည်။

ယင်းကြောင့် လက်နက်များ အပ်ရေး မအပ်ရေးကို နောင်ဆွေးနွေးမည်။ ဆရာတော်နှင့် ဦးဗဆွေတို့ တွေ့ဆုံရရေးအတွက် မြောင်းဘွေသို့ ကျနော်လိုက်သွားမည်။ ဦးဗဆွေအား ကြာအင်းတောင်တို့ မီးရှို့ခံရမှုကို လည်း ကိုယ်တွေ့လေ့လာနိုင်ရေးနှင့် နိုင်ငံရေးဟောပွဲတစ်ရပ် ကျင်းပရေးတို့ကို ပြုလုပ်ကြရန် ကျနော်ပြောဆိုလိုက်သည်။ အားလုံးဆန္ဒတူညီကြ၍ တာဝန်အသီးသီးခွဲဝေယူကြ၏။

တရေးမျှမအိပ်လိုက်ရသော ကိုမောင်စိန်လှနှင့် ကျနော် အာရုဏ်ဦး ရောင်ခြည်လာချိန်ကပင်၊ တောကြီး မျက်မည်းထဲမှ စမ်းတဝါးဝါး သတိကြီးစွာဖြင့် ထွက်လာကြ၏။ ကျနော်တို့နှစ်ဦးသဘာဝ ကျောက်တောင်များမှ ဒလိမ့်ခွေကျမည်ထက် နေရာမရွေးတွေ့နိုင်သည့် ဗြိတိသျှလက်နက်ကိုင်များကို ပို၍သတိထားရသည်။

ယနေ့အစိုးရ၏ အသွင်လက္ခဏာနှစ်မျိုးဖြစ်နေ၏။ ဗိုလ်ချုပ်အောင်ဆန်း ဒုတိယသဘာပတိအဖြစ် ဆောင်ရွက်သော အမှုဆောင်ကောင်စီ အစိုးရဟူ၍ထိပ်ပိုင်းမှ ဗိုလ်ချုပ်တို့က ရှိနေ၏။ သို့သော် တိုင်းမင်းကြီး အရေးပိုင်၊ ခရိုင်ရာဇဝတ်ဝန် စသူတို့မှာ အားလုံးလိုလို မျက်နှာဖြူအရာရှိများချည်း ဖြစ်နေ၏။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာပြည်သိမ်း ဗြိတိသျှစစ်တပ်တွင် အာဏာအရှိဆုံးသော စစ်ထောက်လှမ်းရေးတပ် (Field Security Service)ကို ကိုင်ခဲ့သည့် မေဂျာအဆင့်ရှိသူသည် စစ်တံဆိပ် ကြယ်နှင့် စစ်ယူနစ်ဖောင်းကို ချွတ်ပြီး အရပ်ဝတ်ဖြင့် ယနေ့အစိုးရ၏ ခရိုင်ရာဇဝတ်ဝန် (D.S. P)ဖြစ်နေသည်။

ကာနယ်နှင့် လက်ဖတင့်နင့်ကာနယ် လုပ်ခဲ့ကြသော စစ်ဘက်အရာရှိကြီးများသည် ယခုအစိုးရ၏ တိုင်းမင်းကြီး၊ ခရိုင်ဝန် စသူများ ဖြစ်နေကြရပြီ။ ယနေ့သူတို့ စစ်ယူနီဖောင်း ဝတ်ဆင်မထားသော်လည်း ဗြိတိသျှစစ်အုပ်ချုပ်ရေးခေတ်ကပင် သူတို့သည် ဆရာတော်နှင့် ကျနော်တို့၏ကမ္ဘာ့ရန်သူများဖြစ်ကြသည်။

ယင်းအပြင် ဤယုတ်မာသော ဗြိတိသျှစစ်ဘက်နှင့် မြို့ပြဘက်အရာရှိကြီးများသည် ဗိုလ်ချုပ်တို့ ဖဆပလအဖွဲ့က အမှုဆောင်ကောင်စီအစိုးရအဖွဲ့တွင် ပါဝင်ဆောင်ရွက်ပြီးမှ ကျနော်တို့ ဌာနချုပ် ကြာအင်းတောင်ရွာကို မီးရှို့၊ လုယက်၊ မုဒိန်းကျင့်မှုများ တမင်တကာပြုကြ၏။ ကျနော်တို့အား သူတို့ တဆံခြည်မျှ ငဲ့ညှာခြင်းမပြု၊ ဆရာတော်ဦးစိန္တာအား ရုံးတင်တရားမစွဲဟု အစိုးရအဖွဲ့က ကြေငြာချက် ထုတ်ဝေထားပါလျက်နှင့် ပြည်ထဲရေးဝန်ကြီးက စစ်တပ်များ ရုပ်သိမ်းထားရန် ကြေးနန်းဖြင့် အကြောင်းကြားပြီးပါလျက်နှင့် ယခု ကြာအင်းတောင်တိုက်နယ်ရှိ ကျေးရွာများကို မီးရှို့၊ လုယက်၊ မုဒိန်းကျင့်မှုများ သောက်သောက်လဲလဲ တမင်တကာပြုနေပြီ။

အမြောက်များ ပစ်ခတ်ကာ ဆရာတော်နှင့် ကျနော်တို့အား တောနင်းမွှေနှောက်ရှာဖွေနေပြီ။ ကျနော်တို့အား ဗြိတိသျှစစ်တပ်မှ တွေ့လျှင် ပစ်သတ်ကောင်း ပစ်သတ်မည်ဖြစ်နေရာ ကျနော်တို့နှစ်ဦး သွားရိုးသွားစဉ် လမ်းမှ မသွားကြရ။ ဗြိတိသျှစစ်တပ်၊ ပုလိပ်တပ်တို့နှင့်ဝေးကွာသော ဘေးကင်းသောလမ်းကို ထွင်ကာ တောင်အထပ်ထပ် တောအထပ်ထပ်ကို ဖောက်ထွင်းပြီး ကွေ့ကာ ဖြတ်ကာလာခဲ့ကြရ၏။

တနေကုန်တနေခမ်းကြီးမားစွာ ပင်ပန်းဆင်းရဲခံကြာ မနားမနေလာခဲ့ကြသော ကျနော်တို့ နှစ်ဦးနေလုံးကွယ်ပျောက်မှ မြောင်းဘွေသို့ ရောက်ရှိသွားကြ၏။ ကိုဗဆွေနှင့် ကိုညိုထွန်းတို့ကို ကိုမောင်စိန်လှ၏ဖခင် ဆရာကြီး ဦးသောကြာအောင် အိမ်တွင် အဆင်သင့်တွေ့ရသည်။ ကြာအင်းတောင်သို့ ကူးတို့ပို့ရန် လူတဦး နှင့်လှေတစီးကို အပူတပြင်း ရှာဖွေရင်း ညနေစာစားကြ၏။ လူတဦးနှင့် လှေတစင်းရပါသည်။

သို့သော် လှေအပေါက်၊ ဒီရေလည်း ဆန်နေသည်။ တညဉ့်လုံး မရပ်မနား အလှည့်ကျ လှေဝမ်းမှ

ဆားငန်ရေများကို ခွက်စုပ်တစ်ခုဖြင့် ပြက်ထုတ်နေရ၏။ ကိုဗဆွေ၊ ကိုညိုထွန်း၊ ကိုကံကြီးနှင့်ကျနော် တရေးမျှ မအိပ်လိုက်ရ။ မိုးစင်စင်လင်းသည့်တိုင် ကြာအင်းတောင်သို့မရောက်၊ ကန်းနီချောင်းဝနားသို့သာ ရောက်ကြသည်။ ကျသင့်ငွေကို လှေသမားအားပေးပြီး ကန်းနီချောင်းဝမှကမ်းသို့တက်ကာ ချင်းအမျိုးသားများ၏ ခွဆုံရွာသို့ခြေလျင်လျှောက်ရသည်။ ခွဆုံရွာတွင် ချင်းအမျိုးသားခေါင်းဆောင် ဦးမောင်တိုးကို သူ့အိမ်တွင် အဆင်သင့် တွေ့ရသည်။

ကြာအင်းတောင်နယ်တွင် ဗြိတိသျှစစ်တပ်များ လုံးဝမရှိပြီကို သိရ၏။ (နောင်သိရသည်မှာ ပြည်ထဲရေးဝန်ကြီးသခင်မြ စစ်တွေရောက်ပြီး စစ်တပ်များကို ရုပ်သိမ်းခိုင်း၍ ရုပ်သိမ်းသွားကြောင်း သိရသည်)။ သူ့အိမ်တွင် ကြက်တစ်ကောင်ကို ပြုတ်ကာ ကြက်ပြုတ်ဟင်းရည်နှင့် ကျနော်တို့စားကြသည်။ ပြင်းထန်သောနေပူရှိန်အောက်တွင် ကြာအင်းတောင်သို့ ကျနော်တို့ ခြေလျင်လျှောက်လာကြ၏။ ကြာအင်းတောင်သို့ ရောက်လျှင်ရောက်ချင်း ကိုဗဆွေနှင့်ကျနော်တို့ ရောက်နေကြောင်းကို ဆရာတော်ထံ ကျနော်အကြောင်းကြားလိုက်သည်။

ညနေဆည်းဆာချိန်တွင် ကြာအင်းတောင် ဘုန်းတော်ကြီးကျောင်းရှိ ကျနော်တို့ဌာနချုပ်ပြုထားသော နေရာတွင် ဆရာတော်ဦးစိန္တာ၊ ကိုဗဆွေ၊ ကိုညိုထွန်း၊ ကိုကံကြီးနှင့် ကျနော်တို့ ရိုးသားပွင့်လင်းစွာ ဒူးတိုက်ဆွေးနွေးကြပါသည်။ အမျိုးသားလွတ်လပ်ရေးကို အဓိကအခြေခံထားကာ အလုပ်သမား လယ်သမားအရေးနှင့် ဆိုရှယ်လစ်ရေးရာ၊ နိုင်ငံတကာရေးရာများကို အမြင်ချင်းဖလှယ်ကြပါသည်။

ဆရာတော်အား စတိလောက်လက်နက်အပ်ပြီး တောခိုဝရမ်းပြေးဘဝမှ ဥပဒေတွင်းသို့ဝင်လာရေး၊ ဗြိတိသျှနယ်ချဲ့ထံမှ အနုနည်းဖြင့်ဖြစ်စေ၊ အကြမ်းနည်းဖြင့်ဖြစ်စေ လွတ်လပ်ရေးတိုက်ပွဲတွင် လက်တွဲရေး အတွက်လည်း ကိုဗဆွေတို့ ဖိတ်ခေါ်ပါသည်။ ဆရာတော်ဦးစိန္တာထံလာကြသော နိုင်ငံရေးခေါင်းဆောင်များနှင့် ဆွေးနွေးပွဲဟူသမျှတွင် ကျနော်မပါသောဆွေးနွေးပွဲဟူ၍ မရှိသလောက်ပင်ဖြစ်သည်။

လာသမျှသောခေါင်းဆောင်များသည် ဗြိတိသျှနယ်ချဲ့ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် မြေအောက်တော်လှန်ရေးလက်နက်ကိုင် တပ်ဖွဲ့များ ဖွဲ့စည်းထားသည့် ဆရာတော်နှင့်ကျနော်တို့၏ လုပ်ငန်းဆောင်တာများကို အပြစ်မပြောကြရုံမက မြေအောက်တော်လှန်ရေးအဖွဲ့များသည် လွတ်လပ်ရေးအတွက် အဓိကအားထားရမည့် အဖွဲ့ဖြစ်သည်။ အာဏာနီနယ်မြေထူထောင်ပြီး လယ်မြေဝေငှပေးခြင်းသည် တော်လှန်ရေး၏ အဓိကဝင်ရိုးဖြစ်သည်ဟူ၍ပင် ချီးကျူးထောပနာပြုပါသေးသည်။ ကိုဗဆွေအား နိုင်ငံရေးတရားပွဲကျင်းပရန် စီစဉ်ထားကြောင်းကို ကျနော်တို့တင်ပြရာ သူသဘောတူသဖြင့် နိုင်ငံရေးတရားဟောပွဲ ကျင်းပရေးနှင့် လူထုချီတက်လာရေးအတွက် လှုံ့ဆော်ရန် ဖုတ်ပူမီးတိုက် ဆောင်ရွက်ရလေ၏။

## ဆရာတော်လွတ်ပြီ၊ ကျနော်လွတ်ပြီ

မီးရှို့ခံရ၍ပြာပုံဖြစ်နေသော ကြာအင်းတောင်ရွာကိုလည်း ကိုဗဆွေ ကိုယ်တွေ့မြင်ရပြီ။ ၎င်းရွာနှင့်တကွ မီးရှို့လုယက် မုဒိန်းကျင့်ခံရသော အနီးအနားကျေးရွာများမှ ရွာသူရွာသားများနှင့်လည်း ကိုဗဆွေ ဒူးတိုက်ဆွေးနွေးရပြီ။ မွန်းတည့် ၁၂နာရီခန့်တွင် ကြာအင်းတောင်ဆရာတော်ကြီးက သဘာပတိအဖြစ်လည်းကောင်း၊ ကျနော်ကအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဆောင်ရွက်သော ပြည်သူတစ်သောင်းခန့်တက်သည့် အစည်းအဝေးတွင် ကိုဗဆွေ နိုင်ငံရေးတရား ဟောပြောသွား၏။ ဗြိတိသျှနယ်ချဲ့စစ်တပ်၏ ဖိနှိပ်မှုကို ကိုယ်တွေ့သိရှိသောကိုဗဆွေသည် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေးကိုလည်းကောင်း၊ နိုင်ငံတကာရေးရာတို့ကိုလည်းကောင်း၊ ၂-နာရီကြာမျှအကျယ်တဝင့် ပြောဟောသွားပါသည်။ ကိုဗဆွေ၊ ကိုညိုထွန်းနှင့်အတူ အသင့်စီစဉ်ထားသောလှေဖြင့် ကျနော်မြောင်းဘွေသို့ လိုက်လာ၏။ ခရီးကြမ်းနှင့်ခဲ့ရခြင်းနှင့် ကိုယ်ရောစိတ်ပါ ပင်ပမ်းသော ကိုဗဆွေ မြောင်းဘွေတွင် ဖျားနာသွားသည်။

မူလစီစဉ်ထားသည့်အတိုင်း စက်ဘီးဖြင့် မြို့ဟောင်းမြို့သို့ သွားကြကာ မြို့ဟောင်းတွင် ပြည်ထဲရေးဝန်ကြီး သခင်မြနှင့်ဆုံကြရေးကို ပယ်ဖျက်လိုက်ရ၏။ ကိုဗဆွေဖျားနာနေ၍ မသွားလာနိုင်ဖြစ်နေသဖြင့်

မြောင်းဘွေသို့ သခင်မြသဘော်ာ လှည့်ဝင်ခေါ်ရေးကို ကိုညိုထွန်း စာရေးပြီး ပို့ခိုင်းလိုက်ရသည်။ ပြည်ထဲရေးဝန်ကြီးသခင်မြ အမ်ဂျီဘီစစ်သဘော်ာဖြင့် မြောင်းဘွေသို့လာသည်။ သခင်မြ စစ်သဘော်ာနှင့်အတူ ကိုဗဆွေ၊ ကိုညိုထွန်း၊ ကိုကြာလှအောင် (ကြူပြောက်ကျားတပ်ဖွဲ့ခေါင်းဆောင်)ကိုဖော်သင်( ယခု ရခိုင်ပြည်နယ်တရားသူကြီးအဖွဲ့ဝင်)နှင့်ကျနော်တို့ စစ်တွေသို့လိုက်သွားကြ၏။ တစ်လမ်းလုံး အမျိုးသားလွတ်လပ်ရေးမှ ဆိုရှယ်လစ်ရေးထိ ဒေါင့်စုံဘက်စုံ ဆွေးနွေးကြသည်။

ဆရာတော်တို့ စတိလောက် လက်နက်အပ်ရေးပြုမည်ဆိုလျှင် တစ်စုံတစ်ရာမနှောင့်ယှက်ရေးအတွက် ရခိုင်တိုင်းမင်းကြီးမှအစ စစ်ဘက်နှင့်မြို့ပြဘက်အရာရှိများကို သူပြောထားခဲ့မည်ဟု ပြည်ထဲရေးဝန်ကြီး သခင်မြ လေးနက်စွာကတိပြု၏။

စစ်တွေမြို့တွင် ကျနော်တို့ အချိန်ဖြုန်းမခံ၊ ဆရာတော်ထံ ကျနော်တို့ ဒုန်းစိုင်းပြန်လာကြသည်။ (၁)ဆရာတော်တို့ စတိလောက် လက်နက်အပ်ရေး- မအပ်ရေး။ (၂)အမျိုးသားလွတ်လပ်ရေးကို အနုနည်းဖြင့်ဖြစ်စေ၊ အကြမ်းနည်းဖြင့်ဖြစ်စေ၊ ဖဆပလဌာနချုပ်နှင့် လက်တွဲဆောင်ရွက်ရေး-မဆောင်ရွက်ရေးဟူသော ပြဿနာများကို အဓိကအခြေခံဆွေးနွေးနိုင်ရေးအတွက် ကျယ်ပြန့်သော စည်းဝေးဆွေးနွေးပွဲကို ကျင်းပရန် ကျနော်တို့ စီစဉ်ခဲ့ကြသည့်အတိုင်း မြောက်ပိုင်းတိုင်းမှ ဗိုလ်စိန်ထွန်းအောင်၊ ဗိုလ်ဘသာ၊ ဗိုလ်ဟာရီဖြူ အနောက်တိုင်းမှ ဦးလေသာအောင်၊ ဦးဗိုလ်အောင်၊ ဦးစိန်ကျော်ဦး၊ ဦးဦးစံလှ၊ ဗိုလ်ကျော်ဇံရွှီး တောင်ပိုင်းတိုင်းမှ ဗိုလ်လွန်းသာအောင်၊ ဦးရွှေသာ၊ ကိုအောင်မြသာ၊ ရမ်းဗြဲကျွန်းမှ ဦးရွှေအောင်၊ ဦးထွန်းဖြူ စသူများကိုလည်း ခေါ်ယူထားလေပြီ။ ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဌာနချုပ်ဥက္ကဋ္ဌ ဦးဘိုးဦးနှင့်တကွ ခေါင်းဆောင်များလည်း စုံလင်နေပြီ။ ရခိုင်ပြည်လူငယ်များအစည်းအရုံး ခေါင်းဆောင်များလည်း အားလုံးတက်ရောက်ကြပြီ။

မဟာမြိုင်တောစခန်းတစ်နေရာတွင် ကျယ်ပြန့်သောစည်းဝေးပွဲကို စတင်ကျင်းပသည်။ ဆရာတော်က သဘာပတိအဖြစ်လည်းကောင်း၊ ကျနော်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ အစီအစဉ်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အမှုဆောင်ကောင်စီအစိုးရအဖွဲ့၏ ဆရာတော်ကိစ္စနှင့် ပတ်သက်၍ကြေငြာချက်ကို ကျနော်တလုံးတပါဒမကျန် ဖတ်ပြလိုက်သည်။

(၁) ဦးစိန္တာနှင့် ၎င်း၏နောက်လိုက်တပည့်တို့သည် ယခုကြေငြာချက်ကို ထုတ်ပြန်သည့်နေ့မှစ၍ တလအတွင်း အနီးဆုံးရွာသူကြီး၊ ပုလိပ်ကင်းဂါတ်(သို့မဟုတ်) ဌာန(သို့မဟုတ်) နယ်ပိုင်ဝန်ထောက်၊ မြို့ဝန်(သို့မဟုတ်) ဒုတိယမြို့ပိုင်ထံ မိမိတို့လက်တွင်းရှိ လက်နက်များနှင့်တကွ မိမိတို့ကိုယ်ကို မိမိတို့အလိုအလျောက် ဝင်ရောက်အပ်နှံရမည်။

(၂) ဦးစိန္တာအား အစိုးရမင်းတို့က ရုံးတင်တရားစွဲခြင်း အလျဉ်းပြုမည်မဟုတ်၊ ၎င်းနည်းတူ ဦးစိန္တာ၏ နောက်လိုက် တပည့်များ မည်သူမဆို မိမိတို့ကိုယ်တိုင်လူသတ်မှု၊ လူသေမှု(သို့မဟုတ်) ကြီးလေးသော ဒဏ်ရာရစေမှုတို့ကို ကိုယ်ထိလက်ရောက်မကျူးလွန်လျှင် ၎င်းသူအားလည်း တရားရုံးတွင် တရားစွဲဆိုခြင်း တစ်စုံတစ်ရာပြုလိမ့်မည်မဟုတ်ဟု ဖော်ပြပါရှိခဲ့သောကြေငြာချက်ကို ကျနော်ဘတ်ပြ၏။

ဤကြေငြာချက်နှင့်ပတ်သက်၍ ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ခေါင်းဆောင်များထဲတွင် အယူအဆနှစ်မျိုးကွဲလာသည်။ ခေါင်းဆောင်စုတစ်ချို့က ဆရာတော် ဦးစိန္တာကိုသာ ရုံးတင်တရားမစွဲဟုပါရှိသည်။ အခြားသူ ဝရမ်းပြေးနိုင်ငံရေးသမားများကို ရုံးတင်တရားမစွဲဟု ဆိုမထား။ ဥပဒေတွင်းရောက်လာလျှင် ဖမ်းဆီးညှင်းဆဲခြင်းခံကြရမည်။

ယင်းကြောင့် ဥပဒေတွင် မဝင်အပ်ဟု ပြောဆိုလာကြသည်။ ကျနော်တို့ အနေဖြင့် ကျနော်တို့၏အယူအဆကို ကျနော်ပြတ်ပြတ်သားသား တင်ပြသည်။ ယနေ့ဗြိတိသျှဘုရင်ခံအစိုးရဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်သိမ်း ဗြိတိသျှစစ်တပ်သည် မေဂျာနှင့် ကာနယ်စသော စစ်ဘက်အရာရှိများပင် ယနေ့တိုင်းမင်းကြီး၊ အရေးပိုင်၊ ရာဇဝတ်ဝန် စသည်ဖြင့် အုပ်ချုပ်ရေးအာဏာကို ယူထားကြ၍ အနှစ်သာရအားဖြင့်

ဗြိတိသျှနယ်ချဲ့ စစ်ဝါဒီအစိုးရအသွင်ရှိ၍ ကြီးမားသော အန္တရာယ်ရှိနေသည်။

ဤသူများပင် ကြာအင်းတောင်ရွာတို့ကို မီးရှို့၊ လုယက်၊ မုဒိန်းကျင့်ကြသည်။ သို့သော် ဖဆပလနှင့် ဗိုလ်ချုပ်တို့ ပါဝင်လာခြင်းကြောင့်သာ ဆရာတော်ဦးစိန္တာအား ရုံးတင်တရားမစွဲဟု ဖြစ်လာရသည်။ ကျနော်တို့ ဖွဲ့စည်းထားသော မြေအောက်တော်လှန်ရေးလက်နက်ကိုင် အဖွဲ့အစည်းများသည် မြန်မာတနိုင်ငံလုံးနှင့်ယှဉ်ပြီး အမျိုးသားလွတ်လပ်ရေးတိုက်ပွဲဝင်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ဆရာတော်ဦးစိန္တာ ဥပဒေတွင်းသို့ ဤချက်ကောင်းတွင် ဝင်ရမည်။ ဆရာတော်ဦးစိန္တာနှင့် ရခိုင်ပြည်ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကို မဏ္ဍိုင်ပြုပြီး ဗြိတိသျှနယ်ချဲ့တိုက်ဖျက်ရေးအတွက် လက်ဝဲညီညွတ်ရေးကို အခြေစိုက်ကာ အမျိုးသားညီညွတ်ရေးကို ရနိုင်သမျှ ရယူတည်ဆောက်ရမည်ဟု ကျနော်ပြတ်သားစွာ တင်ပြလိုက်သည်။ အကြိတ်အနယ် ဆွေးနွေးလာသောအခါ ကျနော်တို့ အယူအဆကို အားလုံးလိုလို ကြေနပ်လက်ခံလာကြ၏။

သို့သော် ဆရာတော်ဦးစိန္တာကိုယ်တိုင် ရွာသူကြီး (သို့မဟုတ်) ရဲဌာနတစ်ခုခုသို့ သွားရောက်ပြီး လက်နက်မအပ်၊ ဗြိတိသျှအစိုးရက ရွာသူကြီးဟု အသိအမှတ်ပြုထားသော်လည်း ကျနော်တို့ ညွှန်ကြားသမျှ ဆောင်ရွက်ပေးသော ဆရာတော် တပည့် ကျောက်ငွေ့သူကြီး ကိုထွန်းဖြူအောင်ရှိသည်။ သူ့ကိုခေါ်ပြီး တော်မီဂန်းအပျက်တစ်လက်နှင့် မောင်းကျိုးမောင်းပျက် ရိုင်ဖယ်၊ ၃-လက်၊ ၄-လက်တို့ကို ပေးပြီး၊ မြေပုံမြို့ပိုင်ထံ အပ်စေရန်ဖြစ်သည်။ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတွင် ပြည့်ဝသောလွတ်လပ်ရေးရရေးအတွက် ဖဆပလ ဌာနချုပ်နှင့်ဖြစ်စေ၊ အခြားမည်သည့် အဖွဲ့အစည်းနှင့်ဖြစ်စေ၊ လက်တွဲဆောင်ရွက်မည်။ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးအား လက်နက်စွဲကိုင်တော်လှန်ရေးသို့ ရှေ့ရှုဆောင်ရွက်မည်တို့ကိုလည်း အကျေအလည်ဆွေးနွေးသဘောတူကြပါသည်။

ဤဆုံးဖြတ်ချက်အတိုင်းပင် ကိုထွန်းဖြူအောင်ကို ခေါ်ပြီး လက်နက်စုတ်၊ လက်နက်ပျက်အနည်းငယ်ကို မြေပုံမြို့နယ် ဦးမောင်သာပွင့်ထံ သွားရောက်အပ်စေသည်။ ဆရာတော်နှင့်ကျနော်တို့အား အမြဲလိုလိုကူညီနေသော ဦးမောင်သာပွင့်သည် ပြည်ထဲရေးဝန်ကြီး၊ ရခိုင်တိုင်းမင်းကြီးနှင့် ခရိုင်ဝန်များထံ ဦးစိန္တာလက်နက်အပ်ပြီးဟု ကြေးနန်းရိုက်ပေးကာ ကျနော်တို့အား ကူညီလေ၏။ ဆရာတော်ဦးစိန္တာ ဥပဒေအတွင်းဝင်ပွဲကို ၁၃၀၈ ခုနှစ် ပြာသိုလဆန်း ၁၄ရက်နှင့် လပြည့်နေ့အထိ ကျင်းပရန် ဆုံးဖြတ်ကြသည်။ အကောင်းဆုံးသော ဇာတ်ပွဲကိုငှားပြီး၊ ပြာသိုလဆန်း ၁၄ရက်တွင် ဆရာတော် ဦးစိန္တာ ဥပဒေတွင်း ဝင်ပွဲကို ကြာအင်းတောင်တွင် ချိမ့်ချိမ့်သဲသဲကျင်းပသည်။ ပြာသိုလပြည့် ညနေပိုင်းထိ။ ယခင်ကြာအင်းတောင် ညီလာခံကို ဗြိတိသျှစစ်တပ်များ၊ ပုလိပ်များ ဝိုင်းသလိုမဝိုင်း၊ မြေပုံမြို့၊ မင်းပြားမြို့၊ စစ်တွေမြို့တို့၏ ကလပ်စည်းများထံမှလည်း တစုံတရာ အနှောက်အယှက် ပြုဘွယ်မရှိဟု သတင်းပို့သည်။

ဆရာတော်ဦးစိန္တာ ဥပဒေတွင်းဝင်ပွဲ အောင်ပွဲရပြီကို ကျနော်တထစ်ချသိပြီ။ ဆရာတော်ဥပဒေတွင်းဝင်ပွဲ အောင်မြင်ရေးအတွက် ရက်ပေါင်းများစွာ၊ညပေါင်းများစွာ မနားမနေဆောင်ရွက်ခဲ့ရသောကျနော် ယနေ့မှ မချိအောင် ညောင်းညာနေပေပြီ။ ကျနော်ကား လူတစ်မျိုး၊ နိုင်ငံရေးရာကိစ္စများရှိလျှင် မနားမအိပ်၊ မစားမသောက်ဘဲ ဇွဲသတ္တိရှိရှိဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ညှစ်ထုတ်လုပ်တတ်သလို ကိစ္စများပြီးပြတ်သွားလျှင် အရက်သောက်တတ်သောအကျင့် ဂျပန်ခေတ်ကပင် ကျနော်စွဲခဲ့ပါသည်။

ဖက်ဆစ်ဂျပန်မြေအောက်တော်လှန်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းခဲ့စဉ်က နေ့ညနာရီမရွေး ဖက်ဆစ်လက်ထဲ သေနိုင်ရာလုပ်ငန်းဆောင်တာများ အားလပ်သွားတိုင်း အရက်ဖြင့် မိမိဘဝကို ပျော်သလို နေလေ့နေထ ကျနော်ရှိခဲ့သည်။ ယနေ့ညနေ ကျနော်အရက်သောက်သည်။ ချစ်သူခူးခပ်ပေးသော ညနေစာကို စားရင်း ချစ်သူအား ကျနော် ညဥ့်နက်၁၂နာရီဇာတ်နှစ်ပါးသွားကနေကြစဉ် တွေ့ကြရန်ချိန်းသည်။

ယနေ့နောက်ဆုံးည ပါတီဌာနချုပ်ကိုယ်စား နှစ်ပါးသွား မင်းသားမင်းသမီးများကို ရွှေတံဆိပ်ဆုချရန် ကျနော်၏တာဝန်။ ဆုချပြီး သီးချင်းတစ်ပုဒ်ဆိုပြီးလျှင် ကျနော်ပွဲထဲမှထွက်သွားမည်။ ပွဲပြင်တစ်နေရာတွင်

တွေ့ကြရန်ဖြစ်သည်။

ညနေ ၇နာရီခန့်တွင် ညနေစာ စားပြီး အိမ်မှထွက်လာ၏။ နယ်အသီးသီးမှရောက်နေသော ခေါင်းဆောင်များကို တအိမ်ဝင်တအိမ်ထွက် ကျနော်တွေ့ဆုံနှုတ်ဆက်၏။ တချို့ခေါင်းဆောင်များကို အရက်ဝိုင်းတွင် တွေ့ဆုံသည်။ သူတို့နှင့်အတူ ကျနော်ရောနှော၍အရက်သောက်သည်။ သောက်ရင်းစားရင်း နိုင်ငံရေးကိစ္စများကိုလည်း ပြောကြ၊ ဆွေးနွေးကြသည်။ လက်ရေတပြင်စီး အမြင်ချင်းဖလှယ်ကြသည်။ ညဉ့် ၁၂နာရီခန့်ရှိလေပြီ။ နှစ်ပါးသွား ဆိုတီးကခုန်နေ၍ ကျနော်ဆုချရမည့်အချိန်တွင် အလွန်အကျူးအရက်သောက်စားထားခြင်းကြောင့် ကျနော် ဒယိမ်းဒယိုင်ဖြစ်နေပြီ။ ပွဲကြည့်နေကြသူများအား လမ်းဖယ်ပေးရန် တီးတိုးတောင်းပန်ပြီး ကျနော်ပွဲကစင်သို့ တန်းသွားသည်။ နှစ်ပါးသွားကနေကြသော မင်းသား မင်းသမီးများကို ဆုချလိုက်၏။ ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ ဆရာတော်ဦးစိန္တာ၏ ဝရမ်းရုပ်သိမ်းပွဲနှင့် ဝရမ်းပြေးနိုင်ငံရေးသမားများ ဥပဒေတွင်းဝင်ပွဲအတွက် ပေးသောရွှေတံဆိပ်ဆုကို ထောင်ပြပြီး မင်းသားမင်းသမီးနှင့် လူရွှင်တော်များက အမျိုးမျိုးချီးကျူးစကား ပြောကြသည်။ အမျိုးမျိုးဆုမွန်တောင်းကြသည်။

မင်းသားမင်းသမီးနှင့် လူရွှင်တော်တို့ ချီးကျူးထောပနာ စကားပြောနေစဉ် ကျနော်ထိုင်နေသော နေရာအနီး မမျှော်လင့်ဘဲ ကျနော့်ချစ်သူကို တွေ့ရသည်။ အတိုင်းမသိ ကျနော်ဝမ်းမြောက်သွား၏။ သူမအနီးသို့ ကျနော်ချဉ်းကပ်နိုင်သမျှ ချဉ်းကပ်သွားသည်။ ဆုချပြီးပြီ၊ ဇာတ်ပွဲပြင်ဘက်ကို ထွက်တော့မည်။ ဇာတ်ပွဲပြင်ဘက်သို့ ထွက်ခဲ့ဟု တီးတိုးတီးတိုး တတွတ်တွတ် ကျနော်ပြောလေ၏။

မကြာလှပါ။ ဒယိမ်းဒယိုင်ဖြင့် ကျနော်ဇာတ်ပွဲအပြင်ဘက်သို့ ထွက်လာသည်။ လဘက်ရည်ဆိုင်တစ်ဆိုင်နောက်ကွယ် မှောင်ရိပ်ကျကျနေရာဘက်တွင် အရက်ပုလင်းထောင်ကာ ကျနော့်ချစ်သူကို စောင့်ရင်း၊ တစ်ခွက်ပြီးတစ်ခွက် ကျနော်သောက်နေလေ၏။ အရက်နှင့်ခေါင်ရေတို့ကို ဟိုအစုဝင် ဒီအစုဝင် သောက်လာခဲ့ပြီဖြစ်သော ကျနော့်အတွက် အရက်ချိန်လွန်ကဲနေခဲ့ပြီ။ ယခုဆက်၍ ကျနော်သောက်နေသေးသည်။

ကျနော့် ချစ်သူနှင့် အဖော်မိန်းမတစ်ဦး ဇာတ်ပွဲပြင်ဘက်သို့ ထွက်လာသည်။ ကျနော်အရက်သောက်နေသော လဘက်ရည်ဆိုင် မီးရောင်ရှေ့မှ ဖြတ်လျှောက်သွားကြသည်။ သူမတို့နောက်သို့ ကျနော်လိုက်သွား၏။ မှောင်ရိပ်သန်းနေသောနေရာတစ်ခုတွင် ကျနော့်ချစ်သူနှင့် ရင်ဆိုင်တွေ့ပါသည်။ သူမ၏လက်ကို ဆုပ်ကိုင်ပြီး သူမအား အချစ်ထူး ချစ်သည်ကို ကိုင်ကြည့်ပါဟုပြောရင်း ကျနော့်ရင်ဘတ်ပေါ်သို့ သူမလက်ကို တင်လိုက်သည်။

ကျနော်ခြေလှမ်းပျက်နေသည်ကို စောင့်ကြည့်နေသော ရဲဘော်ကေဒါများ အရက်နှင့်အချစ်ရေးရောထွေးနေသော ချစ်သူနှင့်ကျနော့်ကို ရုတ်တရက်ဝိုင်းဖမ်းကြ၏။ ခိုးဝန်ခိုးထုပ်နှင့် လက်ပူးလက်ကြပ်အမိခံရပြီ။ ကျနော်ဘာမျှမတတ်နိုင်။ သူမအား သူတို့အမျိုးမျိုးမေးမြန်းကြသည်။ ကျနော်အတင်းလက်ဆွဲထားသလားချစ်သလားဟူ၍သူမကို သူတို့မေးမြန်းကြသည်။ သူမက သူမတို့သဘောတူ ချစ်ကြိုက်နေကြသည်မှာ ကြာပါပြီဟုဖြေဆိုသည်။ သူတို့ထံမှ ကျနော်ဖယ်ထွက်လာ၏။

ကြီးမားသောရှက်စိတ်နှင့် အရက်စိတ်ဖြင့် ကျနော့်ကိုယ်ကို သတ်သေရန် ပိုင်းဖြတ်လိုက်၏။ ကျနော့်လက်စွဲတော် ရဲဘော်အခင်ကြီး (အခင်ကြီးမှာ သူ၏နာမည်ရင်းမဟုတ်၊ သို့သော် ပါတီအဖွဲ့အစည်းတိုင်းကသူ့ကို အခင်ကြီး "ဦးလေးကြီး"ဟုခေါ်ကြသည်။ သူသည် ကျနော်၏ စာရွက်စာတမ်းနှင့်တကွကျနော်၏လက်နက်ပစ္စည်းများကို ထိန်းသိမ်းရ၍ ကျနော်သွားလေရာတွင် ကျနော်နှင့်အတူ အမြဲတန်းရှိနေသော ကျနော့်လက်စွဲရဲဘော်ဖြစ်သည်) ကို လိုက်ရှာရ၏။

သူ့ကို ဇာတ်ပွဲပြင်ဘက်တစ်နေရာတွင် တွေ့သည်။ ဘာတစ်ခုမျှပြောမနေဘဲ သူ့လက်ထဲရှိ ကျနော့်ခြောက်လုံးပြူးကို ကျနော်လု၏။ အရက်လွန်ကျူံစွာ မူးယစ်နေသော ကျနော့်လက်ထဲသို့ အလွယ်တကူ ရုန်းထွက်သွား၏။ ထွက်ပြေးသွား၏။ ကင်းချထားသောရဲဘော်များထံသွားသည်။ ခါတိုင်းဆိုလျှင် ကျနော့်ကို မြင်သည်နှင့်တပြိုင်နက် အလေးပြုပြီး ကျနော့် ညွှန်ကြားချက်ကို လိုက်နာကြသော ကင်းသမားရဲဘော်များသည် ကျနော့်ကို

မြင်သည်နှင့်တစ်ပြိုင်နက် မဆိုင်းမတွထွက်ပြေးသွားကြ၏။

ကျနော်ခြေဦးတည်ရာသို့ လျှောက်သွားနေစဉ် ကိုမောင်စိန်လှတို့ ကျနော့်အား ဖျောင်းဖျပြီး ကြာအင်းတောင်ဘုန်းတော်ကြီးကျောင်းသို့ တွဲခေါ်သွားကြသည်။ လမ်းတစ်လျှောက်လုံး ကျနော်သေလိုကြောင်း ကျနော်ကြီးမားစွာ ရှက်ကြောင်း စသည်များကို အော်ကြီးဟစ်ကျယ် ကျနော်ပြောလျက် လိုက်လာသည်။ ဘုန်းကြီးကျောင်းတွင် ကျနော့်အား သူတို့ချော့မော့ဖျောင့်ဖျပြီး အိပ်ခိုင်းသည်။ ကျနော့်အနီးတစ်ဝိုက်တွင် လက်နက်မဲ့ကင်းများ ချထားကြ၏။

ကျနော်နံနက် ၉နာရီမှ နိုးလာသည်။ ကေဒါရဲဘော်များလာပြီး ကျနော့်အား နှစ်သိမ့်စကားလာပြောကြ၏။ ရေချိုးပြီးနံနက်စာစားရန် တိုက်တွန်းကြ၏။ နံနက်စာ မစားပြီ။ ဆက်အိပ်မည်ဟု ကျနော် ယတိပြတ်ပြောလိုက်သည်။ ယူကြုံးမရသော နောင်တရခြင်း၊ ကြီးမားသောရှက်ခြင်းတို့ဖြင့် တွေးချင်သလိုတွေးပြီး၊ ကျနော် မှေးလိုက် အိပ်လိုက်ပြုနေ၏။ ညနေ ၂နာရီခန့်တွင် ကျနော်ရေဆင်းချိုးသည်။ လဘက်ရည်တစ်ခွက်သောက်သည်။ မည်သူနှင့်မျှမတွေ့လိုသဖြင့် ဘုန်းကြီးကျောင်းရှိ ကျနော့် အိပ်ရာတွင် လဲလျောင်းနေလိုက်သည်။

ညနေ ၄နာရီခန့်တွင် ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်နှင့် ရခိုင်ပြည်လူငယ်များအစည်းအရုံးမှ ခေါင်းဆောင်များ ကျနော့်ထံ တစုတရုံးတည်းရောက်လာကြ၏။ အရေးကြီးသော ကိစ္စတစ်ရပ်ရပ်ကြောင့် ဤလူစု တစုတရုံးတည်းလာကြခြင်းကို ကျနော်သိနေပြီ။ ကျနော်နှင့် မစောကို ယနေ့မင်္ဂလာဆောင်ရန် ပြီးစီးနေပြီ။

ဆရာတော်ဦးစိန္တာနှင့်တကွ မစော၏မိဘဆွေမျိုးများ သဘောတူကြပြီ။ ကျနော်တို့ မင်္ဂလာဆောင် အထိမ်းအမှတ်အဖြစ် ဇာတ်သဘင်ပွဲကို ယနေ့တညဥ့်ဆက်လက်ပြီး ကျင်းပသွားမည်ဟုပြောကြသည်။ အရက်သမား ငမိုက်သားကျနော် ဘာတတ်နိုင်သေးသလဲ။ "ဒါးကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်"။ အမျိုးသား လွတ်လပ်ရေးမရမီ အိမ်ထောင်မပြုဟူသော ကျနော်၏ဆုံးဖြတ်ချက်ကို ကျနော်တည်ဆောက်နိုင်အုံးမည်လား"

ည နေဝင်ချိန် ၇-နာရီခန့်တွင် ကျနော့်အား ကိုငအောင်ချေ (ယခု မော်ကွန်းဝင်ပထမဆင့်) တို့ လာခေါ်သည်။ ကျနော့်ကိုယ်ပိုင်အဖြစ် လုံချည်-၂ထည်၊ ကာကီလက်ရှည် ၂-ထည်နှင့်၊ စွပ်ကျယ် ၂-ထည်ရှိသည်။ ဆောင်းအအေးဒဏ်ကို ဦးပဥ္စင်းကြီး ဦးသုဝဏ္ဏထံမှ အပေါစားဂွမ်းစောင်တစ်ထည်ငှားပြီး ကာကွယ်ခုခံထားရ၏။ ဦးသုဝဏ္ဏထံ ကျနော်ချဉ်းကပ်ပြီး အပေါစား ဂွမ်းစောင်ကို ဆက်ပြီးငှားပါ။ ကျနော်လျှော်ဖွတ်ပေးပါမည်ဟု လျှောက်တင်သည်။

ဦးပဥ္စင်းကြီးက တခွန်းသားမျှ လျှော့မပေး။ ထုပ်ပိုးထားသော လွယ်အိတ်ထဲမှ ဂွမ်းစောင်ကို ပေးလိုက်ရ၏။ မင်္ဂလာဆောင်သတို့သား ကျနော့်အား ကိုငအောင်ချေတို့ အခြံအရံဖြင့် သူမတို့အိမ်သို့ တန်းတန်းမတ်မတ် ပို့ကြသည်။ သူမတို့အိမ်က လဘက်ရည်တို့ဖြင့် ဧည့်ခံပါသည်။ ညဥ့် ၉-နာရီခန့်ထိ စားသောက်ပြောဆိုကြပြီး သတို့သားအား သတို့သမီးအိပ်ခန်းသို့ ပို့ကြ၏။

ပြာသိုလ အအေးဒဏ်ပြင်းထန်ဆဲအချိန်တွင် သတို့သားတွင် အပေါစား ဂွမ်းစောင်ပင်မရှိ။ သို့နှင့် သတို့သမီးအား စောင်အပိုရှိက စောင်တထည်ပေးပါရန် တောင်းရ၏။ သတို့သမီးတွင်လည်း စောင်အပိုမရှိ၊ သူမတို့တစ်အိမ်သားလုံး ဗြိတိသျှနယ်ချဲ့၏စစ်တပ်၊ ပုလိပ်တပ်ကို ကြောက်၍ ပြောင်းရွှေ့လာရခြင်းကြောင့် စောင်အပိုမပါ။ သူမဆွမ်းပို့လျှင် ခြုံလေ့ရှိသော ကတ္တီပါပုဝါကို ထုတ်ပေးသည်။ ကတ္တီပါပုဝါက ကျနော့်အတွက် ခြေမလုံ ခေါင်းမလုံ၊ ဤညဥ့် အအေးဒဏ်အောက်တွင် အလူးအလဲ ခံရတော့မည်ဟု ကျနော်စိတ်ပူပင်သွား၏။

ကျနော်တို့ မင်္ဂလာဆောင်အထိမ်းအမှတ်အဖြစ် ကပြလျက်ရှိသော ဇာတ်ပွဲမှ ဆိုတီးကခုန်သံများကို အတိုင်းသားကြားနေရသည်။ ဇာတ်ပွဲသို့ ကြာအင်းတောင်နှင့်တကွ အနီးအနားကျေးရွာများမှ သောင်းသောင်းဖြဖြ ပျားပန်းခတ်တမျှ သွားလာလှုပ်ရှားနေကြသည်။ ရာပေါင်းထောင်ပေါင်းများစွာ မွှေးမွှေးကလေးပေးလိုသော ကျနော့်ဆန္ဒကို ယခု ချိုးနှိမ်ထားစရာမလိုပြီ။ ရာနှုန်းပြည့် ချစ်နိုင်ကြပြီ။ ချစ်သူကို ကျနော်က ပွေ့ဖက်ထားလိုက်၏။

ဟိုမေး ဒီမေး သူကကို ကျနော်က တတွတ်တွတ် တညင်းညင်းမေးမြန်း၏။ ကျနော့်မေးခွန်းများတွင် နိုင်ငံရေးရာများလည်း ပါ၏။ အနာဂတ်အိမ်ထောင်ရေးများလည်း ပါ၏။ ကံသာရွာတွင် တွေ့ဆုံစဉ်က ကျနော်တို့စတို့စလုပ်ပါလျက်နှင့် ဘာကြောင့် အရေးမစိုက်သလဲဟု မေးမိသည်။ ဆံပင်စုတ်ဖွား မွဲပြာပြာလုံချည်နှင့် အရောင်အဆင်းပျက်သော ကွက်ကျားကုတ်အကျီ ဝတ်ထားသောကျနော့်အား လူပျိုဟုပင် သူမမြင်ခဲ့ဟု ပြောကာ ရီကြဲကြဲလုပ်နေ၏။ ကျနော်က သူမအပျိုဘဝတွင် ရီးစားများ ရှိခဲ့သည်ဖြစ်စေ၊ ခြေလွန်လက်လွန်ဖြစ်ခဲ့သည်ဖြစ်စေ ကျနော် အကြွင်းမဲ့ ခွင့်လွှတ်သည်။ အိမ်ထောင်ရှင် ကျနော့်ဇနီးဖြစ်သည့်နေမှစ၍ တစ်ဦးကို တစ်ဦး သစ္စာစောင့်သိကြရမည်။ ကျနော်လည်း မည်သည့်မိန်းမနှင့်မျှ မဖောက်ပြန်။ သူမလည်း မည်သည့်ယောကျ်ားနှင့်မျှ မဖောက်ပြန်ရဟုပြောကာ တစ်ဦးနှင့်တစ်ဦး ရဲဝံ့စွာကတိပြု၏။ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတွင် ကျနော်သေဆုံးသွားသည့်တိုင် အိမ်ထောင်ထပ်ပြုရန် သူမဆန္ဒမရှိဟုဆို၏။

အမျိုးသားလွတ်လပ်ရေးရပြီး သာယာဝပြောလာမည့် နိုင်ငံနှင့်ကျနော်တို့ ထူထောင်မည့် အိမ်ထောင်ရေး ပြဿနာကိုလည်း ရှည်လျားစွာ ဆွေးနွေးကြပါသည်။ ချစ်သူနှစ်ဦး တစ်ဦးကို တစ်ဦး ပွေ့ဖက်ပြီး လွတ်လပ်စွာပြောဆိုကြ ရီကြပြုကြသည်မှာ ခဏတာမျှ မိနစ်တာမျှထင်ခဲ့သော်လည်း ညဥ့်တစ်နာရီခန့်ရှိသွားလေပြီ။ ခြုံ၍မလုံသော ကတ္တီပါပုဝါကို နောက်ကြောဘက်လုံအောင် ခြုံပြီး ရှေ့ဘက်တွင် သူမကို ပွေ့ဖက်ထားကာ ကျနော်တသက်တွင် တခါဘူးမျှမတွေ့ဘူးသော အိမ်မက်များဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားလေ၏။

## ပြည်သူ့ နာယကဆရာတော်

ကျနော်အား မင်္ဂလာဆောင်ပြီး နောက်တစ်နေ့တွင် ဆရာတော်ဦးစိန္တာ၏ခရီးစဉ်ကို ဆွေးနွေးကြပါသည်။ ဆရာတော်လွတ်လပ်ရေးအတွက် မီးကျိုးမောင်းပျက် သေနတ်စုတ် ၄-လက်ခန့်ကို ဆရာတော်တပည့်ကျောက်ငန္တားရွာသူကြီးကိုခေါ်ပြီး မြို့ပိုင်သို့ အပ်စေခဲ့သည်။ အစိုးရကြေငြာချက်တွင် ပါသလို မိမိတို့လက်တွင်းရှိ လက်နက်များနှင့်တကွ မိမိတို့ကိုယ်ကို မိမိတို့အလိုအလျောက် ဝင်ရောက်အပ်နှံရမည်ဆိုချက်အတိုင်း ကျနော်တို့မလိုက်နာခဲ့ကြ။ သို့နှင့် ကျနော်တို့ စိတ်မလုံ။ ယင်းကြောင့် စမ်းသပ်မည့် နိုင်ငံရေးတရားပွဲ နှစ်နေရာကို ကျနော်တို့ အခိုင်အမာ ခြေကုတ်ယူထားသည့် ဒလက်ချောင်းတဝှမ်းတွင် ပြုလုပ်ရန်ဖြစ်သည်။ ဒလက်ချောင်းတဝှမ်းတွင် လက်နက်ကိုင် မြေအောက်တော်လှန်ရေးတပ်ဖွဲ့များကို အခိုင်အမာ ကျနော်တို့ ဖွဲ့စည်းထားသည်။ ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့၊ ရခိုင်ပြည်လူငယ်များအစည်းအရုံး၊ တောင်သူလယ်သမားအစည်းအရုံး၊ အမျိုးသမီးများအဖွဲ့ စသည့် လူထုလူတန်းစား အဖွဲ့အစည်းများလည်း အကောင်အထည်ဖော်ရှိနေပြီဖြစ်သည်။ ဆရာတော်နိုင်ငံရေးတရားပွဲတွင် ဗြိတိသျှနယ်ချဲ့စစ်တပ်နှင့် ပုလိပ်တို့က ဆရာတော်အား ဖမ်းလျှင် ဝင်လုရန်လည်း စီစဉ်ထားသည်။ ဤအစီအစဉ်များကို ဦးဆောင်ရန် ကိုလွန်းသာအောင်၊ ကိုဦးရွှေသာ (ယခုကျောင်းဆရာ) ကိုဘစံ( ဂူရွာမြေအောက်တော်လှန်ရေး တပ်ဖွဲ့ခေါင်းဆောင်)တို့ကို ရွေးချယ်ကြပါသည်။ ကျနော် ယခင်အစီအစဉ်အတိုင်း ကျနော်ဆရာတော် နှင့် တပါတည်း မလိုက်နိုင်ပြီ။ ရခိုင်အမျိုးသားများ၏ ဓလေ့ထုံးစဉ်အတိုင်း မင်္ဂလာဆောင်သတိုးသားသည် မင်္ဂလာဆောင်သည့် ညဥ့်မှစပြီး ရက်သတ္တတပါတ်ထိ အိုးအိမ်မကွာ နေထိုင်ရမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဒလက်ချောင်းသို့ သွားကြမည့် ဆရာတော်နှင့်တကွ ကိုမောင်စိန်လှနှင့် ရဲဘော်များကို ကြာအင်းတောင်ရွာမှ ဖြွှဟင်းခါးရွာထိ ကျနော်လိုက်ပို့သည်။ မင်္ဂလာဆောင်သတိုးသား ကျနော့်အား နောက်ပြောင်သူက နောက်ပြောင်၊ ဟိုမေး ဒီမေး မေးသူကမေးဖြင့် တသောသော ရီသံမောသံများဖြင့် ကျနော်တို့ လမ်းလျှောက်လာကြသည်။ ဖြွှဟင်းခါးရွာတွင် မနားဘဲ ဆရာတော်နှင့် ရဲဘော်များဆက်လက် လမ်းလျှောက်သွားကြရင်း ကျနော့်အား အော်ဟစ်နောက်ပြောင်သွားကြသည်။ ကျနော် ရွာထိပ်တွင် မတုန်မလှုပ် ရပ်ကျန်ရစ်၏။ ကျနော့်ရင်ထဲတွင် ဟာကွက်ကြီးတစ်ကွက် နေရာယူနေ၏။ ခါတိုင်းဆိုလျှင် ကျနော် ခေါင်းဆောင်ပြီး အစီအစဉ်များကို

ချသည်။ ကျနော်ပင်လျှင် နေရာတကာရောက်သည်။ ကျနော်ပင်လျှင် နိုင်ငံရေးတရားပွဲများတွင် လက်သီးလက်မောင်းတန်းပြီး ဟောပြောသည်။ ယခု ဆရာတော်တို့နှင့်အတူ ကျနော်မလိုက်ရ၊ ဆရာတော်နှင့် ရဲဘော်များအား မျက်စိတဆုံးမမြင်ရသောအခါ နေးကွေးသောခြေလှမ်းဖြင့် ကြာအင်းတောင်ရွာသို့ ကျနော်ပြန်လာသည်။

ပျင်းသလိုလိုနှင့် တွေးချင်ရာတွေးပြီး မျောနေသောစိတ်ကို စီပီအက်ယူဘီ (ဆိုဗီယက်ယူနီယံကွန်မြူနစ်သမိုင်း) စာအုပ်ထဲ နစ်မြုပ်ထားရလေ၏။ နေ့ပိုင်းတွင် စီပီအက်ယူဘီ စာအုပ်ထဲနစ်မြုပ်၊ ညဥ့်ပိုင်းတွင် ချစ်သူရင်ခွင်ထဲနစ်မြုပ်ဖြင့် မင်္ဂလာဆောင်ငါးရက်မြောက်နေ့တွင် ဆရာတော်တို့ အောင်မြင်သော ခရီးစဉ်ဖြင့် ကြာအင်းတောင်ရွာသို့ ပြန်ရောက်ကြပါသည်။

ဆရာတော်နှင့် ကျနော်တို့ ဆက်ထွက်ရမည့် ခရီးကား အန္တရာယ်လည်းများသည်၊ ရှည်လည်း ရှည်လျားသည်။ ယင်းကြောင့် အသေးစိတ်အစီအစဉ်ကို ကျယ်ပြန့်စွာ ဆွေးနွေးရသည်။ မင်းပြားမြို့၊ မြို့ဟောင်းမြို့တို့တွင် နိုင်ငံရေးတရားပွဲ ကျင်းပမည်။ သို့သော် ညမအိပ်၊ တရားပွဲပြီးလျှင် မြို့မှထွက်ပြီး လုံခြုံစိတ်ချရသော ကျေးရွာတွင်အိပ်လည်းအိပ်မည်။ လက်နက်ကိုင် မြေအောက်တော်လှန်ရေးတပ်ဖွဲ့ခေါင်းဆောင်များနှင့် မျက်နှာစုံညီ ဆွေးနွေးပွဲကျင်းပမည်။ မြို့ပြတွင် နိုင်ငံရေးတရားပွဲ ကျင်းပနေစဉ် ဗြိတိသျှနယ်ချဲ့စစ်တပ်နှင့် ပုလိပ်တပ်တို့ကဖမ်းလျှင် လူထုနည်းဖြင့် ဝိုင်းလုရမည်။ ဗြိတိသျှနယ်ချဲ့၏ ကလိမ်ကျစဉ်ပတ်မှုများကို အလီလီ ခံရပြီဖြစ်၍ ဗြိတိသျှနယ်ချဲ့ကို တရွေးသားမျှ ကျနော်တို့ မယုံကြည်။ မြို့ပြများတွင် ကျင်းပမည့် ကျနော်တို့ နိုင်ငံရေးတရားပွဲသို့ သောင်းသောင်းဖျဖျလူထုချီတက်လာရေး၊ ပြည်သူလူထုစားသောက်နေထိုင်ရေး၊ ချောင်း၊ မြစ်ထူထပ်သောနေရာများတွင် ချီတက်လာကြသောပြည်သူများ အလွယ်တကူ သွားလာနိုင်ရေးအတွက် အခမဲ့ ကူးတို့ကို ကျေးရွာသားများအကူအညီဖြင့် ဆောင်ရွက်ရေးတို့ကို အသေးစိတ်စီစဉ်ရပါသည်။

မင်းပြားမြို့နယ်အတွက် ဗိုလ်စိန်ထွန်းအောင် (ကွယ်လွန်) ကိုထွန်းသာအောင်( ယခု မြို့ဟောင်းမြို့ သမားတော်ကြီး) ကိုနီထွန်းအောင် (ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် ဌာနချုပ် ဉက္ကဋ္ဌဟောင်း) တို့အား လည်းကောင်း၊ မြောင်းဘွေနှင့် မြို့ဟောင်းမြို့တို့အတွက် ကိုမောင်စိန်လှ (ယခု မြောင်းဘွေ ကျောင်းဆရာ)ကိုသန်းစိန် (နိုင်ငံတော်ကောင်စီအဖွဲ့ဝင်နှင့် ပါတီဌာနချုပ်အတွင်းရေးမှူး-၂) ဦးလေသာအောင် ဦးဗိုလ်အောင်၊ ဗိုလ်ပန်းသာဦး စသူတို့အားလည်းကောင်း၊ ကျောက်တော်မြို့အတွက် ဦးမောင်လှကျော် (နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းစု ဌာနချုပ် တွဲဘက်အထွေထွေအတွင်းရေးမှူး)၊ ကိုဘာသာ (ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်) တို့အားလည်းကောင်း တာဝန်များကို အသေးစိတ် ခွဲဝေပေးလိုက်ပါသည်။

ဆရာတော်နှင့် ကျနော်တို့ မင်းပြားမြို့သို့ ရောက်သွားသောအခါ ကမ်းညွှတ်လုမျှ စိတ်အားထက်သန်စွာ ကြိုဆိုနေကြသော ပြည်သူလူထု နှစ်သောင်းကျော်၏ တက်ကြွသောကြိုဆိုမှုကို ရယူလိုက်ရ၏။ ဤပြည်သူများသည် မင်းပြားမြို့သို့ နာရီပိုင်းအတွင်း ရောက်နေကြသူများချည်း မဟုတ်ကြ။ မိုင်ပေါင်း ၃၀ကျော်ဝေးမည့် ကျေးလက်ကျေးရွာများမှ ချောင်းမြစ်များကို အတန်တန်ဖြတ်ပြီး မင်းပြားမြို့တွင် ညဥ့်အိပ်စောင့်ဆိုင်းနေထိုင်ကြသူများ သောင်းချီပါနေ၏။

မင်းပြားမြို့လူငယ်ခေါင်းဆောင် ကိုဝေကျော် (ချင်းမောင်ကွာရွာတွင် ရဲနီအောင်လင်း၊ ရဲနီမင်းလွင်တို့နှင့်အတူ ချင်းအမျိုးသားများလက်ထဲ သွေးအေးအေးဖြင့် အသတ်ခံသွားရသော ကျနော့်မိတ်ရင်း ရဲဘော်ကိုဝေကျော်) နှင့်လူငယ်များအကူအညီကြောင့် မွန်းလွဲ ၁၂နာရီကျော်လောက်တွင် နိုင်ငံရေးတရားဟောပြောပွဲ လွယ်ကူစွာ ကျင်းပရသည်။

ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်သည်။ ကျနော်က ကမ္ဘာ့ငြိမ်းချမ်းရေး၊ အမျိုးသားလွတ်လပ်ရေးကို လက်နက်ဖြင့် တိုက်ယူရေး၊ မြေဆီမြေခွန်မပေးရေးနှင့် လက်ငုတ်လက်ရင်း လယ်ပိုင်ရေးများကို ဟောပြော၏။ ဆရာတော်က နိုင်ငံတကာ အခြေအနေများ၊ လွတ်လပ်ရေးရာများကို ဟောပြောသည်။ တာဝန်ခွဲယူထားသည့်အတိုင်း အထူးသဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဗမာပြည် ကွန်မြူနစ်ပါတီနှင့်

ကွန်မြူနစ်ပါတီ(ဗမာပြည်) ကွဲအက်နေချိန်၊ ဖဆပလဌာနချုပ်တွင် ခေါင်းဆောင်ပါတီလုနေချိန်၊ တပါတီကို တပါတီသြဇာချ၊ တဦးကိုတဦးအပြင်းအထန် ပုတ်ခတ်ဖြစ်နေချိန် ဆရာတော်နှင့် ကျနော်တို့က ဗြိတိသျှနယ်ချဲ့ကို လက်နက်ဖြင့် တိုက်ရေးအတွက် ဂိုဏ်းဂနပါတီမရွေး ကျနော်တို့ ညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းမည်ဟု ပြည်သူလူထုတရားပွဲတိုင်း၊ နေရာတကာတိုင်းတွင် ဟောပြောကြ၏။ နိုင်ငံရေးတရားပွဲအပြီး ကျနော်တို့ ခဏကြာမျှပင် မင်းပြားတွင်မနေ။ အစီအစဉ်အတိုင်း ပြည်သူလူထုနှင့် ရောနှောပြီး ပြားချောင်းရွာသို့ အရောက် ချီတက်လာကြသည်။

စီစဉ်ထားသည့်အတိုင်း ပြားချောင်းရွာတွင် ဗိုလ်စိန်ထွန်းအောင်နှင့် ရဲဘော်များကို တွေ့သည်။ သူတို့၏ လွယ်အိတ်များထဲတွင် လက်ပစ်ဗုံး၊ ခြောက်လုံးပူး၊ အပိုင်းပိုင်းဖြုတ်ထားသော စတင်းဂန်းသေနတ်များ ပါကြ၏။ လမ်းဆုံလမ်းဝအသီးသီးတွင် ရဲဘော်များကို ကင်းချသည်။ ညဥ့်အချိန် ဗြိတိသျှနယ်ချဲ့စစ်တပ်နှင့် ပုလိပ်တပ်များ အလစ်စီး ဝိုင်းပိတ်ခြင်းမခံရအောင် ပြားချောင်းအနီးတစ်ဝိုက်ရွာများတွင်လည်း အသီးသီးကင်းပုန်းများ ချထားလိုက်သည်။

ကျနော်တို့ ညနေစာ စားပြီးဆဲ ကိုညိုထွန်း(ဝန်ကြီးဟောင်း ယခု သံအမတ်ကြီး)နှင့် ကိုလှမောင် (ယခု သံအမတ်ကြီး) တို့ ပြားချောင်းသို့ ပေါက်ရောက်လာကြ၏။ ခရီးရောက်မဆိုက် ကျနော်နှင့် ပြောမနာ ဆိုမနာ ရင်းနှီးသော ကိုလှမောင်က ကျနော့်ကို အပူကပ်ပါသည်။ သူနှင့်ဌာနချုပ်မှပေးလိုက်သော ငွေငါးထောင် ပါလာသည်။ ယင်းငွေငါးထောင်ကို ယူပြီး လက်နက်များဝယ်ပါ။ ကျနော်တို့လက်ထဲရှိ မောင်းကျိုးမဟုတ်သော လက်နက်တစ်ချို့ကို အပ်ပါ။ ယခု ကျနော်တို့အပ်ခဲ့သော သေနတ်များမှာ တစ်လက်မျှ မကောင်းမဟုတ်ဟု ပြောလေ၏။ သေနတ်ခဲယမ်းမီးကျောက်ကိစ္စကို ကျနော်တစ်ဦးတည်းသဘောဖြင့် မဆောင်ရွက်နိုင်။ ဆရာတော် ဦးစိန္တာပါ ဆွေးနွေးပါ။ ငွေကိုလည်း ဆရာတော်လက်ထဲအပ်ပါဟု ပြောလည်းပြော၊ သူ့လက်ကိုလည်းဆွဲပြီး ဦးရာစိန္တဘုန်းတော်ကြီးကျောင်းတွင် တည်းခိုနေသော ဆရာတော် ဦးစိန္တာထံ သူ့ကို ကျနော်ခေါ်သွား၏။ ဆရာတော် ဦးစိန္တာအား ကိုလှမောင်သည် ဆိုရှယ်လစ်ပါတီဌာနချုပ်တွင် အရေးပါသော ခေါင်းဆောင်တစ်ဦး ဖြစ်ကြောင်း မိတ်ဆက်ပေး၏။ ကိုလှမောင်က ဆရာတော်အား ငွေငါးထောင်ကပ်လှူသည်။

အမျိုးသားလွတ်လပ်ရေး၊ နိုင်ငံတကာရေးရာများကို ဆရာတော်၊ ကိုလှမောင်၊ ကိုညိုထွန်းနှင့် ကျနော် တို့ ၂နာရီခန့်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲပြီးသွားသည်တွင် ငွေငါးထောင်ဖြင့် လက်နက်ဝယ်ပါ။ ယခု လက်နက်ကောင်းတချို့ထပ်ပြီး အစိုးရထံအပ်ပါဟု ကိုလှမောင် တခွန်းမျှမပြော၊ နိုင်ငံရေးဒူးတိုက်ဆွေးနွေးပွဲ တွင် နစ်မြုပ်သွား၍ ကိုလှမောင် မေ့သွားသလား ကျနော်မပြောတတ်။

ညဥ့် ၁၀နာရီခန့်တွင် လက်နက်ကိုင် မြေအောက်တော်လှန်ရေးတပ်ဖွဲ့ခေါင်းဆောင် ဗိုလ်စိန်ထွန်းအောင် တို့အား သီးသန့်ခေါ်ပြီး ဆရာတော်နှင့်ကျနော် ဆွေးနွေးတင်ပြပါသည်။ ကမ္ဘာ့နိုင်ငံရေးရာများ၊ ပြည်တွင်းအခြေ အနေများကို အသေးစိတ်ရှင်းပြသည်။ သူတို့စည်းကမ်းသေဝပ်စွာ နေထိုင်ရေး၊ တပ်ဖွဲ့ရဲဘော်များကို ကျေးရွာ များတွင် ရောနှောထားရေးတို့ကို အသေးစိတ်စီစဉ်ကြ၏။ ရဲဘော်သစ်စုဆောင်းရေး၊ လက်နက်ခဲယမ်းများ ထပ်ဖြည့်ရေး၊ လေ့ကျင့်ပေးရေးများကိုလည်း ဆန္ဒတူညီမှုရသည်ထိ ရဲဘော်စိတ်အပြည့်အဝဖြင့် သဘောတူ ကြ၏။ ကိုလှမောင်ပေးလှူခဲ့သော ငွေငါးထောင်ထဲမှ ငွေကြေးတချို့ကို ဖဲ့ပြီး သူတို့အား ပေးလိုက်သည်။ အမြဲတမ်း ဘိုင်ကျနေသော ကျနော်တို့ ငွေကြေးတရွှင်ရွှင်။

နံနက်အာရုံရောက်လေပြီ။ ဆရာတော်ဦးစိန္တာအာရုံဆွမ်း ဘုန်းပေးနေဆဲ ကျနော်တို့ ကောက်ညှင်း ပေါင်းနှင့် လဘက်ရည်သောက်ပြီးနေကြလေပြီ။ ကိုလှမောင်က လက်နက်ကောင်းတစ်ချို့ကို အပ်ပြီး မနေ့က သူပေးလှူခဲ့သောငွေဖြင့် လက်နက်ခဲယမ်းများ အစားထိုးဝယ်ယူရေးကို ဆရာတော်အား လျှောက်ထားပေးရန် ကျနော့အား တိုက်တွန်း၏။ ဆရာတော်အား ဆွေးနွေးတင်ပြပေးမည်ဟု ကျနော်တာဝန်ယူလိုက်သည်။

ဆရာတော်ဆွမ်းဘုန်းပေးပြီး ဆရာတော်နှင့် ကျနော်တို့ ပြားချောင်းရွာမှ မြောက်ဘက်အရပ် မြောင်းဘွေသို့ လာကြသည်။ ကိုလှမောင်နှင့် ကိုညိုထွန်း တောင်ဘက်အရပ် မင်းပြားသို့ ပြန်သွားကြသည်။

မြောင်းဘွေတွင် ကိုမောင်စိန်လှတို့ အတီးအမှုတ်နှင့်တကွ ရာပေါင်းများစွာသော ပြည်သူများ လှိုက်လှဲစွာ ကြိုဆိုနေကြသည်။ မွန်းတည့် ၁နာရီခန့်တွင် နိုင်ငံရေးဟောပြောပွဲ ကျင်းပပါသည်။ တသောင်းကျော်မျှရှိမည့် ပြည်သူများ စိတ်အားထက်သန်စွာဖြင့် ကျနော်တို့၏ဗြိတိသျှနယ်ချဲ့စနစ်တိုက်ဖျက်ရေး၊ အမျိုးသားညီညွတ်ရေး၊ လွတ်လပ်ရေးလမ်းစဉ်ကို ညီညာသောင်းဖျထောက်ခံကြ၏။

နိုင်ငံရေးတရားပွဲအပြီး ကိုလှမောင်ပြောခဲ့သည့်လက်နက်တစ်ချို့ ထပ်အပ်ရေးနှင့် လှူခဲ့သောငွေဖြင့် လက်နက်အစားထိုးဝယ်ရေးကိစ္စကို ဆရာတော်အား ကျနော်နှစ်ဦးချင်း ဆွေးနွေးပြသည်။ ဆရာတော်က ဤကိစ္စမျိုးကို သူနှင့်ကျနော်နှစ်ဦးတည်းသဘောဖြင့် မဆောင်ရွက်သင့်။ ခရီးမှပြန်မှ အရေးပါသူများပါ ခေါ်ပြီး ဆွေးနွေးတိုင်ပင်သင့်ကြောင်း ရှင်းပြ၏။ ကျနော်တို့၏ နိုင်ငံရေးတရားပွဲနှင့် ကျနော်တို့၏နေထိုင်စားသောက်ရေး စသောကိစ္စအဝဝကို မြောင်းဘွေစာသင်ကျောင်းအား ငွေကြေးအကုန်အကျခံပြီး ကိုယ်ပိုင်ထူထောင်ခဲ့သော ကိုမောင်စိန်လှ ဖခင် ဆရာကြီး ဦးသောကြာအောင်နှင့် တကွ ကိုမောင်စိန်လှ၊ ကိုသန်းစိန်တို့က လိုလေသေး မရှိအောင် ကူညီကြသဖြင့် ကျနော်တို့ တစုံတရာမျှ အခက်အခဲမရှိကြ။

နောက်တနေ့နံနက် ၉နာရီကျော်ခန့်တွင် မြို့ဟောင်းမြို့ ဝင်ပေါက်သို့ ဆရာတော်နှင့်ကျနော်တို့ ရောက်သွားကြသည်။ ထောင်ပေါင်းများစွာသော ပြည်သူလူထု၏ တက်ကြွသော၊ အုံကြွသော လှိုက်လှဲသော ကြိုဆိုခြင်းကို ခံယူရရှိ၏။ မွန်းတည့် ၁၂နာရီကျော်ခန့်တွင် နိုင်ငံရေးဟောပြောပွဲကို စတင်ကျင်းပပါသည်။ သုံးသောင်းခန့်ရှိမည့် ပြည်သူလူထု အုတ်အုတ်သဲသဲရောက်နေကြ၏။ ချင်းအမျိုးသားများစွာလည်းပါဝင်သည်။ သူတို့သည် မိုင်ပေါင်း ၃၀ကျော်ဝေးကွာမည့် လေးမြို့ချောင်းဖျားမှနေ၍ ဤတရားပွဲသို့ ခြေလျင်လာကြသူများ ဖြစ်ကြသည်။ ဆရာတော်နှင့်ကျနော်တာဝန်ခွဲယူထားသည့်အတိုင်း ကျနော်က ကမ္ဘာငြိမ်းချမ်းရေးကို အစချီပြီး ဟောပြောကြသည်။ ဗြိတိသျှနယ်ချဲ့တိုက်ဖျက်ရေးအတွက် ဂိုဏ်းဂနပါတီမရွေး တပ်ပေါင်းစုဖွဲ့ရေးနှင့် အမျိုးသားညီညွတ်ရေးတည်ဆောက်ရေးတို့ကို ကျနော်တို့ အဓိကထားပြီး ဟောပြောကြပါသည်။

ကြိုတင်စီစဉ်ထားကြသည့်အတိုင်း မြို့ဟောင်းနိုင်ငံရေးတရားပွဲအပြီး ထွက်ခွာသွားကြသောလူအုပ်နှင့် အတူ ဆရာတော်နှင့်ကျနော်တို့ တိမ်ညိုရွာဘက်သို့ ထွက်လာကြသည်။ ဝေသာလီဘုရားကြီးတွင် ကျနော်တို့ စခန်းချကြ၏။ လွယ်အိတ်များတွင် လက်ပစ်ဗုံးများ၊ ခြောက်လုံးပြူးများနှင့် ဖြုတ်ယူလာသော စတင်းဂန်းများကို လွယ်ထားသည့် မြေအောက်တော်လှန်ရေးရဲဘော်များကို အဆင်သင့်တွေ့ရ၏။ ညဥ့်အချိန်တွင် ဗြိတိသျှနယ်ချဲ့ ဒလံစစ်တပ်များ အလစ်စီးခြင်းမခံရအောင် အနီးနားကျေးရွာများသို့ ကင်းခွဲချထားလိုက်၏။

အနီးအနားမှ ရောက်လာကြသော ကျေးရွာ၊ တိုက်နယ်၊ မြို့နယ် ခေါင်းဆောင်များနှင့် ဘုရားကြီး သိမ်တော်အောက်တွင် ပွင့်ပွင့်လင်းလင်းဆွေးနွေးကြ၏။ ညဥ့် ၉နာရီခန့်တွင် ခေါ်ယူထားသော ဗိုလ်ရွှေသာ၊ ဗိုလ်ပန်းသာအောင် စသောမြေအောက်တော်လှန်ရေးတပ်ဖွဲ့နှင့် ပြည်သူလူထု တသွေးတည်း တသားတည်း ဖြစ်ရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို အသီးသီး ခွဲဝေတာဝန်ယူကြသည်။

ကိုလှမောင်ပေးခဲ့သော ငွေများထဲမှ သင့်လျော်သောငွေကြေးကိုလည်း သူတို့အား ခွဲဝေပေးလိုက်သည်။ တပ်သားသစ်များနှင့် အင်အားဖြည့်တင်းရေးနှင့် နိုင်ငံရေးပညာ၊ စစ်ရေးပညာတို့ကို သင်ကြားပြသမည့် ကေဒါ ရဲဘော်များ ပို့ရေးအတွက် ကျနော်တာဝန်ယူရသည်။

ထုံးစံအတိုင်း ဆရာတော်ဦးစိန္တာ အာရုံဆွမ်းစားနေစဉ် ကျနော်တို့ အဆီရွှဲရွှဲထနေသော ကွဲ့နို့ကို ထန်းလျက်နှင့် စားသောက်ပြီးကြလေပြီ။ ဆွမ်းစားပြီး ဆရာတော်နှင့် ကျနော်တို့ မဟာမုနိဘုရားဘက်သို့ ဦးတည်ချီတက်လာကြသည်။ မိုင်ပေါင်းတစ်ဆယ်ကျော်ရှိသည့် လမ်းတစ်လျှောက်တွင် ကျနော်တို့ စိတ်ကြိုက် လမ်းလျှောက်ခွင့်မရ။ မကြာခဏရပ်နားရ၏။ လမ်းတစ်လျှောက်တွင် တလင်းလှည့်နေကြသော လယ်သမားတဲ စုများမှ အစုလိုက်ထွက်လာပြီး ဆရာတော်အား ကိုင်းညွတ်သော စိတ်ဓာတ်အပြည့်အဝဖြင့် လက်အုပ်ချီကန် တော့ကြ၏။ ရေပူရေချမ်းကပ်လှူကြ၏။

သူတို့မေးလို သိလိုသော နိုင်ငံရေးရာများကိုလည်း မေးကြ၏။ ကျယ်ပြန့်၍ ထုထည်ကြီးမားသော

တောင်သူလယ်သမား စိတ်ဓာတ်တွင် ဆရာတော်သည် သူတို့ခေါင်းဆောင်၊ဆရာတော်သည် သူတို့ဖခင်၊ ဆရာတော်သည် အမျိုးသားလွတ်လပ်ရေးအတွက် အစအဆုံးမရှိ အနစ်နာခံ၊ အသေခံနေသော ပိသုကာဟု သူတို့သိကြသည်။ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို ဆရာတော်လက်နက်ကိုင်တိုက်ပွဲဖြင့် တိုက်ရန် ဝန်မလေး၊ လက်ငင်းအားဖြင့်လည်း မျက်စိတဆုံး ကြည့်မဆုံးသည့် ပြုစုဝေါင်းများပိုင် လယ်မြေများကို မြေဆီခတပြားတချပ် မပေးဘဲ လုပ်ကိုင်စားသောက်နေထိုင်ရသည်မှာလည်း ဆရာတော်တို့ ရှေ့ဆောင်မှုကြောင့် ဖြစ်သည်ကို သူတို့ လုံးဝသဘောပေါက်ကြပါသည်။

မဟာမုနိဘုရားသို့မရောက်မီ ဖါလုံအနည်းငယ်ခန့်ကပင် တီးမှုတ်သံများ အုတ်အုတ်သဲသဲဖြစ်နေသော ပြည်သူလူထု၏ကြွေးကြော်သံများကို ကြားနေရပြီ။ မဟာမုနိဘုရားမရောက်မီ ၂-ဖါလုံခန့်ကပင် ကိုလှကျော်နှင့် ကြိုဆိုရေးအဖွဲ့မှ ဆရာတော်နှင့် ကျနော်တို့အား ကြွေးကြော်သံများကို လက်သီးလက်မောင်း တန်းပြီး ကြိုဆိုနေကြပြီ။ ဆရာတော်ဖြတ်သွားသည်နှင့်တစ်ပြိုင်နက် ထောင်ပေါင်းများစွာသောပြည်သူများ မြေကြီးကို ဒူးတုတ်ပြီး လက်အုပ်ချီကန်တော့ကြ၏။

ဆရာတော်နှင့်ရှေ့ဆင့်နောက်ဆင့် ချီတက်ပါလာသော ကိုမောင်စိန်လှနှင့် ကျနော့်ထံ အမျိုးသမီးထု ဝိုင်းလာကြ၏။ အတန်တန်တောင်းပန်နေပါလျက် ကျနော်တို့နှစ်ဦး ပန်းကုံးစွပ်ခံရသည်။ ဒေါ်မယ်စောနှင့် ဒေါ်သာမဖြူတို့ ခေါင်းဆောင်သော အမျိုးသမီးထု၏ အုံကြွမှုကို ထူးခြားစွာတွေ့ရသည်။ လမ်းဘေးတစ်ဘက်စီ တွင် ကြိုဆိုနေကြသော ပြည်သူလူထုများ ရှေ့မှောက်မှ ဆရာတော်ဖြတ်သွားသည်။ မြေကြီးဒူးတုတ်ပြီး လက်အုပ်ချီကန်တော့ကြသော ပြည်သူလူထုများသည် ကောက်ရိတ်စက်ဖြင့် ကောက်ပင်များကို ဖြတ်လိုက်သလို ရပ်နေရာမှ မြေကြီးသို့ ဒူးတုတ်ကျသွား၏။

ဆရာတော်နှင့် ကျနော်တို့ ယာယီတည်းခိုရန် ဆောက်လုပ်ထားသော အိမ်ငယ်ထိ အရောက် နှစ်သောင်းမျှသော ပြည်သူတို့က ကျနော်တို့အား အူလှိုက်သဲလှိုက်ကြိုဆိုကြ၏။ မနက်ဖြန်ကျင်းပမည့် မြောက်ပိုင်းတိုင်း တောင်သူလယ်သမား ညီလာခံနှင့် ကျနော်တို့၏ နိုင်ငံရေး တရားဟောပြောပွဲရှိကြောင်း ကျောက်တော်မြို့နယ်၊ ပလက်ဝခရိုင်နှင့် မြို့ဟောင်းမြို့နယ် မြောက်ပိုင်းတို့တွင် တောမီးပမာ ပြန့်နှံ့လျက်ရှိနေ လေပြီ။

ညဉ့်အချိန်တွင် နယ်အသီးသီးမှရောက်နေကြသော ခေါင်းဆောင်များနှင့် ကျနော်တို့ နိုင်ငံရေးရာကိစ္စ နှင့် မနက်ဖြန်ကျင်းပမည့် တောင်သူလယ်သမားညီလာခံတွင် တင်သွင်းမည့်အဆိုကို ရွေးချယ်ကြပါသည်။ လက်ရေတပြင်စီး စားသောက်နေထိုင်ပြီး တကယ့်ပြည့်ဝသော ရဲဘော်စိတ်ဓာတ်ဖြင့် ဒူးတိုက်ဆွေးနွေးကြပါ သည်။

လွတ်လပ်ရေးအဆိုနှင့်တကွ ဝရမ်းထုတ်ခံနေရသော နိုင်ငံရေးသမားများ လုံးဝလွတ်ရေး၊ ဂျပန်ငွေ စက္ကူကို တရားမဝင်ပြုခဲ့ခြင်းကြောင့် ပေးစရာလည်း ငွေမရှိသော လယ်သမားများအား မြေခွန်လွတ်ခွင့်ပြုရေး နှင့် လက်ငုတ်လက်ရင်းများ လယ်မြေလက်မလွတ်ရေးတို့ကို ညီလာခံသို့ တင်သွင်းရန် တညီတညွတ်တည်း သဘောတူကြပြီ။ ဒေသဆိုင်ရာအဆိုများတွင် အနည်းငယ်ငြင်းကြခုံကြဖြစ်ကာ တင်သွင်းမည့်အဆိုများကိစ္စ လွယ်လင့်တကူပြီးပြတ်သွားပါသည်။ တချိမ့်ချိမ့်ဖြစ်နေသော ဇာတ်ပွဲဘက်သို့ ဆွေးနွေးပွဲပြီးလျှင် ပြီးချင်း ကျနော် တို့ထွက်လာကြ၏။ ဇာတ်ပွဲတွင် တပါးသွား မင်းသမီးကခုန်နေ၏။

ကျနော်တို့လူစု အရက်ကြိုက်သူက ထမင်းဆိုင်နှင့် တွဲဘက်ထားသောအရက်ဆိုင်၊ လဘက်ရည် ကြိုက်သူက လဘက်ရည်ဆိုင်၊ မုန့်တီကြိုက်သူက မုန့်တီဆိုင်များတွင် ဝင်ပြီး စားသောက်ကြ၏။ ခရီးရှည်လည်း ထွက်ခဲ့ရ၊ နိုင်ငံရေးရာ၊ စစ်မက်ရေးရာများကိုလည်း လမ်းတစ်လျှောက်လုံးဆောင်ရွက်ခဲ့ရ၍ နွမ်းရိနေသော ကျနော်၊ လဘက်ရည်နှင့် မုန့်အနည်းငယ်စားပြီး တည်းခိုစခန်းသို့ပြန်လာသည်။ ကင်းလုံခြုံအောင်ပြုပြီး အိပ်ရာ သို့ ကျနော်တန်းဝင်ကာ နှစ်ခြိုက်စွာအိပ်လိုက်သည်။

ယနေ့မဟာမုနိ ဘုရားပွဲတော်နေ့မဟုတ်။ သို့သော် နံနက် ၆နာရီကျော်လောက်ကပင် မဟာမုနိ ကုန်းတော်နှင့် ယင်ပြင်ပေါ်တွင် ပြည်သူများ၏ ကြွေးကြော်သံများဖြင့် ပြည့်လျှံလျှက်ရှိနေလေပြီ။ လေးသောင်းခန့်ရှိမည့် ပြည်သူ၏ကြွေးကြော်သံသည် မိုးကောင်းကင်ထိ မြင့်မားနေ၏။ တကယ့်တက်ကြွနေသော ပြည်သူ့အားမာန်၊ ဗြိတိသျှနယ်ချဲ့ကို ရင်ဆိုင်မည့် ပြည်သူ့အားမာန်။ နံနက် ၇နာရီခန့်တွင် ဆရာတော်သဘာပတိ မိန့်ခွန်းပြောပြီး အစည်းအဝေးကို စတင်လိုက်သည်။

ဆရာတော်နှင့်ကျနော် မိမိတာဝန်ခွဲဝေယူထားသည့်အတိုင်း ဟောပြောကြသည်။ အဆိုများတင်သွင်းခြင်း၊ထောက်ခံခြင်းတို့ကို ဘဝနာနေသော တကယ့်လယ်သမားခေါင်းဆောင်နှင့် အမျိုးသမီးခေါင်းဆောင်များ တင်သွင်းဟောပြောကြသည်။ အဆိုများနှင့် ထောက်ခံချက်များကို သူတို့ဘဝလက်တွေ့ဖြင့် ယှဉ်ပြီးတင်ပြကြရာ လယ်သမားခေါင်းဆောင်များက ဂျပန်ငွေစက္ကူတရားမဝင်ပြုလိုက်ပြီး စစ်တပ်နှင့် ပုလိပ်တပ်တို့က ဝိုင်း၍ မြေခွန်မြေခ တစ်ရွာဝင်တစ်ရွာထွက် ကောက်ခံခြင်း၊ မြေခွန်မပေးနိုင်၍ တနေ့လုံး နေလှန်းထားခြင်း၊ ဂတ်ချုပ်ထဲတွင် အစာရေစာ လုံးဝမကျွေးဘဲ နှာခေါင်းထဲ ရေနွေးပူလောင်းထည့် စစ်ဘိနပ်ဖြင့် ရင်ဘတ်ကို ကန်ကျောက်၊ ဒုတ်ဖြင့်ရိုက်ခြင်းတို့ကို တင်ပြကြသည်။ ကျွဲနွားများအုပ်လိုက် အသိမ်းခံရခြင်းများကို ရင်နင့်ဘွယ် ဟောပြောကြသည်။ အမျိုးသမီးများကလည်း မိမိဘဝ ကိုယ်တွေ့များကို တင်ပြကြသည်။

မြေဆီခ အပြည့်အဝပေးပါလျက်နှင့် နောက်နှစ်အတွက် လယ်သီးစားချခံရစေရန် သမီးပျိုကိုခေါ်ပြီး ဇာမီဒါပြုစုဂေါင်း မြေရှင်ကြီးအိမ်တွင် အစေအပါးအဖြစ် ငွေကြေးတစ်ပြားမျှ မရဘဲ လုပ်ခဲ့ရခြင်း၊ ပုဂံတစ်ချပ်ကွဲလျှင် တစ်ချပ်ဘိုးလျော်ကြေးပေးရခြင်း၊ လူသားစားတတ်သော ပြုစုဂေါင်းတို့ ခြေတော်တင်ခံရခြင်းတို့ကို ရှင်းပြရင်း အဆိုများကို တင်သွင်းခြင်း၊ ထောက်ခံခြင်း ပြုသွားကြသည်။ ညီလာခံသို့တက်ရောက်နေသည့် လေးသောင်းခန့်ရှိသော ပြည်သူလူထုသည် အံတကြိတ်ကြိတ်ဖြင့် ဗြိတိသျှနယ်ချဲ့စနစ်ကို မုန်းတီးနေကြသည်။ ဇာမီဒါပြုစုဂေါင်းများကို အော့နှလုံးနာနေကြ၏။

သူတို့၏ဘဝအတွေ့အကြုံများဖြင့် ဗြိတိသျှနယ်ချဲ့ ကိုလိုနီကျွန်ဘဝက လွတ်မြောက်ရေးနှင့် ဇာမိဒါ မြေရှင်စနစ်ဆိုး တိုက်ဖျက်ရေးအတွက် သွေးတကြွကြွဖြစ်နေကြ၏။ ဗြိတိသျှကိုလိုနီကျွန်ဘဝဆိုး၊ ဇာမိဒါမြေရှင်စနစ်ဆိုးတို့ကို တိုက်ရေးအတွက် သူတို့သွေးဖြင့် ရင်းနှီးရန် ဝန်မလေးကြ။ နံနက် ၁၀နာရီခန့်တွင် ညီလာခံပြီးစီး၍ ရုပ်သိမ်းပါပြီဟု ကြေငြာလိုက်သည့်တိုင် ဇာတိသွေး ဇာတိမာန် တက်ကြွနေသော ပြည်သူ့အားမာန်ကို ပြည်သူများ ပြနေဆဲပင် ရှိနေကြ၏။

ကျောက်တော်ပုလိပ်သမဂ္ဂ၏ ဖိတ်ခေါ်ချက်အတိုင်း ဆရာတော်နှင့် ကျနော်တို့ ပုလိပ်သမဂ္ဂမှကျွေးမွေးသော ဘောဇဉ်အဟာရများကို စားသောက်ကြပါသည်။ ကျနော်တို့ မင်းပြားမြို့၊ မြို့ဟောင်းမြို့ စသော မြို့တို့ကို ဖြတ်သန်းလာခဲ့စဉ်ကပင် ပုလိပ်သမဂ္ဂအဖွဲ့ထဲရှိ ကျနော်တို့လူယုံများဖြင့် ကျနော်တို့ ဆက်သွယ်ခဲ့ပါသည်။ ကျနော်တို့အား ဖမ်းဆီးနှောက်ယှက်ရန် ပြည်ထဲရေးဌာနမှလည်းကောင်း၊ အထက်အဖွဲ့အစည်းများမှလည်းကောင်း၊ ညွှန်ကြားချက်လုံးဝမရှိကြောင်းကို ကျနော်တို့ သိခဲ့ရပြီ။ ယင်းအပြင် ကျောက်တော်ပုလိပ်သမဂ္ဂထဲတွင် ကျနော်နှင့် ကျောင်းနေဘက်သူငယ်ချင်း ကိုစောထွန်းတို့ အရေးပါသော တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ သူတို့ကလည်း ဆရာတော်နှင့် ကျနော်တို့အား အထက်မှ အမိန့်ပေးသည့်တိုင် ဖမ်းဆီးနှောက်ယှက်ခြင်းမပြု။ သူတို့အလုပ်ပြုတ်ခံရမည်ကို အာမခံချက်ပြုထားသဖြင့် ဆရာတော်နှင့်ကျနော်တို့ သူတို့ကျွေးမွေးသမျှကို ကျောက်တော်မြို့တွင် အေးဆေးစွာ စားသောက်နေထိုင်ကြခြင်း ဖြစ်ပါသည်။ ကိုလှထွန်းကျော် (ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်ကို လက်နက်ကိုင်တော်လှန်ခဲ့သော ကွယ်လွန်သူ တော်လှန်ရေးခေါင်းဆောင်) က လွှတ်လိုက်သော လူငယ်တစ်စု၊ ကျောက်တော်သို့ရောက်လာကြသည်။ ဆရာတော်နှင့် ကျနော်တို့အတွက် စိုးရိမ်စရာ တဆံခြည်မျှမရှိပြီ။ စစ်တွေမြို့သို့ ကြွရန် ဖိတ်ခေါ်လေ၏။ စစ်တွေမြို့သို့ လိုက်သင့် မလိုက်သင့်ကို ဆရာတော်နှင့်ကျနော်တို့ ဘက်စုံဒေါင့်စုံ တနေကုန်တနေခမ်း အကြိတ်အနယ် ဆွေးနွေးကြသည်။

ဆရာတော်နှင့် ကျနော်တို့အား ဖမ်းဆီးနောက်ယှက်ခံရမည့် အခြေအနေဆိုးများ မရှိတော့ပြီ။ အခွင့်သာသည့်အခါ စစ်တွေမြို့သာမက ရခိုင်ပြည်တစ်ပြည်လုံးသို့ သွားသင့်သည်။ အမျိုးသားလွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့အား လက်နက်စွဲကိုင် တိုက်ရေးလမ်းစဉ်နှင့် အမျိုးသားညီညွတ်ရေးလမ်းစဉ်တို့ကို ပြည်သူလူထုများနှင့် ပါတီအဖွဲ့အစည်းများလက်ခံလာရန် ဆောင်ရွက်ရမည်။ လက်ငင်းအားဖြင့် စစ်တွေမြို့သို့သွားကာ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးအား လက်နက်ကိုင်တော်လှန်ရေးနှင့် အမျိုးသားညီညွတ်ရေးများ လုပ်သင့်ကြောင်းတို့ကို ကျနော်တို့ တညီတညွတ်တည်း ဆန္ဒတူညီသွားကြပါသည်။

စစ်တွေမြို့ အာရကံ ဖလိုတီးယားကုမ္ပဏီ (ယခု စစ်တွေပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကော်ပိုရေးရှင်း) ဆိပ်ကမ်းသို့ ယင်းကုမ္ပဏီပိုင် မီးသင်္ဘောဖြင့် ဆရာတော်နှင့် ကျနော်တို့ရောက်ချိန်တွင် နေစုတ်စုတ်ဝင်နေလေပြီ။ သို့သော် ကြိုးမဲ့ကြေးနန်းဖြင့် အကြောင်းကြားထားချက်ကြောင့် ကိုလှထွန်းကျော်၊ ကိုမောင်ကျော် (ယခု စစ်တွေမြို့နယ်သမဝါယမ ဦးမောင်ကျော်)စသော လူငယ်ခေါင်းဆောင်များနှင့် ပြည်သူငါးရာခန့် ကျနော်တို့အား ကြိုဆိုသမှုပြုကြပါသည်။

အဆင်သင့်ရှိနေသောမော်တော်ကားများဖြင့် စစ်တွေမြို့ ရွာပဂေါင်းရပ်ရှိ ကျနော့်အခင်(ဦးလေး) ပွဲစားကြီး ဦးထွန်းအောင်ကျော်အိမ်သို့ ကျနော်တို့ တန်းတန်းမတ်မတ်သွားကြပါသည်။ ၎င်းအိမ်တွင်ပင် ကျနော်တို့ တည်းခိုလိုက်ကြပါသည်။ စစ်တွေမြို့မှ အခြားမြို့များသို့ ယနေ့တိုင်လည်း ကုန်းလမ်းခရီး၊ မော်တော်ကားမီးရထားဖြင့် သွား၍မရ၊ ထိုစဉ်က လေယာဉ်ခရီးလည်းမရှိ။ အာရကံဖလိုတီးယားပိုင် မီးသင်္ဘောဖြင့် ရက်သတ္တတစ်ပတ်လျှင် ပေါက်တောမြို့သို့ နှစ်ကြိမ်သွားလာနေသည်။ မနက်ဖြန် မီးသင်္ဘော ပေါက်တောမြို့သို့ ထွက်မည်။ ပေါက်တောမြို့နှင့် စစ်တွေမြို့မှာ ၁၀မိုင်ခန့်သာ ဝေးကွာမည်ဖြစ်သော်လည်း ရေလမ်းမှအပ အခြားနည်းဖြင့် သွား၍မရ။ ယင်းကြောင့် အချိန်တိုအတွင်း စစ်တွေတွင် နိုင်ငံရေးတရားဟောပွဲတစ်ရပ် ကျင်းပနိုင်ရန် အပူတပြင်း စီစဉ်ရ၏။

ကိုလှထွန်းကျော်၊ ကိုမောင်ကျော်စသော လူငယ်ခေါင်းဆောင်များ၏ အားကြိုးမာန်တက်ဆောင်ရွက်ပေးခြင်းကြောင့် စစ်တွေနာရီစင်ကြီးအောက်တွင် ကျနော်တို့ နိုင်ငံရေးတရားဟောခွင့်ရခဲ့ရသည်။ ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ နိုင်ငံရေးတရားဟောမည်ကိုမောင်းထုကြေငြာခြင်း၊ လူငယ်များက အစုလိုက်နေရာအနှံ့ လှုံ့ဆော်ခြင်းတို့ကြောင့် တိုတောင်းသောအချိန်အတွင်း ငါးထောင်ခန့်ရှိမည့် စစ်တွေမြို့သူ မြို့သားများ ညဉ့် ၉နာရီခန့်တွင် နာရီစင်ကြီးအောက်သို့ စုရုံးရောက်ရှိလာကြသည်။

စစ်တွေလူငယ်များအားမာန်ဖြင့် မိနစ်အနည်းငယ်အတွင်းတွင် အပြီးဆောက်ထားသည့် နိုင်ငံရေးစင်မြင့်တွင် ဆရာတော်ဦးစိန္တာ၊ ဆရာတော်ဦးပညာသီဟ၊ ကိုမောင်လှကျော်၊ ဦးလှထွန်းကျော်နှင့် ကျနော်တို့ နေရာယူလိုက်ရ၏။ ဆရာတော်ဦးစိန္တာ၊ ဆရာတော်ဦးပညာသီဟ၊ ကိုမောင်လှကျော်နှင့် ကျနော်တို့ နိုင်ငံရေးတရားဟောပြောကြပါသည်။

ဆရာတော်ဦးစိန္တာ၊ ကိုမောင်လှကျော်နှင့် ကျနော်တို့ ဟောပြောရိုးပြောစဉ်အတိုင်း ကမ္ဘာ့ငြိမ်းချမ်းရေး၊ နိုင်ငံတကာရေး၊ အမျိုးသားလွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့စနစ်ကို လက်နက်ဖြင့် တိုက်ဖျက်ရေး၊ အမျိုးသားညီညွတ်ရေးကို ဟောပြောကြပါသည်။

အထူးသဖြင့် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို တော်လှန်ရန် စိမ်ခေါ်လိုက်ကြပါသည်။ စစ်တွေမြို့သူ မြို့သားများအတွက် ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့၏ သူပုန်နိုင်ငံရေး တရားပွဲ (ဗြိတိသျှနယ်ချဲ့စနစ်ကို တော်လှန်ရန်လှုံ့ဆော်ပွဲ) ကို ဤအကြိမ်သည် ပထမအကြိမ် ကြားနာရခြင်းပင် ဖြစ်ကောင်းဖြစ်ပေမည်။ ထိုစဉ်က စစ်တွေမြို့သည် အစဉ်အလာအားဖြင့် ဇာမီဒါပြုစုဂေါင်း မြေရှင်ကြီးများ၏ သြဇာသက်ရောက်မှုအောက်တွင် ရှိနေသည်။

ဇာမီဒါပြုစုဂေါင်းသည် ဗြိတိသျှနယ်ချဲ့လက်ပါးစေလက်ဝေခံအဖြစ် ခံယူကာ ဧကထောင်သောင်းရှိသော လယ်မြေများကို နှစ် ၉၀-ဂရံယူသည်။ မြေယာမဲ့များကို သီးစားချသည်။ လယ်တရှဉ်း (၆. ၄ ဧက)ကို

သီးစားခ စပါး တောင်းသုံးရာထိ ယူသည်။ ရခိုင်စပါးတောင်းစံချိန်မှာ ၁၂သိုက် (တသိုက်တွင် နို့ဆီဘူး ၄လုံးရှိ၏။) တောင်းဖြစ်သော်လည်း သီးစားခယူသော ဇာမီဒါပြုစုဂေါင်းမြေရှင်ကြီး၏တောင်းမှာ ၁၄သိုက်ဝင် စပါးတောင်းဖြစ်သည်။ ဇာမီဒါမြေရှင်ကြီးသည် အဆမတန်ဈေးနှိမ်ပြီး စပါးများကိုဝယ်သည်။ ကြီးမားသော စပါးတိုးကိုယူသည်။ ဘဏ်များဖွင့်လှစ်ပြီး ရွှေပေါင် မြေပေါင်ခံသည်။ ရွှေတစ်ကျပ် ငွေ ၃ဝိ၊ တန်ဖိုးရှိလျှင် ၁၅ကျပ်ဖြင့်အပေါင်ခံပြီး အတိုးကြီးစားစနစ်ဆိုးဖြင့် လယ်သမားများ၏ ရွှေများကိုသိမ်းယူသည်။ လယ်တရှဉ်း ငွေ ၁၀၀ဝိတန်ဖိုးရှိလျှင် ငွေ ၅၀ဝိပေးပြီး အတိုးကြီးစားစနစ်ဆိုးဖြင့် လယ်သမားများ၏ လယ်မြေများကို သိမ်းယူသည်။

လူမိုက်များမွေးပြီး သူတို့ပြုစုရှိ လယ်ယာသီးစားသမားများ၏အသက်ကို နေ့စဉ်နှင့်အမျှ ခြိမ်းခြောက် ထားသည်။ မယားကွာ လင်ကွာများကို သူတို့ဆုံးဖြတ်သည်။ ကြိမ်ဒဏ်အပြစ်ပေးသည်။ ငွေဒဏ်အပြစ်ပေး သည်။ လူသားစားတက်သော ပြုစုဂေါင်းများနှင့် မွေးထားသော လူမိုက်များ၏ လက်ခုတ်ထဲတွင် လယ်သမား သမီးပျိုများ လူမဆန်စွာ ဘဝနှစ်မြှုပ်ရသည်။

အတုမရှိချမ်းသာ ကြွယ်ဝလာသော ဇာမီဒါပြုစုဂေါင်းမြေရှင်ကြီးများသည် သူတို့သားသမီး ဆွေမျိုး ညာတိများကို ဘီလပ်(လန်ဒန်မြို့) သို့ပို့၍ အမျိုးမျိုးသော ဒီဂရီများကို ရယူစေသည်။ သာမန်ပြည်သူထဲမှ ထူးချွန်သော အိုင်-စီ-အက်(I.C.S)ပေါ်လာလျှင်လည်း ငွေဖြင့်ပေါက်ပြီး မိမိတို့သမီးပျို သားပျိုများနှင့် မင်္ဂလာ ဆောင် ပေးကာ သူတို့ဘက်သို့ သိမ်းသွင်းယူသည်။

ဤသို့ဖြင့် ဇာမီဒါပြုစုဂေါင်း မြေရှင်ကြီးများလက်တဆုတ်စာသည် ရခိုင်ပြည်တွင် လယ်ယာမြေဧက သောင်းပေါင်းများစွာကိုပိုင်သည်။ အုပ်ချုပ်ရေးကို ကိုင်သည်။ တရားစီရင်ရေးကို ကိုင်သည်။ မြန်မာပြည် ပါလီမန်(ဗြိတိသျှနယ်ချဲ့ခေတ် ပါလီမန်လွှတ်တော်) ပင် သူတို့ဩဇာလောင်းရိပ်အောက်မှ မလွတ်ခဲ့ရ၊ (ဥပမာ- ဦးရွှေသာ၊ ဆာထွန်းပေါ်၊ ဆာထွန်းအောင်ကျော်၊ ဦးရွှေမြ) ဇာမီဒါပြုစုဂေါင်း လက်တဆုပ်စာ မြေရှင်ကြီးတို့ သည် မြေဆီခမပေးရေးနှင့် လက်ငုတ်လက်ရင်း လယ်မြေလက်မလွှတ်ရေးတိုက်ပွဲကို အကောင်အထည်ဖော် နေသော ဆရာတော်ဦးစိန္တာနှင့်ကျနော်တို့အား အော့နှလုံးနာသည်မှာ သဘာဝကျပါသည်။

ဇာမီဒါမြေရှင်ကြီးများနှင့် သူ့လက်ပါးစေ လူမိုက်တို့၏ ဘေးအန္တရာယ်မှ ကိုလှထွန်းကျော် ခေါင်းဆောင် သော ကျနော်တို့ လူငယ်များသည် နိုင်ငံရေးတရားပွဲတွင် တစုံတရာ နှောက်ယှက်ခြင်း မပြုဝံ့အောင် ရဲဝံ့စွာ တာဝန်ယူကြသည်ကို ကျနော်မှတ်တမ်းမတင်ဘဲ မနေနိုင်ပါ။

နိုင်ငံရေးတရားပွဲပြီး၍ ကျနော်တို့တည်းခိုသော ဦးထွန်းအောင်ကျော် အိမ်သို့ရောက်သောအခါ၌ ညဉ့် ၁၁ နာရီခန့်ရှိနေပြီ။ ဦးထွန်းအောင်ကျော်က ဆရာတော်နှင့် ကျနော်တို့သွားလာရေးစရိတ်အဖြစ် ငွေငါးရာ လှူသည်။ ကျနော်တို့တွင် ငွေကြေးအလုံအလောက်ရှိသဖြင့် ကျနော်တို့ အတန်တန်ငြင်းသည်။ သို့သော် သူ၏ထက်သန်ဖြူစင်သော စေတနာကို ငြင်းပယ်မကောင်းသဖြင့် ငွေငါးရာကို လက်ခံလိုက်ရသည်။

ကျနော်တို့ ပင်ပန်းနွမ်းရိနေကြသည်။ အိပ်ချင်နေကြပါပြီ။ သို့သော် ကျနော်တို့ မအိပ်ကြရ။ ကိုလှထွန်းကျော် အပါအဝင် စစ်တွေလူငယ်ခေါင်းဆောင်များနှင့် ကျနော်တို့ ဒူးတိုက်ရင်ဖွင့်ဆွေးနွေးကြရ၏။ ရှေ့လုပ်ငန်းစဉ်များနှင့် စစ်တွေမြို့ လူငယ်များကို အခြေခံပြီး စည်းရုံးလှုံ့ဆော်ရေးများကို အသေးစိပ်ဆွေးနွေး ကြပါသည်။ ကိုလှထွန်းကျော်နှင့် လူငယ်ခေါင်းဆောင်များလည်း ဝမ်းမြောက်ရွှင်လန်းစွာဖြင့် လွတ်လပ်ရေး ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတာဝန်များကို ထမ်းဆောင်ရန် တာဝန်ယူသွားကြပါသည်။

ဗြိတိသျှနယ်ချဲ့ ကိုလိုနီစနစ်ဆိုးအောက်မှ လက်နက်ကိုင်ရုန်းထွက်ရေးအတွက် မြေပေါ်မြေအောက် လုပ်ငန်းများကို တာဝန်ယူသွားကြပါသည်။ နောက်တနေ့နံနက်စောစော အာရကံဖလိုတီးယား မီးသင်္ဘောဖြင့် ဆရာတော်ဦးစိန္တာနှင့်ကျနော်တို့ ပေါက်တောမြို့သို့ လာကြ၏။ ပေါက်တောမြို့ဆရာတော် ဦးနာရဒ၏ ဘုန်းတော်ကြီးကျောင်းတွင် တည်းခိုလိုက်ကြ၏။ ဆရာတော်ဦးနာရဒ၊ ဦးလှထွန်းဘော်(အငြိမ်းစား လူမှု ဝန်ထမ်း)နှင့် ဦးစံဂိုးအောင် မိသားစုများ၏အကူအညီဖြင့် အသင့်ရှိသော ပြည်သူလူထုနှစ်သောင်းကျော် အား

ဆရာတော်နှင့် ကျနော်တို့ နိုင်ငံရေးတရား ဟောပြောကြပါသည်။

အမျိုးသားလွတ်လပ်ရေး တိုက်ပွဲခေါင်းဆောင်၊ တောင်သူလယ်သမားထု၏ဘခင်၊ မြေအောက်တော်လှန်ရေးတပ်ဖွဲ့များ၏ အားထားမှီခိုရာဖြစ်သည့် ဦးစိန္တာ၏နိုင်ငံရေးသြဇာသည် မိုးထိအောင်အတိုင်းမရှိမြင့်မားနေသည်။ ဆရာတော်နှင့် ကျနော်တို့ ဖိတ်ခေါ်သော ဗြိတိသျှနယ်ချဲ့ ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ဖွဲ့စည်းမည့် အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုလမ်းစဉ်ကို သိန်းပေါင်းများစွာသော ပြည်သူလူထု ထောက်ခံလာ၏။ နိုင်ငံရေးအဖွဲ့အစည်းအမျိုးမျိုးကလည်း ထောက်ခံလာ၏။

ဆရာတော်ဦးပညာသီဟ၊ ဦးကျော်မြ( ယခု တောခို ဗကပဗဟိုကော်မီတီ)၊ ဦးညိုထွန်း (ဝန်ကြီးဟောင်း ယခု အဖွဲ့ခေါင်းဆောင်)၊ ဦးကြာလှအောင် (ထိုစဉ်က ရခိုင်ပြည်သူ့ရဲဘော်အဖွဲ့ခေါင်းဆောင်)၊ ဦးဘစော (ဝန်ကြီးဟောင်းနှင့် သံအမတ်ကြီး)၊ ဦးသာထွန်း(ယခု သံအမတ်ကြီး) ဦးဘဟန် (တောခို ဗကပ ရေနစ်သေဆုံးသွားသူ)၊ ဦးဘိုးနွယ်(ကျောက်ဖြူခရိုင် ဗြိတိသျှနယ်ချဲ့နှင့် ဂျပန်ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင်)စသည်များနှင့် ဆရာတော်နှင့်ကျနော်တို့ အကြိတ်အနယ် ဆွေးနွေးကြသည်။ ဖျားယောင်းမှု၊ ခြိမ်းခြောက်မှု တစုံတရာမပါဘဲ ပွင့်လင်းစွာ အလီလီဒူးတိုက်ရင်ဖွင့်ကြပါသည်။

ဗြိတိသျှနယ်ချဲ့ ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် လက်နက်စွဲကိုင် တိုက်ဖျက်ရေးအပါအဝင် နိုင်ငံရေး စည်းရုံးရေးနည်းမျိုးစုံဖြင့် အမျိုးသားလွတ်လပ်ရေးကို အရယူရန် ဆန္ဒတူညီသွားကြ၏။ တပ်ပေါင်းစုညီလာခံကို ဆရာတော်နှင့်ကျနော်တို့ လုပ်အားအပြည့်အဝပေးနိုင်သည့် ဒေသဖြစ်သော မြေပုံမြို့တွင် ကျင်းပရန်လည်း အားလုံးသဘောတူကြ၏။ တပ်ပေါင်းစုညီလာခံကို မြန်မာပြည်ရှိ ပါတီအသီးသီးနှင့် လူထုလူတန်းစားများ၏ ဝါဒသဘောထားလမ်းစဉ်များကို ညီလာခံပြည်သူများအား ဟောပြောခွင့်ပြုမည်။

မတရားအသင်း ကြေငြာခံနေရသော အလံနီ(ကွန်မြူနစ်ပါတီ ဗမာပြည်) ပါတီကိုလည်း အခြားပါတီများ နှင့် တန်းတူဖိတ်ခေါ်မည်။ မြန်မာပြည်ရှိ ပါတီအသီးသီးနှင့် လူတန်းစားအဖွဲ့အစည်းများအား ဖိတ်ခေါ်ရာတွင်လည်းကောင်း၊ ရခိုင်ပြည်ရှိ ပါတီအသီးသီးနှင့် လူတန်းစားအဖွဲ့အစည်းများအား ဖိတ်ခေါ်ရာတွင်လည်းကောင်း၊ အခြားကိစ္စအဝဝကို ဆောင်ရွက်ရေးတွင်လည်းကောင်း၊ ဆရာတော် ဦးစိန္တာ၊ ဆရာတော် ဦးပညာသီဟတို့က ပြည်သူ့နာယကဆရာတော်များအဖြစ်နှင့် ကျနော်က ဆော်သြသူအဖြစ် တာဝန်ယူရန်ကိုလည်း တစုံတဦးမျှ ကန့်ကွက်ဝေဖန်ခြင်းမရှိဘဲ တာဝန်ယူကြပါသည်။

ယင်းကြောင့် ဆရာတော်ဦးစိန္တာ၊ ဆရာတော်ဦးပညာသီဟနှင့် ကျနော်လက်မှတ်ရေးထိုးပြီး အလံနီပါတီအပါအဝင် မြန်မာပြည်ရှိ နိုင်ငံရေးပါတီအသီးသီးနှင့် လူထုလူတန်းစား အဖွဲ့အစည်းများအား အချိုးကျကိုယ်စားလှယ်လွှတ်ရန်လည်း ဖိတ်ခေါ်ပါသည်။

## ရန်ကုန်သို့ ကိုယ်စားလှယ်အဖွဲ့

ဗြိတိသျှနယ်ချဲ့လက်ထဲမှ အမျိုးသားလွတ်လပ်ရေးကို လက်နက်ကိုင်နည်းဖြင့် တိုက်ခိုက်ယူရန်အထိ ရခိုင်ပြည်ရှိ ထိပ်တန်းနိုင်ငံရေးပါတီခေါင်းဆောင်များနှင့် ကြည်ဖြူစွာသဘောတူညီမှု ရရှိခဲ့လေပြီ။ ဆရာတော်ဦးစိန္တာအပါအဝင် ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်နှင့် ရခိုင်ပြည်လူငယ်များ အစည်းအရုံးခေါင်းဆောင်များ၏ ရင်ဖွင့်ဆွေးနွေးပွဲကို ကျင်းပသည်။ ကျနော်ခေါင်းဆောင်ပြီး ဆရာတော်၏တပည့်ရင်းများ ဖြစ်ကြသော မောင်နှင်းလှနှင့် ငပြူးတို့ကို ရန်ကုန်မြို့သို့ ကိုယ်စားလှယ်စေလွှတ်သည်။

ကိုယ်စားလှယ်အဖွဲ့ဝင်၏အဓိကတာဝန်မှာ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးအောက်မှ အမျိုးသားလွတ်လပ်ရေးကို လက်နက်ကိုင်တော်လှန်ရေးနည်းဖြင့်ယူမည့် ပါတီအဖွဲ့အစည်းများနှင့် မဟာမိတ်ပြုရေးပင်ဖြစ်သည်။ ထိုတော်လှန်ရေးပါတီအဖွဲ့အစည်းမှ ကိုယ်စားလှယ်ကို ခေါ်ယူနိုင်က ခေါ်ယူလာရေးဖြစ်သည်။ ၁၉၄၇-ခုနှစ် ဖေဖော်ဝါရီလတွင် မောင်နှင်းလှ၊ ငပြူးနှင့် ကျနော်တို့သုံးဦး လှေငယ်တစ်စီးဖြင့် ကျောက်ငွေးရွာမှ မအီချောင်းရွာမရွာထိ၊ လှေငယ်ပေါ်တွင် မလူးသာ မလွန့်သာဘဲ သုံးရက်သုံးနေ့ ဒုက္ခခံ၍လာကြရ၏။

မအီချောင်းရွာမရွာမှ တောင်ကုတ်မြို့သို့ နေပူကြဲကြဲအောက်တွင် ခြေလျင်လျှောက်ကာ တောင်ကုတ်မှ ပဒေါင်းမြို့သို့ အငှားမော်တော်ကား ဘတ်စ်ကားဖြင့် လိုက်သွားရ၏။ တောင်ကုတ်မှ ရခိုင်ရိုးမတောင်ပေါ်သို့ တက်ပြီး မိုင်၂၀-ခန့်အကွာတွင် အဆင်သင့်နေရာယူထားသော သေနတ်လက်နက်ကိုင် ဓားပြများက မော်တော်ကားကို ရပ်ခိုင်းသည်။

လူမဆန်သော ရိုးမဓားပြများ၏အကြောင်းကို အစင်းသိပြီး လိမ္မာပါးနပ်သော ဒရိုင်ဘာသည် မော်တော်ကားကို စက်ရှိန်သတ်သလိုပြုကာ ဓားပြများ၏ရှေ့မှောက်ရောက်သည်နှင့်တစ်ပြိုင်နက် တဟုန်ထိုးစက်ရှိန်ကို အစွမ်းကုန်မြှင့်ပြီး မောင်းထွက်သွား၏။ တဝီဝီ တဒိုင်းဒိုင်းဓားပြများ ရိုင်ဖယ်သေနတ်စတင်းဂန်းသေနတ်များဖြင့် ပစ်ခတ်၏။ ကားပေါ်ပါသူများ အလျားလိုက်မှောက်ပြီး ဖြစ်သွားသဖြင့် တဦးမှ ဒဏ်ရာမရ။ ကျနော်တို့သုံးဦး ချောမောစွာ ရန်ကုန်သို့ရောက်သွားသည်။ ဆန်းဒဝစ်လမ်းရှိ ပြည်ထဲရေးဝန်ကြီးဖြစ်လုဆဲဖြစ်နေသော ဦးကျော်ငြိမ်းအိမ်တွင် တည်းခိုကြပါသည်။

ဦးကျော်ငြိမ်းနှင့်တကွ ဆိုရှယ်လစ်ပါတီဌာနချုပ် ဥက္ကဋ္ဌသခင်မြ(ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ လုပ်ကြံသတ်ဖြတ်ခံသွားရသော ခေါင်းဆောင်ကြီး သခင်မြ) နှင့် ဦးဗဆွေ(ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဗဆွေ) စသောပုဂ္ဂိုလ်များကိုလည်း ကျနော်တို့၏ဗြိတိသျှနယ်ချဲ့စနစ် တိုက်ဖျက်ရေးနှင့် အမျိုးသားလွတ်လပ်ရေးလမ်းစဉ်ကို ကျယ်ပြန့်သောပါတီအဖွဲ့အစည်းများဖြင့် မြေပုံမြို့တွင် ညီလာခံကျင်းပပြီး တပ်ပေါင်းစုဖွဲ့ရေးကိစ္စများ၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့အတွက် ကျနော်တို့၏လုပ်ရပ်တို့ကို အသေးစိတ်ကျနော်တင်ပြပါသည်။ ဆရာတော်ဦးစိန္တာ၊ ဆရာတော်ဦးပညာသီဟနှင့် ကျနော်လက်မှတ်ရေးထိုးထားသော မြေပုံတပ်ပေါင်းစုညီလာခံဘိတ်စာကိုလည်း ပေးအပ်ပါသည်။ ဆိုရှယ်လစ်ပါတီ၏အခြေခံမူဝါဒနှင့် လမ်းစဉ်များ လုပ်ရပ်များကို မြေပုံတပ်ပေါင်းစုညီလာခံတွင် မပျက်မကွက် ဟောပြောလာကြရန်လည်း ကျနော်တင်ပြပါသည်။

ကျနော်တို့ ရန်ကုန်သို့ရောက်သောနေ့တွင် ရွှေတိဂုံဘုရားခြေရင်းရှိ ပိဋကတ်တိုက်ဇရပ်တွင် ကျင်းပသည့်ဆိုရှယ်လစ်ပါတီ ညီလာခံပြီးစီးနေသည့် နေ့ရက်နှင့်တိုက်ဆိုင်နေပါသည်။ ယင်းနေ့ညနေ ပါတီညီလာခံအပြီး သခင်မြတို့နှင့်ကျနော်သွားတိုးရာ သူတို့ဘိတ်ခေါ်သဖြင့် စားသောက်ဆိုင်တစ်ဆိုင်ဝင်ပြီး စားသောက်ကြရ၏။ ပါတီညီလာခံ၏သဘောထားနှင့် ဆုံးဖြတ်ချက်များကိုလည်း သိခွင့်ရ၏။ ဖဆပလမှ ဗမာပြည်ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့်သခင်မြတို့ အပေးအယူလုပ်ကြခြင်း၊ ဆိုရှယ်လစ်ပါတီမှ အရေးပါသော ပြည်ထဲရေးဝန်ကြီးဌာနတို့ကို ရရှိမည်ဖြစ်ခြင်းတို့ကိုလည်း ကျနော်သိရသည်။ သခင်မြက ကျနော့်အား ရခိုင်ပြည်တွင် လက်ငင်းအားဖြင့် တိုင်းစည်းရုံးရေးမှူးတာဝန်ကို ထမ်းဆောင်သင့်ကြောင်း။ လစဉ်ထောက်ပံ့ကြေးငွေလည်း အလုံအလောက်ရမည်ဖြစ်ကြောင်း နောင်ကျနော့်အတွက် တက်လမ်းများစွာ ရှိသေးကြောင်းတို့ကိုလည်း လမ်းဖွင့်ထားကာ ပြောပြ၏။

ကျနော်လက်ငင်း ဘာတာဝန်မျှမယူနိုင်။ ကျနော်၏လက်ငင်းတာဝန်မှာ မြေပုံတပ်ပေါင်းစုညီလာခံကို ကျင်းပရန် အားတက်သရောလုပ်ရမည်။ ရခိုင်ပြည်တွင် ဗြိတိသျှနယ်ချဲ့ ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲထိ ဝင်မည့်ပါတီအဖွဲ့ပေါင်းစုံပါသော တပ်ပေါင်းစုကြီးတစ်ခုကို မကြာမီထူထောင်ရတော့မည်ဟု အစချီကာ ရခိုင်ပြည်တွင် ကျနော်တို့ ဆောင်ရွက်နေသော လွတ်လပ်ရေးဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးများကို ကျနော်အကျယ်တဝင့်ရှင်းပြလိုက်ရပါသည်။

ကျနော်၏တာဝန်ဝတ္တရားအတိုင်း ဗမာပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်သို့သွားသည်။ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးနှင့် ဖက်ဆစ်ဂျပန်စနစ်ဆိုးတို့ကို တော်လှန်ခဲ့ကြသော သေဘော်သေဘက် လုပ်ဖော်ကိုင်ဘက် ဦးသိန်းဖေမြင့်ကို ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်တွေ့သည်။ သူ့အား ကျနော်တွေ့ရ၍ ကျနော်နှစ်ထောင်းအားရဝမ်းမြောက်သလို သူလည်း ကျနော့်အား နှစ်ခြိုက်စွာကြိုဆိုလက်ခံ၏။ ကျနော်တို့နှစ်ဦး နိုင်ငံရေးလုပ်ငန်းဆောင်တာများကို အားပါးတရပြောကြသည်။ သူ့အိမ်သို့ ညဥ့်ဦးပိုင်းတွင်

လာရန် ကျနော့်အား သူ့လိပ်စာကို ပေးသည်။ ကျနော်လည်း မြေပုံညီလာခံတပ်ပေါင်းစု ဘိတ်စာကို သူ့လက်ထဲ အပ်လိုက်၏။

ယင်းအပြင် အလံနီပါတီနှင့်ဘယ်လိုဆက်သွယ်လျှင် ရမည်နည်းဟု သူ့ကို စိတ်ချယုံကြည်စွာ မေးမြန်းလိုက်သည်။ သူတို့ပါတီဌာနချုပ်ဘေးနားရှိ ဓါတ်ပုံတိုက်တွင်မေးလျှင် အလံနီပါတီ ဗဟိုကော်မီတီ ထွန်းသန်းဆိုသူနှင့် ဆက်သွယ်ရနိုင်ကြောင်း သူလမ်းညွှန်ပြသည်။ အလံနီပါတီ( ကွန်မြူနစ်ပါတီ ဗမာပြည်) နှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့၏ ကြီးမားသော ပဋိပက္ခသည် ထိပ်တိုက်ရင်ဆိုင်ဖြစ်ကောင်းဖြစ်နေမည်။ သို့သော် ဦးသိန်းဖေမြင့်နှင့် ကျနော်မှာ တဦးနှင့်တဦး ဂျောက်တွန်းရမည့်သူများ မဟုတ်ရကား၊ ဦးသိန်းဖေမြင့်ကို တထစ်ချယုံသဖြင့် သူတို့ဌာနချုပ်ရုံးမှထွက်လျှင်ထွက်ချင်း သွယ်ဝိုက်မသွားတော့ဘဲ ယင်းဓါတ်ပုံတိုက်သို့ ကျနော်တန်းတန်းမတ်မတ်ဝင်သွား၏။

ရခိုင်ပြည်မှ ကျနော်မည်သူဖြစ်ကြောင်းနှင့် ကျနော်ဆောင်ရွက်ခဲ့ချက်များကို အကျဉ်းချုပ်ပြောပြကာ ကိုထွန်းသန်းနှင့်ကျနော် တွေ့ဆုံလိုကြောင်းကို တောင်းဆိုလိုက်၏။ ဓါတ်ပုံတိုက်တွင် ကိုထွန်းသန်းနှင့်တိုက်ရိုက် မတွေ့၊ အလံနီပါတီဝင်ရဲဘော်တစ်ဦးနှင့်တွေ့ရသည်။ သူက အလံနီပါတီဆောင်ရွက်ချက်များကို ပြောပြသည်။ နောက်နှစ်ရက်ခန့်တွင် ကိုထွန်သန်းအားတွေ့ရန် ဤဓါတ်ပုံတိုက်သို့ လာရန် ကျနော့်အား ချိန်းလေသည်။ ချာချီလမ်း (ယခု ကိုယ့်မင်းကိုယ့်ချင်းလမ်း)ရှိ ဖဆပလဌာနချုပ်သို့ မြေပုံတပ်ပေါင်းစု ညီလာခံဖိတ်စာကို ကျနော်သွားပို့သည်။

ဖဆပလအဖွဲ့ချုပ်တွင် ရခိုင်ပြည်မှထည့်သွင်းထားသော ကိုယ်စားလှယ်အဖွဲ့ထဲမှ အဖွဲ့ဝင် ဦးချိုးဒိုးကို တွေ့ရသည်။ ကျနော့်အား ဖဆပလဌာနချုပ် ရုံးရှေ့ရှိ ကြံရည်ဆိုင်သို့ ခေါ်သွားသည်။ ကြံရည်တိုက်ကျွေးရင်း ရခိုင်ပြည်အခြေအနေကို မေးမြန်းသည်။ မြေပုံတပ်ပေါင်းစုညီလာခံဖြစ်ရေးထိ တက်ကြွနေသောရခိုင်ပြည် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းဆောင်တာများကို သူ့အားကျနော်ရှင်းပြသည်။ တဆက်တည်းပင် ကျနော်က ဆရာတော်ဦးစိန္တာ ဝရမ်းပြေးဘဝမှလွတ်ခဲ့သော်လည်း ကျန်ဝရမ်းပြေးနိုင်ငံရေးသမားများ မရေမရာဖြစ်နေရခြင်းကို ကျနော်ညည်းညူလိုက်၏။ သူက ဦးမောင်ကျော်အား ရခိုင်တိုင်းမင်းကြီးအဖြစ် ခန့်နိုင်လျှင် ဝရမ်းပြေး နိုင်ငံရေးသမားများကိစ္စ အဆင်ပြေနိုင်မည်။ ဦးကျော်ငြိမ်းကို၊ ကိုသာကျော်ပြောလျှင် ရနိုင်သည်ဟု တိုက်တွန်း၏။ သူ့တင်ပြချက်ကို ကျနော်သဘောမပေါက်၊ စိတ်လည်းမဝင်စား။

ဦးသိန်းဖေမြင့်ပေးလိုက်သော လိပ်စာအတိုင်း စမ်းချောင်းရပ်ကွက်၊ မီးသတ်အဆောက်အဦးအနီးရှိ ဦးသိန်းဖေမြင့်အိမ်တွင် ညဥ့်ဦးပိုင်း ကျနော်သွားတွေ့သည်။ နိုင်ငံတကာရေးရာများနှင့်တကွ အမျိုးသား လွတ်လပ်ရေးတိုက်ပွဲများနှင့် ဆိုရှယ်လစ်ရေးရာများကို ခေါင်းချင်းရိုက်ကြသည်။ ဗြိတိသျှနယ်ချဲ့စစ်တပ်ထံ အကြွင်းမဲ့လက်နက်အပ်ရမည့် ဘရောက်ဒါဝါဒကို ကျနော်လက်မခံနိုင်၍ ဖြစ်ခဲ့ရသော ဖြစ်ရပ်များမှ ယနေ့ မြေပုံတပ်ပေါင်းစု ညီလာခံကျင်းပရေးထိ ဖြစ်ပေါ်နေသော ရခိုင်ပြည်အခြေအနေများကို ကျနော်တင်ပြသည်။

ဗြိတိသျှနယ်ချဲ့စစ်တပ်၊ ပုလိပ်တပ်များ လူမဆန်စွာ ညှင်းဆဲထားသည့် ဗြိတိသျှခြေဖဝါးအောက်မှ အမျိုးသားလွတ်လပ်ရေးအတွက် လက်နက်စွဲကိုင်တော်လှန်ရန် အဆင်သင့်ဖြစ်နေသော ရခိုင်ပြည်သူ့လှုပ်ရှားမှုများနှင့် တိုက်ပွဲများကိုလည်း ကျနော်ပြောပြသည်။ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့အတွက် မရှိမဖြစ်သည့် အမျိုးသားညီညွတ်ရေးကို လက်ဝဲအင်အားစုများက စုပေါင်းမှုဖြင့် တည်ဆောက်မည့် မြေပုံ တပ်ပေါင်းစုညီလာခံ၏ အခြေခံနိုင်ငံရေးအယူအဆများနှင့် ရခိုင်တပြည်လုံး အုံကြွတော်လှန်ရေးအတွက် ရှေ့ရှုမည့်လုပ်ငန်းစဉ်များကိုလည်း ကျနော်ရှင်းပြပါသည်။

ဦးသိန်းဖေမြင့်က ကမ္ဘာ့နိုင်ငံတကာရေးရာများ၊ နယ်ချဲ့စနစ်ထက် ဆိုဗီယက်ယူနီယံနှင့် ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်ဩဇာကြီးထွားလာခြင်းများကို အသေးစိတ်ပြောပြသည်။ အမျိုးသားလွတ်လပ်ရေးအတွက် ကျနော်တို့ အရေးသာလျှက်ရှိနေသော ကမ္ဘာအခြေအနေများနှင့် နယ်ချဲ့စနစ်အကြပ်အတည်းများကိုလည်း

သူရှင်းပြ၏။ ဖဆပလနှင့် ဗကပ၊ အလံနီနှင့် ဗကပ၊ ဆိုရှယ်လစ်ပါတီနှင့် ဗကပရေးရာများကိုလည်း သူရှင်းပြသည်။

ဖဆပလဌာနချုပ်နှင့်တကွ ဗမာပြည်ရှိ ပါတီအဖွဲ့အသီးသီးကို မြေပုံတပ်ပေါင်းစုညီလာခံသို့တက်ရန် ဖိတ်ခေါ်ခြင်းနှင့် ယင်းပါတီအဖွဲ့အစည်းများ၏ အခြေခံနိုင်ငံရေးအယူအဆများ၊ ဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကို ကျနော် ခေါက်တုံ့ခေါက်ပြန်သွားရောက်လေ့လာနေဆဲတွင် ရခိုင်လူငယ်များထဲမှ ယုံကြည်အားထားရသော ကိုလှဖြူသံ (ယခု စစ်တွေမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးလှဖြူသံ) နှင့် မမျှော်လင့်ဘဲ ပက်ပင်းပါရင်ဆိုင်တိုးမိသည်။ ကျနော်တို့နှစ်ဦး အူလှိုက်သဲလှိုက် ပျော်မြူးသွားကြ၏။ ကိုလှဖြူသံသည် ရခိုင်ပြည်ရှိ ဖက်ဆစ်ဂျပန်တပ်များကို တော်လှန်ရန် ရခိုင်ပြည်သို့ ပြန်လာခဲ့သော ရခိုင်ကျန်ရစ်သားအဖွဲ့ဝင် ၇ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ကျနော်တို့နှင့်အတူ ရခိုင်ကျန်ရစ်သားအဖွဲ့ဖြင့် ရခိုင်ပြည်သို့ သူပြန်မလာမီကပင် သူသည် ဗိုလ်ရန်နိုင်ခေါင်းဆောင်သော ဘီအိုင်အေတပ်ဖွဲ့နှင့်အတူ အမျိုးသားလွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့အား လက်နက်စွဲကိုင် တော်လှန်ခဲ့ရာ နာမည်ကျော် ရွှေတောင်တိုက်ပွဲတွင် ထိခိုက်ဒဏ်ရာရခဲ့သူလည်း ဖြစ်သည်။ ၁၉၄၅ခု ဇန်နဝါရီလတွင် ဗြိတိသျှစစ်တပ်များ၊ စစ်တွေမြို့သိမ်းပြီး မကြာမြင့်မီ အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကြောင့် ဗြိတိသျှ အဖ်အက်အက်(ဗြိတိသျှစစ်ထောက်လှမ်းရေးတပ်)မှ ဖမ်းဆီးညှဉ်းဆဲခံခဲ့ရသေးသည်။

ယခု သူ့အား မမျှော်လင့်ဘဲ သူနှင့်ကျနော် ရန်ကုန်တွင် ပက်ပင်းပါ ရင်ဆိုင်ဆုံမိကြရပြီး အနီးကပ်ဆုံး လဘက်ရည်ဆိုင်တစ်ဆိုင်ဝင်ပြီး လဘက်ရည်သောက်ကြရင်း ကျနော်တို့နှစ်ဦး ဖြစ်ကြောင်းကုန်စင် ရင်ဖွင့်ဆွေးနွေးကြ၏။ သူစီစဉ်ပေးချက်အတိုင်း ရန်ကုန်မြို့ရှိ လူငယ်ခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များနှင့်လည်း ကျနော်အလီလီဆွေးနွေးခဲ့ရသည်။

အမျိုးသားလွတ်လပ်ရေးမှ ဆိုရှယ်လစ်ရေးတိုက်ပွဲများထိ ကျနော်တို့တာဝန်ခွဲဝေယူကြပါသည်။ လက်ငင်းအားဖြင့် ဗြိတိသျှနယ်ချဲ့ထံ အကြွင်းမဲ့လက်နက်ချရမည်ဆိုသော ဘရောက်ဒါဝါဒမှိုင်းကို လူငယ်ထုအတွင်းမှ တိုက်ထုတ်ရေးကိုလည်း ဆန္ဒတူညီစွာလက်ခံကြပါသည်။ သူတို့ထဲမှ တက္ကသိုလ်ကျောင်းသို့ ပြန်နေလိုသူကလည်း ကျောင်းပြန်နေပြီး ရခိုင်လူငယ်ကျောင်းသားများကိုသာမက မြန်မာတစ်ပြည်လုံးရှိ ကျောင်းသားလူငယ်များကိုလွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့တွင် တစ်တပ်တစ်အား ပါဝင်လာအောင် စည်းရုံးယူကြမည်ကိုလည်း သဘောတူကြပါသည်။ ဤသဘောတူချက်အရ ကိုလှဖြူသံတို့ တက္ကသိုလ်ကျောင်းသို့ဝင်ကြပြီး လွတ်လပ်ရေးတိုက်ပွဲများတွင် ကျောင်းသားလူငယ်နှင့်အတူ အားတက်သရော ပါဝင်ဆင်နွှဲကြလေ၏။

နှစ်ရက်လွန်မြောက်သောနေ့တွင် ချိန်းလိုက်သည့်အတိုင်း ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ် ဘေးနားရှိ ဓါတ်ပုံတိုက်သို့ ကျနော်သွား၏။ အလံနီကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ကိုထွန်းသန်းနှင့်တွေ့သည်။ ဂိုရှယ်၊ ဦးသိန်းဖေမြင့်၊ သခင်သန်းထွန်းတို့ လှည့်စားမှုကြောင့် သခင်စိုး ဘရောက်ဒါဝါဒကို လက်ခံမိခြင်း၊ ယခု ဘရောက်ဒါဝါဒကို ပယ်နိုင်ပြီဖြစ်၍ ခရိုင်ပေါင်းများစွာတွင် သူတို့လက်နက်စုဆောင်းပြီး မြေအောက်တော်လှန်ရေး တပ်ဖွဲ့များ ဖွဲ့စည်းထားခြင်း၊ မြို့ပြများတွင် အိမ်ခန်းတိုက်ပွဲမှစပြီး တိုက်ပွဲဝင်လျက်ရှိခြင်း၊ "သပိတ်အစုံ သူပုန်ထ" ကြွေးကြော်သံဖြင့် ဆိုဗီယက်ယူနီယံလမ်းစဉ်အတိုင်း လုပ်ဆောင်လျက်ရှိခြင်းများကို ရှည်လျားစွာ ရှင်းပြ၏။

ကျနော်ကလည်း ဘရောက်ဒါဝါဒကို လက်မခံခဲ့၍ ကျနော်တို့ သက်စွန့်ကြိုးပမ်းလုပ်ဆောင်ခဲ့ရချက်များနှင့် လက်ရှိရခိုင်ပြည်အခြေအနေများကို ပြောပြပြီး မြေပုံတပ်ပေါင်းစု ညီလာခံဖိတ်စာကို ကျနော်ပေးလိုက်ပါသည်။ သူက ဆရာတော်ဦးစိန္တာတို့အား နိုင်ငံရေးရာများကိုရှင်းပြနိုင်ရေးအတွက် သူတို့ထဲမှတဦး ကျနော်တို့နှင့်အတူ လိုက်လိုကြောင်း တောင်းဆိုလာသည်။ ကျနော်လက်ငင်းအဖြေမပေးနိုင်။ ယင်းကြောင့် ကျနော်တို့ မပြန်မီ ၃ရက်ခန့်တွင် လာပြောပါမည်ဟုပြောလိုက်ရ၏။

ဦးချိုးဒိုး၏စီစဉ်ပေးချက်အရ ကုက္ကိုင်းလမ်းရှိ ဦးအောင်ဇံဝေအိမ်တွင် ဦးအောင်ဇံဝေ (ဝန်ကြီးဟောင်း ဦးအောင်ဇံဝေ) နှင့် ကျနော်တို့ တွေ့ဆုံကြရပါသည်။ ဦးအောင်ဇံဝေက ကျနော့်အား ရခိုင်ပြည်အခြေအနေများကို မေးမြန်းပြီး မြေပုံတပ်ပေါင်းစုံညီလာခံမတိုင်မီ ဝရမ်းပြေးနိုင်ငံရေးသမားများ ကိစ္စကို ရှင်းလင်းသင့်ကြောင်း။ သို့မှသာ မြေပုံတပ်ပေါင်းစုညီလာခံတွင် နိုင်ငံရေးသမားတိုင်းတက်ရောက်ခွင့် အရွေးခံခွင့်ရရှိမည်ဖြစ်ကြောင်း။ အချိန်တိုအတွင်း ဤနိုင်ငံရေးဝရမ်းပြေး ပြဿနာကို ဦးမောင်ကျော် ရခိုင်တိုင်းမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ရလျှင် သူတို့လည်း ပြောပေးနိုင်သဖြင့် အလွယ်တကူဖြေရှင်းနိုင်ကြောင်းတို့ကို ကျနော့်အား ဦးအောင်ဇံဝေက ဖိဖိစီးစီးပြော၏။

နောက်တနေ့တွင် ဦးမောင်ကျော်အား ကျနော်နှင့်တွေ့ဆုံရေးကို စီစဉ်ကြ၏။ ဦးမောင်ကျော်ကို ဂျပန်ဖက်ဆစ်ခေတ်တွင် ကျနော်နှင့်နှစ်ကြိမ်တွေ့ကြဘူးသည်။ ဆရာတော်ဦးပညာသီဟနှင့် ဆရာတော်ဦးစိန္တာတို့အား ဆွမ်းစားဖိတ်ကျွေးရာတွင် ကျနော်ပါသွားခြင်းဖြစ်သည်။ သူသည် ဆရာတော်နှစ်ပါးအား ကြည်ညိုသည်ကို မြင်ဘူးသည်။ သူ၏အစိုးရအမှုထမ်း ဘဝအတွေ့အကြုံများကို ဆရာတော်တို့အား သူလျှောက်ထား၍ ကြားဘူးသည်။ သူနှင့်ကျနော်တစ်ခါမျှ ရင်းရင်းနှီးနှီးမဆွေးနွေးဘူး။ ဦးအောင်ဇံဝေတို့ ရှေ့ဆောင်ရှေ့ရှုက်ဆောင်ရွက်ပေးခြင်းကြောင့် ဦးအောင်ဇံဝေတို့နှင့်ကျနော် ဦးမောင်ကျော်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားသည်။

ဦးမောင်ကျော်က ကျနော်တို့အား လှိုက်လှဲဖော်ရွေစွာ ကြိုဆိုပါသည်။ အနုပညာမြောက်သော ပန်းခက်များ ဖော်ထားသည် ဧရာမ ဆင်စွယ်ကြီးနှစ်ချောင်းကို အောက်ခြေမှငွေများဖြင့် ကွပ်ကဲမွမ်းမံထားသည့် ဧည့်ခန်းတွင် ကျနော်တို့အား ကောင်းသောစားဖွယ်သောက်ဖွယ်များဖြင့် ဧည့်ခံပါသည်။ ဦးအောင်ဇံဝေက နိုင်ငံရေးဝရမ်းပြေးသမားများ ကိစ္စနှင့် ပတ်သက်၍ကျနော်တို့ အခက်အခဲကို အစဖော်လိုက်သည်နှင့် တပြိုင်နက် ဦးမောင်ကျော်က စိတ်ရောကိုယ်ပါ ပြောလေတော့သည်။ သူတိုင်းမင်းကြီးအဖြစ် ဆောင်ရွက်ရလျှင် အစချီကာ တိုင်းမင်းကြီး၏တာဝန်ဝတ္တရားနှင့် အာဏာများကိုပြောပြကာ ကျနော်တို့၏ နိုင်ငံရေးသမားများကို ဟောတယောက် ဟောတယောက်လွှတ်ပစ်နိုင်သည်။

ဗြိတိသျှခေတ်ကပင် ပစ်ပယ်ထားသော ရခိုင်စီးပွားရေး လူမှုရေးများတွင် သူအားသွန် ဆောင်ရွက်နိုင်မည်။ ရေအားလျှပ်စစ် စိုင်းဒင်ရေတံခွန်မှစပြီး ထူထောင်မည့် ရခိုင်ပြည်စီးပွားရေးရာများ၊ ပညာရေးရာများကို အတောမသတ် ဟောပြောလေတော့၏။ အပြောကောင်းသော ဦးမောင်ကျော်၏ စကားလုံးများထဲတွင် ကျနော် တဖြေးဖြေးနစ်မြုပ်သွား၏။ သုံးနာရီခန့်ကြာမည့် စကားဝိုင်းပွဲ ပြီးဆုံးလေပြီ။ ကျနော် နဝေတိမ်တောင်ဖြစ်သွားပြီ။

နောက်နှစ်ရက်ခန့်ကြသောအခါ ဦးမောင်ကျော်အား ကျနော်သွားတွေ့ဆုံပါသေးသည်။ ကျနော်က ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ မြေအောက်လက်နက်ကိုင် တပ်ဖွဲ့များ ဖွဲ့စည်းထားခြင်းမှအစ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်ဖြင့် တိုက်ဖျက်ပြီး အမျိုးသားလွတ်လပ်ရေးအရယူရန် ကြိုးပမ်းထားခြင်းများတို့ကို တင်ပြပါသည်။

ရခိုင်တိုင်းမင်းကြီးအဖြစ် သူထမ်းဆောင်ရလျှင် ဥပဒေအတွင်းမှ အကာအကွယ်အမျိုးမျိုး ပေးနိုင်ခြင်း၊ ဗြိတိသျှတို့ထွက်ပြေးလျှင် သူလန်ဒန်လိုက်သွားမည့်သူ မဟုတ်ခြင်းနှင့်တကွ ရခိုင်ပြည်တွင် သူဆောင်ရွက်ပေးမည့် စီးပွားရေးကိစ္စများ၊ လူမှုရေးကိစ္စများကို ရခိုင်မျိုးချစ်ပုဂ္ဂိုလ်ကြီးသဖွယ် ပြောပြလေ၏။

ဦးမောင်ကျော်ကို ကျနော်အားကိုးယုံကြည်လာသည်။ ကျနော်နှင့်ပါလာသော ဆရာတော်ဦးစိန္တာ တပည့်ရင်းချာနှစ်ဦးကို ဦးမောင်ကျော်ကိစ္စနှင့်ပတ်သက်၍ အစိုးရအမှုထမ်းတစ်ဦးဖြစ်သော်လည်း အားထားရမည့် ရခိုင်မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးဟု ဆရာတော်မကြာခဏပြောဘူးကြောင်း ပြောကြ၏။ ဦးမောင်ကျော်အား ရခိုင်တိုင်းမင်းကြီးအဖြစ် ခန့်အပ်ရေးကို အသစ်စက်စက်န ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းအား ပြောရန်ကျနော်တို့ ဆုံးဖြတ်လိုက်ကြ၏။

ဦးကျော်ငြိမ်းနှင့်ကျနော် ညနေပိုင်းတွင် နေ့တိုင်းလိုလို တွေ့ဆုံခွင့်ရပါသည်။ ညနေစာထမင်းမစားမီ ဝီစကီအနည်းငယ် ဦးကျော်ငြိမ်းသောက်လေ့သောက်ထရှိ၏။ ဤသို့သောက်တိုင်း ကျနော့်အား ခေါ်သည်။ ဦးကျော်ငြိမ်းနှင့်တကွ သူ့ဇနီးနှင့်ကျနော် နောက်ဖေးထမင်းစားပွဲဝိုင်းတွင် သောက်စားရင်း နိုင်ငံရေးရာများ ပြောကြပါသည်။

အထူးသဖြင့် ဦးကျော်ငြိမ်းက လက်ငင်းမြန်မာနိုင်ငံရေး အခြေအနေများ၊ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆိုရှယ်လစ်ပါတီအင်အားပြိုင်ခြင်းများကို အသေးစိတ်ကွင်းကွင်းကွက်ကွက် ပြောလေ့ရှိ၏။ ဤသို့စကားလက်ဆုံ ကျနေစဉ် ဦးမောင်ကျော်အား ရခိုင်တိုင်းမင်းကြီးအဖြစ် ခန့်အပ်ရေးကိစ္စကို ကျနော်တင်ပြလိုက်၏။ ဦးကျော်ငြိမ်းက ခါးခါးသီးသီးငြင်းပယ်သည်။

ကက်စဘီခေတ် (ဗြိတိသျှအုပ်ချုပ်ရေးခေတ်) ဦးမောင်ကျော်သည် မြစ်ဝကျွန်းပေါ်တွင် အရေးပိုင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဗြိတိသျှနယ်ချဲ့စနစ်ဆိုး တိုက်ဖျက်ရေးနှင့် အမျိုးသားလွတ်လပ်ရေးအတွက် အခြေခံအဖြစ်တည်ဆောက်ထားသည့် ဆိုရှယ်လစ်ပါတီအင်အားစုများကို တိုက်ဖျက်ခြေမှုန်းခဲ့သည်။ ရပ်ရွာများကို မီးရှို့ခဲ့သည်။ ယင်းကြောင့် ရခိုင်တိုင်းမင်းကြီးအဖြစ် ဦးမောင်ကျော်အား မခန့်၊ ရခိုင်တိုင်းမင်းကြီးအဖြစ် သင့်တော်မည့်သူတစ်ဦးကို သူရွေးချယ်ပေးမည်ဟု ဦးကျော်ငြိမ်းက ဒေါမာန်ဖြင့် ပြောလေ၏။ ထိုနေ့အရက်ဝိုင်းအပြီး ညနေစာ စားသောက်ကြသည်။ ဦးမောင်ကျော်ကိစ္စကို ထိုနေ့တစ်ခွန်းမျှ ကျနော်မပြောပြီ။

နောက်တနေ့၊ ထိုနောက်တနေ့ စသည်ဖြင့် ဦးကျော်ငြိမ်းနှင့် ကျနော် ညနေတိုင်းလိုလို အရက်ဝိုင်းဖွဲ့စက်လက်ဆုံကျလေ့ရှိရာ ဦးမောင်ကျော်အား ရခိုင်တိုင်းမင်းကြီးတာဝန် ပေးသင့်ကြောင်းကို ကျနော် တကျီကျီတင်ပြသည်။ ကိုလိုနီကျွန်ဘဝသို့ ပြန်လည်သိမ်းသွင်းလိုမှုကြောင့် ကက်စဘီခေတ် (ဗြိတိသျှစစ်အုပ်ချုပ်ရေးခေတ်)ဒါဏ်ရာဒါဏ်ချက်များကို ကုသလာရရာ ယခု ဆရာတော်ဦးစိန္တာ တပါးတည်းသာ တောခိုဝရမ်းပြေးဘဝမှ လွတ်ကျွတ်ခဲ့ရသည်။ မြောက်များစွာသော တောခိုဝရမ်းပြေး နိုင်ငံရေးသမားများ ရှိနေသေးသည်။

မြေပုံတပ်ပေါင်းစုညီလာခံမတိုင်မီ တောခိုဝရမ်းပြေးနိုင်ငံရေးသမားများကို ဝရမ်းပြေးဘဝက လွတ်မြောက်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်နေသည့် ရခိုင်ပြည်အခြေအနေများကို ဦးကျော်ငြိမ်းအား ကျနော် အသေးစိတ်ရှင်းလင်းပြသည်။ ဦးမောင်ကျော်နှင့်တွေ့ဆုံပြီး ဦးမောင်ကျော်က တောခိုဝရမ်းပြေးနိုင်ငံရေးသမားများကို သူသာရခိုင်တိုင်းမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ရလျှင် ရက်သတ္တနှစ်ပတ်အတွင်း ဖြေရှင်းပေးရန် တာဝန်ယူခြင်းနှင့်တကွ ကျနော်တို့၏မြေအောက်တော်လှန်ရေး တပ်ဖွဲ့များကို ဥပဒေတွင်းမှ သူ့အကာအကွယ်ပေးရန်အထိ သဘောတူရှိခြင်း စသည်များကိုလည်း ဦးကျော်ငြိမ်းအား ကျနော်အနုစိတ်ခွဲခြမ်းပြီး ရှင်းပြသည်။

ရခိုင်ပြည်၏တကယ့်ဖြစ်ရပ်များနှင့် အချက်အလက်များကို ကျနော်အသေးစိတ် ခွဲခြမ်းဝေဖြာတင်ပြသောအခါ ခေါင်းမာသည်ဆိုသော ဦးကျော်ငြိမ်း ခါးခါးသီးသီးမငြင်းနိုင်ပေ။ ဆရာတော်ဦးစိန္တာနှင့်ကျနော်တို့က သဘောကျနှစ်ခြိုက်ပြီး ကျနော်တို့ပြောသလိုရနိုင်မည့် ဦးမောင်ကျော်ကို ရခိုင်တိုင်းမင်းကြီးအဖြစ် မခန့်ထားဘဲ အခြားတစ်ဦးအား ရခိုင်တိုင်းမင်းကြီးအဖြစ်ခန့်၍ ကျနော်တို့နှင့် ပဋိပက္ခဖြစ်လာလျှင် ဦးကျော်ငြိမ်းတို့ အစိုးရနှင့် ကျနော်တို့ ပဋိပက္ခအသွင်သို့ ကူးပြောင်းသွားနိုင်၍ ဦးမောင်ကျော်အား ရခိုင်တိုင်းမင်းကြီးအဖြစ် ခန့်အပ်ရန် ကျနော်တို့ ဖိဖိစီးစီး တိုက်တွန်းလေတော့၏။

ခပ်ရှင်းရှင်းပြောရလျှင် ဗြိတိသျှနယ်ချဲ့ကိုလိုနီကျွန်ဘဝအောက်မှ ရုန်းထွက်ရာတွင် နိုင်ငံရေးနည်းစေ့စပ်ရေးနည်းဖြင့် ရုန်းထွက်မရက၊ မြန်မာပြည်တဝှမ်းလုံးနှင့် တပြိုင်တည်းရင်ဘောင်တန်းပြီး လက်နက်ကိုင်နည်းဖြင့် ရုန်းထွက်ရန်အသင့်ရှိနေသော ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့အား ဦးကျော်ငြိမ်းလျှော့ပေးလိုက်ပါသည်။

ဦးမောင်ကျော်အား ရခိုင်တိုင်းမင်းကြီးအဖြစ်ခန့်အပ်ပေးရုံမက ကျနော်၏တိုက်တွန်းနှိုးဆော်မှုကြောင့် စစ်တွေခရိုင်အရေးပိုင် မစ္စတာ ဂျေအပ်ဂျီဖန့်ထံသို့လည်း ဆရာတော်ဦးစိန္တာခေါင်းဆောင်သော ရခိုင်ပြည်ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်သည် တရားဝင်ပါတီအဖွဲ့အစည်းအဖြစ် အစိုးရအသိအမှတ်ပြုကြောင်း

စာတစ်စောင်ကိုလည်း ပြည်ထဲရေးဝန်ကြီး အမိန့်စာအဖြစ် ဦးကျော်ငြိမ်းရေးပေးလိုက်ပါသည်။

ရခိုင်တိုင်းမင်းကြီး ဦးမောင်ကျော်ဖြစ်ရေးအတွက် ဦးကျော်ငြိမ်းအား တကျီကျီ တင်ပြအပူကပ်နေစဉ် ကိုဗဆွေ (ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဗဆွေ) အားလည်း ဝါယာလက်ကြိုးမဲ့ ကြေးနန်းစက် အစုံပေးရန် ကျနော်တကျီကျီအပူကပ်သည်။ အလံနီပါတီမှတစ်ဦး ကျနော်တို့နှင့်လိုက်လာလိုသော ကိစ္စကို လည်း ကျနော်နှင့်အတူ ပါလာသော ဆရာတော်တပည့်ရင်းချာ နှစ်ဦးကိုဆွေးနွေးရာ သူတို့သဘောတူသဖြင့် ကျနော်တို့ ရခိုင်ပြည်သို့ပြန်သည့်အခါ ခေါ်ယူမည်ဟု အလံနီပါတီ ဗဟိုကော်မီတီ ကိုထွန်းသန်းအား ကျနော် ပြောထားရှိလေပြီ။

ရခိုင်ပြည်သို့ပြန်ရန် ပင်လယ်ကူးသင်္ဘောလက်မှတ်ငါးစောင် ကျနော်တို့ ဝယ်ယူသည်။ ကျနော်တို့ ရခိုင်ပြည်ပြန်သည့်အခါ တပါတည်းပေးလိုက်မည်ဆိုသော ဝါယာလက်ကြိုးမဲ့ကြေးနန်း စက်တစ်စုံကို ညနေ ၆နာရီထိ ကျနော်မရသေး။ ကိုဗဆွေအား ကျနော် အပူတပြင်း လိုက်ရှာနေဆဲဖြစ်၏။ ကိုဗဆွေနှင့်တွေ့၍ သူနှင့်အတူ သမိုင်းဂိုဒေါင်တစ်ခုမှ ဝိုင်ယာလက်ကြိုးမဲ့ကြေးနန်းစက်အစုံကို ထုတ်ယူပြီး မော်တော်ကားတစ်စီး တွင် တင်ကာ ဦးကျော်ငြိမ်းအိမ်သို့ ရောက်ချိန်တွင် ညဉ့် ၁၁နာရီကျော် ရှိနေပြီ၊ ဝါယာလက်ကြိုးမဲ့ကြေးနန်း စက်အစုံကို လုံခြုံစွာထုတ်ပိုးရန် အချိန်မရဖြစ်သွား၏။

နံနက် ၅နာရီခန့်ကပင် ကျနော်တို့ အိပ်ရာမှထကြသည်။ ထုတ်ပိုးစရာများကို ထုတ်ပိုးပြင်ဆင်ကြသည်။ ဝါယာလက်စက်အစုံကို ဦးကျော်ငြိမ်းအိမ်မှ ဖျာနှစ်ချပ်ဖြင့် ထုတ်ပိုးချည်နှောင်လိုက်၏။ ချိန်းထားသည့်အတိုင်း ကျနော်တို့နှင့်အတူ လိုက်မည့် ကိုဘိုးနွယ် (ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ကျနော်တို့နှင့် အတူ အသက်ပေးဆောင်ရွက်ခဲ့သူဖြစ်သည်။ ယခုဆောက်လုပ်ရေးကော်ပိုရေးရှင်း အမှုထမ်း ဦးဘိုးနွယ်) ရောက်လာသည်။

ကျနော် ဝါယာလက်စက်အစုံနှင့် လုံးပမ်းရမည်ဖြစ်၍ ကျနော်နှင့်အတူ ပါလာသောဆရာတော် တပည့် ၂နှစ်ဦးနှင့် အလံနီပါတီမှတစ်ဦးကို သူတာဝန်ယူပြီး သင်္ဘောအရောက် ဆောင်ရွက်ပေးရန် သူ့ကိုတာဝန်ပေးလိုက် ရ၏။ ဝါယာလက်စက်အစုံပစ္စည်းများနှင့်အတူ ကျနော်တို့ မြင်းလှည်းတစ်စီးဖြင့် သင်္ဘောဆိပ်သို့ ဆင်းလာကြ သည်။ အလံနီပါတီမှ ဦးစိုးညွန့် (ယခု ဝန်ကြီးများရုံးတွင် ရုံးအုပ်အဖြစ်တာဝန်ထမ်းဆောင်နေသော ဦးယဉ်မောင်) အပါအဝင် ကျနော်တို့ ငါးဦးနှင့်တကွ ကျနော်တို့အား လိုက်ပို့သော ကိုလှဖြူသံ (ယခု စစ်တွေ မြို့နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ)ပါ သင်္ဘောဆိပ်ကမ်းသို့ ဝင်လာကြသည်။

ဂိတ်တွင် ပုလိပ်ရဲကြပ် ကိုသာထွန်းဦး ( စစ်တွေရွှေပြားရပ်ကွက် ရွာသားဖြစ်သည်။ ကျနော့်မိတ်ဆွေ စစ်တွေ ရေနံကော်ပိုရေးရှင်း ရုံးအုပ် ဦးကျော်သာ၏ အစ်ကိုကြီးဖြစ်သည်။ ကျနော့်အား ညီရင်းချာတစ်ဦးကဲ့သို့ ခင်မင်သူဖြစ်သည်) နှင့် ပက်ပင်းပါတွေ့သည်။ သူက "မင်းဇာခါက ရန်ကုန်ရောက်နေသလဲ)ဟုမေးသည်။ "တစ်ပါတ်ကျော်ရှိပြီ"ဟု ကျနော်ပြန်ပြောသည်။ သူ့အိမ်သို့ပင် တခေါက်မရောက်ကောင်းလားဟု သူ တတွတ်တွတ် အပြစ်တင်စကားပြောသည်။ အလုပ်ရှုပ်ထွေးသွား၍ သူ့အိမ်သို့မရောက်ခဲ့ခြင်းကို ကျနော်တောင်း ပန်စကားပြောရင်း ဂိတ်ထဲသို့ဝင်ကြသည်။ ပုလိပ်ရဲကြပ်ကြီး ကိုသာထွန်းဦးနှင့် ကျနော်စကားလက်ဆုံကျနေခြင်း ကြောင့် ပုလိပ်အမှုထမ်းတစ်ဦးမျှ ကျနော်တို့နှင့်တကွ ပစ္စည်းများကို စစ်ဆေးခြင်းမပြု။

ဒုတိယစစ်ဆေးခံရမည့်နေရာသို့ ကျနော်တို့နှင့် ပစ္စည်းများရောက်သွားကြသည်။ အင်္ကျီအဖြူနှင့် ဘောင်းဘီအဖြူများကို ဝတ်ဆင်ထားသော ဆိပ်ကမ်းအမှုထမ်းများ၊ အရာထမ်းများသည် သင်္ဘောစီးမည့် ခရီးသည်များ၏ ပစ္စည်းများ၊ သေတ္တာများကို မွှေနှောက်ရှာဖွေလျက်ရှိနေ၏။

ကျနော့်ရဲဘော်များနှင့် ကျနော် ကိုက်ဆယ်ကိုက်ကွာလောက်တွင် ကျနော်နေရာယူထား၏။ ကျနော်နှင့် အတူ ပစ္စည်းသယ်ပြောင်းပေးသော အလုပ်သမားတစ်ဦးကိုလည်း ကျနော်ခေါ်ယူထား၏။ ကျနော့်အလှည့် ရောက်သည်။ ဆိပ်ကမ်းကာကွယ်ရေး အရာရှိတစ်ဦးက ကျနော်နှင့်ပါလာသောဖျာဖြင့် ထုတ်ယူခဲ့သည့်အထုတ် ကို မွှေနှောက်ရှာဖွေသည်။ မိနစ်အနည်းငယ်အတွင်း ဝါယာလက်စက်အစုံကို တွေ့ရှိသွား၏။ ကျနော့်အား

ဖမ်းမည်ဟု ဆိပ်ကမ်းကာကွယ်ရေးအရာရှိ ရှေ့သို့တိုးလာသည်။ လူအုပ်ထဲသို့ ကျနော်အတင်းတိုးဝင်သွား၏။

ဆိပ်ကမ်းကာကွယ်ရေးအရာရှိများ ကျနော်အား အုပ်ခွဲ၍ ရှာဖွေနေချိန်တွင် ခရီးသည်များအား တက်ရောက်ခွင့်မပြုသေးသော ပင်လယ်ကူးမီးသင်္ဘောပေါ်သို့ ကုတ်ကပ်တွယ်တက်သွား၍ မီးသင်္ဘော ကုန်းပတ်ပေါ်တွင် ကျနော်ရောက်ရှိသွားလေပြီ။ နာရီဝက်ခန့်အတွင်း ခရီးသည်များ သင်္ဘောကုန်းပတ်ပေါ်သို့ တက်ရောက်လာကြသည်။ တက်ရောက်လာသော ခရီးသည်များကို အကာအကွယ်ယူပြီးအောက်သို့ ကျနော် လှမ်းကြည့်၏။ ကျနော်ယူလာသော ဝါယာလက်စက်အစုံကို မီးသင်္ဘောတက်သည့် လှေကားအနီး မြေကြီးပေါ်တွင် ချထားသည်။ အနီးက ကျနော်ငှားယူခဲ့သော အလုပ်သမားကိုလည်း ရပ်ခိုင်းထားသည်။ ဆိပ်ကမ်း ကာကွယ်ရေးအရာရှိလည်း အလုပ်သမားဘေးနားတွင် ရပ်နေသည်။ ကျနော်ချောင်းမြောင်းကြည့်နေစဉ် ဆိပ်ကမ်းအရာရှိ အလုပ်သမားဘေးနားမှ ထွက်ခွာသွားရာ အလုပ်သမားကို သင်္ဘောကုန်းပတ်မှ ကျနော် အော်ဟစ်ခေါ်သည်။ ကျနော့်ပစ္စည်းများကို တင်ယူလာရန်ပြောလိုက်၏။ ဖျာဖြင့်ရစ်ပတ်ထားသော ဝါယာလက် စက်အစုံကို အလုပ်သမားထမ်းတင်လာရာ ပါးနပ်သော ထိုဆိပ်ကမ်း ကာကွယ်ရေးအရာရှိသည် အလုပ်သမား နောက်မှ ထပ်ကြပ်မကွာ လိုက်လာ၏။ ဆိပ်ကမ်းအရာရှိ၏ ထောင်ချောက်ထဲ ကျနော်ဆင်းသက်မိနေပြီ။

ဆိပ်ကမ်းကာကွယ်ရေးအရာရှိ သင်္ဘောကုန်းပတ်ပေါ် ခြေမကျမီ ကျနော် ခရီးသည်လူအုပ်ထဲ အတင်း တိုးဝင်သွားသည်။ ဆိပ်ကမ်းကာကွယ်ရေးအရာရှိ မျက်ခြေပြတ်သွားတော့၏။ သင်္ဘောအရာရှိများနှင့် ပထမတန်းလက်မှတ်ရှိ ခရီးသည်များသာ စားသောက်ခွင့်ရသည့် အခန်းသို့ ကျနော်သွားသည်။ ရေခဲစိမ် ဘီယာတစ်လုံးကို မှာယူပြီး ဘီယာသောက်လိုက်၊ နိုင်ငံခြားအင်္ဂလိပ်သတင်းစာ ဖတ်လိုက်ပြုနေလေတော့၏။ ပင်လယ်ကူး မီးသင်္ဘော ဆိပ်ကမ်းမှခွာပြီး အတော်အသင့်ကွာပြီးမှ ၎င်းအခန်းမှ ကျနော်ထွက်လာသည်။

သင်္ဘောကုန်းပတ်ပေါ်တွင် ကျနော်တို့ရဲဘော်များ အားလုံးဆုံတွေ့ကြ၏။ ကျနော့်အားဆိပ်ကမ်း ကာကွယ်ရေး အရာရှိများ သင်္ဘောအနှံ့အစပ်ရှာကြောင်း၊ ကျနော်သင်္ဘောမှ ဆင်းပြေးသွားပြီဟု သူတို့ထင်မြင် ကြကြောင်းတို့ကို စိုးရိမ်တကြီးပြောကြသည်။ လင်းယုန်ကဲ့သို့ ရဲရင့်လျင်မြန် ဖြတ်လတ်သော တော်လှန်ရေး သမားအား ပြိတ္တာလက်ပါးစေများ မဖမ်းမိနိုင်၊ ကိုယ်ပျောက်၍ မိုးပျံသွားသည်ဟု ကျနော်ပြောပြီး တဟားဟား ရယ်မောကြလေ၏။

ပင်လယ်ကူး မီးသင်္ဘောကြီးပေါ်တွင် ချောင်ချောင်ချိချိ နေထိုင်ရသည်။ တနေ့ ရေနှစ်ကြိမ်ကျချိုးကြ သည်။ နူးနပ်နေသော သိုးသားအမြီးဖြင့် ရေခဲစိမ်ဘီယာကို ရန်ကုန်မြို့ပေါ်ထက် ဈေးနှုန်းပေါပေါသောက်ရ သည်။ နိုင်ငံခြားစီးကရက်များကို ဈေးသက်သာစွာဖြင့် ဖွာသောက်ရသည်။ နှစ်ညအိပ်ပြီး သုံးရက်မြောက်နေ့ တွင် စစ်တွေမြို့သို့ ရောက်သွားကြ၏။ ရွာပင်္ဂေါင်းရပ်ရှိ ကျနော့်ဦးလေး ပွဲစားကြီး ဦးထွန်းအောင်ကျော် အိမ်တွင်ပင် ကျနော်တို့တည်းခိုကြသည်။ ကျနော်တို့ စားသောက်လိုကြသော ပင်လယ်ငါးများကို ယင်းအိမ်တွင် အဝအပြဲ စားသောက်ကြရသည်။ မြေပုံတပ်ပေါင်းစု ညီလာခံကိစ္စနှင့် ဆွေးနွေးပြပြီး အလှူခံရာ ဦးထွန်းအောင် ကျော်က ငွေငါးရာပေးလှူပါသည်။

ဆရာတော်ဦးစိန္တာခေါင်းဆောင်သော ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်သည် အစိုးရအသိ အမှတ်ပြုသော တရားဝင်ပါတီဖြစ်ကြောင်းကို အင်္ဂလိပ်လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားသည့် ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း၏စာကို ပေးအပ်ရန် စစ်တွေခရိုင်ဝန်ထံသွားရာ၊ ခရိုင်ဝန်ရုံးတွင် ကိုစံတင့် (ရခိုင်ပြည် ဗကပ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။ ဒလက်ချောင်းတွင် ရေနစ်သေဆုံးသွားသည်)။ ကိုကျော်လှဦး (ယခု စစ်တွေ မြို့နယ်သမဝါယမ) တို့ ရွေးကောက်ပွဲ လျှောက်လွှာတင်နေကြခြင်းနှင့် ကြုံကြိုက်သွားရသည်။ အချိန်တော်တော် ကြာစောင့်သော်လည်း ကျနော့်အလှည့်မရောက်သဖြင့် ခရိုင်ဝန်ထံအတင်းဝင်၍ ဦးကျော်ငြိမ်းစာကို ထိုးအပ်ရာ မျက်နှာဖြူခရိုင်ဝန်မစ္စတာဂျေအမ်ဂျီဖန်(ကက်စ်ဘီခေတ် ဒု-ဗိုလ်မှူးကြီး Mr. J.M. G. Fann)နှင့် ကျနော် ဘုဘောက်ကျခဲ့ရ၏။ ရခိုင်တိုင်းတွင် မစ္စတာအလ်အမ်းလိစ်(ကတ်စ်ဘီခေတ် ဗိုလ်မှူးကြီး Mr. L. M. Less)က ရခိုင်တိုင်းမင်းကြီးအဖြစ် အုပ်ချုပ်လျက်ရှိနေသည်။

ဝါယာလက်စက်အစုံ ဆုံးရှုံးခဲ့ရသည်မှအပ တစုံတရာအနှောက်အယှက်မရှိဘဲ မတရားသင်း ကြေငြာထားသော အလံနီပါတီကိုယ်စားလှယ် ဦးစိုးညွန့်အပါအဝင် ကျနော်တို့ငါးဦး ကြာအင်းတောင်သို့ ချောမောစွာရောက်ရှိသွားကြ၏။

ဆရာတော် ဦးစိန္တာအပါအဝင် ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် ရခိုင်ပြည် လူငယ်များ အစည်းအရုံးခေါင်းဆောင်များကို အလံနီပါတီကိုယ်စားလှယ် ဦးစိုးညွန့်က သူတို့ပါတီ၏ လမ်းစဉ်နှင့် လုပ်ငန်းရပ်များကို တင်ပြသည်။ သခင်စိုးနှင့်တကွ၊ သူတို့သည် ဂိုရှယ်တို့၏ လှည့်စားမှုခံရပြီး ဘရောက်ဒါဝါဒကို လက်ခံမိခဲ့ကြောင်း။ ယခု ဘရောက်ဒါဝါဒ ပယ်ဖျက်နိုင်ပြီဖြစ်ကြောင်း။ ရန်ကုန်မြို့တွင် အိမ်ခန်းတိုက်ပွဲ၊ အိမ်မြေတိုက်ပွဲများနှင့်တကွ၊ ဗြိတိသျှဖြူရိုကရေစီ စက်ယန္တယား၏အဓိကဝင်ရိုးဖြစ်သော အတွင်းဝန်များရုံး ဝိုင်းတိုက်ပွဲ ဆင်နွှဲခဲ့ခြင်းများကိုလည်း အသေးစိတ်ရှင်းပြသည်။ ဆိုဗီယက်ယူနီယံ၏ "သပိတ် ခုံ သူပုန်ထ"လမ်းစဉ်ကိုလည်း ထည့်သွင်းပြောပြသည်။

အမျိုးသားလွတ်လပ်ရေးအတွက် ခရိုင် ၂၀ ကျော်တွင် မြေအောက်လက်နက်ကိုင်အဖွဲ့များ ဖွဲ့စည်းပြီးလေပြီ။ သူတို့ပုန်ကန်ထကြွလျှင်လည်း ကျနော်တို့နောက်မှလိုက်ပြီး သူပုန်ထပေးပါ။ ကျနော်တို့ သူပုန်ထလျှင်လည်း သူတို့ ခရိုင် ၂၀ကျော်မှ သူပုန်ထပေးမည်ဟု စိန်ခေါ်လေသည်။ အာဏာနီအခြေခံ ဌာနချုပ်တည်ထားသော ကြာအင်းတောင်ရွာတွင် သူ့ကို သုံးရက်ခန့် ကျနော်ထားပြီး ဆရာတော်တို့နှင့် တွေ့ဆုံပြီးလျှင်ပြီးချင်းသူ့အား ကိုဘိုးနွယ်က တောင်ကုတ်မြို့မှ ပဒေါင်းသွားမည် မော်တော်ကားပေါ် အရောက် ပို့ပေးစေပါသည်။

ကျနော်ခေါင်းဆောင်လာသဖြင့် စစ်တွေမြို့တွင် တစုံတရာဘေးဒုက္ခမထိခဲ့သော်လည်း အပြန်တွင် စစ်တွေမြို့မှ ခေါ်ယူရန်မသင့်လျော်သဖြင့် ကြာအင်းတောင်မှတောင်ကုတ်မြို့ဘက်သို့ လှေဖြင့်သွားကြရန် စီစဉ်ရသည်။ ကိုစိုးညွန့်နှင့် ကိုဘိုးနွယ်တို့ လှေငယ်တစီးဖြင့် တောင်ကုတ်ဘက်သို့ ထွက်သွားကြပါသည်။ လှေသို့မဆင်းမီ ကိုစိုးညွန့်အတွက် လုံခြုံအောင် စီစဉ်ရေးနှင့် တောင်ကုတ်မြို့တွင် ကျနော်တို့အား စောင့်ဆိုင်းနေရန် ကိုဘိုးနွယ်အား ကျနော်တီးတိုးမှာလိုက်ပါသည်။

## သံတွဲသူပုန်

မြေပုံတပ်ပေါင်းစု ညီလာခံကျင်းပရန် မနားမနေ အပူတပြင်း လုပ်ကိုင်နေကြဆဲ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလတွင် ရခိုင်ပြည်တောင်ပိုင်း သံတွဲခရိုင်မှ သူပုန်မီးစတင်တောက်လောင်လျက်ရှိနေပြီ။ သံတွဲသူပုန်မီးကိစ္စကို ဆရာတော်ဦးစိန္တာနှင့် ကျနော် အဖက်ဖက်မှ လေ့လာဆန်းစစ်ကြသည်။ သံတွဲသူပုန်သည် ကျနော်တို့နှင့် ဘာမျှမဆိုင်။ ကျနော်တို့နှင့် အဆက်အသွယ်လည်း မရှိ။ သံတွဲသူပုန်ဖြစ်ပေါ်လာခြင်းသည် အဓိကတရားခံ ဗြိတိသျှနယ်ချဲ့စနစ်ဆိုး၊ ဒုတိယတရားခံသည် ဆန်စပါးများကို ချိုသာသောဈေးနှုန်းသတ်မှတ်ပြီး ရောင်းချမပေးဘဲ ငတ်ပြတ်နေသော လယ်သမားများအား ဖိနှိပ်သော သံတွဲအရေးပိုင်ဟု ကျနော်တို့ နိုင်ငံရေးသတ္တုချကြသည်။ သံတွဲခရိုင် သူပုန်များ ချိုးနှိမ်ခံရလျှင် ဗြိတိသျှနယ်ချဲ့ကိုလိုနီကျွန်ဘဝမှ ရုန်းထွက်လိုသော တော်လှန်ရေးအင်အားစုတစ်ရပ် ချိုးနှိမ်ခံရခြင်းပင်ဖြစ်သည်။

သို့နှင့် သံတွဲသူပုန်ကို အားတက်သရောကူညီရမည်။ သံတွဲသူပုန်ကိစ္စကို ဆရာတော်ဦးစိန္တာနှင့်ကျနော် ဖြေရှင်းကူညီရမည်။ သံတွဲသို့ သွားကြမည်ဟုဆုံးဖြတ်ကြသည်။ ယင်းကြောင့် ဆရာတော်နှင့်ကျနော် စစ်တွေသို့ လာကြ၏။ ထုံးစံအတိုင်းပင် ကျနော့်ဦးလေး ပွဲစားကြီး ဦးထွန်းအောင်ကျော် တာဝန်ယူပြီး ကျွေးမွေးပြုစုပေးပါသည်။ စစ်တွေမြို့ ကေဒါရဲဘော် ကိုလှထွန်းကျော်တို့နှင့် ကျနော်တို့သည် ညလုံးပေါက် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲရေးရာများကို အကျယ်တဝင့်ရင်ဖွင့်ဆွေးနွေးကြရပါသည်။ နံနက် ၆နာရီခန့်တွင် အာရကံဖလိုတီးယား သင်္ဘောဆိပ်သို့ မော်တော်ကားများဖြင့် ဆရာတော်နှင့် ကျနော်တို့ သုတ်ခြေတင်ရောက်ကြ၏။ ဆရာတော်နှင့် ကျနော်တို့အတွက် နေရာယူထားသော သင်္ဘော သီးသန့်ခန်း (Cabin)တွင် ကျနော်တို့ပစ္စည်းများနှင့် ဦးထွန်းအောင်ကျော်အိမ်မှပေးလိုက်သော စားသောက်စရာများကို စုပုံထားလိုက်ပါသည်။ လိုက်ပို့ကြ

သောရဲဘော်များကို နှုတ်ဆက်ရင်း သံတွဲမြို့သို့ ရေ့ရှုထွက်လာသော မီးသင်္ဘောက ကျနော်တို့အား သယ်ယူသွားတော့၏။

ကျနော်ရပ်တည်မရနိုင်အောင် အိပ်ချင်လာသည်။ သင်္ဘောစာရေးခန်းတို့ဝင်ပြီး ကျနော်အိပ်လိုက်၏။ ကျနော်အိပ်ရာမှထပြီး ထမင်းစားသောက်သည်။ သင်္ဘောပေါ်တွင် ဟိုလျှောက် ဒီလျှောက် ကျနော်လိုက်လံကြည့်ရှုသည်။ ဆယ်ပေါင်းများစွာသော စစ်သားများနှင့် စစ်ဗိုလ်တို့ကိုတွေ့သည်။ သူတို့သံတွဲသူပုန်ကို နှိမ်နင်းရန်သွားကြခြင်းဟု သိရ၏။ သံတွဲခရိုင်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ဘရောက်ဒါဝါဒ လက်မခံနိုင်၍ခွဲထွက်လာသော ကိုသာထွန်းအောင်၊ ကိုချစ်သိန်း၊ ကိုသိန်းညွှန့်တို့က ကြယ်နီပြောက်ကျားအမည်ဖြင့် လက်နက်စွဲကိုင်တိုက်ဖျက်နေကြပြီ။

ဦးသိန်းဖေမြင့်အုပ်စု အနိုင်ရရေးအတွက် ဗမာပြည်ကွန်မြူနစ်ပါတီ ဒုတိယအကြိမ် ကွန်ဂရက်တွင် ကိုကျော်ရင် (သံတွဲမြို့ ဇာတိရပ်သား၊ ကွယ်လွန်သူ ပါမောက္ခချုပ် ဦးကျော်ရင်) က ခေါင်းဆောင်ပြီး အနိုင်ရယူခဲ့သည်။ သို့ပါလျက် သံတွဲခရိုင် ကွန်မြူနစ်များသည် ကိုကျော်ရင်နှင့် မပူးပေါင်းခဲ့ကြ။ ဤကြယ်နီပြောက်ကျားသည် ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့နှင့်ပါ တစုံတရာဆက်သွယ်မှုလည်းမရှိကြ။

ဆရာတော်နှင့်ကျနော်တို့ တိုးတိုးကြိတ်ကြိတ်ဆွေးနွေးသည်။ သင်္ဘောပေါ်တွင်ပါလာသောစစ်တပ်သည် သံတွဲသူပုန်ကြယ်နီပြောက်ကျားများကို နှိမ်နင်းသုတ်သင်ရန် သွားကြသူများ ဖြစ်ကြသည်။ ကြယ်နီပြောက်ကျားနှင့် ကျနော်တို့ ဘာတစ်ခုမျှမပတ်သက်။ သို့သော် ဤအင်အားစု ချိုးနှိမ်သုတ်သင်ခံရခြင်းသည် တော်လှန်ရေးအင်အားစုတစ်ရပ် ပြိုတိသျှနယ်ချဲ့ဆန့်ကျင်သော အင်အားစုတစ်ရပ်ကျဆုံးမှုပင်ဖြစ်သည်။ ယင်းကြောင့် ကြယ်နီပြောက်ကျားဘက်မှ ကျနော်တို့ ရပ်တည်ရမည်။

သင်္ဘောဖြင့် ပါလာသော စစ်ဗိုလ်ကို သောက်ရင်းစားရင်း ကျနော်ဖျားယောင်းမည်ကို ဆရာတော်နှင့် ကျနော် သဘောတူကြ၏။ သင်္ဘောစာရေးခန်းတွင် စစ်တွေကေဒါ ရဲဘော်များက ကျနော့်အတွက် ထည့်ပေးလိုက်သော နိုင်ငံခြားဝီစကီအရက်ပါလာသည်။ သင်္ဘောစာရေးထံကျနော်သွားပြီး ညနေစာအတွက် ကြက်သားကြော်များဖြင့် စီစဉ်ကာ သင်္ဘောပေါ် ပါလာသည့် အကြီးဆုံး စစ်ဘက်အရာရှိ လက်ကောက်ဝတ်ထိ လက်ဖြတ်ထားရသော ကပ္ပတိန်(ဗိုလ်ကြီး) ကိုပါ စားသောက်ရေးအတွက် ဖိတ်ခေါ်ယူရန် တိုက်တွန်းသည်။

ညနေပိုင်းတွင် မီးသင်္ဘော မြေပုံဆိပ်ကမ်းတွင် ယနေ့တနေ့တာအတွက် ရပ်နားလိုက်၏။ သင်္ဘောစာရေး ဦးမောင်လှကျော်၊ (ယခု အငြိမ်းစားယူပြီး စစ်တွေအိုးတန်းရပ်တွင် နေထိုင်သည်)။ ကပ္ပတိန်နှင့်ကျနော် သင်္ဘောစာရေးခန်းတွင် ကြက်သားကြော်စားလိုက်၊ အရက်သောက်လိုက်ဖြင့် အင်္ဂလိပ်လိုရော၊ ဗမာလိုပါရောနှောပြီး စကားပြောကောင်းနေကြသည်။ ကပ္ပတိန်က သူတို့တပ် သံတွဲခရိုင် လူဆိုးဓားပြများကို နှိမ်နင်းသုတ်သင်ရန်သွားကြောင်းသို့ စကားရောက်သွားရာ၊ ကျနော်က သံတွဲခရိုင်ဖြစ်ရပ်များကို ရှင်းပြသည်။ သံတွဲခရိုင်တွင် လက်နက်ကိုင် ခုခံနေသူများသည် လူဆိုးဓားပြများမဟုတ်၊ နိုင်ငံရေးသမားများ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးသမားများသာ ဖြစ်ကြသည်။

သံတွဲခရိုင်တွင် ဆန်စပါးများ ရှားပါးသွားသည်။ ဆန်စပါးများကို အစိုးရက ချိုသာသော စျေးနှုန်းဖြင့် ရောင်းချပေးရန် ပြည်သူများက ဆန္ဒပြတောင်းဆိုကြသည်။ မလိမ္မာသော သံတွဲခရိုင် အရေးပိုင်(ခရိုင်ဝန်) ဦးဘစိန်သည် ချိုသာသောစျေးနှုန်းဖြင့် ဆန်စပါးများကိုထုတ်မရောင်း၊ လက်နက်အားကိုးဖြင့် နှိမ်နင်းသည်။ ယင်းကြောင့် နိုင်ငံရေးသမားများဦးဆောင်ပြီး ဆန်လုပွဲများ ပေါ်ပေါက်လာရသည်။ လက်နက်ဖြင့် ဖိနှိပ်မှုကို လက်နက်ဖြင့် ခုခံမှုဖြစ်လာရသည်။ ကပ္ပတိန်တို့ ချင်းတောင် ဟာကာနယ်တွင်လည်း ဆန်စပါးရှားဘူးပါမည်။ ငတ်နေသောလူများက ဆန်စပါးများကိုလို၍ တောင်းဆိုကြလျှင် လက်နက်ဖြင့် ချိုးနှိမ်ပစ်ပါမည်လား၊ ဆန်စပါးကိုသက်သာသောစျေးနှုန်းဖြင့်ရောင်းမည်လား၊ ငတ်နေသောသူများကို သက်သာသောစျေးနှုန်းဖြင့် ဆန်စပါးရောင်းမည်သာဖြစ်မည်ဟု ကျနော်တီးခေါက်ရှင်းပြပြောဆိုလိုက်သည်။ ဟာကာချင်းအမျိုးသား ကပ္ပတိန်သည်

သူတို့ ဟာကာနယ်တွင်လည်း ဆန်စပါးရှားပါးသည့် နှစ်မျိုးနှင့်ကြုံဘူးကြောင်း၊ ငတ်နေ၍ဆန်စပါးတောင်းသူများကို လက်နက်ဖြင့် မချိုးနှိမ်သင့်ကြောင်း။ သို့သော် တရားဥပဒေနှင့် ဆန့်ကျင်စွာ ဆန်စပါးများကိုမလုအပ်ကြောင်းကို သူပြန်ပြောသည်။ ကျနော် အားတက်သရောဖြစ်လာ၏။ ပို၍ပို၍အပြောကောင်းလာ၏။ ငတ်ပြတ်ပြီး စားစရာလည်းမရှိ ခေတ်ပညာလည်းမတတ်သော ကျေးရွာသားများအနေဖြင့် ဥပဒေကို တမင်ချိုးဖောက်လိုသော ဆန္ဒရှိမည်မဟုတ်။ အစိုးရက သက်သာသောဈေးနှုန်းဖြင့် ဆန်စပါးထုတ်မရောင်း၍ လုပ်ကိုင်မိခြင်းသာဖြစ်မည်ဟု ကျနော်သူ့အား ရှင်းပြလေသည်။

သူက ဒုတိယကမ္ဘာစစ်အတွင်း သူတာဝန်ထမ်းဆောင်ခဲ့ရသော မြို့ပြများ အကြောင်း၊ သူတာဝန်ထမ်းဆောင်ရင်း ဖက်ဆစ်ဂျပန်နှင့်တိုက်ပွဲတွင် ဒဏ်ရာရ၍လက်ကောက်ဝတ်ထိ လက်တစ်ဖက်ဖြတ်ခံရကြောင်းတို့ကို အားပါးတရပြောပြသည်။

သူ၏ဖြစ်ရပ်များသည် တကယ့်ဖြစ်ရပ်များဖြစ်ပြီး သူလည်းအပြောကောင်းသဖြင့် သူ့စကားထဲတွင် ကျနော်နစ်မြုပ်သွားရသည်။ ကျနော်လည်း ဖက်ဆစ်ဂျပန်ကို ကျနော်တို့ တော်လှန်ခဲ့သော ဖြစ်ရပ်များထဲမှ မှတ်သားဘွယ်ရာများကို သူ့အားပြောပြသည်။

ကျနော်တို့ စစ်ဗိုလ်နှစ်ဦး တဦးက စစ်ယူနီဖောင်းဝတ်ပြီး စစ်လစာယူကာ စစ်မှုထမ်းနေသော ကပ္ပတိန်တစ်ဦးက အရေးကြုံလျှင် စစ်တလင်းမြေပြင်တွင် ရင်ကို မြေကတုတ်လုပ်ပြီး တိုက်ပွဲဝင်တတ်သော စေတနာ့ဝန်ထမ်း စစ်ဗိုလ်။ နံနက်စောစောမီးသင်္ဘော မြေပုံဆိပ်မှ ခွာလိုက်၏။ ကျောက်ဖြူသို့ ရှေ့ရှုခုတ်မောင်းနေ၏။ ပင်လယ်ပြင် လေညှင်းများကို လတ်ဆတ်စွာ ရှူရှိုက်ရ၏။

ပွင့်သစ်စ နေရောင်ခြည်အောက်တွင် ရခိုင်ရိုးမတောင်တန်းကြီး နိုးစပြုလေပြီ။ အချို့နေရာများတွင် မိုးတိမ်မိုးသားနှင့် ရိုးမတောင်ကြီး ဆက်သွယ်နေဆဲ၊ စိမ်းလဲ့ညိုပြာနေသော ရိုးမတောင်တန်းကြီးသည် မျက်စိတဆုံးကြည့်မဆုံး။ နှစ်စဉ်မိုးရာသီဆိုက်တိုင်း ရခိုင်ရိုးမတလျှောက် ချောင်းငယ်၊ မြောင်းငယ်များမှ ချောင်းကြီး မြောင်းကြီးသို့စီးပြီး။ ပင်လယ်သို့ မိုးရေဂါလံပေါင်း သိန်းသန်းချီ၍ အချည်းအနှီး စီးဆင်းသွားရသည်။

အမျိုးသားလွတ်လပ်ရေးရပြီး ရခိုင်ရိုးမမှ နှစ်စဉ် အလဟဿ စီးဆင်းသွားသော မိုးရေများကို ခိုင်မာကြံ့ခိုင်သော ဆည်မြောင်းများဖြင့် တုတ်နှောင်ထားလိုက်လျှင် ရခိုင်လယ်သမားများ တနှစ်သုံးသီးစားအထိ လုပ်ဆောင်နိုင်မည်။ တနှစ်သုံးသီးစားစနစ် ထွန်းကားလာလျှင် ရခိုင်လယ်ယာစနစ်သည် ကျွဲ-နွား-ထွန်တုံးမှ စက်မှုထွန်တုံးဘဝသို့ ကူးပြောင်းလာမည်။ မလွဲသာဘဲ စုပေါင်းလယ်ယာ စက်မှုစနစ်ထွန်းကားလာရမည်။ စသည်တို့ကိုတွေးတောရင်း၊ ပင်လယ်လေကို အဝရှူရှိုက်ရင်း၊ ရခိုင်ရိုးမတောင်ကို အမှတ်မထင် စိုက်ကြည့်နေစဉ် သင်္ဘောစာရေး ဦးမောင်လှကျော် လာခေါ်သည်။ ဦးမောင်လှကျော်၏သင်္ဘောစာရေးခန်းတွင် ဟာကာချင်းအမျိုးသား ကပ္ပတိန်၊ ဦးမောင်လှကျော်နှင့် ကျနော်အရက်ဝိုင်းဖွဲ့ကြ၏။

ဟိုပြောဒီပြော အရက်တမြမြသောက်ကြရင်း သံတွဲသူပုန်ပြဿနာသို့ ရောက်ကြ၏။ သံတွဲခရိုင်တွင် လူဆိုးဓားပြများ သောင်းကျန်းနေခြင်းမဟုတ်၊ အငတ်ပြဿနာကို အစိုးရလက်ထဲ ဆန်စပါးများ ဖူလုံစွာရှိပါလျက်နှင့် မလိမ္မာသောသံတွဲခရိုင် အရေးပိုင်ကြောင့် ဆန်လုပွဲဖြစ်ရသည်။ ဆန်လုပွဲကို အကြောင်းပြုပြီး အရေးပိုင်က ပုလိပ်တပ်များနှင့် လယ်သမားများကို အကြမ်းဖက်နှိမ်နင်းသည်။

မလိမ္မာသောအရေးပိုင်၏လက်နက်ဖြင့် အကြမ်းဖက်နှိမ်နင်းမှုကို နိုင်ငံရေးသမားများနှင့် လယ်သမားများက ရရာလက်နက်ဖြင့် ခုခံတွန်းလှန်ကြသည်။

ယင်းကြောင့် သံတွဲခရိုင်တွင် လက်ရှိဖြစ်နေသောပြဿနာသည် ဤပြဿနာကိုဖြေရှင်းရန် ကျနော်နှင့် အတူ ရခိုင်ပြည်၊ မြန်မာပြည်တို့တွင် ထင်ရှားကျော်စောသော ဆရာတော်ဦးစိန္တာသည်လည်း ဤမီးသင်္ဘောဖြင့် ပါလာကြောင်းကို ကျနော် ဒိုးဒိုးဒေါက်ဒေါက် ရှင်းပြလိုက်၏။ ဟာကာချင်းအမျိုးသား ကပ္ပတိန်အံ့ဩသွားသည်။

ဆရာတော်နှင့်ကျနော်တို့ သံတွဲခရိုင်ပြဿနာကို အေးဆေးသောနည်းဖြင့် ဖြေရှင်းရန် သွားသည်ကို သူနှစ်ခြိုက်ကြောင်း၊ လက်နက်ဖြင့် တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ခြင်းထက် အေးဆေးသောနည်းဖြင့် ဖြေရှင်း

ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်းကို ကပ္ပတိန်ပြောပြပြီး၊ တဆက်တည်းပင် ဆရာတော် ဦးစိန္တာနှင့် သူတွေ့လိုကြောင်း တောင်းဆို၏။ ဆရာတော်နှင့်တွေ့ရေးကို ကျနော်စီစဉ်ပေးမည်။

သူတို့တပ် ရောက်လျှင်ရောက်ချင်း သံတွဲခရိုင်အရေးပိုင်က စစ်တိုက်ခိုင်းရန် ညွှန်ကြားအမိန့်ပေးလျှင် ဘယ်လိုလုပ်မလဲဟု ကျနော်မေးလိုက်သည်။

ရောက်လျှင်ရောက်ချင်း သူတို့ကို စစ်တိုက်ခိုက်ရန် အမိန့်ပေးလျှင် သူဖီဆန်မည်။ အမိန့်ကို မနာခံဟု ကပ္ပတိန်က ရဲရင့်စွာ ပြန်ပြော၏။

ကျနော်အတိုင်းမသိ အားတက်သရော ဖြစ်သွားသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းခြင်းသာအမှန်ဆုံး ဖြစ်သည်မဟုတ်လား။

ဆရာတော်ဆွမ်းစားအပြီး ဆရာတော်နေထိုင်သော သီးသန့်အခန်းသို့ ကပ္ပတိန်နှင့် ကျနော်ရောက်သွားသည်။ ဆရာတော်အား ကပ္ပတိန်နှင့်မိတ်ဆက်ပေးကာ ကျနော်နှင့် ကပ္ပတိန်တို့ မတ်ဖြစ်ခဲ့ခြင်းနှင့်တကွ၊ ကပ္ပတိန်က သူတို့စစ်တပ် သံတွဲသို့ရောက်လျှင်ရောက်ချင်း စစ်တိုက်ခိုင်းရန် ညွှန်ကြားအမိန့်ပေးလျှင် ဤအမိန့်ကို သူမနာခံ ဖီဆန်မည်ဟုပြောခြင်းအထိ ကျနော် ဆရာတော်အား အကြမ်းဖျဉ်းပြောပြ၏။

ဆရာတော်ကလည်း သံတွဲခရိုင်တွင် လူဆိုး-ဓားပြများ ဆူပူသောင်းကျန်းနေခြင်းမဟုတ်။ အငတ်ပြဿနာက စတင်ခဲ့သော နိုင်ငံရေးပြဿနာဖြစ်၍ သူကိုယ်တိုင်အေးဆေးသောနည်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် သံတွဲသို့ သွားနေခြင်းတို့ကို ပြောပြသည်။

ကပ္ပတိန်က ပို၍ပို၍သဘောပေါက်လာသည်။ သံတွဲသို့ရောက်လျှင်ရောက်ချင်း စစ်တိုက်ခိုက်ရန် အမိန့်ပေးလျှင် သူမနာခံ၊ အမိန့်ကိုဖီဆန်မည်ဟု ရဲဝံ့စွာကတိပေး၏။ သူတို့ ချင်းတောင်တန်း ဟာကာနယ်တွင်လည်း တခါတလေ ဆန်စပါးရှားပါးမှု ပြဿနာရှိလေသည်။ အစိုးရက သက်သာသောဈေးနှုန်းသတ်မှတ်ပြီး တင်ပို့ရောင်းချခြင်းဖြင့် ဖြေရှင်းပေးသည်။

သံတွဲခရိုင်ဆူပူလာမှုသည် အုပ်ချုပ်ရေးမပါးနပ်သော သံတွဲအရေးပိုင်ကြောင့်သာဖြစ်သည်။ ဆရာတော်တို့ဖြေရှင်းပေးလျှင် အောင်မြင်မည်ဟု သူယုံကြည်သည်ဟုလည်း ကပ္ပတိန်ကပြောပြ၏။ နှစ်ပေါင်းများစွာ ဗြိတိသျှကြေးစား စစ်တပ်ထဲတွင် စစ်မှုထမ်းနေသော စစ်ဗိုလ်များထဲမှ နိုင်ငံရေးအမြော်အမြင်ရှိသော ဤလိုကပ္ပတိန်မျိုးကို တွေ့ရမည်ဟု ကျနော်မမျှော်လင့်။ သူအရက်တန်ခိုးကြောင့် ပြောနေသလားဟူ၍ကား ကျနော်သံသယဖြစ်နေသေးသည်။

သံတွဲရောက်သည်ထိ ဦးမောင်လှကျော်၊ ကပ္ပတိန်နှင့် ကျနော်သောက်ဖော်သောက်ဖက်၊ ပြောဖော်ပြောဖက်များဖြစ်သွားကြသည်။ ကပ္ပတိန်သည် ဒုတိယကမ္ဘာစစ်အတွင်း သူ့အတွေ့အကြုံများကိုသာ ပြောတတ်သူမဟုတ်၊ စစ်မြေပြင်မှအနားပေး၍ မြို့ပြများတွင် နေရစဉ်၊ သူ၏ကြုံပလေ ဘုံဘွေဖြစ်ရပ်များကိုလည်း ဟာသနှော၍ ပြောဆိုတတ်ရာ သူ၏ပွင့်လင်းသောနှလုံးသားနှင့် ရီလားမောလား အပြောအဆိုများကို ကျနော်တနာရီထက်တစ်နာရီ နှစ်ခြိုက်လာသည်။

ကျနော်တွင် အကျင့်ဓလေ့တစ်ခုရှိသည်။ ရီလားမောလား ဟာသနှောပြီး ပြောတတ်သူ၊ ပွင့်လင်းသော နှလုံးသားရှိသူနှင့် ကျနော်အလွယ်တကူ မိတ်ကျွမ်းဝင်သွားတတ်သည်။ ယခုလည်း ကပ္ပတိန်နှင့်ကျနော် နှစ်ရှည်လများ ပေါင်းသင်းလာသော သူငယ်ချင်းများသဖွယ် ခင်မင်သွားကြရပြီ။

မီးသင်္ဘောတောင်ကုတ်ဆိပ်ကမ်းသို့ ဆိုက်ရောက်သွား၏။ တောင်ကုတ်ဆိပ်ကမ်း မီးသင်္ဘောဆိပ်တွင် စီစဉ်ထားသည့်အတိုင်း ကိုဘိုးနွယ်(ယခုဆောက်လုပ်ရေးကော်ပိုရေးရှင်း အမှုထမ်းဖြစ်နေသော ဦးဘိုးနွယ်)ကို တွေ့ရသည်။ ကိုဘိုးနွယ်သည် ကျနော်တို့နှင့် ဒိုးတူဘောင်ဖက်၊ ဆိုးတူကောင်းဖက် ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တို့ကိုတော်လှန်ခဲ့သော ကျောက်ဖြူခရိုင် ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ကျောက်ဖြူခရိုင်တောင်သူလယ်သမားထုနှင့် အညှင်းဆဲခံလူတန်းစားများ၏လေးစားခံရသော ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။ သူက

ဆရာတော်နှင့်ကျနော်အား ဗမာပြည်မှ အလံနီ (မတရားအသင်းကြေငြာခံရခြင်းခံနေရသော ကွန်မြူနစ်ပါတီ ဗမာပြည်ပါတီ)မှ အောင်လင်း မြေပုံညီလာခံသို့ တက်ရန်ရောက်ရှိနေသည်။ ယခု သူနှင့်အတူ တောင်ကုတ်မြို့တွင်ရှိသည်ဟု တီးတိုးစွာ ပြောပြ၏။ ကျနော်တို့က သံတွဲသူပုန် မီးတောက်လောင်နေသည်။ ဤမီးငြိမ်းရေးအတွက် သွားရမည်။ အောင်လင်းကို တောင်ကုတ်တွင် လုံခြုံစွာထား၍ရမည်လားဟု သူ့ကိုမေးမြန်းသည်။ သူက တောင်ကုတ်မြို့တွင် လုံခြုံစွာထားနိုင်သည်ဟုပြောသဖြင့် ကိုအောင်လင်း လုံခြုံရေးကို သူ့အား တာဝန်ယူခိုင်းကာ သင်္ဘောမထွက်မီ အရောက်လာပြီး ကျနော်တို့နှင့်အတူ သံတွဲသို့သွားကြရန် သူ့ကို ကျနော်ဖိတ်ခေါ်လိုက်၏။ ကိုဘိုးနွယ် သင်္ဘောမှ သုတ်ခြေတင်ထွက်သွား၏။ ကိုအောင်လင်းသည် နွားကုန်သည်များနှင့် တောင်ကုတ်သို့ ပဒေါင်းမှ ကျော်၍ရောက်လာသည်ကို သိရ၏။

သင်္ဘောစာရေး ဦးမောင်လှကျော်၏အကူအညီကြောင့် ကျနော်တို့ မီးသင်္ဘော သံတွဲကင်းမော်ဆိပ်ကမ်းသို့ ခါတိုင်းထက်စောစောစီးစီးဆိုက်ရောက်သည်။ ကပ္ပတိန်အား လှိုက်လှဲစွာ လက်ဆွဲနှုတ်ဆက်ပြီး ဆရာတော်နှင့် ကျနော်တို့ အဆင်သင့်ကြိုဆိုနေကြသော လူအုပ်ထဲသို့ သင်္ဘောပေါ်မှ ဆင်းသွားကြ၏။ ကြိုဆိုသူများနှင့်အတူ မော်တော်ကားကြီးငယ်အသွယ်သွယ်ဖြင့် သံတွဲမြို့သို့လာကြသည်။ သံတွဲမြို့ပေါ်ရှိ စာရေးစာချီများ သမဂ္ဂအဆောက်အဦးတွင် ဆရာတော်နှင့်ကျနော်တို့အား တည်းခို နားနေခွင့်ပြု၏။ ဆရာတော်နှင့်ကျနော်တို့အား စားဖွယ်များနှင့် ကောင်းစွာကျွေးမွေးဧည့်ခံ၏။ စာရေးစာချီသမဂ္ဂ၊ ပုလိပ်သမဂ္ဂခေါင်းဆောင်များနှင့် ဆရာတော်နှင့်ကျနော်တို့ ပွင့်လင်းသောနှလုံးသားဖြင့် ဒူးတိုက်ဆွေးနွေးကြ၏။ သမဂ္ဂခေါင်းဆောင်များ တဦးပြီးတဦးဖြစ်ပျက်သွားရသော သံတွဲသူပုန်ကိစ္စကို ရိုးသားပွင့်လင်းစွာ တင်ပြသွားကြ၏။ ကျနော်တို့ သိရှိနားလည်ခဲ့သည့်အတိုင်း အာဏာရှင်ဆန်သော သံတွဲခရိုင်အရေးပိုင် ဦးဘစိန်၏ နှိပ်ကွပ်ရက်စက်မှုကြောင့် ဖြစ်ပေါ်လာရသည်မှာ ကွင်းကွင်းကွက်ကွက်ဖြစ်ပေါ်နေလေပြီ။ အဓိကတရားခံသည် ကျနော်တို့အား ကိုလိုနီကျွန်ဘဝတွင် ပြန်လည်ထားလိုသော ဗြိတိသျှနယ်ချဲ့စနစ်ဆိုးနှင့် ယင်းစနစ်ဆိုးကို အကောင်အထည်ဖော်ရသည့်အရေးပိုင်။

သမဂ္ဂအဆောက်အဦးသို့ သံတွဲမြို့မိမြို့ဖများနှင့်တကွ ပြည်သူလူထုအား မီးပူကြွက်တိုက် ဖိတ်ခေါ်သည်။ နာရီပိုင်းအတွင်း ယင်းအဆောက်အဦးတွင် လူများပြည့်လျှံသွားသည်။ အဆောက်အဦးပတ်ဝန်းကျင်တွင်လည်း ရာပေါင်းများစွာသောပြည်သူလူထုဖြင့် အုတ်အုတ်သဲသဲဖြစ်နေ၏။ ဆရာတော်နှင့်ကျနော် နိုင်ငံရေးတရား ဟောပြောကြသည်။ နိုင်ငံရေးတရားပွဲများစွာတွင် ဆရာတော်နှင့်ကျနော် ဟောပြောခဲ့ဝေဟောပြောခဲ့ကြသည့်အတိုင်း ဟောပြောကြ၏။ အထူးသဖြင့် သံတွဲသူပုန်မီးတောက်လောင်အောင် ပြုသော ဗြိတိသျှနယ်ချဲ့နှင့် နယ်ချဲ့ဒလံအရေးပိုင်ဖြစ်ကြောင်းတို့ကို ကျနော်တို့ အကျယ်တဝင့်ရှင်းပြကြသည်။ သံတွဲသူပုန်ကို သွေးနှင့်ကူမည်ဟု ဆရာတော်နှင့် ကျနော် ရဲရင့်စွာ ကတိပေးလိုက်ကြ၏။ နိုင်ငံရေးတရားပွဲအပြီး သံတွဲသူပုန်ကိုဖြေရှင်းရန် သမဂ္ဂခေါင်းဆောင်များနှင့်အတူ ဆရာတော်နှင့်ကျနော်တို့ အဖြေရှာဖွေကြသည်။ ဘက်စုံဒေါင့်စုံ အမျိုးမျိုးအကြိတ်အနယ် နာရီပေါင်းအတော်ကြာ ဆွေးနွေးကြ၏။ အာဏာရှင်ဆန်သောအရေးပိုင်ကို နိုင်ငံရေးစည်းရုံးရေးနှင့် လူထုတိုက်ပွဲများဖြင့် အကြပ်ကိုင်ကြရေးကို တဖက်မှပြုပြီး သူပုန်ခေါင်းဆောင်များကိုလည်း ဖျောင်းဖျကြရန် သဘောတူညီကြပါသည်။ ကျနော်တို့အား သမဂ္ဂခေါင်းဆောင်များက စားကောင်းဘွယ်ရာများဖြင့် ညနေစာကို ကျွေးမွေးဧည့်ခံကြပါသည်။

မနက်ဖြန် စစ်တွေပြန်ထွက်မည့် ကျနော်တို့ စီးနင်းလာသော မီးသင်္ဘောဖြင့် လိုက်နိုင်ရေးအတွက် သင်္ဘောဆိပ်ရှိရာ ကင်းမော်ရွာသို့ ဆရာတော်နှင့် ကျနော်တို့ ညနေဆည်းဆာအချိန်တွင် သံတွဲမှမော်တော်ကားဖြင့် ထွက်လာကြ၏။ ကင်းမော်ရွာတွင် ဆရာကြီးဦးရွှေကျင် (သံတွဲခရိုင် သန့်ရှင်းဖဆပလခေါင်းဆောင်ဟောင်း ဦးရွှေကျင်) စသော နိုင်ငံရေးခေါင်းဆောင်များနှင့် ဆရာတော်နှင့်ကျနော်တို့ ကမ္ဘာ့နိုင်ငံတကာရေးရာ၊ အမျိုးသား လွတ်လပ်ရေးတိုက်ပွဲနှင့် အမျိုးသားညီညွတ်ရေးပြဿနာ၊ လက်ရှိသံတွဲသူပုန်ကိစ္စများကို ဆွေးနွေးကြပါသေးသည်။ ကင်းမော်ရွာတွင်ပင် ဆရာတော်နှင့်ကျနော်ပြည်သူလူထု တထောင်ခန့်ကို နိုင်ငံရေးတရား

ဟောပွဲတစ်ရပ်လည်း ပြုလိုက်ကြပါသေးသည်။ ညဥ့် ၁၀နာရီခန့်တွင် ရင်တထိတ်ထိတ်ဖြင့် ကင်းမော်တစ်ဘက်ကမ်းသို့ ဆရာတော်၊ ကိုဘိုးနွယ်နှင့် ကျနော်လှေငယ်တစ်စီးဖြင့် တိတ်တဆိတ်ကူးသွားကြ၏။ တောင်ကုတ်မှ ကျနော်တို့နှင့်အတူ သံတွဲမှလိုက်လာသော ကိုဘိုးနွယ်၏ စီစဥ်ပေးသည့်အတိုင်း သံတွဲသူပုန်ခေါင်းဆောင်များ ၂နှင့် ကျနော်တို့ မျက်နှာစုံညီဆွေးနွေးရန် ခရမ်းမော်သို့ လာကြခြင်းဖြစ်၏။ သံတွဲသူပုန်များကို သံတွဲအရေးပိုင်က ပစ်ခတ်ရေးအမိန့်ပေးထားသည်။ သူပုန်များနှင့်ကျနော်တို့ မျက်နှာစုံညီဆွေးနွေးနေစဉ် အချိန်မရွေးလာရောက်နိုင်သည့် ပုလိပ်တပ်နှင့် စစ်တပ်များက ပစ်ခတ်လျှင် ဆရာတော်နှင့်ကျနော်တို့ သေနတ်များအောက်တွင် အသက်ပျောက်သွားနိုင်သည်။ ထကြွသောသူပုန်များနှင့် ဆွေးနွေးမှုအဆင်မပြေ၍ သူတို့ဖမ်းဆီးထားလျှင်လည်း ကျနော်တို့ ခံရမည်။ သို့သော် ကျနော်တို့ တဆံခြည်မျှမကြောက်၊ ကျနော်တို့ ကျောရိုးသည် ကြံ့ခိုင်သော နယ်ချဲ့စနစ် ဆန့်ကျင်သော ပြည်သူလူထု အားမာန်ဖြင့်ထောက်ထား၍ ကျနော်တို့ အနည်းငယ်ပင် မစိုးရိမ်၊ တဆံခြည်မျှမကြောက်။

ခရမ်းမော်ရွာသို့ ဆရာတော်နှင့်ကျနော်တို့ ရောက်သွားချိန်တွင် ညဥ့်သန်းခေါင်ယံခန့်ဖြစ်နေပြီ။ သံတွဲခရိုင်သည် ပျဉ်းကတိုးသစ်များ ပေါကြွယ်ဝသဖြင့်၊ စစ်တွေခရိုင်ရှိ လယ်သမားအိမ်များကဲ့သို့ ဓနိမိုး၊ ဝါးခင်းအိမ်များ မရှိသလောက်ရှားပါးသည်။ ပျဉ်းကတိုးအိမ်တိုင်၊ ပျဉ်းကတိုးကြမ်းခင်း၊ ပျဉ်းကတိုးပျဉ်ထောင်ဖြင့် ဓနိမိုးထားသောအိမ်များသာဖြစ်ကြသည်။ ခရမ်းမော်ရွာ အိမ်ကြီးရခိုင်တအိမ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်လာကြသော ကြယ်နီပြောက်ကျားခေါင်းဆောင် ဦးအောင်မြ(နောင်တိုင်းပြုပြည်ပြုလွှတ်တော်အမတ် ဦးအောင်မြ) ကိုသာထွန်းအောင်တို့ကို အဆင်သင့်တွေ့ရ၏။ သူတို့နှင့်ကျနော်တို့ ကမ္ဘာ့နိုင်ငံတကာရေးရာ၊ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲရေးရာ၊ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးရာများကို ကျယ်ပြန့်စွာ ပွင့်လင်းစွာ အကြိတ်အနယ် ဆွေးနွေးကြ၏။ သူတို့နှင့် ကျနော်တို့ နိုင်ငံရေးခံယူချက်များနှင့်တကွ ရှေ့လုပ်ငန်းစဉ်များပါ တထပ်တည်းကိုက်ညီကြသည်။ ဗြိတိသျှနယ်ချဲ့ ကိုလိုနီကျွန်ဘဝမှ မြန်မာပြည်တဝှမ်းနှင့် တပြိုင်တည်း လက်နက်ကိုင် တော်လှန်ရေးဖြင့် ရုန်းထွက်ရမည်။ တော်လှန်ရေးအင်အားစုများ တပိုင်းစီ၊ တပိုင်းစီတော်လှန်ခြင်းသည် ဗြိတိသျှနယ်ချဲ့အား အလွယ်တကူ ချိုးနှိမ်ခြေမှုန်းပစ်ရန် လမ်းဖွင့်ပေးခြင်းသာဖြစ်သည်။

ယင်းကြောင့် လက်ငင်းအားဖြင့် ဥပဒေတွင်း တိုက်ပွဲကို ဆင်နွှဲရမည်ဟုဆိုကာ၊ ဆရာတော်နှင့်ကျနော်က သူတို့အား ဥပဒေတွင်းသို့ ဝင်လာရန် ဖိတ်ခေါ်လိုက်သည်။ ဆရာတော်နှင့်ကျနော်တို့ လက်ထဲတွင် သူတို့ထက်များစွာသောလက်နက်များနှင့် မြေအောက်တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များရှိသည်ကို သူတို့ကောင်းစွာသိကြသည်။ သူတို့ဥပဒေတွင်းသို့ ဝင်လာလျှင် သူတို့ယခုစွဲကိုင်ထားသောလက်နက်များကို ဗြိတိသျှစစ်တပ်ပုလိပ်တပ်ထံ ပေးအပ်ရမည်လားဟု မေးခွန်းထုတ်သည်။

ဆရာတော်တောခိုဝရမ်းပြေးဘဝမှ မောင်းကျိုးမောင်းပျက်သေနတ်အနည်းငယ်ကို ဆရာတော်တပည့်ကျောက်ငွေ့သား ရွာသူကြီး ဦးထွန်းဖြူအောင်ထံမှတဆင့် မြေပုံမြို့ပိုင်သို့ ပေးအပ်ခဲ့ပြီး ဥပဒေတွင်းရောက်ခဲ့သည့် လုပ်နည်း လုပ်ဟန်နှင့်တကွ ဥပဒေတွင်းလုပ်ရပ်များဖြင့် ဥပဒေပ မြေအောက်တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များကို အကာအကွယ်ပြုထားသော ကျနော်တို့ လက်တွေ့လုပ်ငန်းဆောင်တာများကို ဆရာတော်နှင့်ကျနော်တို့ အသေးစိတ်ရှင်းလင်းပြောဆိုကြပြသည်။

ဆန်လုပွဲကြောင့် သူတို့အား သံတွဲအရေးပိုင်က ထုတ်ဆင့်ထားသော ဝရမ်းကိစ္စ မည်သို့လုပ်မည်လဲဟု သူတို့စောဒကတက်ကြသည်။ ဆန်လုပွဲကြောင့် ထုတ်ဆင့်ထားသော လူဖမ်းဝရမ်းကို သံတွဲပုလိပ်သမဂ္ဂနှင့် စာရေးစာချီသမဂ္ဂများဖြင့် ဆွေးနွေးပြီးခဲ့ပြီ။ လိုအပ်လျှင် ရခိုင်တိုင်းမင်းကြီးသစ် ဦးမောင်ကျော်အား ပြောပေးမည်။ ကျနော်တို့ အကြွင်းမဲ့တာဝန်ယူ ဆောင်ရွက်ပေးမည်ဟု ဆရာတော်နှင့် ကျနော်တို့ အာမခံချက်ပေးလိုက်၏။ ဥပဒေတွင်းသို့ သူတို့ဝင်ကြမည်ကို သူတို့ကတိပေးသည်။

တော်လှန်ရေးသမားများ ရုပ်အသွင်အတိုင်း သူတို့သည် ကြမ်းတမ်းခက်ထန်သော ရုပ်လက္ခဏာရှိသော်လည်း သူတို့၏ကိုယ်ကျိုးမဖက်သော စိတ်ဓာတ်ကြောင့် သူတို့ကတိတည်မည်ကု ကျနော်တို့ တထစ်ချယုံကြည်

သည်။ သူတို့အား မြေပုံတပ်ပေါင်းစု ညီလာခံသို့ တက်ရောက်လာကြရန် ဆရာတော်နှင့် ကျနော်တို့ ဖိတ်ခေါ်ပြီး လူချင်းခွဲကာ ကင်းမော်ရွာသို့ ကျနော်တို့ ပြန်လာကြသည်။

ဆရာတော် နှင့်ကျနော်တို့ ရည်မှန်းခဲ့သည့်အတိုင်း သံတွဲသူပုန်ပြဿနာကို အေးဆေးသောနည်း၊နိုင်ငံရေးနည်းဖြင့် ကျနော်တို့ အောင်မြင်စွာ ဖြေရှင်းခဲ့ကြပြီ။ ကင်းမော်ဆိပ်ကမ်းမှ နံနက်စောစောထွက်သည့် အာရကံဖလိုတီးယား သင်္ဘောဖြင့် ကျနော်တို့ လိုက်ပါလာကြ၏။ အစိုးရအာဏာရဟူ၍ တရွေးသားမျှ မရှိသော ဆရာတော်နှင့် ကျနော်တို့ နိုင်ငံရေးဩဇာတိက္ကမဖြင့် သံတွဲသူပုန်ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ဗြိတိသျှနယ်ချဲ့၏ချိုးနှိမ်ခြေမှုန်းမည့်ဘေးမှ တော်လှန်ရေးအင်အားစုတစ်ရပ်ကို ကူညီဖေးမနိုင်သည့်အတွက် ကျနော်တို့ အစားပျက်ခံ ညဥ့်အအိပ်ပျက်ခံကာ ပင်ပန်းနွမ်းရိခဲ့ကြသော်လည်း ကျနော်တို့ နှလုံးသားများ ပီတိဖြစ်နေကြပါသည်။

တောင်ကုတ်မြို့ဆိပ်ကမ်းတွင် မီးသင်္ဘောဆိုက်ကပ်စဉ် ကွဲနွားရောင်းဝယ်သော ကုန်သည်များ၏ အကူအညီဖြင့်ရောက်နေသော အလံနီပါတီကိုယ်စားလှယ် ကိုအောင်လင်း( သံချောင်မောင်ကွာရွာတွင် သွေးအေးအေးဖြင့် လုပ်ကြံသတ်ဖြတ်ခံသွားရသော ကိုမင်းလွင်၊ ကိုဝေကျော်၊ ကိုဦးစိန်ထွန်း၊ ကိုငတောက်တို့နှင့် အတူ အသတ်ဖြတ်ခံသွားရသော အလံနီပါတီ ဗဟိုကော်မီတီ ရဲနီအောင်လင်း)ကို ဆရာတော်နေသော အထူးခန်းသို့ ပို့ထားလိုက်၏။

မီးသင်္ဘောသည် သူ့ခရီးစဉ်အတိုင်း ရမ်းဗြဲဆိပ်ကမ်းတွင် ဆိုက်သည်။ နံနက်စာထမင်းကို ဤဆိပ်ကမ်းတွင်စားကြသည်။ ကယုကမာပေါသဖြင့် သင်္ဘောခရီးသည်များအား ကယုကမာကြော်များကို အိုးတလုံးလိုက် ရောင်းကြသည်။ ကယုကမာအိုးသုံးလုံးခန့် ဝယ်ပြီး ကျနော်တို့ အဝအပြဲစားကြ၏။

ကျောက်ဖြူမြို့ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်လျှင်ကပ်ချင်း ကျနော် ကျောက်ဖြူထောင်သို့ သုတ်ခြေတင်လေ၏။ ကျောက်ဖြူထောင်တွင် သံဆူးကြိုးဝင်း ချုပ်နှောင်ခံနေရသော ကိုကံကြီး (ယခု အမှတ် ၅ အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ ဦးကံကြီး) ကို ကျနော်သွားတွေ့သည်။ သူသည် ကျနော်တို့နှင့် ကျောင်းသားသမဂ္ဂခေတ်ကပင် ကျောင်းသားလူငယ်များကို ခေါင်းဆောင်ခဲ့သူဖြစ်သည်။ မြောင်းဘွေကျောင်းတွင် အထက်တန်းပြဆရာတစ်ဦးလည်းဖြစ်သည်။ အဆက်မပြတ် ကျနော်တို့နှင့်ထပ်တူ နိုင်ငံရေးတာဝန်များကို တာဝန်ထမ်းဆောင်လာသူလည်းဖြစ်သည်။ ယခု သူ့အား လက်နက်ပုဒ်မများဖြင့် ဖမ်းဆီးကာ ကျောက်ဖြူတွဲဘက် စက်ရှင်တရားသူကြီးရုံးတွင် တရားစွဲခံနေရသည်။

သူ့ကို သံဆူးကြိုးအတွင်း တွေ့ရသည်ကို ကျနော်များစွာ စိတ်မကောင်း။ သူ့အား သံတွဲသူပုန်ကိစ္စကို နိုင်ငံရေးနည်းဖြင့် ကျနော်တို့ လက်ငင်းဖြေရှင်းနိုင်ခဲ့သည်မှအစ ကျနော်တို့ လုပ်ရပ်များနှင့် မြေပုံတပ်ပေါင်းစု ညီလာခံ ကျင်းပရေးအောင်မြင်မှုများကို ပြောပြသည်။ သူ့အား စွဲထားသော မှုခင်းဖြစ်ရပ်များကိုလည်း ကျနော် မေးမြန်းသည်။ သူ့ကို ပြည့်သွင်ရွာမှ လက်နက်သိမ်းမှုနှင့် သူ့ထံမှ ကျည်ဆံ ၄-ထောင့်ရရှိသည်ဆိုမှုများဖြင့် မဟုတ်မဟပ် စွပ်စွဲဖမ်းဆီးထားခြင်းကို ပြောပြသည်။ သူအဖမ်းခံရသည်မှာ ကျနော့်ပယောဂမကင်း၊ ကျနော့်တွင် အကြွင်းမဲ့ တာဝန်ရှိနေသည်။

ကိုကံကြီးနှင့် ကိုဘအေး (ယခု ရန်ကုန်ကန်တော်ကလေး ကျောင်းဆရာ) နှစ်ဦးကို ကြာအင်းတောင်ပြည်သူ့ညီလာခံအပြီး၊ ရန်ကုန်လူငယ်များဌာနချုပ်သို့ ရန်ပုံငွေ သုံးထောင်ပေးပြီး လူငယ်ရေးရာများကို သင်ယူကြရန် ကျနော်ပို့ခဲ့သည်။ လူငယ်ရေးရာများကို သုံးလခန့် ကိုကံကြီး သင်ယူခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဖဆပလအဖွဲ့က ဘုရင်ခံအတိုင်ပင်ခံအဖွဲ့ဝင် လုပ်ဆောင်၍ ၂လကျော်ခန့်တွင် ကြာအင်းတောင်၊ ကမ်းထောင့်ကြီး စသောရွာပေါင်းများစွာကို ဗြိတိသျှစစ်တပ်၊ ပုလိပ်စစ်တပ်များတက်ရောက်ပြီး ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးသွားသည်။ ဗိုလ်ချုပ်အောင်ဆန်း အစိုးရက စေခိုင်း၍ မီးရှို့ရခြင်းဖြစ်သည်ဟူ၍လည်း စစ်ဖက်၊ ပုလိပ်ဖက်အရာရှိများက ဝါဒဖြန့်ကာ ဗိုလ်ချုပ်အောင်ဆန်းအစိုးရနှင့် ကျနော်တို့ ပဋိပက္ခဖြစ်အောင် ခြေထိုးသွားကြသေးသည်။ ကမ်းထောင့်ကြီး ရွာလုံးကျွတ် မီးရှို့ခံရမှုကြောင့်လည်းကောင်း၊ လက်နက်

ဆို အပ်ကျိုးတစ်ချောင်းမျှ မပါသောလူငယ်ခေါင်းဆောင် ကိုဘအေးအား အထူးပုလိပ်တပ်ဖွဲ့ အင်စပက်တော် ဦးဘိုးအောင်တို့ ပစ်သတ်သွားခြင်းကြောင့်လည်းကောင်း၊ တောင်ပိုင်းတိုင်း မြေအောက်တော်လှန်ရေး တပ်ဖွဲ့ များနှင့် လူထုလူတန်းစား အဖွဲ့အစည်းများက သောင်းကျန်းနေသော ဗြိတိသျှစစ်တပ်နှင့် ပုလိပ်တပ်တို့အား လက်နက်ဖြင့် ပြန်လည်ခုခံတွန်းလှန်ရေးကို အားတက်သရောတောင်းဆိုလာကြသည်။

ယင်းကိစ္စများကို ဖြေရှင်းနိုင်ရန် ကိုကံကြီးအား အထူးတာဝန်သတ်မှတ်ပြီး တောင်ပိုင်းသို့ ကျနော်ပို့ ခဲ့သည်။ ကိုကံကြီးတို့သည် တရားဝင်ဖွဲ့စည်းထားသော ရခိုင်ပြည်လူငယ်များအစည်းအရုံးခေါင်းဆောင်များ ဖြစ်၍ စစ်တပ်၊ ပုလိပ်တပ်တို့အား ရှောင်တိမ်းနေရန်မလိုဟု ကျနော်ပြောဆိုညွှန်ကြားလိုက်သည်။ ယင်းကြောင့် ကိုကံကြီး စစ်တပ်၊ ပုလိပ်တပ်တို့နှင့် ရင်ဆိုင်အတွေ့ခံသည်။ ယခု ကိုကံကြီး ဗြိတိသျှလက်ပါးစေ ပုလိပ်အင်စပိတ္တော် (ရဲမှူး)မောင်စိန်၏ လုပ်ဇာတ်ခင်းခံရပြီး မဟုတ်မမှန်သော ပုဒ်ထီးပုဒ်မများဖြင့် တရားစွဲ ခံရပြီ။ ပြည့်သွင်ရွာမှ လက်နက်သိမ်းပွဲဆင်ကြစဉ်က ကိုကံကြီး ရန်ကုန်တွင် လူငယ်ရေးရာသင်တန်း သင်ကြား နေချိန်ဖြစ်၏။

ကိုကံကြီး လွတ်ရေးအတွက် အစွမ်းကုန်ကြိုးစားမည်၊ ရခိုင်တိုင်းမင်းကြီးသစ် ဦးမောင်ကျော်အား လည်း ပြောပေးမည်။ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းထံလည်း စာရေးမည်ဟု ကိုကံကြီးအား ကျနော်ပြောပြ ၏။ ကျနော်ဂတိပေးခဲ့၏။ ယင်းမီးသဘော်ဖြင့်ပင် ကျနော်တို့ စစ်တွေမြို့သို့ လိုက်သွားကြသည်။ ရခိုင်တိုင်းမင်း ကြီး ဦးမောင်ကျော်အား တိုင်းမင်းကြီးနေထိုင်သောနေအိမ်တွင် ကိုလှထွန်းကျော်တို့နှင့်အတူ ကျနော်တို့ သွားရောက်တွေ့ဆုံကြပါသည်။ ကျနော်တို့အား မင်းကြီး ဦးမောင်ကျော် ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးပြီး ဧည့်ခံ၏။ ကျနော်တင်ပြသောပြဿနာများကိုလည်း ကောင်းစွာလက်ခံ၏။ ကျနော်က သံတွဲသူပုန်ပြဿနာကို သူပုန်ခေါင်းဆောင်များနှင့် ကျနော်တို့ဆွေးနွေးသဘောတူချက်များအား မကွယ်မဝှက်ဘဲ ပြောပြသည်။ မကြာမီ သူပုန်များ လက်နက်အနည်းငယ်စွန့်ပြီး ဥပဒေတွင်းသို့ ဝင်လာကြမည်။ ယင်းသို့ဥပဒေတွင်းသို့ ဝင်လာသူများ အား ဆန်တိုက်ပွဲကြောင့်ဖြစ်စေ၊ တစုံတရာအပြစ်ရှာပြီး တရားစွဲဆိုခြင်းမရှိရအောင် သံတွဲခရိုင်အရေးပိုင်နှင့် သံတွဲခရိုင်ရဲဌာနများထံ အကြောင်းကြားပေးရန် တင်ပြသည်။ မင်းကြီး ဦးမောင်ကျော် သဘောတူလက်ခံ၏။

ကိုကံကြီးအား လွတ်ရေးကို ကျနော်အကျယ်တဝင့် ရှင်းပြတောင်းဆိုပြန်သည်။ ရုံးသို့ရောက်နေသော မှုခင်းများကို ရုပ်သိမ်းရန် တရားရေးဌာနကသာ ပြုလုပ်နိုင်သည်ဟု မင်းကြီးဦးမောင်ကျော်ပြောပြ၏။ သို့သော် မှုခင်းဖြစ်စဉ်အတွင်း အာမခံဖြင့် နေထိုင်ရအောင် သူကြိုးပမ်းပေးမည်ဟု ဂတိပြု၏။ ဆရာတော်ဦးစိန္တာနှင့်တန်း တူ တောခိုဝရမ်းပြေးခဲ့ရသော သူများ၏အမည်များနှင့်တကွ နေရပ်လိပ်စာများကို သူ့လက်ထဲ ကျနော်ပေး အပ်သည်။ ရန်ကုန်တွင်ရှိစဉ်က သူနှင့်ကျနော်သဘောတူခဲ့သည့် မြေပုံတပ်ပေါင်းစု ညီလာခံမတိုင်မီ တောခို ဝရမ်းပြေး နိုင်ငံရေးသမားများအား အကြွင်းမဲ့လွှတ်ပစ်ရန် ကျနော်တင်ပြ၏။

သူကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက်ဆောင်ရွက်ပေးမည်။ ပုလိပ်ဌာနအသီးသီး မှ ဘမ်းဆီးရန် ဝရမ်းထုတ်ဆင့်ထားသူများ၏ အမည်စာရင်းကို တောင်းယူလိုက်မည်ဟု တိကျစွာ သူရှင်းပြ၏။ ဥပဒေပ မြေအောက်တော်လှန်ရေးတပ်ဖွဲ့များအတွက် လိုအပ်သော အကာအကွယ်များကို သူနှင့်ကျနော် ဆက်လက်ဆွေးနွေးကြပါသည်။ ဆွေးနွေးပွဲအောင်မြင်စွာ ပြီးစီးခဲ့လေပြီ။ ကိုလှထွန်းကျော်သည် ဆရာတော် ဦးစိန္တာနှင့်ကျနော်တို့ ပါတီအဖွဲ့အစည်းများ၏ စစ်တွေမြို့တွင်း ကိုယ်စားလှယ်လည်း ဖြစ်သည်။ ခေါင်းဆောင် လည်း ဖြစ်သည်။

ယင်းကြောင့် အစစအရာရာကို ဤသူနှင့်ဆွေးနွေးနိုင်ပါသည်ဟု ရှင်းပြကာ ဒင်းရဲဘော် လှထွန်းကျော် နှင့် မင်းကြီးဦးမောင်ကျော်ကို ဂဟေဆက်ပေးလိုက်သည်။ ကျနော်တို့နှစ်ဦး ရွှင်လန်းသောနှလုံးသားဖြင့် သူ့အိမ်မှ ထွက်လာကြ၏။ စစ်တွေမြို့ ကေဒါရဲဘော်များနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များကို အထပ်ထပ်ဆွေးနွေးပြီးလေပြီ။ ပုလိပ်သမဂ္ဂမှဘိတ်ခေါ်၍ ပုလိပ်သမဂ္ဂအဆောက်အဦးတွင် နိုင်ငံရေးတရားဟောပွဲနှင့် ဆွေးနွေးပွဲကျင်းပရေး လည်း ပြီးလေပြီ။ ကျနော်တို့ ဌာနချုပ်တည်ရာ ကြာအင်းတောင်သို့ ကျနော် ဒုန်းစိုင်းပြန်လာလေတော့၏။

## တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ

မြေပုံတပ်ပေါင်းစုညီလာခံအောင်ပွဲရရေးအတွက် ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ မနားမနေ ဒုန်းစိုင်း ဆောင်ရွက်နေကြရသည်။ လူပေါင်း ၆-သောင်းကျော်တက်ရောက်မည့် မဏ္ဍပ်ကနားနှင့် လူပေါင်း ၆-သောင်း ကျော် သုံးရက်တိုင်တိုင် စားသောက်ရေးမှစပြီး၊ ကျန်းမာရေးထိ တာဝန်ယူရမည့် ကိစ္စအရပ်ရပ်တို့ကို နေ့မအား ညမအားဘဲ စီမံခန့်ခွဲနေကြရပါသည်။

ဤသို့မရပ်မနား ဆောင်ရွက်နေရစဉ် မြန်မာ့အလင်း ဦးတင်(ဖဆပလဌာနချုပ် အလုပ်အမှုဆောင်) ဦးဗဆွေ( ဖဆပလဌာနချုပ် အထွေထွေအတွင်းရေးမှူး)နှင့် ဗိုလ်မှူးအောင်တို့ ရောက်နေကြကြောင်း၊ တိုင်းပြု ပြည်ပြုလွှတ်တော်အမတ်လောင်းများ ရွေးချယ်နေကြကြောင်း၊ ကျနော်နှင့်သူ့ကို အမတ်လောင်းအဖြစ် ပါဝင် ဆောင်ရွက်ရန်၊ ကိုဗဆွေဆန္ဒပြင်းထန်စွာ ဖြစ်လျက်ရှိကြောင်းတို့ကို ကိုမောင်စိန်လှစာတွင် ဖော်ပြထားသည့်ပြင် အမတ်လောင်းအဖြစ်ပါဝင်ရေး၊ မပါဝင်ရေးမှာ ဆရာတော်ဦးစိန္တာနှင့် ကျနော့်အဆုံးအဖြတ်ပေါ် မူတည်နေ သည်ဟု သူတို့ရှင်းပြလိုက်၍ ဆရာတော်နှင့် ကျနော်တို့အား ဆွေးနွေးရန် ၎င်းအဖွဲ့ရောက်ကြမည်ဖြစ်ကြောင်း များပါဝင်သည့် စာတစ်စောင် ကိုမောင်စိန်လှထံမှ ကျနော့်ထံရောက်လာသည်။ အလားတူစာမျိုး စစ်တွေမြို့ ကုလှထွန်းကျော်ထံမှလည်း ကျနော့်ထံရောက်ရှိ၏။ ယင်းကြောင့် မြန်မာ့အလင်း ဦးတင်၊ ကိုဗဆွေတို့ထံ ဆရာတော်နှင့် ကျနော်တို့အား ကျောက်ငွေးရွာတွင် တွေ့ဆုံနိုင်ကြောင်း စာပြန်လိုက်သည်။ ဆရာတော်နှင့် တကွ လုပ်ဖော်ကိုင်ဘက်များကိုလည်း ကျနော်ရွေးကောက်ပွဲမဝင်ကြောင်းကို ကျနော်ပြတ်သားစွာတင်ပြထား သည်။

ရွေးကောက်ပွဲဝင်လိုသူရှိကလည်း နာမည်သွင်းကြရန် ကျနော်တိကျစွာပြောဆိုထား၏။ ရွေးကောက်ပွဲ ဖြင့် ဗြိတိသျှနယ်ချဲ့သမားများထံမှ စစ်မှန်သောလွတ်လပ်ရေးကို ရမည်ဟု ကျနော်မယုံကြည်။ ပြည့်ဝသော အမျိုးသားလွတ်လပ်ရေးကို ဗြိတိသျှနယ်ချဲ့စနစ်ဆိုးအား လက်နက်စွဲကိုင်တိုက်ဖျက်ယူမှ ရမည်ဟု ကျနော် ယုံကြည်နေသည်။ ယင်းကြောင့် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကို ကျနော်မဝင်လို။

၁၉၄၇ခု မတ်လတွင် မြန်မာ့အလင်း ဦးတင်၊ ကိုဗဆွေနှင့် ဗိုလ်မှူးအောင်တို့ ကျောက်ငွေးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာကြပါသည်။ ဆရာတော် ဦးစိန္တာ၏ကျောင်းတိုက်တွင် ဆရာတော်ဦးစိန္တာနှင့် တကွ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ဌာနချုပ် ဥက္ကဋ္ဌ ဦးဘိုးဦးတို့နှင့် ကျနော်တို့ပါ မျက်နှာစုံညီတက်ရောက်ကြပါ သည်။ စည်းဝေးစလျှင်စခြင်း ကျနော်တို့နှင့်ပြောမနာဆိုမနာဖြစ်နေသော ကိုဗဆွေက ဆရာတော်တို့အဖွဲ့မှ အနည်းဆုံး (၂)ဦး (၃)ဦးခန့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲသို့ ဝင်သင့်ကြောင်း၊ အထူးသဖြင့် ကိုသာ ကျော် (ကျနော်)နှင့် ကိုစိန်လှ (ယခု ကျောင်းဆရာ ကိုမောင်စိန်လှ) တို့ ဝင်ရောက်အရွေးခံသင့်ကြောင်းတို့ကို နိုင်ငံရေးအခြေအနေများနှင့်တကွ တိုင်းပြုပြည်ပြုလွှတ်တော်မှ လွတ်လပ်ရေးအရေးဆိုမည့်အချက်အလက်များ နှင့် လွတ်လပ်ရေးမရက တော်လှန်ရေးဖြင့် အရယူမည်ဖြစ်၍ လွှတ်တော်သည် တော်လှန်ရေးလွှတ်တော်ဖြစ် ရန် လိုကြောင်း စသော အခြေခံအချက်များကို စိတ်ရှည်လက်ရှည်ရှင်းလင်းပြသည်။

ကိုဗဆွေပြော၍ပြီးလျှင် ပြီးချင်း ဆရာတော်ပြောရန် စောင့်မနေတော့ဘဲ၊ စိတ်မြန် နှုတ်မြန်သော ကျနော်ကစ၍ပြောလေသည်။ ကိုဗဆွေသည် အစိုးရအဖွဲ့ ဝန်ကြီးရာထူးမယူဘဲ နိုင်ငံရေးစည်းရုံးရေးတို့ကို ဇောက်ချလုပ်လို၍ ဖဆပလဌာနချုပ်တွင် အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်နေသလို၊ ကျနော် လည်း ဤလိုနိုင်ငံရေးနှင့် စည်းရုံးရေးစသော တာဝန်များကိုသာ ထမ်းဆောင်လိုပါသည်။

ရွေးကောက်ပွဲ မဝင်လိုပါ။ ကိုမောင်စိန်လှထံမှလည်း ကျနော့်ထံ စာရောက်နေသည်။ သူလည်း ရွေး ကောက်ပွဲဝင်ရန် ဆန္ဒမရှိပါ။ ယင်းကြောင့် ရွေးကောက်ပွဲဝင်လိုသူများ ရှိကြ ဝင်ကြပါ၊ ကူညီပါမည်၊ ကျနော်တို့ ဗြိတိသျှနယ်ချဲ့ကို တော်လှန်ရန်အသင့်ရှိနေရာ အမျိုးသားလွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့အား တော်လှန် ရန် ကျနော့်အား နိုင်ငံရေး၊ စည်းရုံးရေးလုပ်ငန်းများကိုသာ ဇောက်ချလုပ်ခွင့်ပေးကြပါဟု ကျနော်တိကျစွာ ပြောဆိုတင်ပြလိုက်၏။

မြန်မာ့အလင်း ဦးတင်၊ ဗိုလ်မှူးအောင်တို့ကလည်း တိုင်းပြုပြည်ပြုလွှတ်တော်၏ အနှစ်သာရ အသွင်သဏ္ဍာန်များကို ရှင်းပြကြပါသည်။ ရွေးကောက်ပွဲဝင်ရန် တိုက်တွန်းကြပါသည်။ ကျနော်တို့ထံမှ တစ်ဦးတစ်ယောက်မျှ ရွေးကောက်ပွဲဝင်လိုသူမရှိ။ ရွေးကောက်ပွဲမဝင်သည်မှာ ဖဆပလနှင့် ဆိုရှယ်လစ်ပါတီကို အတိုက်ခံပြုနေကြသော အခြားပါတီများက ကြွေးကြော်သည့်-

“ရွေးကောက်ပွဲ သပိတ်မှောက်. . . သူပုန်. . . . သူပုန်. . . ထ. . . ထ”ကြွေးကြော်သံကို ပိုက်ထွေးထား၍ သူပုန်ထရန် ရွေးကောက်ပွဲကို သပိတ်မှောက်ခြင်းလည်း မဟုတ်ကြပါ။ ရွေးကောက်ပွဲဝင်လျှင် ရှုံးမည်ဆိုး၍မဝင်ခြင်းလည်း မဟုတ်ကြပါ။ ကျနော်တို့ရွေးကောက်ပွဲဝင်လျှင် ဆရာတော်ဦးစိန္တာ၏ နိုင်ငံရေးသြဇာ တိက္ကမနှင့်တကွ ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်နှင့်လူငယ်များ အစည်းအရုံး၏နိုင်ငံရေးအရှိန်အဝါကြောင့်လည်းကောင်း၊ ကျနော်တို့ကိုယ်တိုင်လည်း ပုဂ္ဂိုလ်ရေးရာ အရှိန်အဝါရှိနေခြင်းကြောင့်လည်းကောင်း၊ လက်တွေ့မြေယာဝေငှရေး လမ်းစဉ်ဖြင့် မြေဆီမြေခွန်မပေးဘဲ လယ်လုပ်သူ လယ်ပိုင်ဖြစ်နေကြခြင်းကြောင့်လည်းကောင်း၊ ခိုင်မာသော မြေအောက်တော်လှန်ရေး လက်နက်ကိုင်အဖွဲ့များနှင့် အာဏာနီနယ်မြေကျယ်ပြန့်စွာထူထောင်နိုင်ပြီဖြစ်၍လည်းကောင်း၊ကျနော်တို့ လွယ်လင့်တကူရွေးကောက်ခံရမည်ကို ကျနော်တို့ သိပါသည်။

သို့သော် ငမိုက်သား ကျနော်တို့ တိုင်းပြုပြည်ပြုလွှတ်တော်သို့ မဝင်ကြ၊ ဗြိတိသျှနယ်ချဲ့တော်လှန်ရေးသာ ဆန္ဒအာသီသ ပြင်းပြနေကြ၏။ လေအေးခန်းအောက်တွင် အေးဆေးစွာနေရမည့် ကုလားထိုင်နှင့် ရာထူးကို မမက်။ သေတွင်းသေပေါက်ထဲ တိုးဝင်နေကြ၏။

ကျနော်တို့နှင့်ပြောမနာဆိုမနာဖြစ်နေသော ရဲဘော်စိတ်အပြည့်အဝရှိသော ကိုဗဆွေ(ထိုစဉ်က ဖဆပလ ဌာနချုပ် အထွေထွေအတွင်းရေးမှူး ဦးဗဆွေ)အား ကိုကံကြီးကို ပုလိပ်အင်စပိတ်တော်(ရဲမှူး) မောင်စိန်၏လုပ်ဇာတ်ခင်းမှုဖြင့် ပြည့်သွင်ရွာလက်နက်သိမ်းစဉ်က ကိုကံကြီး ရန်ကုန်တွင် လူငယ်ရေးရာ သင်တန်းတက်လျက် ရှိပါလျက်နှင့် ထိုလက်နက်သိမ်းမှုတို့ဖြင့် မတရားဖမ်းဆီးထားခြင်းနှင့်တကွ ရခိုင်တိုင်းမင်းကြီး ဦးမောင်ကျော်က အမှုဖြစ်စဉ်အတွင်း အာမခံဖြင့် နေထိုင်ခွင့်ပြုမည်ဟု ဂတိပေးထားသည့်တိုင် ယနေ့ထိ အာမခံမရသေးခြင်းတို့ကိုပြောပြပြီး၊ ကိုကံကြီးလွတ်ရေးအတွက် ဆောင်ရွက်ပေးရန် အားကိုးတကြီး ကျနော်ပြောဆိုတင်ပြလိုက်ပါသည်။ ကိုဗဆွေအား အပူကပ်လိုက်ပါသည်။

## မြေပုံတပ်ပေါင်းစု ညီလာခံ

ရခိုင်ပြည် ခေတ်သမိုင်းကို ရေးလျှင် လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ၊ မြေပုံတပ်ပေါင်းစု ညီလာခံကို မရေးသား၍မရနိုင်ပေ။ မြေပုံတပ်ပေါင်းစုညီလာခံထမြောက်ရေးအတွက် ရခိုင်ခေါင်းဆောင်များ အထပ်ထပ်အလီလီ စည်းဝေးဆွေးနွေးကြရသည်။ ခေါင်းချင်းရိုက်ရသည်။ အပူတပြင်း မီးပူဖုတ်တိုက် ဆွေးနွေးရသည်လည်း ရှိသည်။ အေးဆေးစွာပြောဆိုကြသည်လည်းရှိသည်။ သဘောတူချက်တစ်ခုရရန် အပြင်းအထန်ငြင်းခုံရသည်လည်း ရှိသည်။ ခက်ခဲမည်ထင်သော ပြဿနာရပ်တို့ကို မိနစ်ပိုင်းအတွင်း အားလုံးသဘောတူလက်ခံသွားသည်လည်းရှိသည်။ အမြင်ချင်းမတူသော ပါတီအဖွဲ့အစည်း အသီးသီးမှလာကြသော ခေါင်းဆောင်များ၏ ဆန္ဒကို ညှိနှိုင်းရသည်မှာ မလွယ်ကူ။

ရခိုင်တိုင်း ဖဆပလ၊ ရခိုင်တိုင်း ပြည်သူ့ရဲဘော်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်တိုင်း)၊ ရခိုင်ပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၊ ရခိုင်ပြည် လူငယ်များ အစည်းအရုံး၊ ရခိုင်ပြည်တောင်သူလယ်သမားများအဖွဲ့ချုပ်နှင့် ပုလိပ်သမဂ္ဂ၊ စာရေးစာချီသမဂ္ဂစသော လူထုအဖွဲ့အစည်းများ၏ဆန္ဒကို ညှိနှိုင်းယူနေရ၏။ ဆရာတော်ဦးစိန္တာ၊ ဆရာတော်ဦးပညာသီဟ၊ ဆရာတော်ဦးပညာဝံသ၊ ရခိုင်တိုင်းဖဆပလ၊ ရခိုင်တိုင်း ပြည်သူ့ရဲဘော်အဖွဲ့၊ ဗမာပြည် ကွန်မြူနစ်ပါတီ (ရခိုင်တိုင်း)တို့မှ ကိုကျော်မြ(ယခုတောခို ဗကပ ဗဟိုကော်မီတီ)ကုမောင်တူ(သေဆုံးသွားသော ဗကပရခိုင်ပြည်ခေါင်းဆောင်တစ်ဦး) ကိုညိုထွန်း (ဝန်ကြီးဟောင်း၊ ယခုသံအမတ်ကြီး) ကိုကြာလှအောင် (ထိုစဉ်က ရခိုင်တိုင်း ပြည်သူ့ရဲဘော်အဖွဲ့ ခေါင်းဆောင်)၊ ကိုဘစော

(ဝန်ကြီးဟောင်း၊ သံအမတ်ကြီး) ကိုသာထွန်း (ယခု သံအမတ်ကြီး) ကိုဘဟန် (တောခို ဗကပရေနစ်သေဆုံး)၊ ကိုဘိုးနွယ်(ယခု ဆောက်လုပ်ရေးကော်ပိုရေးရှင်း အမှုထမ်း) နှင့် ကျနော်တို့ဖက်မှ ဦးဘိုးဦး (ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ)နှင့်ကျနော်တို့ အမြဲလိုလို တွေ့ဆုံဆွေးနွေးကြရ၏။ ညှိနှိုင်းကြရ၏။ မြေပုံတပ်ပေါင်းစုဖြစ်မြောက်ရေးအတွက် ဆောင်ရွက်နေသော ပါတီအဖွဲ့အစည်းအားလုံးက သဘောတူလက်ဝယ်ထားရှိသည့် ဗြိတိသျှနယ်ချဲ့ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် လက်နက်စွဲကိုင်တော်လှန်ရေးနည်းဖြင့် အလွတ်ရုန်းထွက်မည်ဟူသော လမ်းစဉ်သည် အားလုံးသဘောတူလက်ခံထားသော လမ်းစဉ်ဖြစ်နေသည်။

ယင်းလမ်းစဉ်နှင့် ဆီလျော်သောဆုံးဖြတ်ချက်များ ချမှတ်ရေးနှင့်လုပ်ငန်းစဉ်များ၊ လုပ်နည်းများ ချမှတ်ရေးကို ဒေါင့်စုံငြင်းခုံ၊ ဆွေးနွေးကြ ညှိနှိုင်းယူကြဖြင့် တဖြည်းဖြည်းသဘောတူညီချက်များကို ရရှိလာကြ၏။ ဆွေးနွေးညှိနှိုင်းနေကြသော ပါတီအဖွဲ့များ၏ ခေါင်းဆောင်များထဲတွင် တိုင်းပြုပြည်ပြုလွှတ်တော် တက်ရောက်မည့်သူများဖြစ်သည့် ကိုညိုထွန်း စသူများလည်း ပါဝင်နေရာ ထိုသူများက တိုင်းပြုပြည်ပြုလွှတ်တော်တွင် သူတို့၏အသံသည် တပ်ပေါင်းစုအသံဖြစ်ရမည်။ တပ်ပေါင်းစုံမှနှုတ်ထွက်ရန် ဆုံးဖြတ်လျှင် အချိန်မရွေး နှုတ်ထွက်မည်ဟုလည်း မြင့်မိုရ်တောင်တမျှ ကြီးမားသော ကတိစကားကိုလည်း အထပ်ထပ်ပြောကြ၏။ ပေးကြ၏။

မြေပုံတပ်ပေါင်းစုံညီလာခံ၏မဏ္ဍပ်သည် အလျားကိုက် ၂၀၀နှင့် အနံကိုက် ၁၅၀၊ အမြင့်ပေ ၃၀ခန့်ရှိသော ခေါင်ထိပ်ကို ပြာသာဒ်ပုံဖော်ထားသော မဏ္ဍပ်ဖြစ်သည်။ သစ်ကြီးဝါးကြီးများဖြင့်ဆောက်လုပ်ထားသည်။ နေပူမိုးရွာမဆို လူပေါင်း ၆သောင်းခန့်နေနိုင်အောင် ဓနိမိုးပြီး အခိုင်အမာ တည်ဆောက်ထားသည်။ မဏ္ဍပ်တွင်းရှိ တရားဟောစင်မြင့်ပင်လျှင် လူပေါင်း ၅၀ခန့် နေထိုင်နိုင်သော စက္ကူပန်းများဖြင့် မွမ်းမံထားသည့် ရာဇပလ္လင်တစ်မျိုးဖြစ်နေသည်။ မဏ္ဍပ်ကနား ဆောက်လုပ်ရာတွင် စေတနာ့ဝန်ထမ်းစနစ်ဖြင့် လယ်သမားများက အခမဲ့လုပ်ကိုင်ပေးသည့်တိုင် မဏ္ဍပ်ကနား စရိတ်ငွေသောင်းချီ၍ ကုန်ကျသည်။

ဆန်ကိုတောင်လိုပုံထားသည့် သိုလှောင်ဌာန၊ ထင်းများကိုတောင်လိုပုံထားသည့် သိုလှောင်ဌာန၊ ငါးခြောက် အာလူး ဟင်းသီးဟင်းရွက်များကို တောင်လိုပုံထားသောဌာန စသည်ဖြင့် တောင်လိုသုံးဌာနပုံထားရသည်။ ဆန်များ၊ ထင်းများ ငွေတပြားမှ မပေးရ။ တောင်သူလယ်သမားများက တက်ကြွသော စေတနာဖြင့် လာရောက်ပေးပို့ကြသည်။ ငါးခြောက်၊ အာလူး ၊ ဟင်းသီးဟင်းရွက်များကို ဝယ်ရသည်။ ဤငွေလည်း သောင်းချီကုန်သည်။ မြေပုံတပ်ပေါင်းစု ညီလာခံမဏ္ဍပ်ကနား ဆောက်လုပ်ရေးမှစပြီး အဖက်ဖက်မှ အပင်ပန်းခံ အနစ်နာခံကြသူများမှာ နိုင်ငံရေးနိုးကြားထကြွနေသော ကြာအင်းတောင်တိုက်နယ်သားများပင် ဖြစ်ကြ၏။ ကိုယ်ရော စိတ်ရော အပင်ပန်းခံရသူများထဲတွင် ကိုကျော်မောင်ဦးနှင့် ကျနော်ထိပ်တန်းမှ ပါမည်ထင်ပါသည်။

ရခိုင်ပြည်ပါတီအဖွဲ့အစည်း ခေါင်းဆောင်များ၏ဆန္ဒတူညီမှုဖြင့် မြေပုံတပ်ပေါင်းစုညီလာခံကျင်းပရေးအတွက် အခြေခံနိုင်ငံရေးလမ်းစဉ်နှင့်တကွ ဆုံးဖြတ်ရမည့် ဆုံးဖြတ်ချက်များနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်မည့်ပုဂ္ဂိုလ်များ သတ်မှတ်လျာထားချက်ထိ ပြီးစီးလေပြီ။ မြေပုံတပ်ပေါင်းစုံညီလာခံ အချိန်မှီကျင်းပနိုင်ရေးအတွက် ကျနော်မြေပုံနှင့်အနီးကပ်ဆုံး ကံသာရွာသို့ သုတ်ခြေတင်ရ၏။

ရက်သတ္တတပတ်မျှသာ ချစ်သူ၏ရင်ခွင်တွင် ကျနော်အိပ်ခဲ့ရသည်။ မြောက်များစွာသော နိုင်ငံရေးရာကိစ္စများကြောင့် ကျနော့်ချစ်သူထံ ကျနော်မရောက်နိုင်။ ယခု ချစ်သူနှင့်ကျနော် ကံသာရွာ သူမ၏ဘကြီးအိမ်တွင် ဖူးစာဆုံကြပြန်ပြီ။ ကျနော့် ချစ်သူအား ကျနော် ခြိုးခြံစွာ ဝယ်ယူလာသော မန္တလေးမိန်းမဝတ်လုံချည်တစ်ထည်နှင့် နှုတ်ခမ်းဆိုးဆေးတောင့်တစ်တောင့်ကို ကြည်နူးနှစ်ခြိုက်သော နှလုံးသားဖြင့် ကျနော်ပေးအပ်လိုက်၏။ ကျနော့်ချစ်သူသည် ရိုးသားသောတောင်သူလယ်သမား သမီးပျိုတစ်ဦးဖြစ်သည်။ နှုတ်ခမ်းနီအောင် နှုတ်ခမ်းဆိုးဆေးတောင့်ဖြင့် ဆိုးပေးရသည်ကို မသိ၍လားမပြောတတ်။ ချည်မျှင်ဆိုးဆေးနီကို ခွက်ငယ်တွင်ရေဖြင့်ဖျော်၍ နှုတ်ခမ်းဆိုးနေခဲ့သည်။ ယင်းကြောင့် နှုတ်ခမ်းဆိုးဆေးတောင့်ကို ပေးပြီး အသုံးချရမည့်နည်းလမ်းများကိုပါ ကျနော်ပြောပြလေ၏။ မြေပုံမြို့နှင့် လေးမိုင်ခန့်ဝေးမည့် ကံသာရွာမှ မြေပုံမြို့သို့ ကျနော်

ခေါက်တုန့်ခေါက်ပြန်သွားလာလှုပ်ရှားကာ မြေပုံတပ်ပေါင်းစု မဏ္ဍပ်ကနားပြီးရေး၊ ဆန်၊ ထင်း၊ ငါးခြောက်၊ ဟင်းသီးဟင်းရွက်များ လုံလောက်ပြည့်စုံရေးတို့ကို ဆောင်ရွက်နေရ၏။ ဟော. . . တနေ့ ကျနော်သေတွင်းမှ တကွက်လွတ်ခဲ့ရပြန်ပြီ။

မြေပုံတပ်ပေါင်းစု ညီလာခံဖြစ်မြောက်ရေးအတွက် မဏ္ဍပ်ကနားပြီးစီးရေးနှင့် ရိက္ခာများ လုံလောက်ပြည့်ဝစွာ ရရှိရေးတို့သည် ကျနော့်ပုခုံးထက်တွင် ဖိစီးနေသည်။ မြေပုံမြို့တွင် တနေကုန်တနေခမ်း ကျနော်နေရ၏။ အခါခါ ညဥ့်ရောနေ့ပါ ဆောင်ရွက်ရ၏။ တခါတလေ အလုပ်နားနေခိုက်ကြုံ၍ မိတ်ဆွေရင်းချာများနှင့်တွေ့လျှင် အရက်အနည်းငယ် ကျနော်တို့ သောက်ကြသည်။ တနေ့ညနေ (၅)နာရီခန့်တွင် အလုပ်နားနေခိုက်၊ ကိုဘအေး (ယခု ကန်တော်ကလေးကျောင်းဆရာ) ကိုဘမြိုင် (ရန်ကုန်သတင်းထောက်ဟောင်း ဦးဘမြိုင်) တို့နှင့်ကြုံကြိုက်၍ မြေပုံမြို့ကိုဂေါက်ရ (ယခု စစ်တွေကုန်သွယ်ရေးအမှတ် ၁-အမှုထမ်း) အိမ်တွင် အရက်ဝိုင်းဖွဲ့ကြသည်။

နေဝင်ဆည်းဆာချိန်တွင် မြေပုံမြို့ လူငယ်များထဲမှ ထိပ်သီးလူမိုက် ဘစောအောင်သည် မမျှော်လင့်ဘဲ အိမ်ပေါ်တက်ကာ "မင်း. . . တပ်ပေါင်းစု. . . မင်း. . . နိုင်ငံရေးတွေကို သတ်မယ်"ဆိုပြီး ဒါးရှည်ဖြင့် ဝင်ခုတ်သည်။ ထိုင်နေသော ကျနော့်ဦးခေါင်းသို့ သူ့ဒါးချက်မရောက်မီ ရုတ်တရက်ထပြီး သူ့လက်ကောက်ဝတ်ကို ကျနော် ဆုပ်ညှစ်လိုက်သည်။ သူ့အား အခြားလက်တစ်ဖက်ဖြင့် ပူးဖက်ကာ ဝါးနံရံဒေါင့်တွင် တအားဆောင့်တွန်းပစ်သည်။ ဝါးနံရံကြိုးများပြတ်ပြီး နှစ်ယောက်သားပူးဖက်လျက် မြေကြီးသို့ ကျသွား၏။ သူ့လက်မှ ဒါးရှည်လွင့်စင်သွားပြီး။ ကျနော့်အောက်မှ ဝပ်နေသော သူ့ကိုဆွဲထူပြီး ကျနော့်ညာလက်သီး ပေးသွင်းလိုက်၏။

အရုပ်ကြိုးပြတ်သလို သူဘုန်းဘုန်းလဲသွားသည်။ သူ့အား ထိုးကြိတ်ရန် ရဲဘော်များ ဝိုင်းလာ၏။ ကျနော်က ရဲဘော်များကို ပြင်းထန်စွာတားမြစ်လိုက်သည်။ လူတဦးအား လူအများစု ဝိုင်းအုံ၍ အနိုင်ကျင့်သောဝါဒကို ကျနော်လက်မခံ။ သူ့အား ဆွဲထူပြီး နောင်ဤသို့ မစော်ကားရန်၊ နိုင်ငံရေးသမားသည် ဗြိတိသျှနယ်ချဲ့၏ရန်သူ၊ တိုင်းပြည်၏မိတ်ဆွေဖြစ်ကြောင်း ပြောပြကာ လမ်းထိပ်ထိ ကျနော်လိုက်ပို့ပေးလိုက်၏။ သူ့ကို တရားစွဲလျှင် သူခံရမည်။ ကျနော်တို့ ရဲဌာနနှင့် မည်သည့်ဌာနတွင်မှ တရားမစွဲ၊ သူသည်လူမိုက်တန်ခိုးပြလို၍ ဒါးရှည်ဖြင့် ဝင်ခုတ်သလော။ ဗြိတိသျှနယ်ချဲ့အလိုတော်ရိက မြှောက်ပင့်ပေး၍ လုပ်သလောဟု ကျနော်မပြောတတ်။

ခန့်ညားသောညီလာခံမဏ္ဍပ်ကနားများလည်း ပြီးစီးလေပြီ။ ဆန်၊ ထင်း၊ ငါးခြောက်နှင့် ဟင်းသီးဟင်းရွက်များလည်း ပြည့်စုံလုံလောက်စွာ တောင်လိုပုံ၍ရှိနေပြီ။

နောက်တနေ့တွင် မြေပုံတပ်ပေါင်းစု ညီလာခံကို ကျင်းပတော့မည်။ ညီလာခံသို့တက်မည့် ပါတီအဖွဲ့အစည်းများနှင့် ညီလာခံကိုယ်စားလှယ်များစာရင်း ပေးသွင်းရန် ကျနော်ဆော်ဩသည်။ ညီလာခံမဏ္ဍပ်အနီးခေတ္တရုံးအဖြစ်ထားသော တဲအိမ်ငယ်တွင် ပါတီအဖွဲ့အစည်းများနှင့် ကိုယ်စားလှယ်များ၏စာရင်းကို ကျနော်ရေးကူးနေ၏။ ကိုဘစိန်နှင့် ကိုဘစောအောင်တို့နှစ်ဦး ရောက်လာကြသည်။ ကိုဘစိန်က သူ၏မနုဿအဖွဲ့နှင့် သူ့အား ကိုယ်စားလှယ်စာရင်းသွင်းရန်ပြော၏။ သူ့မနုဿအဖွဲ့တွင် သူသည် ဥက္ကဋ္ဌ၊ သူသည် အတွင်းရေးမှူး၊ သူသည် ဘဏ္ဍာရေးမှူးစသည်တို့ကို ပြော၏။ သူ၏မနုဿအဖွဲ့ ရည်မှန်းချက်များမှာ လူသားအန္တယ်သည် လူစိတ်ပေါက်ပြီး လူအလုပ်ကို လုပ်ဆောင်တတ်ရမည်ဟုဆိုကာ ပါဠိဘာသာစကားများဖြင့် ပြောပြ၏။ ကိုဘစိန်ကို ကျနော်မေတ္တာရပ်ခံသည်။ မြေပုံတပ်ပေါင်းစုံညီလာခံ၏ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို ကျနော်ရှင်းပြ၏။ သူသဘောပေါက်လက်ခံသွားသည်။

သူနှင့်ကျနော် ရီမောစွာပြောဆိုကြပြီး သူ့အားထိုနေ့မှစ၍ "မနုဿ"ဟုခေါ်တော့မည်ပြောကာ လူချင်းခွဲလိုက်ကြသည်။ (ထိုနေ့မှစ၍ ကိုဘစိန်ကို မနုဿဟုခေါ်ကြ၏။)ကိုဘစောအောင် ရှေ့သို့တိုးလာသည်။ သူ၏သန်းခေါင်ဗိုလ်အဖွဲ့နှင့် သူ့အားကိုယ်စားလှယ်စာရင်းသွင်းရန် တောင်းဆိုသည်။ ကိုဘစိန်အား ရှင်းပြသလို ကျနော်စိတ်ရှည်စွာ ရှင်းပြသည်။ သူမတုန်လှုပ်၊ ကိုယ်စားလှယ်စာရင်းသွင်းရမည်ဟု အတင်းအကြပ်တောင်းဆိုလာသည်။ သူ့တွင် လျှို့ဝှက်ယူလာသော ဓါးမြှောင်ပါကောင်းပါမည်။ ကျနော့်တာဝန်ကား နိုင်ငံရေးပါတီအဖွဲ့

အစည်းနှင့် ကိုယ်စားလှယ်များ၏စာရင်းကိုသာ စာရင်းသွင်းရန်တာဝန်ရှိသည်။ သူခြိမ်းခြောက်ခြင်းကို ကျနော် မတုန်လှုပ်၊ ကျနော့်အား ခြိမ်းခြောက်၍မရသည့်အခါ ကြိမ်းဝါးပြီး သူထွက်ခွာသွား၏။

သူ့ထက်ခြေမြန် လက်မြန်သောကျနော့်အား ရန်မစရဲသော ကိုဘစောအောင်သည် ညီလာခံကို ဖျက်မည်ဆိုသော ရည်မှန်းချက်ဖြင့် မဏ္ဍပ်ကနားများကို အချောကိုင်နေကြသောလူများအား ရမ်းကားရိုက်နှက်လေ၏။ လုံခြုံရေးတာဝန်ယူထားသော ရဲဘော်များလက်ချက်ကို ကိုဘစောအောင် ခံသွားရသည်။ ကျနော်သိ၍ ဟန့်တားခိုင်းလိုက်ချိန်တွင် ကိုဘစောအောင် သတိမေ့နေပြီ။ အသေကောင်တကောင်ကဲ့သို့ မြေကြီးပေါ် မှောက်ရက်ဖြစ်နေပြီ။ ကိုဂေါက်ရအိမ်တွင် ကျနော့်ညာလက်သီးချက်မိထားသည်ကိုလည်း သူသခ်န်းစာမယူ၊ မြေပုံတပ်ပေါင်းစုညီလာခံသည် သူပုန်ညီလာခံဟုလည်း သူမသိ။ နယ်ချဲ့ဒလံများက ဖျက်ဆီးခိုင်းတိုင်း မြေပုံတပ်ပေါင်းစုညီလာခံကို နည်းမျိုးစုံဖြင့် ဖျက်နေသောလူမိုက်၊ သင်ယခု ဘာမျှမတတ်နိုင်ပြီ။ မြေပုံတပ်ပေါင်းစု သူပုန်ညီလာခံ ဘယ်စခန်းရောက်မည်ကို ကျနော်လည်း အဆုံးထိ မတွေးယူနိုင်။

မြေပုံညီလာခံကို ၁၉၄၇-ခု ဧပြီလ ၁ရက်နေ့မှ ၃ရက်နေ့အထိ ကျင်းပရန် အားလုံးသဘောတူကျင်းပကြသည်။ ညီလာခံပထမနေ့အတွက် ဆရာတော် ဦးစိန္တာက သဘာပတိအဖြစ်လည်းကောင်း၊ ကျနော်က အတွင်းရေးမှူး ယခု အခမ်းအနားမှူးဟုခေါ်ကြသည်။)အဖြစ်လည်းကောင်း၊ ကိုအောင်လင်း စသူတို့က နိုင်ငံရေးတရားဟောပြောမည့်သူများ အဖြစ်လည်းကောင်း၊ အားလုံးသတ်မှတ်ထားရှိပြီး ညနေဆည်းဆျာချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ၊ ကိုဗဆွေ(ဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဗဆွေ) ဦးအောင်ဇံဝေ (ဝန်ကြီးဟောင်း)၊ ဗိုလ်မှူး မင်းလွင်(ယခု ဆောက်လုပ်ရေးကော်ပိုရေးရှင်းဌာနချုပ် ပညာသည်ဦးစီးမှူး) တို့ မမျှော်လင့်ဘဲ အမ်ဂျီဘီသဘော်ာတစ်စီးဖြင့် ရောက်လာကြသည်။

သူတို့မြေပုံတွင် ညဥ့်မအိပ်နိုင်၊ အလုပ်ကိစ္စများရှိနေ၍ သူတို့အား ယနေ့ညဥ့်တရားပွဲတွင် ဟောပြောခွင့်ပြုရန် တောင်းဆိုလာသည်။ ညီလာခံစတင်ရန် နာရီအနည်းငယ်သာ လိုတော့ပြီ။ ခေါင်းဆောင်ပိုင်းများ ချက်ချင်းဆွေးနွေးပြီး ဗိုလ်ချုပ်အောင်ဆန်း၊ ကိုဗဆွေနှင့် ကိုအောင်လင်းတို့အား ယနေ့နိုင်ငံရေးတရား ဟောခွင့်ပြုရန် ဆုံးဖြတ်ကြသည်။ နိုင်ငံရေးတရားဟောမည့်ပုဂ္ဂိုလ်များအား အချိန်နာရီ အကန့်အသတ်မပေး၊ သူတို့လိုသမျှ အချိန်ယူပြီး ပြောခွင့်ပြုထားသည်။

ဧပြီလ ၁-ရက်နေ့ ညနေ ၇-နာရီခန့်တွင် နိုင်ငံရေးတရားဟောပြောပွဲကို စတင်ကျင်းပ၏။ ညီလာခံမဏ္ဍပ်တွင်းတွင် အနယ်နယ်မှကိုယ်စားလှယ် ၇၀၀-ခန့်နှင့် ပြည်သူလူထု ၆-သောင်းကျော် အုတ်အုတ်သောင်းသောင်း ရှိနေကြပြီ၊ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သောကျနော်က ညီလာခံစတင်ကျင်းပကြောင်း ကြေငြာလိုက်သည်။

ဆရာတော်ဦးစိန္တာသဘာပတိအဖြစ် ဆောင်ရွက်မည်။ ယခုဆရာတော် ညီလာခံသဘာပတိ ထိုင်ခုံသို့ ရောက်နေပြီ။ ဦးခိုက်ကြပါဟုပြောလိုက်သည်။ မဏ္ဍပ်တွင်းမှ ပြည်သူများ ဆရာတော်အား ဦးခိုက်ရှိခိုးကြသည်။ ညီလာခံဧည့်ခံရေးကော်မီတီ ဥက္ကဋ္ဌ ဦးဘိုးဦး (ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ဌာနချုပ်ဥက္ကဋ္ဌ)မိန့်ခွန်းပြောမည်ဟု ကျနော်ကြေငြာသည်။

ဦးဘိုးဦးအဆင်သင့်ယူလာသော မိန့်ခွန်းစာရွက်ကို ပြေပြေပြစ်ပြစ် ဖတ်ကြားသွားသည်။ ဧည့်ခံရေးကော်မီတီ ဥက္ကဋ္ဌမိန့်ခွန်းအပြီး ပြည်သူလူထု၏သြဘာလက်ခုတ်သံများ ဆူညံသွားသည်။ သဘာပတိ ဦးစိန္တာ မိန့်ခွန်းပြောမည်ဟု ကြေငြာလိုက်သည်။ ပြည်သူလူထု၏ ပြင်းထန်သောလက်ခုတ်သံများ ထွက်ပေါ်လာ၏။

အဆင်သင့်ယူလာသော သဘာပတိမိန့်ခွန်းကို ဆရာတော်ဖတ်ပြသွားသည်။ ဆရာတော်၏ သဘာပတိမိန့်ခွန်းသည် ဗြိတိသျှနယ်ချဲ့ကိုလိုနီကျွန်ဘဝမှ လက်နက်စွဲကိုင်တော်လှန်ရေးဖြင့် အလွတ်ရုန်းထွက်ရန် အဓိကထားသော မိန့်ခွန်းဖြစ်သည်။ ဧည့်ခံရေးကော်မီတီဥက္ကဋ္ဌ မိန့်ခွန်းနှင့် သဘာပတိမိန့်ခွန်းများသည် မြေပုံတပ်ပေါင်းစု ညီလာခံကျင်းပရေး ပါတီအဖွဲ့ပေါင်းစုံ ထိပ်တန်းကိုယ်စားလှယ်များက အတည်ပြုထားသော မိန့်ခွန်းများပင်ဖြစ်သည်။

သဘာပတိဆရာတော် ဦးစိန္တာ၏မိန့်ခွန်း ပြီးဆုံးသွားသည်။ ဆရာတော်အား လွတ်လပ်ရေး ဗိသုကာကြီး၊ ဆရာတော်အား လယ်သမား ဖခင်ကြီးဟု စွဲလန်းထားသော ညီလာခံပြည်သူလူထုကြီး၏ ဩဘာလက်ခုတ်သံ နားကွဲလုမတတ်မြည်ဟီးသွား၏။ ဗိုလ်ချုပ်အောင်ဆန်း၊ ကိုဗဆွေနှင့် ကိုအောင်လင်းတို့လည်း အသီးသီး ဟောပြောကြပါသည်။

ယနေ့ကျင်းပသော မြေပုံတပ်ပေါင်းစု ညီလာခံတွင် လမ်းစဉ်နှစ်ရပ်ကို ပြည်သူလူထု ကွင်းကွင်းကွက်ကွက် သိခွင့်ရသွားသည်။ တခုသောလမ်းစဉ်မှာ ဗြိတိသျှနယ်ချဲ့ကိုလိုနီ စနစ်ဆိုးကို လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ဖြစ်၍ အခြားလမ်းစဉ်တစ်ခုမှာ ထိုလမ်းစဉ်နှင့် ဆန့်ကျင်ဘက်လမ်းစဉ်ဖြစ်ပေသည်။ ဆရာတော်နှင့်ကျနော်တို့ ရှေ့ဆောင်စည်းရုံးထားခြင်းကြောင့် ကက်စဘီ(ဗြိတိသျှစစ်အုပ်ချုပ်ရေးခေတ်)ခေတ်ကပင် အုံကြွတော်လှန်ရေးကို ရှေ့ရှုနေသော ရခိုင်ပြည်သူ၏အစိတ်အပိုင်းဖြစ်သည့် မြေပုံညီလာခံတွင်းရှိ ပြည်သူ ၆-သောင်းကျော်သည် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်စွဲကိုင်တော်လှန်ရန် အားသွန်နေကြသည်။ ထောက်ခံနေကြသည်။

ယင်းအပြင် နောက်တနေ့ညီလာခံနိုင်ငံရေးတရားပွဲတွင် အမျိုးသားနိုင်ငံရေးခေါင်းဆောင်များနှင့် ရင်ဘောင်တန်းပြီး အမျိုးသမီးနှစ်ဦး နိုင်ငံရေးဟောပြောကြပါသည်။ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို တော်လှန်ရန် တက်ကြွနေသော မြေပုံတပ်ပေါင်းစုညီလာခံ၏ ပြည်သူ ၆-သောင်းကျော်ခန့်သည် ဗြိတိသျှနယ်ချဲ့တိုက်ဖျက်ရေးနှင့် ရခိုင်အမျိုးသမီးထု စည်းရုံးညီညွတ်ရေးကို အားတက်သရောဟောပြောသွားသည့် ကျနော့်ချစ်သူ မစောနှင့် မတင်တင် (၁၉၆၈-ခုနှစ်၊ ရခိုင်ရေဘေး လေဘေးကြီးတွင် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့ပိုင် လူစီးကူးတို့ သင်္ဘောနစ်မြှုပ်ရာ၌ သေဆုံးသွားရသော အလယ်တန်းပြဆရာမ)တို့အား အုတ်အုတ်သောင်းသောင်းဩဘာပေး၍ ထောက်ခံကြသည်။

ယင်းမြေပုံတပ်ပေါင်းစုညီလာခံနှင့် ပတ်သက်၍ ၁၉၄၇ခု ဧပြီလ ၂၄ရက် (၁၃၀၉-ခု ကဆုန်လဆန်း ၁၅ရက် ကြာသပတေးနေ့)ထုတ်ဝေသော သူရိယသတင်းစာတွင် အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

လွတ်လပ်ရေးကို ရွေးကောက်ပွဲနှင့် ရမတဲ့၊

ဟား. . . ဟား. . . ဟား. . . ။

လွတ်လပ်ရေးကို ရွေးကောက်ပွဲနှင့် မရနိုင်၊ တော်လှန်ယူမှရမယ် (ဦးစိန္တာကိုယ်တော်)။

တော်လှန်တယ်ဆိုဒါမလွယ်ဘူး၊ အဖက်ဖက်မှ ပြင်ဆင်မှုလိုတယ် (ဦးအောင်ဆန်း)။

ထန်းတပင်သေနတ်ပစ်မှုကြီးမှာ ဦးအောင်ဆန်းဟာ နယ်ချဲ့သမားကို ဒူးထောက်လိုက် ဒါဘဲ (အလံနီ အောင်လင်း)။

ဧပြီလ ၁-ရက်နေ့မှ ၃-ရက်နေ့ထိ မြေပုံမြို့သည် ယခင်နေ့များနှင့်မတူ၊ အထူးစည်ကား ဆူညံပြီး၊ သူပုန်. . . သူပုန်. . . ထ. . . ထဟူသော ကြွေးကြော်သံဖြင့် ထိုသုံးရက်အတွင်း တမြို့လုံး ဆူညံစွာ ပွဲတင်ထပ်နေလေတော့၏။

အကြောင်းမူကား အခြားမဟုတ်၊ ထိုနေ့များတွင် ရခိုင်တိုင်းလုံးဆိုင်ရာ လက်ဝဲညီညွတ်ရေးတပ်ပေါင်းစု ညီလာခံကြီး ကျင်းပနေသောကြောင့်ပင် ဖြစ်တော့၏။ ထိုညီလာခံသို့ ဦးအောင်ဆန်း၊ ဖဆပလအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဗဆွေ နှင့် ဝန်ကြီး ဦးအောင်ဇံဝေတို့လည်း လေယာဉ်ပျံဖြင့်တစ်မျိုး၊ စစ်သင်္ဘောကလေးဖြင့် တစ်ဖုံ၊ အမျိုးမျိုးဒုက္ခခံကာ တက်ရောက်လာကြသည်ကို တွေ့ရှိရကြောင်း။

ၔင်းပြင် ကျောက်ဖြူ သံတွဲ၊ စစ်တွေစီရင်စုတို့မှ ဖဆပလကိုယ်စားလှယ်၊ ဗမာမူဆလင်အမျိုးသမီး၊ လူငယ်၊ လယ်သမား၊ ယာသမားများနှင့် စစ်တွေပုလိပ်သမဂ္ဂမှ ကိုယ်စားလှယ်ပေါင်း (၂၀၀၀၀)နှစ်သောင်းကျော်လည်း တက်ရောက်သည်ကို တွေ့ရှိရကြောင်း။

### လူများသဘောကျခြင်း ခံနေရသော ပိုစတာကြီး

ညီလာခံမဏ္ဍပ်အတွင်း "သံတွဲသူပုန်အရေး၊ သွေးနဲ့ကူမယ်"၊ "လွတ်လပ်ရေးကို လွတ်လပ်ရေးနဲ့ ရမယ်တဲ့. . . ဟား. . . ဟား. . . ဟား. . . "ဟူသော ပိုစတာကြီးကို လူငယ်တချို့က မကြာခဏတယောက်ပြီး တယောက် အသံကျယ်စွာဖတ်ပြီး သွားကြသည်ကိုလည်း တွေ့ရှိရကြောင်း။ တချို့လူများကမူ ထိုပိုစတာကြီးကို ဖတ်ပြီး အထူးသဘောကျကာ လှောင်ရယ်မှုများပင် ပြုသွားကြသေးကြောင်း။

### ညီလာခံစပြီ

ညီလာခံကို လယ်သမားသူပုန်သီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး သဘာပတိအဖြစ် ဦးစိန္တာကိုယ်တော်က ဆောင်ရွက်၍၊ အကျိုးဆောင်အဖြစ် ကိုသာကျော်က ဆောင်ရွက်ကြောင်း။

### ဖဆပလဟာ အချောင်သမားအဖွဲ့ဘဲ၊

၎င်းနောက် သဘာပတိ ဦးစိန္တာကိုယ်တော်က မိန့်ခွန်းစကားမြွက်ကြားရာတွင် ယခု ဖဆပလအဖွဲ့ကို အချောင်သမားအဖွဲ့လို့ မိမိရဲရဲတောက်စွပ်စွဲကြောင်း။ ၎င်းနောက် ဖဆပလအဖွဲ့သည် နယ်ချဲ့သမားများထံ ဒူးထောက်ခယနေသဖြင့် အထူးပြစ်တင်ရှုတ်ချကြောင်း။ ဖဆပလအဖွဲ့ဝင်အားလုံးနှင့် ဥက္ကဋ္ဌဦးအောင်ဆန်းတို့အား ခင်ဗျားတို့ မရှက်ဘူးလားဟု မေးလိုကြောင်း။ ဖဆပလအဖွဲ့ဝင်များသည် ရှက်တတ်သောပုဂ္ဂိုလ်များ ဖြစ်သည်ဟူ၍လည်း မိမိယုံကြည်ကြောင်း။ ဖဆပလအဖွဲ့က ရွေးကောက်ပွဲနှင့် လွတ်လပ်ရေးကို ရမယ်ဆိုတာဟာ အချောင်သမားစကားများသာ ဖြစ်ကြောင်း။ နယ်ချဲ့သမား အင်္ဂလိပ်ကြိုက်အောင် ပြောသော ဒူးထောက်ခယသမားများ၏ မျက်နှာလိုမျက်နှာရ စကားများသာ ဖြစ်ကြောင်း။ လွတ်လပ်ရေးကို ရွေးကောက်ပွဲနှင့် မရနိုင်ကြောင်း။ လွတ်လပ်ရေးကို သူပုန်ထယူမှ ရနိုင်မည်ဖြစ်ကြောင်းများကို အကျယ်တဝင့်ပြောကြားသွားရာ ပရိသတ်ကြီး၏ သူပုန်. . . သူပုန်. . . ထ. . . ထ။ အချောင်သမားတွေ ရှက်ဘွယ်. . . ရှက်ဘွယ်. . . ဟူသော ဩဘာသံများမှာ နားကွဲမတတ် ဆူညံသွားတော့ကြောင်း။ ဦးစိန္တာကိုယ်တော် တရားဟောနေစဉ် ဦးအောင်ဆန်းမှာ ခေါင်းကြီးအောက်စိုက်နေသည်ကို တွေ့ရသည်။

### တော်လှန်ရေးဆိုတာမလွယ်

ထို့နောက် ဦးအောင်ဆန်းက ရုတ်တရက်ထ၍ ကျနော်နှင့်လူထုကို နည်းနည်းရှင်းပြပါရစေဟု အစချီကာ တော်လှန်ရေးဆိုသည်မှာမလွယ်ကြောင်း၊ မပြောနဲ့ လုပ်ကိုင်လို့ မဖြစ်နိုင်ကြောင်း။ လက်တွေ့လုပ်ကိုင်ပြမှ သာလျှင် ဖြစ်နိုင်ကြောင်း။ ထိုသို့ တော်လှန်ရေးမလုပ်မီတွင်လည်း အဖက်ဖက်မှ ပြင်ဆင်မှုများ လိုကြောင်း။ ထိုပြင်ဆင်မှုများ ပြီးမြောက်အောင်မြင်လျက်ရှိပါက သေနတ်တချက်မဖောက်ဘဲနဲ့ အာဏာကို သိမ်းယူနိုင်ကြောင်း စသည်ဖြင့်ပြောဆိုသွားကြောင်း။

### ဦးအောင်ဆန်း ဒေါပွပြီး ထပြန်သွားခြင်း

ထိုနောက် အလံနီရဲဘော် အောင်လင်းက ထပြန်ကာ ထန်းတပင် သေနတ်ပစ်မှုကြီးမှာ ဦးအောင်ဆန်းက နယ်ချဲ့သမားကို ဒူးထောက်အရှုံးပေးလိုက်ကြောင်းကို ပြောပြရာ ဦးအောင်ဆန်းက အဲ့ဒါ ကျုပ်မဟုတ်ဘူး သခင်ချစ်. . . သခင်ချစ်ဟူ၍ ဒေါမာန်ပါပါနှင့် အော်ဟစ်လိုက်သေးသည်ကို ကြားရကြောင်း၊ သို့သော်လည်း အလံနီရဲဘော် အောင်လင်းက ဆက်လက်၍ပြောပြနေသဖြင့် ဦးအောင်ဆန်းမှာ ဒေါပွ၍ နေရာမှရုတ်ချည်း ထခါ ပြန်သွားသည်တွင် လူထုကြီးက သူပုန်. . . သူပုန်. . ထ. . . ထဟူ၍ပင် အော်ဟစ်လိုက်သေးကြောင်း၊ ၎င်းနောက် အောက်ပါဆုံးဖြတ်ချက်များကို အများသဘောတူ ကန့်ကွက်သူမရှိဘဲ ဆုံးဖြတ်အတည်ပြုလိုက်ကြောင်း။

**ဆုံးဖြတ်ချက်များ**

၁။ တော်လှန်ရေးတွင် ကျဆုံးခဲ့သော ရဲဘော်များအတွက် ချီးကျူးရေးဗိမာန်ကြီးတစ်ခု ဆောက်လုပ်ရန်။

၂။ သီးစားခ လုံးဝမပေးရန်။

၃။ မြေခွန် လုံးဝမပေးရန်။

၄။ အမတော်ငွေ ပြန်မဆပ်ရန်။

၅။ လယ်မြေဝင်ထွန်ရေးများပြုရန်။

၆။ လယ်သမားများ၏ ကြွေးဟောင်းများကို လုံးဝမပေးရန်

၇။ ပြည်သူ့လွတ်လပ်မှုရရန်။

၈။ စာရေး စာချီကျောင်းသား ပုလိပ် အရေးများကို ဖြေရှင်းရန်။

၉။ အလုပ်သမားများအား အခွင့်ပိုပေးရန်

၁၀။ သောင်းကျန်းနေသော နယ်ချဲ့စစ်တပ်ကို တုံ့ပြန်ရန်

၁၁။ ရခိုင်လူမျိုးတို့၏ကံကြမ္မာကို ရခိုင်လူမျိုးများသာ ဖန်တီးရန်

၁၂။ ဗြိတိသျှစစ်တပ်များ အမြန်ဆုံးရုပ်သိမ်းရန်

၁၃။ ရခိုင်တိုင်းလုံးဆိုင်ရာ လက်ဝဲညီညွတ်ရေး တပ်ပေါင်းစု ဖွဲ့စည်းတည်ဆောက်ရန် စသည်တို့ဖြစ်ကြောင်း၊

ဎင်းနောက် အောက်ပါလူကြီးများအား ရွေးကောက်ကြပြီးလျှင် အဆိုပါရခိုင်တိုင်းလုံးဆိုင်ရာ လက်ဝဲညီညွတ်ရေးတပ်ပေါင်းစုကို ဖွဲ့စည်းလိုက်ကြောင်း။

ဦးကျော်မြ(ဥက္ကဋ္ဌ)၊ ဦးညိုထွန်း(ဒု-ဥက္ကဋ္ဌ)၊ ဦးသာကျော်(အတွင်းရေးမှူး)၊ ဦးစိန္တာ (ငွေထိန်းနှင့် ဩဝါဒစရိယဆရာတော်)၊ ဦးပညာဝံသ (ဩဝါဒစရိယဆရာတော်)၊ ဦးထွန်းအောင် (စစ်တွေ)၊ ကိုဘဟန် (ကျောက်ဖြူ) ကိုသိန်းမွန်(သံတွဲ)တို့မှာမူ အမှုဆောင်လူကြီးများဖြစ်ကြကြောင်း”ဟု ရေးသားဖော်ပြထားပါသည်။ အထက်ပါအတိုင်း သူရိယသတင်းစာတွင် ပါလာခဲ့သည်။ ထိုစဉ်က ရခိုင်ပြည်သူလူထုများ ဗြိတိသျှနယ်ချဲ့ကိုလိုနီ ကျွန်ဘဝမှ လွတ်လပ်ရေးကို လက်နက်စွဲကိုင်တော်လှန်ရမည်ဆိုသော လမ်းစဉ်အား လှိုက်လှဲစွာလက်ခံပြီး ဗြိတိသျှနယ်ချဲ့ထံမှ လွတ်လပ်ရေးကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းယူမည်ဆိုသည့် လမ်းစဉ်ကို လက်မခံနိုင်သည်မှာ ကက်စဘီခေတ် (ဗြိတိသျှစစ်အုပ်ချုပ်ရေးခေတ်) က ဗြိတိသျှနယ်ချဲ့စစ်တပ်များ၏ လူမဆန်သောဖိနှိပ်မှု၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့က ဘုရင်ခံအတိုင်ပင်ခံ အစိုးရအဖွဲ့ကို လက်ခံပြီးသည့်တိုင် ကြာအင်းတောင်ရွာ၊ ကမ်းထောင်ကြီးရွာ စသောရွာပေါင်းများစွာကို ရွာလုံးချီမီးရှို့ရသည်ဟု စစ်ဘက်နယ်ဘက်ခေါင်းဆောင်များက ဝါဒဖြန့်ချိခဲ့ခြင်းစသော အချက်ပါအလက်များ ပါဝင်သလို၊ ကက်စဘီခေတ်မှ ယနေ့တိုင် ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်ကိုင်တော်လှန်ပြီး ဒင်းပြည့်လွတ်လပ်ရေးကို အရယူမည်ဆိုသော လမ်းစဉ်ဖြင့် အဆက်မပြတ် စည်းရုံးကာ မြေဆီမြေခွန်ခ လုံးဝမပေးရေး။ အမတော်ငွေပြန်မဆပ်ရေး၊ လက်ငုတ်လက်ရင်း လယ်ပိုင်ရေးဖြင့် မြေယာဝေငှထားခြင်း၊ ဗြိတိသျှနယ်ချဲ့ ဒလံသူကြီးများ ဖြုတ်ပြီး၊ ကျေးရွာကော်မီတီစနစ်ဖြင့် အုပ်ချုပ်ခြင်း၊ မြေအောက်တော်လှန်ရေးတပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊ အာဏာနီကျေးရွာများထူထောင်ခြင်း၊ စသည်တို့ဖြင့် မကြေငြာသော စင်ပြိုင်အစိုးရအဖွဲ့များကို အောင်မြင်စွာ နှစ်အတော်ကြာ ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ခြင်းတို့လည်း ပါဝင်နေပေသည်။

မြေပုံတပ်ပေါင်းစုညီလာခံမှ စစ်တွေပြန်သွားသော ဗိုလ်ချုပ်အောင်ဆန်းသည် စစ်တွေကျောင်းသားသပိတ်ကို ဖြေရှင်းနိုင်ရေးအတွက် စစ်တွေပြည်လုံးချမ်းသာ ဘုရားကြီးရင်ပြင်ရှိ ကျောင်းသားသပိတ်စခန်းသို့ သွားရာ သပိတ်စခန်းတွင် ဦးကျော်သာခေါင်းဆောင်သော ကျောင်းသားများ ပိတ်ဆို့ထားပြီး အရေးဆိုခြင်းကို လည်း ခံသွားရပါသေးသည်။ (ယနေ့ခေတ်သမိုင်းက ဗိုလ်ချုပ်အောင်ဆန်းတို့ မှားခဲ့သလော။ ဆရာတော်ဦးစိန္တာ၊ ဦးကျော်မြ၊ ဦးညိုထွန်းနှင့် ကျနော်တို့ မှားခဲ့သလော ဆိုသည်ကို အဆုံးအဖြတ်ပေးရှိပြီးဖြစ်သည်။ )

နိုင်ငံရေးရည်မှန်းချက်လည်းမတူ၊ လူထုလူတန်းစားဖွဲ့စည်းပုံလည်း ကွာခြားနေသော ပါတီအဖွဲ့အစည်း များအား ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို တော်လှန်မည့်အမျိုးသား ညီညွတ်ရေးတပ်ပေါင်းစုကို စုနိုင်အောင် တည်ဆောက်ရသည့်အတွက် ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ များစွာလိုက်လျှောပေးခဲ့ရသည်။ မြေပုံတပ်ပေါင်းစုညီလာခံမှ "နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းစု"ကို မွေးထုတ်၏။

ယင်းတပ်ပေါင်းစုတွင် ပါဝင်သည့် ပါတီအဖွဲ့အစည်းများသည် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှု များ၊ အမျိုးသားညီညွတ်ရေးရာများတွင် မိမိပါတီအဖွဲ့အစည်း ဆန္ဒတစ်ခုတည်းဖြင့် လုပ်ပိုင်ခွင့်မရှိ တပ်ပေါင်းစု ၏အဆုံးအဖြတ်ကို နာခံရမည်၊ ပြည်သူလူထုအား အုံကြွလာအောင် နည်းမျိုးစုံဖြင့် လှုံ့ဆော်စည်းရုံးပြီး ရုံးဝိုင်း၊ ဂတ်ဝိုင်း ဆန္ဒပြပွဲများ ကျင်းပကာ အာဏာဖီဆန်ရမည်။ မကြေငြာသော စင်ပြိုင်အစိုးရဖွဲ့ရမည်။ လွတ်လပ်ရေး ကို လက်နက်စွဲကိုင် တော်လှန်ရေးဖြင့် အရယူရမည် စသည်တို့သည် နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းစု၏ အဓိကအခြေခံအချက်များ ဖြစ်ကြသည်။

မြေပုံတပ်ပေါင်းစုညီလာခံကို အစအဆုံး ဆရာတော်နှင့် ကျနော်တို့ ငွေကြေးအင်အား လူအင်အားဖြင့် အားသွန်ခဲ့ကြ၍ လိုအပ်သောနေရာများကို လက်တကမ်းတွင်ရသလို ယူနိုင်သော်လည်း ကျနော်တို့ နေရာဖယ် ပေးသည်။ ရခိုင်ပြည်သူ့ အသည်းစွဲလည်းဖြစ်၊ ရခိုင်တောင်သူလယ်သမား ဖခင်လည်းဖြစ် လွတ်လပ်ရေးခေါင်း ဆောင်လည်းဖြစ်သော ဆရာတော်ဦးစိန္တာပင် ငွေထိန်းနှင့် ဩဝါဒစရိယဆရာတော်အဖြစ်သာ တာဝန်ယူသည်။

ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘိုးဦးဆိုလျှင် တပ်ပေါင်းစုအာဏာပိုင်အဖွဲ့တွင်ပင် မပါရှိခဲ့၊ အာဏာပိုင်အဖွဲ့တွင် အာဏာအရှိဆုံး ဦးကျော်မြမှာ ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်ဖြစ်သလို၊ ဒုတိယအာဏာအရှိဆုံး ဒုဥက္ကဋ္ဌဦးညိုထွန်းမှာ ပြည်သူ့ရဲဘော်ခေါင်းဆောင်တစ်ဦးပင်ဖြစ်လေသည်။ ဆရာတော် ဦးပညာသီဟအား အာဏာပိုင်အဖွဲ့တွင်ပါဝင်ရန် လျာထားခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းတို့ ဒေါမာန်ဖြင့် ထွက်သွားရခြင်းကြောင့်လားမသိ။ ဦးပညာသီဟမပါဝင်လို။ ဦးပညာဝံသအား အစားထိုးလိုက်ရ၏။

## ဆရာတော်ဦးစိန္တာအဖမ်းခံရပြီ

မြေပုံတပ်ပေါင်းစုညီလာခံကြီး ပြီးခဲ့ပြီ။ အကြွေးငွေများ ဝိုင်းရံနေ၏။ ပါတီအဖွဲ့အစည်းများထဲမှ သတ်မှတ်ထားသောငွေကြေးကို အပြည့်အဝပေးနိုင်သော ပါတီအဖွဲ့အစည်းများလည်းရှိသည်။ တပြားတချပ် မှ မပေးနိုင်သော ပါတီအဖွဲ့အစည်းများလည်းရှိသည်။ သံတွဲသူပုန်ပြဿနာကြောင့် သံတွဲခရိုင်မှ ပါတီအဖွဲ့ အစည်းများ ငွေကြေးမခိုင်။ ကျောက်ဖြူခရိုင်ဖဆပလ အဖွဲ့ညီလာခံကျင်းပနေစဉ် ကိုဘဟန်၊ ကိုဘိုးနွယ်တို့ ဗြိတိသျှနယ်ချဲ့ပုလိပ်တပ်များက ဖမ်းဆီးခြင်းခံခဲ့ရ၍ ငွေကြေးမတောင့်တင်း။ မြေပုံတပ်ပေါင်းစုညီလာခံအတွက် ကုန်ကျခဲ့သော အကြွေးငွေများကို ပေးဆပ်ရန် ဆရာတော်နှင့် ကျနော်တို့ ပုခုံးပေါ်တွင် ကျရောက်နေရ၏။

ဆရာတော် ရမ်းဗြဲမြို့နှင့် ရမ်းဗြဲကျွန်းတလျှောက် နိုင်ငံရေးတရားဟောပြောပွဲများလည်း လုပ်မည်။ ငွေကြေးရံပုံငွေများလည်း ကောက်ခံမည်။ ယင်းကြောင့် ဆရာတော်နှင့်အတူ ဦးဘိုးဦးတို့ ရမ်းဗြဲကျွန်းသွားကြရေး ကို တာဝန်ခန့်ခဲ့သည်။ မင်းပြားမြို့နယ် ဒုံးသားရွာတွင် ပြည်သူ့ညီလာခံ ကျင်းပမည်။ ညီလာခံမဏ္ဍပ်ကနား ဆောက်လုပ်ရေးမှ ဖြစ်မြောက်ရေးထိ ကိစ္စအဝဝကို ဦးနီထွန်းအောင် (ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ ချုပ် ဌာနချုပ် ဥက္ကဋ္ဌဖြစ်ခဲ့သော ဦးနီထွန်းအောင်) က တာဝန်ယူပြီး အလံနီပါတီအောင်လင်းက လူထုချီတက် ရေး အတွက် လှုံ့ဆော်ရေးတို့ကို တာဝန်ခန့်ခဲ့သည်။

ကျနော်တို့ မိသားစုတွင် ကျနော်သားအကြီးဆုံးဖြစ်သည်။ ရခိုင်လူမျိုးထုံးတမ်းစဉ်လာအတိုင်း ကျနော့် အားရှင်သာမဏေဘောင်သို့ မသွတ်သွင်းရ၍ ကျနော်၏ညီများ ရှင်သာမဏေဘောင်သို့ မဆိုက်ရောက်ရဖြစ်နေ ကြသည်။ မြေပုံတပ်ပေါင်းစုညီလာခံ မကျင်းပမီ ယင်းညီလာခံကိစ္စနှင့် ရခိုင်တိုင်းမင်းကြီး ဦးမောင်ကျော်နှင့် ဆွေးနွေးရေးကိစ္စများကြောင့် ကျနော်စစ်တွေမြို့သို့ မကြာခဏလာခဲ့ရရာ မိဖများအား မြေပုံတပ်ပေါင်းစု ညီလာခံပြီးလျှင် ကျနော်ရှင်သာမဏေအဖြစ် သွတ်သွင်းခံမည်ဟု ကျနော်ကတိပေးခဲ့၏။

ယင်းအပြင် "နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းစု"ဌာနချုပ်ရုံးကို စစ်တွေမြို့တွင် ဖွင့်လှစ်ရမည်။ ဌာနချုပ်ရုံးအတွက် အဆောက်အဦးရရှိရေးနှင့် စစ်တွေမြို့ပေါ် စည်းရုံးရေးလုပ်ငန်းများပါ ဆောင်ရွက်ရန် စစ်တွေမြို့သို့ ကျနော့်အား တာဝန်ခွဲဝေပေးကြသည်။ စစ်တွေမြို့တွင် ကျနော်နှင့်ညီများကို သာမဏေဘောင်သို့သွင်းရေးနှင့် ကျနော့်မိဘဆွေမျိုးများနှင့် တွေ့ဆုံကြရေးအတွက် ကျနော်၏ဇနီးချောအား ကျနော် အထပ်ထပ်ချော့၍ ခေါ်သည်။ သူမ စစ်တွေသို့ မလိုက်လို၊ ကျနော့်အား ရှင်သာမဏေဘောင်သို့ဝင်ရန်သာ ခွင့်ပြုသည်။ ကျနော့်ချစ်သူအား တဆံခြည်မျှကျနော် အကြပ်မကိုင်ရက်ပါ။

၁၉၄၇-ခု၊ ဧပြီလ ဒုတိယအပတ်တွင် စစ်တွေမြို့သို့ ကျနော် ရောက်သွားသည်။ စစ်တွေမြို့ လူငယ်လူရွယ်များနှင့် ပျိုရွယ်သောအမျိုးသမီးများ၏ အရူးအမူးပျော်ပွဲဖြစ်သော စစ်တွေသင်္ကြန်နှင့် ကျနော်တို့ဆုံသွား၏။ ကျနော်တို့ လူငယ်အစည်းအရုံးမှ သင်္ကြန်ရေလောင်းပွဲသို့ပါဝင် ပျော်ရွှင်ကြ၏။ စစ်တွေသင်္ကြန်သည် မြေပုံတပ်ပေါင်းစု ညီလာခံ၏အရောင်လွှမ်းမိုးမှုကို ခံသွားရသည်။

"သူပုန် . . . သူပုန် . . . ထ . . . ထ . . . "ဟူသောကြွေးကြော်သံနှင့်တကွ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးအား ဆန့်ကျင်သောသံချပ်များ လွှမ်းမိုးသွား၏။ သင်္ကြန်အပြီး ကျနော်နှင့်ညီများ ရက်သတ္တတပတ်ခန့် ရှင်သာမဏေဘောင်သို့ဝင်ကြသည်။ ကျနော်ရှင်သာမဏေဘောင်မှထွက်ပြီ။ စစ်တွေမြို့တွင်း ကေဒါများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်း အသေးစိတ်ဆွေးနွေးပြီးလေပြီ။ ပုလိပ် သမဂ္ဂ၊ စာရေးစာချီသမဂ္ဂ၊ ကျောင်းသားသမဂ္ဂစသော သမဂ္ဂခေါင်းဆောင်များနှင့်လည်း ကျနော်တွေ့ဆုံနှီးနှောဖလှယ်မှုများ ပြုပြီးလေပြီ။ နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းစုဌာနချုပ်ရုံး အခြေစိုက်ရန် အဆောက်အဦးလည်း ရရှိနေပြီ။ ဒုံးသား ပြည်သူ့ညီလာခံကျင်းပရေးအတွက် ကျနော် မြို့ဟောင်းမြို့သို့ အာရက်ကံဖလိုတီးယား မီးသင်္ဘောဖြင့် လိုက်ပါသွား၏။ မြို့ဟောင်းမြို့သို့ နေ့မွန်းတည့်ချိန်တွင် မီးသင်္ဘောဆိုက်ရောက်သွားသည်။ မြို့တွင်းရှိ ကေဒါရဲဘော်များနှင့် မြို့မိမြို့ဘများထံ တအိမ်ဝင်တအိမ်ထွက် သွားရောက်ပြီး လက်ရှိနယ်ချဲ့တော်လှန်ရေး တပ်ပေါင်းစုနှင့် နိုင်ငံရေးရာကိစ္စများကို ကျနော်ဆွေးနွေးတင်ပြသည်။ ယနေ့ညဥ့် မြို့ဟောင်းတွင်အိပ်မည်၊ မနက်ဖြန် ဒုံးသားရွာသို့ နံနက်စာအမှီသွားမည်ဟု ကျနော်စီစဉ်ထား၏။

မွန်းလွဲ ၂နာရီခန့်တွင် မြို့ဟောင်းကေဒါရဲဘော်တစ်ဦး ကျနော်ရှိရာသို့ အူယားဖားယား ရောက်လာ၏။ ဆရာတော်ဦးစိန္တာအား ဖမ်းပြီ။ ကျနော့်အား မြို့ဟောင်းမြို့မှ ချက်ချင်းထွက်သွားရန် မြို့ဟောင်းပုလိပ်သမဂ္ဂမှ သတင်းပို့ခိုင်းကြောင်းကို တီးတိုးနှစ်ဦးချင်းပြောပြသည်။ ဆရာတော်အား ဖမ်းသည်ဆိုချက်ကို တရွေးသားမျှ ကျနော်မယုံ။ ဆရာတော်နှင့်ကျနော် လက်ဝဲကျွံနေသော သံတွဲသူပုန်မီးကို အေးငြိမ်းသွားအောင် အသက်ပေးဆောင်ရွက်ခဲ့ကြသည်။ ယနေ့တပ်ပေါင်းစုလမ်းစဉ်အရလည်း သူပုန်ထရန် ဗြိတိသျှနယ်ချဲ့အား တော်လှန်ရန် ပြင်ဆင်ရေးကာလဟူ၍သာ သတ်မှတ်ထားသည်။

ဆရာတော်ရမ်းဗြဲသို့ သွားခြင်း၏ အဓိကနိုင်ငံရေးတာဝန်မှာ ပြည်သူအားတော်လှန်ရေးအဆင့်သို့ ရောက်ရန် လှုံ့ဆော်စည်းရုံးရေးနှင့် မြေပုံတပ်ပေါင်းစုညီလာခံ အကြွေးဆပ်ရေးအတွက် ငွေကြေးရံပုံငွေစုဆောင်းရန်တို့သာ ဖြစ်သည်။ ဆရာတော်သွားလာရာတွင် လက်ဝဲကျွံအဆင့်သို့ မရောက်ရအောင် အဘက်ဘက်မှစီစဉ်ပြီးမှ ဆရာတော်သွားခြင်းဖြစ်သည်။ ယင်းကြောင့် သတင်းလာပို့သော ကေဒါရဲဘော်နှင့်အတူ၊ မြို့ဟောင်းပုလိပ်သမဂ္ဂသို့ ကျနော်တို့သွားကြ၏။ မြို့ဟောင်းပုလိပ်သမဂ္ဂမှ စစ်တွေခရိုင် ရာဇဝတ်ဝန်၏ ကြေးနန်းစာကိုပြောပြသည်။

ယနေ့မြေပုံမြို့မှ စစ်တွေမြို့သို့ထွက်ခွာလာသော အာရက်ကံဖလိုတီးယား မီးသင်္ဘောပေါ်တွင် ဆရာတော်တို့အား ကျောက်ဖြူခရိုင် ရာဇဝတ်ဝန်တို့က ဖမ်းဆီးလိုက်ပြီ။ ဆူပူမှုများဖြစ်လာလျှင် နှိမ်နင်းရန် အဆင်သင့်

စီစဉ်ထားရမည်ဟုလည်း ကြိုးမဲ့ကြေးနန်းဖြင့် ညွှန်ကြားထားသည်ဆို၏။ စစ်တွေမြို့ကေဒါရဲဘော် ကိုလှထွန်းကျော်တို့ထံ ဆရာတော်ဦးစိန္တာအဖမ်းခံရသည့်ကိစ္စများကို အတိအကျလေ့လာပြီး ဒုံးသားပြည်သူ့ ညီလာခံတွင်ရှိနေမည့် ကျနော့်ထံ အကြောင်းကြားရန် စာရေးပေးခဲ့ကာ မြို့ဟောင်းမြို့မှ ကျနော်အလစ်သုတ် ထွက်ပြေးတော့၏။

### ဒုံးသားပြည်သူ့ညီလာခံ

မြေပုံတပ်ပေါင်းစုညီလာခံအပြီး ပြည်သူ့ညီလာခံများကို အမ်းမြို့နယ်၊ ဒလက်ချောင်း၊ မင်းပြားမြို့နယ်၊ ဒုံးသားရွာ၊ မြို့ဟောင်းမြို့နယ် ဝေသာလီဘုရားကြီးရွာ၊ ကျောက်တော်မြို့နယ် မဟာမုနိစသည်တို့တွင် ဆက်တိုက်ကျင်းပသွားရန် စီစဉ်ထားရှိခဲ့သည်။ ဒုံးသားပြည်သူ့ညီလာခံသည် ကနဦးပြည်သူ့ညီလာခံဖြစ်၏။ မြို့ဟောင်းမြို့မှ သုတ်ခြေတင်ထွက်ပြေးလာခဲ့သူ ကျနော်ဒုံးသားသို့ရောက်ချိန်တွင် ည ၇-နာရီကျော် ရှိလေပြီ။ မြေအောက်တော်လှန်ရေးတပ်ဖွဲ့ခေါင်းဆောင် ဗိုလ်စိန်ထွန်းအောင်၊ ကိုနီထွန်းအောင်၊ ကိုထွန်းသာအောင် စသူများကိုတွေ့သည်။ အလံနီပါတီ ရဲဘော်အောင်လင်း ရှိမရှိမေးကြည့်ရာ ၎င်းရဲဘော် ဆရာတော်ဦးစိန္တာနှင့် ရမ်းဗြဲကျွန်းဘက်သို့ လိုက်သွားကြောင်း သိရသည်။

ရဲဘော်အောင်လင်းအား ဒုံးသားပြည်သူ့ညီလာခံသို့ လူထုအား တက်ရောက်ချီတက်လာအောင် ဒုံးသား ရွာအနီးအနား ကျေးရွာများတွင် လှုံ့ဆော်ဟောပြောရန် တိကျစွာ တာဝန်ခန့်ခွဲထားပါလျက်နှင့် ဘာကြောင့် ဆရာတော်နှင့်ရမ်းဗြဲကျွန်းသို့ လိုက်သွားရသည်ကို ကျနော်နားမလည်နိုင်ဖြစ်နေ၏။ ဗိုလ်စိန်ထွန်းအောင်၊ ကိုနီထွန်းအောင်၊ ကိုထွန်းသာအောင် စသူတို့အား ခေါ်ယူပြီး ကျနော်တို့ တိုးတိုးကြိတ်ကြိတ် ဆွေးနွေးကြပါ သည်။ ဆရာတော်ဦးစိန္တာအား မြေပုံမှစစ်တွေအသွား မီးသဘောၤပေါ်တွင် ကျောက်ဖြူခရိုင် ရာဇဝတ်ဝန်က ဖမ်းလေပြီ။ အစချီကာ ကျနော်ရှင်းပြ၏။ သူတို့အံ့သြသွားကြသည်။ ဝမ်းနည်းသွားကြသည်။

မိနစ်အတော်ကြာ သူတို့တခွန်းမျှ မပြောနိုင်ကြ၊ ငေးငိုင်နေကြ၏။ ဆရာတော်အဖမ်းခံရပြီဆိုချက်ကို မနက်ဖြန်တွင် ကျင်းပမည့် ညီလာခံတွင် အသိမပေးဘဲ ထားသင့်သည်။ သို့သော် အချိန်မရွေး ဗြိတိသျှစစ်တပ် ပုလိပ်တပ်တို့က မတရားအသင်းညီလာခံဆိုပြီး ဝိုင်းဖျက်၊ ဝိုင်းဖမ်းပြုနိုင်သဖြင့် တပ်ကင်းနှင့် ကျေးရွာကင်းများကို ဖာပြိုရွာမှစပြီး၊ နေရာအနှံ့အပြား ချက်ချင်းကင်းချထားသင့်ကြောင်း ကျနော်တင်ပြရာ အားလုံးက သဘောတူ လက်ခံကြသည်။ ကင်းများကို အပူတပြင်းချထားလိုက်သည်။

ကျနော် ညနေစာစားပြီးချိန်တွင် ညဉ့် ၁၀-နာရီခန့်ရှိနေပြီ။ မနက်ဖြန်ကျင်းပမည့် ပြည်သူ့ညီလာခံ အတွက် အသေးစိတ်အစီအစဉ်များကို ဆွေးနွေးကြသည်။ အဖမ်းခံနေရသော ဆရာတော်ဦးစိန္တာ မရောက်နိုင်ပြီ ယင်းကြောင့် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို မုန်းတီးရွံ့ရှာနေသော လိပ်မရွာဘုန်းတော်ကြီးအား သဘာပတိအဖြစ် ထားပြီး၊ ကိုနီထွန်းအောင်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မည်။ နေ့ရောညပါမြေအောက်တော်လှန်ရေး တပ်ဖွဲ့ရဲဘော်များကို ဗြိတိသျှစစ်တပ်၊ ပုလိပ်တပ်တက်လာမည့် ကုန်းလမ်း၊ ရေလမ်းတို့တွင် လုံလောက်စွာ ကင်းချထားမည်။

မြေပုံတပ်ပေါင်းစုညီလာခံမှ ဆုံးဖြတ်သောအဆိုများနှင့်အတူ ထိပ်တန်းအဆိုအဖြစ် ဖမ်းဆီးခံနေရသော ဆရာတော် ဦးစိန္တာတို့အား လွှတ်ရေးအဆိုကို ထိပ်တန်းတင်ဆုံးဖြတ်မည် စသည်တို့ကို ကျနော်တို့ ထိပ်တန်း

ခေါင်းဆောင်များ ဆွေးနွေးသဘောတူကြသည်။ အဆိုတင်သွင်းမည့်သူများ၊ ထောက်ခံမည့်သူများ၏ အမည်များနှင့်နေရပ်များကိုလည်း ရွေးချယ်အတည်ပြုကြသည်။ အဖမ်းခံနေရသော ဆရာတော်ဦးစိန္တာတို့အား လွှတ်ရေး အဆိုကိုမူ ကျနော်ကိုယ်တိုင်တင်သွင်းမည်ဟု ကျနော်တာဝန်ယူလိုက်၏။

မူလအစီအစဉ်အရ ဒုံးသားပြည်သူ့ညီလာခံကို ၃-ရက်ကျင်းပရန် စီစဉ်ခဲ့သော်လည်း လက်ငင်းအခြေအနေအရ ဗြိတိသျှစစ်တပ်၊ ပုလိပ်တပ်များ၏ လှုပ်ရှားမှုအပေါ် အခြေတည်ပြီး ကျင်းပသွားရန်လည်း ဆန္ဒတူညီမှု ရရှိထားကြ၏။ မင်းပြားမြို့၊ မြို့ဟောင်းမြို့နှင့် မြောင်းဘွေမြို့များပေါ်ရှိ ကေဒါရဲဘော်များထံ ဆက်သားများလွှတ်ပြီး ယင်းမြို့များမှ ဗြိတိသျှစစ်တပ်၊ ပုလိပ်တပ်တို့၏လှုပ်ရှားမှုကို နေ့မရွေး၊ ညဉ့်မရွေး တိကျသောသတင်းရနိုင်ရေးကိုလည်း ကျနော်တို့ စီစဉ်ကြ၏။

ဗြိတိသျှလက်ပါးစေ၊ ပုလိပ်အချို့မှအပ ပုလိပ်သမဂ္ဂအဖွဲ့မှာ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကို အထောက်အကူ ပြုနေကြပြီဖြစ်ပါသည်။ ဦးဝမ်းမောင် ခေါင်းဆောင်သော ပုလိပ်သမဂ္ဂဌာနချုပ်သည် အမျိုးသား လွတ်လပ်ရေးတိုက်ပွဲကို ထောက်ခံလျက်ရှိသလို၊ ဦးမောင်မောင်၊ ဦးအောင်ဘတို့ ခေါင်းဆောင်မှုအောက်တွင် ရှိနေသော ရခိုင်ပုလိပ်သမဂ္ဂလည်း ရခိုင်ပြည်လွတ်လပ်ရေးလှုပ်ရှားမှုများကို ထောက်ခံအားပေးလျက်ရှိနေသည်။ ဒုံးသားပြည်သူ့ညီလာခံကို ဖျက်လိုဖျက်ဆီးပြုရန် ဗြိတိသျှနယ်ချဲ့ စစ်တပ်က ကြိုးစားလျှင် မင်းပြားမြို့၊ မြောင်းဘွေမြို့၊ မြို့ဟောင်းမြို့တို့သို့ ဗြိတိသျှစစ်တပ်များ တက်လာလျှင် ကျနော်တို့ကြိုတင်သတင်းရနိုင်သဖြင့် စီစဉ်ထားသည့်အတိုင်း ဒုံးသားပြည်သူ့ညီလာခံကို ကျနော်တို့မရုပ်သိမ်းဘဲ ဆက်လက်ကျင်းပကြခြင်းဖြစ်ပါသည်။

ဒုံးသားပြည်သူ့ညီလာခံတွင် သတ်မှတ်ထားသည့်အတိုင်း လိပ်မရွာ ဘုန်းတော်ကြီးက သဘာပတိအဖြစ်လည်းကောင်း၊ ကိုနီထွန်းအောင်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဆောင်ရွက်ကြ၏။ ညီလာခံကျင်းပနေစဉ်အတွင်း စစ်တွေမြို့ ကေဒါရဲဘော်များထံမှ ဆရာတော်ဦးစိန္တာအဖမ်းခံရသည့်ကိစ္စကို တိတိကျကျသိရသည်။ ဆရာတော်အားဖမ်းစဉ် အတူတူရှိနေပြီး၊ အဖမ်းမခံရဘဲ လွတ်လာသူ ရဲဘော်နီအောင်တို့လည်း ရောက်လာကြသည်။ သူတို့အဖမ်းမခံရသည်မှာ သဘော်စာရေး ကိုမောင်လှကျော် ဝှက်ထားလိုက်ခြင်းကြောင့် လွတ်လာခြင်းကိုလည်း ရဲဘော်နီအောင်တို့ပြောပြကြသည်။

ဆရာတော် ရမ်းဗြဲသို့ရောက်သွားချိန်တွင် ရမ်းဗြဲရုံးနှင့်ဂါတ်တို့ကို လူထုဝိုင်းပြီး၊ ကိုဘဟန် (နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းစုအာဏာပိုင်အဖွဲ့ဝင်တဦး)၊ ကိုဘိုးနွယ် ကျောက်ဖြူခရိုင် လူငယ်များခေါင်းဆောင်နှင့်ကျောက်ဖြူခရိုင်ဖဆပလအဖွဲ့ခေါင်းဆောင်တဦး) နှင့် ဖမ်းဆီးထားသူ ၁၈ဦးအား လွှတ်ရန် အရေးဆိုနေချိန်နှင့် တထပ်တည်းဖြစ်နေသည်။ ကိုဘဟန်နှင့် ကိုဘိုးနွယ်တို့ နယ်ချဲ့တော်လှန်ရေး တပ်ပေါင်းစုလမ်းစဉ်ကို အကောင်အထည်ဖော်ရန် သင်းပန်းကိုင်းရွာနှင့်ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာလူကြီးများနှင့် ညှိနှိုင်းဆွေးနွေးနေကြသည်။

ရမ်းဗြဲနယ်ပိုင် မျက်နှာဖြူအရာရှိ မက္ကာမေသယု ကိုယ်တိုင်ခေါင်းဆောင်ပြီး လက်နက်ကိုင်များဖြင့် ဝိုင်းထားကာ ကိုဘဟန်၊ ကိုဘိုးနွယ်နှင့် ဆွေးနွေးပွဲသို့ တက်ရောက်နေသော သင်းပန်းကိုင်းရွာလူကြီး ၁၆ဦးတို့ကို ဖမ်းမည်။ ကြိုးများဖြင့် တုပ်နှောင်ပြီး ရမ်းဗြဲမြို့သို့ ယူဆောင်လာသည်။ အပြစ်မဲ့သောမိမိတို့ခေါင်းဆောင်များအား ဖမ်းဆီးသည်ကို ပြည်သူလူထု မကျေနပ်။ ရမ်းဗြဲမြို့ရှိ ရုံးနှင့်ဂါတ်ကိုဝိုင်းပြီး သူတို့ခေါင်းဆောင်များကို လွှတ်ရန် အရေးဆိုကြသည်။ ဆရာတော် ရမ်းဗြဲမြို့သို့ ရောက်သည်ကို တွေ့မြင်ရသောပြည်သူများ ပို၍ပို၍ အုံကြွလာသည်။ သောင်းချီလျက်ရှိသော ပြည်သူများ ရုံးနှင့်ဂါတ်တို့ကို ရက်ဆက်မပြတ် ဝိုင်းထား၏။ မျက်နှာဖြူနယ်ပိုင်မက္ကာမေသယု လက်မှိုင်ချသွားသည်။

မတရားဖမ်းထားသူများကိုလွှတ်မည်ဟု လက်မှတ်ရေးထိုးပေးရသည်။ အောင်ပွဲရပြည်သူများ မိမိရပ်ရွာနေအိမ်များသို့ ပြန်သွားကြ၏။

ဆရာတော်တို့လည်း ဒုံးသားပြည်သူ ညီလာခံသို့ အချိန်မှီရောက်နိုင်ရေးအတွက် ရမ်းဗြဲမြို့မှ လေးပင်တပ်လှေဖြင့် ကျောက်ဖြူမြို့သို့ တညဥ့်လုံး အအိပ်ပျက်ခံ၍လာကြရ၏။ ကျောက်ဖြူမြို့တွင် ဆိုက်ကပ်ထားသော အာရက်ကံဖလိုတီးယား မီးသင်္ဘောဖြင့် စစ်တွေမြို့သို့လိုက်လာကြသည်။

ထုံးစံအတိုင်း မြေပုံဆိပ်ကမ်းတွင် မီးသင်္ဘောတညဥ့် အိပ်နားသည်။ နောက်တနေ့ မြေပုံမြို့မှ စစ်တွေသို့သွားရာ မြေပုံမြစ်ဝအနီးတွင် လက်နက်ကိုင်အပြည့်ပါသော ယူဘီဘုတ်ဖြင့်လာရောက်သည့် ကျောက်ဖြူခရိုင်ဝန်မစ္စတာအက်ဂျီအေစကော့ (Mr. S.G.A. Scott,) ကက်စ်ဘီခေတ် (ဗိုလ်မှူး) က ဆရာတော်၊ ဦးဘိုးဦး၊ ဦးမောင်မြဦး (ယခု မြို့ဟောင်းမြို့နယ် ပါတီယူနစ်)စသူများကို ဖမ်းဆီးသွားသည်။

လူထုဝိုင်းလုမည်ဆိုးရိမ်၍ ဆရာတော်အား ရဲဌာနနှင့် ထောင်တွင်မထားရဲ၊ စစ်တွေသဲချောင်း စစ်ဌာနတွင် ထားရှိသည်ဟု စစ်တွေကေဒါရဲဘော်များက အတိအကျပြော၏။ ဆရာတော်တို့ အဖမ်းခံရစဉ်က လွတ်လာသောရဲဘော် နီအောင်တို့လည်း ပြော၏။

ညီလာခံနောက်ဆုံးနေ့တွင် ဆရာတော်ဦးစိန္တာအဖမ်းခံရခြင်းကို ကျနော်ရင်ဖွင့်လိုက်၏။ ဆရာတော်ဦးစိန္တာတို့ ရမ်းဗြဲမြို့တွင် လူထုရုံးနှင့် ဂါတ်ဝိုင်းတိုက်ပွဲနှင့် ဆုံခြင်းမှအစ အဖမ်းခံသွားရခြင်းကို အသေးစိတ်ကွင်းကွင်းကွက်ကွက်ပေါ်အောင် ကျနော်ပြောပြသည်။ ပြောပြနေသော ကျနော်ကိုယ်တိုင်လည်း နှမြောဝမ်းနည်း ကြေကွဲနေသလို၊ တက်ရောက်နေသော ပြည်သူနှစ်သောင်းခန့်ကလည်း တုတ်တုတ်မျှမလှုပ်၊ ကြေကွဲဝမ်းနည်းနေကြ၏။

မတရားဖမ်းဆီးခံနေရသော ဆရာတော်နှင့်တကွ ဖမ်းဆီးထားသူများအား အကြွင်းမဲ့လွှတ်ပေးရန် ဤညီလာခံမှ အရေးဆိုကြောင်း အဆိုကို နိဂုံးချုပ်မည့်အပိုင်းတွင် ဆရာတော်အဖမ်းခံရသည်ကို စိတ်ပျက်လက်ပျက်မဖြစ်ရေး၊ ဆရာတော်တို့ လွတ်ရေးအတွက် လူထုတိုက်ပွဲများ နေရာအနှံ့ ဆင်နွှဲတိုက်ပွဲဝင်ကြရေး၊ ယုတ်မာသော ကောက်ကျစ်သော ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်တွဲမဖြုတ် တိုက်ပွဲများ နေရာအနှံ့ ဆင်နွှဲတိုက်ပွဲဝင်ကြရေး လှုံ့ဆော်ရင်း ကျနော်အဆိုတင်လိုက်ပါသည်။

သဘာပတိ လိပ်မရွာ ဘုန်းတော်ကြီးကလည်း ဗြိတိသျှနယ်ချဲ့ ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရေးမိန့်ခွန်းပြောကာ ဒုံးသားပြည်သူညီလာခံကို ရုပ်သိမ်းလိုက်ကြသည်။ ဆရာတော်ဦးစိန္တာတို့အား ဖမ်းလေပြီဟု သိကြလေသည်နှင့်တစ်ပြိုင်နက် မြေအောက်တော်လှန်ရေးလက်နက်ကိုင် အဖွဲ့အစည်းများက လက်နက်ဖြင့် တွန်းလှန်ခွင့်ပြုရန် ပြင်းပြင်းထန်ထန် ခါးခါးသီးသီး အရေးဆိုလာကြ၏။

ကျနော်တို့ ဖွဲ့စည်းထားသော တပ်ဖွဲ့များ၏သေနတ်ပြောင်းဝ ကျနော်တို့ဘက်သို့ လှည့်လာနိုင်သည်။ သို့သော် မူရင်းရည်မှန်းချက်အတိုင်း မြန်မာပြည်တစ်ပြည်လုံးနှင့် တပြိုင်တည်း ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို တော်လှန်ရမည်။ ယင်းကြောင့် လက်ငင်းလက်နက်ကိုင် တော်လှန်ရေးကို ကျနော်ခွင့်မပြု၊ နိုင်ငံရေးနည်း လူထုဆန္ဒပြပွဲနည်းဖြင့်သာ ဆရာတော်တို့လွတ်ရေးကို မရပ်မနား ကျနော်တို့ ဆောင်ရွက်ကြ၏။

ဆရာတော်ဦးစိန္တာတို့ အဖမ်းခံရသည့်ကိစ္စနှင့်ပတ်သက်၍ ၁၉၄၇ခု မေလ ၁၄ရက်နေ့ထုတ်ဝေသော သူရိယသတင်းစာတွင် အောက်ပါအတိုင်း ပါရှိလာသည်။

**ရခိုင်ပြည်အရေး ဦးစိန္တာကိုယ်တော်ကို ဖမ်းပြီ**

ဟူသောခေါင်းစီးကြီး တပ်လိုက်သည်။ တဆက်တည်း ရေးသားလိုက်သည်မှာ "ရခိုင်ပြည် ငြိမ်ဝပ်ပိပြားရေးအတွက် တိုင်းမင်းကြီးက လက်နက်ကိုင်စစ်သား တထောင်တောင်းရသာ ကိုအောင်ဆန်းအစိုးရက စစ်သားနှစ်ထောင်ခွင့်ပြုလိုက်သည်ဆိုခြင်း"ခေါင်းစဉ်ငယ်ကို တပ်ပြီးရေးသားထားသည်မှာ "ရက်အနည်းငယ်အတွင်းက

ရခိုင်ပြည်တပ်ပေါင်းစုခေါင်းဆောင်ကြီး ဆရာတော်ဦးစိန္တာကိုယ်တော်အား ဆိုင်ရာမှ ဖမ်းဆီးလိုက်ပြီ ဖြစ်ကြောင်း။

ထိုသို့ ဦးစိန္တာကိုယ်တော်အား ဖမ်းဆီးလိုက်ခြင်းနှင့်ပတ်သက်၍ ယခုအခါ ရခိုင်တိုင်းအရပ်ရပ်တွင် ဆူပူသောင်းကျန်းလျက်ရှိတော့ကြောင်း။ အထူးသဖြင့် စစ်တွေခရိုင် မင်းပြားမြို့နယ်၊ မြို့ဟောင်းမြို့နယ်တွင် လယ်ခွန်မပေးရေး တရားများကိုဟောပြောမှုကြောင့် နေ့ရောညပါဆူပူနေကြသည်ဆိုကြောင်း ကျောက်ဖြူခရိုင် မြေပုံမြို့နယ်နှင့် မာန်အောင်မြို့နယ်၊ ၎င်းပြင် သံတွဲဒိစတြိတ်နယ်အရပ်ရပ်တွင် ဆူပူသောင်းကျန်းလျက်ရှိသည်ဟု ကြားသိရကြောင်း။

**စစ်သား ၁၀၀၀ပေးပါ။**

"ထိုဆူပူမှုများမှာ အထူးပိုမိုများပြားလာသဖြင့် စစ်တွေမြို့မှ ရခိုင်တိုင်းမင်းကြီး ဦးကျော်သည် ရခိုင်ပြည် အရေးများကို အထက်အစိုးရထံ အစီရင်ခံရန်နှင့် ရခိုင်ပြည်ငြိမ်ဝပ်ပိပြားရေး အတွက် စစ်သားများတောင်းရန် ၁၁-၅-၄၇ နေ့က ရန်ကုန်မြို့သို့ရောက်ရှိလာပြီးလျှင် ဆိုင်ရာသို့ ရခိုင်ပြည် ငြိမ်ဝပ်ပိပြားရေးအတွက် စစ်သား ၁၀၀၀ကို တောင်းဆိုသည်ဆိုကြောင်း"

**စစ်သား ၂၀၀၀ယူစေ**

"သို့ ရခိုင်တိုင်းမင်းကြီး ဦးကျော်က ဆိုင်ရာသို့ ရခိုင်ပြည်ငြိမ်ဝပ်ပိပြားရေးအတွက် စစ်သား ၁၀၀၀ တောင်းသည်တွင် ဦးအောင်ဆန်းအစိုးရက ခေတ်မှီလက်နက်မျိုးစုံနှင့် ရခိုင်ပြည်အမျိုးသား ထကြွသူများအား နှိမ်နင်းရန်အတွက် စစ်သား ၂၀၀၀ကိုယူရန် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

**လိုက်လံဖမ်းဆီးနေပြီ**

"ယခုအခါ ရခိုင်ပြည်ရပ်ကွက်အသီးသီးတွင် တိုင်းပြည်ရေးအတွက် စိတ်ထက်သန်နေသူအမျိုးသားများ အား ဆိုင်ရာမှအနှံ့အပြား လိုက်လံဖမ်းဆီးနေပြီဟုလည်း ကြားရကြောင်း။

**တို့အရေးများကို ဆွေးနွေးရန်**

"သို့အတွက် ထိုအရေးကို ဆွေးနွေးရန် ရန်ကုန်မြို့ရှိ အမျိုးသားအသင်းကြီး၏အစည်းအဝေးတစ်ရပ်ကို လာမည့်သောကြာနေ့ ၁၆-၅-၄၇နေ့ နေ့လည် ၂-နာရီအချိန်တွင် ရန်ကုန်မြို့ ရခိုင်အမျိုးသားအသင်းချုပ် တည်ရာဌာန၌ ကျင်းပရန်စီစဉ်ထားကြသည်ဟု သိရကြောင်း"ဟူ၍ သူရိယသတင်းစာတွင် ရေးသားဖော်ပြပါ ရှိပါသည်။

ဆရာတော်ဦးစိန္တာတို့ အဖမ်းခံရသည့်ကိစ္စနှင့်ပတ်သက်၍ သတင်းစာများကလည်း ရေးသားဖော်ပြကြ သလို ရခိုင်ပြည်တွင် သံတွဲမြို့၊ အမ်းမြို့၊ မင်းပြားမြို့၊ ပေါက်တောမြို့၊ မြို့ဟောင်းမြို့၊ ကျောက်တော်မြို့၊ ပုဏ္ဏားကျွန်းမြို့၊ ရသေ့တောင်မြို့စသော မြို့ပေါင်းများစွာတွင်လည်း မြို့တိုင်းသောင်းချီတက်သော ပြည်သူလူထု အစည်းအဝေးများက ဆရာတော်တို့လွှတ်ရေးကို ပြင်းထန်စွာ အရေးဆိုလာကြသည်။ စစ်တွေမြို့ ကျောင်းသား လူငယ်များကလည်း လှုပ်ရှားလာကြသည်။

ယင်းကြောင့် အစိုးရက ဖြေရှင်းချက်ထုတ်လာရသည်။ အစိုးရဖြေရှင်းချက်နှင့်ပတ်သက်၍ ၁၉၄၇-ခုနှစ် မေလ၁၆ရက် ထုတ်ဝေသော သူရိယသတင်းစာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

"ဦးစိန္တာကိုယ်တော်ကို ဘာကြောင့် ဖမ်းရသလဲ"ခေါင်းစီးကြီးနှင့်တဆက်တည်းတွင် "ရခိုင်ပြည်မှာ လူဆိုးများဟာ မိန်းကလေးများကို မတရားပြုကျင့်ပြီး အခွန်တော်မပေးရေးများကို ပြုလုပ်ခါ တချို့နေရာများ တွင် စင်ပြိုင်အစိုးရထောင်နေကြပါတယ်(ဝန်ကြီးဦးဘချို) "ဟု ခေါင်းစဉ်ငယ်တပ်ပြီး အောက်ပါအတိုင်း

ဆက်လက်ရေးသားသွားပါသည်။

၁၉၄၇-ခု မေလ ၁၅-ရက်နေ့ နေ့လည် ၁-ချက်တီးတွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး ဝန်ကြီးဦးဘချို အခန်း၌ ဝန်ကြီးဦးဘချိုက သတင်းစာဆရာများအား ဖိတ်ခေါ်ကာ ရခိုင်ပြည် ဦးစိန္တာကိုယ်တော်ဖမ်းဆီးသည့် ကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းပြလိုက်ကြောင်း။

**"စင်ပြိုင်အစိုးရထောင်ပြီ"**

မေလ ၁၄-ရက်နေ့ထုတ် သတင်းစာအချို့တွင် ရခိုင်ပြည်အမျိုးသားတပ်ပေါင်းစု ခေါင်းဆောင်ကြီး ဦးစိန္တာကိုယ်တော်အား ဖမ်းဆီးထားသောကိစ္စနှင့်ပတ်သက်၍အမှားမှားအယွင်းယွင်း ရေးသားထားကြသည်ကို တွေ့ရှိရပါတယ်။ အမှန်မှာ ရခိုင်ပြည်တွင် ဆူပူနေသည်မှာ ယခုမှ မဟုတ်ပါ။ ဦးစိန္တာကို မဖမ်းမီပင် လူဆိုးများဟာ မိန်းခလေးများအား မတရားကျင့်ခြင်း၊ ဆန်တပြည် ငွေတမတ်ကစပြီး တိုက်ခိုက်လုယူနေကြခြင်းများကို ပြုနေကြပါတယ်။ ဒါတွေတင်မကသေးဘူး၊ သူတို့ဘက်ကို မပါတဲ့သူများကိုလည်း ကိစ္စတုံးစီရင်ပြစ်နေကြပါ တယ်။ နောက်လည်း အမတော်ကြေး အခွန်တော်ကြေးမပေးကြရန်ကိုလည်း သူတို့တတွေဟာ နည်းအမျိုးမျိုး တွေ့သုံးပြီး ပြုလုပ်နေကြပါတယ်။ တချို့နေရာများမှာဆိုရင် စင်ပြိုင်အစိုးရထောင်ပြီး လူတွေကိုသတ်၊ ကြိမ်ဒဏ် ပေးစသည်ဖြင့် အမျိုးမျိုးတရားမဲ့ကင်းစွာ ပြုလုပ်နေကြပါသည်။

**"ဖမ်းဆီးလိုက်"**

အဲဒါကို ဆိုင်ရာအရေးပိုင်များက ကျနော့်ထံလာပြီး အကြောင်းကြားလို့ အစိုးရက တိုင်းမင်းကြီးကို ထိုကိစ္စဆွေးနွေးရန် ရန်ကုန်ကိုခေါ်ခဲ့ပါတယ်။ နောက်တိုင်းမင်းကြီး ရန်ကုန်ရောက်ပြီး ၂-ရက်ကြာတယ်ဆိုရင် ဘဲ ရခိုင်ပြည်မှနေပြီး အာဏာပိုင်များက ဦးစိန္တာရဲ့တရားမဲ့ ပြုမူချက်များကြောင့် ဖမ်းဆီးလိုက်ရကြောင်းဖြင့် သတင်းပေးပို့လိုက်ပါတယ်။

**"ဘမ်းဆီးလိုက်ပုံ"**

ဦးစိန္တာကို ဖမ်းရခြင်းအကြောင်းမှာ လွန်ခဲ့သောသောကြာနေ့က ကျောက်ဖြူနယ်ပိုင်ဝန်ထောက်က သတင်းအရ ရမ်းဗြဲကျွန်းအနီးမှ ရွာတရွာသွားပြီး ဦးစိန္တာ၏ တပည့် ၂ယောက်ကို ရိုင်ဖယ် ၇လက်နှင့် သူပုန်ထ ရန် စာရွက်စာတမ်းများနှင့် တွေ့ရှိသဖြင့် ရမ်းဗြဲကိုခေါ်လာပြီး စစ်ဆေးနေသောအချိန်မှာ လူပေါင်း ၃၀၀ခန့်ဟာ မြို့ပိုင်ရုံးနှင့် ပုလိပ်ဌာနဝိုင်းပြီး အဆိုပါလူ ၁၂ယောက်နဲ့ လက်နက်များကို ပြန်ပေးရန် တောင်းဆိုကြပါတယ်။ ထိုအရေးကို နယ်ပိုင်ဝန်ထောက်က ရာဇဝတ်ဝန်ထံသို့ ချက်ချင်းအကြောင်းကြားပြီး မိမိတို့တွင် ထိုလူများကို ပြန်လွှတ်ရန် အာဏာမရှိပါ။ အရေးပိုင်သာလျှင် တတ်နိုင်ကြောင်းဖြင့် ပြန်ကြားလိုက်ပါတယ်။ အဲဒီလိုပြန်ကြားဖြေဆိုလိုက်သော်လည်း လူထုက အဆိုပါနေရာကို နှစ်ရက်တိုင်တိုင် ဝိုင်းထားပြီး ပြန်တော့မည် လုပ်နေတုံးမှာ ခေါင်းဆောင်ဦးစိန္တာက လူထုကိုဆက်လက်ဝိုင်းထားရန်ပြောပြီး ၎င်းကိုယ်တိုင် နယ်ပိုင် ဝန်ထောက်ထံသွား၍ ဘမ်းထားသူများကိုလက်နက်နှင့်တကွ ပြန်လွှတ်ရန်ဟူသောအမိန့်စာကို အတင်းအကြပ် လက်မှတ်ထိုးခိုင်းပါသဖြင့်၊ နယ်ပိုင်က လက်မှတ်ထိုးရပါတယ်။ အဲဒီလိုလက်မှတ်ထိုးပြီးတယ်ဆိုရင်ဘဲ ဦးစိန္တာ ဟာ သူ့လူများနဲ့ လက်နက်တွေကိုယူပြီး အစိုးရမော်တော်ကလေးနဲ့ ထွက်သွားတယ်။

**"လူစုခွဲလိုက်ရခြင်း"**

ဦးစိန္တာတို့ထွက်သွားပြီးနောက် ရာဇဝတ်ဝန်ရောက်လာပြီး သေနတ်မိုးပေါ်ပစ်ဖောက်ကာ၊ လူထုကို လူစုခွဲလိုက်ရပါတယ်။ နောက်ချက်ချင်းဆိုသလို ရာဇဝတ်ဝန်ဟာ ဦးစိန္တာနောက်ကို လိုက်သွားပြီး ဦးစိန္တာကို မြေပုံမြို့အနီးမှာ ဘမ်းရပါတယ်။ အမှန်မှာ ဦးစိန္တာကို ဖဆပလအစိုးရက ပြန်လွှတ်ထားခြင်းဖြစ်ပါတယ်။

သို့သော်လည်း ဦးစိန္တာရဲ့ ပြုမူပုံတွေဟာ နယ်သူနယ်သားများကို ထိခိုက်ပြီးနေလို့ ပြန်ဖမ်းလိုက်ရခြင်းဖြစ်ပါတယ်။ အဲဒါဟာ ဦးစိန္တာကိုယ်တော်ကို ဖမ်းဆီးလိုက်ရခြင်းအကြောင်းရင်းနှင့် ဖမ်းဆီးလိုက်ရပုံတွေပါဘဲဟု ပြောဆိုနိဂုံးချုပ်သွားကြောင်းဟူ၍ သူရိယသတင်းစာတွင် ရေးသားပါရှိပါသည်။

ဆရာတော်ဦးစိန္တာကိစ္စနှင့်ပတ်သက်ပြီး လန်ဒန်(ဘီလပ်) ပါလီမံတွင်ပင်လျှင် ဗြိတိသျှပါလီမန်အမတ်များ မေးမြန်းကြသည်။ ကျနော်တို့ တခါမျှလည်းမရောက်ဘူး၊ ကျနော်တို့ထဲတွင် လန်ဒန်ပါလီမန်အား လက်လှမ်းမှီသူ တစ်ဦးမျှ မရှိပါလျက် ဗြိတိသျှပါလီမန်အမတ်များက ဆရာတော်ဦးစိန္တာကိစ္စမေးမြန်းရသည့် အခြေအနေသို့ရောက်သွားရသည်မှာ ထိုစဉ်က ရခိုင်ပြည်၏နိုင်ငံရေးတက်ကြွမှု မည်သည့်အဆင့်ထိရှိနေသည်ကို ခန့်မှန်းနိုင်ပေသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ၁၉၄၇ခုနှစ်၊ ဇွန်လ (၁၄)ရက်နေ့ထုတ်ဝေသော သူရိယသတင်းစာတွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

“ဦးစိန္တာကိစ္စ ပါလီမံတွင် ပြောကြပြီ”ဟု ၁၄-၆-၄၇ ထုတ် သူရိယသတင်းစာ စာမျက်နှာဖုံးတွင် ခေါင်းစဉ်တပ်ထားပြီးသ “ဟင်ဒါဆင်အပြော။ လန်ဒန် ဇွန် ၁၂-ရက် နေ့စွဲကြေးနန်းခေါင်းစဉ်ငယ်အောက်တွင် ဆက်လက်ဖော်ပြသွားသည်။ “ရခိုင်ပြည်ကို မြန်မာပြည်မှခွဲထွက်ရန် လှုံ့ဆော်ပေးနေသော ရခိုင်တော်လှန်ရေး ခေါင်းဆောင် ဦးစိန္တာကို ဖမ်းဆီးပြီးနောက်မှ ၎င်းတော်လှန်ရေးခေါင်းဆောင် ဦးစိန္တာထံ၌၊ မြန်မာပြည်အစိုးရက မတရားအသင်းကြေငြာထားသည့် အလံနီများနှင့်အဆက်အသွယ် ပြုလုပ်သော စာရွက်စာတမ်းတချို့ကို တွေ့ရှိဖမ်းဆီးမိသည်ဟု ယနေ့ည ဘီလိပ်အောက်ပါလီမံ လွှတ်တော်တွင် မြန်မာပြည်ဆိုင်ရာလက်ထောက်အတွင်းဝန်ကလေး မစ္စတာအာသာဟင်ဒါဆင်က ပြောပြကြောင်း။

### ကောင်းမွန်လာပြီ။

ယခုအခါ အစိုးရက ပုလိပ်နှင့်စစ်တပ်များကို ရခိုင်ပြည်သို့ပို့ထားပြီဖြစ်သောကြောင့် ရခိုင်ပြည်၏အခြေအနေမှာ များစွာကောင်းမွန်လာပြီဟု လက်ထောက်အတွင်းဝန်ကလေး ဟင်ဒါဆင်က ဆက်လက်ပြောပြကြောင်း။

### မပူးပေါင်းလို

ရခိုင်ပြည် အခြေအနေမှာ လွန်ခဲ့သောလပေါင်းအနည်းငယ်ခန့်က အတော်ကလေး ဆိုးရွားခဲ့ကြောင်း ထိုအခါက ဂျပန်ကိုတော်လှန်ခဲ့ဘူးသော ၎င်းတော်လှန်ရေးခေါင်းဆောင် ဦးစိန္တာနှင့်သူ၏ နောက်လိုက်နောက်ပါတချို့သည် ရခိုင်ပြည်တွင် စင်ပြိုင်အစိုးရတည်ထောင်လျက် အချို့ဆင်းရဲသူ ဆင်းရဲသား အပြစ်မဲ့များကို အကြမ်းပတမ်းဖက်ခါ ညှင်းပမ်းနှိပ်စက်ခဲ့သေးကြောင်း။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းအစိုးရသည် ဦးစိန္တာနှင့်နောက်လိုက်နောက်ပါ ၁၆ဦးအား လက်နက်ချခိုင်းပြီးနောက် ကြင်နာထောက်ထားကာ လွန်ခဲ့သော ဇန်နဝါရီ ၁၇ရက်နေ့ကစ၍ လုံးဝအပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း။ ထိုအချိန်မှစ၍ ဦးစိန္တာသည် မြန်မာပြည်အစိုးရနှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်ရန် ဆန္ဒမရှိကြောင်း။

### စင်ပြိုင်အစိုးရ

ထိုနောက် ဦးစိန္တာသည် မြန်မာပြည်အစိုးရနှင့် ဗြိတိသျှတို့ ချုပ်ဆိုခဲ့သော စာချုပ်ကို ဖောက်ဖျက်ပြီး လွတ်လပ်ရေးကို တိုက်ယူရမည်ဟု ကြွေးကြော်ပြီး ရွာများကို လွတ်လပ်ရေးရပုံငွေများ ကောက်ခံကာ စင်ပြိုင်အစိုးရထောင်လျက် ပြစ်မှုရှိသူတို့ကို ၎င်းတို့လူစုကိုယ်တိုင် ကြိမ်ဒဏ်ရိုက်ခြင်း၊ သတ်ဖြတ်ခြင်းအထိ စီရင်သည် သာမက ပုလိပ်များကိုပင် ယှဉ်ပြိုင်တိုက်ခိုက်ကာ ရခိုင်ပြည်အခြေအနေကို ဆိုးရွားလာစေခဲ့ကြောင်း။

**နယ်ပိုင်ရုံးကို ဝိုင်းတယ်၊**

ရခိုင်တပြည်လုံး၌လည်း အစည်းအဝေးကျင်းပခါ အမတော်ကြေးမပေးရေး၊ သီးစားခမပေးရေး၊ တရားဟောပြီး ဆုံးဖြတ်ချက်များ ချကြကြောင်း။ ဦးအောင်ဆန်းကိုယ်တိုင် ထိုကစ္စအတွက် ဆောင်ရွက်ရန် ချက်ချင်းလိုကပ်သွားခြင်းသော်လည်း မအောင်မြင်ခဲ့ကြောင်း။ လွန်ခဲ့သောမေလဆန်း ၉ရက်နေ့ကလည်း ဦးစိန္တာခေါင်းဆောင်သော လူပေါင်း သုံးထောင်ခန့်တို့သည် ရမ်းဗြဲကျွန်းရှိ နယ်ပိုင်ရုံးဝိုင်းပြီး အစိုးရဖမ်းဆီးထားသောဌင်းတို့၏ လူပေါင်း ၁၈ဦးခန့်ကို ပြန်လွှတ်ရမည်ဟု အရေးဆိုကြကြောင်း။ ထို့ကြောင့် ဦးစိန္တာ၏ဆန္ဒအရထိုရာဇဝတ်ပြစ်မှုကျူးလွန်သူ ၁၈ဦးကို ဆိုင်ရာမှလွှတ်ပစ်လိုက်ရကြောင်း။ သို့သော်လည်း နောက်ဆုံး၌ ဦးစိန္တာနှင့်အဖော်များကိုဖမ်းဆီးလိုက်ရတော့ကြောင်းနှင့် မစ္စတာအာသာဟင်ဒါဆင်က အောက်လွှတ်တော် ရခိုင်ပြည်အရေးနှင့်စပ်လျဉ်း၍ မေးကြသောမေးခွန်းများကို အထက်ပါအတိုင်း ဖြေရှင်းကြရကြောင်း”ဟု သူရိယသတင်းစာတွင် ရေးသားဖော်ပြထားသည်။

အထက်ပါဖော်ပြချက်များကို ထောက်ရှုလျှင် ၁၉၄၅-ခုနှစ်မှစပြီး မြေဆီမြေခွန်ခမပေးရေး၊ လက်ငုတ်လက်ရင်း လယ်ပိုင်ရေး၊ တိုက်ပွဲများမှ မြေအောက်တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊ ဗြိတိသျှအစိုးရအလိုတော်ရိ ရွာသူကြီးများကို ဖြုတ်ပစ်ပြီး၊ ကျေးရွာများကို ဥက္ကဋ္ဌအုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးကာအာဏာနီနယ်မြေထူထောင်ခြင်းတို့နှင့် မြေပုံတပ်ပေါင်းစု ညီလာခံတွင် ကျယ်ပြန့်သောလူထုလူတန်းစား အဖွဲ့အစည်းများစုစည်း၍ နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းစုကို ထူထောင်နိုင်ခဲ့ပြီဖြစ်သော ဆရာတော်ဦးစိန္တာနှင့်ကျနော်တို့သည် အကယ်၍မြန်မာပြည်မှ နိုင်ငံရေး၊ စစ်ရေးစသည်တို့ဖြင့် စွက်ဖက်မခံရပါလျှင် ဗြိတိသျှနယ်ချဲ့စနစ် ကိုလိုနီကျွန်ဘဝမှလွတ်မြောက်ရန် လက်နက်စွဲကိုင်တော်လှန်ကြသူများသာ ဖြစ်သွားရမည့်ဖြစ်ရာ ဗီယက်နမ်တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီး နယ်ချဲ့ရန် ကျူးကျော်လာသော ပြင်သစ်နယ်ချဲ့စနစ်ဆိုးကို လက်နက်ဖြင့်တော်လှန်ခဲ့သော သမတဟိုချီမင်းကဲ့သို့ ဆရာတော်နှင့်ကျနော်တို့လည်း ရခိုင်ဟိုချီမင်းများ ဖြစ်ကောင်းဖြစ်သွားမည်။ ယခု ဤသို့ဖြစ်မလာပါ။

**“ငြိမ့်ငြိမ့်သဲသဲ လူထုတိုက်ပွဲများ”**

ဒုံးသားပြည်သူ့ ညီလာခံနှင့် ဂွင်းဆက်ပြီး ဆက်လက်ကျင်းပရန် စီစဉ်ထားသော ပြည်သူ့ညီလာခံများကို ဆရာတော်အဖမ်းခံရခြင်းကြောင့် ရပ်စဲပစ်ကြရပါသည်။ မြေအောက်တော်လှန်ရေးလက်နက်ကိုင် တပ်ဖွဲ့များစွာက လက်နက်ဖြင့်တော်လှန်ရေးကို အပူတပြင်း သဲသဲမဲမဲတောင်းဆိုလာကြ၏။ ကျနော်တို့ ခေါင်းဆောင်များ အကြိတ်အနယ် ဆွေးနွေးကြသည်။

အဖမ်းခံသွားရသော ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် ဌာနချုပ် ဥက္ကဋ္ဌဦးဘိုးဦးနေရာတွင် ဦးညိုလှအောင်ကို အစားထိုးကြ၏။ လက်ငင်းလက်နက်ဖြင့် တွန်းလှန်ရေးကို ကျနော်တို့ တားဆီးနိုင်သွား၏။ မူရင်းအဓိကရည်ရွယ်ချက်ကို ကျနော်တို့ မစွန့်လွှတ်၊ မြန်မာပြည်တစ်ပြည်းလုံး တပြိုင်တည်းလိုလို ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို တော်လှန်ရာတွင် ကျနော်တို့ တတပ်တအား ပါဝင်ရန်သာ ကျနော်တို့ အဓိကရည်မှန်းချက်ပြုထားသည်။

ကက်စဘီခေတ် (ဗြိတိသျှစစ်အုပ်ချုပ်ရေးခေတ်) ကပင် ဝါရမ်းထုတ်ထား၍ တောခိုဝရမ်းပြေးနေရသော ဆရာတော်ဦးစိန္တာအား လူထုဆန္ဒပြပွဲ လူထုတိုက်ပွဲများဖြင့် ဝရမ်းပြေးအဖြစ်မှ ထုတ်ယူခဲ့သလို ယခုလည်း လူထုဆန္ဒပြပွဲများ၊ လူထုတိုက်ပွဲများဖြင့် ဆရာတော်တို့ လွတ်ရေးကိုကြိုးစားမည်။ လက်နက်ဖြင့် တွန်းလှန်ရန် ပြင်းပြင်းထန်ထန်ခါးခါးသီးသီး တောင်းဆိုနေကြသော မြေအောက်တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များသို့ ခေါင်းဆောင်များကိုယ်တိုင် သွားရောက်ဖြေရှင်းမည်။ ရခိုင်တိုင်းမင်းကြီး ဦးမောင်ကျော်နှင့်တကွ ရန်ကုန်မြို့ရှိ ခေါင်းဆောင်များထံ မပုတ်မမှန်စွပ်စွဲပြီး ဖမ်းဆီးထားခြင်းခံနေရသော ဆရာတော်နှင့် ဖမ်းထားသူများ လွတ်ရေးအတွက် ကျနော်စာရေးရန်တို့ကို ဆန္ဒတူညီစွာဖြင့် ဆုံးဖြတ်အတည်ပြုကြပါသည်။

နယ်အသီးသီးရှိ ဌာနခွဲများထံ ညွှန်ကြားလွှာများကို ချက်ချင်းကွှန်တော်ပို့ပေး၏။ ဆရာတော်ဦးစိန္တာတို့ ဖမ်းဆီးခံသွားရသော်လည်း ကြေကွဲဝမ်းနည်းရုံဖြင့် တင်းတိမ်မနေကြဘဲ ၎င်းတို့လွတ်ရေးနှင့် အမျိုးသား လွတ်လပ်ရေးတို့အတွက် ဆက်လက်တိုက်ပွဲဝင်ရမည့် သမိုင်းပေးတာဝန်ကို ထမ်းဆောင်ကြရေးတို့ကို ရှည်လျားစွာ ရှင်းပြကာ လက်နက်ဖြင့် တွန်းလှန်ခြင်းကို အလျဉ်းမပြုရ။ မြို့ပြများသို့တက်ပြီး လူထုဆန္ဒပြပွဲ များကျင်းပရာတွင် လက်နက်ဆို၍ အပ်တစ်ချောင်းပင် ယူမသွားရ။

လူထုဆန္ဒပြပွဲများအတွက် လှုံ့ဆော်ရေးမှ ချီတက်ရေးအထိ ကျေးရွာအလိုက် တိုက်နယ်အလိုက် ခေါင်းဆောင်များ ရွေးပြီး အစည်းဝေးသဘာပတိများနှင့် အတွင်းရေးမှူးများကိုပါ စနစ်တကျရွေးချယ်ခြင်း၊ ရွေးချယ်ခံရသူများသည် ဗြိတိသျှစစ်တပ် ပုလိပ်တပ်တို့၏ သေနတ်ဖြင့် ပစ်သတ်မှုများကိုပင် ခံရဖွယ်ရှိရာ မိမိဆန္ဒအလျောက် ဆောင်ရွက်မည့်သူများကိုသာ ရွေးချယ်ရေး စသည်များကို ပြုလုပ်သွားရန် ညွှန်ကြားလွှာ တွင် အသေးစိတ်ရေးသားဖော်ပြထားသည်။

ရခိုင်တိုင်းမင်းကြီး ဦးမောင်ကျော်၊ ကိုဗဆွေ( ထိုစဉ်က ဖဆပလဌာနချုပ် အထွေထွေအတွင်းရေးမှူး ဦးဗဆွေ) ၊ ကိုကျော်ငြိမ်း (ထိုစဉ်က ပြည်ထဲရေးဝန်ကြီး) နှင့် သခင်မြ (ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ လုပ်ကြံခံသွားရသော အာဇာနည်သခင်မြ) တို့မှာ ကျနော်နှင့် ပုဂ္ဂိုလ်အရပါ ရင်းနှီးနေကြသူများဖြစ်၍ ဆရာတော်ဦးစိန္တာတို့အား လွှတ်ပေးရန် ကျနော်အားကိုးတကြီး စာရေးပါသည်။ ရခိုင်တိုင်းမင်းကြီးထံပေးစာ ကို ကိုလှထွန်းကျော်ကိုယ်တိုင်သွားပို့ပြီး ဆွေးနွေးချက်များပါ အသေးစိတ် ပေးပို့ရန် ကိုလှထွန်းကျော်ကို ကျနော်ညွှန်ကြားလိုက်၏။ ရန်ကုန်ရှိ ခေါင်းဆောင်များထံ ပေးစာများကိုလည်း စိတ်ချရသော ကျနော်တို့ ကေဒါရဲဘော်များနှင့် ပေးပို့လိုက်၏။ ဆရာတော်သည် လွတ်လပ်ရေးပိသုကာ၊ ဆရာတော်သည် လယ်သမား ဘခင်၊ ယင်းကြောင့် ဆရာတော်အား ဖမ်းဆီးခြင်းသည် မြေအောက်တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များအား ဒေါသူပုန်ထစေသည်။ အံတကြိတ်ကြိတ်ဖြစ်စေသည်။ သူတို့အသက်ကို စွန့်လျှုပြီး တွန်းလှန်ခွင့်ပြုရန် ပြင်းပြင်း ထန်ထန်တောင်းဆိုလာစေသည်။ သူတို့ထံ ကျနော်တို့ သွားကြရ၏။ သူတို့၏ မျက်မှောင်ကြုတ်နေသော မျက်နှာများကို ရွှင်လန်းလာအောင် ဖျော့ဖျောင်းရ၏။ သူတို့၏မာကျောသောအသံကို လွတ်လပ်ရေး၊ ဒီမိုကရေစီ ရေး၊ ဆိုရှယ်လစ်ရေးတို့ဖြင့် ဆေးကျွေးယူရ၏။ သူတို့လက်ထဲ ခိုင်မြဲစွာကိုင်ထားသော လက်နက်များအစား သူတို့လက်ထဲ နိုင်ငံရေးသဘောတရားလက်နက်ကို ကျနော်တို့ ပေးအပ်လိုက်ရ၏။ မြေအောက်လက်နက်ကိုင် တော်လှန်ရေး တပ်ဖွဲ့များ၏ လက်နက်ကိုင်တိုက်ရေး လမ်းစဉ်မှ သူတို့အား ကျနော်တို့ ဆွဲထုတ်ယူလိုက်ပြီ။ အစိုးရက ဝရမ်းထုတ်ဆင့်ထားခြင်း မရှိသေးသော သူတို့ထဲမှ ရဲဘော်ပေါင်းများစွာကို လူထုတိုက်ပွဲထဲတွင် အသေခံတပ်သားအဖြစ် ကျနော်တို့ တာဝန်ပေးလိုက်၏။ မြို့ပြအသီးသီးတွင် အုံကြွသောလူထုဆန္ဒပြပွဲများဖြင့် ခြိမ့်ခြိမ့်သဲသဲဖြစ်လျက်။

ပထမဆုံးလူထုဆန္ဒပြပွဲကို ဌာနချုပ်နှင့် အနီးကပ်ဆုံးဖြစ်သော မြေပုံမြို့ကိုရွေးချယ်သည်။ လူထုဆန္ဒပြပွဲ ခေါင်းဆောင်အဖြစ် ကိုအောင်ထွန်းမြ (ကွယ်လွန်သွားသော ဗိုလ်မှူး ခေါ် အောင်ထွန်းမြ)၊ ကိုရွှေကျော်ဦး (မော်ကွန်းပထမဆင့်) နှင့် ကိုအောင်လှဖြူ တို့ကို သတ်မှတ်ကြသည်။ ၁၉၄၇-မေလအတွင်းတွင် မြေပုံမြို့၌ လူထုဆန္ဒပြပွဲကို စတင်ဆင်နွှဲ၏။ သောင်းချီ၍တက်လာသော လယ်သမားထု မြို့တွင်းတွင် လှည့်လည်သည်။ ဆရာတော်ဦးစိန္တာအား လွှတ်ရေးကို လက်သီးလက်မောင်းတန်းကာ ကြွေးကြော်တောင်းဆိုကြ၏။ မြေပုံတပ်ပေါင်းစုံ ညီလာခံဆုံးဖြတ်ချက်များနှင့် ဆရာတော်တို့အားလွှတ်ရေးကို ဆုံးဖြတ်အတည်ပြုကြ၏။

မြေပုံမြို့ စစ်တပ် ပုလိပ်တပ်တို့က သေနတ်တစ်ချက်မပစ် မြေပုံလူထုဆန္ဒပြပွဲ အောင်မြင်ခဲ့ရပြီ။ ယင်းဆန္ဒပြပွဲမှ လက်တွေ့အတွေ့အကြုံများကိုယူကာ မြို့ပြများတွင် လူထုဆန္ဒပြပွဲလုပ်ဆောင်ရမည့် ညွှန်ကြား ချက်များကို ကျနော်အပူတပြင်း ညွှန်ကြားလိုက်၏။ ရသေ့တောင်မြို့၊ ပုဏ္ဏားကျွန်းမြို့၊ ပေါက်တောမြို့၊ ကျောက်တော်မြို့၊ မြို့ဟောင်းမြို့၊ မင်းပြားမြို့၊ မြေပုံမြို့၊ အမ်းမြို့၊ သံတွဲမြို့ စသော မြို့ပေါင်းများစွာတွင် သောင်းသိန်းချီသောပြည်သူများ ဆရာတော်ဦးစိန္တာအား လွှတ်ရေးကို ကြွေးကြော်တောင်းဆိုကြသည်။ မြေပုံ

တပ်ပေါင်းစုလမ်းစဉ်ကို ထောက်ခံကြသည်။

ပြည်သူ့ဆန္ဒပြပွဲများ ဒြိမ့်ဒြိမ့်သဲသဲ ချီတက်အောင်မြင်နေချိန်တွင် စစ်တွေမြို့ ကေဒါရဲဘော် ကိုလှထွန်းကျော်ထံ ကြေကွဲဝမ်းနည်းဖွယ် စာတစောင်ရောက်လာ၏။

သူ့စာအတိုချုံးမှာ ကျနော့်စာနှင့်အတူ ရခိုင်တိုင်းမင်းကြီး ဦးမောင်ကျော်နှင့် သူသွားတွေ့သည်။ ဦးမောင်ကျော်အား ကျနော့်စာကိုပေးပြီး ဆွေးနွေးကြည့်ရာ မင်းအဖမ်းမခံလိုရင် ချက်ချင်းထွက်သွားဆိုပြီး အိမ်မှမောင်းထုတ်၏။ ယခု တိုင်းမင်းကြီး အိမ်တွင်လည်း ပုလိပ်တပ်များ အထပ်ထပ်ချထား၍ ဝင်ခွင့်မရပြီ။ သူမြန်မာပြည်မှ စစ်သားများတောင်းခဲ့ရာ မကြာမီစစ်တပ်များရောက်လာပြီး ကျနော်တို့အားနှိမ်နင်းလိမ့်မည်ဟူ၍ဖြစ်သည်။ ဦးမောင်ကျော် စိတ်အပြောင်းအလဲ မြန်လွန်းလှပါသည်။ သူ့အား ရခိုင်တိုင်းမင်းကြီး ရာဇပလ္လင်ပေါ်သို့ ကျနော်ပုခုံးဖြင့် ထမ်း၍ပို့ခဲ့ပါသည်။ သူ့အား ကျနော်တို့ ဖွဲ့စည်းထားသော ပြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးမြေအောက်လက်နက်ကိုင် တပ်ဖွဲ့များ ကိစ္စကိုပင် ဆွေးနွေးခဲ့ပြီးပါပြီ။

သူက နိုင်ငံရေးသမားများအား ဝရမ်းပြေးဘဝမှ လွတ်ခွင့်ပြုမည်။ ဖမ်းထားသောနိုင်ငံရေးသမားများကို လွှတ်မည်။ မြေအောက်လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များကို ဥပဒေတွင်းမှ အကာအကွယ်ပေးမည်။ ရခိုင်ပြည်နှင့် ရခိုင်လူမျိုး ကြီးပွားချမ်းသာရေးအတွက် မြောက်များလှစွာသော စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးမည်ဟု မြင့်မြတ်သောကတိများကို ပေးခဲ့သည်။ သူ့အား ကျနော် ဇရာမ ရခိုင်မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးဟု ယုံကြည်အားကိုးခဲ့သည်။

ယခု ကျနော့်အား သူရာသက်ပန် နလံမထူနိုင်အောင် လိမ်ညာရက်လေပြီ။ ကျနော်တို့အားသေမင်းခံတွင်းသို့ တွန်းပို့လေပြီ၊ ဤသို့လုပ်ရက်သည်မှာ သူ၏ပင်ကိုယ်ဝါဒလော၊ သို့မဟုတ် ဆရာသမားများ ခိုင်းစေ၍ လုပ်ရသလောဆိုသည်ကို သူနှင့်ကျနော် နောက်ထပ်တစ်ကြိမ်မျှ မဆုံမိသဖြင့် ယနေ့ထိ ကျနော်မသိ။

အဆင်သင့်ရှိနေသောလက်နက်ကိုင်တပ်ဖွဲ့များ ရှိသော်လည်း လက်နက်ကိုင် တိုက်ပွဲမပါဘဲ ဆရာတော်ဦးစိန္တာတို့အား လွှတ်ရေးကို ရခိုင်တွင်သာ လူထုဆန္ဒပြပွဲများ၊ လူထုတိုက်ပွဲများကို ပြုလုပ်သည်မဟုတ်၊ ကျနော်တို့၏ကေဒါရဲဘော်များ ရန်ကုန်မြို့သို့သွားရောက်ပြီး ဆရာတော်လွှတ်မြောက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြပါသေးသည်။

ရန်ကုန်တွင် ဆရာတော်တို့လွှတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ထိုစဉ်ကထုတ်ဝေခဲ့သောသတင်းစာများက ခေါင်းစဉ်အမျိုးမျိုးတပ်ဆင်၍ ထုတ်ဝေဖြန့်ချီခဲ့ကြပါသည်။ ထိုသတင်းစာများအနက် ၁၉၄၇-ခု မေလ (၂၀)ရက်နေ့ထုတ် သူရိယသတင်းစာတွင် "ရခိုင်အမျိုးသားများ အစည်းအဝေးကြီး"ဆိုသောခေါင်းစဉ်ကြီးနှင့် တဆက်တည်း ဦးစိန္တာကိုယ်တော်အား ဖမ်းဆီးပြီး ရခိုင်ပြည်ကို စစ်တပ်နှင့်နှိမ်နင်းရန် ကြံစည်းခြင်းသည် ရခိုင်အမျိုးသားများ၏စိတ်ကို နာကျည်းစေရာရောက်သည့်အပြင် ရခိုင်နှင့်မြန်မာသွေးကွဲအောင် လုပ်နေသည်နှင့်တူကြောင်း၊ ဖဆပလတို့သည် အစကသူတို့ပင် အခွန်မပေးရန် လှုံ့ဆော်ခဲ့ပြီးနောက် ယခု သူတို့အစိုးရဖြစ်လာသောအခါ အခွန်ပေးရမည်ဟုပြောလာပြန်ခြင်းသည် ပြောတော့တမျိုး လုပ်တော့တမျိုး ဖြစ်နေသည်ဆိုခြင်း" ခေါင်းစီးငယ်ကို တပ်ထားသည်။ တဆက်တည်းတွင်ပင် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

"ရခိုင်အမျိုးသားများအစည်းအဝေးကို မေလ (၁၈)ရက်နေ့ နေ့လည် ၁၂-နာရီအချိန်တွင် ရန်ကုန်စတော့ဂိတ်လမ်း မင်္ဂလာသုက္ခကျောင်း၌ စာချဆရာတော် ဦးကေသာရအား ဥက္ကဋ္ဌ၊ ရှေ့နေ ဦးအောင်ထွန်းဦးအကျိုးဆောင်အဖြစ် တင်မြှောက်၍ကျင်းပကြောင်း၊ ရဟန်းတော်အပါးငါးဆယ်ကျော်နှင့် လူကြီးလူငယ်ပေါင်း ၂၀၀-ကျော်အပြင် ရခိုင်ပြည်မှ ဖဆပလအမတ်များလည်း တက်ရောက်ကြောင်း။

### "မခံမရပ်နိုင်အောင် နာကျည်းနေသည်မှာ"

ဦးလှထွန်းဖြူ (သတင်းစာဆရာ)က အစည်းအဝေးခေါ်ရသည်မှာ ရခိုင်ပြည်တွင် ဆူပူသောင်းကျန်းနေသည်ဆို၍ မြန်မာပြည်မှစစ်သားပေါင်း ၁၀၀၀၊ မေလ၁၅-ရက်နေ့က ပို့လိုက်သည့်အတွက်ပင်ဖြစ်ကြောင်း၊

ဤအခင်းအရာကို သိရသောအားဖြင့် ရန်ကုန်မြို့ရှိ ရခိုင်မျိုးချစ်ပုဂ္ဂိုလ်များ မခံမရပ်နိုင်အောင် နာကျည်းနေကြသည်မှာ ယနေ့အစည်းအဝေးသို့ လာရောက်ခြင်းဖြင့် သိနိုင်ကြောင်း၊ ရခိုင်ပြည်ကို စစ်တပ်ကြီးဖြင့် နှိမ်နင်းရန် ရခိုင်အမျိုးသားများသာမဟုတ် မြန်မာပြည်ရှိ မျိုးချစ်များစွာကပင် မလိုလားကြောင်း အစည်းအဝေးသို့ ကြွရောက်လာသော ရခိုင်အမျိုးသားများသည် အချို့မှာ ပါတီစွဲရှိနေသော်လည်း အမျိုးသားကိစ္စဖြစ်သဖြင့် တိုင်တိုင်ပင်ပင်ဆောင်ရွက်ကြရန် တက်ရောက်လာခြင်းဖြစ်ပါကြောင်း ပြောပြလေသည်။

### "ဦးစိန္တာကို မဖမ်းခင်ကပင်"

ဥက္ကဋ္ဌဆရာတော်ခွင့်ပြုချက်တရ၊ ရသေ့တောင်မှ ဖဆပလအမတ် ဦးကျော်ဦးက၊ ရခိုင်ပြည်တွင် ဆူပူနေသည်မှာ ဦးစိန္တာကို မဖမ်းခင်ကပင်ဖြစ်ကြောင်း အရပ်ရပ်မှုဒိန်းမှုများ ဖြစ်ပွားနေသည်ကို ဆရာဝန်များ မေးလျှင်သိနိုင်ကြောင်း ရသေ့တောင်တွင် ဦးစိန္တာဂိုဏ်းသားများ လူဆိုးဒမြတိုက်ခိုက်နေကြောင်း သေနတ်လက်နက်ပေးရန် မိမိတို့ကိုယ်တိုင် အရေးပိုင် ခရိုင်ဝန်များသို့ တောင်းဘူးကြောင်း စသည်ဖြင့် အကျယ်တဝင့်ပြောပြီးလျှင် ဘူးသီးတောင်မှ ကိုစံထွန်းအောင်ကလည်း အလားတူ ပြောပြကြောင်း။

### "နိုင်ငံရေး ဖိနှိပ်ခြင်းဖြစ်သည်"

ယူနီဗာစတီကျောင်းမှ ကိုဖေတင်ကမူ ဖဆပလအစိုးရလက်ထက်ရောက်လာသည့် အချိန်ကစ၍၊ ရခိုင်တပြည်လုံး မငြိမ်မသက်ဖြစ်နေကြောင်း၊ ၎င်းတို့သည်ပင် အစိုးရအား အခွန်တော်မပေးနဲ့ဟု ပြောဟောခဲ့ကြောင်း။ သူတို့အစိုးရဘက်လာသောအခါ၊ အခွန်တော်မပေးရေး မလုပ်နဲ့၊ ရပ်စဲရမည်ဟုပြောသော်လည်း မရတော့ကြောင်း၊ ဦးစန္တာနဲ့ ၎င်းအဖွဲ့ကိုဖမ်းဆီးခြင်းသည် နိုင်ငံရေးဖိနှိပ်ခြင်းဖြစ်သည်။ ယခုအခါ ရခိုင်တမျိုးသားလုံးကို ဖိနှိပ်ထားသည်ကို ရခိုင်အမျိုးသားတိုင်းသိကြောင်း၊ ရခိုင်အမျိုးသားများသည် မြန်မာများနှင့် ဆိုးတူကောင်းတူပေါင်းလိုကြောင်း၊ ချင်း၊ ကချင်များနှင့်မတူကြောင်း အချင်းချင်းပူးပေါင်းရမည်ဟုပြောနေသော်လည်း ဟန်ဆောင်ပြောခြင်းဖြစ်ကြောင်း။ ယခုရခိုင်ပြည်တွင် ဆူပူသောင်းကျန်းနေသည်မှာ ရခိုင်ပြည်တွင်းရေးကို ရခိုင်အမျိုးသားများ အုပ်ချုပ်ခွင့်ရရန်လည်းပါကြောင်း၊ ယခု ရခိုင်ပြည်ကို စစ်တပ်နှင့်နှိမ်ရန် ကြံစည်ခြင်းသည် ရခိုင်အမျိုးသားများ တိုးတက်နေသည့် စိတ်ဓါတ်ကို ဖိနှိပ်ရန် စီမံခြင်းဖြစ်ကြောင်းနှင့် အကျယ်တဝင့်ပြောဆိုလေသည်။

### "အက်တလီအောင်ဆန်း စာချုပ်ချုပ်လာလို့"

ဦးဘိုးဦးက ရခိုင်ပြည်တောင်ပိုင်း အခြေအနေကို ပြောပြလိုကြောင်း၊ ဖဆပလအဖွဲ့ကြီးက ဇန်နဝါရီလ ၃၁-ရက်နေ့ နောက်ဆုံးထား၍ လွတ်လပ်ရေးပေးရန် အင်္ဂလိပ်မကြေငြာလျှင် တပြည်လုံးသူပုန်ထမည်ဟု နိူးဆော်ထားသည့်အတိုင်း အသင့်ပြင်ထားရကြောင်း၊ နောက်ဆုံးတွင် အက်တလီအောင်ဆန်း စာချုပ်ချုပ်ဆိုလာသည့်အတွက် ရခိုင်ပြည်က ဗိုလ်ချုပ်နှင့် ဖဆပလကို အကြည်ညိုပျက်ခဲ့ကြောင်း။ ဖဆပလပြောတာတခြား၊ လုပ်တာတခြားဟု မကျေနပ်သည့်အတွက်ကြောင့် တောင်ပိုင်းရခိုင်အမျိုးသားများသည် မိမိနယ်၌ ဖဆပလအမတ်ကို မရွေးကြကြောင်း ရှင်းလင်းပြောပြလေသည်။

### "ဦးစိန္တာ လူဆိုးမဟုတ်"

ထိုနောက် ဆာပေါ်ထွန်းက ယနေ့ရခိုင်ပြည်ကိစ္စကို အရေးကြီးသည်ဟု ထင်သည့်အတိုင်း အစည်းအဝေးသို့ လာခဲ့ကြောင်း၊ မိမိတို့သည် ရခိုင်နှင့်မြန်မာညီညွတ်ရေးကို အလွန်လိုလားကြောင်း၊ ဦးစိန္တာကိုယ်တော်သည် ရခိုင်ပြည်တွင် ပထမဆုံး ဂျပန်တော်လှန်ရေးကို ဆောင်ရွက်လာကြောင်း၊ လူဆိုးဒမြမဟုတ်ကြောင်း၊ ဦးစိန္တာနာမည်ဖြင့် လူဆိုးများ တိုက်ခိုက်နေသည်မှာလည်း ထူးထူးဆန်းဆန်းမဟုတ်ကြောင်း၊ မြန်မာပြည်တွင်

အလားတူနာမည်လိမ်ဖြင့် တိုက်ခိုက်နေသည်မှာ နေ့စဉ်နှင့်အမျှ ဖြစ်နေကြောင်း၊ ပဲခူးတောင်ငူစသော မြို့များမှာ ညစဉ်ထိတ်လန့်နေရသဖြင့် တိုင်းသူပြည်သားများ အစားကောင်းမစားရ အအိပ်ကောင်းမအိပ်ရ ဖြစ်ရကြောင်း၊ ယခင်ကျုပ်တို့အစိုးရလက်ထက်က ဒါးပြတိုက်သည်မှာ အများဆုံး ၁၀ယောက်သာရှိကြောင်း၊ ယခု လူပေါင်း ၁၀၀၊ ၁၅၀သူပုန်အဖြစ် တိုက်ခိုက်နေကြောင်း။ မိမိသည် ရခိုင်ပြည်အတွက် စစ်တွေမြို့ကို အမြန်ဆုံးဝင်ရအောင် အမှုဆောင်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြောင်း၊ ထန်းတပင်ကိစ္စတွင် စုံစမ်းရေးကော်မီတီကို အင်္ဂလိပ်အရာရှိများနှင့် အတိုက်အခံဆောင်ရွက်ခဲ့ကြောင်း။ မိမိတို့သည် တိုင်းပြည်အတွက် ဆောင်ရွက်သည့်အခါ စိတ်ကောင်းနှင့် ဆောင်ရွက်ကြောင်းတို့ဖြင့် ပြောဆိုလေသည်။

### အရေးကြီးလာမည်

ဦးထွန်းအောင်ကလည်း ယခုအခါ အမျိုးသားရေးဖြစ်သဖြင့် အစည်းအဝေးသို့တက်လာကြောင်း၊ ရခိုင်ပြည် ဦးစိန္တာနှင့် လူတချို့ကို ဖမ်းနေသဖြင့် အရေးကြီးလာမည့်အကြောင်းတို့ကို အကျယ်တဝင့် ပြောဆိုကြောင်း၊ ၎င်းနောက် ဦးဘိုးဦးက အောက်ပါအဆိုကို တင်သွင်းကြောင်း။

### ဦးစိန္တာနှင့်တပည့်များလွှတ်ရန်

၁။ ။ ဦးစိန္တာကိုယ်တော်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ပဌမဆုံးဆောင်ရွက်သည့် ဘုန်းတော်ကြီးတပါးဖြစ်သည့်အပြင် ရခိုင်လူမျိုးများစွာတို့ ကြည်ညိုလေးစားသော ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်သည့်အားလျော်စွာ ၎င်းကိုယ်တော်အား အစိုးရဖမ်းဆီးချုပ်နှောင်ထားလိုက်သဖြင့် ရခိုင်အမျိုးသားများ၏စိတ်ဓါတ်ကို ထိခိုက်သည်ဖြစ်၍၊ တပြည်လုံး၏ငြိမ်းချမ်းရေးအခြေအနေကို မရနိုင်အောင် ဖြစ်ပေါ်လာမည့် အခြေအနေသို့ ရောက်နေဘွယ်ရာအကြောင်းရှိသောကြောင့် ဖမ်းဆီးထားသော ဆရာတော် ဦးစိန္တာနှင့် တပည့်တကာများကို အမြန်ဆုံးလွှတ်ရန် ဤအစည်းအဝေးက လေးနက်စွာ အစိုးရအားတောင်းဆိုကြောင်း အဆိုကိုတင်သွင်းရာ တက္ကသိုလ်ကျောင်းသား ကိုလှဖော်သန် (ယခု စစ်တွေမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးလှဖြူသန်)နှင့် လူပေါင်းများစွာ အတည်ပြုလိုက်ကြောင်း။

### စစ်တပ်ကို အမြန်ရုပ်သိမ်းရန်

၂။ ဦးလှထွန်းဖြူ (သတင်းစာဆရာ)က ယခုအခါ မြန်မာပြည်အရပ်ရပ်တွင် ဆူပူသောင်းကျန်းမှုများသည် အနည်းနှင့်အများ ရှိနေရာကား၊ ရခိုင်ပြည်တစ်ခုတည်းကိုသာ စစ်တပ်စေလွှတ်အုပ်ချုပ်မည်ဖြစ်ခြင်းကို ဤအစည်းအဝေးက အပြင်းအထန်ကန့်ကွက်၍ ၎င်းစစ်တပ်ကို အမြန်ဆုံးပြန်လည်ရုပ်သိမ်းပေးရန် ဤအစည်းအဝေးက တောင်းဆိုကြောင်း အဆိုတင်သွင်းရာ အားလုံးက ထောက်ခံသဖြင့် အဆိုကို အတည်ပြုလိုက်ကြောင်း။

၃။ ဦးလှထွန်းဖြူကပင် ဤအစည်းအဝေးက ဆုံးဖြတ်ထားသော အထက်ပါဆုံးဖြတ်ချက် ၂ချက်နှင့် တကွ အခြားသက်ဆိုင်ရာကိစ္စများ ဆောင်ရွက်ရန် အောက်ပါလူကြီး ၁၂ဦးပါဝင်သည့် ကော်မီတီအဖွဲ့ကို အာဏာကုန်လွှဲရန် အဆိုတင်သွင်းရာ၊ ဦးဘိုးညွန့်နှင့် ကိုသာလှတို့က ထောက်ခံ၍အားလုံးအတည်ပြုလိုက်ကြောင်း။ ကော်မီတီလူကြီး(၁)ဆာပေါ်ထွန်း ဝတ်လုံတော်ရ (၂) ဦးလှထွန်းဖြူ အမ်အေဘီအပ် ဝတ်လုံတော်ရ (၃) ဦးထွန်းအောင် ဘီအေဘီအပ် ဝတ်လုံတော်ရ (၄) ဦးစိုးဘော်အောင် (၅)ဦးမောင်သာလှ (၆)ဦးဘိုးမြိုင် ကျောက်ဖြူ (၇) ဦးထွန်းကြိုင် သံတွဲ (၈) ဦးဘိုးညွန့် ပွဲစား ကျောက်ဖြူ (၉) ဦးချစ်ထွန်း (၁၀) ဦးကိုမောင်စောထွန်း အမ်အက်စီ (၁၁)ကိုစံကျော်ဦး (၁၂) ဦးလှထွန်းဖြူ ဆော်ဩသူနှင့် အတွင်းရေးမှူး၊ ၎င်းနောက် ၃-နာရီအချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းဟူ၍ သူရိယသတင်းစာတွင် ရေးသားဖော်ပြပါရှိပါသည်။

ထိုစဉ်က မြန်မာပြည် (ယခု ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်) သည် လွတ်လပ်ရေး မရသေးပါ။ ဆရာတော်ဦးစိန္တာ အဖမ်းခံရသည့်ကိစ္စနှင့်ပတ်သက်၍ ဗြိတိသျှပါလီမန်အောက်လွှတ်တော်တွင် မေးခွန်းများကို ဖြေဆိုရာ၌ မြန်မာပြည်ဆိုင်ရာ လက်ထောက်အတွင်းဝန်ကလေး မစ္စတာအာသာ ဟင်ဒါဆင်က ဦးစိန္တာတို့အား နိုင်ငံရေးရာကိစ္စများကြောင့် ဖမ်းဆီးရကြောင်းကို ရှင်းပြသွားပါသည်။

သို့သော် ရခိုင်တိုင်း ဖဆပလအဖွဲ့ခေါင်းဆောင်လည်းဖြစ် စကားပြောရာတွင် ရခိုင်ဇကေဒက်တဦးလည်း ဖြစ်သော ဖဆပလအမတ် ကိုကျော်ဦးတို့က ဦးစိန္တာတို့အား ဖမ်းဆီးခြင်းမှာ မုဒိန်းမှုများ၊ လူဆိုးမှုများကြောင့် ဖမ်းရသည်ဟု မဟုတ်မမှန် စွပ်စွဲသွားပါသည်။ အပြောအဆိုကို ချက်ပိုင်ပိုင်ဖြင့် ကိုကျော်ဦးပြောတတ်သော်လည်း တကယ့်အဖြစ်အမှန်ကို သိနေကြသော ရခိုင်အမျိုးသားများ မယုံကြည်၊ ဦးစိန္တာနှင့်တကွ တပည့်တကာများကို လွှတ်ရန်သာ အစည်းအဝေးက ဆုံးဖြတ်လေ၏။ သို့သော် ရခိုင်တိုင်း ဖဆပလများသည် အလျှော့မပေး။ သူတို့လူအုပ်ဖြင့် အနိုင်ယူရန် စိုင်းပြင်းကြသည်။

ဤစိုင်းပြင်းချက်ကိုလည်း ကျနော်တို့နှင့်တသွေးတည်း တသားတည်း တစိတ်တည်းဖြစ်နေကြပြီး အမှန်တရားဘက်မှ မားမားမတ်မတ် ရပ်တည်သော ကျောက်ဖြူခရိုင် လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးစံဘော် (ယခု စစ်တွေကောလိပ် မြန်မာစာဌာနမှူး ဦးစံဘော်) နှင့် ကိုလှဖြူသံ (ယခု စစ်တွေမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ)တို့ စည်းရုံးထားသော လူငယ်ထုအင်အားနှင့် ဩဇာကို မလွန်ဆန်နိုင်သဖြင့် မိမိခေါ်ယူစည်းဝေးသော အစည်းအဝေးမှ ရခိုင်ဖဆပလဝန်ကြီးနှင့် ရခိုင်ဖဆပလအမတ်များ ထွက်ပြေးသွားရ၏။

၁၉၄၇-ခု မေလ ၂၇ရက်နေ့ ထုတ်ဝေသော သူရိယသတင်းစာတွင် "ရခိုင်ဝန်ကြီး ဆင်းပြေးရသော ရခိုင်အစည်းအဝေး" ဟူသော ခေါင်းစီးကြီးနှင့်တဆက်တည်း "ဦးအောင်ဇံဝေ ဖဆပလလေသံကို မပြောဘဲနဲ့ ရခိုင်ပြည်၏အဖြစ်အပျက်အမှန်ကိုသာ ပြောပါတဲ့"ခေါင်းစီးငယ်ဖြင့် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

မေလ ၂၅ရက်နေ့ ၁နာရီကျော်အချိန်တွင် ရန်ကုန်မြို့ စပတ်လမ်းရှိ ရခိုင်လူငယ်များအသင်းတိုက်တွင် ရခိုင်နယ် ဖဆပလအဖွဲ့ဝင်အချို့နှင့် ဘုရင်ခံ အတိုင်ပင်ခံ ဝန်ကြီး ဦးအောင်ဇံဝေ၏ အဖော်တချို့ အစည်းအဝေးခေါ်ထားသည့်အတိုင်း ဦးရွှေသာဆိုသူကို နာယကတင်လျက် ကျင်းပရာ ရဟန်းတော် အပါး ၅၀ကျော်နှင့် ရခိုင်အမျိုးသား ၂၀၀ကျော် တက်ရောက်ကြောင်း ဦးအောင်ဇံဝေ၊ မစောမြ၊ မကြာဇံ၊ ဦးမောင်စိန်၊ ဦးကျော်လှဦး၊ ဦးစံထွန်းအောင်၊ ဦးမောင်ဝေတို့လည်း ရောက်ရှိကြောင်း။

အစည်းအဝေးစလျှင်စခြင်း၊ ဦးအောင်ဇံဝေက ဦးစိန္တာကို ဖမ်းရသည်မှာ ဦးစိန္တာကို မဖမ်းလျှင်မဖြစ်ကြောင်း၊ ဦးစိန္တာသည် နယ်ကိုထွက်လျက် အခွန်မပေးရေးပြောသည့်ပြင် မြေပုံမြို့နယ်တွင် လက်ဝဲညီညွတ်ရေး တပ်ပေါင်းစုကို တည်ဆောက်ခြင်းစသည်တို့ကို ဟောပြောရာ၊ တက္ကသိုလ်ကျောင်းသားများက ဦးအောင်ဇံဝေပြောသည့်အတိုင်း အစီရင်ခံစာများသည် ဖဆပလအစီရင်ခံစာအရပြောသလား၊ သို့မဟုတ် အခြားအသင်းများက အစီရင်ခံစာအရ ပြောသလားဟု မေးခွန်းထုတ်ရာ ဦးအောင်ဇံဝေက မေးခွန်းကိုမဖြေ၊ မေးလိုလျှင် ဖဆပလ အစိုးရအား မေးနိုင်သည်ဟုပြန်ပြောသည်တွင် အစည်းအဝေးတက်ရောက်သူများက မကျေနပ်၍ ဆူပူသွားကြကြောင်း။ အစည်းအဝေးရောက်သူများကလည်း တယောက်တခွန်းစီ ပြောဆိုနေကြသဖြင့် ဝန်ကြီးဦးအောင်ဇံဝေမှာ ရှက်ရှက်ပင်ထိုင်သွားရတော့ကြောင်း။

## အားလုံးအမှားတွေချည်းဘဲ

ကျောက်ဖြူခရိုင်လူငယ်ခေါင်းဆောင် ကိုစံဖော်က ဦးအောင်ဇံဝေပြောသွားသောစကားများသည် တလုံးမကျန် အမှားမှား အယွင်းယွင်းသာဖြစ်ကြောင်း။ ဦးစိန္တာကို ဖမ်းဆီးခြင်းသည် အစိုးရက မတရားသဖြင့် ဖမ်းဆီးခြင်းမျှသာ ဖြစ်ကြောင်း။ သင်းပန်းကိုင်းနယ်တွင် ဆိုးသွမ်းနေသူများကို နှိမ်နင်းနေစဉ် မေလ ၃ရက်နေ့က နယ်ပိုင် မက်သရူးနှင့် ပုလိပ်များ ရောက်လာပြီး လမ်းတွင်လူတဦးသတ်ပစ်လိုက်ကြောင်း။

ရပ်ရွာငြိမ်ဝပ်ပိပြားရေးအတွက် အစည်းအဝေးလုပ်နေသောလူကြီး ၁၈ယောက်ကိုလည်း ဖမ်းဆီးချုပ်နှောင်ယူသွားကြောင်း။ ၎င်းအရာရှိများသည် တကယ်တန်းဆိုးနေသော ဒါးမြသုံးယောက်ကို လွှတ်ပစ်ခဲ့ကြောင်း။ လူထုက ရုံးကို သွားရောက်ပြီး ဖမ်းထားသောသူများကိုလွှတ်ရန် တောင်းဆိုကြကြောင်း။ ထိုအချိန်တွင် ဆရာတော်ဦးစိန္တာသည် ရမ်းဗြဲလေးတောင်နယ်တွင်သာရှိကြောင်း၊ နယ်ပိုင်ထံတွင် ဦးစိန္တာက အတင်းအကြပ်တောင်းသည်ဟုပြောခြင်းသည် အလျဉ်းမမှန်ကြောင်း။ အစိုးရသင်္ဘောကိုစီး၍ထွက်ပြေးသည်ဆိုခြင်းလည်း မမှန်ကြောင်း။ ဦးစိန္တာမှာ မိမိလှေဖြင့်သွားနေစဉ် အစိုးရသင်္ဘောဖြင့် ခေါ်ဆောင်တင်ယူသွားခြင်းသာ ဖြစ်ကြောင်း။ ၎င်းကို ဆိုင်ရာအရာရှိတို့ သိရှိနိုင်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းပြရာ ပရိသတ်များက ဩဘာပေးကြကြောင်း။

### အမှန်ကိုပြောပါ။

လူငယ်များစွာကလည်း ယခုကြားရခြင်းသည် မကြာမီက သတင်းစာဆရာများ အစည်းအဝေးတွင် ဦးအောင်ဇံဝေပြောပြချက်များနှင့် အလျဉ်းမတူဖြစ်နေကြောင်း။ ဖဆပလလေသံကို ပြောမပြဘဲ ဦးအောင်ဇံဝေသည် ရခိုင်ပြည်အဖြစ်အပျက်ကိုသာ ပြောပြရန်သင့်ကြောင်း။ အကယ်၍အမှန်ကို မပြောရဲပါက ဝန်ကြီးရာထူးမှ နှုတ်ထွက်ပေးစေလိုကြောင်း အသံများစွာဖြင့် ပရိသတ်များ ဆူပူအော်ဟစ်ကြကြောင်း။

### လက်နက်ထုတ်မပေးဘူးလား

အစည်းအဝေးမှာ မကြာခဏ မငြိမ်မသက်ဖြစ်နေသဖြင့် လာရောက်သူများက တောင်းပန်သောကြောင့် အနည်းငယ်ငြိမ်သက်သွားရာ၌ စစ်တွေမြို့မှ ဦးအောင်ဇံဝေ ခေါ်လာ၍ ရောက်ရှိနေသော သမဝါယမအသင်းမြို့အုပ်သမီးဖြစ်သူ မကြာဇံက ရခိုင်စကားဖြင့် ကျွန်မသည် ရခိုင်ပြည်အမျိုးသမီးခေါင်းဆောင်တယောက်ဖြစ်၍ အမျိုးသမီးများ ရပိုင်ခွင့်ရှိသည့်အရေးကို တောင်းဆိုရန်လာရပါသည်။

ရခိုင်အမျိုးသမီးအသင်းကို တည်ထောင်သည်မှာ နေ့စဉ်နှင့်အမျှ လူဆိုးဒါးပြတိုက်ခြင်းနှင့် အမျိုးသမီးများ မုဒိန်းကျင့်ခံနေရခြင်းကို ကာကွယ်လို၍ ဖြစ်ကြောင်းကို အကျယ်တဝင့်ပြောရာ ဦးသာဝေဆိုသူက ရခိုင်အမျိုးသမီးများ မုဒိန်းကျင့်ခြင်းကို လက်နက်ဖြင့် ခုခံကာကွယ်ရန် ဖဆပလအစိုးရက လက်နက်ထုတ်မပေးဘူးလားဟုမေးရာ ပရိသတ်က ရယ်မောကြကြောင်း။

အစည်းအဝေးတွင် ဂျပန်လက်ထက်က နယ်ပိုင်လုပ်ပြီး ရခိုင်များကို ဖိနှိပ်ခဲ့သူများအလိုမရှိ၊ ဖဆပလနှင့်ပေါင်းပြီး ဝန်ကြီးရာထူးကြံသူများ အလိုမရှိဟုပြောနေကြကြောင်း။ အထူးသဖြင့် လူငယ်များက တိုးတိုးတိတ်တိတ်ပြောနေကြောင်း။

ထိုနောက် ဖဆပလအမတ်ဖြစ်သူ ဦးစံထွန်းအောင်က သူသည် ဦးစိန္တာကို အထူးသိကျွမ်းကြောင်း။ ဦးစိန္တာလွှတ်ရန် အစည်းအဝေးခေါ်၍ ကန့်ကွက်ဘူးကြောင်း။ ယခု ဒါးပြတိုက်နေသည်မှာ ဦးစိန္တာနောက်လိုက်များ၊ ဦးစိန္တာအမည်ကို ယူတိုက်နေကြောင်းဖြင့် ဦးစိန္တာအား ထပ်တလဲလဲပုတ်ခတ်ပြောနေရာ ဘုန်းတော်ကြီးဦးသာသနနှင့် လူငယ်များက ယခုအရေးသည် ရခိုင်အရေးကို ဆွေးနွေးနေသော အရေးသာဖြစ်၍ ရခိုင်အချင်းချင်းပုတ်ခတ်နေရန် မလိုကြောင်းဖြင့်ပြောပြီး မုဒိန်းကျင့်ခြင်း၊ ဒါးပြတိုက်ခြင်းများကိုလည်း အထူးအဆန်းရိုးမယ်ဖွဲ့ပြောနေရန်မလိုကြောင်း။

ယနေ့ အစည်းအဝေးခေါ်ရသည်မှာ ဒါးပြတိုက်၊ မုဒိန်းကျင့်ခြင်းကို ပြောရန်ခေါ်ရခြင်းမဟုတ်၊ ဤသို့ပြောဆိုခြင်းတို့ကို အလိုမရှိဆိုပြီး အော်ဟစ်ကြရာ အစည်းအဝေးကို ထိန်းမရအောင်ဖြစ်သွားတော့ကြောင်း။ ထိုအခါ ဝန်ကြီး ဦးအောင်ဇံဝေနှင့် နောက်လိုက်တစုတို့သည် အစည်းအဝေးမှ သုတ်ခြေတင် ဆင်းသွားရတော့ကြောင်း။ အစည်းအဝေးပျက်လုမတတ် ဖြစ်ပြီးနေစဉ် ရဟန်းတော်များနှင့် လူငယ်တချို့က အစည်းအဝေးဆက်လုပ်ရန် စီမံကြသည်ကို ရခိုင်လူငယ်အသင်းဝင် တယောက်က ခွင့်မပြုပါရစေနဲ့ဟု တောင်းပန်ကြောင်း။

အစည်းအဝေးတက်လူငယ်များက ဝန်ကြီးကိုတော့ခွင့်ပြုတယ်၊ မျက်နှာလိုက်တဲ့အသင်းကို အလိုမရှိဟု ပြန်ပြောကြပြီး နောက်ဆုံးတွင် လာမည့်တနင်္ဂနွေနေ့ နေ့လည် ၁၂နာရီအချိန် စတော့ဂိတ်လမ်းရှိ မင်္ဂလာသုခ ကျောင်းတွင် ကျင်းပရန် ချိန်းဆိုလိုက်တော့ကြောင်းဟု သူရိယသတင်းစာတွင် ရေးသားပါရှိပါသည်။

ဤအချက်ကို ထောက်ထားခြင်းအားဖြင့် ရခိုင်ဝန်ကြီးနှင့် ရခိုင်ဖဆပလအမတ်များသည် ရခိုင်ပြည်တွင်သာ နိုင်ငံရေး ဩဇာတိက္ကမကျဆင်းနေသည်မဟုတ်၊ ရန်ကုန်မြို့ရှိ ရခိုင်အမျိုးသားများထဲတွင်ပင် နိုင်ငံရေးဩဇာ မရှိဖြစ်နေသည်မှာ ထင်ရှားလှပါသည်။ မိမိတို့ ဦးစီးကျင်းပသော အစည်းအဝေးမှ ရခိုင်ဝန်ကြီးနှင့် ရခိုင်ဖဆပလ အမတ်များ သုတ်ခြေတင်ထွက်ပြေးကြရပြီ။ နိုင်ငံရေးဩဇာကျဆင်းလာသော အုပ်ချုပ်သူ လူတန်းစားသည် မိမိဘဝတည်မြဲရေးအတွက် လက်နက်ဖြင့် အကြမ်းဖက်ကြသည်မှာ နိယာမသဘောပင် မဟုတ်ပါလော။

ဆရာတော်ဦးစိန္တာနှင့်ပတ်သက်ပြီး သတင်းစာများတွင် အမျိုးမျိုးပါရှိလာသည်။ ၁၉၄၇ခု မေလ ၂၁ ရက် သူရိယသတင်းစာတွင် "ဦးစိန္တာကိုယ်တော်"ဟူသော ခေါင်းစဉ်အောက်တွင် "ရခိုင်ပြည်၌ဖမ်းဆီးထားသော ဦးစိန္တာကိုယ်တော်အား အစိုးရက လေယာဉ်ပျံနှင့် ယူဆောင်လာခဲ့ရာ ယခုမေလ ၁၉ရက်နေ့က ရန်ကုန်မြို့သို့ ရောက်နေပြီဟု သတင်းကြားသိရလေသည်"ဟုရေးသားဖော်ပြထားသည်။

ယင်းသူရိယသတင်းစာ ၁၉၄၇ခု မေလ ၂၄ရက်ထုတ်တွင် "ဦးစိန္တာကို အလုံတိုက်ပိတ်ထားပြီ"ဟူသော မျက်နှာဖုံး ခေါင်းစဉ်ကြီးနှင့်တဆက်တည်း "ဦးစိန္တာအား လက်နက်ကိုင်ပုလိပ်များ ဝိုင်းရံ၍ သာယာဝတီထောင် ကြီးသို့ ပို့လိုက်သည်ဆိုခြင်း""သာယာဝတီမြို့ ၁၉-၅-၄၇ ရက်နေ့ ညနေ ၄နာရီအချိန်ခန့်တွင် ရခိုင်ပြည် တော်လှန်ရေးခေါင်းဆောင်ကြီး ဆရာတော်ဦးစိန္တာအား လက်နက်ကိုင်ပုလိပ်မြောက်များစွာတို့ ဝိုင်းရံလျက် သာယာဝတီထောင်ကြီးအတွင်းသို့ ရုတ်တရက်ပို့ဆောင်လိုက်ကြောင်း"ဟုဖော်ပြပါရှိပြီး ဆက်လက်ရေးထား သည်မှာ "ကြိုးတိုက်ထဲတွင်"ခေါင်းစဉ်တပ်ပြီး "ယခုအခါ ဆရာတော်ဦးစိန္တာအား မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့နိုင်ရန် ယခင်ကြိုးတိုက်၊ ယခု လူဆိုးပိတ်သည့်တိုက်အတွင်းတွင် ထောင်ပျာတာများ အထပ်ထပ်အစောင့် ချ၍ ကိုယ်တော်တစ်ပါးချင်းသာ ထားသည်ဟု သတင်းရရှိကြောင်း"ဟု သူရိယသတင်းစာတွင် ရေးသားဖော်ပြ ထားပါသည်။

၁၉၄၇ ခု ဇွန်လ ၃ရက်နေ့ထုတ် သူရိယသတင်းစာတွင်ပင် "ဦးစိန္တာ ဆွမ်းမစားဘဲ နေသည့်ကိစ္စ" ဟူသော ခေါင်းစဉ်နှင့်တဆက်တည်း "မြန်မာနှင့် ရခိုင်ရဟန်းတော်များ အစည်းအဝေးတစ်ရပ်ကို လာမည့် လပြည့်နေ့ ၁၂နာရီအချိန်တွင် မင်္ဂလာသုခကျောင်းတိုက်၌ ကျင်းပရန် ဘိတ်ခေါ်ထားကြောင်း၊ ထိုအစည်း အဝေးတွင် ဆရာတော်ဦးစိန္တာအား အလုံထောင်ချထားခြင်းကိစ္စ၊ ဆွမ်းမစားဘဲ အစာငတ်ခံနေသည့်ကိစ္စနှင့် ရခိုင်ပြည်ကို မြန်မာပြည်မှ ခွဲထွက်ရေးကိစ္စများ ဆုံးဖြတ်ကြမည်ဟု သတင်းရောက်ရှိလေသည်"ဟု ရေးသားဖော် ပြထား၏။

ယင်းဇွန်လ ၃ ရက် သူရိယသတင်းစာတွင်ပင်လျှင် "ရခိုင်ဗမာ သွေးခွဲမလို့လား"ခေါင်းစဉ်အောက်တွင် ရေးသားသည်မှာ "ရခိုင်အမျိုးသားအစည်းအဝေးကို ဇွန်လ ၁ရက်နေ့က စတော့ဂိတ်လမ်း မင်္ဂလသုခကျောင်း တိုက်တွင် ပြုလုပ်ရာ ရခိုင်လူကြီးများ ဖြစ်ကြသော ဆာပေါ်ထွန်း၊ ဝတ်လုံဦးထွန်းဖြူ စက်ရှင်တရားသူကြီး ဦးထွန်းအောင်၊ ဗမာနိုင်ငံလုံးဆိုင်ရာ စာရေးသမဂ္ဂ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ သံတွဲအမတ် ဦးအောင်မြတ် နှင့် ရဟန်းတော်များပါ ပရိသတ် ၅၀၀ခန့် တက်ရောက်ကြကြောင်း။

နေ့လည် ၁၂နာရီအချိန်တွင် ဘိတ်ကြားထားသူများ စုံလင်သောအခါ ဝတ်လုံဦးထွန်းဖြူက အစည်း အဝေးကို စတင်ဖွင့်လှစ်ပြီး အစည်းအဝေးခေါ်ရခြင်းအကြောင်းကို ရှင်းလင်းပြောပြကာ ယခုအခါတွင် အဖမ်း ခံနေရသော ဆရာတော်ဦးစိန္တာမှာ ရခိုင်လူမျိုးအားလုံး၏ အသဲစွဲမျိုးချစ်ပုဂ္ဂိုလ်ကြီး ဖြစ်ပြီး၊ ဘုရားအရေတော်ဝတ် သာသနာ့ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ပြီးတော့ ရခိုင်တစ်မျိုးသားလုံးကို တော်လှန်ရေးအချိန်က ရွှတ်ရွှတ်ချွံချွံ ကာကွယ်ပေးခဲ့သော တော်လှန်ရေးခေါင်းဆောင်ကြီးလည်း ဖြစ်တယ်။ ယခုအခါ အစိုးရက ဆရာတော် ဦးစိန္တာ ကိုယ်တော်ကို လူဆိုးဓားပြကြီးသဖွယ် မတရားစွပ်စွဲပြီး ဖမ်းဆီးထားခြင်းသည် ရခိုင်တစ်မျိုးသားလုံးအား

စော်ကားရာရောက်ကြောင်းကို ပြောသွားကြောင်း။

ဎင်းနောက် သဘာပတိ မင်္ဂလာသုခဆရာတော် ဦးကေသရက ဦးစိန္တာကိစ္စနှင့်ပတ်သက်ပြီး ယခင်အပတ် ၁၈ရက်နေ့က အစည်းအဝေးလုပ်ပြီး ဆုံးဖြတ်ချက်ကို အစိုးရဆီပို့တယ်။ အစိုးရက ယခုထိ ဖြေတယ်မဲ့တယ် ဘာမှအကြောင်းပြန်ကြားခြင်း မရှိဘူး။ ဒီသဘောဟာ ရခိုင်အမျိုးသားကို မလေးစားခြင်းသာဖြစ်တယ်။ ဒါကြောင့် အစည်းအဝေးကနေပြီး ထိထိရောက်ရောက်အရေးဆိုဖို့ကို မိန့်ခွန်းမြွက်ကြားကြောင်း။

**အစိုးရက မီးထိုးပေးလို့၊**

သံတွဲအမတ် ဦးအောင်မြတ်က ဦးစိန္တာကိစ္စကို ကျနော်ရှင်းပြပါမယ်။ သံတွဲမှာဆိုရင် ဘာမှမရှိဘူး၊ ပွဲတွေကလည်း ကနေကြတာဘဲ၊ လူတွေကလည်း အေးအေးချမ်းချမ်းဘဲ ရှိကြတာဘဲ၊ ဓားပြတိုက်မှုဆိုတာလည်း အင်မတန်နည်းပါတယ်၊ ဒါပေမယ့် ရခိုင်ပြည်မှာ ဦးစိန္တာကြောင့် ဆူနေတယ်။ ဦးစိန္တာကနေပြီး လက်နက်တွေ အရမ်းမဲ့ကိုင်ပြီး လူတွေရဲ့ ငြိမ်းချမ်းမှုကို ဖျက်ဆီးနေတဲ့ လူဆိုးဓားပြကြီးသဘွယ် အမျိုးမျိုးစွပ်စွဲပြီး ဖမ်းလိုက်ပါတယ်။

အဲဒီလို ရခိုင်တစ်မျိုးသားလုံးက ထောက်ခံနေတဲ့ ဦးစိန္တာကို ဖမ်းတာနဲ့ တစ်ပြိုက်နက် လူထုက အုံကြွပြီး ၂၆ရက်နေ့က လူ ၅ထောင်ကျော် ၆ထောင်လောက်တက်ပြီး ကန့်ကွက်ပွဲလုပ်တယ်။ ဒါကို ဆူပူအောင်လုပ်တယ်ဆိုပြီး တောင်သူလယ်သမား သမဂ္ဂဥက္ကဌ ဦးညိုနဲ့ လူ ၄-၅ယောက်အဖမ်းခံရပါတယ်။ လူထုက အေးအေးချမ်းချမ်း ရှိရက်နဲ့ အစိုးရက မီးထိုးပေးလို့ ခုလို ဆူပူခြင်းသာဖြစ်တယ်။ အချို့သတင်းစာထဲမှာ ပါနေတဲ့သတင်းတွေဟာ မမှန်ပါဘူး။ အစိုးရက မတရားစွပ်စွဲခြင်းသာ ဖြစ်ပါတယ်။

**အပြစ်မရှိတဲ့သူတွေ အလကားသေနေတယ်**

စစ်တပ်ကဆိုရင်လဲ ရွာကိုဝိုင်းပြီး ဟိုရှာ ဒီရှာနဲ့ ရွှေငွေတွေယူ၊ ၃ထောင် ၄ထောင်ဘိုးလောက်ဆိုသလို ပါသွားကြတယ်။ လူတယောက်မသင်္ကာလို့ခေါ်ရင် အခေါ်ခံရတဲ့သူက အစစ်ခံရမည်ထင်ပြီး ကြောက်လန့်ပြေးရော။ အဲဒီလိုပြေးရင် လူဆိုးဘဲဆိုပြီး ပစ်ရော၊ အဲဒီလိုနဲ့ အပြစ်မရှိတဲ့သူတွေ မတရားအပစ်ခံနေရတယ်။

**တော်လှန်ရေးစိတ်တွေ ပြင်းထန်နေတယ်**

ရခိုင်တွေဟာ တော်လှန်ရေးတုန်းက တပ်ဦးကနေပြီး ရှုပ်ရှုပ်ချွံချွံတိုက်ခဲ့တဲ့အတွက် နွားကျောင်းသားကလေးကစပြီး တော်လှန်ရေးစိတ်တွေ ပြင်းထန်နေတယ်။ လက်နက်လည်း ပေါတယ်။ အဲဒီလို ဗမာစစ်သားတွေနဲ့ ပဋိပက္ခဖြစ်ပြီး ရခိုင်နဲ့ ဗမာသွေးကွဲမှုတွေဖြစ်ရင် အစိုးရတာဝန်ဘဲလို့ ဤအစည်းအဝေးကနေပြီး အတိအလင်းစွပ်စွဲပါတယ်။

**အစိုးရစွပ်စွဲသလို**

မြေပုံမှာ ဦးစိန္တာ ကြီးမှူးပြီး အစည်းအဝေးလုပ်တယ်။ လူထု လေးသောင်း ငါးသောင်း (၄၅၀၀၀)တောင်တက်တယ်။ ဘယ်အစည်းအဝေးဘဲဖြစ်ဖြစ် ထောင်နဲ့သောင်းနဲ့ ချီပြီးတက်ခဲ့ကြတယ်။ အစိုးရကစွပ်စွဲသလို ဦးစိန္တာဟာလူဆိုး၊ ဓားပြဖြစ်နေရင် ဒီလူလေးသောင်းကျော်ရော ဦးစိန္တာကိုထောက်ခံနေတဲ့ ရခိုင်တစ်မျိုးသားလုံးရော အကုန်လူဆိုးဓားပြ ဖြစ်နေမှာပေါ့ဟု ပြောဆိုနိဂုံးချုပ်သွားကြောင်း။

**ပြင်သစ်လူငယ်ကို ဗီယက်နမ်က တောင်းပန်သတဲ့**

အဲဒီတော့ ဗမာမျိုးချစ်လူငယ်တွေကို ကျနော်က ပြင်သစ်လူငယ်ကို ဗီယက်နမ်က တောင်းပန်သလို တောင်းပန်ချင်တယ်။ ဒို့ဗီယက်နမ်လူငယ်တွေနဲ့ ပြင်သစ်လူငယ်တွေဟာ တဦးနဲ့တဦး ရန်သူလည်း မဟုတ်ကြဘဲ

နဲ့ အချင်းချင်းသတ်မနေကြပါနဲ့၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားရင် ဒို့လွတ်လပ်ရေးကြိုးပမ်းမှုကို မတရားဆီးပါနဲ့ လို့ လူငယ်တွေကို ဒီအစည်းအဝေးကနေပြီး ကျနော်တောင်းပန်ပါတယ်။

၎င်းနောက် အဆိုများကိုချမှတ်ပြီး အစည်းအဝေးကို ညနေ ၄နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း”ဟု သူရိယသတင်းစာတွင် ရေးသားဖော်ပြပါရှိပါသည်။ ပြည်သူတို့နေ့စဉ်ဘဝကြေးမုံကို မှတ်တမ်းတင်ထားသော သတင်းစာများ၏ သဘာဝအတိုင်း ဆရာတော်ဦးစိန္တာတို့ လွတ်ရေးကို ကျနော်တို့ လက်နက်ဖြင့်မဖြေရှင်းခဲ့ ကြောင်း၊ လူထုတိုက်ပွဲ၊ လူထုဆန္ဒပြပွဲနှင့် နိုင်ငံရေးနည်းဖြင့် ကျနော်တို့ အဖြေရှာခဲ့သည်မှာလည်း ရှင်းလင်းပြတ် သားပါသည်။ ကျနော်တို့ မူလအဓိက ရည်ရွယ်ချက်ကို ကျနော်တို့မဖျက်၊ မြန်မာပြည်တဝှမ်းလုံးနှင့် တပြိုင်တည်း လိုလို ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်ကိုင်တိုက်ပြီး လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့ကို ထူထောင်ရန်ပင် ဖြစ်ပါသည်။ ရခိုင်ပြည်ရှိ ပြည်သူလူထုနှင့်သာမက ရန်ကုန်မြို့ရှိ ရခိုင်အမျိုးသားများက ထောက်ခံမှုတို့ကိုပင် မရနိုင်ပြီဖြစ်နေကြသော ရခိုင်ဝန်ကြီးများနှင့် ရခိုင်ဖဆပလအမတ်များသည် ပြည်သူ့ အစည်းအဝေး ကျင်းပဝံ့ခြင်းမရှိတော့ပေ။ ဆရာတော်ဦးစိန္တာတို့ လွတ်လပ်ရေးနှင့်ပတ်သက်ပြီး ပြည်သူ့ဆန္ဒပြပွဲ များနှင့် ရဟန်းတော်များ၏တောင်းဆိုချက်များသာ ရခိုင်ပြည်တဝှန်းနှင့် ရန်ကုန်မြို့တွင် ခြိမ့်ခြိမ့်သဲသဲ တက်တက် ကြွကြွ ဖြစ်နေကြ၏။ ၁၉၄၇ခုနှစ် ဇွန်လ ၆ရက်နေ့ထုတ်ဝေသော သူရိယသတင်းစာတွင် “ဦးစိန္တာကို အမြန်လွှတ်” ဟူသောခေါင်းစဉ်ကြီးအောက်တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

“ဇွန်လ ၃ရက်နေ့ နေ့လည် ၁၂နာရီအချိန်တွင် ရန်ကုန်မြို့ မင်္ဂလာသုခကျောင်းတိုက်ဆရာတော် ဦးကေသရက ဥက္ကဋ္ဌ၊ ဆရာတော်ဦးကဝိက အကျိုးဆောင်တင်ပြီး ရန်ကုန်ကျောင်းတိုက်အသီးသီးမှ ရဟန်းတော်ပေါင်း ၄၀၀ကျော် ကြွရောက်၍ စည်းဝေးကြပြီး အောက်ပါအတိုင်း ဆုံးဖြတ်ကြကြောင်း။

၁။ ဆရာတော်ဦးစိန္တာသည် မြန်မာနိုင်ငံလွတ်လပ်ရေးကို ကိုယ်ကျိုးမဖက်ဆောင်ရွက်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့်အတွက် ဤအစည်းအဝေးက ၎င်းဆရာတော်အား အထူးချီးကျူးကြောင်း။

၂။ ဆရာတော်ဦးစိန္တာကို အစိုးရက ဖမ်းဆီးချုပ်နှောင်ထားသည်မှာ နိုင်ငံရေးညှင်းပန်းမှုသာဖြစ်၍ အမြန်ဆုံး လွှတ်ပစ်ရန်၊ ၎င်းနောက်ဆရာတော် ဦးကေသရနှင့် အလုပ်အမှုဆောင် ၇-ယောက်တင်မြှောက်ပြီး လျှင် ညနေ ၄-နာရီအချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း”ဟူ၍ သူရိယသတင်းစာတွင် ရေးသား ထားပါသည်။

၁၉၄၇ခု မေလ ၁၉ရက်နေ့ နေ့လည် ၁၂နာရီအချိန်တွင် ရန်ကုန်မြို့ ဂျူဗလီဟောကြီး၌ မြန်မာပြည် ၏ကံကြမ္မာကို ဖန်တီးမည့် ဖဆပလအဖွဲ့ချုပ်ပမာဏ ပြင်ဆင်မှုညီလာခံသဘင်ကြီးကို စတင်ကျင်းပပါသည်။

ဖဆပလအမတ်များ၊ ဦးစီးအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များနှင့် မြို့နယ်ခေါင်းဆောင်များ စုစုပေါင်း ၉၀၀ကျော်ခန့် တက်ရောက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက ညီလာခံကြီးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးဗဆွေ က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရပါသည်။ ဆရာတော်ဦးစိန္တာတို့အား လွှတ်ရေးတိုက်ပွဲလည်း ကျယ်ပြန့် သည်ထက် ကျယ်ပြန့်ပြီး မချိအောင် နာကျည်းနေကြသော ရခိုင်အမျိုးသားများက တိုင်းပြုပြည်ပြုလွှတ်တော်ကို ဝိုင်းပြီး ဦးစိန္တာတို့အား လွှတ်ရန်အရေးဆိုမည့် အဆင့်သို့ရောက်နေကြလေပြီ။ ဤကိစ္စနှင့်ပတ်သက်၍ ၁၉၄၇ခု၊ ဇွန်လ ၁၅ရက်နေ့ထုတ်သော သူရိယသတင်းစာတွင် “ရခိုင်အစည်းအဝေး”ခေါင်းစဉ်ဖြင့် “တိုင်းပြုပြည်ပြု လွှတ်တော်ကြီး ဝိုင်းကြအုံးမယ်ဆိုပါလား”ဟုဖော်ပြကာ ဆက်လက်ရေးသားသွားသည်မှာ “ရခိုင်ပြည် လက်ဝဲ တပ်ပေါင်းစု ခေါင်းဆောင်ဦးစိန္တာအား ဖမ်းထာသောကိစ္စနှင့်ပတ်သက်၍ ယခုလာမည့်ဇွန်လ ၁၇ရက်နေ့တွင် ရွှေတိဂုံပေါ်၌ ရခိုင်အမျိုးသားအစည်းအဝေးကို ကျင်းပလိမ့်မည်ဖြစ်ကြောင်း ရခိုင်ပြည်မှလည်း ရန်ကုန်သို့ ရောက်နေကြသည်ဆို၏။

ဦးစိန္တာကို ချက်ချင်းလွှတ်ရန်နှင့် ရခိုင်ပြည်မှစစ်တပ်ကို ချက်ချင်းရုပ်သိမ်းရန် တို့ကို ဆုံးဖြတ်ချက် ချလိမ့်မည်ဖြစ်ကြောင်းကြားသိရကြောင်း။

**တိုင်းပြုပြည်ပြု လွှတ်တော်သို့**

ထိုအစည်းအဝေးသို့ တက်ရောက်ကြသော ရခိုင်အမျိုးသားတို့သည် တိုင်းပြုပြည်ပြုလွှတ်တော်ကြီးသို့ စည်းကမ်းတကျဝိုင်း၍ အရေးဆိုကြမည်ဟုလည်း ယုံလောက်သောဌာနမှ ကြားရကြောင်း။

**ကြိုတင်ပြင်ဆင်မှု**

ထိုနေ့တွင် လက်နက်ကိုင်ရဲဘော်များ ချထားပြီးလျှင် လူထုကြီးကုန်းပေါ်မှ မဆင်းနိုင်ရန် တားမြစ်ကြလိမ့်မည်ဖြစ်ကြောင်း သိရ၏။

**ပြောက်ကျားနည်း ဆင်ခဲ့သော**

ရခိုင်အမျိုးသား ပြောက်ကျားနည်းဆင်ကာ လွှတ်တော်ကြီးကို ဝိုင်းခဲ့သော် အကြမ်းနည်းဖြင့် မပြုသော်လည်း အနည်းဆုံး ရေပိုက်နှင့်မိုင်းဗုံးများ သုံးရန် စီမံကြောင်း၊ သိရသေးကြောင်း”ဟူ၍ သူရိယသတင်းစာတွင် ရေးသားဖော်ပြထားသည်။

ဆရာတော်ကို လွှတ်ရေးကိစ္စကို ရခိုင်အမျိုးသားများကသာ အုံကြွထောက်ခံကြသည်မဟုတ်။ မြန်မာအမျိုးသားများလည်း အားတက်သရောထောက်ခံလာကြသည်။ သခင်လေးမောင်က ဥက္ကဋ္ဌ၊ သခင်စံရွှေက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော ရခိုင်မြန်မာချစ်ကြည်ရေးအသင်းကလည်း ဆရာတော်ဦးစိန္တာတို့လွှတ်ရေးနှင့် ရခိုင်မြန်မာ ချစ်ကြည်ရေးတို့ကို အားတက်သရော ဆောင်ရွက်လာကြ၏။ (ဤကိစ္စနှင့်ပတ်သက်ပြီး သခင်လေးမောင်၊ သခင်စံရွှေတို့ ဖမ်းဆီးခံခဲ့ရပါသည်) ထို့အတူ ဆရာတော်ဦးစိန္တာတို့အား လွှတ်ရေးကို မြန်မာအမျိုးသားများထဲမှ သတင်းစာများတွင်လည်း ရေးသားလာကြ၏။

ယင်းရေးသားချက်များအနက် ရွှေဘိုသားဆိုသူက ၁၉၄၇ခု၊ ဇွန်လ ၁၇ရက်နေ့ထုတ် သူရိယသတင်းစာတွင် အောက်ပါအတိုင်းရေးသားထားပါသည်။

“ရခိုင်အမျိုးသားခေါင်းဆောင် ဦးစိန္တာကို ဖဆပလအစိုးရဖမ်းသဖြင့် ရခိုင်အမျိုးသားများ၏ စိတ်မချမ်းသာရပေ။ ကျွန်ုပ်တို့ မြန်မာတွေကလည်း စိတ်ကောင်းကြချေ။ သို့ဖြစ်၍ ဦးစိန္တာလွှတ်ရေးကြိုးပမ်းမှုသည် ရခိုင်ပြည်သာမက မြန်မာတပြည်လုံးနှင့် သက်ဆိုင်သည်။ သို့ရာတွင် ထူးခြားချက်မှာ ဦးစိန္တာသည် လွတ်လပ်ရေးကြိုးပမ်းသူဖြစ်သော်လည်း ဖဆပလအဖွဲ့ဝင်မဟုတ်သည့်အပြင် ရွေးကောက်ပွဲမတိုင်မီက မြေပုံမြို့တွင် ကျင်းပခဲ့သော ရခိုင်အမျိုးသားညီလာခံ ကွန့်ဖရင့်ကို ကြီးမှူးခဲ့သည်။

“ဗိုလ်ချုပ်အောင်ဆန်းသည် ဝန်ကြီးဦးအောင်ဇံဝေနှင့် လေယာဉ်ဖြင့်သွားရောက်၍ ညီလာခံတက်ရောက်ခဲ့ရာ သဘာပတိ ဦးစိန္တာသည် ဗိုလ်ချုပ်ကိုရှေ့တန်းတင်၍ ဖဆပလ၏ချို့ယွင်းချက်များနှင့် အားမကိုးနိုင်ကြောင်း ပြောင်ဖွင့်ချမိန့်ခွန်းပြောခဲ့သည်ကို သတင်းစာမှတဆင့် သိရှိထားမိခဲ့သည်။ ၎င်းပြင် ဗိုလ်ချုပ်သည် ထိုညီလာခံတွင် မျက်စေ့မလှ-မျက်နှာမလှဖြစ်၍ စိတ်ပျက်စွာနှင့် ထွက်ခွာခဲ့ကြောင်းကို သတင်းစာ၌ ဖော်ပြချက်ကို တွေ့ရပေသည်။ ထိုဖြစ်ပွားမှုကိုထောက်ကြည့်လျှင် ဦးစိန္တာသည် အစိုးရအဖွဲ့၏ အတိုက်အခံနိုင်ငံရေးခေါင်းဆောင်ဖြစ်နေသည့်အပြင် ရခိုင်နယ်မှာလည်း ဖဆပလအဖွဲ့ဝင် နည်းခြင်းကြောင့် နိုင်ငံရေး ဖိနှိပ်ညှင်းပန်းသလောဟု ထင်မြင်ယူဆလာကြမည်ကို စိုးရမ်ဘွယ်ရာမြင်ပေကြောင်း”ဟု ရွှေဘိုသားက ဆောင်းပါးရေးသားထားပါသည်။

ဆရာတော်ဦးစိန္တာတို့ အဖမ်းခံရသည့်ကိစ္စနှင့်ပတ်သက်၍ လယ်သမားလူတန်းစား၊ အလုပ်သမားလူတန်းစား၊ ကျောင်းသားလူငယ်များနှင့် တောင်းဆိုချက်များမှာ ဆရာတော်ဦးစိန္တာတို့အား လွှတ်ပေးရန် ရိုးရိုးစင်းစင်းအရေးဆိုကြသည်။ စိတ်နာကျည်းသော ရခိုင်ပြည်သူများ၏ အခြေအနေကို အခွင့်ကောင်းယူတတ်သူများကမူ ဆန်းကျယ်သောအရေးဆိုချက်များဖြင့် အရေးဆိုလာကြသည်။

ယင်းရက်နေ့ထုတ် သူရိယသတင်းစာတွင် "ရခိုင်ပြည်ကို သီးခြားနယ်အဖြစ် တားရန်တောင်းဆိုပြီ" ဟူသောခေါင်းစီးဖြင့် အောက်ပါအတိုင်း ဖော်ပြထားရှိသည်။

"၁၉၄၇ခု၊ ဇွန်လ (၅)ရက်နေ့ ၁၂-နာရီ၌ ရခိုင်အမျိုးသားအစည်းအဝေးကို မင်္ဂလာသုခကျောင်းတိုက်၌ ဥက္ကဋ္ဌ ဆရာတော် ဦးသာဂရ၊ အကျိုးဆောင် ဦးစောဖော်အောင်၊ အစည်းအဝေး၌ ဦးချန်ထွန်း၊ အစိုးရအမှုထမ်း သမဂ္ဂဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ ဝတ်လုံဦးလှထွန်းဖြူနှင့် ရဟန်း၁၀၀မျှ တက်ရောက်ကြောင်း။

### "ရန္တပိုစာချုပ်တွင်"

"ဦးဘိုးဦးက ဗမာပြည်တွင် ပထမအင်္ဂလိပ်မြန်မာစစ်ပွဲအပြီး ရခိုင်ပြည်ကို ဗြိတိသျှတို့ ရန္တပိုစာချုပ်ကို ချုပ်ဆိုခါ သိမ်းယူခဲ့ကြောင်း။ ၎င်းပြင် ထိုစာချုပ်တွင် ရခိုင်ပြည်ကို သံတွဲဒိစတြိတ် ဂွမြို့နယ် မော်တင်စွန်းထိ၊ ရခိုင်နယ်နမိတ်ဖြစ် တည်ခဲ့ကြကြောင်း။

### "ရာဇဝင်အရ"

"ရခိုင်ပြည်သည် ရခိုင်ရိုးမကြီးသီးခြား၊ ဗမာပြည်နှင့်ခြားလျက်၊ ရှေးရာဇဝင်တွင်သည့် ရခိုင်ပြည်ကို ဘုရင်များ၊ နှစ်ပေါင်း ၅၀၀၀ကျော် အုပ်ချုပ်ခဲ့ကြောင်း၊ ရခိုင်ပြည်အား ဗမာဘုရင်ကသိမ်းကာ နှစ်ပေါင်း ၄၀ကျော် သူပုန်ထကြွမှုကို ဆောင်ရွက်စေကြောင်း။

### "ကိုယ့်ပြည်ကို ကိုယ်ထူထောင်မှ"

"ရခိုင်ပြည်အရေးကို ဗမာအစိုးရဂရုမစိုက်သည့်အပြင်၊ ရခိုင်ပြည်ထူထောင်ရေးသည် ဗမာပြည် ထူထောင်ရေးနှင့် ခွဲခြားပြီး ရခိုင်ပြည်ကို မိမိတို့ကိုယ်တိုင် ထူထောင်မှ ကြီးပွားပမည်ဟု ယုံကြည်သောကြောင့် ရန္တာပိုစာချုပ်အရ ရခိုင်ပြည်အားလွတ်လပ်သောသီးခြား အုပ်ချုပ်ရေးပေးရန် ဗြိတိသျှအစိုးရအား လေးနက်စွာ တောင်းဆိုကြောင်း အဆိုကို ဦးရွှေကျော်ထောက်ခံပြီး အများသဘောတူကြကြောင်း" ဟူ၍ သူရိယသတင်းစာ တွင် ရေးသားထားပါသည်။

ယင်းအပြင် ရခိုင်ပြည် စစ်တွေမြို့တွင်လည်း အလားတူ အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြသည်။ ၁၉၄၇-ခု ဇွန်လ (၂၆)ရက်နေ့ထုတ် သူရိယသတင်းစာတွင် "ရခိုင်ပြည် သီးခြားနယ်အဖြစ် အုပ်ချုပ်ခွင့်"ဟူသော ခေါင်းစီးဖြင့် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

"၁၉၄၇ခု မေလ ၈ရက်နေ့ ရခိုင်ပြည် စစ်တွေမြို့၌ မြို့လုံးကျွတ်အစည်းအဝေးပြုလုပ်သည်။ အမတ်ဟောင်း ဦးရွှေသာ၊ အမတ်ဟောင်း ဦးသာဘန်း၊ ဆရာတော်ဦးပညာသီဟနှင့် မြို့သူမြို့သားများ တက်ရောက်ကြခြင်း၊ ဦးသာဘန်းက သဘာပတိလုပ်ပြီး အဆိုသုံးရပ်ကို ဆုံးဖြတ်ကြသည်။

၁။ ရခိုင်ပြည်ကို သီးခြားအဖြစ် အုပ်ချုပ်ခွင့်တောင်းဆိုရန်

၂။ ကျောက်ဖြူသံတွဲ နယ်သားများအားလုံး အထက်ပါအဆိုကို သဘောတူထောက်ခံရန်။

၃။ ရခိုင်ပြည်လွတ်လပ်ရေးအဖွဲ့ (Arakan Freedom League) ဖွဲ့ရန် စသည်တို့ဖြစ်ကြောင်း"ဟူ၍ သူရိယသတင်းစာတွင် ရေးသားပါရှိပါသည်။

၃. ၁၁. ၄၇ နေ့ထုတ်ဝေသော သူရိယသတင်းစာတွင် ရေးသားထားသည်မှာ "ကျနော်တို့နိုင်ငံရေး အထူးသတင်းထောက်သည် ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍၊ ရခိုင်အမျိုးသားကိုယ်စားလှယ် အဖွဲ့ချုပ်ခေါင်းဆောင် ဦးလှထွန်းဖြူနှင့် သွားရောက်ဆွေးနွေးခဲ့ရာ ဦးလှထွန်းဖြူက အောက်ပါအတိုင်း ရှင်းလင်းပြောပြပါသည်။ ကျနော်တို့အဖွဲ့ကို (A.A.R.W.C) ရခိုင်ပြည်လုံးဆိုင်ရာကိုယ်စားလှယ်များ အလုပ်ကော်မီတီလို့ ခေါ်ပါတယ်။ ဒီအဖွဲ့ဟာ ရခိုင်ဆရာတော် ဦးစိန္တာကို အစိုးရဖမ်းပြီးနောက်မှ ပေါ်လာသောအဖွဲ့ ဖြစ်ပါတယ်။

**"ပထမ ရည်ရွယ်ချက်"**

ဆရာတော်ဦးစိန္တာကို အစိုးရက လွတ်ပစ်ဘို့နဲ့ စစ်တပ်တွေကို ရခိုင်ပြည်က ပြန်ခေါ်ဘို့ အစိုးရထံအရေးဆိုရအောင် ဖွဲ့ကြတယ်။ အရေးလဲဆိုကြတယ်။ ဒါပေမဲ့ မြန်မာအစိုးရက ကျုပ်တို့ရဲ့တောင်းဆိုချက်ကို အရေးမစိုက်တဲ့အပြင် ဆရာတော်ဦးစိန္တာကိုလည်း ဖမ်းမြဲဖမ်းတယ်၊ စစ်တပ်လည်း ပို့မြဲပို့တယ်။

**"ရခိုင်သီးခြားနယ် တောင်းတဲ့အခြေ"**

ဒါနဲ့ ကျနော်တို့ သီးခြားနယ်တောင်းတဲ့အခြေ ရောက်လာပါတယ်။ ပါကစ္စတန်လို သီးခြားမျိုးမဟုတ်ဘူး။ စတိတ်သီးခြားနယ်လောက်ဘဲ၊ ၎င်းဦးလှထွန်းဖြူက ရခိုင်ပြည်သမိုင်းနှင့် လူဦးရေ၊ အခွန်တော်အကြောင်းများကို ပြောပြပေသည်။

**"ထူးခြားချက်"**

ရခိုင်ပြည်မှာရှိတဲ့ ဝါးတောလောက်ကြီးကျယ်တဲ့ ဝါးတောဟာ တကမ္ဘာလုံးမှာပင် မရှိသေးပေဘူးဟူ၍ အမေရကန်လောကဓါတ်မဂ္ဂဇင်းများက ထောက်ခံရေးသားကြတယ်။ တဖန်ပါကစ္စတန်နယ်ထဲပါသွားတဲ့ ဖလောင်းချိတ်တို့၊ ပန်းဝါတို့ဆိုရင် ရခိုင်အမျိုးသား ၆သောင်းခန့် ရှိပါတယ်။ အဲဒီလူတွေ ယခု ငတ်နေလို့ ပါကစ္စတန်သံအမတ် ဦးဖေခင်ထံ အကူအညီတောင်းနေတယ်။ ဦးဖေခင်ကလည်း ဒီလူတွေဆီကို တစ်ခေါက်မှ လာမကြည့်ဘူး၊ အများမကြာမှီက ပါကစ္စတန်အရှေ့ပိုင်း အဝက္ကျွန်းမှာ မေယဝတီ ဦးနာရဒကိုယ်တော်ကို ပါကစ္စတန်အစိုးရက ဖမ်းထားတယ်။ ခင်ဗျားတို့မြန်မာအစိုးရက ဘာတတ်နိုင်သလဲ စသည်ဖြင့် ဒေါမာန်ပါပါ နိဂုံးချုပ်ပြောဆိုလိုက်ကြောင်း"ဟူ၍ ရေးသားဖော်ပြထားသည်။

**"၁၉၄၇ခု နှစ်လယ်ခေတ် အခြေအနေများ"**

ဆရာတော်ဦးစိန္တာတို့ လွတ်ရေးနှင့်ပတ်သက်သော လူထုဆန္ဒပြပွဲများသည် သံတွဲမြို့၊ အမ်းမြို့၊ မြေပုံမြို့၊ မင်းပြားမြို့၊ ပေါက်တောမြို့၊ မြို့ဟောင်းမြို့၊ ကျောက်တော်မြို့၊ ပုဏ္ဏားကျွန်းမြို့၊ ရသေ့တောင်မြို့၊ စသည်များတွင် တစ်မြို့လျှင် နှစ်ကြိမ် သုံးကြိမ်ကျထိ သောင်းသိန်းချီ၍၊ အုံကြွသော၊ စည်းကမ်းရှိသော ပြည်သူ့တောင်းဆိုချက်လက္ခဏာကို ဆောင်လျက်ရှိနေ၏။ စစ်တွေမြို့တွင် ကျောင်းသားလူငယ်များ၏ သပိတ်များဖြစ်နေ၏။ ရန်ကုန်မြို့ ရခိုင်အမျိုးသားများနှင့် မြန်မာရဟန်းရှင်လူများကလည်း ဆရာတော်အားလွှတ်ပေးရန် တက်ကြွစွာတောင်းဆိုလာကြသည်။ ထိုအချိန်တွင် ထိုခေတ်တွင် ရခိုင်ပြည်သူလူထု၏ ဗြိတိသျှနယ်ချဲ့ထံမှ လွတ်လပ်ရေးကို လက်နက်ကိုင်နည်းဖြင့် အသက်စွန့်တိုက်ခိုက်ယူမည်ဟူသော ဝါဒတွင် အခြေစိုက်က၊ အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သော မြေပုံလက်ဝဲညီညွတ်ရေး တပ်ပေါင်းစု(သို့မဟုတ်) နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းစု ဦးဆောင်မှုအောက်တွင် နိုင်ငံရေးအရ တက်ကြွနေသလို၊ မြန်မာတပြည်လုံးတွင်လည်း၊ အမျိုးမျိုးသောနည်းလမ်းများဖြင့် ဆူပူလှုပ်ရှားလျက်ရှိကြ၏။

ယင်းဆူပူလှုပ်ရှားမှုများနှင့်ပတ်သက်၍ သတင်းစာများတွင် ပါရှိချက်များအနက် တချို့ကို ဖော်ပြလိုက်ပါသည်။ ၁၉၄၇ခု ဧပြီလ ၉ရက်နေ့ထုတ်ဝေသော သူရိယသတင်းစာတွင် "ပဲခူးနယ်တွင် ၅ယောက်ထက်ပို၍ လမ်းမလျှောက်ရ"ဟူသော ခေါင်းစီးကြီးနှင့် တဆက်တည်းရေးသားထားသည်မှာ "လွန်ခဲ့သော မတ်လ ၂၉ရက်နေ့က ညောင်လေးပင်၊ ဒိုက်ဦး နယ်လုံးကျွတ် ဆန်လုမှုကြီးတွင် အစိုးရဆန်အိတ်ပေါင်း ကိုးသောင်းခန့်ပါရှိ၍ တန်ဘိုးငွေ နှစ်ဆယ့်တစ်သိန်းကျော်ဘိုးခန့် ဆုံးရှုံးကြောင်းနှင့် ဆိုင်ရာအရာရှိတို့ထံ ပေးပို့သောအစီရင်ခံစာများက ဖော်ပြထားကြောင်း"ဟု ပါရှိသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ပဲခူးနယ်တွင် လူ၅ယောက်ထက်ပိုမစုရအောင် အမိန့်ထုတ်ထားရခြင်းဖြစ်သည်။

ယင်း ၉-၄-၄၇ ထုတ် သူရိယသတင်းစာတွင်ပင်လျှင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲနှင့်

ပတ်သက်၍ ဂျူနီယာဦးစော၏ထုတ်ပြန်ကြေငြာချက်တွင် “ယခု ရွေးကောက်ပွဲသည် အသုံးမဝင်သော ရွေးကောက်ပွဲ ဖြစ်သည်ဟု မျိုးချစ်များ ယူဆသတဲ့”ဟူသောခေါင်းစီးဖြင့် ဂျူနီယာဦးစော၏မျိုးချစ်ပါတီက တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ကဲ့ရဲ့ရှုတ်ချထားပါသည်။

ယင်းနှင့်တဆက်တည်း “ဂျူနီယာဦးစောခေါင်းဆောင်သော မျိုးချစ်ကွန်ဖရင့်ကြီးကို ကျင်းပကြပြီး၊ ၁။ မျိုးချစ်တောင်သူလယ်သမား အဖွဲ့ကြီး ဖွဲ့စည်းရန်၊ ၂။အင်္ဂလိပ်-အောင်ဆန်းစာချုပ်သည် ဗမာတစ်မျိုးသားလုံးအတွက် ကျွန်သက်ရှည်မည့် စာချုပ်ဖြစ်သည့်အတွက် ရှုံ့ချပြစ်တင်၍ လေးလေးနက်နက်ကန့်ကွက်ကြောင်း၊ ၃။ တရားသဖြင့် ပေးထိုက်သည်ဟုယူဆသော ဂျပန်ငွေစက္ကူများကို သင့်လျော်သောတန်ဖိုးထား၍ လိုက်လျော်ပေးရန်”ဟူ၍လည်း သူရိယသတင်းစာတွင် ရေးသားဖော်ပြထားပါသည်။

၁၉၄၇ခု ဧပြီလ ၁၉ရက်နေ့ထုတ်ဝေသော သူရိယသတင်းစာတွင် “ရွှေဘိုနယ် ဇီးကုန်းဌာနကို စီးသွားပြန်ပြီ”ခေါင်းစီးကြီးအောက်တွင် “ပုလိပ်အချို့ကို သတ်၍ အိမ်ခြေ၂၀၊ ပုလိပ်တန်းလျားကြီး ၃ခု၊ အစိုးရဗိုလ်တဲ၊ အချုပ်ထောင်နှင့် ပုလိပ်ရုံးများကို မီးရှို့ပြီး အစိုးရငွေ ၆၀၀၀ကျော်ကို ယူသွားသည်ဆိုခြင်း”ခေါင်းစီးငယ်ဖြင့် ရွှေဘိုနယ် ဇီးကုန်းရဲဌာနအား လက်နက်ကိုင်များ စီးသွားခြင်းကို ရေးသားထားပါသည်။

“ပြည်ထဲရေး အမိန့်နှင့် သခင်သန်းအား ဖမ်းပြီ”ခေါင်းစီးဖြင့် သခင်သန်း အဖမ်းခံရခြင်းကိုလည်း သူရိယသတင်းစာက ရေးသားထားပါသည်။ ဧပြီလ ၂၄ရက်နေ့ထုတ် သူရိယသတင်းစာတွင် “ကရင်တွေ လူနည်းစုဖြစ်လို့ အင်္ဂလိပ်မကြောက်ဘူးတဲ့ (စောဘဦးကြီး)”ဟူ၍ ခေါင်းစီးတပ်ကာ “အလုံရပ်ကွက်၊ ပဲခူးကရင်ကျောင်းကြီးတွင် မြန်မာပြည်လုံးဆိုင်ရာ ကရင်အမျိုးသား ယူနီယံ အစည်းအဝေးအကြောင်းကို ရေးသားပါရှိသည်။

၁၉၄၇ခု မေလအတွင်းတွင်လည်း လှုပ်ရှားမှုအမျိုးမျိုးရှိခဲ့ရာ မေလ ၁ရက်နေ့ထုတ် သူရိယသတင်းစာတွင် “ပြည်သူ့ရဲဘော် စစ်ခေါင်းဆောင် ဒါးပြဗိုလ်ကြီး ဗိုလ်အောင်ရင်”ခေါင်းစီးဖြင့် ဒါးပြကိစ္စကိုလည်းကောင်း၊ မေလ ၃ရက်ထုတ်တွင် “ဟောင်ကောင်ဘဏ်ကို စီးသွားသော ဘားမားဂျီမင်းကို မိပြီ”ခေါင်းစီးအောက်တွင် ရန်ကုန်မြို့လယ် ဟောင်ကောင်ဘဏ်တိုက်ကို တိုက်ယူသွားသော ဓါးပြများ ဖမ်းမိခြင်းတို့ကိုလည်းကောင်း ရေးသားထား၏။ မေလ ၈ရက်နေ့ထုတ် ယင်းသတင်းစာတွင် “အမြောက်ပါသော လူဆိုးများ”ခေါင်းစီးဖြင့် မော်တာအမြောက်လက်နက်မျိုးစုံနှင့် လူဆိုး ၁၅၀ခန့် ကုတ်ကိုဇီးရွာကို စီးသွားခြင်းကို ရေးသားထားပါသည်။

မေလ ၁၃ရက်နေ့ထုတ် သူရိယသတင်းစာတွင် “ဘကြီး ဘဖေ ဖဆပလကို ပြောင်ပြောင်ကြီး စစ်ကြေငြာလိုက်ပြီ”ခေါင်းစီးဖြင့် ဘကြီးဘဖေနှင့် ဖဆပလအကွဲအပြဲပြဿနာကို ရေးသားဖော်ထုတ်ထား၏။

၁၃-၅-၄၇ ယင်းသတင်းစာတွင်ပင် အင်းစိန်ထောင်ကြီးအတွင်းမှ ရဲဘော် ၄၀၏ ပွဲတင်သံ” ခေါင်းစီးအောက်တွင် ပဲခူးနယ်သူပုန်မှုနှင့်ပတ်သက်၍ အင်းစိန်ထောင်ကြီးအတွင်း အဖမ်းဆီးခံနေရသော ရဲဘော်များအနက် ရဲဘော် ၄၀သည် မေလ ၁၀ရက်ကစပြီး အစာငတ်ခံ ဆန္ဒပြကြခြင်းကို ရေးသားထား၏။

မေလ၁၄ ရက်နေ့ထုတ် သူရိယသတင်းစာတွင် “ရခိုင်ပြည်အရေး ဦးစိန္တာကိုယ်တော်ကို ဖမ်းပြီ”ဟု မျက်နှာဖုံးတွင် ခေါင်းစဉ်ကြီးတပ်ကာ ဆရာတော်ဦးစိန္တာအဖမ်းခံရခြင်းများကို ရေးသားထားပါသည်။ မေလ ၁၆ရက်နေ့ထုတ် သူရိယသတင်းစာတွင် “ဦးစိန္တာကိုယ်တော် ဘာကြောင့် ဖမ်းရသလဲ”ခေါင်းစဉ်ဖြင့် ဆရာတော်ဦးစိန္တာအား ဖမ်းရခြင်းကို ဝန်ကြီးဦးဘချို‌က သတင်းစာဆရာများအား ရှင်းပြချက်ကို ရေးသားထား၏။

ယင်းနေ့ ယင်းသတင်းစာတွင်ပင် “ရှမ်းနိစ္စတန် ပေါ်ဦးမည်လော”ခေါင်းစဉ်ဖြင့် စောဘုံလှိုင်ဟသ်ာမောင်က ဆောင်းပါးရေးထားပါသည်။ မေလ (၁၈)ရက်နေ့ထုတ် သူရိယသတင်းစာတွင် “ရဲဘော်ဟောင်းများ ရာဇသံ”ဟူသောခေါင်းစီးဖြင့် ရွှေတိဂုံဒိုက်ဦးဇရပ်တွင် သဘာပတိ ဗိုလ်တင်မောင်ကလည်းကောင်း၊ အတွင်းရေးမှူး ဗိုလ်မင်းလွင်ကလည်းကောင်း၊ ဆောင်ရွက်ပြီး အရာရှိ ၁၀ဦးနှင့်၊ ရဲဘော် ၆၈ဦးတို့အား ပြန်လည်ခန့်အပ်ရန် စသည်များကို အရေးဆိုကြကြောင်း ရေးသားထား၏။

မေလ(၂၀)ရက်နေ့ထုတ် သတင်းစာတွင် “ဥက္ကံမြို့ကို သိမ်းသွားပြန်ပြီ”ဟူသော မျက်နှာဖုံးခေါင်းစဉ်ဖြင့်

လက်နက်ကိုင်လူဆိုး ၃၀မှ ၆၀ထိပါသည့်ဂိုဏ်းက လမ်းခွဲဆုံများတွင် စနစ်တကျကင်းချပြီး တိုက်ခိုက်လိုသော အိမ်များကို စိတ်အေးလက်အေးတိုက်ခိုက်ယူသွားကြောင်းကို ရေးသားထား၏။ မေလ (၂၁)ရက်နေ့ထုတ် ယင်းသတင်းစာတွင် "တပြည်လုံး တော်လှန်ရမတဲ့"ခေါင်းစဉ်ဖြင့် ပျဉ်းမနားမြို့နယ် တောင်သူလယ်သမား သမဂ္ဂအမှုဆောင် ၅၀၀-ကျော်တက်သော အစည်းအဝေးက ဆုံးဖြတ်ချက်များကို ရေးသားထားသည်။

မေလ (၂၇)ရက်နေ့ထုတ် ယင်းသတင်းစာတွင် ရမ်းလှချည့်လားဗျာတို့"ခေါင်းစဉ်အောက်တွင် ဖရေဇာ လမ်းနှင့် ၂၉-လမ်းဒေါင့်ရှိ သွားစိုက်ဆရာဦးစိန်ကို ဓါးပြတိုက်၍ အပြန်အလှန်ပစ်ကြရာ၊ ဦးစိန်သေဆုံးခြင်းကို လည်းကောင်း၊ (၂၉)ရက်နေ့ထုတ်တွင် "ကရင်သီးခြားနယ်ပေးပါ"ခေါင်းစဉ်ဖြင့် ညောင်တုံးမြို့နယ် ကရင်ညီလာခံက ကရင်သီးခြားပေးရေးနှင့် ကရင်ကာကွယ်ရေးတပ်များအား လက်နက်ထုတ်ပေးရေး တောင်ဆို ချက်နှင့် ဆုံးဖြတ်ချက်များကို ရေးသားဖော်ပြထားပါသည်။

မေလ (၃၀)ရက်နေ့ထုတ် ယင်းသတင်းစာတွင် "ပုလိပ်ဥက္ကဋ္ဌ ဦးစောဝင်းနှင့် အတွင်းရေးမှူး ဦးညီပု တို့အား ဖမ်းပြီ။ နောက်ထပ် ၁၂-ဦးဖမ်းဦးမည်"ဟုရေးထား၏။

၁၉၄၇-ခု ဇွန်လအတွင်း မြန်မာပြည်တွင် နိုင်ငံရေးနှင့် အထွေထွေဆူပူမှုများကို မှတ်တမ်းတင်ခဲ့ချက် များအနက် အရေးကြီးသော အချက်တစ်ချို့ကို သူရိယသတင်းစာမှ ကောက်နှုတ်တင်ပြရလျှင် ဇွန်လ(၁)ရက်နေ့ ထုတ်တွင် "တက္ကသိုလ်ကျောင်းမှ ကွန်မြူနစ်များကို ပိုက်စိပ်တိုက်ရှာပြီ"ဟူသောခေါင်းစဉ်ဖြင့် တက္ကသိုလ်ကျောင်း တွင် ကွန်မြူနစ်အင်အားစုများအား ရှာဖွေနေခြင်းကို ရေးထား၏။

ဇွန်လ (၅)ရက်နေ့ထုတ် ယင်းသတင်းစာတွင် "ဦးစောဝင်းတို့ လွှတ်ကြပြီ"ခေါင်းစဉ်အောက်၌ ပုလိပ် ဥက္ကဋ္ဌဦးစောဝင်းနှင့် အခြားအလုပ်အမှုဆောင် ၁၁-ယောက်တို့အား လွှတ်ခြင်းကိုလည်းကောင်း၊ "သခင်ဗစိန် လွှတ်လွှတ်"ဟူသောခေါင်းစဉ်ဖြင့် မနိတောဘီအိုစီအလုပ်သမား ၃၀၀-ခန့်က သခင်ဗစိန်အား လွှတ်ရန် အရေးဆိုခြင်းကိုလည်းကောင်း၊ "ဦးစိန္တာကို အမြန်လွှတ်"ခေါင်းစဉ်ဖြင့် ဆရာတော်ဦးစိန္တာအားလွှတ်ရန် ရန်ကုန် ကျောင်းတိုက်များမှ ရဟန်းပေါင်း ၄၀၀-က အရေးဆိုခြင်းကိုလည်းကောင်း၊ ရေးသားထား၏။

ဇွန်လ (၁၀)ရက်နေ့ထုတ် ယင်းသတင်းစာတွင် "ဖဆပလရုံးကို လက်ပစ်ဗုံးဖြင့်ပစ်ခြင်း"ဟူသောခေါင်း စဉ်ဖြင့် ဖဆပလဌာနချုပ်ရုံးကို ဇွန်လ (၈)ရက်၊ ၈-နာရီခွဲတွင် လက်ပစ်ဗုံးဖြင့် ပစ်သွားခြင်းတို့ကို ရေးသားထား သည်။ ဇွန်လ (၁၄)ရက်နေ့ထုတ် ယင်းသတင်းစာတွင် "တိုင်းပြုပြည်ပြုအစည်းအဝေးတွင် ကွန်မြူနစ်အမတ်များ ၏ လှုပ်ရှားမှုများကို ရေးပြီး ဇွန်လ (၁၅)ရက်နေ့ထုတ်တွင် "သူပုန်တို့၏နံရံကပ်ကြေငြာချက်"ခေါင်းစဉ်အောက် တွင် ပျဉ်းမနားမြို့နှင့် တောရွာများတွင် ပျဉ်းမနားသူပုန် စစ်ကြေငြာစာတမ်းကိုလည်းကောင်း၊ "ယခုလက်ရှိ အစိုးရအဖွဲ့ကို ဖျက်သိမ်းပစ်လိုက်ပါ"ဟူသောခေါင်းစဉ်ဖြင့် ဗမာနိုင်ငံဘုရင့်ဆွေတော်မျိုးတော်အဖွဲ့ ဂါမဏိ မင်းသားကြီး လက်မှတ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအစိုးရအဖွဲ့ကို ဖျက်သိမ်းရန် တောင်းဆိုသည်ကိုလည်းကောင်း ရေးသားထား၏။

ဇွန်လ (၁၉)ရက်နေ့ထုတ်တွင် "ပဥ္စမံတပ်သားလော"ခေါင်းစဉ်အောက်၌ ရခိုင်တော်လှန်ရေး ပြောက်ကျား ခေါင်းဆောင်ကိုကျော်ရင် (ယခု တက္ကသိုလ်နည်းပြဆရာ) ကို ပုဒ်မ-၅ဖြင့် ဖမ်းလိုက်ရာ တက္ကသိုလ် နယ်တဝှမ်းတွင် သိမ့်သိမ့်တုန်လှုပ်တော့သည်ဟု ရေးသားဖော်ပြထားပါသည်။

၁၉၄၇-ခု ဇူလိုင်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များ လုပ်ကြံသတ်ဖြတ်ခြင်း မခံရမီဖြစ်ခဲ့သော အခြေအနေများကို သူရိယသတင်းစာတွင် ရေးသားထားသည်မှာ ဇူလိုင်လ(၂)ရက်နေ့ထုတ်၌ "စစ်တပ်နှင့် ကြယ်နီပြောက်ကျားတပ်"ဟူသောခေါင်းစဉ်နှင့်တဆက်တည်း "အေးချမ်းသာယာမှုနည်းလမ်း မည်သူမျှမပေး သဖြင့် ဝတ္တရားအတိုင်း ဆောင်ရွက်တော့မတဲ့"ခေါင်းစဉ်တပ်ကာ အင်အားသုံးရာခန့်ရှိသော ကြယ်နီ ပြောက်ကျား ကိုယ်စားလှယ် ချစ်သိန်း၊ စောရွှေ၊ စံနိုင်၊ ကျော်သောင်း၊ ဘတင်တို့နှင့် ဗိုလ်မင်းလွင်၊ ဗိုလ်မင်းဒင် တို့ သံတွဲမြို့နှင့် ငါးမိုင်ကွာ ခရမ်းမော်ရွာတွင် ဆွေးနွေးကြရာ ဆွေးနွေးပွဲမအောင်မြင်သဖြင့် တိုက်ပွဲဖြစ်တော့ မည်ဟု ရေးသားထား၏။

ဇူလိုင်လ(၆)ရက်နေ့ထုတ် ယင်းသတင်းစာတွင် "မြန်မာပြည် ပုလိပ်အမှုထမ်းများ၏ အနုမြူဗုံးကြီး ဒုတိယမ္ဘပေါက်ကွဲပြန်ပြီ"ဆိုပြီး ပုလိပ်အမှုထမ်းများ သပိတ်ကိစ္စကိုလည်းကောင်း၊ ဇူလိုင်လ (၇)ရက်နေ့ထုတ်တွင် "အစိုးရလခစား အမှုထမ်းပေါင်းစုံ တသောင်းကျော်တို့ အားအင်ညီညီတပ်ချီကြရပြီ"ဟူသော ခေါင်းစဉ်အောက်တွင် အစိုးရအမှုထမ်းပေါင်းစုံ အမှုထမ်းတသောင်းကျော်တို့ ရန်ကုန်မြို့တွင် ချီတက်ဆန္ဒပြခြင်းကိုလည်းကောင်း၊ ယင်းသူရိယသတင်းစာက ရေးသားဖော်ပြထား၏။

ဇူလိုင် (၁၅)ရက်နေ့ထုတ်တွင် "မြို့တော်ခန်းမကြီး၌ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးရှင်းပွဲကြီး" ခေါင်းစဉ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကို ယင်းသတင်းစာက ရေးသားထားပါသည်။ ၁၉၄၇-ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လနှင့် ဇူလိုင်လ(၁၅)ရက်ထိဖြစ်ရပ်များကို ထောက်လျှင် ဟောင်ကောင်ဘဏ်တိုက်ကို စီးခြင်းမျိုးလည်းမရှိ၊ ဉက္ကံမြို့ကို အေးဆေးစွာစီးပြီး ဓားပြတိုက်သွားခြင်းလည်း မဖြစ်ခဲ့၊ ရခိုင်ပြည်ဖြစ်ရပ်ကား နိုင်ငံရေးဖြစ်ရပ်များဖြစ်နေသည်။

၁၉၄၅-ခုနှစ် ဇန်နဝါရီလ ပထမပတ်ကပင် ရခိုင်ပြည် စစ်တွေမြို့ကို ဗြိတိသျှစစ်တပ်က သိမ်းခဲ့သည်။ ကိုလိုနီကျွန်ဘဝသို့ ဆွဲသွင်းလိုသော ဗြိတိသျှနယ်ချဲ့စစ်တပ်သည် သူတို့နှင့်အတူ ဖက်ဆစ်ဂျပန်တပ်များကို ရွတ်ရွတ်ချွံချွံ တိုက်ခိုက်ခဲ့သော ရခိုင်ရဲဘော်များကို ဖမ်းပြီး လူမဆန်စွာ ညှင်းပန်းနှိပ်စက်သည်။ ဂျပန်စက္ကူကို တရားမဝင် လုပ်ပစ်၍ပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိသော ရခိုင်လယ်သမားများကား လည်မျို ညှစ်ပြီး မြေခွန်မြေဆီခများကိုတောင်းသည်။

ဆရာတော် ဦးနာရဒစသော ရခိုင်ခေါင်းဆောင်များကို ကြိုးမိန့်ဒဏ်နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်းထိ ချမှတ်ထားသည်။ ရွာလုံးချီ၍မီးတိုက် လုယက်၊ မုဒိန်းကျင့်မှုများကို သောက်သောက်လဲပြုကြသည်။ ၁၉၄၅-ခုနှစ်စကပင် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်ကိုင်တိုက်နည်းဖြင့် တိုက်ခိုက်ရေး၊ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့သို့ ရောက်နိုင်အောင် ဆရာတော် ဦးစိန္တာနှင့် ကျနော်တို့ ပြင်ဆင်ကြသည်။ စည်းရုံးကြသည်။ မြေအောက်တော်လှန်ရေးတပ်ဖွဲ့များကို ဖွဲ့စည်းကြသည်။ မြေခွန်မြေဆီမပေးရေးကို ဆော်သြကြသည်။ ဗြိတိသျှအလိုတော်ရိ ရွာသူကြီးများကို ဖြုတ်ပြီး ကျေးရွာများကို ဉက္ကဋ္ဌစနစ်ဖြင့် လူထုသဘောကျ ရွေးကောက်ကြသည်။

အာဏာနီနယ်မြေပေါင်းများစွာကို ထူထောင်ကြသည်။ ဆရာတော်တို့အား ဖမ်းဆီးသွားသည့်တိုင် အဆင်သင့်ရှိနေသော မြေအောက်တော်လှန်ရေးတပ်ဖွဲ့များဖြင့် ထမချ။ မြေအောက်တပ်ဖွဲ့များက လက်နက်ဖြင့် တိုက်ရန် အပြင်းအထန်တောင်းဆိုချက်များကို ကျနော်တို့ ပယ်ချကြသည်။ ဆရာတော်တို့အား လွှတ်ပြီး လ လက်ငုတ်လက်ရင်း မြေလက်မလွတ်ရေးတို့ကို ရလျှင် ရခိုင်ပြည်၏ နိုင်ငံရေးအုံကြွမှုကို လက်ငင်းဖြေရှင်းယူနိုင်ခြင်းကို ကျနော်တို့ ကွင်းကွင်းသိနေကြပြီ၊ ဇူလိုင်လ (၁၆)ရက်နေ့ထုတ် ယင်းသတင်းစာတွင် "ဦးစိန္တာနှင့်တွေ့ရန် ဦးဘဆွေ သာယာဝတီရောက်လာခြင်း"ခေါင်းစဉ်ဖြင့် ဆရာတော်နှင့်တွေ့ရန် ဦးဘဆွေတို့ သာယာဝတီထောင်သို့ ရောက်လာပြီး ဆရာတော်ကို လွှတ်တော့မည်။ သခင်နုတို့နှင့်အတူ ရခိုင်ပြည်သို့ သွားကြမည်။ ဆရာတော် ရန်ကုန်မြို့တွင် ဝါဆိုမည်ဟု ရေးသားပါရှိ၏။

ဆရာတော်ဦးစိန္တာတို့ လွှတ်တော့မည်။ ကျနော်တို့ နိုင်ငံရေးတိုက်ပွဲ တလှမ်းအောင်တော့မည်။ ကျနော်တို့၏အဓိကရည်မှန်းချက်ဖြစ်သော ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို မြန်မာတပြည်တဝှမ်းလုံးတွင် တပြိုင်တည်းလိုလို လက်နက်စွဲကိုင်တိုက်ခိုက်နည်းဖြင့် လွတ်လပ်ရေး ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့ကို ဆက်လက်ဆောင်ရွက်နိုင်တော့မည်။ ၁၉၄၂ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးနှင့် ၁၉၄၅-ခုနှစ်တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေး လုပ်ခဲ့စဉ်က ညီညွတ်ခဲ့သော ညီညွတ်ရေးကို ပြန်လည်တည်ဆောက်နိုင်တော့မည်ဟု ကျနော်တို့ဝမ်းသာမဆုံး ဖြစ်နေတော့၏။ သို့သော် ဇူလိုင်လ (၁၉)ရက်နေ့တွင် မမျှော်လင့်သော မုန်တိုင်းကြီး ရိုက်ခတ်လေပြီ။ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံသတ်ဖြတ်ခဲ့သွားရလေပြီ။

ရခိုင်ပြည် ဗမာပြည်တို့တွင်သာ ၁၉၄၇-ခုနှစ် နိုင်ငံရေးည မငြိမ်မသက်ဖြစ်နေသည်မဟုတ်။ ကမ္ဘာ့

အခြေအနေကို အကြမ်းဖျင်းကြည့်လျှင် ထိုစဉ်က ကမ္ဘာစစ်ကြီးဒဏ်ကို နှစ်ကြိမ်တိုင် အလူးအလဲ ဒဏ်ခံဘူးပြီ ဖြစ်သော လူသားအနွယ်အား၊ နောက်ထပ်ကမ္ဘာစစ်မဖြစ်ရေးအတွက် ငြိမ်းချမ်းရေးမြတ်နိုးသော ကြီးငယ်မရွေး နိုင်ငံတိုင်းအား၊ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိရမည်စသော ပဋိညဉ်များပါဝင်သည့် ကမ္ဘာ့ကုလသမဂ္ဂကို အောင်မြင်စွာ ဖွဲ့စည်းထူထောင်နိုင်ခဲ့ကြသော်လည်း အရင်းဖွဲ့ပဋိပက္ခဖြစ်သည့် အရင်းရှင် နယ်ချဲ့စနစ်နှင့် ဆိုရှယ်လစ်စနစ် ပဋိပက္ခ၊ အရင်းရှင်နယ်ချဲ့အချင်းချင်း ပဋိပက္ခ၊ အရင်းရှင်နယ်ချဲ့စနစ်နှင့် ကိုလိုနီနိုင်ငံများ ပဋိပက္ခ၊ အရင်းရှင်နယ်ချဲ့စနစ်နှင့် အလုပ်သမားလူတန်းစား ပဋိပက္ခဟူသော ပဋိပက္ခများ ကြောင့် ကမ္ဘာတဝှမ်းလုံး နိုင်ငံရေးတိုက်ပွဲများဖြင့် ပွက်နီးတီးနေကြသည်။

ကမ္ဘာတဝှမ်း ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်နယ်ချဲ့စနစ် အင်အားပြိုင်ဆဲဖြစ်နေကြသည်။ ဆိုဗီယက် ယူနီယံ၏အဖက်ဖက်မှ ကူညီမှုကြောင့် ဥရောပတိုက်တွင် ပူဂိုဆလားဗီးယားနိုင်ငံ၊ ချက်ကိုစလိုဗီးယားနိုင်ငံ၊ ဘူဂေးရီးယားနိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ရူမေးနီးယားနိုင်ငံ၊ ပိုလန်နိုင်ငံ၊ အယ်ဘေးနီးယားနိုင်ငံစသော နိုင်ငံများသည် ဆိုရှယ်လစ်လူ့ဘောင်သစ်တို့ ချီတက်ရန် အခြေခံများဖြင့် ငွါးငွါးကားကား ပေါ်ပေါက်နေသည်။ ကမ္ဘာ့အရင်းရှင် ဂိုဏ်းတွင် ချမ်းသာကြွယ်ဝသော အမေရိကန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်အတွင်းက စစ်လေယာဉ်များ၊ စစ်သံချပ် ကားများ၊ အပါအဝင် စစ်လက်နက်များနှင့် စစ်သုံးပစ္စည်းများကို မိမိကြိုက်သလိုဈေးဖြင့် ရောင်းချခဲ့ရခြင်းကြောင့် ပို၍ချမ်းသာကြွယ်ဝသော အထွဋ်အထိပ်နိုင်ငံဖြစ်လာသော်လည်း ဗြိတိသျှ ပြင်သစ်စသော စစ်နိုင်သည့် အရင်း ရှင်နယ်ချဲ့နိုင်ငံများမှာ မွဲပြာကျပြီး၊ ရာရှင်စနစ်ဖြင့်၊ မလောက်မင စားသုံးဝတ်ဆင်နေထိုင်ရချိန်ဖြစ်သည်။

ဥရောပတိုက် အရင်းရှင်နိုင်ငံများသည် အမေရိကန်နိုင်ငံက မာရှယ်စီမံကိန်းဖြင့် ပုံအောကူညီနေသော ငွေလုံးငွေရင်းနှင့်တကွ၊ စက်မှုပစ္စည်းများနှင့် လူသုံးပစ္စည်းများအပေါ် မှီခိုနေရချိန်ဖြစ်နေသည်။ ယင်းကြောင့် စီးပွားရေးအကြပ်အတည်းကို နေ့စဉ်နှင့်အမျှခံနေရသော ဥရောပတိုက်နိုင်ငံများရှိ အလုပ်သမားလူတန်းစား သည် မဟာစတာလင်၏ ဦးဆောင်မှုဖြင့် ထူထောင်ထားသော ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်တွင် ပါဝင်သည့် အသီးသီးသော ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်မှုအောက်တွင် အလုပ်သမားလူတန်းစားတိုက်ပွဲများကို ညီညွတ် စွာ အုံကြွစွာ တိုက်ပွဲဝင်နေကြသည်။ အာရှတိုက်တွင်လည်း မဟတ္တမဂန္ဒီနှင့် ပဏ္ဍစ်နေရူးခေါင်းဆောင်သော အိန္ဒိယနိုင်ငံသည် အမျိုးသားလွတ်လပ်ရေးအတွက် ပြည်လုံးချီကာ စည်းရုံးညီညွတ်စွာဖြင့် အုံကြွစွာတိုက်ပွဲ ဝင်နေသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသော နည်းမျိုးစုံဖြင့် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို ဆန့်ကျင်နေသည်။ ဗီယက်နမ်အပါအဝင် အင်ဒိုချိုင်းနားတွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီး၊ ပြန်လည်ကျူးကျော်ဝင်ရောက်လာသော ပြင်သစ်နယ်ချဲ့စစ်တပ်များကို ကွန်မြူနစ်ထိပ်သီး ဒေါက်တာဟိုချီမင်း၏ ခေါင်းဆောင်မှု ဖြင့် အလုံးအရင်းနှင့် ခုခံတော်လှန်နေကြသည်။ ဒချ်(ဟော်လန်နိုင်ငံ) လက်အောက်မှ စုမတ္တရာ၊ ဂျဗားကျွန်းစု များ၊ (ယခု အင်ဒိုနီးရှား)တွင် အမျိုးသားခေါင်းဆောင်ဆိုကာနို ခေါင်းဆောင်မှုဖြင့် အမျိုးသားလွတ်လပ်ရေး တိုက်ပွဲ အထွဋ်အထိပ်သို့ ရောက်နေသည်။

တရုပ်ပြည် ကွန်မြူနစ်နှင့် ကွန်မီတင်တို့ ညီညွတ်မှုဖြင့် ကျူးကျော်ရေးသမား ဂျပန်ဖက်ဆစ် စစ်တပ်များကို တရုပ်အမျိုးသားများ ညီညာဖျဖျတော်လှန်ခဲ့ကြသော်လည်း ဖက်ဆစ်ဂျပန်စစ်တပ်များ အကြွင်းမဲ့ လက်နက်ချပြီး ကမ္ဘာ့အရင်းရှင် ထိပ်သီးအမေရိကန်ကို အားကိုးရထားသော ကွန်မီတင်ခေါင်းဆောင် ချန်ကေရှိတ်အုပ်စုသည် ကွန်မြူနစ်များကို ချိုးနှိမ်လာခြင်းကြောင့် ကွန်မြူနစ်နှင့် ကွန်မီတင် ကွဲအက်သွားကာ တရုပ်ပြည်တွင် ဘတပြန် ကျားတပြန် အာဏာလုနေကြဆဲ၊ ပြင်းထန်သော ပြည်တွင်းစစ်ဖြစ်နေဆဲဖြစ်၏။

မြန်မာပြည်တွင်ကား ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုနှင့် ကွဲပြားသည့်လှုပ်ရှားမှုကို ဗကပက အားသွန်း ခွန်စိုက် လုပ်ဆောင်နေ၏။ ဖဆပလအဖွဲ့ချုပ်မှ ဗကပကို ထုတ်ပယ်လိုက်ပြီဖြစ်သော်လည်း ဗကပသည် "ဖဆပလ ကွန်မြူနစ်ညီညွတ်ကြ""ရဲဘော်တပ်နီညီညွတ်ကြ" "ခွေယိုင်နေသော ဖဆပလဒါးကို ထက်အောင် သွေးကြစို့" ကြွေးကြော်သံဖြင့် ဗကပထိပ်သီး သခင်သန်းထွန်းကိုယ်တိုင် ဖဆပလခေါင်းဆောင်များနှင့် လက်တွဲ

ပြီး ရန်ကုန်မှ ပျဉ်းမနားတလျှောက် ကျေးရွာပေါင်းများစွာမှ လက်နက်များကို ရာချီထောင်ချီ သိမ်းဆည်းအပ်နှံပေးလျက်ရှိ၏။ ဗကပထိပ်သီးများ ဘရောက်ဒါဝါဒကို အရိုးစွဲနေဆဲဖြစ်၏။

## မုန်တိုင်းထန်သောခေတ်

၁၉၄၇-ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် နယ်ချဲ့ဒလံ ဂဠုန်ဦးစောတို့ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးဘချို မိုင်းပွန်စော်ဘွားစသော အာဇာနည်ခေါင်းဆောင်များ သေဆုံးခဲ့ရပြီ။ ထိုခေါင်းဆောင်များ မကျဆုံးမီကပင် ဗြိတိသျှစစ်တပ်မှ ဘရင်ဂန်းများ ရာချီပျောက်ဆုံးသွားမှုများ ရှိခဲ့သည်။ ၁၉၄၇-ခု ဇူလိုင်လ (၁၉)ရက်နေ့ထုတ် သူရိယသတင်းစာတွင် "ဘရင်းဂန်းကိစ္စမွှေပြန်ပြီ"ဆိုသော ခေါင်းစဉ်ကြီးနှင့်တဆက်တည်း "ဘရင်းဂန်း ၂၀၀ပျောက်သည့်ကိစ္စနှင့် ပတ်သက်ပြီး ရာဂျာရေးဒီရာကျောင်းသို့ ပုလိပ်များ တက်ရောက်ရှာကုန်ပြီ" ဟုရေးသားဖော်ပြထားသည်။ ဘရင်းဂန်း ၂၀၀ အစုလိုက် အခဲလိုက် ပျောက်ဆုံးမှုသည် အသေးအဖွဲပြဿနာမဟုတ်။

ရန်ကုန်မြို့နယ် ဟောင်ကောင်ဘဏ်တိုက် ဓါးပြတိုက်ခံရမှု၊ ဖရေဇာလမ်းနှင့် ၂၉လမ်းဒေါင့် သွားစိုက်ဆရာ ဓါးပြတိုက်ခံရပြီး သေနတ်ပစ်၍ သေဆုံးရမှု၊ မော်တာအမြောက်ပါသော လူဆိုး ၁၅၀ခန့်က ကုက္ကိုလ်ဇီးရွာသို့ဝင်ပြီးစီးမှု၊ လက်နက် ၆၀ခန့်ပါသော လူဆိုးများ ဥက္ကံမြို့ကို ဝင်စီးမှု၊ ရန်ကုန်မြို့ ပုလိပ်အမှုထမ်းသပိတ်၊ ရန်ကုန်မြို့ အစိုးရအမှုထမ်းပေါင်းစုံ ဆန္ဒပြပွဲကြီးတို့သည် အသေးအမွှားပြဿနာလည်း မဟုတ်ကြ။ ဘုရင်ခံအတိုင်ပင်ခံ အစိုးရအဖွဲ့ကိုလက်ခံထားသော အစိုးရအဖွဲ့ဝင် ဖဆပလခေါင်းဆောင်များသည် တကယ့်အာရုံစူးစိုက်စွာဖြင့် ဘရင်းဂန်း ၂၀၀ပျောက်မှုကို ဖော်ထုတ်နိုင်ခဲ့လျှင် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံသတ်ဖြတ်ခံရမည်လည်း မဟုတ်ပေ။

ယခု ဤသို့မဖြစ်ခဲ့ရ။ ဗြိတိသျှနယ်ချဲ့သမားတချို့၏ ခြေထိုးမှုနှင့် ပယောဂကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ရက်စက်စွာ သတ်ဖြတ်ခံသွားရသလို၊ ဗြိတိသျှနယ်ချဲ့ အရာရှိဆိုး ရမ်းဗြဲနယ်ပိုင် မျက်နှာဖြူ မက်သရူး၊ ကျောက်ဖြူခရိုင်ဝန် မျက်နှာဖြူအရာရှိဆိုး မစ္စတာ အက်ဂျိအေစကော့ (ကက်စဘီခေတ် မေဂျာ မြ၂၈. ဗ. ၂ခသအအ) ရခိုင်တိုင်းမင်းကြီး ဦးမောင်ကျော်နှင့် နိုင်ငံရေးသြဇာတက္ကိမ ကျဆင်းလာပြီဖြစ်သော ရခိုင်တိုင်းဖဆပလ ခေါင်းဆောင်တချို့၏လုပ်ဇာတ်ခင်းမှုဖြင့် ဆရာတော်ဦးစိန္တာ အဖမ်းခံခဲ့ရလေပြီ။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံသတ်ဖြတ်ခံသွားရသည်နှင့်တပြိုင်နက် မုန်တိုင်းထန်သောခေတ် မှောင်ထုခေတ်သို့ ဆိုက်ရောက်သွားရတော့၏။

ရန်ကုန်ရှိ ကျနော်တို့ ကေဒါရဲဘော်များထံမှ စာအရ အလံနီပါတီအား မတရားအသင်းကြေငြာချက်ကို ရုပ်သိမ်းမည်။ ဗမာပြည် ကွန်မြူနစ်နှင့် ဖဆပလပဋိပက္ခများကို ဖြေရှင်းရန်အတွက် ရှေ့ရှုဆောင်ရွက်မည်ဆိုသော ပြဿနာများသာ မုန်တိုင်းထန်သော မှောင်ထုအောက်တွင် ပျောက်ကွယ်သွားသည်မဟုတ်၊ ဆရာတော်ဦးစိန္တာအားလွှတ်မည်။ ဆရာတော်နှင့် သခင်နုတို့ ရခိုင်ပြည်သို့ သွားကြမည်။ ဆရာတော် ရန်ကုန်မြို့တွင် ဝါဆိုမည်ဆိုသည့် သေချာသလောက်ဖြစ်နေသော ပြဿနာလည်း မုန်တိုင်းထန်သောအမှောင်ထုအောက်တွင် အစအန ရှာမရအောင် ကွယ်ပျောက်သွားလေ၏။

ဗြိတိသျှဒလံ ဂဠုန်ဦးစောတို့၏ လူမဆန်သော ညစ်ပတ်မှု၊ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခဲ့ရသည့်အတွက် ဂဠုန်ဦးစောခေါင်းဆောင်သော မျိုးချစ်အဖွဲ့နှင့်အလားတူ နယ်ချဲ့သူလျှိုအဖွဲ့အစည်းများကို ခြေမှုန်းရခြင်း၊ ထိုအဖွဲ့အစည်းခေါင်းဆောင်များအား ဘမ်းဆီးရခြင်းတို့ကို ပြုရသည်မှာ သဘာဝကျသော ၊ ပြုထိုက်ပြုသင့်သော ဆောင်ရွက်ချက်များ ဖြစ်သည်။ လုပ်ကြံမှုကြောင့် အသဲနာရသော မျက်ရည်ကျနေသော ပြည်သူလူထု၏အံ့ကြွသော ထောက်ခံမှုကိုရယူအပ်သော ဆောင်ရွက်ချက်များ ဖြစ်သည်။ အမျိုးသားလွတ်လပ်ရေး ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့အတွက် ဗြိတိသျှနယ်ချဲ့နှင့် နယ်ချဲ့ဒလံဆန့်ကျင်ရေး လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရင်း၊ ၁၉၄၅-ခုနှစ်၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလက ရရှိခဲ့သော

လက်ဝဲညီညွတ်ရေးကိုလည်းကောင်း၊ အမျိုးသားညီညွတ်ရေးကိုလည်းကောင်း၊ ရယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်အပ်ပါသည်။

ဆရာတော်နှင့်ကျနော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းတို့ ဖဆပလ ဘုရင်ခံအတိုင်ပင်ခံ အစိုးရအဖွဲ့ဝင်ပြီး အာဏာရသွား၍ အာဏာခွဲဝေမပေးသဖြင့် ဗိုလ်ချုပ်အစိုးရကို ကောက်ကောက်ငင်ငင် ဆန့်ကျင်လာကြသူများ မဟုတ်ကြသလို၊ ဗိုလ်ချုပ်တို့အာဏာရလာ၍ ကောက်ကာငင်ကာ ထောက်ခံလာသူများလည်း မဟုတ်ကြပါ။

၁၉၄၅-ခု မတ်လတွင် ရခိုင်ပြည်တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေး ပြီးချိန်မှစ၍ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီတို့မှ ကြေငြာခဲ့သော တော်လှန်ရေးတပ်ဦးစာတမ်းနှင့် ဗမာတပ်မတော်နှင့် ပြည်သူ့အဖွဲ့အစည်းများ ပူးပေါင်း၍ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ လွတ်လပ်ရေးကြေငြာချက်တွင်ပါသည့် ဗမာ့လွတ်လပ်ရေး၊ ပြည်သူ့အစိုးရထူထောင်ရေး၊ အနှစ်သာရတို့ကို အခြေတည်ကာ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့အတွက် ဗြိတိသျှစစ်အုပ်ချုပ်ရေး အစိုးရကို ဆရာတော်နှင့်ကျနော်အသက်ပေးပြီး ဆန့်ကျင်ခဲ့ခြင်းသာ ဖြစ်ကြပါသည်။

မြန်မာပြည်တဝှမ်းလုံးနှင့် တပြိုင်တည်းလိုလို ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို တော်လှန်တိုက်ခိုက်ရန် ကျနော်မျှော်မှန်းရည်ရွယ်ပြီး ရခိုင်ပြည်တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးပြီးဆုံးခဲ့သော ၁၉၄၅ခု မတ်လခန့်ကပင် မြေအောက်တော်လှန်ရေးတပ်ဖွဲ့များကို ဖွဲ့စည်းကာ မြေခွန်မြေဆီမပေးရေး၊ လက်ငုတ်လက်ရင်း မြေပိုင်ရေး၊ ဗြိတိသျှဒလံသူကြီးများကိုဖြုတ်ပြီး ကျေးရွာလူထုရွေးကောက်သော ဥက္ကဌစနစ်ဖြင့် ကျေးရွာအုပ်ချုပ်ခြင်း၊ စသော အာဏာနီနယ်မြေများကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်နက်ရှိုင်းနိုင်သမျှ နက်ရှိုင်းကြံ့ခိုင်စွာ ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ ထူထောင်ခဲ့ကြခြင်းသာဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံသတ်ဖြတ်ခြင်း မခံရမီ ရက်ပိုင်းခန့်က ဖဆပလဌာနချုပ် အထွေထွေအတွင်းရေးမှူး ဦးဗဆွေနှင့် ကိုညိုထွန်း (ဝန်ကြီးဟောင်း ယခု သံအမတ်ကြီး)တို့ကိုယ်တိုင် သာယာဝတီထောင်ရှိ ဆရာတော် ဦးစိန္တာထံသွားရောက်ခဲ့ပြီး ဆရာတော်နှင့် သဘောတူညီမှုရယူခဲ့ကြသည်။ ဆရာတော်အားလွှတ်မည်။ ဆရာတော်နှင့် သခင်နုတို့ ရခိုင်ပြည်လာကြမည်။ ကျနော်တို့နှင့် တွေ့ဆုံမည်။ ဦးကျော်ငြိမ်း လန်ဒန်မှ ပြန်သည်ကို စောင့်နေသည် စသောပြဿနာသည် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံသွားရပြီး ပြည်ထဲရေးဝန်ကြီးဦးကျော်ငြိမ်း ပြန်ရောက်၍ အတော်ကြာသည့်တိုင် မယ်မယ်ရရ အကောင်အထည်ပေါ်မလာဖြစ်နေ၏။

ဆရာတော်ဦးစိန္တာတို့ လွှတ်တော့မည်ဟူသော ပြဿနာသည် ကျနော်တို့ စိတ်ကူးယဉ်ခဲ့သော ပြဿနာမဟုတ်။ တကယ့်ဖြစ်ရပ်မှန်ဖြစ်၍ ယင်းပြဿနာနှင့် ပတ်သက်ပြီး ၁၉၄၇-ခုနှစ် ဇူလိုင်လ ၁၆ရက်နေ့ထုတ်ဝေသော သူရိယ သတင်းစာတွင် “ဦးစိန္တာနှင့်တွေ့ရန် ဦးဗဆွေ သာယာဝတီသို့ ရောက်လာခြင်း”ခေါင်းစီးတပ်ကာ ဆက်လက်ရေးသားထားသည်မှာ “ဇူလိုင်လ ၁၅ရက်နေ့ နံနက် ၁၀နာရီအချိန်ခန့်တွင် ရန်ကုန်မြို့ ဖဆပလအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဗဆွေ ပြည်ထဲရေးဌာန နိုင်ငံရေးအတွင်းဝန် ကိုလှမောင်နှင့် ရခိုင်တော်လှန်ရေးခေါင်းဆောင် ဗိုလ်ညိုထွန်းတို့သည် သုံးဆယ်မြို့သို့ မော်တော်ကလေးဖြင့် ရောက်ရှိလာပြီးလျှင် သခင်မြလေးကိုခေါ်၍ ၎င်းနှင့်အတူ သာယာဝတီထောင်အတွင်းရှိ ရခိုင်ပြည်ခေါင်းဆောင် ဦးစိန္တာအား ဝင်ရောက်တွေ့ဆုံကြကြောင်း၊ ဦးစိန္တာ ကျန်းမာစွာပင်ရှိသည်ဆိုကြောင်း၊ ဘယ်တုန်းကမှ ဆရာတော်ဦးစိန္တာသည် အစာတော်မခံခဲ့ဆိုကြောင်း။ နေထိုင်မကောင်းသဖြင့် ၂ရက်ဆွမ်းမစားနိုင်ခဲ့ဆိုကြောင်း၊ ထောင်ကလွတ်လျှင် ဦးစိန္တာသည် ရခိုင်ပြည်သို့ သခင်နုတို့နှင့် အတူသွားမည်ဆိုကြောင်း၊ ရခိုင်ပြည်အတွက် လုပ်စရာရှိသော လုပ်ငန်းစဉ်များကို ရန်ကုန်မှာဘဲလုပ်၍ ရန်ကုန်မှာပင် ဝါဆိုမည်ဟု ကြားသိရကြောင်း”ဟု ရေးသားဖော်ပြထားပါသည်။

ဆရာတော်လွှတ်မည်ဆိုပြီး မလွှတ်သေးသဖြင့် တဖက်က ဘုရင်ခံအတိုင်ပင်ခံ ဖဆပလအစိုးရကို ကျနော်တို့ အားမလိုအားမရဖြစ်နေကြ၏။ အခြားတဖက်ကလည်း ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံသတ်ဖြတ်ခံသွားရ၍ ဂဠုန်ဦးစောနှင့်တကွ အပေါင်းပါ နယ်ချဲ့ဒလံများနှင့် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို ကျနော်တို့ ပို၍

ဒေါသပုန်ထကာ ပို၍အော့နှလုံးနာနေကြ၏။

ကျနော်တို့၏နိုင်ငံရေးလှုပ်ရှားမှုနှင့် လူထုဆန္ဒပြပွဲများကို ကျနော်တို့ ဆက်တက်ဆောင်ရွက်နေကြသည်။ ဆရာတော်ဦးစိန္တာတို့အား လွှတ်ရေးနှင့်မြေပုံညီလာခံ ဆုံးဖြတ်ချက်များ ထောက်ခံခြင်းကို မြို့ပေါင်းများစွာတွင် မနားမနေ ကျင်းပနေကြသည်။ မြေပုံမြို့တွင် သုံးကြိမ်မြောက်လူထုဆန္ဒပြပွဲကြီးကို သောင်းသောင်းဖျဖျဆင်နွှဲရန် စီစဉ်ကြ၏။

ဆရာတော်တို့ အဖမ်းခံသွားရချိန်မှစပြီး မရေမတွက် နိုင်သော နိုင်ငံရေးလုပ်ငန်းဆောင်တာများ ဖိစီးနေသဖြင့် ကြာအင်းတောင်မှတည့်တည့်တိုင်းလျှင် ၁၀မိုင်ခန့်သာဝေးမည့် ချစ်ဇနီးချောထံသို့ ကျနော်မရောက်နိုင်သည်မှာ လပေါင်းအတော်ကြာခဲ့ရပြီ။

ကြာအင်းတောင်ရွာတွင် စောစောစီးစီး နံနက်စာ စားကြ၏။ မရပ်မနားဘဲ ကြပ်စင်ကျွန်းဘက်သို့ ကျနော်တို့လှေဖြင့် ကူးကြ၏။ ကြပ်စင်ကျွန်းသို့ရောက်လျှင် ခြေလျင်လျှောက်ရရာ ချောင်းငယ်မြောင်းငယ်များကို ကွေ့ကောက်သွားရခြင်းနှင့် ကြပ်စင်တောင်ကို ကျော်ဖြတ်ရခြင်းတို့ကြောင့် ညနေပိုင်း ဝက်ခေါင်းရွာသို့ရောက်သွားသည်။ ချစ်ဇနီး၏မိဘများအိမ်တွင်ပင် တည်းခိုကြ၏။ ညနေစာ စားကြ၏။ ညဉ့်အိပ်ကြ၏။ ဆိုးဝါးနေသောမှောင်ထုခေတ် အခြေအနေများကို သူမအား ကျနော် ဆွေးနွေးတင်ပြသည်။

ကျနော်နှင့်အတူ လာနေရန် သူမအား ကျနော်ဖိတ်ခေါ်ခဲ့၏။ သူမကြည်ဖြူစွာလက်ခံသည်။ ငါးမန်းရဲကျွန်းမှအပြန်တွင် ကျနော်နှင့်အတူတူ လိုက်လာမည်ဟု ကတိပေးသည်။ ချစ်သူ၏စကားသည် ပျားသကာထက်ချိုပါသည်။ ကျနော့်အသဲနှလုံးထဲသို့ စိမ့်ဝင်သွားပါသည်။ ကျနော်၏နိုင်ငံရေးဘဝတာ တလျှောက်တွင် မခွဲမခွာလက်တွဲလျှောက်ရတော့မည်ဟူသော ပျော်ရွှင်ကြည်နူးသည့်နှလုံးသားဖြင့် သူမကို အားပါးတရ ကျစ်ကျစ်ပါအောင် ဖက်လိုက်၏။ ကောင်းမွန်သောအိပ်မက်များဖြင့် ကျနော်နှစ်ခြိုက်စွာ အိပ်ပျော်သွား၏။

နံနက်စောစောထပြီး ငမန်းရဲကျွန်း၊ လွန်းလုံးပိုက်ရွာသို့အရောက် ခရီးကြမ်းကျနော်တို့ ချီလာကြ၏။ လွန်းလုံးပိုက်ရွာမှ အခြေချပြီး ရွာစဉ်လျှောက်တရားဟောခြင်း၊ ဆွေးနွေးခြင်း၊ လှုံ့ဆော်ခြင်းများကို ကျနော်တို့ပြုလုပ်ကြသည်။ ငါးမန်းရဲကျွန်း၊ ကြက်ရေကျွန်းနှင့် ကြပ်စင်ကျွန်းတို့မှ မြေပုံမြို့တွင် ကျင်းပမည့်ပြည်သူ့လူထုဆန္ဒပြပွဲသို့ သောင်းချီ၍ သောင်းသောင်းဖျဖျ တက်ရေးကိစ္စများ ဟောပြောဆွေးနွေးပြီးလေပြီ။ ကျနော်ကြာအင်းတောင်သို့ ပြန်ရတော့မည်။ ချစ်ဇနီးချောရှိရာ ဝက်ခေါင်းရွာသို့ ကျနော်တို့ရောက်သွား၏။ ချစ်ဇနီးတို့အိမ်တွင်ပင် ညနေစာစားပြီးအိပ်ကြ၏။

မနက်ဖြန် နံနက်စောစောသွားရမည်ဖြစ်၍ အဆင်သင့်ပြင်ဆင်ထားရန် သူမကို ကျနော်အလောတကြီးတိုက်တွန်းသည်။ သူမထံမှ မမျှော်လင့်သော စကားကို ကြားရ၏။ ကျနော်တို့နှင့်အတူတူ သူမလက်ငင်းမလိုက်နိုင်၊ ကျနော်တို့က ခရီးကြမ်းချီရမည့်သူများ ဖြစ်ပြီး အစိုးရလက်နက်ကိုင်တပ်များနှင့် ရင်ဆိုင်တိုးမိလျှင် သူမကြောင့် ဒုက္ခရောက်ဘွယ်ဖြစ်မည်။ သူမနှင့် သူမဘခင်တို့ မကြာခင်လိုက်လာခဲ့မည်ဟူ၍ ဖြစ်လေသည်။ ချစ်သူအား အကြပ်ကိုင်ရန် နှလုံးသားမဲ့သော ကျနော် လက်မှိုင်ချလိုက်ရသည်။ ကျနော်ဘာများ တတ်နိုင်မည်နည်း။

ချစ်ဇနီးတို့ အိမ်တွင် နံနက်စာစားပြီး ကြာအင်းတောင်သို့ ကျနော်တို့ ပြန်ကြ၏။ ကြာအင်းတောင်ဌာနချုပ်မှနေပြီး မြေပုံလူထုဆန္ဒပြပွဲ တတိယအကြိမ်အောင်ပွဲဆင်ရေးအတွက် ကြောဖိရင်ဖိ ကျနော်တို့ ကြိုးပမ်းကြ၏။ မြေပုံမြို့နယ်တဝိုက်နှင့် မင်းပြားမြို့နယ် ကမ်းနီရွာ တဝှမ်းရှိ ရပ်ရွာကျေးလက်များသို့ ရွာစဉ်လျှောက်ပြီးလှုံ့ဆော်စည်းရုံးသော တရားပွဲများကို မနားမနေကျင်းပကြ၏။ တတိယအကြိမ်မြောက် မြေပုံလူထုဆန္ဒပြပွဲသို့ပြည်သူလူထု သုံးသောင်းကျော်တက်ရောက်ကြသည်။

မတရားသဖြင့် ဖမ်းဆီးခံနေရသော ဆရာတော်ဦးစိန္တာတို့လွှတ်ရေးနှင့် မြေပုံတပ်ပေါင်းစုညီလာခံဆုံးဖြတ်ချက်များ ထောက်ခံခြင်း၊ အဆိုများကို အုတ်အုတ်ကြွက်ကြွက်ဆုံးဖြတ်အတည်ပြုလိုက်ကြ၏။ မြေပုံလူထုဆန္ဒပြပွဲ အောင်မြင်ခဲ့ပြီ။ မြေပုံလူထုဆန္ဒပြပွဲထက် ပိုမိုကြီးထွားသော လူထုဆန္ဒပြပွဲတရပ်ကို မင်းပြားမြို့တွင်

ကျင်းပရန် ကျနော်တို့ စိုင်းပြင်းကြ၏။ မင်းပြားလူထုဆန္ဒပြပွဲကို မင်းပြားမြို့နယ် တဝိုက်တွင်သာမက၊ မြေပုံမြို့နယ် ကြာအင်းတောင်တိုက်နယ်နှင့် ကြပ်စင်ကျွန်းလုံးမှ ကျေးရွာစုံ ချီတက်ရေးအတွက် စီစဉ်သတ်မှတ်ကြသည်။

၁၉၄၇-ခု ဇူလိုင်လတွင် မင်းပြားမြို့တွင် ကြီးမားသော လူထုဆန္ဒပြပွဲကို ကျင်းပမည်ဟု ကြေငြာလိုက်သည်။ ကြီးမားသော လူထုဆန္ဒပြပွဲ အောင်မြင်ရေးအတွက် ဒေါင့်စုံ လှုံ့ဆော်စည်းရုံးရန်လိုသည်။ ကျနော် ကမ်းနီတိုက်နယ်၊ ငါးစင်ရိုင်းတိုက်နယ်များသို့သွားရောက်ပြီး လှုံ့ဆော်သောတရားပွဲများကို ရွာစဉ်တလျှောက် ကျင်းပသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးများကိုလည်း ဟောပြောဆွေးနွေးပြသည်။ ဆရာတော်ဦးစိန္တာတို့လွတ်ရေးလည်း သေချာသလောက်ဖြစ်နေပြီဖြစ်၍ အားကြိုးမာန်တက် မင်းပြားလူထုဆန္ဒပြပွဲသို့ ချီတက်ကြရန် တရားပွဲတိုင်း၊ ဆွေးနွေးပွဲတိုင်းတွင် လှုံ့ဆော်၏။

ရက်ချောင်းရွာမှစပြီး ကြာအင်းတောင်တိုက်နယ်မှ ချီတက်သွားသောပြည်သူများနှင့် ကြပ်စင်ကျွန်းတကျွန်းလုံးမှ လက်သီးလက်မောင်းတန်းကာ ကြွေးကြော်လာသော ပြည်သူလယ်သမားများသည် ကြပ်စင်တောင် မော်စွန်းတွင် ဆုံကြသည်။ ကြပ်စင်တောင်မော်ကျွန်းမှမော်ကြည့်လိုက်လျှင် ကြည်ညိုဘွယ်ကောင်းသောသမိုင်းဝင် ကျိန်းတောင်စေတီတော်ကို ဖူးမျှော်ရသည်။ ကြပ်စင်တောင်မော်စွန်းတွင် နားနေကြသော ပြည်သူလူထုများ မြင်တွေ့ရသော ကျိန်းတောင်စေတီတော်မြတ်ကို ရှိခိုးကန်တော့ပြီး တဖက်ကမ်းသို့ ကူးရန် မိမိတို့အုပ်စုနှင့်မိမိ အဆင်သင့်ရှိနေကြ၏။

လူထုခေါင်းဆောင်များ၏အမိန့်သံများကို စောင့်ဆိုင်းနေကြ၏။ ဆယ်ပေါင်းများစွာသောလှေများလည်း ပေါက်ဆိန်ကျမြစ်တဘက်သို့ ဆန္ဒပြလူထုများကိုပို့ရန် အဆင်သင့်ရှိသည်။ ကြပ်စင်တောင်မော်ကျွန်းမှ ၂-ဖာလုံခန့်ရှိသည့် ပေါက်ဆိန်ကျမြစ်ကိုဖြတ်လျှင် မင်းပြားမြို့ ကမ်းခြေသို့ရောက်မည်။ မင်းပြားမြို့တွင် လူထုဆန္ဒပြပွဲကျင်းပခြင်းသည် ဤအကြိမ် ပထမဆုံးအကြိမ်မဟုတ်၊ ယခင်လည်း မင်းပြားမြို့တွင် လူထုဆန္ဒပြပွဲ ကျင်းပခဲ့ဘူးပြီ။ မြို့ပေါ်တွင် ကျနော်တို့ဆင်နွှဲခဲ့သော လူထုဆန္ဒပြပွဲကို အာဏာလက်လွှတ်သွားမည်စိုးရိမ်သော လက်တဆုပ်စာ နိုင်ငံရေးသမားများမှအပ တမြို့လုံးက လိုလိုလားလား ထောက်ခံကြသည်။

ကျနော်တို့မြို့တွင်း ကေဒါရဲဘော်များဖြစ်သော ကိုဝေကျော်၊ ကိုကျော်မြတို့၏ စည်းရုံးလှုံ့ဆော်ပေးခြင်းကြောင့်လည်းကောင်း၊ အာဏာရနိုင်ငံရေးသမား လက်တဆုတ်စာက တောပုန်းဓားပြများ မြို့ထဲဆန္ဒပြပွဲ ကျင်းပခြင်းသည် တိုက်ခိုက်လုယက်ရန် ကြံစည်ခြင်းဖြစ်သည်ဟု ခြောက်လှန့်ထားသော်လည်း လက်တွေ့ဆန္ဒပြပွဲများတွင် မြို့သူမြို့သားများထံမှ အပ်ကျိုးတချောင်း မတရားမယူခြင်းတို့ကို ကိုယ်တွေ့ကြုံရသောကြောင့်လည်ကောင်း၊ လူထုဆန္ဒပြပွဲ ကျင်းပတိုင်း လဘက်ရည်ဆိုင်၊ ထမင်းဆိုင်၊ ဈေးဆိုင်များတွင်အရောင်းအဝယ်သွက်သဖြင့်လည်းကောင်း၊ ကျနော်တို့ ဆန္ဒပြပွဲနေ့တွင် မြို့သူ မြို့သားများလည်း လှုပ်လှုပ်ရှားရှားဖြစ်နေကြ၏။ စုဝေးစုဝေးဖြစ်နေကြ၏။ ယနေ့လည်း လူထုဆန္ဒပြပွဲနေ့ဖြစ်ရာ နံနက်ပိုင်းကပင် မင်းပြားမြို့ အသက်ဝင်လှုပ်ရှားနေလေပြီ။

မွန်းတည့် ၁၂နာရီခန့်ရှိနေပြီ။ လူထုခေါင်းဆောင်များက ဆန္ဒပြပွဲလာသူများကို မိမိတို့ကျေးရွာအလိုက် လှေများပေါ်သို့တက်စေသည်။ ထွက်သစ်စနေရောင်ခြည်တံဆိပ်ပါသော ရခိုင်ပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် အလံကိုထမ်း၍ ရက်ချောင်းရွာသား ကိုဘဦးထိပ်ဆုံးကဆင်းပြီး လှေထိပ်တွင် နေရာယူသည်။ ဆယ်ပေါင်းများစွာသောလှေများတွင် လူစုံရောက်ကြပြီ။ ရာပေါင်းထောင်ပေါင်းများစွာသောပြည်သူတို့သည် "ငါတို့ဆရာဦးစိန္တာမြန်မကြာခင် ဘေးမဲ့လွှတ်ပစ်" "ငါတို့ဆရာသမား ဦးစိန္တာအားအမြန်ဆုံးအကြွင်းမဲ့လွှတ်ကြ" "ဆရာတော်ဦးစိန္တာလွတ်ရေး . . . ဒို့အရေး. . . ဒို့အရေး "လက်ငုတ်လယ်ပိုင်ရေး . . . ဒို့အရေး . . . ဒို့အရေး . . . ဒို့အရေး"ဟုမိုးထိသော ကြွေးကြော်သံများနှင့်အတူ ကြပ်စင်တောင်မော်စွန်းမှ လှေများဖြင့်ထွက်ခွာလိုက်ကြ၏။

မင်းပြားကမ်းသို့မရောက်မီ တဖာလုံခန့်လောက်တွင် တဒိန်းဒိန်းမြည်ဟီးသော ကျည်ဆံများသည်

ကြွေးကြော်သံများကိုလွှမ်းမိုးသွား၏။ ဆယ်ပေါင်းများစွာသောလှေများ မြောက်သွား၏။ ရာပေါင်းများစွာသော ပြည်သူများရော သူတို့ခမောက်များပါ ပုဆိန်ကျမြစ်ထဲမျောသွား၏။ ကိုဘဦး ပွဲချင်းပြီးသေသည်။ ဆယ်ပေါင်းများစွာသောပြည်သူများ ဒဏ်ရာရသွားကြရ၏။ ရက်စက်ပါပေရဲ့ ဖဆပလ။

ဗြိတိသျှနယ်ချဲ့မျက်နှာဖြူ ကာနယ် (ဗိုလ်မှူးကြီး)နှင့် ဒုဗိုလ်မှူးကြီးများ ပါဝင်သော နိုင်ငံခြားသား ဂေါ်ရခါး စစ်သား ၃၀၀ကျော်နှင့် စစ်သင်္ဘော ၁၀စင်းခန့်ဖြင့် ၁၉၄၆ခု ဧပြီလတွင် ကျင်းပသော ကြာအင်းတောင်ပြည်သူ့ညီလာခံကို ဖြိုခွင်းပစ်ရန် လာခဲ့ကြသည်။ ကြာအင်းတောင်ညီလာခံမဏ္ဍပ်ကို မရောက်ရအောင် လမ်းကြိုလမ်းကြားတိုင်းတိုင် မော်တာအမြောက်များ၊ ဘရင်းဂန်းများကို စွဲကိုင်သော နိုင်ငံခြားသား လက်နက်ကိုင်များကို တပ်ခွဲချထားစေသည်။ သို့သော် ပြည်သူလူထုကြီး ကြွေးကြော်သံဖြင့် ချီတက်လာသော အခါ သေနတ်ဖြင့် ပစ်သတ်ခြင်း လုံးဝမပြုခဲ့။

ယခု မင်းပြားကမ်းဆိပ်မှ ဖဆပလခေါင်းဆောင်အချို့နှင့် ပုလိပ်တို့နေရာယူထားပြီး အပ်ကျိုးတချောင်းမှမပါသော လှေဖြင့်ကူးလာသည့် ဆန္ဒပြလူထုအား စိတ်ရှိလက်ရှိ သေနတ်ဖြင့် ပစ်သတ်ရက်လေပြီ။ ကာဖြူးအမိန့်၊ ၅ယောက်ပိုမစုဝေးရအမိန့် ဘာမျှထုတ်ဆင့်ထားခြင်းလည်းမရှိ။ ရက်စက်ပါပေရဲ့ ဖဆပလ။ အာဇာနည်ကိုဘဦးအလောင်းကို ရက်ချောင်းသို့ယူလာပြီး ဌာနချုပ်ကိုယ်စား ကျနော်ကိုယ်တိုင်တက်ရောက်ကာ သဝဏ်လွှာ ဖတ်ပြီး ရာပေါင်းများစွာသော ပြည်သူများဖြင့် ခမ်းနားစွာသင်္ဂြိုဟ်လိုက်ပါသည်။

အချင်းချင်းသွေးချောင်းစီးရမည့်လက်နက်ကိုင် ပဋိပက္ခကို ရှောင်ရှားနိုင်ရေးနှင့် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို မြန်မာပြည်တဝှမ်းလုံးနှင့်အတူ တပြိုင်တည်းလိုလို လက်နက်စွဲကိုင်တော်လှန်ရန် မူရင်းရည်မှန်းချက်အောင်မြင်ရေးအတွက် နိုင်ငံရေးနည်းဖြင့် ကျနော်တို့ အနစ်နာခံ၊ အသေခံကာ အားတက်သရော ကြိုးစားကြသော်လည်း အခြေအနေများမှာ တခုပြီးတစ်ခု ဆိုးရွားမှုဖြင့်သာ ပက်ပင်းပါ ရင်ဆိုင်လာရတော့၏။

ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း လန်ဒန်မှ ပြန်ရောက်လာလျှင် ဆရာတော်ဦးစိန္တာတို့လွတ်မည်ဆိုပြီး ယခု ဦးကျော်ငြိမ်း ပြန်ရောက်သည်မှာ ရက်ပေါင်းအတော်ကြာခဲ့ပြီ။ ဆရာတော်တို့ မလွတ်ကြ။ ကိုကံကြီးအား အာမခံပေးမည်။ လွှတ်မည်ဟု ရခိုင်တိုင်းမင်းကြီးတို့ အာမခံပေးခဲ့ပါလျက်နှင့် ပြည့်သွင်ရွာ သေနတ်သိမ်းမှုတွင် ပါဝင်သည်။ ကိုကံကြီးထံမှ ကျည်ဆံ၄တောင့် ဖမ်းမိသည်ဟုလုပ်ဇာတ်ခင်းပြီး ကျောက်ဖြူတွဲဘက် စက်ရှင်တရားသူကြီး ဦးဘမြိုင်ရုံးမှ ထောင်ဒဏ်လေးနှစ် အပြစ်ပေးရှိပြီ။ (နောင်ကိုကံကြီးအယူခံရာ ကိုကံကြီး ရန်ကုန်တွင် လူငယ့်ရေးရာသင်တန်းတက်စဉ်က အထူးခင်မင်ရင်းနှီးခဲ့သော လူငယ်ဌာနချုပ်ဥက္ကဋ္ဌ ဦးဘဂျမ်းက တရားရေးဝန်ကြီး ဖြစ်နေသဖြင့် ကိုကံကြီးကွင်းလုံးကျွတ်လွတ်ခဲ့ရသည်။

(ကိုကံကြီး ရန်ကုန်သို့ လိုက်သွားရာ ဖဆပလဌာနချုပ် အထွေထွေအတွင်းရေးမှူးနှင့် ဆိုရှယ်လစ်ပါတီဌာနချုပ် ခေါင်းဆောင်ကိုဗဆွေတို့နှင့် တွေ့သည်။ ကိုဗဆွေတို့နှင့် ညှိနှိုင်းပြီး လူငယ်အဖွဲ့ဖွဲ့စည်းရန် ရခိုင်လူငယ်ခေါင်းဆောင်အဖြစ် ကိုမောင်စိန်လှ၊ ကိုကံကြီးတို့အား တာဝန်ပေးသည်။ သာယာဝတီထောင်မှ ဆရာဦးစိန္တာနှင့်အတူ အဖမ်းခံနေရသော ကိုမောင်မြဦးကို သူတို့တာဝန်ယူကာထုတ်ခဲ့သည်။ ကျနော်လက်နက်အပ် အလင်းဝင်လျှင် ဆိုဗီယက်သံအမတ်ပေးမည်၊ ဆရာတော်ဦးစိန္တာတို့အား လွှတ်မည်ဟု ဖဆပလဌာနချုပ် အမှုဆောင်အစည်းအဝေးတွင် ကိုကံကြီးအား အထူးဧည့်သည်အဖြစ် တက်ရောက်ခွင့်ပြုပြီးဆုံးဖြတ်ကြသည်။ ယင်းဆုံးဖြတ်ချက်ကို ကျနော့်အား ကိုမောင်စိန်လှ၊ ကိုဝေကျော်တို့က တင်ပြဆွေးနွေးလာကြသည်။ ကျနော်လက်မခံရုံတင်မက၊ ကိုကံကြီး၊ ကိုမောင်ဘ၊ ကိုဝေကျော်တို့ကြီးမှူးသော စစ်တွေနှင့် မင်းပြားလူငယ်ခေါင်းဆောင် ကိုကျော်သာ ကိုမောင်စောဖြူ ကိုအောင်သိန်းရွှေ၊ ကိုရွှေသာဘန်း၊ ကိုစိန်သာအေး၊ ကိုမောင်စောမြ၊ ကိုမောင်လှကြီး၊ ကိုမောင်ကျော်မြတို့အား ဘရန်းဂန်း၊ ရိုင်ဖယ်များကို ရသမျှ စုပြီးတောခိုစေခဲ့၏။) သံတွဲသူပုန်ကို သေနတ်ဖြင့်နှိမ်နင်းရန် အမိန့်ဖီဆန်သော ဟာကာချင်းအမျိုးသား ကပ္ပတိန်ကို စစ်တပ်က ရာထူးဖြုတ်ပြီး အရေးယူထားရှိပြီ။ (ဤစာတမ်းဖြင့် ဟာကာချင်းအမျိုးသား ကပ္ပတိန်အား ဦးညွတ်အလေးပြုပါ၏) ထိုဖြစ်ရပ်ဆိုးများထက် မင်းပြားလူထုဆန္ဒပြပွဲဖြစ်ရပ်ကား အဆိုးဝါးဆုံးသော အဆိုးထိပ်သီးဖြစ်နေသည်။ မင်းပြားမြို့ ပြည်သူ့ဆန္ဒ

ပြပွဲကိုသေနတ်ဖြင့်ပစ်ပြီ၊ ကိုဘဦး သေရပြီ၊ ဟူသောသတင်းမှာ တောမီးလောင်သကဲ့သို့ ရခိုင်ပြည်တွင် နေ့ချင်းညချင်း ပြန့်နှံ့သွား၏။ တမဟုတ်ချင်း လူတိုင်းနားထဲသို့ ရောက်သွား၏။ ရိုးသားသော ရခိုင်အမျိုးသား တောင်သူလယ်သမားများ၊ အမျိုးသမီးများပင်လျှင် မတိုက်ရဲလျှင် ဘာကြောင့်လက်နက်ကိုင်သလဲ၊ ဒို့လက်ထဲ လက်နက်ပေးအပ်ဟူ၍ တောင်းဆိုလာကြ၏။

တက်ကြွနေသော ပြည်သူ့အဖွဲ့အစည်းခေါင်းဆောင်များနှင့် မြေအောက်လက်နက်ကိုင် တပ်ဖွဲ့များ၏ တောင်းဆိုချက်ကား အမြောက်သံသဘွယ် မြည်ဟီးပြင်းထန်နေ၏။ ကျနော်တို့ အဓိကရည်မှန်းချက် အစိတ်စိတ်အမွှာမွှာကွဲပျက်သွားလေပြီ။ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့အတွက် မြန်မာပြည်တစ်ပြည်လုံးနှင့် တပြိုင်တည်းလိုလို ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်စွဲကိုင်တိုက်ဖျက်မည်ဆိုသော ကျနော်တို့အဓိကရည်ရွယ်ချက် တောင်ကြီးပြိုလဲသွားရလေပြီ။ ရခိုင်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်နှင့် ရခိုင်လူငယ်များ အစည်းအရုံးခေါင်းဆောင်များ ကြာအင်းတောင်ဌာနချုပ်တွင် စုဝေးကြရသည်။ ခေါင်းချင်းရိုက်ကြသည်။ ဒေါင့်စုံဆွေးနွေးကြသည်။

မြေပုံညီလာခံမှမွေးထုတ်လိုက်သော နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းချုပ် ဥက္ကဋ္ဌကိုကျော်မြနှင့် ကျနော်လူချင်းဆုံရန်မဖြစ်နိုင်။ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ကျနော်လူချင်းဆုံရန် မဖြစ်နိုင်။ စာချင်းဆုံကြသည်။ စာပေးစာယူဆွေးနွေးကြသည်။

နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းချုပ်တွင် ပါဝင်သောပြည်သူ့အဖွဲ့အစည်းအားလုံးက ပြည်သူ့အဖွဲ့အစည်း ခေါင်းဆောင်အားလုံးက နိုင်ငံရေးထွက်ပေါက် အခြားလမ်းမရှိပြီ။ လက်နက်အားကိုး ဗြိတိသျှနယ်ချဲ့အား လက်နက်ဖြင့် ခုခံကြရန်၊ သဘောတူကြသည်။ ဗမာပြည်ကွန်မြူနစ်ပါတီတွင် လက်နက်ကျည်ဆံအင်အားမပြည့်မဝ။ အကူအညီတောင်း၏။

ကျနော်တို့ အနှစ်နှစ်အလလစုဆောင်းထားသော လက်နက်ကျည်ဆံများထဲမှ ဘရန်းဂန်း ၁၊ တော်မီဂန်း ၁၊ ရိုင်ဖေ သေနတ် ၁နှင့် ကျည်ဆံနှစ်ထောင်ကျော်ကို အကူအညီပေးလိုက်သည်။ ထိုလက်နက်ကျည်ဆံများကို ကိုကျော်ဇံရှိ (ယခုတောခို ရခိုင်ပြည် ကွန်မြူနစ်ပါတီ) ကိုယ်တိုင်လှေတစ်စီးဖြင့် အသက်ဆံဖျားစွန့်ထားပြီး ကွမ်းတောင်ရွာ ဗမာပြည်ကွန်မြူနစ်ပါတီဌာန ကိုကျော်မြ၊ ကိုမောင်တူ (သေဆုံးခဲ့ရသော တောခိုရခိုင်တိုင်း ဗကပခေါင်းဆောင်) တို့ လက်ထဲသို့အရောက်ပို့လေ၏။

၁၉၄၇ခုနှစ် ဇူလိုင်လအတွင်း ခုခံတွန်းလှန်ရန် ဆုံးဖြတ်ကြသည်။ အနှစ်သာရအားဖြင့် ဗြိတိသျှနယ်ချဲ့ကိုယ်စားအုပ်ချုပ်နေသော မျက်နှာဖြူဘုရင်ခံအစိုးရအဖွဲ့ကို တော်လှန်ရမည်။ ဗမာပြည်ကွန်မြူနစ်ပါတီ ရခိုင်တိုင်းခေါင်းဆောင်ကိုကျော်မြ၊ ကိုမောင်တူတို့အပါအဝင် နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းချုပ် အဖွဲ့ဝင်ခေါင်းဆောင်များနှင့် ညှိနှိုင်းသဘောတူချက်အတိုင်း နိုင်ငံရေးအရ အခြားထွက်ပေါက်မရှိ၍ တော်လှန်ရေးကိုစတင်ဆင်နွှဲကြပါသည်။

ဗကပရခိုင်တိုင်း ခေါင်းဆောင်များနှင့် ကျနော်တို့ စစ်ပရိယာယ်အားဖြင့် ကွဲပြာသော တော်လှန်ရေးကိုဆင်နွှဲကြပါသည်။ ဗကပရခိုင်တိုင်းခေါင်းဆောင်များသည် မိမိ၏တိုက်ခိုက်ရေးအင်အားမှန်သမျှကို စုစည်းပြီးမြို့ပြသိမ်းပွဲဆင်နွှဲ၏။

ပုဏ္ဏားကျွန်းမြို့ကို ရှိသမျှအင်အားဖြင့် ဝင်စီး၏။ နိုင်ငံရေးစိတ်ဓာတ်မြင့်နေသလို စစ်ရေးရာ အတွေ့အကြုံမရင့်မာသော ဗကပရခိုင်တိုင်း လက်နက်ကိုင်များ ပုဏ္ဏားကျွန်းမြို့သိမ်းတိုက်ပွဲ မအောင်မြင်။ ထောင်ပေါင်းများစွာသော ကျည်ဆံများ ဆုံးရှုံးပြီး ဆုတ်ခွာခဲ့ရသည်။ ကျနော်တို့ပြောက်ကျား စစ်ပရိယာယ်မှအစပျိုးသည်။ အကြွင်းမဲ့ဆုံးရှုံးမည့်စစ်ကို သရေကျစေရမည်။ နိုင်စရာရှိလျှင် လုံးဝဥဿုံ အနိုင်ရစေရမည်။

## ရွှေတောင်တိုက်ပွဲ

စစ်တွေခရိုင် မင်းပြားမြို့နယ်၊ ပန်းမြောင်းကြီးချောင်းတွင် ရွှေတောင်ဟူ၍ အိမ်ခြေလေးဆယ် ငါးဆယ်ခန့်ရှိသော ရွာသိမ်ငယ်တစ်ရွာရှိ၏။ မင်းပြားမှထိုရွာသို့လာလျှင် ရွာမဝင်မီတဖါလုံခန့်က ဗွိုပုံသဏ္ဌာန်တောင်တန်းငယ် နှစ်ခုရှိသည်။ ရွာ၏မြောက်ဘက်နှင့် အရှေ့ဘက်တဝှမ်းတွင် သစ်ပင်အုပ်ကြီးများ တောင်ပူစာငယ်များနှင့် ပြည့်ညှပ်နေသည်။ ရိုးမတောင်စွယ်တောင်ပွားများနှင့် ဆက်စပ်နေသည်။

ဤရွာသည် ကျနော်တို့ မြေအောက်တော်လှန်ရေးတပ်ဖွဲ့များ၏ အခြေစိုက်စခန်းဖြစ်၏။ မင်းပြားမြို့ရှိ ဗြိတိသျှနယ်ချဲ့စစ်တပ် ရွှေတောင်ရွာကို မီးရှို့ရန်ချီတက်မည်ဆိုသည်ကို ကျနော်တို့ကြိုတင်သိရှိထားနေပြီ။ တော်လှန်ခုခံရန် အမိန့်မရှိစဉ်က ဗြိတိသျှနယ်ချဲ့စစ်တပ်ချီတက်လာလျှင် ကျနော်တို့ ဆုတ်ခွာရှောင်သွားရုံသာရှိသည်။

ယခု တော်လှန်ခုခံရန် အမိန့်ရထားပြီး။ ဆုတ်ခွာရန်မလိုပြီ။ ရွာမဝင်မီ တဖါလုံခန့် ဗွိုပုံသဏ္ဌာန်တောင်တန်းရှိ သစ်ပင်ကြီးအောက်များနှင့် သင့်လျော်သောနေရာများတွင် ကတုတ်ကျင်းများတူး၍ အဆင်သင့်စောင့်ဆိုင်းနေကြ၏။ မွန်းတည့်ချိန်ခန့်တွင် ဗြိတိသျှနယ်ချဲ့စစ်တပ် မျက်နှာဖြူကပ္ပတိန် (ဗိုလ်ကြီး)တစ်ဦးခေါင်းဆောင်ပြီး ဂေါ်ရခါးစစ်ဗိုလ်စစ်သား ၆၀-ကျော် ပန်းမြောင်းကြီးချောင်း ကမ်းနဖူးမှတက်ပြီး ရွှေတောင်ရွာကိုမီးရှို့ရန် ခြေလျင်ချီတက်လာကြသည်။

ရှေ့ဆုံးမှ တပ်စိပ်တစ်စိပ်ခန့် ကင်းထောက်၍ ဗွိုပုံသဏ္ဌာန်တောင်တန်းငယ် နှစ်ခုကြားသို့ဝင်လာကြသည်။ ကတုတ်ကျင်းများ၊ သစ်ပင်ကြီးနောက်ကွယ်များမှ အဆင်သင့်နေရာယူထားသော ဗိုလ်စိန်ထွန်းအောင်နှင့် ရဲဘော်သုံးဆယ်ခန့်က ရှေ့ဆုံးမှဝင်လာသော ဗြိတိသျှနယ်ချဲ့ ဂေါ်ရခါးတပ်စိပ်ကို ကိုက်ငါးဆယ်အကွာခန့်က ဒလကြမ်း ပစ်ခတ်လိုက်၏။ ဂေါ်ရခါးစစ်သားငါးဦးခန့် အရုပ်ကြိုးပြတ်သွားသလို မြေကြီးပေါ်တွင် ဘုန်းဘုန်းလဲသွား၏။ သူတို့အသက်ပျောက်သွားလေပြီ။ ကျန်စစ်သား ၄-ဦးခန့်က အနည်းငယ်ခုခံပြီး ဒဏ်ရာရသွားသော ဂေါ်ရခါးစစ်သားများကို ဒလကြမ်းဆွဲပြီးဆုတ်ကြ၏။

တစတစဖြင့် တိုက်ပွဲပြင်းထန်လာသည်။ တိုက်ပွဲစဖြစ်စဉ်နာရီပိုင်းခန့်က နေရာအနေအထားမရသေးသော ဂေါ်ရခါးတပ်နေရာရသွားပြီ။ ၂-လက်မ မော်တာအမြောက်များ၊ ဘရင်းဂန်းများကို တနေရာစီခွဲခြားပစ်ခတ်ပြီး ရှေ့သို့တိုး၏။ ဗိုလ်စိန်ထွန်းအောင်တို့ နောက်ဆုတ်ထွက်မပြေး၊ မိုးသီးမိုးပေါက်ရွာသွန်းသလို ဒလစပ်ပစ်နေသော မော်တာကျည်ဆံ၊ ရိုင်ဖယ်ကျည်ဆံကြားထဲမှ ရှေ့သို့တိုးလာသော ဂေါ်ရခါး စစ်ဗိုလ်၊ စစ်သားများကို အပေါ်စီးယူထားသော တောင်တန်းငယ်ကျင်းထဲမှလည်းကောင်း၊ သစ်ပင်ကြီးအောက်မှလည်းကောင်း၊ တက်လာသမျှကို ပစ်ခတ်၏။

ကျနော်တို့ ကျည်ဆံအင်အားလည်းမကောင်း။ ဒုတိယကမ္ဘာစစ်မှကြွင်းကျန်လိုက်သော ကျည်ဆံများသာ ဖြစ်၍ ရခိုင်နှုန်းပြည့်မပေါက်၊ စစ်ဆင်ရေးလည်း သူတို့လောက်မကျွမ်းကျင်၊ ရဲစွမ်းသတ္တိဖြင့်၊ အမျိုးသားလွတ်လပ်ရေးစိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခိုင်ခုခံ၏။ တွားတက်လာသော မျက်နှာဖြူ ကပ္ပတိန်ပေါင်ကျိုးပြီး ဒလိမ့်ခွေကျသွားရသည်။ ဂေါ်ရခါး စစ်ဗိုလ်စစ်သားနှစ်ဆယ်ကျော် ဒဏ်ရာရသွားကြ၏။ ဗြိတိသျှနယ်ချဲ့စစ်တပ် ရွှေတောင်ကို မီးမရှို့ခဲ့နိုင်၊ ဆုတ်ခွာထွက်ပြေးသွားကြ၏။ ကျနော်တို့ဘက်မှ ရဲဘော်ရွှေလှိုင်ကျဆုံးသွားသည်။ ရဲဘော်သုံးဦးဒဏ်ရာရ၏။

ရန်သူဗြိတိသျှနယ်ချဲ့စစ်တပ်သည် ကျနော်တို့တပ်ထက် တစ်ဆကျော်အင်အားကြီးသည်။ ကျနော်တို့ထက်သူတို့ စစ်ရေးကျွမ်းကျင်သည်။ ကျနော်တို့ထက် သူတို့အဆမတန် လက်နက်ကောင်းသည်။ သူတို့တွင် ၂-လက်မမော်တာ အမြောက်များ၊ ဘရင်းဂန်းများနှင့် ကာဘိုင်သေနတ်များ ပါရှိသည်။ ကျည်ဆံများကို မိုးသီးမိုးပေါက်ရွာသလို သုံးနိုင်သည်။

ကျနော်တို့တွင် ဘရင်းဂန်းတစ်လက်နှင့် ရိုင်ဖယ်နှစ်ဆယ်ကျော်သာပါသည်။ ရာခိုင်နှုန်း ၅၀ခန့်သာ အသုံးချနိုင်သော ကျည်ဆံဟောင်းများကို ချွေတာစွာ အသုံးပြုရ၏။ ယခုနေမဝင်အင်ပါယာပိုင်ရှင် ဗြိတိသျှ

နယ်ချဲ့စစ်တပ် ဆုတ်ခွာသွားရပြီ။ စစ်ဖြစ်လာလေပြီ။ စစ်သွေးစစ်မာန်မြင့်တင်ရမည်။

ကျဆုံးသွားသော ရဲဘော်ရွှေလှိုင်အား ခမ်းနားစွာ သင်္ဂြိုဟ်သည်။ ဒဏ်ရာရသောရဲဘော်များနှင့် ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်ခဲ့ကြသော ရဲဘော်များထံ ကျနော်တို့ဌာနချုပ်မှ ချီးကျူးလွှာများ ပေးပို့သည်။ ဒဏ်ရာရသွားသော ရဲဘော်များကို ကျေးရွာအမျိုးသမီးများက ဝိုင်းဝန်းပြုစုကြသည်။ ကျွေးမွေးကြသည်။ အားပေးကြသည်။

"အမောင်တို့ကြောင့် ရွှေတောင်ပြာမကျရ" (မောင်ကြီးရဲဘော်များကြောင့် ရွှေတောင်ရွာမီးရှို့မခံရ) "အမောင်ရို့ပိုင် ရဲဘော်တီကို တိုင်းပြည်က လိုပါရေ"(မောင်ကြီးတို့ ကဲ့သို့ ရဲဘော်များ တိုင်းပြည်အတွက် လိုအပ်ပါသည်) "လွတ်လပ်ရေးအတွက် အမောင်ရို့ကို အားကိုးပါရေ" လွတ်လပ်ရေးအတွက် အမောင်ရဲဘော်များကို အားကိုးပါသည်)ဟု တက်ကြွသော အမျိုးသမီးအဖွဲ့အစည်းများမှ အကျွေးအမွေးများဖြင့် လာရောက်အားပေးကြ၏။ တိုက်ပွဲတွင် ဒဏ်ရာရသွားခြင်းပင်လျှင် အရသာတမျိုး၊ ဗြိတိသျှနယ်ချဲ့ကိုယ်စားလှယ် မျက်နှာဖြူဘုရင်ခံအစိုးရ၏ မျက်နှာဖြူစစ်တပ်ကို တွန်းလှန်ရသည်မှာလည်း အရသာတမျိုး။

ရွှေတောင်တိုက်ပွဲဖြစ်သလို၊ မြေပုံမြို့မှ ဌာနချုပ်စခန်း တည်ရာ ကြာအင်းတောင်ရွာများကို မွှေနှောက်ရန် ယူဘီစစ်သင်္ဘောငယ်ဖြင့် လာသော ဗြိတိသျှစစ်တပ်နှင့် ပုလိပ်တပ်ကို ဗိုလ်ရွှေကျော်ဦးဆောင်သော ကျနော်တို့ ဌာနချုပ်တပ်က "ကမ်တောင်" တောင်ကုန်းငယ်တွင် အဆင်သင့်နေရာယူပြီး တိုက်ထုတ်လိုက်သည်။ ကျနော်တို့ ဌာနချုပ်ရဲဘော်များသည် မြေပုံမြို့နယ်၊ ယိုးချောင်းရွာ၊ သစ်ရွာဘက်သို့ ချီတက်လာသော ဗြိတိသျှနယ်ချဲ့ ဂေါ်ရခါးစစ်တပ်ကို တိုက်ခိုက်မောင်းထုတ်လိုက်၏။

ကျောက်တော်မြို့နယ်၊ ဗိုလ်ဘသာ၊ ဗိုလ်ဟာရီဖြူ ဗိုလ်မောင်မောင်တို့ ခေါင်းဆောင်သော မြောက်ပိုင်းတပ်ဖွဲ့များသည် ကျောက်တော်မှ မဟာမုနိရွာဘက်သို့ ချီတက်လာသော ဗြိတိသျှစစ်တပ်၊ ပုလိပ်တပ်များကို လမ်းဖြတ်တိုက်ပွဲဆင်သည်။ ရသေ့တောင်မြို့နယ်တွင် ကိုဘစောတို့သည် ရေစိုးချောင်းသို့ ချီတက်လာသော ဗြိတိသျှနယ်ချဲ့လက်နက်ကိုင်များကို ခုခံတွန်းလှန်သည်။ ကမ်းထောင့်ကြီးရွာများဘက်သို့ မီးရှို့လုယက်မုဒိန်းကျင့်ရန်လာသော ဗြိတိသျှနယ်ချဲ့ ဒလံစစ်တပ်များကို ဗိုလ်လွန်းသာအောင်၊ ဗိုလ်ဦးရွှေသာ (တောင်ပိုင်း နိုင်ငံရေးမှူး)၊ ဗိုလ်ဘစံ၊ ဗိုလ်ကျော်အေး၊ ဗိုလ်မောင်စောနိုင်တို့ တပ်များက တိုက်ခိုက်ချေမှုန်းသည်။

သံတွဲခရိုင်ကြယ်နီပြောက်ကျားများလည်း ရန်သူဗြိတိသျှစစ်တပ်၊ ပုလိပ်တပ်များကို လမ်းဖြတ်တိုက်ပွဲဆင် အင်အားချိနဲ့ရာ ရဲဌာနများကို ဝင်စီးစသည်ဖြင့် ပြုသွားကြ၏။ ကျနော်တို့၏စစ်ပွဲများသည် ပြောက်ကျားစစ်ကို အခြေခံသည်။ အင်အားကြီးမားသော အခိုင်အမာ အခြေစိုက်ထားသော ရန်သူ မြို့ပြများကို အဓိကထား၍မတိုက်ကြ၊ တိုက်ပွဲတပွဲပြီးတပွဲ ဖြစ်နေရလေပြီ။

လက်နက်ကိုင် တိုက်ပွဲစလျှင်စချင်း ကျနော်တို့ တော်လှန်ရေးကို အလံနီတော်လှန်ရေးဟူ၍ ရဲဘော်အောင်လင်းတဦးတည်းသာရှိသော အလံနီပါတီမှ သူတို့တော်လှန်ရေးဟု ပယ်ပယ်နယ်နယ် အသားယူသည်။ သူတို့ကတိအတိုင်း ခရိုင် ၂၀လည်း သူပုန်ထမပေး၊ ကျနော်တို့အားလည်း ကျည်ဆံတတောင့် မကူညီ အချင်းချင်းလက်နက်ကိုင် ပဋိပက္ခဖြစ်နေပြီ။ မည်သို့အဆုံးသတ်မည်ကို ဘယ်နိုင်ငံရေးပါရဂူမျှ မခန့်မှန်းနိုင်၊ ကျနော်တို့လည်း မခန့်မှန်းနိုင်။

ကျနော်ကား ထိုစဉ်က သခင်မြ(ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ လုပ်ကြံခံသွားရသော အာဇာနည်ခေါင်းဆောင်)၊ ကိုဗဆွေ (ဖဆပလဌာနချုပ် အထွေထွေအတွင်းရေးမှူး၊ နောင်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သော ဦးဗဆွေ) ဗိုလ်ချုပ်နေဝင်း (ယခုနိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် သမ္မတဦးနေဝင်း) ကိုကျော်ငြိမ်း (ထိုစဉ်က ဆိုရှယ်လစ်ပါတီထပ်တန်းခေါင်းဆောင်တဦးနှင့် ပြည်ထဲရေးဝန်ကြီး) ဦးကိုကိုကြီး ထိုစဉ်က ကူးသန်းရောင်းဝယ်ရေးဝန်ကြီး) သခင်ဝတင် (ထိုစဉ်က ဆိုရှယ်လစ်ပါတီ ထိပ်တန်းခေါင်းဆောင်တဦး) ကိုအောင်ကြီး (ထိုစဉ်က ဆိုရှယ်လစ်ပါတီ အရေးပါသော ပုဂ္ဂိုလ်တဦး) ကိုလှမောင် (ထိုစဉ်က ဆိုရှယ်လစ်ပါတီ အရေးပါသော ပုဂ္ဂိုလ်တဦး)တို့၏ အချစ်တော်တဦး၊ ယုံကြည်အားကိုးခြင်း ခံရသူတဦးဖြစ်ခဲ့၏။

ကျနော်သာ ဗြိတိသျှနယ်ချဲ့စစ်တပ်၊ ပုလိပ်တပ်တို့၏ ဖိနှိပ်မှုကို ရင်မဆိုင်ဘဲ ဆိုရှယ်လစ်ခေါင်းဆောင်

များနှင့် လက်တွဲခဲ့လျှင် ရာထူးအခွင့်ထူးခံရမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်နေသည်။ နိုင်ငံရေးလမ်းစဉ်ကို မက်မောပြီး မိမိရာထူး အခွင့်ထူးကို မမက်မောသောကျနော်၊ တုံးတိုက်တိုက်၊ ကမ်းတိုက်တိုက်၊ ငုတ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်လုပ်လေတော့၏။

အမျိုးသားလွတ်လပ်ရေးအား လက်ဝဲညီညွတ်ရေးကို အမာခံထားပြီး အမျိုးသားညီညွတ်ရေးကို အတတ်နိုင်ဆုံး မတည်ဆောက်ဘဲ တဖွဲ့တပါတီလက်ထဲ ယူငင်လျှင် လက်ငင်း လူထုတိုက်ပွဲ၊ လူတန်းစားတိုက်ပွဲ၊ လူမျိုးစုရေးပြဿနာများဖြင့် ပြွန်းတီးနေသော မြန်မာပြည်သည် မကြာမီအုံကြွပေါက်ကွဲလာမည်ကိုကား ကျနော် ခန့်မှန်းထားသည်။

မကြာလှပါချေ။ ဗိုလ်မှူးကျော်ဇော (အငြိမ်းစားယူသွားသော ဗိုလ်မှူးချုပ်ကျော်ဇော) တပ်ဖြင့် ကျနော်တို့ အား စစ်ရေးစစ်ရာဖြင့် ချိုးနှိမ်၏။ သံတွဲခရိုင်တွင် ဗိုလ်မှူးမင်းလွင် ခေါင်းဆောင်သော သောင်းကျန်းမှု နှိမ်နင်း ရေး တပ်ရင်းက ကြယ်နီပြောက်ကျားများကို တိုက်ခိုက်ချေမှုန်း၏။

ဗမာ့လွတ်လပ်ရေးကား မရသေး။ ဗြိတိသျှနယ်ချဲ့ကိုယ်စား မျက်နှာဖြူဘုရင်ခံက အုပ်ချုပ်ဆဲဖြစ်၏။ ဗိုလ်မှူးကျော်ဇော၏ "ပြည်တွင်း ငြိမ်းချမ်းရေးသဘောထားနှင့် လက်ရွေးစင်မိန့်ခွန်းများ"စာအုပ်တွင် အောက်ပါ အတိုင်း ရေးသားထားသည်။ "မြန်မာပြည် ဆူပူမှု ၁၀နှစ်ခရီးမှာ ၁၉၄၈ခု ဘီစီပီ ကွန်မြူနစ်များ တောခိုသည် မှစ၍ ဖြစ်ပွားခဲ့သော်လည်း ၁၉၄၆-၄၇ခုနှစ်ကစ၍ ဖျာပုံ၊ ပျဉ်းမနား၊ ပဲခူး၊ ရမည်းသင်း၊ ရခိုင်ပြည် စသည်တို့တွင် ဆူပူမှုများရှိခဲ့သည်။ ယင်းအနက် ရခိုင်ပြည်အလံနီဆူပူမှုသည် ကြီးကျယ်ခဲ့သည်။ တပ်အများအပြားလွှတ်၍ နှိမ်နင်းခဲ့ရသည်။ အကင်းမသေမီ ၁၉၄၈ခုနှစ်မှစ၍ တပြည်လုံး အနှံ့အပြား ပြည်တွင်းစစ်ဖြစ်ခဲ့သည်"ဟု ဗိုလ်မှူးချုပ်ကျော်ဇော ရေးသားထားသည်။

ဗိုလ်မှူးချုပ်ကျော်ဇော၏ ခေါင်းဆောင်မှုအောက်တွင် ရှိနေသော တပ်မတော်တပ်ဖွဲ့များ၊ ပြည်သူ့ ရဲဘော်တပ်ဖွဲ့များ၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်ဖွဲ့များသည် ကျနော်တို့အား ပယ်ပယ်နယ်နယ် အားပါးတရ နှိမ်နင်းကြ၏။ ကျနော်တို့ထက် သူတို့လက်နက်ကိုင် အင်အားဆပေါင်းများစွာ အင်အားကြီး၏။ သူတို့တွင် ခေတ်မီမော်တာ အမြောက်များမှစပြီး ခေတ်မှီလက်နက်မျိုးစုံရှိ၏။

ကျနော်တို့တွင် ဘရင်းဂန်းအနည်းငယ်နှင့် ရိုင်ဖယ်သေနတ်များသာရှိ၏။ သူတို့တွင် ကျည်ဆံကို မိုးသီးမိုးပေါက် ရွာသွန်းသလို အသုံးပြုနိုင်၏။ ကျနော်တို့တွင် ငါးဆယ်ရာခိုင်နှုန်းပင်မပေါက်သော ကျည်ဆံ ဟောင်းများကိုပင် ချွေချွေတာတာအသုံးပြုရ၏။

သူတို့တွင် စစ်သင်္ဘော၊ စက်တပ်သင်္ဘောအမျိုးမျိုးဖြင့် နေရာတကာသို့ နာရီပိုင်းအတွင်း သွားလာနိုင်၏။ တောကြို တောင်ကြား၊ တောင်ငယ်တောင်ကြီး အသီးသီးကို ခြေလျင် ဖြတ်ရသော ကျနော်တို့ ကား သူတို့နာရီပိုင်းဖြင့်ရောက်နိုင်သော ခရီးကို တနေကုန်တနေခန်း သွားရ၏။ သူတို့စစ်ရေးစစ်ရာအရ ကျွမ်းကျင်၏။ ကျနော်တို့ စစ်ရေးစစ်ရာမကျွမ်းကျင်။ သို့သော် ပြည်သူလူထုက ကျနော်တို့အား ထောက်ခံထားရှိ သည်။ ကျနော်တို့ မရှုံးနိမ့်နိုင်။ အစအဆုံးမရှိသော ဒုက္ခဆင်းရဲကို ခံပြီး ရေရှည်ပြောက်ကျားစစ်ဖြင့် ကျနော်တို့ အနိုင်ယူနိုင်မည်။

## ကြာအင်းတောင်တိုက်ပွဲ

ဗိုလ်မှူးချုပ်ကျော်ဇောတို့လက်ထဲတွင် ကျနော်တို့လူစု ပယ်ပယ်နယ်နယ် အားပါးတရ နှိမ်နင်းခံရသည့် ထဲတွင် ကျနော့်အား အဓိကပစ်မှတ်အဖြစ်ထားသည်။ ၁၉၄၇-ခု နိုဝင်ဘာလတွင် ကျနော်ဌာနချုပ်တည်ရာ ကြာအင်းတောင်ရွာတဝှမ်းကို အဖက်ဖက်မှ ပိတ်ဆို့လိုက်သည်။

ရေကြောင်းမှ ထွက်မပြေးနိုင်အောင် အမျိုးမျိုးအစားစားသော စစ်သင်္ဘောကြီးငယ်များကို ရမောင်မြစ် ရိုးတလျှောက်တွင် ညရောနေ့ပါ ကင်းချထားသည်၊ သယွေချောင်းတွင်း လမ်းဆုံလမ်းခွများတွင် ရာပေါင်းများစွာ သော တပ်ကင်းများ အခိုင်အမာ တပ်စွဲထားသည်။ ယိုးချောင်းလမ်းဆုံလမ်းခွအရပ်ရပ်တွင်လည်း တပ်မတော်

ကင်းများ၊ ကတုတ်များဖြင့် အကျအနနေရာယူသည်။

ရာပေါင်းများစွာသော တပ်မတော်သားများသည် ကြာအင်းတောင်မြောက်ဘက် အိုးပုံတောင်ရွာမှလည်းကောင်း၊ ကြာအင်းတောင်တောင်ဖက် ရက်ချောင်းရွာမှလည်းကောင်း၊ ကြာအင်းတောင်အနောက်ကျောက်ငန္ဒွားရွာဘက်မှလည်းကောင်း၊ ကြာအင်းတောင်အရှေ့ဘက် တောင်တန်းများမှလည်းကောင်း၊ ပိတ်ညှပ်ပြီး တပ်ရင်းလိုက် တပ်ခွဲလိုက် ချီတက်တိုက်ခိုက်ကြ၏။

ဌာနချုပ်တပ်ဟူ၍ နာမည်ကြီးနေသော်လည်း စုစုပေါင်းကျနော်တို့ လက်နက်ကိုင် ၁၅၀ခန့်သာရှိသည်။ ထောင်ပေါင်းအတော်အသင့်ရှိသော လက်နက်အင်အားကောင်းသော ဗိုလ်မှူးကျော်ဇောတို့ကို ကျနော်တို့ စစ်ရေးဖြင့် အနိုင်ယူရန် မဖြစ်နိုင်။ သို့သော် ကျနော်တို့ အသေအပျောက်အနည်းဆုံးဖြင့် တဖက်က အသေအပျောက်အများဆုံးဖြစ်အောင် တိုက်ရမည်။ ကျနော်တို့ တပ်ဖွဲ့များကို တိုက်ရင်းဆုတ်ခွာဟူသော ဆောင်ပုဒ်ဖြင့် ပြတ်ပြတ်သားသား ကျနော်တို့ ညွှန်ကြားသည်။ တိတိကျကျပြောပြသည်။

ယိုးချောင်းဘက်မှ တောင်ကြိုတောင်ကြား လမ်းကြမ်းဖြင့်ချီတက်လာမည့် တပ်မတော်ကို အသေအပျောက် အများဆုံးဖြစ်အောင် ခုခံပြီး တပ်ဆုတ်လာရန် ရဲဘော်မိုးကောင်းတပ်စိပ်ကို တာဝန်ပေးလိုက်သည်။ လမ်းပြအဖြစ် ရှောက်ခြံရွာ ဦးဝေလာကို ထည့်ပေးလိုက်သည်။ ဂျပင်းခါးရွာမှ ဆန်ယူသွားရန် ညွှန်လိုက်သည်။

ဗိုလ်အောင်သာလှ၊ ဗိုလ်မောင်ဘစိန်တို့ လက်နက်ကိုင်များကို အိုးအုံတောင်ရွာထိပ် တောင်ကုန်းမှပြီး ခုခံကာ ကမ်းနီရွာထိပ်ရှေ့ တောင်ပူစာတောင်ကုန်းငယ်များမှ တဆင့်ပြီးတဆင့်ခုခံရင်း ဆုတ်ယူရန် ကျနော် အမိန့်ပေးသည်။ ဗိုလ်ကျန်အောင်တို့ လက်နက်ကိုင်များကို ရက်ချောင်းအနီး တောင်ကုန်းငယ်မှစပြီး ခုခံရင်း ချောင်းကြီးရွာအနီး တောင်ကုန်းငယ်နှင့် တောစပ်များမှတဆင့်ပြီးတဆင့် ခုခံကာဆုတ်ကြရန် ပြတ်သားစွာ ကျနော်တာဝန်ချပေးလိုက်သည်။

ဂျပင်းခါးရွာအရှေ့ဖက်ရှိ တောင်ကုန်းငယ်ကို ဆုတ်လာသော တပ်ဖွဲ့များ၏စုရပ်ဌာန သတ်မှတ်သည်။ ကျွဲနွားများကို စစ်တလင်းမြေပြင်နှင့် ဝေးသောနေရာသို့ပြောင်းစေ၏။ စစ်တလင်းမြေပြင်တွင် မြေဇာမဖြစ်စေရေးနှင့် တဖက်တပ်များ သတင်းအစအန မရစေရေးနှင့် လိုအပ်သလို ကျနော်တို့ စစ်ဆင်နိုင်ရေးတို့အတွက် တအိမ်ထောင် ရက်သတ္တတပတ်အတွက် လုံလောက်မည့်ဆန်ကို ယူစေပြီး ရွာရှိရဟန်းနှင့် လူအားလုံးကို တောကြိုတောင်ကြား မြောင်ကြိုမြောင်ကြားများသို့ ပြောင်းပေးလိုက်၏။

စစ်ရေးစစ်ရာကိစ္စများကို မနားမနေစီစဉ်ရသဖြင့် နေ့ရောညပါအလုပ်ခွင်ထဲ နစ်မွန်းနေ၍ နှစ်ညတိတိ တမိနစ်မျှ ကျနော်မအိပ်ရသေး။ နံနက် ၈-နာရီခန့်ရှိပြီး။ ဂြပင်းခါးရွာအနီး သစ်ပင်ကြီးအောက်တွင် သစ်ပင်မြစ်ကို ခေါင်းအုံးပြီး တရေးအိပ်ရန် ကျနော်လှဲလျောင်းလိုက်သည်။ ၂-လက်မ အမြောက်ကျည်ဆံများ ကျနော်နှင့် ၄-ဖာလုံခန့်တွင် တဝုန်းဝုန်းပေါက်ကွဲနေ၏။ ဂြပင်းခါးရွာသား အေးထွန်းဦး အူယားဖားယား မြောင်ကြားတောကြားထဲမှ ပြေးထွက်လာသည်။

ယိုးချောင်းဘက်မှကျော်ဆင်းလာသော ဟာကာချင်းအမျိုးသားတပ်ဖွဲ့များက ဂြပင်းခါးရွာသားများကို ဖမ်းမိထားလေပြီ။ သူသတင်းပို့ရန် ထွက်ပြေးလာရသာ သူ့အား ရိုင်ဖယ်များနှင့်သာမက ၂-လက်မအမြောက်ဖြင့် ပင် ပစ်ခတ်ကြောင်း သတင်းလာပို့သည်။

မိနစ်ပိုင်းအတွင်း ကျနော်ဆုံးဖြတ်ရမည်။ လူသူမရှိသောကျေးရွာတွင်းသို့ ဝင်ရောက်နေထိုင်ကြရမည်။ ဗိုလ်မှူးကျော်ဇောတို့ တပ်မတော်ကို အနည်းဆုံး သုံးညဉ့်သုံးရက်ခန့် ပြောက်ကျားစစ်ဆင်ရေးပြုပြီးမှ ထူထပ်သောရခိုင်ရိုးမတောင်စွယ်တောအုပ်များတွင် တပ်ဖျောက်သွားရန် ကျနော်တို့ စီစဉ်ခဲ့သည်။ ယခု မမျှော်လင့်ဘဲ ဗိုလ်မှူးကျော်ဇောတို့ တပ်မတော်ကျနော်တို့နှင့် ဖာလုံအနည်းငယ်တွင် ရောက်နေပြီ။ ရွာသူရွာသားများကို စီးမိလေပြီ။

ကျနော်တိကျစွာ ဆုံးဖြတ်လိုက်၏။ တဆင့်တဆင့်တိုက်ရန်ကို ဖျက်သိမ်းသည်။ ကျနော်တို့တပ်များ

ချက်ချင်း ဆုတ်သည်။ စုရပ်ဌာနအဖြစ် ကြာအင်းတောင်မြောင်ကို ပြောင်းရွှေ့သတ်မှတ်သည်။ ပုန်းလျှိုးနေသော ရပ်သူရပ်သားများကို ရှာဝင်စေသည်။ ပိုလျှံနေသောဆန်များကို ကျနော်တို့အတွက် ထားခဲ့ရေး မေတ္တာရပ်ခံသည်။ ကျနော်ဆုံးဖြတ်ချက်ကို ဆက်သားရဲဘော်များ ချက်ချင်းလွတ်ပြီး အကောင်အထည်ဖော်လိုက်၏။ ကျနော်ကိုယ်တိုင်လည်း ဂြံဟင်းခါးရွာရှေ့ တောအုပ်ထဲဝင်ကာ ကြာအင်းတောင်မြောင်သို့ သုတ်ခြေတင်တော့၏။ လမ်းတွင်တွေ့သော ရပ်သူရပ်သားများကိုလည်း ဆန်များကို ကျနော်တို့အတွက် နီးစပ်ရာရွာလူကြီးများထံ လှူဒါန်းခဲ့ကြရန် ကျနော်မေတ္တာရပ်ခံခဲ့လေ၏။ လက်နက်ကိုင်ရဲဘော်၊ ပါတီကေဒါနှင့် ခေါင်းဆောင်များ တွေ့သမျှကို ကြာအင်းတောင်မြောင်သို့ လာကြရေးအတွက် သတင်းပို့ကြရန် ကျနော်ပြောလေ၏။

## ဆုတ်ခွာရေးစစ်

ညနေပိုင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များ၊ ကေဒါရဲဘော်များနှင့် ခေါင်းဆောင်များ အများစုသည် ကြာအင်းတောင်မြောင်တွင် တွေ့ဆုံမိကြသည်။ စည်းဝေးကြသည်။ ရက်ချောင်းဖက်တာဝန်ကျသော ဗိုလ်ကျန်အောင်တို့တပ်ဖွဲ့ ဆုတ်လာစဉ် ဂြံဟင်းခါးရွာကို သိမ်းထားသော တပ်မတော်ကင်းထောက်တပ်နှင့် ရင်ဆိုင်တိုး၍တိုက်ပွဲဖြစ်သွားရ၏။ ကျနော်တို့ဘက်မှ ရဲဘော်တဦးကျဆုံးရ၏။ ရိုးချောင်းမှကျော်ဆင်းလာမည့် တပ်မတော်ကို၊ ကျော်လမ်းဆုံမှလမ်းဖြတ် တိုက်ပွဲဆင်ရန် တာဝန်ကျသော ဗိုလ်မိုးကောင်းတပ် အချိန်မှီမရောက်၊ နေ့ချင်းပေါက်သွားရန် ကျနော်၏ညွှန်ကြားချက်အတိုင်း မဆောင်ရွက်၊ ဦးဝေလာ၏စီမံမှုဖြင့် ဂြံဟင်းခါးရွာတွင် ညဉ့်အိပ်ပြီးမှသွားကြသည်။ ယင်းကြောင့် ရိုးချောင်းမှကျော်ဆင်းလာသော တပ်မတော်က ခိုအောင်းနေသော ဂြံဟင်းခါးရွာသူရွာသားများကို စီးမိသွားရသည်။ ယင်းအစည်းအဝေးတွင် ဦးဝေလာ၏အမှားကို ကျနော်ထောက်ပြ၏။ မည်သည့် စစ်ရေးစစ်ရာကို တရွေးသားမျှမသိသော ဦးဝေလာကို ကျနော်အပြစ်မပေး။ သို့သော် သူကဲ့သို့ ဆရာတော်ဦးစိန္တာတပည့်တကာတဦးအား ဝေဘန်ရမည်လားဟူသောမာနဖြင့် ကျနော့်အား ရန်ညိုးဖွဲ့၏။

ဗိုလ်မှူးကျော်ဇောတို့သည် ကျနော့်အား အဓိကထား ဦးတည်ပြီး သဲသဲမဲမဲတိုက်နေကြသည်။ ကျနော် ကြာအင်းတောင်တိုက်နယ်တွင် ခိုအောင်းနေကြောင်းသိလျှင်၊ ကြာအင်းတောင်တိုက်နယ်ကို မွှေနှောက်ချေမှုန်းရေးစစ်ကို ထပ်တလဲလဲ ဆင်နွှဲနေမည်။ ခေါင်းဆောင်များ စုပြုံပြီး ဒုက္ခရောက်နိုင်သည်။

ဗိုလ်မှူးကျော်ဇောတို့ မျက်ခြေပြတ်သွားအောင်၊ မြေလျှိုးမိုးပျံနည်းဖြင့် ကျောက်တော်နယ်ဘက်တွင် ကျနော်သွားလှုပ်ရှားမည်ဟု ကျနော့်တင်ပြချက်ကို ဆန္ဒတူညီကြသည်။ ဗိုလ်ရွှေကျော်ဦး၊ ဗိုလ်ပုလှဖံ၊ ဗိုလ်စံလှဘော်၊ ဗိုလ်မိုးကောင်းတို့နှင့် တပ်သား ၁၀၀ခန့်ကို ကျနော်ခွဲယူသည်။ ဗိုလ်မောင်ရွှေအောင်ကို ဌာနချုပ်လုံခြုံရေးတာဝန်ကို ပေးပြီး တပ်ဗိုလ်တပ်သား ၅၀ခန့်ဖြင့် ချန်ထားခဲ့သည်။ ဗိုလ်မှူးကျော်ဇောတို့ တပ်စွဲထားသောနေရာများကိုရှောင်တိမ်းပြီး သယွေချောင်းကိုကျနော်တို့ဖြတ်ကာ ဝက်ချောင်းသို့အရောက် ခရီးကြမ်းချီတက်သွားကြ၏။

## မိုင် ၂၅၀ခရီးကြမ်းချီတက်ပွဲ

ကြာအင်းတောင်၊ ကျနော့်ဌာနချုပ်ကို ထိုးစစ်မဆင်မှီကပင်၊ သယွေချောင်းနှင့် ရိုးချောင်းရှိ ကျော်လမ်းဆုံလမ်းခွများတွင် ခိုင်မာစွာတပ်ဖွဲ့ထားပြီးမှသာ၊ ကြာအင်းတောင်တဝှမ်း ထိုးစစ်ဆင်ခြင်းကို ဗိုလ်မှူးကျော်ဇောတို့ပြုကြသည်။ သယွေချောင်း ဘယ်လမ်းဆုံများတွင် ဗိုလ်မှူးကျော်ဇောတို့ တပ်စွဲထားသည်ကို ကျနော်တို့ကြိုတင်သိရှိထားရှိခဲ့ပြီ။

ယင်းကြောင့် ကြာအင်းတောင်ရွာမှ သယွေချောင်းသို့ဖြတ်စဉ်ကပင်၊ လမ်းဆုံလမ်းခွများမှ ကျနော်တို့မကျော်ဖြတ်။ လမ်းမရှိသော တောကြီးမျက်မဲမှ ကွေ့ကာဝှေ့ကာ ကျော်ဖြတ်ခဲ့ကြသည်။ ကြာအင်းတောင်ရွာမှ သယွေချောင်းသို့ ကမ်းနီရွာ၊ အိုးပုံတောင်ရွာတို့မှ ဖြတ်၍သွားရိုးသွားစဉ်သွားလျှင် ဆယ်မိုင်ခန့်သာဝေးမည်။ တောင်များ မကျော်ဖြတ်ရ။

ယခု ကျနော်တို့ ကြာအင်းတောင်အရှေ့ဘက် ပေ ၂၀၀၀ခန့်မြင့်မည့် တောင်ရိုးတလျှောက်စီးပြီး ကျော်လာကြသဖြင့် အနည်းဆုံးမိုင် ၂၀ခန့်သွားပြီးမှ သယွေချောင်းကိုဖြတ်မိသည်။ သယွေချောင်းမှ ပေ ၂၅၀၀ခန့်မြင့်သည့် တောတောင်များကို တနေကုန်ဖြတ်ပြီးမှ ဝက်ချောင်းသို့ရောက်ကြသည်။ ဝက်ချောင်းတွင် ဗိုလ်မှူးကျော်ဇောတို့လူစု တဦးမျှမရှိ။ နေဝင်ဆည်းဆာချိန်တွင် ဝက်ချောင်းရှိ ချင်းရွာသိမ်ငယ်တခုသို့ ရောက်သွားကြသည်။ ချင်းအမျိုးသားခေါင်းဆောင်များကို အိမ်တအိမ်တွင် စုရုံးပြီး ကျနော်နိုင်ငံရေးဟောပြော ပြသည်။ ကျနော်တို့ဖြတ်သွားသည်ကို ဗိုလ်မှူးကျော်ဇောတို့ လူများထံသတင်းမပို့ရန်ပြောထားလိုက်သည်။ ယင်းရွာသိမ်တွင် ညနေစာစားပြီး အေးဆေးစွာကျနော်တို့အိပ်လိုက်ကြသည်။

နံနက်အရုဏ်တွင် သူတို့ကူညီသော ဆန်အနည်းငယ်ကို ယူပြီး ဝက်ချောင်းရေစီးကြောင်းတလျှောက် ချောင်းရိုးအတိုင်း ကျနော်တို့ စုန်ဆင်းလာကြ၏။ နံနက်အရုဏ်ခန့်ကပင် ကျနော်တို့ နို့ဆီဘူးတဝက်ခန့်မျှသော ဆန်ပြုတ်ကိုသောက်ပြီး၊ ပူပြင်းသောနေအောက်တွင် သဲတောင်များ၊ ကျောက်တုံးကျောက်စောင်းများကို တနေကုန်တနေခမ်း ခရီးပြင်းချီကြသည့်တိုင် ၂ညဥ့်အိပ်ပြီးမှ၊ ဝက်ချောင်းဝရှိ ရွာသိမ်ရွာဖျားစုသို့ ရောက်ကြ သည်။ ဝက်ချောင်းဝ ချင်းရွာသိမ်စုသို့ ရောက်သောအခါ ၇၀ရာခိုင်နှုန်းရှိသော ရဲဘော်များ၏ခြေထောက် မထောက်နိုင်ဖြစ်နေကြပြီ။

သဲကန္တာရတမျှပူပြင်းသောသဲသောင်ပြင်များနှင့် ဒါးသွားကဲ့သို့ထက်သော ကျောက်စောင်းများကြောင့် ဘိနပ်မဲ့သောရဲဘော်များ၏ ခြေထောက်များတွင် ဒဏ်ရာအမျိုးမျိုး ရနေကြပြီ။ ကျနော်တို့ တနေ့နှင့် နှစ်ညအနား ယူကြ၏။ ပါလာသမျှသောငွေများကိုစုပြီး ဝက်နှင့်ဆန်ဝယ်ကာ၊ တနေ့လျှင် နို့ဆီတဗူးခန့်မျှသာ ဆန်ပြုတ် သောက်ခဲ့ရသော ကျနော်တို့၏ဆာလောင်နေသော ဝမ်းဘိုက်ကို အဝအပြဖြည့်တင်းကြ၏။ ခြေထောက် ဒဏ်ရာများကို ဆေးဝါးဖြင့် ပြုစုကြ၏။

မြို့ဟောင်းမြို့နယ်နှင့် ပလက်ဝခရိုင် (ယခု ပလက်ဝမြို့နယ်) နယ်ခြားဖြစ်သော လူးချောင်းရိုး တလျှောက် ကျနော်တို့ နံနက်စောစောကပင် သဲသောင်ထွန်းနေသော လေးမြို့မြစ်များကို ဖြတ်ကာချီတက်လာ ကြသည်။ ခြေထောက်ဒဏ်ရာမကျက်သေးသောရဲဘော်များက ထော့နင်းထော့နင်းဖြင့် ခရီးကြမ်းစိုင်းလာကြရ ၏။ ညမှောင်ရိပ်လွှမ်းပြီးမှ ရမ်းချောင်းထဲရှိ ရခိုင်အမျိုးသားများနေထိုင်ရာ ချောင်းချောက်ရွာနှင့် ဘာအိရွာ များသို့ရောက်ကြသည်။ ဗိုလ်ဘသာတို့လူစုနှင့် အဆက်ရကြသည်၊ ရမ်းချောင်းဖျား တောင်တန်း တောင်သွယ် များကိုဖြတ်ပြီး ကုလားတန်မြစ်ကမ်းဘက်သို့ ဗိုလ်ဘသာတပ်နှင့် ကျနော်တို့ဆင်းလာကြသည်။

ကုလားတန်ကမ်းရှိ ရွှေပြည်ရွာသာများအား ကျနော်တို့ ကုလားတန်မြစ်အား ဖြတ်ကူးသွားသည်ကို သတင်းမပေါက်ကြားရန် နှုတ်ပိတ်ပြီး ကုလားတန်မြစ်ကို လှေများဖြင့် ညကူးကြသည်။ ကုလားတန်မြစ် အနောက်ဘက်ကမ်းတွင် ဗိုလ်စောရဲသံတို့အား တွေ့သည်။ ဗိုလ်ဘသာ၊ ဗိုလ်စောရဲသံတို့နှင့်အတူ ကျနော်တို့ ကျောက်တော်မြို့နှင့် ငါးမိုင်ခန့်ကွာဝေးသော ငါးယက်ကိုင်းရွာထိ ဒလကြမ်းချီသွားကြ၏။ လုံခြုံစွာကင်းချပြီး အိပ်ကြ၏။ နံနက်အရုဏ်တွင် ကျောက်တော်ရှိ စစ်တပ်၊ ပုလိပ်တပ်ကို အနည်းငယ်ပစ်ခတ်လှုပ်ရှားပြီး ပြန်ဆုတ် ကြရန်စီစဉ်ထားသည်။

အရုဏ်ဦး ရောင်ခြည်မသန်းမီကပင် ကျောက်တော်မြို့ရှိ ရခိုင်ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် ကျနော်တို့ ငယက်ကိုင်းတွင် တိုက်ပွဲဖြစ်ကြသည်။ ကြိုတင်စီစဉ်ထားသည့်ကျနော်တို့တပ်ကို တထစ်ပြီးတထစ်ဆုတ်ယူလာ ကြ၏။ ကျနော်ကျောက်တော်ဘက်ရောက်နေသည်ကို ဗိုလ်မှူးကျော်ဇောတို့သိသွားကြပြီ။ စစ်သင်္ဘော၊ စက်တပ် ရေယာဉ်အမျိုးမျိုးဖြင့် သူတို့တပ်ဖွဲ့များ ကျောက်တော်ဘက်သို့ ပြောင်းယူလာ၏။ ကျောက်တော်အနောက်ဖက် ကုလားတန်မြစ်တလျှောက်တွင် ပလက်ဝမြို့ထိအရောက် သူတို့တပ်ဖွဲ့များ နေရာတကာတွင် တပ်ချလိုက်၏။ ရွာသိမ်ရွာငယ်များကို ရွာကြီးတွင် စုသည်။ ဘုန်းတော်ကြီးပိုင်လှေမှအစ လှေဟူသမျှကို သိမ်းသည်။ လှေဖြင့် သွားလာမှုအားလုံးကို ရပ်စဲပစ်သည်။ ကျနော်တို့အား အဖက်ဖက်မှ ပိတ်ဆီးဝိုင်းဝန်းပြီး အင်အားကြီးသော ခေတ်မီလက်နက်မျိုးစုံသော တပ်ရင်းတပ်ခွဲများဖြင့် လိုက်လံတိုက်ခိုက်လေတော့၏။

ကျနော်တို့ ကုလားတန်မြစ်ကမ်းဘက်သို့ ခြေဦးမလှည့်၊ တောကြီးတောင်ကြီးများတွင် ခိုကပ်ကာ ဆုတ်ခွာ၍ လာကြ၏။ ကုလားတန်မြစ်ကမ်းမှလျှောက်လျှင် ၁၀မိုင်လျှောက်ရမည့် ခရီးကို လမ်းဟူ၍မရှိသော ပေ ၂၀၀၀ကျော် ၃၀၀၀ခန့်မြင့်သည့်တောင်များအား ကွေ့ကောက်ဖြတ်ကျော်နေရကား မိုင် ၁၀မိုင်သွားရမည် ကို မိုင် ၃၀-ကျ ပင်ပန်းတကြီး သွားယူရ၏။

## တောင့်က်ပျောပင်ဖြင့် အသက်ဆက်

ကျောက်တော်မြို့မှ ငါးမိုင်ကွာ ငါးယက်ကိုင်းရွာမှ ဆုတ်ခွာ၍ ၂-ညမြောက်ပြီး နောက်တနေ့ မွန်းတည့် ပိုင်းတွင် ကျနော်တို့ ကျောက်စရိုတ်ငယ်များသာ ရှိသော မြောင်ကြားတခုတွင် တွားသွားသလို တလှမ်းချင်း သွားနေရသည်။ ရဲရဲတောက်သော နေမင်းအောက်တွင် ဖိနပ်မဲ့သော ကျနော်တို့ ရဲဘော်များ၏ခြေထောက်များ သည် မီးမြိုက်ထားသလို ပူပြင်းနေသော ကျောက်စရိုတ်များပေါ်တွင် ခြေချရမည်ကိုပင် ငရဲအိုးတွင်း ဆင်းရမည့် ငရဲသားကဲ့သို့ ကြောက်ရွံ့နေကြသည်။

ကျနော်တို့သွားနေကြသော မြောင်ကြားမှ အနောက်ဖက်လှမ်းကြည့်လျှင် မိုးသားလွှမ်းနေသော ရဟတ်တောင်ကို တွေ့ရသည်။ ရဟတ်တောင်၏တဖက်တွင် အိန္ဒိယနိုင်ငံ(ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ) ရှိနေပြီ၊ တလှမ်းချင်းသွားရင်း ရေငတ်လာကြသည်။ မိုင် ၇၀၀၀ကျော် ခရီးကြမ်းချီခဲ့ရသော တရုတ်ကွန်မြူနစ်သမိုင်းကို ပြောပြရင်း၊ ဖျောင်းဖြရင်း၊ အားပေးရင်း ရဲဘော်များကို လျှာများတွင် အဝိုင်းဝိုင်း အဖြူကွက်များ ဖြစ်နေကြပြီ။ ထိုအဖြူကွက်ကြီးကို စမ်းသပ်ကိုင်တွယ်ကြည့်လျှင် နူးညံ့မနေပြီ၊ မာကြောနေ၏။

တနေ့လျှင် နံနက် နို့ဆီဘူးဝက်ခန့်ရှိသော ဆန်ပြုတ်နှင့် ည နို့ဆီဘူးဝက်ခန့်ရှိသော ဆန်ပြုတ်ကို သောက်ပြီး သဲကန္တရသဘွယ်ပူပြင်းသော သဲသောင်ပြင်နှင့် ဒါးကဲ့သို့ထက်သော ကျောက်စောင်းများကိုဖြတ်ကာ တနေကုန်တနေခန်း စစ်ပစ္စည်းလက်နက်အစုံဖြင့် ခြေလျင်လျှောက်ရသည်မှာ ကြီးမားသောပင်ပန်းဆင်းရဲကို ခံရသော်လည်း ဤရေငတ်ခြင်းလောက် မဆိုးဝါး၊ ယခု ကျနော်တို့ အဆိုးဝါးဆုံး အခြေအနေသို့ရောက်နေကြ ရပြီ။

လျှောက်လာကြရင်း မြောင်းဘေးနားတနေရာတွင် တောင့်က်ပျောပင် နှစ်ပင်ကို တွေ့သည်။ အမြစ်က စတူးပြီး လှဲကြ၏။ အထစ်ထစ်ပိုင်းပြီး အညီအမျှဝေယူကြ၏။ တဦးလျှင် ခြောက်လက်မစတုရန်းရှိမည့် ငှက်ပျောဖတ်နှစ်ခုစီ ရကြသည်။ ယင်းငှက်ပျောဖက်ကို သတ်မှတ်ထားသော အချိန်တွင် စုတ်ယူစေခြင်းဖြင့် ကျနော်တို့ ရေငတ်ဘေးဒုက္ခမှ လွတ်လာကြရ၏။

## သူတို့တပ်ဖွဲ့မျက်မှောက်မှထွက်ပေါက်

အထပ်ထပ် အစင်းစင်း ထူထပ်နေသော တောတောင်ရှုမြောင်များကို ဖြတ်ကျော်သန်းရင်း ကုလားတန် မြစ်အနောက်ဘက်မှ အရှေ့ဘက်သို့ ကူးဖြတ်မည့်ထွက်ပေါက်ကို ကျနော်တို့ ရှာကြံကြသည်။ ကျနော်တို့ရောက် နေသောနေရာမှ တနေကုန်အနောက်ဘက်သို့သွားလျှင် အိန္ဒိယနိုင်ငံ(ယခု ဘင်္ဂလားဒေ့ရှ်) သို့ရောက်မည်။ နံနက်စောစောဆန်ပြုတ် နို့ဆီဘူးဝက်ခန့်သောက်ပြီး၊ အားသွန်တက်ခဲ့ရာ ပေ ၂၀၀၀ခန့်မြင့်မည့် တောင်ထိပ်သို့ မွန်းတည့်ပိုင်းတွင် ရောက်သွားသည်။

ယင်းတောင်ထိပ်မှကြည့်လျှင် နမတော်ရွာ (ခမွီးအမျိုးသားရွာငယ်) ကို မြင်ရသည်။ နမတော်ရွာအနီး ၁၀လုံး တစည်းစုပုံထားသော ဝါးပုံကိုလည်း တွေ့မြင်ရသည်။ တောင်ထိပ်တွင် ရင့်မာနေသော ဝါးများကိုရွေး ပြီးခုတ်လှဲကာ ဝါးကြီးကျစ်ကြသည်။ ယနေ့ညဥ့်ဝါးဖောင်ဖြင့် ကုလားတန်မြစ်ကိုဖြတ်ရာတွင် ဝါးကြိုးကို အသုံးပြု ရမည်။ ကျနော်ကဲ့သို့ စိတ်ဓါတ်ရင့်သော ဗိုလ်ဘသာကို ခေါ်ပြီး မွန်းလွဲ ၂-နာရီခန့်တွင် တောင်ထိပ်မှ ကျနော်တို့ နှစ်ဦး ဆင်းလာကြ၏။

ကျနော်တို့နှစ်ဦးတွင် ခြောက်လုံးပြူးတလက်နှင့် လက်ပစ်ဗုံးတစ်လုံးကို ခါးကြားတွင် လျှို့ဝှက်ယူဆောင်

လာကြ၏။ ကျနော်တို့ နှစ်ဦးစလုံး စွပ်ကျယ်စုတ်နှင့် ညစ်နွမ်းနေသော လုံချည်တို့ကို ဝတ်လျက်၊ တကယ့်တောသားရုပ် ပီပီပြင်ပြင်ပေါ်နေသည်။ တပ်သားတပ်ဗိုလ်တို့ကို ကင်းထောက်ရန်တာဝန်မပေးရက်၍ ကျနော်တို့နှစ်ဦး ကင်းထောက်ကြရခြင်းဖြစ်သည်။

ထူထပ်သော တောအုပ်ချုံပုတ်များကို အကာအကွယ်ယူပြီး နှမတော်ရွာနှင့် ကိုက်အနည်းငယ်ကွာထိ ကျနော်တို့နှစ်ဦး ကင်းထောက်ကြသည်။ နှမတော်ရွာအနီး စုပုံထားသော ဝါးပုံကြီးနှင့် နှမတော်ရွာထဲ လှုပ်ရှားသွားလာမှုများကို ထောက်လှမ်းကြည့်ရှုကြသည်။ နှမတော်ရွာမှ မောင်းသံ တဒူဒူတီးခတ်နေ၏။ မောင်းသံမှာ ပျော်ပွဲစားသောက်ပွဲအတွက် တီးနေသောမောင်းသံ၊ ပျော်ပွဲစားသောက်ပွဲများကျင်းပလျှင် အနီးအနားရွာများမှ နှမတော်ရွာသို့လာကြမည်။ ညနေစောင်းလျှင် မိမိရွာသို့ ပြန်သူပြန်ကြမည်။ ညနေစောင်းပြန်မည့်သူ တဦးစ နှစ်ဦးစကို တွေ့လျှင် တိကျသောသတင်းရယူနိုင်မည်။

ယင်းကြောင့် ကျနော်တို့နှစ်ဦး နှမတော်ရွာမှ နှစ်ဖါလုံခန့်ဝေးမည့်နေရာတွင် တောအုပ်ချုံပုတ်ကြီးတခုတွင်း ဝင်ကာ နှမတော်ရွာမှ ထွက်လာမည့်သူများကို စောင့်ဆိုင်းနေကြ၏။ နာရီဝက်ပင် မကြာလှပါ။ နှမတော်ရွာမှ ခမ္မီးအမျိုးသားနှစ်ဦး ထွက်လာသည်။ ကုလားတန်မြစ်ကမ်းပေါ်တွင် ခြေလျင်လျှောက်၍ ကျနော်တို့ဘက် တူရူလာကြ၏။ တောင်ပူစာငယ်ချုံပုတ်ကြားမှ အပေါ်စီးကြည့်နေသော ကျနော်တို့နှစ်ဦးထွက်လာကြသည်။ သူတို့နှင့်ရင်ဆိုင်ရန် ကျနော်တို့လည်း လျှောက်လာကြသည်။ သူတို့နှင့် ကျနော်တို့ကြားတွင် ကွေ့ကောက်နေသောတောအုပ်ကြီး ကာကွယ်နေ၍ တဦးကို တဦးမမြင်ကြရ၊ သူတို့နှင့်ကျနော်တို့ ပက်ပင်းရင်ဆိုင်တိုးကြ၏။

ကျနော်တို့နှစ်ဦး နှမတော်ရွာကို သွားမည့်သူများဖြစ်၍ နှမတော်ရွာသို့ သွားရေးလာရေး လွယ်ကူမကူကို ထောက်လှမ်းမေးမြန်းသည်။ နှမတော်ရွာတွင် ရခိုင်ပြည်သူ့ရဲဘော် ထိပ်သီးခေါင်းဆောင်ပင်ရှိသည်။ စစ်တပ်မှစစ်ဗိုလ်များလည်း ရှိသည်။ ဘုံပေါက်တို့ကို ဝိုင်းထားပြီ၊ ဘုံပေါက်မြေလျှိုးမိုးပျံနိုင်မှလွတ်တော့မည်၊ အသေဖြစ်ဖြစ် အရှင်ဖြစ်ဖြစ် မကြာမီဘုံပေါက်တို့ကို ဘမ်းရမည်ဖြစ်၍ နှမတော်ရွာတွင် ကျွဲထိုးပွဲခေါင်ပွဲကျင်းပနေကြောင်းတို့ကို ပြောပြ၏။ ကျနော်တို့ရလိုသော သတင်းကိုရရှိလေပြီ။

ကျနော်တို့နှစ်ဦး နှမတော်ရွာဘက်သို့ လျှောက်သွားဟန်ပြုပြီး ကျနော်တို့ဆင်းလာသည့်တောင်ထိပ်သို့ တဟုန်ထိုးတက်လာကြ၏။ တောင်ထိပ်သို့ရောက်လျှင်ရောက်ချင်း တပ်စု တပ်ခွဲမှူးများကို စုရုံးစေသည်။ ကျနော်တို့ရခဲ့သောတိကျသည့် သတင်းကို ပြောပြသည်။ ယနေ့ညဥ့် ကုလားတန်မြစ်ကိုဖြတ်မည့် အစီအစဉ်နှင့် တကွ ကုလားတန်မြစ်အရှေ့ဘက်သို့ ဗွေစွာဦး ကူးရမည့်တပ်ဖွဲ့နှင့် ကင်းတာဝန်တို့ကိုပါ အသေးစိတ်ဆွေးနွေးအတည်ပြုကြသည်။ မနက်ကကျန်ခဲ့သော တဦးစီရသည့် နို့ဆီဘူးဝက် ဆန်ပြုတ်များကို သောက်လိုက်ကြသည်၊

ကျနော်တို့ ရဲဘော်များ ခြေကုန်လက်ပန်းကျနေကြပြီ။ တနေကုန်တနေခန်း လက်နက်ပစ္စည်းအစုံဖြင့် တောက်လောင်နေသောနေပူအောက်တွင် ကျောက်စရိတ်များကို ဘိနပ်မဲ့ခြေထောက်ဖြင့် နင်းခဲ့ရ၍လည်းကောင်း၊ ပေပေါင်း ၂၀၀၀-မှ ၃၀၀၀-ထိမြင့်သော တောင်များကို ဖြတ်ကျော်ခဲ့ရ၍လည်းကောင်း၊ ရဲဘော်များ၏ခြေထောက်များ မသယ်နိုင်အောင် ဖြစ်နေကြပြီ။ တနေ့နို့ဆီတလုံး ဆန်ပြုတ်သာသောက်ရ၍ အားအင်လည်းချိနဲ့နေကြပြီ။ သို့သော် သံမဏိကဲ့သို့ ခိုင်မာသော ကျနော်တို့ စိတ်ဓါတ်ကိုကား ဗိုလ်မှူးကျော်ဇော မချိုးနှိမ်နိုင်၊ တောင်ထိပ်မှတရွေ့ရွေ့ ကျနော်တို့ ဆင်းလာကြ၏။

ညဥ့် ၁၀နာရီခန့်တွင် နှမတော်ရွာအနီးရှိ ဝါးပုံထဲမှ ဝါးခိုးပွဲစတင်သည်။ နေ့လည်ကပင် ကျနော်တို့ကြည့်ရှုထားသော ဝါးပုံဘက်သို့ ကျနော်နှင့် လက်ရွေးစင်ရွေးထားသော ရဲဘော် ၄-ဦးလာကြသည်။ ကိုက်တရာခန့်အကွာ နှမတော်ကမ်းထိပ်တွင် ဗိုလ်မှူးကျော်ဇောတို့တပ်မတော်မှ ကင်းရှိသည်။ ဝါးပုံမှ ဝါးစည်းများကို အသံဗလံမကြားရအောင် ယူရမည်။ ၁၀-လုံးတစည်း စည်းထားသော ဝါးအစည်းကို ရဲဘော် ၄-ယောက်တပြိုင်တည်းထမ်းကာ အသံမကြားစေဘဲ ယူကြ၏။ ဝါးစည်း ၁၀-စည်းခန့် ကျနော်တို့ ခိုးကြပါသည်။

၁၀-စည်းသောဝါးကို နှမတော်ရွာမှ ၂-ဖာလုံခန့်ဝေးသည့် ကုလားတန်မြစ်တွင် ချကာ ဖောင်ဖွဲ့ကြသည်။ ရဲဘော်များ ကိုယ်လုံးတီးဖြင့် လက်နက်များ ပစ္စည်းများကို ဝါးဖောင်ပေါ်တင်ကာ တဖူးဖူးတိုက်ခတ်နေ

သော ဆောင်းဥတုလေပြင်းအောက်တွင် ကုလားတန်မြစ်ကို ဖြတ်ကူးကြ၏။ ကုလားတန်အနောက်ဘက်ကမ်းသို့ ရဲဘော်စုံ ရောက်ချိန်တွင်ကား နေမင်းထိန်ထိန်လင်းနေလေပြီ။

ငတ်ပြတ်လာသောရဲဘော်များ၊ ကုလားတန်သဲသောင်ပြင်တွင်တွေ့သော ဖရဲသီးငယ်များ၊ ခရမ်းသီးများ တို့ကို ဟန့်ရင်းတားရင်း လက်လှမ်းမီရှာစားသွားကြသည်။ ၅-ဖာလုံခန့် ခြေလျင်လျှောက်လာရာ ခမ္ဘီးရွာငယ် တခုသို့ရောက်သွား၏။ ထိုရွာတွင် ထမင်းကျန်များကို ကျနော်တို့ စုကြ၏။ ကျနော့်အိတ်ထဲတွင် ကြွင်းကျန်နေ သော ငွေနှစ်ကျပ်ကို ရဲဘော်အခင်ကြီး (ကျနော့်လက်စွဲတော် ရဲဘော်ဖြစ်သည်။ အသက်အကြီးဆုံးဖြစ်၍ သူ့ကို ရဲဘော်များရော ကျနော်ပါ ဦးလေးကြီးဟု ခေါ်ကြသည်။)အား ပေးလိုက်သည်။

သူနှစ်ကျပ်တန် ကြက်တကောင်ဝယ်သည်။ ချက်ချင်းသတ်၊ ချက်ချင်းအမွှေးနှုတ်ကာ တောက်လောင် နေသော ဝါးချောက်မီးပုံထဲ ပစ်သွင်းလိုက်သည်။ နာရီဝက်ပင်မကြာမီ တရွာလုံး (အိမ်ခြေခြောက်ဆယ်ခန့် ရှိသော ခမ္ဘီးရွာသိမ်)မှ ထမင်းကျန်များကို ခွဲဝေပြီးလေပြီ။ မီးပုံထဲ အကောင်လိုက်ပစ်သွင်းထားသောကြက်ကို ရဲဘော်အခင်ကြီးထုတ်ယူ၏။ ကျနော့်အား ကြက်တပေါင်ဖဲ့ပေးသည်။ ကြက်သွေးတစက်စက်ကျလျက် မီးဖုတ် ထားသော ကြက်ပေါင်ကို ကျနော်ကိုက်ဆွဲပြီးစားလိုက်သည်။ အရာသာထူးသော ကြက်သား၊ ကျနော့်တသက် တွင် ဤတကြိမ်ထက် အရသာရှိသော ကြက်သားကို ကျနော်ယနေ့ထိ မစားဘူးသေး။

မီးဖုတ်သော ကြက်သားအနည်းငယ်နှင့် ထမင်းကျန် လက်တဆုပ်စာစ ကျနော်တို့ စားသောက်ပြီးလျှင် ပြီးချင်း ခမ္ဘီးအမျိုးသားလမ်းပြကိုခေါ်ကာ တောတောင်ထပ်များတွင်းသို့ ကျနော်တို့ ဝင်သွားကြ၏။ ရမ်းချောင်း သို့ ကျနော်တို့ တူရူချီတက်လာကြသည်။

တောကြီးမျက်မဲများကို ဖောက်ထွင်းလာကြရာတွင် ရာပေါင်းများစွာသီးနေသော တောဒပြုတ်ပင်များကို တွေ့သည်။ ဝမ်းကျဝမ်းပျက်ဖြစ်မည်စိုးရိမ်ပြီး ကျနော်က ဒပြုတ်သီးမခူးကြရန် ရှေ့တပ်ကို ဟန့်နေလျှင် နောက်တန်းတပ်ဖွဲ့များက တလုံးမကျန် ဆွတ်ခူးစားသောက်ပြီးကြပြီ။ ငတ်ပြတ်နေသော ရဲဘော်များအား အစားကိစ္စနှင့်ပတ်သက်၍ ဟန့်ဆီးရသည်မှာ မလွယ်ကူ။ ညဥ့်နက်သန်းခေါင်ထိ ခရီးကြမ်းချီတက်လျှင် သစ်စုန်း ဝါးစုန်းဟူသော ဖြူဖြူအရောင်ရှိသည့် သစ်ဖဲ့ဝါးဖဲ့များကို ဝေခွဲဖဲ့ယူကာ တဦးနှင့်တဦး တောရိပ်မှောင်မဲကြီး အောက်တွင် လှုပ်ရှားနေသော အဖြူရောင်ကို ကြည့်ပြီး လှုပ်ရှားသွားလာနေကြရ၏။

ဤသို့ ညဥ့်နက်သန်းခေါင်ထိ သွားနေရသောနေ့တွင် သာမန်ရဲဘော်ထက် ကျနော် သုံးဆပင်ပန်း၏။ ရှေ့တန်းကင်းမှ နောက်တန်းကင်းထိ ခေါက်တုံ့ခေါက်ပြန်သွားရင်း ချီတက်နေသောရဲဘော်များကို စစ်ဆေးရ သည်မှာ သက်တောင့်သက်သာမဟုတ်ပါပေ။ ကုလားတန် အနောက်ဖက်ကမ်းခြေကို ခြေချမိပြီး နှစ်ညဥ့်လွန်မြောက်သုံးရက်မြောက်သောနေ့တွင် ရမ်းချောင်းဖျားရှိ ဆေးခင်းလုပ်စားနေကြသော တဲစုတစုသို့ ကျနော်တို့ရောက်သွားကြသည်။ တဲစုတွင် တဲငယ်ကိုးတဲ ဆယ်တဲခန့်ရှိသည်။ ကျနော်တို့ အနှစ်နှစ်အလလ စည်းရုံးထားသော မဟာမုနိ ကျေးရွာမှ ရခိုင်အမျိုးသားများ၏တဲစု

ယင်းတဲစုများက ကျနော်တို့အား လှိုက်လှဲစွာ ကြိုဆိုကြသည်။ ရှိမဲ့စုမဲ့ ကြက်များကို သတ်၍ ကျွေးမွေး ညကြသည်။ ရဲဘော်များအားလုံး နံနက်စာ စားကြပြီ။ လမ်းဆုံ လမ်းခွတွင် ရဲဘော်တချို့အား ကင်းတာဝန် ချပေးလိုက်၏။ တရက်ခန့် အနားယူမည်ရည်ရွယ်ပြီး နံနက်စာမစားသေးဘဲ ကျနော်၏ ထုထပ်နေသော ဂျီးများကို ရမ်းချောင်းတွင် စိမ်၍ကျနော် ရေချိုးနေသည်။

ကင်းစခန်းတနေရာမှ တဒိုင်းဒိုင်း ပစ်ခတ်သံများပေါ်လာသည်။ ကျနော်တည်းခိုရာ တဲငယ်သို့ တဟုန် ထိုး ကျနော်ပြေးတက်လာ၏။ ဗိုလ်မှူးကျော်ဇောတို့တပ်နှင့် တိုက်ပွဲဖြစ်နေကြောင်း ရဲဘော်တဦး လာရောက် သတင်းပို့သည်။ ကျနော်တို့ ရဲဘော်များလည်း နွမ်းရိနေကြပြီ။ ခုခံနေလျှင် အဆမတန်များပြားသော သူတို့ စစ်တပ်က ပိတ်ဆို့ စစ်ဆင်ရေးဆင်ချင်လည်း ဆင်မည်။ ခုခံရင်း စနစ်တကျဆုတ်ခွာရန် ကျနော်စီစဉ်အမိန့် ပေးလိုက်သည်။ ဗိုလ်ဘသာတို့အား ရမ်းချောင်းမှကျနော်တို့ ဆုတ်ခွာရာတွင် လိုက်မလာတော့ဘဲ ထိန်ချန်နေ ခဲ့ရန် ကျနော်တာဝန်ခွဲပေးလိုက်သည်။ ဆန်ပြုတ်အထပ်ပေါင်းများစွာ စားလာခဲ့ကြရ၍ ဆာလောင်နေသော

ကျနော်၏ဝမ်းဗိုက်သည် ထမင်းနှင့်ကြက်သားကို လက်မလွှတ်တို၊ တဲရှင်ထံမှ မြေကွက်ကြီးတကွက် အလှူခံကာ ထမင်းနှင့်ကြက်သားကို သွန်မှောက်လိုက်၏။ ဆုတ်ခွာလာသော လူးချောင်းတလျှောက် သွားရင်းစားရင်း ကျနော်စစ်အမိန့်ပေးလာလေ၏။

တနေကုန်လာခဲ့ရာ လူးချောင်းဝရှိ ချင်းအမျိုးသားရွာသို့ ရောက်သွား၏။ လုံခြုံစွာကင်းချပြီး ညနေစာ စားကြသည်။ ညဥ့်မှောင်သည်နှင့်တပြိုင်နက် လူးချောင်းဝရွာမှ ကျနော်တို့ထွက်ခွာလာကြသည်။ ပြောက်ကျား စစ်ပရိယာယ်အတိုင်း အနောက်သို့ သွားဟန်ပြပြီး အရှေ့ဖက်သို့သွားကြသည်။ တညဥ့်လုံးမနားမအိပ်သွားကြ သည်။

ညဥ့်ရောနေ့ပါ ဒလကြမ်းခရီးချီလာသော ကျနော်တို့လူစု၊ မင်းပြားမြို့နယ် ပန်းမြောင်းကြီးချောင်းသို့ ရောက်သွားကြ၏။ ဗိုလ်စိန်ထွန်းအောင်တို့အား ကျန်းမာရွှင်လန်းစွာ တွေ့ရသည်။ ၎င်းတို့အား ဖောင်သာ ချောင်း ဖြတ်ကူးရေးအတွက် လှေများ စီစဉ်ခိုင်းလိုက်သည်။

ကျနော်တို့ရောက်နေပြီကို သတင်းမပေါက်ကြားရန် အထပ်ထပ်ပြောကြားထားပြီး ညဥ့်အချိန်တွင် ဖောင်သာချောင်းကို ကျနော်တို့ ဖြတ်ကူးလာကြ၏။ ကျနော်တို့ဌာနချုပ်တည်ရာ ကြာအင်းတောင်တိုက်နယ်သို့ တဦးတယောက်မျှ ဒဏ်ရာမရဘဲ၊ တဦးတယောက်မျှမကျဆုံးဘဲ မိုင် ၂၅၀ကျော်ခရီးကို ဒလကြမ်းချီခဲ့ရသော ခရီးရှည်ချီတက်ပွဲပြီးစီး၍ ချောမောစွာကျနော်တို့ပြန်ရောက်ကြလေပြီ။

ဤမိုင် ၂၅၀ကျော် ခရီးကြမ်းချီရာတွင် အံ့ဘွယ်ကောင်းသောရဲဘော်နှစ်ဦးကို ကျနော်မှတ်တမ်း မတင်ဘဲ မနေနိုင်ပါ။ အေအေဂင်းနှင့် ဘရင်းဂန်းကို တွဲထားရာ အေအေဂင်းနှင့် ဘရင်းဂန်းကို သူတပါးအား အလှည့်မပေးဘဲ တယောက်တလှည့်စီထမ်းပြီး မညည်းညူဘဲ ရုန်းကန်လာသော ရဲဘော် ပုလှဖံနှင့် ရဲဘော် ညိုမောင်တို့အား ကျနော့်တသက်မမေ့နိုင်ပါ။ ကျနော်တို့ လှည့်စားခဲ့သည့်အတိုင်း ဗိုလ်မှူးကျော်ဇောတို့ တပ်ဖွဲ့ များ ကျောက်တော်နယ်ပိုင်းတွင် အထူအထပ်ချကာ ကျနော့်အား မွှေနှောက်ရှာဖွေနေကြ၏။ ဤကိစ္စနှင့် ပတ်သက်၍ အစိုးရပြန်ကြားရေးဌာနမှ ရှင်းတမ်းတရပ်ကို ပြုခဲ့ရာ ၁၉၄၈-ခု ဖေဖော်ဝါရီလ ၁၈ရက်နေ့ထုတ် သူရိယသတင်းစာတွင် အောက်ပါအတိုင်း ရေးသားဖော်ပြထား၏။

"ရခိုင်တိုင်း ဗမာ့တပ်မတော် ဆောင်ရွက်ချက်များ"ဟူသော ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည်မှာ "၁၉၄၇ ခု နိုဝင်ဘာလ ၂၆ရက်နေ့မှစ၍ ၁၉၄၈ ခု ဇန်နဝါရီလ ၁ရက်နေ့အထိ ရခိုင်တိုင်း ဗမာ့တပ်မတော် ဆောင်ရွက်ချက်များမှာ ထိုးစစ်ဆင်တိုက်ခိုက်မှုဖြစ်၏။ စစ်တွေဒိစကြိတ်အထက် ကျောက်တော်မြို့နယ်မှ ကျောက်ဖြူ မြေပုံနယ်အထိ တပ်မတော်က နေရာအနှံ့အပြားတွင် ထိုးစစ်ဆင်ရာ အလုံးအရင်းနှင့် ခိုအောင်းနေ သောတောပုန်းများမှာ အစိတ်စိတ်နှင့် ဖရိုဖရဲဖြစ်ကာ ဗမာ့တပ်မတော်လက်တွင်းသို့ သက်ဆင်းကျရောက်ရ လေသည်။

ထိုသို့ ဗမာ့တပ်မတော်မှ တိုက်ခိုက်မှုဒဏ်ကြောင့် ကြာအင်းတောင် ဗဟိုဉက္ကဋ္ဌ ဗုံပေါက်သာကျော်၏ အင်အားအကြီးဆုံးဖြစ်သော မြေပုံမြို့နယ်မှ လက်လွှတ်ပစ်ခဲ့ရလေသည်။ ဗုံပေါက်သာကျော်မှာ ကျန်နေသော တပ်ဖွဲ့လေးဖြင့် ကျောက်တော်နယ်အထက်တွင် ပီးချောင်း ဇရိယာတဝိုက်တွင် လူသတ်၊ မုဒိန်းကျင့်ကာ သောင်းကျန်းလျက်ရှိသော မြောက်ပိုင်း ဓားပြဗိုလ် စောရဲသန်ဂိုဏ်းနှင့်လည်းကောင်း၊ ဓားပြဗိုလ်ထွန်းစိန်နှင့် လည်းကောင်း၊ ပူးပေါင်း၍လက်နက်မချတမ်း ဗမာ့တပ်မတော်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် ကြံရွယ်လျက်ရှိနေ သေးသည်။

ထိုအတောအတွင်း အလယ်ပိုင်း ဓားပြဗိုလ်ထွန်းအောင်၊ အနောက်ပိုင်း ဓားပြ ဗိုလ်ကျော်ဇံတို့နှင့် တောင်ပိုင်းဓားပြ ဗိုလ်လွန်းသာအောင်တို့မှာ ဝရမ်းပြေးဘဝသို့ရောက်သွားရလေသည်။

ဗမာ့တပ်မတော် အမှတ် (၁)၊ ချင်းတပ်အမှတ် (၅) ဘားမားရိုင်ဖယ်တပ်ရင်းမှ တပ်ခွဲ ၂ခွဲ၊ အမှတ် (၃)ဘားမားရိုင်ဖယ်တပ်ရင်းမှ တပ်ခွဲတတပ်၊ ဗသနကတပ်ရင်းမှ တပ်ခွဲ ၂တပ်သည် မြေပုံမှ မင်းပြား၊ မြို့ဟောင်း ပေါက်တောနှင့် ကျောက်တော်မြို့နယ်များတွင် ရှိသော ကွင်းကျန်ပြောက်ကျားများကို လိုက်လံတိုက်လချက်ရှိစေ

သည်သာမက တိုင်းသူပြည်သားများကိုလည်း တရားဥပဒေကို နားလည်အောင် ဆောင်ရွက်ခဲ့ကြသည်။

မြေပုံ၊ မင်းပြားနယ်တို့တွင် ကျောက်ကြီးအိုင်၊ ကျောက်ခုတ်ဒိုင်းလုံ၊ ကြာအင်းတောင်၊ ကမ်းနီ၊ ရိုးဆနွင်း၊ ကျွန်းချောင်းကျွန်း ဧရိယာများ၌လည်းကောင်း၊ မြို့ဟောင်း ကျောက်တော်နယ် မဟာမြတ်မုနိဧရိယာ၌လည်း ကောင်း၊ မိချောင်းဧရိယာ၌လည်းကောင်း၊ တပ်မတော်က တိုက်ခိုက်လျက်ရှိသည်။

ကျောက်တော်မြို့နှင့် မိုင် ၂၀ကွာ မိချောင်းဧရိယာ၌ ဗုံပေါက်သာကျော်ဂိုဏ်းနှင့် စောရဲသန်ဂိုဏ်းကို တိုက်ခိုက်ရာ ရန်သူစောရဲသန် ကျဆုံးသွားလေသည်။ ဗုံပေါက်သာကျော် ခိုအောင်းနေသော နေရာကိုလည်း တောနင်းရှာဖွေလျက်ရှိသည်။

၁၈-၁-၄၈ရက်နေ့မှ ၂-၂-၄၈ နေ့အထိ ဖမ်းဆီးရသော စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဘရင်းဂန်းတလက်၊ စတင်းဂန်းတလက်၊ ရိုင်ဖယ် ၁၁လက်၊ ကျည် ၇၅၀၊ မောင်းမပါ ၈လက်၊ လုပ်သေနတ် ၉လက်၊ လက်ပစ်ဗုံး ၁၀လုံး၊ ဖမ်းမိသော ပြောက်ကျား ၅၉ယောက်၊ သေသူ ၃ယောက်၊ လက်နက်ချ ၁၀၇၊ လက်နက်ချဥက္ကဋ္ဌ ၁၉ယောက်၊ အခြားလူ ၃၀၀ဖမ်းဆီးခဲ့သည်။ လူကောင်းကို လွှတ်၍ စသည်ဖြင့် သူရိယသတင်းစာတွင် ရေးသားထားပါသည်။

## ရခိုင်တိုင်း ဗကပလက်နက်ချ

မကြာလှပါချေ။ ရခိုင်တိုင်း ဗကပ ကိုကျော်မြတို့ ဇာတိရပ်လုံး ပေါ်လာပြီ။ ကိုကျော်မြ( ယခု ဗကပ ဗဟိုကော်မီတီ) မောင်တူ (တောတွင်းကျဆုံး) တို့သည် မဟာမြိုင်တောစခန်းတွင် ဆရာတော် ဦးစိန္တာ ဝရမ်းပြေး နေစဉ်ကလည်း အထပ်ထပ်ရောက်ကြသည်။

ဆရာတော်တို့ ဝရမ်းပြေးဘဝမှလွတ်ပြီး နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းစုဖွဲ့ရန် စိုင်းပြင်းစဉ်ကပင်လည်း ကျနော်တို့နှင့် တပ်ပေါင်းချုပ်ဖြစ်မြောက်ရေးကို လက်တွဲလုပ်ကိုင် ဆောင်ရွက်လာခဲ့ကြသည်။ အမျိုးသား လွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်စွဲကိုင် တိုက်ဖျက်ရေးမှစပြီး လွတ်လပ်ရေးရလျှင် ဆိုရှယ်လစ်လူနေမှုစနစ်ကို တည်ဆောက်ရေးထိ ကိုကျော်မြတို့နှင့် ကျနော်တို့ နိုင်ငံရေးသဘောထား တူညီမှု ရှိခဲ့ကြသည်။

၁၉၄၇ခု ဧပြီလ ၁ရက်နေ့တွင် ကျင်းပခဲ့သော မြေပုံညီလာခံ အောင်မြင်ရေးကို သူတို့ကိုယ်တိုင် အားတက်သရော ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဧပြီလ ၂ရက်နေ့ မြေပုံညီလာခံ ညဥ့်တရားဟောပြောပွဲတွင် ဆရာတော်ဦးပညာသီဟ၏ ဘရောက်ဒါဝါဒမှိုင်းချသည့် ဟောပြောချက်များကို၊ ကိုကျော်မြ ပြတ်သားစွာ နိုင်ငံရေးသဘောတရားရေးဖြင့် ချေပခဲ့သည်။ ပြည်သူလူထုအား ဦးပညာသီဟ၏ ဘရောက်ဒါဝါဒ မှိုင်းမမိ အောင် ဟောပြောခဲ့သည်။

ဦးပညာသီဟဟောပြောပြီးလျှင်ပြီးချင်း ကိုကျော်မြစင်မြင့်ပေါ်သို့တက်ပြီး၊ ဦးပညာသီဟ၏ ဘရောက်ဒါဝါဒနှင့်ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သော ဗြိတိသျှနယ်ချဲ့တော်လှန်ရေးတရားကို ဟောပြောခဲ့သည်။ နားကွဲလုမတတ် မြည်ဟီးနေသော မြေပုံညီလာခံသို့တက်ရောက်သည့် ပြည်သူခြောက်သောင်းကျော်၏ ဩဘာသံအောက်တွင် ကိုကျော်မြ ပြုံးရွှင်လျှက်။

မြေပုံညီလာခံမှမွေးထုတ်သည့် နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းချုပ် အာဏာပိုင်အဖွဲ့တွင် ဗြိတိသျှ နယ်ချဲ့တော်လှန်ရေးတွင် ပြတ်သားသော ကိုကျော်မြအား ထိပ်ဆုံးဥက္ကဋ္ဌနေရာကို လှိုက်လှဲစွာပေးကြ၏။

၁၉၄၇-ခု ဇူလိုင်လတွင် မင်းပြားပြည်သူလူထု ဆန္ဒပြပွဲကို သေနတ်ဖြင့် ပစ်သတ်ခြင်းနှင့် အစိုးရတပ်ဖွဲ့ များက လက်နက်ဖြင့် ဖိနှိပ်ညှင်းဆဲခြင်းတို့ကို ပြုလာသောအခါ၊ လက်နက်ကိုလက်နက်ဖြင့် ခုခံတွန်းလှန်ရန် ကိုကျော်မြနှင့် ကျနော်တို့ စိတ်တူသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ကျနော်တို့ထံမှ အကူအညီတောင်း၍ အနှစ်နှစ်အလလက ဆင်းရဲခံကာ၊ အငတ်တ်အပြတ်ပြတ်ခံကာ၊ ကျနော်တို့ စုဆောင်းခဲ့သော လက်နက်များထဲမှ ရိုင်ဖယ်များနှင့်တကွ၊ ဘရင်းဂန်းတလက်၊ တော်မီဂန်းတလက်

တို့ကို ငွေကြေးတပြားမယူဘဲ သူတို့လက်ရောက်ပေးပို့ခဲ့သည်။ ၁၉၄၇-ခု ဇူလိုင်လတွင် ကိုကျော်မြနှင့် ကျနော်တို့ လက်နက်ကို လက်နက်ဖြင့် ခုခံတွန်းလှန်ခဲ့ကြသည်။

ဗြိတိသျှနယ်ချဲ့ကိုယ်စားအုပ်ချုပ်နေသော မျက်နှာဖြူဘုရင်ခံ ဆာဟူးဘတ်ရန် အစိုးရကို လက်နက်စွဲ ကိုင်တိုက်ခိုက်ကြသည်။ အကယ်၍ နိုင်ငံရေးလမ်းစဉ် အပြောင်းအလဲပြုလိုလျှင် ကိုကျော်မြတို့(ရခိုင်တိုင်း ဗကပ)နှင့် ကျနော်တို့ (ရခိုင်ပြည် ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ်နှင့် ရခိုင်ပြည်လူငယ်များ အစည်းအရုံး) ညှိနှိုင်းဆွေးနွေးကြရမည်။ ယခု ကိုကျော်မြတို့ (ရခိုင်တိုင်း ဗကပ)က ကျနော်တို့နှင့် တခွန်းမျှပင် မဆွေးနွေးရ ပေ။ ဗိုလ်မှူးကျော်ဇောတို့ စစ်တပ်များရောက်ပြီး နှိမ်နင်း၍ လပိုင်းခန့်မကြာမှီ၊ ဗိုလ်မှူးကျော်ဇောနှင့် ကိုကျော်မြ တို့နားလည်မှုယူကာ “ဖြူရိုကရက်ထံတွင် လက်နက်မချ”“ဦးပညာသီဟထံ လက်နက်ချလိုက်ပြီဖြစ်ကြောင်း” ကြေငြာချက်ဖြင့် မြေပုံတပ်ပေါင်းစုညီလာခံတွင် ကိုကျော်မြက နိုင်ငံရေးအရ ပယ်ပယ်နယ်နယ် တီးခဲ့သည့် ဦးပညာသီဟထံ လက်နက်ချလိုက်ကြသည်။

သို့သော် သူတို့ရှိရင်းစွဲ လက်နက်အားလုံးကိုလည်း မပေးအပ်၊ ကျနော်တို့ကူညီခဲ့သောလက်နက်များကို လည်း မပေးအပ်၊ မြောက်များစွာသော လက်နက်ကျည်ဆံ ခဲယမ်းမီးကျောက်များကို ဝှက်ထားပြီး၊ မီးကျိုးမောင်း ပျက်အနည်းငယ်ကိုသာ ပေးအပ်သည်။ လက်နက်ချပွဲ ပြုကျင့်သွားကြသည်။ ကျနော်တို့ကူညီခဲ့သောလက်နက် များ၊ ကျည်ဆံများထဲမှ လက်နက်တလက် ကျည်ဆံတတောင့်ပင် ကျနော်တို့အား ပြန်မပေးရုံမက ကိုကျော်မြတို့ လူစု ဗိုလ်မှူးကျော်ဇောတပ်ဖွဲ့များနှင့် နေရာအနှံ့ပါလာပြီး ကျနော်တို့အား လုပ်ဇာတ်အမျိုးမျိုးခင်းကာ နိုင်ငံရေး ထိုးစစ်ဆင်ကြ၏။

## ပြည်သူ့ရဲဘော်၏ညှပ်ပိတ်တိုက်ပွဲ

မကြာလှပါချေ။ ကိုညိုထွန်း၏သရုပ်မှန်လည်း ဗူးပေါ် သလိုပေါ် လာ၏။ ဆရာတော်ဦးစိန္တာ ဝရမ်းပြေး တောပုန်းဘဝဖြင့် နေရစဉ်ကလည်း ကိုညိုထွန်း မကြာခဏရောက်သည်။ ဆရာတော်ဝရမ်းပြေးဘဝမှ လွတ်ကျွတ်ပြီးလည်း ကိုညိုထွန်း ခဏခဏလာ၏။ ကိုဗဆွေ (ထိုစဉ်က ဖဆပလဌာနချုပ် အထွေထွေအတွင်း ရေးမှူး)ဆရာတော်ထံလာစဉ်ကလည်း ကိုကံကြီးနှင့် ကျနော်တို့နှင့်အတူ ကိုညိုထွန်းပါလာသည်။ ကျနော်တို့ ဌာနချုပ်နှင့် ဆရာတော်ထံအရောက်ပေါက်ဆုံး ခေါင်းဆောင်ထဲတွင် ကိုညိုထွန်းထိပ်တန်းမှပါသည်။

ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်ကိုင်နည်းဖြင့် တော်လှန်ပြီး အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီ ရေးနှင့် ဆိုရှယ်လစ်ရေးတို့ကို ကိုညိုထွန်းနှင့်ကျနော်တို့ အပ်ကြောင်းထပ်အောင် အထပ်ထပ်အလီလီ ဆွေးနွေး ခဲ့ကြပြီ။ အထပ်ထပ်အလီလီသဘောတူညီမှု ရရှိခဲ့ကြပြီ။ မြေပုံတပ်ပေါင်းစုညီလာခံကျင်းပရေးအတွက် အစမှ အဆုံးထိ၊ ကိုညိုထွန်းအားတက်သရော ပါဝင်ဆောင်ရွက်သည်။

ဆရာတော်ဦးစိန္တာ၏ သဘာပတိမိန့်ခွန်းမှစပြီး မြေပုံတပ်ပေါင်းစုညီလာခံ၏ နိုင်ငံရေးရည်မှန်းချက်များ နှင့် ဆုံးဖြတ်ချက်များနှင့်တကွ အာဏာပိုင် အလုပ်အမှုဆောင် ရွေးချယ်ရေးကိစ္စအဝဝတို့တွင် ကိုကျော်မြ၊ ကိုကျော်ထွန်းတို့မပါဝင်ဘဲ ကျနော်တို့ တကြိမ်မျှ ဆုံးဖြတ်ချက် တခုမချခဲ့ဘူးပါ။

တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ကိုညိုထွန်း အမတ်လောင်းအဖြစ် ပါဝင်နေရာ ဆရာတော် ဦးစိန္တာတို့ ကျနော်တို့နှင့် ကိုညိုထွန်းတို့ မြေပုံတပ်ပေါင်းစုညီလာခံအတွက် ဆွေးနွေးညှိနှိုင်းကြတိုင်းလိုလို၊ သူတိုင်းပြုပြည်ပြု လွှတ်တော်အမတ်ဖြစ်လျှင် သူ၏အသံသည် ဆရာတော်တို့အသံဖြစ်ရမည်။ သူ့အား နှုတ်ထွက်ခိုင်းလျှင် အချိန်မရွေးနှုတ်ထွက်မည်ဟု မြင့်မိုရ်တောင်ကဲ့သို့ မြင့်မားခိုင်မာသော ကတိသစ္စာကိုလည်း သူပြုခဲ့ပြောခဲ့ပါသေးသည်။ ကိုညိုထွန်းသည် ဖက်ဆစ်ဂျပန်တော်လှန်ရေး ခေါင်းဆောင်တဦးလည်းဖြစ်သည်။ နိုင်ငံရေးတွင် အမေရိကန်၊ ဗြိတိသျှနိုင်ငံတို့မှ နိုင်ငံရေးပုဂ္ဂိုလ်ကြီးတမျှ နိုင်ငံရေးကို မြော်မြင်နိုင်သော ပုဂ္ဂိုလ် တဦးလည်းဖြစ်သည်။

သူ့အား ကျနော်တို့ အားကိုးကြသည်၊ တကယ့်ထိပ်သီးနိုင်ငံရေးသမားလောက်၊ နိုင်ငံရေးဉာဏ်ပြည့်

သော ကိုညိုထွန်းသည် ၁၉၄၇-ခု ဇူလိုင် ၁၅-ရက်နေ့တွင် ကိုဗဆွေ (ထိုစဉ်က ဖဆပလ ဌာနချုပ် အထွေထွေ အတွင်းရေးမှူး) နှင့်အတူ သာယာဝတီထောင်ထဲမှ ဆရာတော်ဦးစိန္တာထံ သွားရောက်တွေ့ဆုံခဲ့သေးသည်။ ဆရာတော်တို့အား လွှတ်ရေးတွင် ကူညီပါဝင်ဆောင်ရွက်ခဲ့သည်။ မမျှော်လင့်ဘဲ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံသတ်ဖြတ်ခံရခြင်း၊ မင်းပြားပြည်သူလူထုဆန္ဒပြပွဲကို သေနတ်ဖြင့် ပစ်သတ်ခြင်း၊ ဗမာ့တပ်မတော်မှ အလုံးအရင်းဖြင့် ကျနော်တို့အား နှိမ်နင်းခြင်း စသည်တို့ဖြစ်လာသောအခါ ကိုညိုထွန်း နိုင်ငံရေးကွက်ကျော် ကစားသွားသည်။

ဝန်ကြီးရာထူး အခွင့်ထူးကို သူလှမ်းယူသည်။ ကျနော်တို့အား ပထဝီမြေပေါ်မှ အသက်ပျောက်သွားရန် သူစီစဉ်တော့၏။ လက်နက်အားဖြင့် ကျနော်တို့အား ပယ်ပယ်နယ်နယ် နှိမ်နင်း၏။ နိုင်ငံရေးနှင့် စည်းရုံးရေး ဖြင့်လည်း ထိုးနှက်၏။ သူ့အား ဖျားယောင်သွေးဆောင်မှုလည်း ကျနော်တို့ မပြုခဲ့။ ရာထူးအခွင့်အရေးထူးဖြင့် လည်း မဆွယ်။ ခြိမ်းချောက်ခြင်းလည်းမပြု။ သူကိုယ်တိုင် အကြိမ်ကြိမ်အဖန်ဖန် လာရောက်ကာ၊ သူကိုယ်တိုင် ခေါင်းဆောင်ခဲ့သော မြေပုံတပ်ပေါင်းစုညီလာခံကိုပင် သူတို့က ဤသို့သဘောထားသည်ဆို၏။

သူတို့သဘောထားကို ၁၉၄၇-အောက်တိုဘာလ ၅ရက်နေ့ထုတ်ဝေသော သူရိယသတင်းစာတွင် အောက်ပါအတိုင်းရေးသားဖော်ပြထားသည်။ "ရခိုင်တိုင်း ပရတဖညီလာခံဆုံးဖြတ်ချက်"ဟူသော ခေါင်းစီးကြီး နှင့်တဆက်တည်း "လွတ်လပ်ရေး ရန်သူများကို နှိမ်နင်းမည်"ခေါင်းစဉ်အောက်တွင် ရေးသားထားသည်မှာ "ရခိုင်ပြည်အတွင်းရှိ လွတ်လပ်ရေးနှောက်ယှက်သူ လွတ်လပ်ရေးရန်သူများသည် ဆူပူသောင်းကျန်းနေသည်။ ဗမာပြည်ကြီး၏ရန်သူဖြစ်သော စော၊ စိန်၊ မော် ဂိုဏ်းသားများကို ကာယကံမြောက် အလုပ်အကျွေးပြုသူ လွတ်လပ်ရေးရန်သူများကို အပြီးတိုင်နှိမ်နင်းရန်လိုအပ်ပါကြောင်း"

"လွတ်လပ်ရေးရန်သူတို့သည် ၁၉၄၇- ဖေဖော်ဝါရီလမှစ၍ ရခိုင်တိုင်း စစ်တွေ၊ သံတွဲခရိုင်မှ ဆန်သိမ်း ပွဲ၊ အခွန်မပေး၊ အမတော်မပေးစသော ပြာဖြစ်နေသည့်ဗမာပြည်ကို ပို၍ပြာကျအောင် ကြိုးစားလုပ်ကြကာ အောင်ဆန်းအက်တလီစာချုပ်မှ ထွက်ပေါ်လာသော ရွေးကောက်ပွဲတဆင့်၊ တိုင်းပြုပြည်ပြုလွှတ်တော်ကြီးမှ လွတ်လပ်ရေးဗမာန်သို့သွားရန်လမ်းကို ဖျက်ဆီးလာသည်နှင့်အမျှ ဧပြီလ ၁-ရက်နေ့မှစ၍ ကျင်းပသောမြေပုံ ညီလာခံတည်းဟူသော ဖောက်ပြန်သူ လူတစု၏ဆုံးဖြတ်ချက်ဖြင့် ရခိုင်တပြည်လုံး ဆူပူသောင်းကျန်းမှုကို ဖန်တီးခဲ့ကြလေသည်။

"လွတ်လပ်ရေးရန်သူတစုမှာ ပရတဖနှင့် ဖဆပလခေါင်းဆောင်တို့ကို ဖမ်းခြင်း၊ ဓားပြတိုက်ခြင်းပြုနေ ကြလေသည်။ ထို့ပြင် ရခိုင်ပြည်တွင်း အဖျက်သမား လက်နက်ကိုင်တို့မှာ ၎င်းတို့၏လုပ်ငန်းကို မပြုပြင် မပြောင်းလဲဘဲ၊ ဗမာရန်သူပီပီ ဆိုးသွမ်းလျက် ရှိကြပေသည်။ ၎င်းတို့သည် လမ်းမှားသို့ရောက်နေသည်။ သူတို့၏ ဆိုးသွမ်းမှုကို နိုင်ငံရေးခေါင်းဆောင်ဟူ၍လည်းကောင်း၊ တော်လှန်ရေးလက်ဝဲသမားဟူ၍လည်းကောင်း၊ လိမ်လည်သုံးစွဲလျှက်ရှိသည်"။

"သို့နှင့် ပြန်လည်ထူထောင်ရေး၊ ကူးသန်းရောင်းဝယ်ရေးတို့၏ အဖျက်သမား၊ သူခိုးဓားပြများအား၊ ကျူပင်ခုတ် ကျူငုတ်မကျန်စေရန် နှိမ်နင်းကြကုန်အံ့"ဟူ၍ရေးသားဖော်ပြထား၏။

ရခိုင်တိုင်း ပရတဖညီလာခံမှ ကျနော်တို့အား စော၊ စိန်၊ မော် ဂိုဏ်းသားများကို ကာယကံမြောက် အလုပ်အကျွေးပြုသူများဟူ၍ ပက်စက်စွာ စွပ်စွဲသည်။ စော၊ စိန်၊ မော် ဆိုသည်မှာ ဂဠုန်ဦးစော၊ သခင်ဗစိန် နှင့် ဒေါက်တာဗမော်တို့အား ခေါ်ဝေါ်ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံသတ်ဖြတ်ခဲ့သော ဂဠုန်ဦးစောတို့ဂိုဏ်းနှင့် ရောမွှေပြီး ကျနော်တို့ အား စွပ်စွဲသည်။ ဂဠုန်ဦးစော၊ သခင်ဗစိန်၊ ဒေါက်တာဘမော်တို့ကို ယခင်ကလည်း တခါမျှမဆုံဘူး။ သို့ပါလျက် နှင့် ကျနော်တို့ လက်ဝဲဝါဒီသမားများနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သော လက်ျာဝါဒီ၊ စော၊ စိန်၊ မော် ဂိုဏ်းကို အလုပ်အကျွေးပြုသူများဟု စွဲချက်တင်သည်မှာ အဓိပ္ပါယ်မဲ့လွန်းလှပါသည်။

မြေပုံတပ်ပေါင်းစုညီလာခံသည် လက်ဝဲသမားများကို အခြေစိုက်ပြီး ရခိုင်ပြည်သူများ၏ ညီညွတ်ရေးကို

တည်ဆောက်မည့် ညီလာခံဖြစ်သည်။ အမျိုးသားလွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို တော်လှန်မည့်ညီလာခံဖြစ်သည်။ လွတ်လပ်သောနိုင်ငံကိုရလျှင် ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့ဖြင့် တည်ဆောက်မည့် ညီလာခံဖြစ်သည်။

ယင်းအပြင် ညီလာခံနှင့် ကျနော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းတို့ ဘုရင်ခံ အတိုင်ပင်ခံ အစိုးရအဖွဲ့သို့ ဝင်သွား၍ ရာထူးအခွင့်ထူးများကို ဝေပုံမရ၍ ကောက်ကာငင်ကာ ဆန့်ကျင်လာကြသူများမဟုတ်။ တော်လှန်ရေးတပ်ဦးစာတမ်းနှင့် လွတ်လပ်ရေးကြေငြာချက်တို့တွင် ပါရှိသည့်သဘောတရားများကို စွဲကိုင်ကာ ဗြိတိသျှစစ်အုပ်ချုပ်ရေးခေတ် (ကက်စဘီခေတ် ၁၉၄၅ ခုနှစ်ကပင် မြေခွန်မြေဆီခမပေးရေးနှင့် လက်ငုတ်လက်ရင်းမြေပိုင်ရေး လုပ်ငန်းမှစပြီး မကြေငြာသော စင်ပြိုင်အစိုးရလုပ်ငန်းများကို တသမတ်တည်းလုပ်ကိုင်ဆောင်ရွက်လာကြသူများ ဖြစ်သဖြင့် ရခိုင်တိုင်း ပရတဖ ညီလာခံမှ ကျနော်တို့အား စော၊ စိန်၊ မော် ဂိုဏ်းနှင့် ရောနှောမွှေနှောက်ပြီး စွဲချက်တင်သော်လည်း ရခိုင်ပြည်သူတို့လက်မခံကြ။ မြေပုံတပ်ပေါင်းစုညီလာခံ၏ လုပ်ငန်းများကို ရခိုင်ပြည်သူများ ထောက်ခံမြဲထောက်ခံကြ၏။

ရခိုင်တိုင်း ပရတဖညီလာခံက မြေပုံညီလာခံတည်းဟူသော ဖောက်ပြန်သူလူတစု၏ ဆုံးဖြတ်ချက်ဖြင့် ရခိုင်ပြည်လုံး ဆူပူသောင်းကျန်းမှုကို ဖန်တီးခဲ့ကြလေသည်ဟူသော စွဲချက်ကား ကိုယ့်ပေါင်ကိုယ်လှန်ထောင်းခြင်း သာဖြစ်သည်။ မြေပုံတပ်ပေါင်းစုညီလာခံဖြစ်ရေးကို အစအဆုံး ကိုညိုထွန်း အားတက်သရော ဆောင်ရွက်ခဲ့သည်။ ယင်းညီလာခံသို့ ကိုညိုထွန်းနှင့် ရခိုင်တိုင်း ပရတဖထိပ်သီးများ ကိုယ်တိုင်လည်း ကိုယ်စားလှယ်အဖြစ် တက်ရောက်ကြသည်။

ယင်းညီလာခံမှမွေးထုတ်သည့် နယ်ချဲ့တော်လှန်ရေး တပ်ပေါင်းချုပ် အာဏာပိုင်အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ကိုညိုထွန်းတာဝန်ထမ်းဆောင်သည်။ ကိုညိုထွန်းနှင့် ရခိုင်တိုင်း ပရတဖခေါင်းဆောင်များကို တဦးတယောက်ကမျှ အကြပ်မကိုင်၊ ဖျားယောင်းခြိမ်းခြောက်ခြင်းလည်း မပြု။ ဆရာတော်ဦးပညာသီဟသည် မြေပုံတပ်ပေါင်းစုညီလာခံဖြစ်ရေးကို ဆောင်ရွက်ခဲ့သည်။ မြေပုံတပ်ပေါင်းစုညီလာခံကျင်းပနေဆဲတွင် သူ၏ဘရောက်ဒါဝါဒကို သူကိုယ်တိုင်ညီလာခံတက်နေသော ပြည်သူလူထုခြောက်သောင်းကျော်အား ပယ်ပယ်နယ်နယ် ဟောပြောပြ၏။

နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းချုပ် အာဏာပိုင်အဖွဲ့ ဖွဲ့စည်းသည့်အခါ လမ်းစဉ်ကိုမကြိုက်၍ သူမဝင်။ သူ့အားတစုံတယောက်မျှ မဲ့တပေါက်စွန်းအောင်မပြုကြ။ ကိုညိုထွန်းတို့ ရခိုင်တိုင်း ပရတဖသည် သူတို့ကိုယ်တိုင်ကြိုက်နှစ်သက်၍ အစမှအဆုံးတိုင် သူတို့ပါဝင်ဖွဲ့စည်းခဲ့သော မြေပုံတပ်ပေါင်းစုညီလာခံနှင့် နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းချုပ်ကို ဖောက်ပြန်သူတစုက ရခိုင်ပြည်လုံး ဆူပူသောင်းကျန်းအောင် လုပ်ခဲ့သည်ဟု စွပ်စွဲလျှင် ထိုဖောက်ပြန်သူတစုတွင် သူတို့မပါဝင်ဘဲ ရှိနိုင်ပါမည်လား။

ရခိုင်တိုင်း ပရတဖ (ပြည်သူ့ရဲဘော်တပ်ဖွဲ့) ညီလာခံဆုံးဖြတ်ချက်အတိုင်း ကျူပင်ခုတ် ကျူငုတ်မကျန်စေရန် ပရတဖ များက ဆောင်ရွက်ခဲ့ကြပါသည်။ ပထမအဆင့်တွင် ပရတဖအမည်ဖြင့် လက်နက်များ စွဲကိုင်ကာ ဗိုလ်မှူးကျော်ဇောတို့ တပ်များနှင့်တွဲဖက်၍ ကျနော်တို့အား စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး၊ လူမှုရေးများဖြင့် အဖက်ဖက်မှထိုးစစ်ဆင်ကြသည်။

ဒုတိယအဆင့် သောင်းကျန်းမှု နှိမ်နင်းရေးတပ် အမည်ဖြင့်လည်းကောင်း၊ တတိယအဆင့်တွင် ယူအမ်ပီတပ်ဖွဲ့သို့ တက်လှမ်းကာ ခေတ်မှီလက်နက်များဖြင့် ထူထောင်ခဲ့ကြပါသည်။ ကျူပင်ခုတ် ကျူငုတ်မကျန်စေရန် ကျနော်တို့အား ဘက်စုံတက်စုံ အားတက်သရောနှိမ်နင်းခဲ့ကြပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ သူရိယသတင်းစာ၌ ရခိုင်တိုင်း ပရတဖ တိုင်းမှူးကိုယ်တိုင် ၁၀-၁၀-၄၇ရက်နေ့က အိုအေလေကြောင်း သယ်ပို့ရေးဌာနလေယာဉ်ဖြင့် ရန်ကုန်သို့ရောက်ပြီး ရန်ကုန်ပရတဖဌာနချုပ်မှတဆင့် ပြည်ပိုင်အစိုးရသို့ အစီရင်ခံကာ ခေတ်မှီလက်နက်မျိုးစုံနှင့် ဖွဲ့စည်းခွင့်တို့ကို တောင်းဆိုလိမ့်မည်ဟု ရေးသားဖော်ပြထားသည်။

၁၉၄၇-ခုအောက်တိုဘာ ၁၇ ရက်ထုတ် သူရိယသတင်းစာတွင် ရန်ကုန်တိုင်း ပရတဖတိုင်းမှူးနှင့်

စစ်တွေခရိုင် ပရတဖ အမှုဆောင်တဦး၏ ဆောင်ရွက်ခဲ့သော ဆောင်ရွက်ချက်ကို ရေးသားရာတွင် "ရခိုင်တိုင်း အရေး ဆွေးနွေးကြခြင်း" ခေါင်းစီးအောက်တွင် ဆက်လက်ဖော်ပြသွားသည်မှာ "မြန်မာပြည်သက်ဆိုင်ရာ အစိုးရက ရခိုင်ပြည်ယူနီယံ(ယူအမ်ပီ) ပြည်ထောင်စုရေးပုလိပ် တိုင်းရင်းတပ်တတပ်ကို စတုတ္ထ(ယူအမ်ပီ) တပ်အမည်ဖြင့် ဖွဲ့စည်းရန် ခွင့်ပြုလိုက်ပြီဟု သိရကြောင်း။

အဆိုပါစစ်တပ်ကို စစ်ပညာသင်ကြားရန် ရခိုင်ပြည်မှာ သင်တန်းဖွင့်မည်ဟု သိရကြောင်း။ ပြည်သူ့ ရဲဘော်အထူးပုလိပ်များက တိုင်းပြည်ငြိမ်ဝပ်မှုကို ဆောင်ရွက်ရန် ခေတ်မှီလုံလောက်စွာပေးပြီး ဆောင်ရွက်စေ မည်ဟုသိရကြောင်း"

"တိုင်းပြည်ငြိမ်ဝပ်လာသောအခါ ယင်းပုလိပ်အဖွဲ့ကို ရုပ်သိမ်းလိမ့်မည်ဟုဆိုကြောင်း။ အဆိုပါကိစ္စနှင့် ပတ်သက်၍ ၁၀ ရက်၊ ၉ရက်အတွင်း ဖွဲ့စည်းရေးမစ်ရှင်တခု ရန်ကုန်မှရခိုင်ပြည်သို့ သွားကြလိမ့်မည်ဖြစ် ကြောင်း"ဟူ၍သူရိယသတင်းစာတွင် ရေးသားဖော်ပြထားပါသည်။ ရခိုင်တိုင်း ပရတဖများသည် တကယ်ပင် ကျနော်တို့အား ကျူပင်ခုတ် ကျူငုတ်မကျန်အောင် ရှင်းလင်းသုတ်သင်ရန် အားတက်သရော ဆောင်ရွက်ကြပါ သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဘုရင်ခံ အတိုင်ပင်ခံအဖွဲ့ကို ရုတ်တရက် ကောက်ကာငင်ကာ ဆန့်ကျင်လာသူ များမဟုတ်သော ကျနော်တို့အား လွတ်လပ်ရေး မရသေးပါဘဲလျက်၊ လွတ်လပ်ရေးရန်သူဟု တံဆိပ်တပ်ကာ၊ ခေတ်မှီလက်နက်မျိုးစုံကိုင်ထားသော အမျိုးမျိုးတပ်ဖွဲ့များဖြင့် နှိမ့်နင်းကြပါသည်။ ဤသို့ဆိုလျှင် လွတ်လပ်ရေး ရပြီး တအောင်တနားမျှ မရှိမီအလုံးအရင်းဖြင့် တောခိုပွဲလုပ်ကြသော ဗမာပြည်ကွန်မြူနစ်ပါတီနှင့် အစိုးရပေး ထားသော ခေတ်မှီလက်နက်များဖြင့် မြို့ပြပေါင်းများစွာကို အပိုင်စီးကြသော ပြည်သူ့ရဲဘော်တပ်ဖွဲ့များနှင့် တောခိုဗမာ့တပ်မတော်များကို မည်သူ့ရန်သူဟု သတ်မှတ်ကြပါသနည်း။

၁၉၄၇ ခု ဧပြီလမှ အောက်တိုဘာလအတွင်း (၆လအတွင်း) ရခိုင်ပြည်၏အခြေအနေသည် ဖောက်ထိုး မှောက်ခုံဖြစ်သွားရသည်။ ၁၉၄၇-ဧပြီလ ၁-ရက်နေ့တွင် စတင်ကျင်းပသော မြေပုံတပ်ပေါင်းစုညီလာခံက ရခိုင်ပြည် ကံကြမ္မာကို တမျိုးတမည်ပြောင်းလဲဖန်တီးခဲ့၏။ ဤမြေပုံတပ်ပေါင်းစုံညီလာခံမတိုင်မီက ဗကပ ပေါ်လစ် ဗျူရိုဝင်ဘဝမှဖြုတ်ထုတ်သတ်လမ်းစဉ်တွင် စတေးခံသွားရသော ရဲဘော်ဘတင် (မစ္စတာဂိုရှယ်) ကိုယ်တိုင် ဦးဆောင်ပြီး ဦးပညာသီဟ၊ ကိုကျော်မြတို့နှင့်အတူ ရခိုင်တိုင်း ဖဆပလဌာနချုပ်နှင့် ရခိုင်တိုင်း ဗကပဌာနချုပ်တို့ကို ပြတေးရွာတွင် စတင်ဖွင့်ခဲ့ကြသည်။

ပြတေးရွာမှ ၂-ဖာလုံကွာ လောင်းရှည်ချောင်းရွာတွင် ကျနော်ထားခဲ့သော ရဲဘော်စောထွန်းဦး အသတ် ခံရပြီး၊ ဆိုရှယ်လစ်အဆိုကောက်များဟု စွပ်စွဲခံရသော ကျနော်တို့လည်း အသက်မသေရုံသာကျန်သည်။ နိုင်ငံ ရေးအရ အမျိုးမျိုးစွပ်စွဲနှိမ်နင်းခံခဲ့ရသည်။ ဌာနချုပ် ဖဆပလမှ ဗကပကို ထုတ်ပစ်ပြီးနောက် ရခိုင်တိုင်း ဗကပတို့ နိုင်ငံရေးဩဇာလည်း ကျဆင်းလာကြသည်။ ဌာနချုပ် ဖဆပလနှင့် အစိုးရအဖွဲ့တွင် ဆိုရှယ်လစ်တို့ နိုင်ငံရေးဩဇာနှင့် အာဏာကြီးထွားလာကြ၏။

ဆိုရှယ်လစ်ခေါင်းဆောင် သခင်မြ (အာဇာနည် သခင်မြ) ကိုဗဆွေ(ဖဆပလဌာနချုပ် အထွေထွေ အတွင်းရေးမှူးနှင့် ကာကွယ်ရေးဝန်ကြီးနှင့် ဝန်ကြီးချုပ်ဟောင်း) တို့ ကိုယ်တိုင်၊ ဆရာတော်ဦးစိန္တာနှင့် ကျနော်တို့ ထံ ဆရာတော်တောခို ဝရမ်းပြေးချိန်ကပင် အခေါက်ခေါက်ရောက်ကြသည်။ ဆိုရှယ်လစ်ခေါင်းဆောင်များက ဆရာတော်နှင့် ကျနော်တို့အား ယုံကြည်အားကိုးကြသည်။

လက်ဖဝါးပေါ်တင်ပြီး တဖူးဖူးမှုတ်ထားသည်။ မြှောက်စားထားသည်။ ဆရာတော်နှင့်ကျနော်တို့ လိုချင် လျှင် ရာထူးအခွင့်ထူးသည် လက်တကမ်းတွင် ဖူးပွင့်ဝေဆာနေ၏။ ပြည်သူ့နာယကဆရာတော် ဦးစိန္တာနှင့် ကျနော်တို့ ကိုယ်တိုင်လည်း သောင်းပေါင်းများစွာကျယ်ပြန့်သော ရခိုင်တောင်သူလယ်သမားထုနှင့် ရခိုင် လုပ်သားပြည်သူလူထုအား ခိုင်မာစွာစည်းရုံးထားနိုင်ခဲ့ကြပြီ။ ရာပေါင်းအတော်အသင့်လက်နက်ကိုင် မြေအောက်တော်လှန်ရေးအဖွဲ့များကို ဖွဲ့စည်းထူထောင်နိုင်ခဲ့ကြပြီ။ သကောင့်သား ကျနော်တို့ ရာထူးအခွင့်ထူး

ကို ဆွတ်ခူးမယူကြ။ ဒုက္ခဆင်းရဲကိုသာ ဆွတ်ခူးယူကြ၏။ သေတွင်းသေပေါက်ကိုသာ တိုးဝင်ကြ၏။

မည်သည့်ခြိမ်းခြောက်မှု၊ ဖြားယောင်းမှု၊ အကြပ်ကိုင်မှုမျှမပါဘဲ၊ စိတ်တူသဘောတူ မြေပုံတပ်ပေါင်းစုညီလာခံကို ရခိုင်ပြည်ရှိ ရခိုင်တိုင်း ဗကပ၊ ရခိုင်တိုင်း ပရတဖ၊ ရခိုင်တိုင်း ပုလိပ်သမဂ္ဂ၊ ပါတီအဖွဲ့အစည်းပေါင်းစုံနှင့်အတူ ဆရာတော်နှင့် ကျနော်တို့ ပါဝင်ကျင်းပခဲ့ကြသည်။ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့ကို ဆောင်ရွက်ရာတွင် လက်ဝဲဝါဒီများ၏ စုပေါင်းခေါင်းဆောင်မှုကို ယူကာ အမျိုးသားညီညွတ်ရေးနှင့် ရခိုင်ပြည်သူများ မိမိကံကြမ္မာကို မိမိဖန်တီးရေးကို မြေပုံတပ်ပေါင်းစုက အဓိကအခြေခံလမ်းစဉ်အဖြစ် ထားကြပါသည်။

အမျိုးသားလွတ်လပ်ရေးအတွက် မြေဆီမြေခွန်မပေးရေး၊ လက်ငုတ်လက်ရင်း လယ်ပိုင်ရေးမှစပြီး ရုံးဂါတ်များကို ရာထူးဖြင့် ဝိုင်းရေးသို့ တိုးချဲ့သွားကာ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးကို လက်နက်စွဲကိုင် တိုက်ဖျက်သွားရေးထိ မြှင့်တင်သွားရန် လုပ်ငန်းစဉ်များ ချမှတ်ကြပါသည်။ ဗြိတိသျှနယ်ချဲ့စနစ်ဆိုးအောက်မှ အမျိုးသားလွတ်လပ်ရေးကို လက်နက်ကိုင်တော်လှန်ရေးဖြင့် ရယူမှသာလျှင် ကျပ်ပြည့်တင်းပြည့် လွတ်လပ်ရေးရမည်ဟု ယုံကြည်ကြပါသည်။

မြေပုံတပ်ပေါင်းစုညီလာခံလမ်းစဉ်ကို တသဝေမတိမ်း ဆရာတော်ဦးစိန္တာလိုက်နာ၏။ ရမ်းဗြဲမြို့တွင် ရုံးဂါတ်ဝိုင်းလူထုတိုက်ပွဲဆင်သည်။ မတရားဖမ်းဆီးထားသော ကျောက်ဖြူခရိုင်ခေါင်းဆောင် ကိုဘိုးနွယ် ကိုဘဟန်နှင့် ရပ်ရွာခေါင်းဆောင်များအား လွှတ်ရန်အရေးဆိုသည်။ ၁၉၄၇-ခု မေလတွင် ဆရာတော်တို့အား မျက်နှာဖြူ ကျောက်ဖြူခရိုင် ရာဇဝတ်ဝန် မစ္စတာစကော့က ဖမ်းဆီးသည်။

ဆရာတော်တို့ လွတ်လပ်ရေးအတွက် ပြည်သူလူထုဆန္ဒပြပွဲများကို မြို့ပြများတွင် အထပ်ထပ်အလီလီ ဆင်နွှဲကြ၏။ ဆရာတော်တို့ လွှတ်လုဆဲဆဲတွင် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရ၍ အမှောင်ထုခေတ်သို့ ရောက်သွားရပြီ။ မင်းပြပြည်သူ့ဆန္ဒပြပွဲကို သေနတ်ဖြင့် ပစ်သတ်လိုက်ပြီ။ ရခိုင်တိုင်း ဗကပနှင့် ကျနော်တို့လက်နက်ဖြင့် အကြမ်းဘက်မှုကို လက်နက်ဖြင့် ခုခံတွန်းလှန်ရေးဖြင့် စတင်ကြရတော့၏။ ဗြိတိသျှနယ်ချဲ့မျက်နှာဖြူ စစ်ဗိုလ်များဦးစီးသော စစ်တပ်နှင့် ရင်ဆိုင်တိုက်ခိုက်ကြရသည်။ မကြာလှပါချေ။ ဗိုလ်မှူးကျော်ဇောခေါင်းဆောင် ဗမာ့တပ်မတော်တပ်ရင်း(၁)၊ တပ်ရင်း(၂) တပ်ရင်း(၃) ချင်းတပ်ရင်း အမှတ်(၅)၊ ဘားမားရိုင်ဖယ်တပ်ရင်း၊ ဗမာပြည်သောင်းကျန်းသူ နှိမ်နင်းရေးတပ်ရင်း(၃)စသည့် ခေတ်မီလက်နက်မျိုးစုံ စွဲကိုင်ထားသော စစ်ပညာကျွမ်းကျင်သော ထောင်ပေါင်းများစွာသော ဗမာ့တပ်ရင်းများနှင့် မောင်းကျိုးမောင်းပျက် ရိုင်ဖယ်သေနတ်များကို စွဲကိုင်ထားသည့် တထောင်ခန့်မျှရှိသည့် စစ်ပညာမကျွမ်းကျင်သော ကျနော်တို့ ပြောက်ကျားများ ရင်ဆိုင်ကြရပါသည်။ စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး၊ လူမှုရေးများဖြင့် အဘက်ဘက်မှ ထိုးစစ်ဆင်ခြင်းကို ခံခဲ့ရပါသည်။ မကြာလှပါချေ။ ရခိုင်တိုင်း ဗကပများက ဆရာတော်ဦးပညာသီဟ ဗိုလ်မှူးကျော်ဇောတို့နှင့် နားလည်မှုယူပြီး။ ဗြူရိုကရက်ထံတွင် လက်နက်မချ။ ဦးပညာသီဟထံ လက်နက်ချလိုက်ကြောင်း ကြေငြာချက်ထုတ်ကာ လက်နက်ချသွားကြပါသည်။ နိုင်ငံရေး စည်းရုံးရေးများဖြင့် ကျနော်တို့အား သူတို့ထိုးစစ်ဆင်ကြပါသည်။

မကြာလှပါချေ။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် သူပြောမည့်အသံသည် တပ်ပေါင်းချုပ်၏အသံဖြစ်ရပါမည်။ နှုတ်ထွက်ခိုင်းလျှင် အချိန်မရွေးနှုတ်ထွက်ပါမည်ဟု မြင့်မိုရ်တောင်ကဲ့သို့ ခိုင်မြဲသည့် ကတိစကားကို အထပ်ထပ်ကတိပေးခဲ့သော ကိုညိုထွန်းသည် ဝန်ကြီးရာထူး လက်ခံသွားသည်။ ရခိုင်တိုင်း ပရတဖများကို ခေတ်မီလက်နက်တပ်ဆင်ပြီး ကျနော်တို့အား ကျူပင်ခုတ် ကျူငုတ်မကျန်အောင် စစ်ရေးအရ နှိမ်နင်းသည်၊ နိုင်ငံရေး၊ စည်းရုံးရေး၊ လူမှုရေးတို့ဖြင့် ထိုးစစ်ဆင်၏။

ကျနော်တို့ဘဝ ဇောက်ထိုးပြောင်းပြန်ဖြစ်သွားသည်။ ၁၉၄၇-ခုနှစ် ဧပြီလမတိုင်မီက ကျနော်တို့ ဘဝသည် ရာထူးအခွင့်ထူးများ လက်တကမ်းတွင် ဝေဆာစွာ ဖူးပွင့်နေသောဘဝ၊ အခု အဆမတန်ကြီးမားသော ခေတ်မီလက်နက်များ စွဲကိုင်ထားသော စစ်ပညာကျွမ်းကျင်သော အမျိုးမျိုးအမည်တပ်ထားသော တပ်ဖွဲ့များနှင့်

အတူ ရခိုင်တိုင်း ဗကပ၊ ရခိုင်တိုင်း ပရတဖတို့၏ စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး၊ လူမှုရေးထိုးစစ်များကို အလူးအလဲခံနေရသောဘဝ၊ ပိန်းပိတ်အောင် မှောင်ကျနေသော ညဥ့်သန်းကောင်ယံ မုန်တိုင်းအောက်တွင် သွေးပင်လယ်ထဲ၊ ကျနော်တို့ နစ်မျောကြရပြီ။ ကူးခတ်ကြရပြီ။ သို့သော် မကြာမီ လင်းအာရုဏ်သန်းတော့မည်။ လှေခွက်ချည်းကျန် ကျနော်တို့ အလံမလှဲ။

ရခိုင်ပြည်သူများ၏ အသက်ပေး ထောက်ခံမှုနှင့် နိုင်ငံရေးယုံကြည်ချက်များ အပြည့်အဝရှိ၍ ကျနော်တို့ အလံမလှဲ။ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတွင် လက်ဝဲဝါဒီများအား အခြေတည်သော၊ ကျယ်ပြန့်သည့် အမျိုးသား ညီညွတ်ရေးကို မတည်ဆောက်နိုင်လျှင်၊ အာဏာရှိသောလူတန်းစားများက အာဏာမဲ့ အညှဉ်းဆဲခံ လူတန်းစားများကို အကြမ်းဖက်ချိုးနှိမ်ခြင်းပြုလာလျှင် လက်နက်စွဲကိုင်တော်လှန်မှုများ၊ ပေါက်ကွဲထွက်လာမည်ကို ကျနော်တို့ မျှော်မှန်းကြသည်။ ယုံကြည်ကြသည်။ ကျနော်တို့ မျှော်မှန်းယုံကြည်သည့်အတိုင်း ၁၉၄၈-၄၉ ခုနှစ်များတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကေအင်ဒီအို၊ အလံနီရဲဘော်ဖြူ တောခုတပ်မတော်စသည်များ၊ လက်နက်စွဲကိုင် ပေါက်ကွဲထွက်လာကြ၏။ ယနေ့ထိ လူ့သက်တမ်းခေတ် တခေတ် (နှစ်ပေါင်း ၂၅နှစ်) ကျော်လွန်ခဲ့ပြီ။ ပြည့်ဝသောပြည်တွင်း ငြိမ်းချမ်းရေးကို မရသေး၊ ပစ္စည်းမဲ့၊ အာဏာမဲ့၊ မှီခိုရာမဲ့ ဖြစ်နေကြသော ကျနော်အပါအဝင် ပြည်သူများကား သောင်းကြမ်းသူများ၏ နီးရာဒါးကို ကြောက်ရလျှက်။

**ဘုံပေါက်သာကျော်**

ါ